
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် : ၅၀၀၀၉၃၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် : ၅၀၀၆၃၂၀၆၀၇

❖

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် : (၂၀၀၇၊ ဩဂုတ်လ)
အုပ်ရေ : (၅၀၀)

❖

မျက်နှာဖုံး : ဇေယျာ
ကွန်ပျူတာစာစီ : *Quality*
အတွင်းဖလင် : *Quality*

❖

ပုံနှိပ်သူ
ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

❖

ထုတ်ဝေသူ
ဦးမြင့်ထွန်း(မြ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

❖

တန်ဖိုး : ၂၀၀၀ – ကျပ်

# အခန်း ၁

"ရက်ဂျီနာ"ဆိုသူ အမျိုးသမီးကလေးသည် ပြင်သစ်ပြည် "နော်မန်ဒီ"ကန်းခြေတွင် နှစ်ပတ်ခန့် အနားယူ အပန်းဖြေပြီးနောက် ၎င်း၏ဖြူဝင်းသော အသားအရေမှာ ညိုသယောင်ပင် ဖြစ်သွား၏။ အတန်ငယ်လည်း ဝ၍လာ၏။ စိတ်ထဲတွင် သူ၏ခင်ပွန်းသည်အား ကွာရှင်းမည်ဟု ဆုံးဖြတ်၍ ပါရီမြို့သို့ ပြန်လာခဲ့ခြင်းဖြစ်၏။ ၎င်းတို့ဖနီးမောင်နှံ လက်ထပ်ခဲ့စဉ်က အလျင်စလို ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ရာ ယခုကွာရှင်းရန်လည်း သူကိုယ်တိုင် အလျင်စလို ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

သူ၏ခင်ပွန်းသည် "ချားလ်(စ်)"မှာ လူရိုးလူကောင်းတစ်ယောက်ဖြစ်၏။ ရက်ဂျီနာသည် "ပင်ဟာတ်"ကားကလေးကို မောင်းနေသော သူ၏သူငယ်ချင်း "ဆီဗီယာ"အား . . .

"တစ်ချိန်က တစ်ယောက်ကိုတစ်ယောက် သဘောကျလို့ လက်ထပ်ခဲ့ကြသလို အခု သဘောမကျတော့လဲ ကိုယ်က လွယ်လွယ်ကူကူပဲ ကွာရှင်းရမှာပေါ့ကွာ။ သူကလည်း ဘာငြင်းဦးမှာလဲ" ဟု တိုင်ပင်သည့်သဘောဖြင့် ပြောလိုက်၏။

သူတို့သည် နော်မန်ဒီမှ ပါရီသို့ ပင်ဟာတ်ကားကလေးဖြင့် ပြန်လာကြခြင်း ဖြစ်၏။ သူတို့နှစ်ယောက်ကြားတွင် အသက် ၁၂နှစ် အရွယ်ရှိ ဆီဗီယာ၏ကလေးငယ်သည် မိခင်နှင့် ရက်ဂျီနာအား တစ်လှည့်စီ ကြည့်၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်ဂျီနာမှာ ပြင်သစ်သူတစ်ယောက် မဟုတ်ချေ။ အမေရိကန်လူမျိုး ကပြားတစ်ယောက်ဖြစ်၍ မစ်ချီဂန်မြို့တွင် ဖွားမြင်ခဲ့ခြင်းဖြစ်ရာ ဥရောပသို့ အလုပ်ရှာရန် စွန့်စွန့်စားစား ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

သူ၏ကြိုးစားမှုကြောင့် ၁၈ လ အတွင်းတွင် ပြင်သစ်ဘာသာစကားကို ရေးတတ်၊ ဖတ်တတ်၊ ပြောတတ်လာတော့၏။ သို့နှင့် သုံးနှစ်ခန့်ကြာသောအခါ ယူနက်စကိုဌာနချုပ်၌ ချက်ချင်းပင် ဘာသာပြန်အလုပ်ကို ရရှိခဲ့၏။ ရာထူးမှာ လခကောင်း၍ သူ၏တာဝန်မှာ ဌာနချုပ်၌ ကျင်းပသော အစည်းအဝေးကြီးများတွင် ပြင်သစ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ တမုဟုတ်ချင်း ပြန်ဆိုပေးရခြင်းဖြစ်၏။ သို့ရှိစဉ် အင်္ဂလိပ်မှ ပြင်သစ်ဘာသာသို့ ပြန်ဆိုရန် တာဝန်ကျသော ဆီဗီယာနှင့် တွေ့ဆုံရင်းနှီးခဲ့ခြင်း ဖြစ်လေသည်။

သူသည် သူ၏ခင်ပွန်း ''ချားလ်(စ်)လင်းဘတ်''နှင့် တွေ့စဉ်အချိန်က သူ၏လုပ်သက်မှာ ငါးနှစ်ရှိခဲ့လေပြီ။ သို့နှင့် ၎င်းအားလက်ထပ်ရန် ယူနက်စကို ဘာသာပြန်ဌာနမှ ထွက်ခဲ့၏။ ထိုစဉ်က သူ၏အသက်မှာ ၂၇ နှစ်မျှသာရှိသေး၏။ သို့နှင့် သူ၏အိမ်ထောင်သက်မှာ ထိုအချိန်က တစ်နှစ်မျှပင် မပြည့်သေးချေ။ ကလေးစိတ်ပင် မကုန်သေးသောအရွယ်ဟု ဆိုရပေမည်။

ပါရီမြို့သို့ သူပြန်လာသည့်အချိန်မှာ မေလ၏ တနင်္ဂနွေနေ့ဖြစ်၍ နပိုလီယံဘုရင်ကြီးရှိစဉ်က စိုက်ပျိုးထားခဲ့သည့် လမ်းဘေးရှိ အလှအပပန်းပင်များကို တွေ့မြင်ရ၏။

''မင်း... ခင်ပွန်းသည်ကို ကွာရှင်းဖို့ သွားနေတဲ့အချိန်မှာ မင်းစိတ်ကို ဘယ်လိုထိန်းထားသလဲ... ဟင်''

ဆီဗီယာသည် ရက်ဂျီနာ၏စိတ်ကို စပ်စုကြည့်လိုက်၏။

''ကိုယ်တော့ ပျော်နေတာပဲ သိတယ်။ အဲဒီလို ကိုယ် ဆုံးဖြတ်လိုက်တာ မှန်တယ်လို့ထင်တာပဲ။ မနည်းကို အားခဲပြီး ဆုံးဖြတ်လိုက်ရတယ်။ တကယ်တော့ တို့အိမ်ထောင်ပြိုကွဲဖို့ဆိုတာ ချားလ်(စ်)က လုံးဝ တွေးမိရှာမယ် မဟုတ်ပါဘူးကွယ်။ ကိုယ်ဖွင့်ပြောမှ သူ့ခမျာ သိရမှာပါ'' ဟု ရက်ဂျီနာက ခပ်ပေါ့ပေါ့ပင် ပြောလိုက်၏။

ထို့နောက် ရက်ဂျီနာက ဆက်လက်၍ ''ရှင်းရှင်းပြောရမယ်ဆိုရင် အဲဒီအခါတုန်းက ကိုယ်က အရွှးအမူးလင်လိုချင်နေတယ် ဆိုပါတော့။





ဒီအသက် အရွယ်ထိ ကိုယ့်ကို ဘယ်ယောကျ်ားကလေးကမှ လက်ထပ်ဖို့ ခွင့်မတောင်းခဲ့ဘူး။ ဒါနဲ့ ချာလ်(စ်)တစ်ယောက် ရုတ်တရက်ပေါ်လာပြီး လက်ထပ်ခွင့် တောင်းတာပဲ။ ဒီတော့ ကိုယ်လည်း ထူးထူးထွေထွေ ဘာမှ စဉ်းစားမနေတော့ဘဲ မျက်စိမှိတ် နားပိတ်ပြီး ခေါင်းညိတ်လိုက်မိတယ်ကွာ''

''ကိုယ့်ယောကျ်ားဟာ ဆွဲဆောင်မှုရှိတဲ့ လူရိုးလူကောင်းတစ်ယောက်ပဲ။ ပြီးတော့ သူဟာ အင်မတန် လျှို့ဝှက်တဲ့ လူတစ်ယောက်ပဲကွ။ ဒီအချက်တော့ သူ့အပေါ် ကိုယ်သဘောမကျဘူး။ သူဟာ ဘာအလုပ်လုပ်တယ်ဆိုတာ ခုထက်ထိ ကိုယ်မသိသေးဘူး။ သူကလည်း ပြောမပြဘူး။ ဒီတော့ ကိုယ့်စိတ်ထဲ စနိုးစနောင့် ဖြစ်လာတယ်။ သူဟာ လူပျိုပဲလား။ အရင်က သူ့မှာ အိမ်ထောင်ရှိခဲ့ဖူးသလား။ သူ ဘာလုပ်ကိုင်စားသောက်သလဲ။ သူ့ ငွေတွေ ဘယ်ကရလာ သလဲဆိုတာ ကိုယ် လုံးဝမသိဘူး။ မင်းလည်း ကိုယ်ချင်းစာကြည့်ပါဦး။ သူ့ဆီမှာ အဖိုးတန် ပန်းချီကားချပ်တွေ၊ ပန်းပုရုပ်လုံးတွေ အများကြီးရှိတယ်။ ဒီဟာတွေကို ဝယ်ထားတာတော့ တွေ့တယ်။ ဒါတွေဟာ အခု အိမ်မှာပဲရှိတယ်။ ပြီးတော့ သူ့ပစ္စည်းတွေကို ဘယ်သူ့ကိုမှ မပြဘူး။ ဒါထက် စိတ်ဝင်စားစရာကောင်းတာတစ်ခုက ဒီပစ္စည်းတွေကို အဖိုးများများပေးဝယ်တဲ့ ပိုက်ဆံတွေကို သူ ဘယ်ကရသလဲဆိုတာပဲ''

ထိုအချိန်တွင် ဆီဗီယာ၏သားကလေး ဂျင်းလူးဝစ်က ဝင်၍ ပြောလိုက်သဖြင့် ရက်ဂျီနာနှင့် ဆီဗီယာတို့ပါ ကလေးငယ်ကို တအံ့တသြငေး၍ ကြည့်နေမိကြ၏။

''ဦးလေးချားလ်(စ်) ဘာတွေလုပ်တယ်ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော် မြင်ဖူးတယ်။ ဦးလေးချားလ်(စ်)က ကော်ရုပ်မော်တော်ကားကလေးတွေ အမျိုးမျိုးလုပ်တယ်''

ထိုအခါမှ သူငယ်ချင်းနှစ်ယောက်တို့မှာ ပြုံးလိုက်ကြ၏။

''အဲဒါ စီးပွားရေးလုပ်ငန်း မဟုတ်ဘူးကွယ့်။ အဲဒါ ဝါသနာ။ သားတို့ဆိပ်ခေါင်းစုတဲ့ ဝါသနာမျိုးပေါ့''

ဆီဗီယာသည် သားငယ်အား ရှင်းပြလိုက်၏။ လူကြီးတစ်ယောက်ကဲ့သို့ ပြောတတ်သော သား၏စိတ်ဓာတ်ကို သဘောကျသွားသဖြင့် ကလေးငယ်ကို ငုံ့၍နမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရက်ဂျီနာက သူသည် ခင်ပွန်းဖြစ်သူအား ယခု မချစ်တော့ကြောင်း၊ သူ့ကို မချစ်လို့ ကွာရှင်းတော့မယ့်အကြောင်း၊ မိမိစိတ်ကို ဆုံးဖြတ်ပြီး ဖြစ်ကြောင်းများကို ကားပြတင်းပေါက်မှ အပြင်သို့ ငေးမောကြည့်ရှုရင်း ဆီဇီယာအား ပြောပြနေလေသည်။

ထိုအခါ ဆီဇီယာက ထိုဆုံးဖြတ်ချက်မှာ ကမူရှူးထိုးနိုင်ကြောင်း ပြောရာ ရက်ဂျီနာက မိမိ မချစ်မနှစ်သက်တော့တဲ့လူကို ကွာရှင်းဖို့ မိမိတွင် အခွင့်အရေးရှိကြောင်း၊ ဒီကနေ့ပဲ သူ့ကို ကွာရှင်းဖို့ ပြောမည့်အကြောင်းဖြင့် နောက်ဆုံးပြောပြလေသည်။

ထို့နောက် ဆီဇီယာက ရက်ဂျီနာအား မည်သည့်အလုပ်အကိုင် လုပ်ကိုင်စားသောက်မည့်အကြောင်းမေးရာ မိမိသည် ဘာသာပြန်အလုပ်ဟောင်းကို ပြန်ရလျှင် ကောင်းမည့်အကြောင်းပြောရာ ဆီဇီယာက မိမိ ကူညီပြောပေးလျှင် ထိုအလုပ်ကို ရနိုင်ကြောင်းဖြင့် ပြောလေသည်။

ထိုအခိုက် သူတို့၏ကားကလေးသည် ရွာတစ်ရွာကို ဖြတ်ကျော်လျက်ရှိသဖြင့် အတွေးကိုယ်စီနှင့် ရှုခင်းများကို ငေးမောကြည့်ရှုနေကြစဉ် မီးရထားသံလမ်းတစ်ခုသို့ ဖြတ်ကျော်လိုက်သည်နှင့် တစ်ပြိုင်နက် အနက်ရောင် "ရေနော့" အမျိုးအစား ပုလိပ်ကားတစ်စီးသည် ဘွားခနဲ ရှေ့မှပေါ်လာတော့၏။ ရက်ဂျီနာတို့၏ ကားကလေးသည် ၁၀ ကီလိုမီတာ ပြေးလျက်ရှိသဖြင့် အရှိန်လျှော့၍မရတော့ဘဲ လက်ကိုင်ဘီးကိုသာ အားပြု၍ တိမ်းရှောင်လိုက်ရတော့၏။ ပုလိပ်ကားနှင့် လွတ်သွားသော်လည်း မိမိတို့ကားမှာ အတန်ငယ် တိမ်းစောင်းသွားသဖြင့် မနည်းပင် လမ်းပေါ်သို့ ဆွဲတင်လိုက်ရ၏။ ကလေးငယ်မှာလည်း လဲသွားသဖြင့် ဂျင်သည် လဲနေရာမှ ရုတ်တရက် ထကာ ရှေ့သို့ လက်ညှိုးထိုးလျက်...

"ဟိုမှာ တစ်ခုခုဖြစ်နေတယ် မာမီ၊ ကြည့်ပါဦး၊"ဟု ပြောလိုက်သဖြင့် ကြည့်လိုက်ကြရာ ရှေ့ကိုက် ၅၀ ခန့် အကွာတွင် လူအုပ်ကြီးတစ်အုပ် စုရုံးနေသည်ကို မြင်လိုက်ရတော့၏။ လူအချို့မှာ ယူနီဖောင်းဝတ် ရဲသားများဖြစ်၍ ၎င်းတို့အနက် အချို့သည် အဝတ်ဖြူကြီးဖြင့် အုပ်ထားသည့် လူနာတင်ထမ်းစင်ပေါ်မှ လူသေအလောင်းတစ်လောင်းအား ဝိုင်းအုံကြည့်ရှုနေသည်ကို မြင်ကြရလေသည်။





ဂျင်းလူးဝစ်ကလေးသည် ထိုအခြင်းအရာကို ကြည့်လိုသဖြင့် ကားကို ရပ်ပေးရန်ပြောသော်လည်း ကလေး၏အလိုကို မလိုက်ကြဘဲ ဆီဇီယာသည် ကားကိုသာ အရှိန်ပြင်းပြင်းဖြင့် ဆက်လက်မောင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂

''ဖော့ချ်''ရိပ်သာသည် ကြွယ်ဝချမ်းသာသော လူကုံထံများ နေထိုင်ရာရပ်ကွက်ဖြစ်၍ အလွန် အရိပ်အာဝါသကောင်းသော နေရာဖြစ်ပြီး လျှင် လမ်းမကြီးမှာ ''ဘွိုက်ဒီဘောင်လောင်း''ရွာအထိ ပေါက်ရောက်၏။ လမ်းများတွင် စက်ဘီးစီးသူများနှင့် လမ်းလျှောက်သူများကို တွေ့ရ၏။ ထိုဒေသတွင် လူပေါင်းခြောက်သန်းခွဲနေထိုင်၍ လူနေအိမ်ခြေ ကျပ်တည်းလှ၏၊ သို့သော် ဖော့ချ်ရိပ်သာ၌မူ လူငှားထားရန် တိုက်ခန်းကြီးများရှိ၍ ဝိမ်ခံလူတန်းစားများအတွက်သာ ဖြစ်လေသည်။

ယင်းအိမ်ခန်းကြီးများမှာ အိမ်ထောင်ပရိဘောဂ အပြည့်အစုံပါရှိ၍ ငှားရမ်းခဈေးလည်း ကြီးလှ၏။ သို့ဖြစ်၍ နေထိုင်သူများမှာ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဝင်ငွေကောင်းသော လူချမ်းသာများသာဖြစ်၏။ ထိုလူများမှာ အများအားဖြင့် ပြင်သစ်ဘဏ်တိုက်တွင် အစုရှယ်ယာပါဝင်ထားသူများ။ ''ဘယ်ဂျီယံ'' စက်မှုလက်မှု ပညာရှင်များ၊ အမေရိကန်လူမျိုး ရှေ့နေများ၊ ဥပဒေပညာရှင်များ၊ အီတာလျံလူမျိုး ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်များ၊ ရုရှားသံတမန်များ၊ ဆွစ်လူမျိုး ထုတ်လုပ်သူများနှင့် မည်သည့်အလုပ်မျိုးဖြင့် ဝင်ငွေကောင်းသည်ကို မသိရသောသူများ နေထိုင်ကြ၏။ ထိုအထဲတွင် နန်းကျဘုရင်တစ်ဦး၊ ဘာသာရေးခေါင်းဆောင်တစ်ဦး၊ အိုင်ယာလန်ထီပေါက်သူတစ်ဦးနှင့် ချားလ်(စ်)လင်းဘတ်တို့ ပါဝင်လေသည်။





ပင်ဟတ်ပြိုင်ကားလေးသည် ဖော့ချ်ရိပ်သာ၏ တိုက်သစ်ကြီးတစ်ခု ရှေ့တွင် ထိုးရပ်လိုက်၏။ မစ္စစ်ချားလ်(စ်)လင်းဘတ်(ရက်ဂျီနာ)သည် ကား တံခါးကိုဖွင့်ကာ သူ၏ခြေတစ်ဖက်ကို အပြင်သို့ ထုတ်လိုက်၏။ ဆီဗီယာသည် ကား ရှေ့ခန်းလေဝင်ပေါက်မှ ချောင်းကြည့်ကာ ရက်ဂျီနာအား . . .

''ကိုယ်တော့ကွာ ဒီလိုအိမ်ခန်းကြီးနဲ့ ဒီလိုဝင်းခြံကြီးကို ပစ်သွားရမှာ ဘယ်လိုမှ စဉ်းစားလို့မရဘူး။ မင်းကိုလည်း အားမပေးချင်ဘူး''ဟု ပြောလိုက်၏။

''ဩော် . . . ဒါထက် ကြာသပတေးနေ့ နေ့လယ်စာစားချိန် တို့ ဆုံကြမယ်နော် မမေ့နဲ့'' ဟုပြောကာ လက်ဆွဲအိတ်နှစ်လုံးကို ဆွဲလျက် အညိုရောင်အိမ်ကြီးရှိရာသို့ တည့်တည့်သွားလေ၏။ တိုက်တံခါးဝသို့ ရောက် သောအခါ လက်ဆွဲအိတ်များကိုချ၍ လေလံသော ကျွန်းတံခါးကြီးပေါ်ရှိ ခါြးဖုတစ်ခုကို နှိပ်လိုက်ရာ တံခါးမှာ အလိုအလျောက် ပွင့်သွားသဖြင့် ချထားသည့် အိတ်များကိုဆွဲကာ အတွင်းသို့ ဝင်လိုက်လေသည်။

ထို့နောက် ရက်ဂျီနာသည် မိမိဝင်လာသောတံခါးကို ပြန်၍ပိတ်လိုက် ပြီးလျှင် ဝရန်တာအတိုင်း ဆက်လျှောက်သွားရာ ပတ်ဝန်းကျင်မှာ ဆိတ်ငြိမ်နေ သဖြင့် သူ၏ဖိနပ်သံကိုပင် ကြားနေရ၏။ ဝရန်တာအဆုံးတွင် မြေညီထပ်၌ နိုးသော ဓာတ်လှေကားတစ်ခုကို တွေ့ရသဖြင့် အတွင်းသို့ဝင်လိုက်၏။ ထို့နောက် မိမိအလိုရှိသော အထပ်၌ရပ်ရန် ခလုတ်အနီကလေးကို နှိပ်လိုက် ၏။ သို့သော် ဓာတ်လှေကားမှာ အပေါ်သို့မတက်ဘဲ ရှိနေသဖြင့် နောက်တစ် ကြိမ် ထပ်၍နှိပ်ပြန်၏။ သို့နှင့် စိတ်မရှည်နိုင်တော့ဘဲ အပြင်သို့ ထွက်လိုက်၏။ ယခင်သည့်အခါကမျှ သူသည် ထိုလှေကားကြီးကို မတက်ခဲ့ဖူးချေ။ ဓာတ် လှေကားကိုသာ အသုံးပြုခဲ့၏။ (သူ၏ခင်ပွန်းသည်ပေးနေသော အိမ်လခ ထဲတွင် ထိုလှေကားကို အသုံးပြုခွင့်လည်း ပါရှိ၏။)

ယခုသော် မည်သို့မျှ မတတ်နိုင်တော့ချေ။ ထိုလှေကားကြီးကိုပင် အသုံးပြုရပေတော့မည်။ ဤသို့ဖြင့် ရက်ဂျီနာသည် သုံးထပ်အထိ ကြိတ်မှိတ် တက်သွားပြန်၏။ သုံးထပ်သို့ ရောက်သောအခါ လက်ယာဘက်သို့ ချိုးကာ အခန်းတံခါးတစ်ခုရှေ့တွင် ရပ်လိုက်၏။ သို့သော် အခန်းတံခါးမှာ ပိတ်ထား သဖြင့် သက်ဆွဲအိတ်နှစ်လုံးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပြီးနောက် မည် သည့်အသံကိုမျှ မကြားရချေ။ သို့နှင့် တံခါးကို နောက်ထပ်တစ်ကြိမ် ခပ်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခေါက်လိုက်ပြန်၏။ သို့သော် အကြောင်းမထူးချေ။

ထိုအခါ အမှားအယွင်း တစ်စုံတစ်ရာ ရှိနေပြီလောဟု ထင်မိ၏။ ထို့ကြောင့် ရက်ကျိနာသည် အိတ်ထဲမှသော့တွဲကို ထုတ်ပြီးလျှင် သော့ချောင်းများကို ရွေး၍ဖွင့်လိုက်ရာ တံခါးမှာ အလွယ်တကူပင် ပွင့်သွားတော့၏။ သို့နှင့် အခန်းတွင်းသို့ ဝင်သွားလေသည်။

အခန်းတွင်းသို့ ရောက်လျှင်ရောက်ချင်းပင် အမှားအယွင်း တစ်စုံတစ်ရာ ရှိနေသည်ကို သတိပြုလိုက်မိ၏။ အခန်းတစ်ခုလုံးမှာ ဗလာကျဲနေသဖြင့် သူသည် အတန်ကြာသည့်တိုင်အောင် အခြေအနေကို စဉ်းစားကြည့်ရှုနေမိ၏။

အခန်းတွင်း၌ကား အိမ်ထောင်ပရိဘောဂဟူ၍ တစ်ခုမျှမရှိတော့ချေ။ ကြမ်းပြင်၌ ခင်းထားသည့် ကော်ဇောသည်ပင် မရှိတော့ချေ။ နံရံတွင် အလှချိတ်ဆွဲထားသည့် ဓာတ်ပုံများလည်း မရှိတော့ချေ။ သူသည် ဤကဲ့သို့ ဖြစ်ပျက်နေသည်ကို မယုံကြည်နိုင်လွန်းသဖြင့် မျက်စိများကိုပင် ခဏမျှ မှိတ်၍နေလိုက်မိ၏။ "ငါများ မျက်စိမှားနေသလား" ဟုလည်း တွေးမိ၏။ သို့နှင့် မျက်လုံးများကို ဖွင့်ကြည့်သော်လည်း အကြောင်းမထူးချေ။

ထိုအချိန်၌ သူ၏ဦးခေါင်းထဲသို့ အသိဉာဏ်တစ်ခုဝင်လာရာ သူ့အမှားသူ သဘောကျသဖြင့် ပြုံးပင်ပြုံးလိုက်မိသေး၏။ သူကား အခန်းမှား၍ ဝင်လာမိ ချေပြီ။ သို့နှင့် အပြင်သို့ထွက်ရန် အခန်းတံခါးကို အသံမမြည်အောင် ပြန်၍ဖွင့်လိုက်၏။ အခန်းမှားဝင်လာမိသော သူ့အမှားကို မည်သူများ တွေ့လေမည်လောဟု အပြင်သို့ ခေါင်းပြူ၍ ကြည့်မိ၏။

အပြင်ဘက်၌ကား တိတ်ဆိတ်ငြိမ်သက်လျက် မည်သူမျှမရှိချေ။ သို့နှင့် သူသည် လက်ဆွဲအိတ်နှစ်လုံးကို ပြန်၍ယူပြီးလျှင် အပြင်ဘက်သို့ ထွက်လာခဲ့၏။ ထိုအခါမှ အခန်းတွင် ချိတ်ဆွဲထားလေ့ရှိသော ပလတ်စတစ်ကတ်ပြားလေးကို ဖတ်ရှုကြည့်မိရာ "မစ္စစ်နှင့် မစ္စတာချားလ်(စ်)လင်းဘတ်" ဟု ရေးထားသည်ကို တွေ့ရလေသည်။

အမှန်သော် သူ မမှားပါချေ။ သူ၏ခင်ပွန်း ငှားထားသည့်အခန်း အမှန်ပင် ဖြစ်တော့၏။ အခန်းမှားသည်ဖြစ်စေ၊ သို့မဟုတ် တစ်ယောက်ယောက်က တစ်စုံတစ်ခုသောအကြံဖြင့် ဆိုင်းဘုတ်ကို အခန်းလွဲ၍ ချိတ်ထားသည်ဖြစ်စေ သူ့သော့ဖြင့် သူတစ်ပါး၏အခန်းကို ဖွင့်၍မရကောင်းချေ။





ယခုကား သူ၏သော့နှင့် အလွယ်တကူပင် ဖွင့်၍ရ၏။ ရုတ်တရက်သော် သူသည် ဦးနှောက်ခြောက်၍ စဉ်းစား၍မရနိုင်အောင်ပင် ဖြစ်သွားလေသည်။

ထို့နောက် သူသည် အခန်းတံခါးကိုဖွင့်ကာ လက်ဆွဲအိတ်နှစ်လုံးကို မောကြီးပန်းကြီး ပစ်ချလိုက်ပြီးနောက် ခင်ပွန်းသည်၏နာမည်ကို ခေါ်ရင်း အခန်းထဲသို့ ဝင်လိုက်၏။ သို့သော် မည်သူမျှ ထူးဖော်မရချေ။ ထို့နောက် အိမ်ဖော်မိန်းမကြီး၏ နာမည်ကိုလည်း ခေါ်ကြည့်ပြန်၏။ သို့သော် အကြောင်း မထူးချေ။

သို့နှင့် ညှိခန်းထဲသို့ တစ်လှမ်းချင်းဝင်သွားပြီးနောက် တံခါးကို ဆွဲဖွင့်လိုက်ပြန်၏။ ထိုအခန်း၌လည်း မည်သူမျှမရှိချေ။ ညှိခန်းတံခါးတွင် အလှ ချိတ်ဆွဲထားသည့် ပန်းချီကားများပင် မရှိတော့ချေ။ သို့နှင့် စိတ်ထဲမှ ကြောက်ရွံ့လာသဖြင့် ခြေလှမ်းများပင် ယခင်ကထက် သွက်လက်လာတော့၏။

ထို့နောက် အိပ်ခန်းတံခါးကို ဖွင့်၍ဝင်မိပြန်ရာ အခန်းတွင်း၌ အိမ်ထောင် ပရိဘောဂဟူ၍ တစ်စုံတစ်ခုမျှ မရှိတော့ချေ။ သို့နှင့် သူ အဝတ်အစားလဲသည့် အခန်းထဲသို့ ဝင်သွားပြီးလျှင် အဝတ်ဗီရိုကို ဆွဲ၍ဖွင့်လိုက်သော အခါ၌ကား မိမိ၏အဝတ်အစားများပါ မရှိတော့သဖြင့် ထိုအခါမှ ပို၍ပင် အံ့ဩမိလေသည်။

ထိုအခါ သူသည် တုန်တုန်ယင်ယင်ပင် ဖြစ်လာတော့၏။ ထို့နောက် အပြေးအလွှားပင် နံရံတွင် မြှုပ်၍ပြုလုပ်ထားသည့် မှန်ဗီရိုကြီးကို ဆွဲ၍ဖွင့်လိုက်ပြီးနောက် လက်ဝတ်ရတနာထည့်ထားသည့် အံဆွဲကို သော့ဖြင့်ဖွင့်လိုက်ပြန်ရာ အံဆွဲထဲ၌လည်း မည်သည့်အရာကိုမျှ မတွေ့ရတော့ချေ။

ရက်ကျိနာသည် မိမိရင်ခုန်သံကိုပင် မှိန်မှိန် ကြား၍နေရသကဲ့သို့ ရှိတော့၏။ ထိုအခါ အလွန်ကြောက်ရွံ့၍ လာတော့၏။ ဤသို့ဖြင့် ကမူးရှူးထိုး ထွက်မိထွက်ရာ ထွက်၍လာရာ ထွက်ပေါက်များပြီးလျှင် စာကြည့်ခန်းထဲသို့ ရောက်သွား၏။ အခန်းထဲတွင် စားပွဲ၊ ကုလားထိုင်များနှင့်တကွ စာအုပ်စင်တွင် တင်ထားသည့် စာအုပ်များလည်း မရှိတော့ချေ။

သို့နှင့် ဒူးများပင် မခိုင်တော့သကဲ့သို့ဖြစ်ကာ မတ်တတ်ရပ်ရာမှ ကြမ်းပြင်ပေါ်သို့ ခွေယိုင်လဲကျသွားတော့၏။ သို့ရှိစဉ် သူသည် အခန်းထောင့် တစ်နေရာတွင် ကျကျန်ရစ်ခဲ့ဟန်တူသည့် တစ်စုံတစ်ရာကို မြင်လိုက်ရသဖြင့် ထိုနေရာဆီသို့ ထိုင်လျက်သွား၍ ကောက်ယူကြည့်ရှုလိုက်ရာ ၎င်းမှာ ခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ချားလ်(စ်)၏ ဝါသနာအလျောက် ပြုလုပ်ထားသည့် မော်တော်ကား တော်ရုပ်ကလေးတစ်ခုပင် ဖြစ်တော့၏။ အရုပ်ကလေးမှာ ကလေးငယ် တစ်ယောက် ထုချေဆော့ကစားထားသဖြင့် ပျက်စီးနေသကဲ့သို့ ရှိလေသည်။

ယခုသော် ရက်ဂျီနာကား သူ၏ဘဝမှန်ကို နားလည်ချေပြီ။ မိမိ ခင်တွန်းသည်အား တစ်စုံတစ်ယောက်သည် ဒုက္ခကောင်းကောင်းကြီး ပေးလေ ပြီ။ ဤအခန်းထဲတွင် မိမိရှိနေပါက မကြာမီပင် မိမိအလှည့်သို့ ရောက်ပေ တော့မည်။ သို့နှင့် သူသည် ညည့်ခန်းသို့ပြေးလာခဲ့၏။ သူ ပြေးနေပုံမှာ အိပ်မက်ထဲတွင် ထမင်းလုံးတစ္ဆေ အခြောက်ခံရသကဲ့သို့ မော၍ပင်လာတော့ ၏။ သူပြေးနေသည်မှာ ကော်ဇောပေါ်တွင် မဟုတ်ဘဲ ဖယောင်းတိုက်ထား သည့် ကြမ်းပြင်ပေါ်တွင်ဖြစ်၍ ကိုယ်ကိုမထိန်းနိုင်တော့ဘဲ ခြေတစ်ဖက် ချော်ကာ ကြမ်းပြင်ပေါ်သို့ ပုံလျက်သားလဲကျသွားရာ နံရံကို ကိုယ်နှင့် ဆောင့်မိသောအခါမှ ရပ်သွားတော့၏။ ထို့နောက် ပန်းစွန်းတွင် အလွန်နာကျင် သွားတော့၏။ သို့နှင့် နောက်ထပ်မလဲစေရန် ဖိနပ်နှစ်ဖက်ကို ချွတ်ထား လိုက်လေသည်။

သို့ရှိစဉ် လှျပ်စစ်ခေါင်းလောင်းမြည်သံကို ကြားလိုက်ရလေရာ ရင်ထဲ တွင် ထိတ်ခနဲ ဖြစ်သွားတော့၏။ ထို့နောက် ခေါင်းလောင်းသံကို တစ်ဖန် ကြားရပြန်၏။

ချားလ်(စ်)လင်းဘတ်ကား သူ၏အခန်းသို့ ပြန်၍ရောက်လာချေပြီ။ ထိုအခါမှပင် စိတ်သက်သာရာ ရသွားတော့၏။ သို့နှင့် ရက်ဂျီနာသည် အားမာန်အပြည့်ဖြင့် တံခါးကိုဖွင့်ပေးလိုက်ရာ သူ၏မျက်နှာပေါ်မှ အပြုံးရိပ် များမှာ ချက်ချင်းပင် ပျောက်ကွယ်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် အခန်းဝတွင် ယူနီဖောင်းဝတ် ရဲသားနှစ်ယောက်တို့သည် သူ့အား နှုတ်ဆက် လိုက်သောကြောင့် ဖြစ်လေသည်။

"မစ္စစ်ချားလ်(စ်)လင်းဘတ် ဟုတ်ပါသလားခင်ဗျာ"

# အခန်း ၃

လူသေအလောင်းများထားသည့် ရေခဲတိုက်မှာ ကြမ်းပြင်၊ နံရံနှင့် မျက်နှာကြက်များကို အုတ်ကြွပ်များဖြင့် ထူးထပ်နိုင်မြဲစွာ မိုးထား၏။ ရဲမှူး ဝရင်းပီးယားသည် ကြီးမားလေးလံသော သတ္တုတံခါးကြီးကို ဆွဲ၍ဖွင့်လိုက်ပြီး နောက် ရက်ဂျီနာကို ပထမဦးစွာ ဝင်စေ၏။ သူကိုယ်တိုင်ကမူ မာဖလာကို ကုတ်အင်္ကျီအိတ်ထဲမှထုတ်၍ လည်ပင်းတွင် ပတ်လိုက်ပြီးလျှင် နောက်မှဝင်၍ လိုက်သွားလေသည်။

သူတို့နောက်တွင်ကား မီးခိုးရောင် အပေါ်အင်္ကျီဝတ်ထားသော သက်ထောက်တစ်ယောက် စောင့်လျက်ရှိနေ၏။ ဂရင်းပီးယားသည် ဖုန်များ တက်နေသည့် သူ၏မျက်မှန်ကို ချွတ်၍သုတ်ရင်း အစောင့်ကို ပြင်သစ်ဘာသာ ဖြင့် အမိန့်ပေးလိုက်သဖြင့် အစောင့်သည် ၂၃ ဟု ရေးထားသည့် လက်ဆွဲချိတ် ကို ဆွဲထုတ်လိုက်ရာ နံရံအတွင်း၌ အံဝှက်ကဲ့သို့ အပေါက်တစ်ခုပေါ်လာ၏။ သို့နှင့် ဆွဲလိုက်ရာ လူသေအလောင်း ထည့်ထားသည့် ဘီးတပ်ထမ်းစင်တစ်ခု ပါလာလေသည်။

သို့နှင့် ဂရင်းပီးယား ရှေ့သို့တိုးသွားပြီးလျှင် မျက်မှန်ကို ပြန်၍တပ် ကာ အဝတ်ဖြူအုပ်ထားသည့် လူသေအလောင်း၏မျက်နှာကို လှန်၍ ရက်ဂျီ နာက်သို့လှည့်ကာ အလောင်းကို လာ၍ကြည့်စေလိုသည့်ဟန် ကြည့်နေ၏။

ရက်ဂျီနာမှာမူ ရှေ့သို့တိုးရန် မဝံ့မရဲဖြစ်နေသကဲ့သို့ ရှိနေတော့၏။ ဂရင်းပီးယားမှာ ပိန်ပိန်ပါးပါး ပုပုပြတ်ပြတ် လူတစ်ယောက်ဖြစ်၍ အသက်အရွယ်အား



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ၄၁ ပတ်ဝန်းကျင်လောက်ပင် ရှိပေမည်။ သူ၏ ဆံပင်များမှာ နီကြောင်ကြောင်ရှိပြီးလျှင် အကျီကော်လာစတစ်ဖက်မှာလည်း တန့်လိမ်ကောက်ကွေးနေလေသည်။

"မဒမ်"

ရဲမှူးသည် ရက်ဂျီနာအား ခေါ်လိုက်၏။ သူ၏အသံမှာ ကိုယ်ချင်းစာနာမှု သည်းခံမှုအပြည့်အဝ ပါဝင်လျက်ရှိနေ၏။ သို့နှင့် ရက်ဂျီနာသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီးလျှင် လူသေတင်သော ထမ်းစင်ပေါ်တွင် မည်သူ့အားတွေ့ရမည်ကို သူ သိပြီးဖြစ်၏။ သို့ဖြစ်၍ သူသည် မျက်စိကို စုံမှိတ်ထားလိုက်မိ၏။ ဤကိစ္စတွင် ဆင်ခြေရန်ရှောင် လုပ်နေ၍မရ၊ အဖြစ်မှန်ကို တိုက်ရိုက်ရင်ဆိုင်ရမည်ဖြစ်ကြောင်း သူသိပြီး ဖြစ်လေသည်။

သို့နှင့် သူသည် မှိတ်ထားသည့်မျက်လုံးအစုံကို ပြန်၍ဖွင့်လိုက်ပြီးနောက် ရှေ့သို့တိုးကာ အလောင်းကို ကြည့်လိုက်၏။ အလောင်းမှာ သူ၏ခင်ပွန်းဖြစ်သူ ချားလ်(စ်)လင်းဘတ်၏ အလောင်းဖြစ်၍ အလောင်း၏ မျက်နှာတစ်ခုလုံးမှာ ညှိုမည်း၍နေပြီးလျှင် ဖယောင်းပုံ သွင်းထားဘိသကဲ့သို့ ပျော့နေ၏။ သူ၏ရုပ်ကလပ်မှာ မသေမီ ခံစားသွားရသောဝေဒနာကို ဖော်ပြသကဲ့သို့ ရှိတော့၏။

သို့နှင့် ရက်ဂျီနာသည် မိမိနောက်တွင် ရပ်၍စောင့်နေသော ရဲမှူး ဂရင်းပီးယားဘက်သို့လှည့်ကာ မိမိခင်ပွန်းဖြစ်ကြောင်း ဦးခေါင်းကို ညိတ်ပြလိုက်၏။ အမှန်သော် ရဲမှူးသည် မိမိ၏အတည်ပြုချက်ကို ရယူရန် စောင့်နေခြင်းဖြစ်ကြောင်း သူသိ၏။

ဂရင်းပီးယားကမူ မျက်ရည်တစ်စက်မျှမကျသော ရက်ဂျီနာအား အံ့ဩသည့်မျက်နှာဖြင့် ကြည့်ရင်း . . .

"ခင်ဗျား သူ့ကို ချစ်တယ်မဟုတ်လား"ဟု မေး၏။

ရက်ဂျီနာသည် လုံးဝအဖြေမပေးဘဲ မကြားသကဲ့သို့ နေလိုက်၏။

"ခင်ဗျားတို့ လက်ထပ်တာ ဘယ်လောက်ကြာပြီလဲ"

"ခုနစ်လ"

ရက်ဂျီနာသည် စိတ်ရှုပ်သွားသကဲ့သို့ ဦးခေါင်းကိုကုတ်၍ အဖြေပေးလိုက်၏။ သို့နှင့် ဂရင်းပီးယားသည် အစောင့်ဘက်သို့လှည့်၍ ဦးခေါင်းကို ညိတ်ပြလိုက်ရာ ချားလ်(စ်)လင်းဘတ်၏ အလောင်းတင်ထားသော ဘီးတပ်





ထမ်းစင်ကြီးကို အုတ်နံရံ၏ အပေါက်ထဲသို့ ပြန်၍ သွင်းလိုက်ကြလေသည်။

ထို့နောက်တွင်မူ ဂရင်းပီးယားနှင့် ရက်ဂျီနာတို့သည် သူတို့အားတင်ဆောင်သွားသော ရဲကားပေါ်တွင် ရဲစခန်းသို့ ရောက်သည်အထိ စကားတစ်ခွန်းမျှ မပြောကြချေ။

ရဲစခန်းရောက်၍ မှန်ကားထားသော ဂရင်းပီးယား၏ ရုံးခန်းအတွင်းရှိ စားပွဲတွင်ထိုင်မိကြရာ ထိုအခါမှ ရက်ဂျီနာသည် သူ၏ရင်ထဲတွင် ခံစားနေရသည့် ဝေဒနာကို စ၍မေးတော့၏။

"ဘယ်လိုဖြစ်ကြတာလဲ ရှင်"

"ခင်ဗျားခင်ပွန်းရဲ့အလောင်းကို "ပဲရစ်–လီဟာပ်"ရထားလမ်းဘေးမှာ ကျနေတာ တွေ့ရတာပဲ။ တွေ့တဲ့နေရာကတော့ "မန်ဂီ"မြို့နဲ့ သုံးကီလိုမီတာလောက်ပဲ ဝေးမယ်။ အဲဒီနေရာမှာ ရထားလမ်းဟာ "နေရှင်နယ်" ရထားလမ်းနဲ့ ဖြတ်တဲ့နေရာပဲ။ သူ့ကိုတွေ့တော့ သူ့ကိုယ်ပေါ်မှာ ညဝတ်အကျီပဲ ဝတ်ထားတယ်"

ထိုအခါ ရက်ဂျီနာသည် နံနက်က ဆိဗီယာ ဝင်၍တိုက်မိမည်ကဲ့သို့ ဖြစ်သွားသော "ရေးနော့" ရဲကားကို ပြန်၍သတိရမိ၏။ ထိုအချိန်က အဝတ်ဖြူကြီးအုပ်ထားသော အလောင်းတစ်လောင်းကို ရဲသားများ ဝိုင်းကြည့်နေသည်ကိုလည်း ပြန်၍သတိရမိ၏။ ဆိဗီယာ၏သားကလေးက ကြည့်ရန်ပူဆာသည်ကိုလည်း ပြန်၍သတိရမိ၏။

ထိုအခါ ရက်ဂျီနာက . . .

"ဒီနေ့မနက် ကိုးနာရီလောက်က တွေ့တာလားရှင်"

ရဲမှူးက ပါးနပ်စွာဖြင့် "ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

ရက်ဂျီနာမှာ ထိုမေးခွန်းအတွက် စိတ်မကောင်းဖြစ်သွားမိ၏။ အမှန်သော် သူသည် နှုတ်ဆိတ်၍နေသင့်၏။ ယခုမူ ရဲမှူး၏ ဖြတ်ထိုးမေးခွန်းကို ရှင်းရချေတော့မည်။ ရက်ဂျီနာသည် သူ၏သူငယ်ချင်းဆိဗီယာနှင့် ၎င်း၏သားကလေး ဂျင်းတို့နှင့်အတူ နော်မန်ဒီကမ်းခြေ၌ နှစ်ပတ်ခန့် အပန်းဖြေခဲ့ပုံ၊ ယခုနေ့နံနက်ပင် သူ၏ခင်ပွန်းအားကွာရှင်းရန် သူ၏စိတ်ကို ဆုံးဖြတ်၍ ကားဖြင့်ပြန်လာခဲ့ပုံ၊ လမ်းတွင် အလောင်းတစ်လောင်းကို နေရှင်နယ်မီးရထားလမ်းနှင့် ပဲရစ်–လီဟာပ် မီးရထားဆုံရာတွင် ပုလိပ်များစောင့်နေသည်ကို တွေ့မြင်ခဲ့ရပုံ၊ သို့သော် သူတို့သည် စိတ်မဝင်စားသဖြင့် ပဲရစ်သို့ တိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



မြန်လာဝုံ သေည်တို့ကို ရှင်းပြရတော့၏။

ရေးဆိုးယားသည် နှာခေါင်းရှုံ့လျက် . . .

"ခင်များပြောတာတွေ ကျွန်တော်က ယုံရမှာလား"

"မှန်ပါတယ်။ ကျွန်မစိတ်ထဲမှာ ကျွန်မပြောတာတွေ ရှင်မယုံမှာပဲ စိုးရိမ်နေမိပါတယ်။ နို့မဟုတ်ရင် ဓာတ်လမ်းက ပိုရှုပ်ကုန်မှာ စိုးရပါတယ်"

သို့ပြောရင်း ရက်ဂျီနာ၏အသံမှာ တိမ်၍သွားတော့၏။ ထို့နောက် နှစ်ယောက်စလုံး တစ်ခဏမျှ စကားမပြောဖြစ်ကြပဲ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ရှုနေမိကြ၏။ ရက်ဂျီနာ၏မျက်နှာ၌ကား နောက်ထပ် "ဘာလုပ်ကြဦးမှာလဲ"ဟု မေးလိုဟန် လက္ခဏာပေါ်နေ၏။ ရဲမှူးကမူ သူ့အား တစ်စုံတစ်ရာ စကားမဆက်ဘဲ လိပ်ထားသော စာရွက်တစ်လိပ်ကို ဖွင့်၍ ကြည့်နေလေသည်။

"သူ ဘယ်လိုဖြစ်တာလဲ"ဟု ရက်ဂျီနာက စ၍မေးလိုက်ရာ ရဲမှူးသည် သူ့အား လှမ်း၍ကြည့်ကာ ချားလ်(စ်)လင်းဘတ်မှာ မီးရထားပေါ်မှ လိမ့်ကျကြောင်း၊ ထိုအချိန်က သူသည် လီဟာပ်ရွာသို့သွားရာလမ်းတွင် တွေ့ရသည် ဖြစ်ကြောင်း ပြောပြ၏။

ထိုအခါ ရက်ဂျီနာက ထိုအကြောင်းမှာ သေချာပါ၏လောဟု မေးရာ ရဲမှူးက ထိုရထားမှာ လီဟာပ်သို့ပင်သွားကြောင်း ချားလ်(စ်)လင်းဘတ် ခရီးထွက်ရန် ရှိသည်ကို ရက်ဂျီနာ သိပါသလောဟု မေး၏။

ထိုအခါ ရက်ဂျီနာက ထိုအချိန်၌ မိမိသည် နော်မန်ဒီတွင် ရှိနေသဖြင့် လီဟာပ်နှင့် အလွန်ဝေးသောကြောင့် မသိကြောင်း ပြောလိုက်၏။ သို့နှင့် ရဲမှူးက ဆက်လက်၍ ချားလ်(စ်)၏အလောင်းကို နေရှင်နယ်နှင့် လီဟာပ်ရထားလမ်းဆုံ၌ တွေ့ရသည်ဟုပြောရာ ရက်ဂျီနာက သူ မည်သည့် ရထ[?]းသည်ကို ရဲမှူး မည်သို့သိပါသလဲဟု ပြန်၍မေးလိုက်လေသည်။

သို့နှင့် ရဲမှူးက ဆက်လက်၍ ချားလ်(စ်)၏သေတ္တာများသည် သူ မရောက်ခင်ကပင် လီဟာပ်သို့ ရောက်နေသည်ကို စုံစမ်း၍သိရကြောင်း ချားလ်(စ်)သည် ပဲရစ်မှ မည်သည့်အတွက်ကြောင့် ထွက်ပြေးသည်ကို မထိန်းမဝှက်ပြောပြရန် ရက်ဂျီနာအား ပြောလေသည်။

"ထွက်ပြေးတယ်၊ သူ ထွက်ပြေးတယ်ဆိုတာကော ရှင် ဘယ်လိုလုပ် ပြောနိုင်သလဲ"





"အေး. . . နိုင်ငံခြားကို ထွက်ပြေးချင်တဲ့ လူတိုင်းဟာ လီဟာပ်က တစ်ဆင့် ထွက်ပြေးကြတာချည်းပဲ။ ခင်ဗျားယောကျ်ားလည်း ဒီလူတွေထဲမှာ တစ်ယောက်အပါအဝင်ပါပဲ မစ္စစ်လင်းဘတ်။ ကျွန်တော်ပြောတာ သေချာကြောင်း၊ သက်သေပြနိုင်တာကတော့ သူ့ဆီမှာ "မာရင်ဂို"သင်္ဘော လက်မှတ် တစ်စောင် ကြိုတင်ဝယ်ထားတာ တွေ့လို့ပဲ။ အဲဒီသင်္ဘောဟာ ဒီနေ့မနက် ၇ နာရီမှာ "မာရာကာရီဘို"ကို ထွက်သွားတယ်"

ရက်ဂျီနာသည် သူယူလာသည့် လက်ဆွဲအိတ်ထဲမှ စီးကရက်ဘူးကို မွှေနှောက်ရှာဖွေလျက်ရှိရာ ရဲမှူးသည် သူစစ်ဆေးနေသည့်အမှု လမ်းစပျောက်မသွားစေရန် ရက်ဂျီနာ၏ ခင်ပွန်းဖြစ်သူ၏ အကြောင်းကိုသာ ဆက်လက်မေးမြန်းလျက်ရှိနေ၏။

သို့နှင့် ရဲမှူးက ဆက်လက်၍ ချားလ်(စ်)သည် မည်သည့်လူမျိုးဖြစ်၍ မည်သည့်အလုပ်ကို လုပ်ကိုင်ကြောင်းမေးမြန်းရာ ရက်ဂျီနာက မိမိ၏ခင်ပွန်းသည်မှာ ဆွစ်လူမျိုးဖြစ်၍ အနုပညာပစ္စည်းများ ရောင်းဝယ်ဖောက်ကားသည့် အလုပ်ကို လုပ်ကိုင်ကြောင်းပြောပြရာ ထိုအချိန်၌ ရဲမှူးသည် ခဲတံ တစ်ချောင်းကို ကောက်၍ကိုင်လိုက်လေသည်။

ထို့နောက် ရဲမှူးက ဆက်လက်၍ ချားလ်(စ်)၏ ဆိုင်လိပ်စာနှင့် ရုံးလိပ်စာကိုမေးရာ ရက်ဂျီနာက သူ၏ခင်ပွန်းသည်တွင် ဆိုင်မရှိ၍ ရုံးခန်းလည်း မရှိကြောင်းဖြင့် ပြော၏။

ထိုအခါ ရဲမှူးသည် အတန်းငယ် ဒေါသထွက်လာသည့်ဟန်ဖြင့် ခဲတံကို စားပွဲပေါ်သို့ ပစ်ချလိုက်တော့၏။ ထို့နောက် ရဲမှူးက ဆက်လက်၍ ချားလ်(စ်)သည် လူချမ်းသာတစ်ယောက် ဖြစ်သလော၊ အကယ်၍ဖြစ်လျှင် မည်မျှလောက် ချမ်းသာပါသလဲဟုမေးရာ ရက်ဂျီနာက သူ အမှန်ပင် မသိကြောင်းဖြင့် ဖြေဆိုပြန်လေသည်။

ရဲမှူးသည် "ဒီဟာတော့ အဓိပ္ပာယ်မရှိဘူး။ ဒါဟာ ကျုပ်တို့ကို အရူးလုပ်တာပဲ"

ရဲမှူးသည် ဒေါသထွက်နေသဖြင့် အသံခပ်ကျယ်ကျယ်ဖြင့် ပြောလိုက်လေသည်။

ရက်ဂျီနာ၏ မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်ကာ ငိုသံပါနေ၏။ ရဲမှူးသည် စားပွဲပေါ်တွင် ရောက်ရှိနေသည့် ပစ္စည်းများကို



www.burmeseclassic.com

www.burmeseclassic.com



သေသေချာ ကြည့်ရှုပြီးနောက် . . .

"ကျွန်တော်တို့ရဲဘက်က ခင်ဗျားတို့အိပ်ခန်းကို ရှာပြီးခဲ့ပါပြီ။ ခင်ဗျားတို့ပျောက်သွားတဲ့ ပစ္စည်းတွေ အကြောင်းလည်း သိပြီးပါပြီ။ ဒါတွေလည်း ခင်ဗျား ဘာမှမသိဘူးမဟုတ်လား၊" ဟု ပြောလိုက်၏။

"မှန်ပါတယ်ရှင်။ ကျွန်မ ဘာမှမသိပါဘူး"

"ကဲ . . . ကျွန်တော် တစ်ခုပြောမယ်။ ဒီအဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး ခင်ဗျား ထင်မြင်ချက် ပေးစေချင်တယ်"

ရဲမှူးသည် ရက်ဂျီနာ၏မျက်နှာကို ကြည့်ရှုကာ အကဲခတ်လျက် ရှိနေ၏။ သို့သော် ရက်ဂျီနာ၏မျက်နှာမှာ တစ်စုံတစ်ရာ ထူးခြားချက် မရှိချေ။

"ကျွန်မကို့ တားပြအဝိုက်ခံရတယ်၊ ဒါမှမဟုတ် သူခိုးအခိုးခံရတယ်လို့ ထင်တာပဲ"

"ဘာဗျ၊ သူခိုး ဓားပြတွေဟာ ခင်ဗျားတို့ အိမ်ထဲမှာရှိတဲ့ အိမ်ထောင်ပရိဘောဂကြီးတွေရယ်၊ အိမ်သုံးပစ္စည်းတွေရယ်၊ စန္ဒရားကြီးရယ်၊ ပြီးတော့ ပန်းချီကား အချပ်လေးဆယ်ရယ်၊ တအုပ်ပေါင်း ကိုးရာကျော်လောက်ရယ်၊ ခင်ဗျားတို့ အိုးခွက်ပန်းကန်ပါမကျန် တစ်ခါတည်း ယူသွားနိုင်လောက်အောင် စွမ်းပါ့မလား။ ဒီမှာ မစ္စစ်လင်းဘတ် ခင်ဗျား ကျုပ်တို့ကို အရူးမလုပ်ပါနဲ့"

ပြင်သစ်လူမျိုးများ ဒေါသထွက်တတ်သည်ကို ရက်ဂျီနာက တွေးလိုက်မိ၏။ ဤနိုင်ငံကို သူ ရောက်ပြီးနောက် ပထမဆုံးအကြိမ် အကြိမ်းအမောင်းခံလိုက်ရခြင်းဖြစ်၏။

သို့နှင့် ရဲမှူးသည် ချွဲရှင်းလိုက်ပြီးနောက် သူ၏ စကားလွန်သွားသည်ကို သိသဖြင့် . . .

"ခင်ဗျား ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ။ အမှန်အတိုင်းပြောရရင် ဒီလိုရှားပါးတဲ့အမှုမျိုး တွေ့ရခဲတယ်။ ရှိမယ်လို့တောင်မထင်ဘူး။ ဒါနဲ့ အမှုကိစ္စအကြောင်း ခင်ဗျား ဘာမှမသိဘူးဆိုတာ ထားပါတော့။ ကိုယ့်ယောက်ျား အကြောင်း ကိုယ်မသိဘူးဆိုတာတော့ မလွန်ဘူးလားဗျာ။ ဒီလိုပြောတာ ခင်ဗျားရူးနေတာလည်း ဖြစ်ရမယ်၊ ဒီဟာတွေတွေးပြီး ကျွန်တော် စိတ်တိုသွားမိတာပါ" ဟု ရှင်းပြ၏။

ရဲမှူးသည် သူ၏အံဆွဲထဲမှ ဆေးပြင်းလိပ်ကို ထုတ်လိုက်ပြီးလျှင် မီးမညှိမီ ယဉ်ကျေးမှုတစ်ခုအနေဖြင့် ရက်ဂျီနာအား ဆေးငွေ့ခံနိုင်ပါသလား





ဟု မေးလိုက်ရာ ရက်ဂျီနာက . . .

"ကိစ္စမရှိပါဘူးရှင်။ သောက်သာသောက်ပါ" ဟု ပြန်၍ပြော၏။

သို့နှင့် ရဲမှူးသည် ဆေးပြင်းလိပ်သို့ မီးညှိပြီးနောက် မီးခိုးများကို အားပါးတရ ဖွာထုတ်လိုက်ပြီးနောက် . . .

"ဗုဒ္ဓဟူးနေ့က ခင်ဗျားယောက်ျားဟာ သူ့အခန်းထဲကပစ္စည်းတွေကို လေးလံပစ် ရောင်းချခဲ့တယ်။ သူ့ဆန္ဒအရ ဝယ်တဲ့အဖွဲ့ကလည်း ငွေလက်ငင်း ချေလိုက်ကြတယ်။ ငွေကြေးပမာဏဟာလည်း မသေးဘူး။ ဖရန့်ငွေပေါင်း တစ်သန်း ကိုးသိန်း ငါးသောင်းနဲ့ အရောင်းအဝယ် တည့်သွားကြတယ်။ ဒေါ်လာအနေနဲ့ဆိုရင် လေးသိန်းဖိုးလောက်ရှိမယ်။ လီဟာပ်အာဏာပိုင်တဲ့ အဖွဲ့ဟာ သူစီးတဲ့ရထားတွဲကို အသေအချာ ပိုက်စိပ်တိုက်ရှာကြတယ်၊ ဒါပေမဲ့ ဒီငွေတွေကို မတွေ့ရဘူး။ ဒီတော့ ကျွန်တော်တို့မှာ တွေးစရာအကြောင်း သုံးချက်ပဲရှိတယ်။ မတော်တဆ ဖြစ်တယ်ဆိုပါတော့။ ပြတင်းပေါက်ကလည်း လူတစ်ယောက် လိမ့်ကျနိုင်လောက်အောင် မနိမ့်ဘူး။ ကိုယ့်ကိုယ်ကို သေကြောင်းကြံလောက်စရာ အကြောင်းအချက်ကော ရှိပါသလား၊ မစ္စစ်လင်းဘတ်"

ရက်ဂျီနာသည် အချိန်အတော်ကြာမျှ စဉ်းစားပြီးနောက် ဦးခေါင်းကို ခါးယမ်းပြလိုက်ပြီးလျှင် . . .

"သူဟာ ညဝတ်အင်္ကျီနဲ့တော့ သူ့ကိုယ်သူသတ်သေမှာ မဟုတ်ဘူးလို့ ကျွန်မ ထင်ပါတယ်"ဟု ပြောလိုက်၏။

နောက်ထပ် စကားမပြောမီ ရဲမှူးသည် ဆေးလိပ်မီးခိုးများကို အားပါးတရ ဖွာထုတ်ပြီးနောက် . . .

"ကိုင် . . . တတိယဖြစ်နိုင်စရာအချက်ကို ဆက်တွေးကြည့်ကြရအောင်"ဟု ပြော၏။

ထိုအခိုက် တံခါးပွင့်လာပြီးလျှင် လက်ထောက်တစ်ယောက်သည် ကြိမ်ခြင်းတစ်လုံးကိုယူ၍ ဝင်လာကာ ခြင်းတောင်းကို စားပွဲပေါ်သို့ တင်ထားခဲ့ပြီးနောက် ပြန်၍ထွက်သွားတော့၏။

ရဲမှူးသည် ခြင်းတောင်းကိုကြည့်ကာ . . .

"အခု ဒီခြင်းတောင်းထဲမှာ ရှိတဲ့ပစ္စည်းတွေဟာ ချားလ်(စ်)လင်းဘတ် စီးသွားတဲ့ ရထားတွဲထဲက ရှာလို့ရသမျှ ပစ္စည်းတွေ အားလုံးပဲ" ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးလျှင် ခြင်းထဲမှ ပစ္စည်းများကို တစ်ခုစီ ဆွဲထုတ်ပြီးနောက်

"ဟောဒါက သူ့ပိုက်ဆံ အိတ်ပဲ၊ ဖရန့်ငွေ လေးငါးရာပါတယ်။ ဟောဒါက ဒေါ်လာခြောက်ရာတန်တဲ့ ခရီးသွားချက်လက်မှတ်၊ ဟောဒီမှာ စာတစ်စောင်၊ စာအိတ်ပေါ်တွင် တံဆိပ်ခေါင်းမကပ်ဘဲ တံဆိပ်ခေါင်းကို အတွင်းမှာ သပ်သပ် စက္ကူတစ်ရွက်ပေါ်မှာ ကပ်ထားတယ်၊ လိပ်စာကတော့ ခင်ဗျားဆီကို ရေးထားတယ်"ဟု ပြော၏။

"ကျွန်မဆီ ရေးတဲ့စာ ဟုတ်လား။ တဆိတ် ကြည့်ပါရစေရှင်"

သို့ပြောရင်း ရက်ဂျီနာသည် ရဲမှူးလှမ်းပေးသော စာကို ယူလိုက်ပြီးနောက် စိတ်မောကိုယ်မော ဖြစ်သွားဟန်ဖြင့် စာကို ဖတ်လိုက်၏။

စာတွင်ပါသည်များကား အောက်ပါအတိုင်း ဖြစ်လေသည်။

ကိုယ်ချစ်ရသော ရက်ဂျီနာ . . .

*မင်းဟာ အပန်းဖြေခရီးမှာ အင်မတန် ပျော်နေလိမ့်မယ်လို့ ကိုယ်မျှော်လင့်တယ်။ ဒီနှစ် ဒီအချိန်မှာ နော်မန်ဒီကမ်းခြေက ရာသီဥတုလည်း အသာယာဆုံး ရှိပါလိမ့်မယ်။ ပြင်သစ်မှာတော့ ရာသီဥတု အင်မတန် ဆိုးရွားတယ်။ မင်းအနားယူနေတဲ့ အချိန်ကလေးဟာလည်း တဖြည်းဖြည်း ကုန်တော့မှာမို့ မင်းပြန်အလာကိုပဲ ကိုယ် မျှော်နေတယ်။ ဒါနဲ့ တစ်ခုပြောရဦးမယ်။ မင်းမှာထားတဲ့ စက်ချုပ်သမားရောက်လာပြီး မင်းအင်္ကျီတွေ ချုပ်ပြီးပြီလို့ လာပြောတယ်။*

*ချားလ်(စ်)*

ရက်ဂျီနာသည် စာကို နှစ်ခေါက်ပြန်၍ ဖတ်လိုက်ပြီးနောက် ရဲမှူးလက်သို့ ပြန်၍ ပေးလိုက်၏။

"ကျုပ်တို့မှာ အပ်ချုပ်သည်ကို ခေါ်ပြီးမေးခွင့်ရှိတော့ ခေါ်ပြီးမေးရဦးမှာပဲ။ အကြောင်းထူးလို ထူးငြားပေါ့လေ၊ ခင်ဗျားတို့ဖနီးမောင်နှံနဲ့ အဆက်အသွယ်ရှိတဲ့ လူတွေကို လိုက်မေးရမှာ ကျုပ်တို့တာဝန်ပဲ"

သို့ပြောရင်း ရဲမှူးသည် ကြိမ်ခြင်းထဲမှ ပစ္စည်းများကို ပြန်၍ ထုတ်လိုက်ပြီးလျှင် . . .

"ဟောဒါက ခင်ဗျားအိမ်ခန်းရဲ့သော့။ ဒါက ဒိုဘီကျ ရှပ်အင်္ကျီတစ်ထည်၊ ပြီးတော့ ယောကျ်ားခြေအိတ်တစ်စုံ၊ ဒါက အောက်ခံဘောင်းဘီ၊





ဒီမှာ သတင်းစာတစ်စောင်၊ မှတ်ဆိတ်ရိတ် ဓားတစ်လက်၊ သွားတိုက်တပွတ်တံတစ်ချောင်း၊ သွားတိုက်ဆေးဘူး တစ်ဘူး။ ဒီဟာက ပလတ်စတစ်မော်တော်ကားကလေး။ အဲဒါ အကုန်ပဲ"

ထို့နောက် ရဲမှူးသည် ရက်ဂျီနာအား ဖောင်တိန်ကို အဖုံးဖွင့်၍ စာရွက်တစ်ရွက်ကိုလည်း၊ ရှေ့သို့ တိုးပေးလိုက်ပြီးနောက် . . .

"ခင်ဗျား ဒီစာရွက်မှာပါတဲ့ စာရင်းအတိုင်း လက်မှတ်ထိုးပြီး ဒီပစ္စည်းတွေအားလုံ ပြန်သိမ်းသွားပေတော့"ဟု ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ်၊ ကျွန်မလည်း ချားလ်(စ်)ရဲ့ပစ္စည်းတွေကို လိုချင်ပါတယ် ရှင် . . . "

ရက်ဂျီနာသည် ချက်ချင်းပင် လက်မှတ်ထိုးပေးလိုက်၏။ ထို့နောက် အတန်ကြာသည်အထိ ငြိမ်သက်စွာ ရှိနေကြပြီးနောက် ရဲမှူးသည် သူ့အား အကဲခတ် ကြည့်ရှုလျက်ရှိသဖြင့် ရက်ဂျီနာမှာ အနေရအထိုင်ရ ခက်သကဲ့သို့ပင် ဖြစ်နေတော့၏။

"ကိစ္စအားလုံးပြီးရင် ကျွန်မ သွားပါရစေတော့ရှင်။ ကျွန်မကို ပြန်ခွင့်ပြုပါရှင်"

"ဒါနဲ့ မေးခွန်းလေးတစ်ခွန်းတော့ မေးပါရစေဦး။ ခင်ဗျားယောကျ်ားဟာ ဆွစ်လူမျိုးလို့ ခင်ဗျားပြောခဲ့တယ်နော်။ သေချာရဲ့လား"

"သေချာပါတယ်"

"နောက်ပြီး သူ့နာမည် ချားလ်(စ်)လင်းဘတ် ဟုတ်ရဲလား"

"ဟုတ်ပါတယ်"

"ဒါလည်း သေချာရဲ့နော်"

ဤအကြိမ်၌မူ ရက်ဂျီနာသည် စိတ်တိုသွားဟန်ဖြင့် ရဲမှူးအား မျက်မှောင်ကုတ်၍ ကြည့်လိုက်ရာ ရဲမှူးက . . .

"သည်းခံပါလေ"ဟု ပြော၏။

သို့နှင့် ရဲမှူးသည် သူ၏စားပွဲအံဆွဲကို ဆွဲ၍ဖွင့်လိုက်ပြီးနောက်

"ဟောဒါတွေကတော့ ခင်ဗျားယောကျ်ားရဲ့ ကုတ်အင်္ကျီထဲက ကျုပ်တို့ ရှာဖွေလို့ရထားတဲ့ ပစ္စည်းတွေပဲ"ဟု ပြော၏။

"ဘာရှင့် . . . ဘာတွေလဲ"

"ဒါတွေပဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးသည် စားပွဲပေါ်သို့ စာအုပ်ကလေးလေးအုပ်ကို ပစ်ချလိုက်၏။ အားလုံးပင် နိုင်ငံကူးလက်မှတ်များ ဖြစ်တော့၏။

ပထမစာအုပ်မှာ ချားလ်(စ်)လင်းဘတ်ဆိုသူ ဆွစ်လူမျိုးသို့ ထုတ်ပေးသော နိုင်ငံကူးလက်မှတ်ဖြစ်၏။ မျက်နှာသေသေးသွယ်သွယ်၊ နှုတ်ခမ်းမွေးရေးရေးနှင့် မျက်မှန်တပ်ထားသော ဓာတ်ပုံကို ကပ်ထား၏။ ဒုတိယစာအုပ်မှာ ''ချားလ်(စ်)ဗော့''ဆိုသူ အမေရိကန်လူမျိုးကို ထုတ်ပေးသော လက်မှတ်ဖြစ်၍ ဓာတ်ပုံမှာ ချားလ်(စ်)လင်းဘတ်၏ဓာတ်ပုံပင် ဖြစ်၏။ တတိယစာအုပ်တွင်လည်း ထိုဓာတ်ပုံကိုပင် ကပ်ထား၏။ သို့သော် ထိုစာအုပ်သည်ကား အီတလီလူမျိုး ''ကာလိုဖက်ဘာရီ''ဆိုသူကို ထုတ်ပေးသောလက်မှတ်ဖြစ်၏။ နောက်ဆုံးစာအုပ်မှာမူ ဗင်နီဇွဲလားလူမျိုး ''ကာလိုမိုရီနို''ကို ထုတ်ပေးသောလက်မှတ်ဖြစ်၏။ သို့သော် ကပ်ထားသည့်ဓာတ်ပုံမှာမူ ချားလ်(စ်)လင်းဘတ်၏ဓာတ်ပုံပင် ဖြစ်လေသည်။

ရက်ဂျီနာသည် စိတ်ပျက်လက်ပျက်အမူအရာနှင့် ရဲမှူးအား မော်၍ကြည့်ပြီးနောက် ဦးခေါင်းကို ခါယမ်းလိုက်လေသည်။ ရဲမှူးသည် ရက်ဂျီနာထံမှ မှတ်ချက်တစ်ခုခုကို မျှော်လင့်စောင့်စားနေဟန်တူ၏။ ရက်ဂျီနာကမူ မည်သည့် မှတ်ချက်ကိုမျှ ပေးနိုင်မည် မဟုတ်ပေ။

## အခန်း ၄

ကြွင်းကျန်ရစ်သော ချားလ်(စ်)လင်းဘတ်၊ သို့မဟုတ် ဗော့၊ သို့မဟုတ် ဖက်ဘာရီ၊ သို့မဟုတ် မိုရီနို၏ရုပ်ကလာပ်သည် ''ပါရီလာရှိ'' ဘုရားရှိခိုးကျောင်းကလေး၏ ခန်းမကြီးထဲတွင် ရှိနေ၏။ ကျောင်း၏ အင ်သ် ခန်းမကြီးခေါင်မိုးသည် ခုံးခုံးကြီးမိုးထားသဖြင့် မြင့်မားကျယ်ဝန်းလှ၏။ ခေါင်မိုးတွင် တောက်ပြောင်သော ဖန်များ၊ မှန်များတပ်ဆင်ကာ ကြယ်များ၏ သင်္ကေတ်၊ တမန်တော်နှင့် သက်ဆိုင်သည့် ရုပ်တုများကို အကွက်ဖော်ထားလေသည်။

မကြာသေးမီက ခင်ပွန်းသည် သေဆုံးသွားသဖြင့် မုဆိုးမ အသစ်စက်စက်ကလေးဖြစ်သော ရက်ဂျီနာမှာ စိတ်ညစ်ညူးခြင်း၊ မောပန်းခြင်းများဖြင့် ဘုရားဝတ်ပြုသည့် ရှေ့ဆုံးခုံတန်းတွင် ထိုင်နေ၏။ သူ၏နံဘေးတွင် သူ့အား အားပေးစကားပြောနေသူမှာ ဆီဗီယာတစ်ဦးတည်းသာ ရှိလေသည်။

၎င်းတို့ထိုင်နေသော ခုံ၏နောက် တစ်ဆယ့်ခြောက်ခုမြောက်ခုံတန်းတွင် ရဲမှူးဂရင်းပီးယားသည် ငြိမ်သက်စွာထိုင်ရင်း ငိုက်မျဉ်းလျက် ရှိနေ၏။ ဂရင်းပီးယားကို မြင်လိုက်သောအခါ ရက်ဂျီနာမှာ ပထမ၌ စိတ်ထဲတွင် တုန်လှုပ်သွား၏။ သို့သော် သူ့တာဝန်နှင့်သူ ဆောင်ရွက်နေခြင်း ဖြစ်သဖြင့် မည်သို့မျှ မဖြစ်သကဲ့သို့ နေလိုက်၏။ အဘယ်ကြောင့် ဂရင်းပီးယား ဤနေရာသို့ ရောက်နေသည်ကို သူ၏စိတ်ထဲတွင် သိပြီးဖြစ်၏။ ဂရင်းပီးယားသည် ရဲအမှုထမ်းကောင်း တစ်ယောက်ဖြစ်၏။ ဤနေရာသို့ လာရောက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ အသုဘအခမ်းအနားသို့ ရောက်လာကြသော ချားလ်(စ်)လင်းဘတ်နှင့် ခင်မင်ရင်းနှီးသူများနှင့် အတူးသဖြင့် အမှုကိစ္စအတွက် သဲလွန်စရနိုင်မည့် သူများကို လာရောက်အကဲခတ်ခြင်း ဖြစ်လေသည်။

သို့ရာတွင် အလောင်းစင်နှင့် ဤမျှလောက်ဝေးသည့်နေရာတွင် ထိုင်၍ ငိုက်နေခြင်းကို ာိတ်ထဲမှ သနားမိသေး၏။ ယခုကဲ့သို့ ဤအသုဘ အခမ်းအနားသို့ လာရောက်သည့်အတွက် အကယ်၍ အနှောင့်အယှက် ဖြစ်ခဲ့လျှင် တောင်းပန်ပါကြောင်းဖြင့် သူသည် မျက်နှာပိုးသတ်ကာ ရက်ဂျီနာအား တောင်းပန်ခဲ့၏။ ထို့ကြောင့်လည်း သူသည် နောက်ဘက်ခပ်လွတ်လွတ်တွင် သွားရောက်နေထိုင်ခြင်း ဖြစ်ဟန်တူ၏။ ဤကဲ့သို့ ထိုင်၍ သူငိုက်နေသည်မှာ ဒ ါယ်အမြင်မျှသာဖြစ်၍ အမှန်အားဖြင့်မူ ပတ်ဝန်းကျင်တစ်ခုလုံးကို အကဲခတ်နေကြောင်း ရက်ဂျီနာ၏စိတ်တွင် သိပြီးဖြစ်လေသည်။

ရက်ဂျီနာသည် ချားလ်(စ်)အတွက် မျက်ရည်တစ်စက်မျှ မကျခဲ့ချေ။ ကွာရှင်းခါနီးဖြစ်သော မိမိ၏ခင်ပွန်းသည်အတွက် ငိုရမည်ကိုလည်း ဝန်လေးလျက် ရှိနေ၏။ သို့သော် သေသောလူတစ်ယောက်အတွက် ဇနီးသည် တစ်ယောက်အနေဖြင့် မျက်ရည်ပေါက်ကြီးငယ် တစ်စုံတစ်ရာမကျခြင်းမှာ အဆင်မပြေလှချေ။ သူ၏စိတ်ထဲတွင် ငိုချင်သည်မှန်၏။ ချားလ်(စ်)နှင့် သူတို့ဇနီးမောင်နှံ ပျော်ရွှင်ခဲ့သော အချိန်များကို ပြန်၍ စမြုံ့ပြန်ကာ တွေးကြည့်မိ၏။ သို့သော် သူ မငိုဖြစ်ချေ။ သူ၏စိတ်ထဲတွင် ငိုချင်လှသော်လည်း မငိုနိုင်ဘဲ သူ လောလောဆယ်ဆယ် ရင်ဆိုင်နေရသော အရှုပ်အထွေးအတွက် ရင်ထဲတွင် ဆို့၍သာ နေမိရာလေသည်။

ရက်ဂျီနာသည် ဆီဗီယာ၏လက်ကို ဆုပ်ကိုင်လိုက်၏။ သို့ဆုပ်ကိုင်လိုက်စဉ် ဆီဗီယာ၏ လက်ထပ်လက်စွပ်ကို ဆုပ်ကိုင်မိသောကြောင့် ဆီဗီယာမှာ စိတ်ထဲတွင် အခံရခက်သကဲ့သို့ ဖြစ်သွား၏။ ရက်ဂျီနာက မျက်ရိပ်ပြလိုက်သောကြောင့် ဆီဗီယာသည် မျက်လုံးကိုဝင့်၍ ရဲမှူးရှိရာသို့ လှမ်း၍ကြည့်လိုက်လေသည်။

လွန်ခဲ့သော လေးရက်ခန့်ကပင် ရက်ဂျီနာနှင့် ဆီဗီယာတို့သည် နော်မန်ဒီကမ်းခြေတွင် နေရောင်ခြည်လှုံရင်း အေးအေးငြိမ်သက်စွာ လဲလျောင်းနေနိုင်ခဲ့ကြသေး၏။ နော်မန်ဒီကမ်းခြေတွင် သဘာဝနေရောင်ကို ခံစားလျက် ရှိနေခဲ့သော်လည်း ယခုမူ မည်မျှလောက် စိတ်ခြောက်ခြားဖွယ်





ကောင်းသော နေရာသို့ ရောက်နေလေသလောဟု ဆီဗီယာက တွေးမိ၏။ နော်မန်ဒီကမ်းခြေတွင် သဘာဝနေရောင်ကို ခံစားလျက် ရှိနေသော်လည်း လူတို့ပြုလုပ်ထားသည့် လျှပ်စစ်မီးရောင်အောက်တွင် ချွေးသီးချွေးပေါက်များ ကျလျက်ရှိ၏။ သို့ရှိစဉ် အလောင်းစင်တွင် ပြင်ဆင်ထားသော ပန်းရနံ့တို့သည် လှံ၍နေသော အခန်းကြီးအတွင်း၌ သင်းပျံ့ကြိုင်လှိုင်လျက် ရှိနေသဖြင့် ခေါင်းထဲတွင် ညီးစီစီပင် ဖြစ်၍လာတော့၏။ ငြိမ့်ညောင်းသည့် တူရိယာသံကလည်း သာယာနာပျော်ဖွယ် ကောင်းသည်ထက် လွမ်းစရာ၊ ဆွေးစရာ ကောင်းလှတော့၏။ သို့ရှိစဉ် သူတို့၏နောက် တစ်ဆယ့်ခြောက်ခုံမြောက် နေရာတွင် ဂရင်းပီယားကဲ့သို့ လူတစ်ယောက် ရောက်ရှိနေသဖြင့် စိတ်ထဲတွင် အနှောင့်အယှက်တစ်ခုကဲ့သို့ ဖြစ်နေလေသည်။

ဆီဗီယာသည် ဘုရားရှိခိုးကျောင်း၏ညှော်ခန်းကို ဝေ့ဝိုက်ကြည့်ရှုလိုက်၏။ လက်ရှိ ရှိနေသည့် လူသုံးယောက်မှတစ်ပါး အခြားမည်သူမျှ အဝင်အထွက်ဟူ၍ မရှိချေ။ အခန်းကြီးထဲတွင် လူများနည်းပါးလှသောကြောင့် သူနှင့် မျက်လုံးချင်းဆုံမိသွားသဖြင့် ဆီဗီယာက ချက်ချင်းပင် မျက်နှာလွှဲလိုက်ကာ ရက်ဂျီနာအား ကြည့်လိုက်လေသည်။

ဤနေရာသို့ ဂရင်းပီးယား အဘယ်ကြောင့် ရောက်နေသည်ကို ဆီဗီယာကလည်း ကောင်းစွာ သိရှိပြီးဖြစ်၏။ ယခု အသုဘအခမ်းအနားသို့ လာရောက်လာကြသည့် လူတိုင်းအား ဂရင်းပီးယားသည် မှတ်သားပြီးလျှင် လူသတ်မှုအတွက် သဲလွန်စ ရှာဖွေပေတော့မည်။

"ချားလ်(စ်)မှာ တခြားမိတ်ဆွေအပေါင်းအသင်းများ မရှိဘူးလားဟာ"

ဆီဗီယာက ခပ်ကျယ်ကျယ် မေးလိုက်၏။

ရက်ဂျီနာကမူ ပခုံးကိုသာ တွန့်၍ပြလိုက်လေသည်။

"ရှိတော့ ရှိမှာပေါ့။ ဒါပေမဲ့ သူတို့ သတင်းမကြားသေးလို့ မလာတာဖြစ်မှာပေါ့"

"သူတို့တစ်တွေဟာ အကန်းတွေမှ မဟုတ်တာ၊ မသိစရာ မကြားစရာ အကြောင်းမရှိပါဘူး။ ချားလ်(စ်)အသတ်ခံရတဲ့ သတင်းနဲ့ ပတ်သက်ပြီး ချားလ်(စ်)ရဲ့ဓာတ်ပုံကို သတင်းစာတိုင်းက ရေးကြတာပဲ။ ဒါထက် ရက်ဂျီ"

"ဘာလဲ ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ရက်ဂျီနာသည် ဆီဗီယာပြောနေသည့်စကားကို ဖြတ်၍ မေးလိုက်လေသည်။

"ချားလ်(စ်)ဟာ ဘာကြောင့် မင်းကိုစွန့်ပစ်ပြီး ပြင်သစ်က ထွက်ပြေးတယ်ဆိုတာ မင်း စဉ်းစားလို့ ရပြီလားဟင် . . . "

ရက်ဂျီနာကမူ ဦးခေါင်းကိုသာ တွင်တွင်ခါလျက် ရှိလေသည်။

"ဘာမှရေရေရာရာ တွေးလို့မရပါဘူးကွာ . . . "

"ပြီးတော့ . . . သူ့ကို ဘယ်သူသတ်သွားတယ်ဆိုတာကော မင်း တွေးလို့ရသလား . . . "

ဆီဗီယာ၏အသံမှာ အတန်ငယ် ကျယ်၍သွား၏။

"ဒါဖြင့် သူ့ကို ဘယ်သူသတ်တယ်လို့ ထင်သလဲ . . . "

ထိုအကြိမ်၌မူ ဆီဗီယာက ခပ်တိုးတိုးမေးလိုက်၏။

"ဟိုကောင်မပဲနေမှာပေါ့"

"ဘယ်သူ . . . "

ဆီဗီယာက သဘောမပေါက်သေးသည့် လေသံဖြင့် ထပ်၍မေးလိုက်၏။

"ဘယ်သူရှိရမှာလဲ . . . သူနဲ့အတူ ထွက်ပြေးတဲ့ကောင်မ ဖြစ်ရမှာပေါ့"

ရက်ဂျီနာက အေးဆေးစွာ အဖြေပေးလိုက်လေသည်။

"မင်းပဲ စဉ်းစားကြည့်လေ၊ ဒီကောင်မဟာ သူ့နောက်ကိုလိုက်တာ သူ့ငွေအတွက် ဖြစ်ရမှာပေါ့။ ရထားပေါ်ရောက်တဲ့ အထိလည်း သူတို့ အတူတူပဲနေမှာပဲ။ ဒီနောက် သူ အိပ်ပျော်တဲ့အထိ စောင့်၊ သူ အိပ်ပျော်တော့မှ သူ့ကို ရထားပေါ်က ကန်ချ။ ဒါကြောင့်လည်း ချားလ်(စ်)ဟာ မီးရထားပေါ်က ကျတဲ့အချိန်မှာ ညဝတ်အင်္ကျီနဲ့ ဖြစ်နေတာပေါ့ . . . "

"အင်း . . . "

ဆီဗီယာသည် အတန်ကြာ စဉ်းစားနေပြီးနောက် သဘောတူလိုက်၏။

"ဒါဟာ ဖြစ်နိုင်တဲ့ အချက်တစ်ချက်ပဲ၊ မင်းဒီကိစ္စကို ရဲကို ပြောပြီးပြီလား . . . "

"အခုထက်ထိတော့ မပြောရသေးဘူး"





"ဘာဖြစ်လို့ . . . ဘာကိုစောင့်နေလို့လဲ . . . "

"ဒီအတွေးအခေါ်လောက်ကတော့ သူတို့မှာလည်းရှိမှာပဲ၊ သူတို့ဟာ တို့ထက်တောင် ဒါတွေ့အကြံများသေးတယ်။ ပြီးတော့ ခင်ပွန်းသည် တစ်ယောက်ဟာ သူ့ဆီက ထွက်ပြေးပါတယ်လို့ သူ့ဇနီးက ထွက်ဆိုတာဟာလည်း သိပ်သဘာဝမကျလှဘူး"

ထိုအခိုက်တွင် ရက်ဂျီနာသည် သူ့ယောကျ်ားချားလ်(စ်)ကို ကွာရှင်းရန်အတွက် ပဲရစ်သို့ပြန်လာကြောင်း ဂရင်းပီးယားထံတွင် ဝန်ခံခဲ့ပုံကို ပြန်၍ သတိရမိ၏။ ထိုအခါက သူသည် အလွယ်တကူပင် ဝန်ခံခဲ့လေသည်။ ထို့ကြောင့် ချားလ်(စ်)သည် ယခု သူ့အားထားခဲ့၍ ထွက်ပြေးရန် ကြိုးစားသည့် အကြောင်းကို အဘယ်ကြောင့် မပြောရဲရမည်နည်း။ သို့မှသာ သူ၏ထွက်ချက်ကို ရဲဘက်မှ ဆက်လက်၍ စဉ်းစားနိုင်ပေမည်။

သို့သော် ရက်ဂျီနာက . . .

"ဟုတ်တယ် သူငယ်ချင်း။ မင်းပြောတာ မှန်တယ်။ တို့ ဘုရားရှိခိုးကျောင်း အပြင်ဘက်ကိုရောက်ရင် ကိုယ့်အတွေးအခေါ် အယူအဆတွေ ဂရင်းပီးယားကို ပြောပြမယ် . . . "

"မနေ့ညကလည်း သူ ကိုယ့်ကို လာတွေ့တယ်ကွယ့်"

ဆီဗီယာက ဝန်ခံ၏။

"ဘယ်သူလဲ . . . "

"ဂရင်းပီးယားပေါ့။ ချားလ်(စ်)အသတ်ခံရတဲ့ညက မင်းဟာ နော်မန်ဒီကမ်းခြေမှာပဲ တကယ်ရှိမရှိ လာစုံစမ်းတာပဲ။ ကိုယ်ကတော့ သူငယ်ချင်းဟာ ကိုယ်နဲ့အတူတူ တစ်ချိန်လုံးရှိနေတယ်လို့ ပြောလိုက်တယ်"

"ကျေးဇူးပါပဲ ဆီဗီယာ၊ အစစအရာရာ အားလုံးအတွက် မင်းကို ကျေးဇူးတင်ပါတယ်ကွယ် . . . "

ထိုအခိုက် သူတို့၏နောက်ဘက်မှ တံခါးပွင့်သွားရာ နှစ်ယောက်စလုံးပင် လှည့်၍ကြည့်လိုက်မိကြ၏။ အပြင်ဖက်မှ နေရောင်သည် ဘုရားရှိခိုးခန်းမဆောင် အတွင်းသို့ တိုး၍ဝင်လာ၏။ အလင်းရောင်သည် အလောင်းစင်နားအထိ ရောက်သွား၏။ လူတစ်ယောက်၏အရိပ်သည် ထိုအလင်းရောင်တွင် ပေါ်လာ၏။ ထိုသူသည် အခန်းထဲသို့ ချက်ချင်းမဝင်သေးဘဲ တံခါးဝ၌ပင် ရပ်လျက်ရှိ၏။ သူသည် အခန်းတွင်းရှိ လူများကို အကဲခတ်နေဟန်တူလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့နောက် ထိုသူသည် တံခါးကို ပြန်ပိတ်၍ ခြေလှမ်းကျဲကျဲကြီးဖြင့် ရက်ဂျီနာအနီးမှဖြတ်ကာ အလောင်းစင်ပြင်ထားရာသို့ သွား၏။ ထိုအခါမှ ရက်ဂျီနာသည် သူ့အား အကဲခတ်နိုင်တော့သည်။

ထိုသူသည် အသက်သုံးဆယ်ကျော် လေးဆယ်ပတ်ဝန်းကျင်တွင် ရှိပေမည်။ အားကိုးလောက်သော ဥပဓိရုပ်ရှိ၏။ နှာတံမှာ သေးသွယ်ရှည်လျား၍ ဖြောင့်တန်းနေ၏။ ဆံပင်မှာ အညိုရောင်ရှိပြီးလျှင် စစ်သားများကဲ့သို့ ခပ်တိုတိုညှပ်ထား၏။ အရပ်မြင့်၍ သူ၏သွားပုံလာပုံမှာ ခပ်နွဲ့နွဲ့ဟန် ရှိသော်လည်း အမှန်ပင် ကြံ့ခိုင်သန်စွမ်းမည့် ယောက်ျားတစ်ယောက်ဟု ရက်ဂျီနာက တွေးမိ၏။ လည်ပင်း၏အောက်ပိုင်းကိုကြည့်လျှင် အားကစားသမားကောင်းတစ်ယောက်ကဲ့သို့ ကိုယ်ခန္ဓာတောင့်တင်း၏။ သွားလာလှုပ်ရှားပုံမှာ "တန်ဂို" အကကောင်းသည့် ကချေသည်နှင့် တူ၏။ သို့သော် လည်ပင်းအထက်ပိုင်းမှကား ရက်ဂျီနာ တစ်ခါမှ မမြင်ဖူးလောက်အောင် ဆွဲဆောင်မှု ရှိလေသည်။

အလောင်းစင်သို့ ရောက်သောအခါ သူသည် ဖွင့်ထားသော ခေါင်းထဲသို့ တည်ငြိမ်သောမျက်နှာဖြင့် အတန်ကြာ ကြည့်ရှုလျက် ရှိနေ၏။ သူသည် ချားလ်(စ်)လင်းဘတ်၏အလောင်းကို စိတ်မကောင်းသည့်ဟန်ဖြင့် ကြည့်နေ၏။ သူ၏မျက်နှာတွင်လည်း ဝမ်းနည်းပုံ ပေါ်လျက်ရှိ၏။ နောက်ဆုံးတွင် သူသည် ရက်ဂျီနာရှိရာသို့ တန်း၍သွားလေသည်။

"ကျွန်တော် တော်တော်ကြီး စိတ်မကောင်းဖြစ်မိပါတယ် ခင်ဗျာ။ ခင်ဗျားနဲ့ထပ်တူ ဝမ်းနည်းမိပါတယ်" သူ၏ ကိုယ်ကိုညွတ်ပြီးနောက် နှုတ်ခွန်းဆက်လိုက်၏။

"ကျွန်တော်တတ်နိုင်သမျှ အကူအညီပေးပါရစေ။ ကျွန်တော့်ကို ပြောပါ။ ပြောဖို့ ဝန်မလေးပါနဲ့"

ထို့နောက် သူသည် ရက်ဂျီနာ စကားပြန်ပြောသည်ကိုပင် မစောင့်ဘဲ အလယ်ခုံတန်းတစ်ခုတွင် သွား၍ ထိုင်နေလေသည်။

"သူ . . . ဘယ်သူလဲ" ဆိုဗီယာက အသံကိုအုပ်၍ ခပ်တိုးတိုးကလေး မေး၏။

"ကိုယ် မသိပါဘူး။ သူ့ကို ရိပ်တောင်မရိပ်မိဘူး။ တစ်ခါမှလည်း မတွေ့ဖူးဘူး"





"သူက ဆွဲဆောင်မှုတော့ အရှိသားနော်"

ရက်ဂျီနာလည်း ဆိုဗီယာနည်းတူ သဘောချင်း တိုက်ဆိုင်လျက်ရှိနေ၏။ ထိုအချိန်မျိုး၌ ထိုကိစ္စကို တွေး၍မနေနိုင်ချေ။ သို့သော် ရက်ဂျီနာသည် ထိုသူအား မသိလိုက် မသိဘာသာ ဖျတ်ခနဲ လှည့်၍ကြည့်လိုက်မိ၏။ ထိုသူသည် ရှေ့သို့ ငူငူကြီး စိုက်ကြည့်လျက်ရှိနေ၏။ သူ ကြည့်နေသောနေရာတွင် ရက်ဂျီနာလည်း ရှိ၏။ အလောင်းစင်လည်း ရှိ၏။ သူ မည်သည့်အရာကို ကြည့်နေသည်ကိုမူ မသိရချေ။

ထိုစဉ် ဘုရားရှိခိုးကျောင်း တံခါးမကြီး တစ်ကြိမ် ထပ်၍ပွင့်လာပြန်၏။ ဤအကြိမ်တွင် ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်း၊ ခေါင်းပြောင်ပြောင်လူတစ်ယောက်သည် ပျာယီးပျာယာ ဝင်လာ၏။ သူသည် တံခါးမကြီးကို အလျင်စလို ပြန်၍ပိတ်လိုက်ပြီးနောက် အခန်းတွင်းရှိ လူအားလုံးနှင့် နေရာအားလုံးကို တစ်လက်မမျှမကျန် အကဲခတ်လိုက်၏။ သူသည် မျက်မှန်ကြီးတစ်လက်ကို တပ်ထား၏။ ထို့နောက် သူသည် ခြေလှမ်းကျဲကျဲကြီးဖြင့် အလယ်မင်းလမ်းအတိုင်း အလောင်းစင်ပြင်ထားရာသို့ သွားလေသည်။

ထိုသူ၏မျက်နှာမှာ ရေချိုးထားသည်ဟု ထင်ရလောက်အောင် ချွေးသီးချွေးပေါက်များ ထွက်နေသည်ကို ရက်ဂျီနာ တွေ့မြင်လိုက်ရ၏။ ချွေးများမှာ သူ၏မျက်နှာပြားပြားကြီးအတိုင်း စီးကျပြီးလျှင် နောက်ဆုံး သူ၏အင်္ကျီကော်လာထဲသို့ စီးဝင်သွား၏။

ထိုသူသည် အလောင်းစင်နားတွင် ရပ်လျက် ယခင်ကလူ ပြုလုပ်ထားသကဲ့သို့ အလောင်းကို စိုက်ကြည့်နေ၏။ ထို့နောက် သူသည် ပြင်းပြင်းထန်ထန် နှာဆတ်လိုက်၏။ ထို့နောက် တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ဆက်တိုက် ချေဆတ်ပြန်၏။ နောက်ဆုံးချေဆတ်သည့် အချိန်တွင်မှ သူသည် လက်ကိုင်ပဝါတစ်ထည်ကို အချိန်မီထုတ်၍ နှာခေါင်းကို ပိတ်လိုက်နိုင်လေသည်။

သူသည် နှာရည်များကို လက်ကိုင်ပဝါဖြင့် ညှစ်ထုတ်၍ လက်ကိုင်ပဝါကို အင်္ကျီအိတ်ထဲသို့ ပြန်၍ထည့်လိုက်၏။ ထို့နောက် သူ့အရင်ရောက်နေသည့် လူများဘက်သို့လှည့်ကာ ဘုရားရှိခိုးကျောင်းထဲတွင်ရှိသော လူ တစ်ယောက်စီ၏ မျက်နှာကို ကြည့်ရှုအကဲခတ်လျက် ရှိနေ၏။ နောက်ဆုံး ရက်ဂျီနာရှိရာသို့ ရောက်လာပြီးလျှင် ခပ်ရိုရိုအမူအရာဖြင့် နှုတ်ဆက်၍ ဝမ်းနည်းစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောဘဲ ရက်ကျိနာက တစ်စုံတစ်ရာ ပြန်၍မပြောနိုင်မီ သူသည် နောက်ဘက် ခပ်လှမ်းလှမ်းရှိ ခံတန်းလျားတွင် သွား၍ထိုင်လေသည်။

ဆီဗီယာသည် ရက်ကျိနာ၏ပခုံးကို လှုပ်ကိုင်လိုက်ရာ ထိုအခါမှ ငေးငိုင်အံ့သြနေသော ရက်ကျိနာသည် သတိပြန်၍ ဝင်လာတော့၏။ ထို့နောက် ထိုသူ့ကို မေးငေါ့ပြီးလျှင် "သူက ဘယ်သူလဲ"ဟု ဆီဗီယာက မျက်နှိုင်မျက်ခြေဖြင့် မေးလိုက်၏။ ရက်ကျိနာကမူ ထိုသူကို အကယ်ပင် မသိကြောင်း ပခုံးကို တွန့်၍ပြလိုက်လေသည်။

ထိုစဉ် ရုတ်တရက် တံခါးမကြီးပွင့်လာပြီးလျှင် အရပ်ရှည်ရှည် လူတစ်ယောက် ဝင်လာပြန်၏။ ထိုသူ၏ အဝတ်အစားများမှာ ဖိုသီဖတ်သီနိုင်လှ၏။ ဇင်သားဖြင့်ချုပ်ထားသော ဘောင်းဘီဖင်ကျက်ကို ဝတ်ထား၏။ သူ၏မျက်နှာမှာ သေးသွယ်၍ အတန်ငယ် မျက်နှာပေါက် ကျဉ်းသော်လည်း မျက်လုံးများမှာ စူးရှလှ၏။ မျက်နှာတစ်ခုလုံးမှာလည်း နေလောင်ထားဟန်တူ၏။ ရာသီဥတုဒဏ်ကို ခံနိုင်သည့် အသားအရေ ရှိလေသည်။

ဘုရားရှိခိုးကျောင်းထဲသို့ ရှေးဦးစွာ ရောက်နှင့်နေသည့် မျက်လုံးငါးစုံတို့သည် ၎င်းအား ဝိုင်း၍ကြည့်နေကြ၏။ သူသည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ မင်းလမ်းအတိုင်း ဝင်လာ၏။ ၎င်း၏ကိုယ်မှာ ဒယီးဒယိုင် ဖြစ်နေ၏။ သူသည် အလွန်အကျွံမဟုတ်သော်လည်း အတော်များများ အရက်သောက်လာခဲ့ဟန်တူ၏။ အနီးသို့ သူ ဖြတ်သွားသောအခါ အရက်နံ့ ငေါင်းငေါင်းထလျက် ရှိလေသည်။

လင်းဘတ်၏အလောင်းနားသို့ ရောက်သောအခါ သူသည် မဟန်နိုင်ဘဲ ခေါင်းကိုပင် လက်ဖြင့်ကိုင်ကာ သူ့ကိုယ်ကိုသူ အတော်ပင်ထိန်းယူရ၏။ သူသည် ခေါင်းထဲသို့ ကြည့်မနေတော့ဘဲ ခေါင်းနံဘေးတွင် အစီအရီချထားသော ပန်းခွေမှ ပန်းတစ်ပွင့်ကို ဆွတ်ယူကာ ခေါင်းထဲသို့ ပစ်ထည့်လိုက်၏။ သူ၏အပြုအမူမှာ တစ်စုံတစ်ရာ မထူးဆန်းသကဲ့သို့ ရှိနေလေသည်။

ထို့နောက် နောက်သို့ ပြန်၍လှည့်ကာ မင်းလမ်းအတိုင်း ပြန်လာ၏။ သူသည် ကိုယ်ခန္ဓာ ထွားထွားကြိုင်းကြိုင်းနှင့် ဦးခေါင်းပြောင်ပြောင် လူကြီးတစ်ယောက်ရှေ့တွင် ရပ်လိုက်၏။ သူတို့ချင်း တစ်ယောက်ကိုတစ်ယောက် စိုက်၍ကြည့်ကြ၏။ သို့သော် ထိုသူသည် စိတ်ပြောင်းသွားသည့်ဟန်ဖြင့် ခေါင်းပြောင်ပြောင်လူကြီးအား တစ်စုံတစ်ရာ မပြောတော့ဘဲ ဆက်လက်





လျှောက်သွားတော့၏။ ထို့နောက် ပထမဦးစွာရောက်လာသော လူစိမ်းနှင့် မနီးမဝေးခုံတန်းလျားတွင် ဝင်၍ထိုင်လိုက်၏။ ထို့နောက် တခေါခေါဟောက်ကာ အိပ်ပျော်သွားလေသည်။

အတန်ကြာသည်အထိ တိတ်ဆိတ်ငြိမ်သက်သွားပြီးနောက် တံခါးမကြီး ရုတ်တရက် ပွင့်လာပြန်၏။ တံခါးရွက်သည် အရှိန်ပြင်းစွာ ပွင့်လာသဖြင့် ကျောက်နံရံကိုပင် ရိုက်မိတော့၏။ ထိုရိုက်ချက်မှာ အသံ အတော်ပင်မြည်သွားသဖြင့် ဘုရားရှိခိုးကျောင်းအတွင်းရှိ လူအားလုံးတို့မှာ လန့်ဖျပ်၍ပင် သွားလေသည်။

ဘုရားရှိခိုးကျောင်း၏ တံခါးမကြီးသည် မကျဉ်းလှချေ။ သို့သော် အပေါက်ဝတွင် ထိုသူရပ်လိုက်သောအခါ အပြင်မှအလင်းရောင်မှာ ဘုရားရှိခိုးကျောင်းထဲသို့ နေခြည်မျှလောက်သာ ဝင်ရောက်လာနိုင်တော့၏။ သူ၏ ကိုယ်ခန္ဓာကား ကြီးမားလှပါပေ၏။ ရှည်လျားသောဆံပင်ကို နောက်သို့တည့်မတ်စွာ လှန်၍ဖြီးထား၏။ ထူထဲနက်မှောင်သော မျက်ခုံးမွေးတို့မှာ နှာခေါင်းအပေါ် နဖူးထက်တွင် ဆက်လုမတတ် ဖြစ်နေလေသည်။

သူ၏လက်နှစ်ဖက်ကို မိုးကာအင်္ကျီအိတ်အတွင်း ထည့်ကာ တံခါးဝတွင် မလှုပ်မယှက်ရပ်နေ၏။ အခန်းတွင်းရှိ လူအားလုံးအား စိတ်ညို့နေသကဲ့သို့ ရှိနေတော့၏။ သူသည် အလောင်းစင်ကိုလည်း ဂရုမစိုက်၊ ခေါင်းထဲတွင် ရှိနေသည့် လင်းဘတ်ကိုလည်း မသိကျိုးကျွံပြုကာ တံခါးဝအနီးရှိ ခုံတန်းလျားတစ်ခုတွင် ဝင်၍ထိုင်လိုက်လေသည်။

နောက်ထပ် ဆယ်မိနစ်ခန့် အချိန်အတွင်း မည်သူမျှ ပေါ်မလာသဖြင့် အခန်းတွင်းရှိ လူအားလုံးမှာ ငြိမ်ချက်သားကောင်းလျက် ရှိနေကြလေသည်။

"အင်း... လင်းဘတ်ရဲ့အသုဘမှာ ရဲမှူးတစ်ယောက်နဲ့ လူစိမ်းလေးယောက်တော့ ရှိသေးရဲ့"ဟု ရက်ကျိနာသည် သူ၏စိတ်တွင် အောက်မေ့မိ၏။ "နောက်ထပ် ဘာတွေဖြစ်ဦးမလဲ မသိသေးဘူးနော်... "

သူ၏အတွေးကို သူကိုယ်တိုင် အဖြေမရရှိနိုင်မီ သူ၏ပခုံးကို တစ်စုံတစ်ယောက်က တို့လိုက်သောကြောင့် သူသည် နေရာမှ ထ၍ခုန်လုမတတ် လန့်ဖြန့်သွား၏။ နောက်သို့ ရက်ကျိနာ လှည့်ကြည့်လိုက်သောအခါ သင်္ဘောသားအဝတ်များကို အပြည့်အစုံဝတ်ထားသည့် လူတစ်ယောက်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် တတ်နိုင်သမျှ တီးတိုးပြောရန် သူ၏အနီးသို့ ချဉ်းကပ်လာလေသည်။

"ရှင် . . . ဘာလိုချင်သလဲ"

ရက်ဂျီနာမှာ အနှောင့်အယှက်ဖြစ်သဖြင့် စိတ်တိုတိုနှင့် မေးလိုက်၏။

"လူကြီးလူကောင်းတစ်ယောက်က ခင်ဗျားအတွက် စာတစ်စောင် ပေးသွားပါတယ် ခင်ဗျာ"

ထိုသူသည် အသုဘအခမ်းအနားတွင် အလိုက်သိသကဲ့သို့ လေသံဖြင့် အတတ်နိုင်ဆုံး တီးတိုးပြော၏။ ထိုသူသည် ရက်ဂျီနာအား စာတစ်စောင် ပေးကာ သူ ရောက်လာစဉ်ကကဲ့သို့ တစ်စုံတစ်ရာ အသံမမြည်ဘဲ ပြန်လည် ထွက်ခွာသွားလေသည်။

ရက်ဂျီနာသည် ထိုသူပေးခဲ့သော စာအိတ်ကို သေချာစွာ ကြည့်မိ၏။ စာအိတ်ပေါ်တွင် ပြင်သစ်နိုင်ငံရှိ အမေရိကန်သံရုံးတံဆိပ် ရိုက်နှိပ်ထားသည်ကို တွေ့ရ၏။ သူသည် စာအိတ်ကိုဖောက်၍ အတွင်းမှစာကို ထုတ်၍ ဖတ်လိုက်လေသည်။

*ခင်မင်ပါသော မစ္စစ်လင်းဘတ်ခင်ဗျာ . . .*

*ကျွန်တော့်ကို မနက်ဖြန် နေ့လယ်တစ်နာရီတိတိ အချိန်တွင် သံရုံးမှာ လာရောက်တွေ့ဆုံစေလိုပါသည်။ ကိစ္စမှာ သေဆုံးသူ ချားလ်(စ်)နှင့် ပတ်သက်၍ အလွန်အရေးကြီးပါသည်။ ဆက်ဆက် လာရောက်စေလိုပါသည်။ အချိန်လည်း တိကျစေလိုပါသည်။*

*ကိုယ်ချင်းစာနာစွာဖြင့်*
*အိပ်ချ်-ဘာသိုလိုမြူ။*

ရက်ဂျီနာသည် စာ၏အောက်တွင် ရေးထိုးထားသောလက်မှတ်ကို ဂရုတစိုက်ကြည့်မိ၏။ အမှန်ပင် အမေရိကန်လူမျိုးတစ်ဦး၏ လက်ရေး ဖြစ်သည်မှာ ယုံမှားဖွယ်မရှိချေ။ စာအိတ်ပေါ်ရှိ တံဆိပ်များကလည်း တရားဝင် တံဆိပ်များ ဖြစ်၏။ သူသည် ထိုစာကို တစေ့တစောင်း စိတ်ဝင်စားနေဟန် တူသော ဆီဗီယာအား လှမ်း၍ပေးလိုက်လေသည်။





ဆီဗီယာက စာကိုဖတ်ပြီးသောအခါ . . .

"ဒီစာက ဘာကိုဆိုလိုတာလဲကွ"

ရက်ဂျီနာသည် ဆီဗီယာအား အပြစ်ကင်းစင်သည့် ကလေး တစ်ယောက်၏ မျက်နှာမျိုးဖြင့် ပြန်ကြည့်လိုက်၏။

"အခုထက်ထိ ဘာတစ်ခုမှ ကိုယ်မသိဘူး။ တွေးလည်း မတွေးတတ်တော့ဘူး"

ပြောပြောဆိုဆိုနှင့်ပင် ရက်ဂျီနာသည် ရှိုက်ကြီးတငင် ငိုတော့၏။ မျက်ရည်ပေါက်များပင် သူ၏မျက်နှာပေါ်သို့ စီးကျလာ၏။ ထိုမျက်ရည်များကား ချားလ်(စ်)အတွက်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

နောက်တစ်နေ့ နေ့လယ်တစ်နာရီနှင့် နှစ်ဆယ့်ငါးမိနစ် ရှိသောအခါမှ ရက်ဂျီနာသည် ဝါဘာရီလမ်းမကြီးပေါ်ရှိ အမေရိကန်သံရုံး တံခါးဝသို့ ရောက်သွားသည်။ တံခါးဝတွင် စစ်သားလူရွယ်တစ်ယောက် စောင့်နေသည်ကို တွေ့ရ၏။ သူ အရောက်နောက်ကျနေသည်ကို သိသဖြင့် အလျင်စလိုပင် သံရုံးထဲတွင် ဝင်သွားလေသည်။

ထိုအခါ သံရုံးအဝင် တံခါးပေါက် အောက်တည့်တည့် သမံတလင်းပေါ်တွင် ထွင်းမြှုပ်ထားသည့် အမေရိကန်ပြည်ထောင်စု တံဆိပ်ကြီးကို တက်၍ နင်းမိတော့၏။ ဤကဲ့သို့ နင်းမိခြင်းအတွက် သူ့တွင် အပြစ်ရှိလေမည်လောဟု တုန်လှုပ်သွားပြီ၏။ စိတ်ပူသဖြင့် အစောင့်ကိုပင် လှည့်ကြည့်လိုက်မိသေး၏။ သို့သော် အစောင့်သည် သူ ဖြတ်ကျော်ခဲ့သော အမေရိကန်ပြည်ထောင်စု တံဆိပ်ကိစ္စကို စိတ်ဝင်စားဟန်မတူဘဲ လှေကားထစ်ပေါ်သို့ ခြေတစ်ဖက် လှမ်းတက်လိုက်စဉ် ဂါဝန်အောက်မှ ပေါ်သွားသော ခြေသလုံးသား ဖြူဖြူကလေးကိုသာ ငေးငိုင်ကြည့်ရှုနေသည်ကို တွေ့ရသဖြင့် စိတ်သက်သာရာရသွားလေသည်။

စုံစမ်းရန်ဟု စာတန်းကလေး ချိတ်ထားသော စားပွဲသို့ ရောက်သွား၍ တာဝန်ရှိသူအား မစ္စတာဘာသိုလိုမြူ၏အခန်းကို ကျေးဇူးပြု၍ ညွှန်ပြပါဟု ပြောလိုက်လေသည်။

စုံစမ်းရေးဌာနမှ တာဝန်ရှိသူမိန်းကလေးက ရက်ဂျီနာအား . . .





"ရှင်နဲ့တွေ့ဖို့ ချိန်းဆိုထားပါသလား ရှင် . . . "

"ဟုတ်ကဲ့ . . . တစ်နာရီတိတိမှာ ချိန်းဆိုထားပါတယ်။ ကျွန်မ နည်းနည်းတောင် နောက်ကျသွားတယ် . . . "

စုံစမ်းရေးစားပွဲမှ တာဝန်ရှိသူ မိန်းကလေးက ပြုံးလိုက်၏။ ကမ္ဘာပေါ်ရှိ မိန်းကလေးတိုင်းသည် ချိန်းဆိုထားသောအချိန်တွင် ရောက်ရန် အမြဲတမ်း ကြိုးစားကြ၏။ သို့သော် မည်သည့်အခါမျှ ချိန်းဆိုထားသော အချိန်တွင် ရောက်သည်ဟူ၍ မရှိချေ။ ဤသည်မှာ ကမ္ဘာ့နိယာမတရားကဲ့သို့ပင် ဖြစ်တော့၏။ သို့နှင့် ရက်ဂျီနာတောင်းဆိုသည့် အခွင့်အရေးကို အလွယ်တကူ ပေးလိုက်လေသည်။

"အခန်းနံပါတ် ၃၀၇(က)ပါ၊ ဟော . . . ဟိုဓာတ်လှေကားကို သုံးပါရှင်"

အခန်းနံပါတ် ၃၀၇(က)ကို ရက်ဂျီနာသည် အလွယ်တကူပင် ရှာဖွေတွေ့ရှိတော့၏။ ဓာတ်လှေကားအပေါက်၏ လက်ယာဘက်၌ပင် ရှိ၏။ အခန်းဝ၌ ချိတ်ဆွဲထားသည့် ပလိတ်ပြားပေါ်တွင် ရေးထားသောစာကို ဖတ်ကြည့်လေသည်။

"မစ္စတာ ဟမ်းမီလ်တန်ဘာသိုလိုမြူ"

အခန်းတံခါးပေါ်တွင် "တွန်းဝင်ခဲ့ပါ"ဟူသော စာတန်းကို တွေ့ရသဖြင့် ရက်ဂျီနာသည် တံခါးကို တွန်းကြည့်၏။ တံခါးမှာ အလိုက်သင့်ပင် ပွင့်သွားသဖြင့် အခန်းထဲသို့ လှမ်း၍ဝင်လိုက်လေသည်။

ခေတ်မီသော ကျွန်းစားပွဲကြီး၏နောက်တွင် လူတစ်ယောက် ထိုင်၍ နေကာ အလုပ်ရှုပ်နေဟန်တူ၏။ အခန်းတွင်း၌ ထွန်းထားသော မီးရောင်မှာ ခပ်ဖျော့ဖျော့သာဖြစ်၏။ စားပွဲပေါ်တွင် အုပ်ဆောင်းဖြင့် အနီမှိုအမြင့် ပြုလုပ်နိုင်သော စားပွဲတင် ဓာတ်မီးတစ်ခု ရှိ၏။ ထိုအလင်းရောင်ဖြင့်သာ ထိုလူက အလုပ်လုပ်နေ၏။ ရက်ဂျီနာ ဝင်လာသောအခါ သူသည် ဖျပ်ခနဲ မော်ကြည့်လိုက်၏။

"မစ္စတာဘာသိုလိုမြူ ပါလားရှင်"

ရက်ဂျီနာက စတင်နှုတ်ဆက်၏။

"မှန်ပါတယ် ခင်ဗျာ"

"ကျွန်မ မစ္စစ်လင်းဘတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရက်ဂျီနာသည် မိမိကိုယ်ကိုမိမိ မိတ်ဆက်လိုက်၏။

ဘာသိုလိုမြူသည် သူ၏လက်ပတ်နာရီကို မြှောက်၍ ကြည့်လိုက်ပြီးလျှင် အိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာမှချွေးများကို သုတ်လိုက်၏။ ထို့နောက် စားပွဲတစ်နေရာတွင် တပ်ဆင်ဆင်ထားသော မီးခလုတ်တစ်ခုကို နှိပ်လိုက်သဖြင့် တစ်ခန်းလုံး လင်းထိန်သွား၏။ ထို့နောက် စားပွဲတွင် အုပ်ဆောင်းမီးဂုံးကို ပိတ်လိုက်၏။

"ခင်ဗျား... နာရီဝက်တိတိ နောက်ကျသွားတယ်နော်။ ထားပါတော့လေ။ ခင်ဗျား နေကောင်းရဲ့လား"

ပြောပြောဆိုဆိုနှင့်ပင် သူသည် စားပွဲမှ ထလာ၏။

"ခင်ဗျားနဲ့ ကျွန်တော် ပထမဦးဆုံး တွေ့ဆုံရတဲ့ကိစ္စက မစ္စတာလင်းဘတ်ရဲ့ စိတ်မကောင်းစရာကိစ္စဖြစ်လို့ ကျွန်တော် ဝမ်းနည်းပါတယ်။ ထိုင်ပါ... ထိုင်ပါ မစ္စစ်လင်းဘတ်"

မစ္စတာဘာသိုလိုမြူက ကုလားထိုင်တစ်လုံးကို ညွှန်ပြ၏။

ရုံးခန်းသည် ငယ်သော်လည်း ခေတ်မီသည်ဟု ဆိုရပေမည်။ အခန်းတွင်းရှိ ပရိဘောဂများမှာ သပ်ရပ်စွာ ရှိနေ၏။ နံရံပေါ်တွင် သမ္မတရုစဗဲ့၏ ဓာတ်ပုံကြီးကို ချိတ်ဆွဲထား၏။ သူ၏ ကျောဘက်တွင် ပြတင်းပေါက်တစ်ပေါက်ရှိ၍ ၎င်းမှ အပြင်ဘက်သို့ ကောင်းစွာမြင်နိုင်လေသည်။

ရက်ဂျီနာက ကုလားထိုင်တစ်လုံးတွင် ကျုံ့ကျုံ့ကလေး ဝင်ထိုင်မိသောအခါ ဘာသိုလိုမြူသည် စားပွဲပေါ်ရှိ စီးကရက်ခွက်မှ စီးကရက်တစ်လိပ်ကို ထုတ်၍ညှော်ခံ၏။ သူကိုယ်တိုင်လည်း စီးကရက်တစ်လိပ်ထုတ်လျက် ငွေရောင်ဂက်စ်မီးခြစ်ကလေးနှင့် ရက်ဂျီနာအား မီးခြစ်ပေး၏။ ရက်ဂျီနာမှာ ယခုအချိန်ထိ ရှေ့တွင် မည်ကဲ့သို့ဖြစ်မည်ကို တွေးတောလျက် ရှိနေ၏။

"ခင်ဗျားကို ကျွန်တော် ဒီကိုလာဖို့ဖိတ်ရတာ ဘာကြောင့်လဲဆိုတာ မစ္စစ်လင်းဘတ် သဘောပေါက်ပါသလား"

"အသေအချာ မသိပါဘူးရှင်"

"စီအိုင်အေဆိုတာကိုကော သိပါသလား"

ရက်ဂျီနာက ပြုံးလျက် "လေယာဉ်ပျံကုမ္ပဏီတစ်ခုရဲ့ နာမည်တစ်ခုရဲ့ အတိုကောက်များလား"

"မဟုတ်ပါဘူး။ ဗဟိုထောက်လှမ်းရေးအေဂျင်စီကို ဆိုလိုတာပါ"





ရက်ဂျီနာက အံ့ဩဟန်ဖြင့် "သူလျှိုလုပ်ငန်းအဖွဲ့လား"

"သူလျှိုမဟုတ်ပါဘူး။ အေဂျင်စီလို့ပဲ ခေါ်ပါတယ်။ ခင်ဗျားခင်ပွန်း ချားလ်(စ်)ဟာ ကျွန်တော်တို့အဖွဲ့ကို တော်တော်အကျိုးပြုခဲ့ပါတယ်။ သူ့ကို အားလည်းကိုးရပါတယ်"

"အဲဒါတော့ ရယ်စရာ အကောင်းသားပဲ။ ကျွန်မတော့ နားမလည်ဘူး"

ရက်ဂျီနာက ပြောပြောဆိုဆို သမ္မတရုစဗဲ့၏ဓာတ်ပုံကြီးကို စိုက်ကြည့်လိုက်၏။

"ကျွန်မယောကျ်ားက အမေရိကန်လူမျိုး မဟုတ်ဘူး၊ ဆွစ်လူမျိုးရှင့်"

"သူဟာ ဆွစ်ဇာလန်မှာ မွေးဖွားတာမှန်ပါတယ်။ ဒါပေမဲ့ ၁၉၄၂ ခုနှစ်ကတည်းက အမေရိကန်ပြည်ထောင်စု နိုင်ငံသားအဖြစ် ခံယူပြီးဖြစ်နေတယ်"

"သူကတော့ ကျွန်မကို တစ်ခါမှ ပြောမပြဖူးပါဘူး"

"သူ... ပြောစရာ မလိုဘူးလေ၊ သူ့ကိုလည်း ပြောခွင့်မပေးခဲ့ဘူး။ ဒါဟာ မစ္စစ်လင်းဘတ်ရဲ့ လျှို့ဝှက်လုံခြုံရေးဖြစ်သလို မစ္စတာလင်းဘတ်ရဲ့ လုံခြုံရေးလည်း ဖြစ်ပါတယ်။ တကယ်တော့ သူဟာ သူ့နာမည်အမှန်ကိုတောင် ပြောခွင့်မရှိဘူး"

"သူ့နာမည် ဟုတ်လား။ သူ့နာမည်က ဘယ်သူလဲ"

"ဗော့စ်၊ ချားလ်ဗော့စ်"

"ဗော့စ်" ရက်ဂျီနာသည် ဂရင်းပီးယားရုံခန်းထဲတွင် တွေ့ခဲ့ရသော နိုင်ငံကူးလက်မှတ် လေးအုပ်အနက်တစ်အုပ်ကို သွား၍သတိရမိ၏။ မည်သည့်လက်မှတ်တွင် မည်သည့်အမည် တပ်ထားသည်ကိုမူ မမှတ်မိတော့ချေ။

ထိုအခိုက် ဘာသိုလိုမြူက သူ၏လက်ပတ်နာရီကို ကြည့်လိုက်ပြန်၏။

"ကဲ... မဒမ်၊ ကျုပ်ကိုခွင့်ပြုပါ။ ကျုပ် နှစ်နာရီခွဲမှာ နောက်လူတစ်ယောက်နဲ့ ချိန်းထားတာ ရှိသေးတယ်။ ကျုပ် နေ့လယ်စာ မစားရသေးဘူး။ ခင်ဗျားလည်း ကျုပ်နဲ့ နေ့လယ်စာလိုက်စားပါ၊ ဖိတ်ပါရစေ။ နေ့လယ်စာစားရင်း စကားပြောကြရရင် မကောင်းဘူးလား"

"ကျွန်မတော့ သိပ်မဆာပါဘူးရှင်။ ဒါပေမဲ့ ကျွန်မကို ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



နှိုတဲ့ စကားတွေ မြန်မြန်ပြောပါ''

''ကျုပ်တို့မှာ ရွေးစရာ နှစ်နေရာရှိတယ်။ ဒီသံရုံးထဲက ဆိုင်မှာပဲ စားရင်လည်းရတယ်၊ ဒါမှမဟုတ် အေးအေးဆေးဆေး အပြင်ဆိုင်မှာ စားရင်လည်း ရပါတယ်။ ကျုပ်သဘောကတော့ ပြောရမယ့်စကားက လျှို့ဝှက်စကားဆိုတော့ အပြင်ဆိုင်တစ်ဆိုင်မှာပဲ အေးအေးဆေးဆေး စားချင်တယ်''

''ကိစ္စမရှိပါဘူး။ မစ္စတာဘာသိုလိုမြူ သဘောကျတဲ့ဆိုင်ပဲ ကောင်းပါတယ်''

သို့နှင့် သံရုံးမှ အပြင်သို့ထွက်လာရင်း ရက်ဂျီနာသည် လမ်းတစ်လျှောက်တွင် ဘာသိုလိုမြူအား အကဲခတ်ခွင့် ရတော့၏။ သူသည် ခန္ဓာကိုယ်သည် သေးကွေးကြုံလှီ၍ ဖြူဖပ်ဖြူရော်ရှိပြီးလျှင် ရောဂါသည်တစ်ယောက်နှင့်တူ၏။ အကယ်၍ သူသည် မတ်တတ်ရပ်လိုက်ပါက အရပ်မှာ ခြောက်ပေကျော်မည် ဖြစ်သော်လည်း ယခုမူ သူ လမ်းလျှောက်ရာတွင် သိသိသာသာ ခါးကိုင်းလျက် ရှိနေ၏။ လမ်းလျှောက်ရာတွင် သူ၏ ပခုံးနှစ်ဖက်မှာ ရှေ့သို့ ခပ်ကိုင်းကိုင်း ဖြစ်နေပြီးလျှင် ဦးခေါင်းကိုပင် အနိုင်နိုင် ထိန်းနေရဟန်တူလေသည်။

သူ၏ညိုသောမျက်ဝန်းကို ငွေကိုင်းမျက်မှန်က ကာထား၏။ သို့သော် ဆံစများထဲတွင် ဆံပင်ဖြူများ ရောနှောနေ၏။ သူ၏ရုပ်ရည်ကို ရုတ်တရက်ကြည့်လျှင် အသက် ၆၀ ခန့် ရှိပြီးဟု ထင်ရသော်လည်း သူ၏ မျက်နှာမှာ ပါးရေနားရေများ မတွန့်သေးသောကြောင့် သူ၏အသက်သည် ၂၀ခန့် ငယ်ဦးမည်ဟု ရက်ဂျီနာက တွေးမိ၏။ ဘာသိုလိုမြူမှာ စပိုင် (သူလျှို)တစ်ယောက်ဖြစ်ဖို့ထက် ကျောင်းဆရာတစ်ယောက် ဖြစ်သင့်သည်ဟု ယူဆမိ၏။ အသက်ငယ်စဉ်ကမူ သူသည် ရုပ်ရှင်မင်းသားတစ်ယောက်ပင် ဖြစ်နိုင်ပေလိမ့်မည်။

သို့နှင့် သူတို့သည် ပျော်ပွဲစားရုံတစ်ရုံရှေ့သို့ ရောက်ရှိလာကြ၏။ ဘာသိုလိုမြူသည် ထိုဆိုင်သို့ ရောက်နေကျ ဖြစ်ဟန်တူ၏။ ၎င်းတို့အား စားပွဲထိုးတစ်ယောက်က အပေါ်ထပ်သို့ ခေါ်ဆောင်သွား၏။ ထို့နောက် စားပွဲလွတ်တစ်လုံးတွင် ၎င်းတို့နှစ်ယောက်အား နေရာချထားပေး၏။ သို့သော် ဘာသိုလိုမြူကမူ စိတ်ကျေနပ်ဟန် မတူချေ။ အဘယ်ကြောင့်ဆိုသော် အခြားစားပွဲတစ်ခုတွင် ဂျာမန်ကမ္ဘာလှည့် ခရီးသည်တစ်စု အော်ဟစ်ဆူညံစွာ စားသောက်နေကြသောကြောင့် ဖြစ်လေသည်။





''ဒီဆိုင်ကတော့ ရေချိုငါးချက်တာ တော်တော်နာမည်ကြီးတယ်၊ ဟိုမှန်ဗီရိုကြီးထဲမှာ ရေချိုငါးတွေ လှောင်ထားတယ်။ မှာတဲ့လူရှိမှ ချက်ချင်းဖမ်းပြီး ချက်ပေးတယ်။ စားသုံးသူက လိုအပ်တယ်ထင်ရင် လက်ညှိုးထိုးပြတဲ့ငါးကိုဖမ်းပြီး ချက်ပေးတယ်။ ဒီမှာ . . . မဒမ် ငါးကြော်စားမလား''

ရက်ဂျီနာသည် ဘာသိုလိုမြူ ညွှန်ပြရာသို့ ကြည့်လိုက်၏။ မှန်ပတ်လည် ဝိုင်းကာထားသည့် ငါးကန်ထဲတွင် ရေချိုငါး အကောင်နှစ်ဆယ်ခန့် ကူးခတ်နေသည်ကို တွေ့မြင်ရ၏။ လူတို့၏ အသက်ရှင်ရေးအတွက် တိရစ္ဆာန်များ သေပေးကြသည်ကို ရက်ဂျီနာသည် တွေး၍ ငါးများကို သနားနေမိ၏။

''ကျွန်မကတော့ သိပ်မဆာပါဘူး။ ကြက်ဥပုတင်းတစ်ခွက်နဲ့ လက်ဖက်ရည် တစ်ခွက်လောက်ရရင် တော်ပါပြီ''

သို့နှင့် ဘာသိုလိုမြူသည် ခပ်လှမ်းလှမ်းတွင်ရပ်၍ စောင့်နေသည့် စားပွဲထိုးကို လှမ်းခေါ်လိုက်၏။ ၎င်းအတွက် ငါးဟင်းချိုတစ်ခွက်နှင့် ရက်ဂျီနာအတွက် ကြက်ဥပုတင်းတစ်ခွက်၊ လက်ဖက်ရည်တစ်ခွက် မှာလိုက်၏။ ထို့ပြင် ဝိုင်တစ်ခွက်ကိုလည်း မှာလိုက်သေး၏။ ထို့နောက် သူသည် စီးကရက်ဘူးကို ထုတ်၍ ရက်ဂျီနာအား တည့်ခင်းလေသည်။

မကြာမီ ဂျာမန် ကမ္ဘာလှည့်ခရီးသည်များသည် ၎င်းတို့ စားသောက်ကုန်ကျသမျှ စာရင်းကိုရှင်း၍ ထွက်သွားကြသဖြင့် ပျော်ပွဲစားရုံ အပေါ်ထပ်မှာ တိတ်ဆိတ်သွားတော့။ ထိုအခါ ဘာသိုလိုမြူက အသံခပ်အုပ်အုပ်ဖြင့် . . .

''ပါရီမှာ ခင်ဗျားကို ပြင်သစ်ရဲတွေက အနှောင့်အယှက်ပေးသေးသလား'' ဟု မေးရာ ရက်ဂျီနာက ဂရင်းပီးယားအကြောင်းကို ထုတ်ဖော်ပြောပြ၏။

''ကျွန်မထင်တယ်လေ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မက 'ဘူး' ခံနေပေမယ့် ကျွန်မသိတာတွေ ရှိနေသေးတယ်လို့ သူက ထင်နေတယ်''

''ဂရင်းပီးယားအတွက် အရေးမကြီးပါဘူး။ သူဟာ သူ့ဝတ္တရားသူ့စာအုပ်ကြီးအတိုင်း ထမ်းဆောင်နေတဲ့ ရဲမှူးတစ်ယောက်ပါ။ နိုင်ငံရေးနဲ့ ပတ်သက်လာရင် 'နကန်း'တစ်လုံးတောင် နားလည်တာ မဟုတ်ဘူး။ အခုကိစ္စမှာလဲ မစ္စစ်လင်းဘတ်အတွက် အမေရိကန်ပြည်ထောင်စုရဲ့ တတ်နိုင်သမျှသော အကာအကွယ် ရပါစေမယ်လို့ ကျုပ် ကတိပေးပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ရက်ဂျီနာမှာ နားမလည်နိုင်ချေ။ အမေရိကန်ပြည်ထောင်စုမှာ အလွန်ဝေးသောအရပ်တွင် ရှိနေသဖြင့် သူ့အား မည်သို့ အကာအကွယ်ပေးမည်နည်း။ သူတို့ဘက်မှလူဟုဆိုသော ချားလ်(စ်)လင်းဘတ်သည်ပင်လျှင် ယခုမြို့၌ ကံဆိုးမိုးမှောင်ဖြစ်ရလေပြီ မဟုတ်ပါလော။

ဘာသိုလိုမြူသည် စားပွဲထိုး လာရောက်ချပေးသောဝိုင်ကို အနည်းငယ်သောက်ပြီးနောက် ပြန်၍ချထားလိုက်ပြီးလျှင် ရက်ဂျီနာအား အကဲခတ်သည့်ဟန်ဖြင့် စကားကို တစ်လုံးချင်းပြောလိုက်လေသည်။

''အကယ်၍သာ ခင်ဗျား ကျုပ်တို့ကို ကူညီနိုင်မယ်ဆိုရင် ခင်ဗျားရဲ့ အမေရိကန်အစိုးရဟာ ခင်ဗျားကို အင်မတန် ကျေးဇူးတင်လိမ့်မယ်ဆိုတာ ကျုပ်ပြောရဲတယ်''

ရက်ဂျီနာက အံ့ဩသောမျက်နှာဖြင့် . . .

''ကျွန်မရဲ့အကူအညီ ဟုတ်လား။ ကျွန်မက ဘာကူညီနိုင်မှာမို့လဲ''

''ကူညီနိုင်ဖို့ အချက်နှစ်ချက် ရှိပါတယ်။ ပထမအချက်က ကျုပ်မေးတဲ့ မေးခွန်းတွေကို ဖြေဖို့ပဲ''

''နောက် . . . ဒုတိယတစ်ချက်ကရော''

''ခဏနေပါဦး။ ကျုပ်တို့ ပထမတစ်ချက်ကိုပဲ ဖြေရှင်းကြရအောင်''

ဘာသိုလိုမြူသည် လိမ္မာပါးနပ်စွာ စကားကို ဖြတ်လိုက်၏။ အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီမှ ခေါင်းဆောင်တစ်ဦး ပီသလှ၏။ သူ၏မျက်နှာကို ခပ်ပြုံးပြုံးထားပြီးလျှင် စကားပြောသည့် လေသံမှာလည်း နူးညံ့ပျော့ပျောင်းလှ၏။

''ခင်ဗျားရဲ့ခင်ပွန်းချားလ်(စ်)ဟာ ဘယ်နေရာတွေမှာ တာဝန်ထမ်းဆောင်ခဲ့တယ်။ ဘာတွေလုပ်ခဲ့တယ်။ ဘာတွေ အောင်မြင်ခဲ့တယ်၊ ဘာတွေ ရှုံးနိမ့်ခဲ့တယ်ဆိုတာ ကျုပ် နားလည်ပါတယ်။ အစီရင်ခံစာတွေလည်း ဖတ်ရပါတယ်။ ဒါပေမဲ့ ကျုပ်တို့မသိလိုက်တဲ့ အချက်ကလေးတွေ ရှိနေသေးတယ်ဆိုတာပဲ ကျုပ်တို့သိတယ်။ အဲဒါ ဘာတွေမှန်းတော့ မသိဘူး''

''အခုထက်ထိ ရှင်တို့ကို ကျွန်မ ဘာတွေကူညီမယ်ဆိုတာ နားမလည်သေးဘူး။ ကျွန်မ . . . ''

''ဒါပေါ့ . . . ဒါပေါ့''

သူက ရက်ဂျီနာ၏စကားကို ဖြတ်လိုက်၏။





''ဒါပေမဲ့ ခင်ဗျားဖြေမယ့် စကားတွေထဲမှာ ခင်ဗျားအဖို့ အမှတ်မထင် အရေးမကြီးဘူးထင်ပေမဲ့ ကျုပ်တို့ သိထားတာနဲ့ ဆက်စပ်လိုက်ရင် တန်ဖိုးရှိလာမှပါ''

''ကျုပ် . . . သိချင်တာတစ်ချက်ကတော့ ချားလ်(စ်)မသေခင် နှစ်ပတ်လောက်က ခင်ဗျား နော်မန်ဒီကမ်းခြေမှာ သွားအပန်းဖြေတယ် မဟုတ်လား။ အဲဒီကြားထဲမှာ ချားလ်(စ်)ဟာ ခင်ဗျားနဲ့ဆက်သွယ်ဖို့ ကြိုးစားခဲ့သလား''

''ဟင့်အင်း . . . တစ်ခါမှ အဆက်အသွယ် မရခဲ့ပါဘူး။ ဒါပေမဲ့ သူ ကျွန်မဆီကို စာတစ်စောင်ရေးခဲ့တယ်။ အဲဒီစာကို စာတိုက်က မထည့်ဖြစ်ခဲ့ဘူး။ သူစီးလာတဲ့ မီးရထားတွဲထဲက ရဲတွေရှာတွေ့လို့ ကျွန်မကို ပေးခဲ့တယ်''

''စာတစ်စောင် ဟုတ်လား''

ဘာသိုလိုမြူသည် အလွန်စိတ်ဝင်စားသည့် အသံမျိုးဖြင့် မေးလိုက်၏။

''အခု အဲဒီစာ ပါလာသလား''

''ပါ,ပါတယ်''

ရက်ဂျီနာက လိုက်လျောစွာပင် အဖြေပေးလိုက်၏။ စာပါအကြောင်းအရာများမှာ မိမိအတွက် တစ်စုံတစ်ရာ မထူးခြားသကဲ့သို့ ဘာသိုလိုမြူအတွက်လည်း ထူးခြားလိမ့်မည်မဟုတ်ဟု ယူဆမိ၏။ သို့နှင့် သူ၏ ပိုက်ဆံအိတ်ထဲမှစာကို ထုတ်ပေးလိုက်၏။ စာအိတ်ထဲတွင်ပါလာသော တံဆိပ်ခေါင်းနှစ်လုံးမှာ ဆီဗီယာ၏သားငယ် ဂျင်းလူးဝစ်ကလေးအား ပေးလိုက်ပြီဖြစ်သဖြင့် ပါမလာတော့ချေ။

ဘာသိုဘိုမြူသည် စာကို အသေအချာဖတ်ကြည့်၏။ စာရွက်ကိုပင် ဘယ်ပြန်ညာပြန် စစ်ဆေးကြည့်ရှုလေသည်။

''အင်း . . . ဒီစာဟာ ကျုပ်တို့အတွက် အထောက်အကူ မပေးပါဘူး'' ဟုဆိုကာ ရက်ဂျီနာအား စာကို ပြန်၍ပေးလိုက်လေသည်။

ထိုစဉ် စားပွဲထိုးရောက်လာ၍ သူတို့မှာထားသော အစားအသောက်များကို စားပွဲပေါ်သို့ တင်ပေးသဖြင့် စကားပြော ပြတ်သွားကြ၏။ ဘာသိုလိုမြူသည် ငါးခေါင်းကို ခက်ရင်းဖြင့်ထိုး၍ ဓားဖြင့် လှီးလျက်ရှိ၏။ ရက်ဂျီနာမှာ အသက်မရှိတော့သော ငါးအတွက်ပင် အတန်ငယ် တုန်လှုပ်သွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရက်ခွက်ထဲမှ အရက်ကို တဖြည်းဖြည်းငုံလိုက်၊ ဟင်းလျာများကို တဖြည်းဖြည်းငုံ၍စားလိုက် ပြုလုပ်လျက်ရှိသော ဘာသိုလိုမြူသည် တစ်စုံတစ်ရာကို သတိရသွားသည့်ဟန်ဖြင့် အစားအသောက်ကိုဖြတ်ကာ ရက်ဂျီနာအား စကားစလိုက်လေသည်။

"ခင်ဗျားကို ကျုပ် ပြစရာတစ်ခုရှိတယ်"

သူသည် စားပွဲပေါ်တွင် တင်ထားသော သူ၏ လက်ဆွဲအိတ်ထဲမှ ၈ လက်မ ✘ ၁၀ လက်မ အရွယ် ဓာတ်ပုံတစ်ပုံကို ထုတ်၍ပြလိုက်၏။

"ခင်ဗျား... အဲဒီဓာတ်ပုံကို ကြည့်စမ်းပါ။ ဂရုတစိုက် အချိန်ယူပြီး ကြည့်စမ်းပါ"

သူပြောသည့်အတိုင်း ရက်ဂျီနာကလည်း ထိုဓာတ်ပုံကို မမှိတ်မသုံ ကြည့်ရှုလျက်ရှိနေ၏။ ဓာတ်ပုံမှာ စစ်ဝတ်စစ်စားဖြင့် လူလေးယောက် တွဲ၍ ရိုက်ထားသောပုံ ဖြစ်၏။ အားလုံးသော မျက်နှာများမှာ ရှေ့သို့ တည့်တည့် လှည့်ထားသဖြင့် ထင်ထင်ရှားရှား မြင်ရလေသည်။

"ဟင်... ဒါ ချားလ်(စ်) မဟုတ်လား။ ညာဘက်ထောင့်စွန်းက ချားလ်(စ်)ပေါ့"

ရက်ဂျီနာသည် ခပ်အုပ်အုပ်အသံဖြင့် အလန့်တကြား အော်ပြောလိုက်၏။

"ဟုတ်ပါတယ်။ ခင်ဗျားပြောတာ မှန်ပါတယ်"

"ဒါပေမဲ့ ဓာတ်ပုံထဲမှာတော့ ချားလ်(စ်)ဟာ အသက်ငယ်ငယ်ပဲ ရှိသေးတယ်နော်။ ဘယ်တုန်းက ရိုက်ထားတာလဲ"

"လွန်ခဲ့တဲ့ ၁၅နှစ်လောက်က ရိုက်ထားတဲ့ ဓာတ်ပုံပါ။ တခြားလူတွေကိုလည်း ဂရုစိုက်ကြည့်ပါဦး။ သူတို့ထဲက ဘယ်သူ့ကိုများ ခင်ဗျား မြင်ဖူးမလဲလို့။ ခင်ဗျား မှန်ဘီလူးယူမလား"

သူသည် လက်ဆွဲအိတ်မှ မှန်ဘီလူးကို ထုတ်ပေးလိုက်၏။ ရက်ဂျီနာသည် မှန်ဘီလူးကိုယူ၍ ဒုတိယလူကို ကြည့်ပြန်၏။ တစ်ခဏမျှကြာသော အခါမှ သွား၍သတိရမိ၏။ ထိုသူမှာ ချားလ်(စ်)လင်းဘတ်၏ အသုဘအခမ်းအနားသို့ ဖင်ထည်ဖြင့် ချုပ်ထားသည့် ဘောင်းဘီဖင်ကျပ်ကိုဝတ်၍ ရောက်လာသူ ဖြစ်လေသည်။

"သူ့ကို ကျွန်မ မှတ်မိတယ်"





ရက်ဂျီနာသည် ဓာတ်ပုံပေါ်မှ ထိုသူကို လက်ညှိုးဖြင့်ထောက်၍ပြ၏။

"သေချာပါတယ်။ သူဟာ မနေ့က ချားလ်(စ်)ရဲ့ အသုဘအခမ်းအနားကို ရောက်လာတဲ့လူပဲ။ အဲဒီတုန်းက သူ သိပ်ပြီး အရက်မူးနေတယ်"

"သူ စကားပြောရင် တောင်ပိုင်းသားအသံမျိုးနဲ့ ပြောတယ် မဟုတ်လား"

"ဒါတော့ ကျွန်မ မသိဘူး။ သူ ကျွန်မကို စကားတစ်လုံးမှ မပြောဘူး။ ဘယ်သူ့ကိုမှလည်း မပြောဘူး"

"သူ့ကိုယ်သူ သူ့နာမည်ဟာ ပင်သိုလောင်းလို့ မိတ်မဆက်ဘူးလား။ ဂျိုးဇက်ပင်သိုလောင်းလေ"

"ဟင့်အင်း ... "

"သူ့ အပေါင်းအသင်းတွေကတော့ သူ့ကို "တက်"လို့ ခေါ်ကြတယ်။ ဒီနာမည်ကိုကော ပြောသေးသလား"

ရက်ဂျီနာသည် ဦးခေါင်းကို ခါ၍ပြလိုက်ပြန်၏။

"ကဲ... နောက်တစ်ယောက် ဆက်ကြည့်ပါဦး"

ရက်ဂျီနာသည် သူ၏မှန်ဘီလူးကို တတိယလူပေါ်သို့ ပြောင်းလိုက်သည်။

"ဒီလူလည်း မနေ့က အသုဘအခမ်းအနားကို ရောက်လာတယ်"

ခန္ဓာကိုယ် တောင့်တောင့်တင်းတင်း ထိပ်ပြောင်ပြောင်လူကို ရက်ဂျီနာက လက်ညှိုးဖြင့် ညွှန်ပြ၏။

"မနေ့က သူ့ကြည့်ရတာ ဟျာယီးဟျာယာ နိုင်နေတယ်၊ ဓာတ်ပုံထဲမှာထက် အပြင်မှာ နည်းနည်းပိုဝတယ်"

"ခင်ဗျား သူ့ကိုရော သိသလား"

"အရင်တုန်းကတော့ တစ်ခါမှ သူ့ကို မမြင်ဖူးဘူး"

"သူ့နာမည်က "ဂစ်ဒီယွန်း"လို့ ခေါ်တယ်။ နာမည်အရင်းကတော့ သီယိုဒိုဗလျူဂစ်ဒီယွန်းလို့ ခေါ်တယ်။ ခင်ဗျားခင်ပွန်းသည် ချားလ်(စ်)က ဒီနာမည်ကို အရင်က ပြောခဲ့ဖူးသလား"

"ဟင့်အင်း... တစ်ခါမှ ... "

"ကဲ... နောက်တစ်ယောက် ဆက်ကြည့်ပါဦး"

ရက်ဂျီနာသည် စတုတ္ထနှင့် နောက်ဆုံးလူကို ဆက်ကြည့်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုလူကိုလည်း ကောင်းကောင်း မှတ်မိလိုက်၏။

"အဲဒီလူကိုလည်း ကျွန်မ မှတ်မိပါတယ်။ သူလည်း မနေ့တုန်းက အသုဘအခမ်းအနားကို ရောက်လာတယ်၊ သူ့ခန္ဓာကိုယ်ကြီးဟာ အကြီးဆုံးပဲ၊ သူ့လက်ကိုလည်း မိုးကာအင်္ကျီထဲမှာ နှိုက်နေတတ်တယ်"

"သူ့နာမည် ဟာမင်စကိုဘီလို့ ခေါ်တယ်။ အရင်တုန်းကရော ခင်ဗျား သူ့ကို သိဖူးသလား"

"ဟင့်အင်း ... မတွေ့ဖူးဘူး၊ မသိဖူးဘူး"

ဘာသိုလိုမြူသည် မည်သို့ ဆက်ပြောရမည်ကို မသိသကဲ့သို့ တစ်ခဏမျှ မျက်စိမှိတ်ကာ စဉ်းစားလျက် ရှိနေ၏။ ထိုနောက်မှ တစ်လုံးချင်း မှတ်ချက်ချလိုက်၏။ သူ့အသံမှာ လေးလေးနက်နက်ရှိ၍ တစ်စုံတစ်ရာကို ရည်ညွှန်းပြောဆိုဟန်တူ၏။

"ကိုင်း... သူတို့အားလုံး ဒီရောက်နေကြပြီ၊ အားလုံးလူစုံတက်စုံ ပဲ"

"နောက်တစ်ယောက် ကျန်သေးတယ်။ ဒါပေမဲ့ အဲဒီလူဟာ ဒီဓာတ်ပုံထဲမှာ မပါဘူး"

ဘာသိုလိုမြူမှာ သူ၏ မှိတ်ထားသော မျက်လုံးများပင် ပြူးထွက်လာသကဲ့သို့ ရှိနေ၏။

"ဘာ... "

သူသည် မကြားသကဲ့သို့ ထပ်၍မေးလိုက်၏။

"သူ့နာမည်ဘယ်သူလဲ"

"ကျွန်မ မသိဘူး။ ကျွန်မကို သူ စကားတော့ ပြောတယ်၊ ဒါပေမဲ့ သူ ဘာလဲ၊ ဘယ်သူလဲဆိုတာတော့ ပြောမသွားဘူး"

"သူ... ဘာတွေပြောသွားသလဲ"

ဘာသိုလိုမြူက ဆန္ဒစောနေသကဲ့သို့ မေးလိုက်ခြင်း ဖြစ်၏။ သူသည် ရက်ကျီနာ၏အဖြေကို စိတ်ဝင်စားနေဟန်တူ၏။

"သူပြောတာကတော့ ချားလ်(စ်)လင်းဘတ်နဲ့ ပတ်သက်ပြီး စိတ်မကောင်းဖြစ်တာရယ်၊ ကျွန်မနဲ့ထပ်တူ ဝမ်းနည်းတာရယ်၊ သူ့ကို အကူအညီ လိုရင် နိုင်းဖို့ရယ်၊ ဒါပဲ ပြောသွားတယ်"

မှန်းချက်နဲ့ နှမ်းထွက်မကိုက်သဖြင့် ဘာသိုလိုမြူမှာ စိတ်ပျက်သွား





လေသည်။ သူသည် စားလက်စပန်းကန်များကို ဘေးသို့ တွန်းဖယ်လိုက်ပြီး နောက် ဓာတ်ပုံကို အငမ်းမရကြည့်နေ၏။ ထို့နောက် ချက်ချင်းပင် သူ၏ လက်ဆွဲအိတ်ထဲသို့ ပြန်၍သိမ်းလိုက်လေသည်။

"နောက်ထပ် တစ်မ်းတစ်ယောက် ဟုတ်လား။ သူက ဓာတ်ပုံထဲမှာ လည်း မပါဘူး။ ဟုတ်လား... "

ဘာသိုလိုမြူသည် သူ့ဘာသာသူ တစ်ယောက်တည်း ညည်းသကဲ့သို့ ပြောနေ၏။ ထိုသူအတွက် ဦးနှောက်ခြောက်သွားဟန် တူ၏။

"ကျုပ်... အဲဒီလူကို သိပ်စိတ်ဝင်စားတယ်။ တကယ်လို့များ ဒီလူကို နောက်တစ်ခါတွေ့ရင် ခင်ဗျား ကျုပ်ဆီကို ဖုန်းဆက်စေချင်တယ်။ ကျုပ်ပြောတာ နားလည်လား"

"သေတော့ မသေချာဘူး။ ဒါပေမဲ့ ကျွန်မ ကြိုးစားပါမယ်လေ"

"တကယ်တော့ အဲဒီလေးယောက်စလုံး ဘယ်သူကပဲ ခင်ဗျားကို ဆက်သွယ်... ဆက်သွယ်၊ ခင်ဗျား ကျုပ်ကို အသိပေးစေချင်တာပါပဲ"

"သူတို့ ကျွန်မကို နောက်ထပ် ဆက်သွယ်လိမ့်ဦးမယ်လို့ ရှင် ထင်သလား"

"သူတို့ဆက်သွယ်ကြမှာ သေချာတယ်။ အဲ... သူတို့ ခင်ဗျားကို ဘာကြောင့်ဆက်သွယ်မယ်ဆိုတာတော့ ကျုပ် အခု မပြောနိုင်သေးဘူး"

"ဒီမယ်... မစ္စတာဘာသိုလိုမြူ၊ စောစောက ရှင်ပြောတော့ ကျွန်မဟာ ရှင်တို့ကို အချက်နှစ်ချက် ကူညီနိုင်မယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ဒုတိယအချက်ဆိုတာ ဘာလဲဟင်... "

"ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားကို ကျုပ်ပြောထားချင်တာက ခင်ဗျားဟာ ကျုပ်တို့ကို ကူညီချင်လည်း ဖြစ်တယ်၊ မကူညီချင်လည်း ဖြစ်တယ်၊ ကျုပ်တို့ကတော့ ခင်ဗျားကို ကူညီဖို့ မတိုက်တွန်းလိုပါဘူး။ ခင်ဗျားရဲ့ အဆုံး အဖြတ်ပေါ်မှာ တည်တာပဲ"

"ရှင်... ဘာပြောနေတယ်ဆိုတာ ကျွန်မ နားမလည်ဘူး၊ ကျွန်မရဲ့ အဆုံးအဖြတ်ဆိုတာ ဘာလဲ"

"ကျုပ်တို့အတွက် အလုပ်လုပ်ပေးဖို့ကိစ္စကို ပြောတာပါ"

ဘာသိုလိုမြူက ရိုးသားစွာပင် ပြန်ပြောလိုက်၏။

"ကျုပ်တို့သိဖို့က ဒီလူတွေဟာ ဘာတွေကြံနေသလဲ၊ ဒီလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို၊ ဘယ်ကို ခြေလှမ်းနေသလဲဆိုတာပဲ။ ဒီလိုသိဖို့အတွက် ဆောင်ရွက်နိုင်ဆုံးသူကတော့ ခင်ဗျားတစ်ယောက်ပဲ။ ခင်ဗျား ဒီကိစ္စတွေကို သိဖို့အတွက် အခြေအနေက ပေးလာပါလိမ့်မယ်''

''ဒီကိစ္စတွေသိရအောင် ဒီအကြောင်းတွေကို ကျွန်မ ဘာမှ နား လည်ဘဲ''

''ဒီကိစ္စတွေ မသိတာဟာ ခင်ဗျားအတွက် ပိုလုံခြုံပါတယ်''

''ဒါပေမဲ့ အခု ဘာတွေဖြစ်နေတယ်၊ ရှေ့ ဘာတွေဖြစ်မယ်ဆိုတာ မသိဘဲ ဘာလုပ်ရမှာလဲ။ ကျွန်မ် လုပ်ဆောင်နိုင်မယ်လို့ကော ရှင့်အနေနဲ့ မျှော်လင့်နိုင်ပါ့မလား''

''မှန်ပါတယ်။ ခင်ဗျား ဘာမသိညာမသိနဲ့ အခက်အခဲတွေ့မှာကို လည်း ကျုပ် စိုးရိမ်ပါတယ် မစ္စစ်ဇော်စ်''

''ကျွန်မကို ဒီလိုမခေါ်ပါနဲ့။ ကျွန်မ ချားလ်(စ်)နဲ့ လက်ထပ်တုန်းက သူ့နာမည် ချားလ်(စ်)လင်းဘတ်ပါ''

''ကောင်းပါပြီဗျာ။ ခင်ဗျားကြိုက်သလို ခေါ်ပါ့မယ်''

''ရှင်ပြောတဲ့ ကျွန်မ ဘာမသိညာမသိဆိုတဲ့ ကိစ္စကိုလည်း ရှင်း စမ်းပါဦး''

ရက်ဂျီနာ၏လေသံမှာ စိတ်တိုသံပါနေ၏။

''ခင်ဗျားဟာ ချားလ်(စ်)ရဲ့ဇနီး မဟုတ်လား။ အခု ချားလ်(စ်) သေသွားပြီ။ ဒီတော့ ချားလ်(စ်)နောက်ကို လိုက်နေတဲ့ သူတို့တစ်တွေ ချားလ်(စ်)နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ခင်ဗျားနောက်ကို ဆက်လိုက်ကြမှာပဲ''

''ချားလ်(စ်)ကို သူတို့ သတ်ပစ်ကြတယ်လို့ကော ရှင် မထင် လား''

''ကျုပ်... ဒီလိုတော့ မပြောနိုင်ဘူး။ ခင်ဗျားလည်း လောလော ဆယ်ဆယ်တော့ ဒုက္ခမရောက်နိုင်ပါဘူးဆိုတာ ကျုပ် တာဝန်ယူပါတယ်''

ဘာသိုလိုမြူက အေးဆေးစွာပင် ပြန်၍အဖြေပေးလိုက်၏။

''ရှင်... ချားလ်(စ်)ကိုလည်း တစ်ချိန်တုန်းက ဒီလိုပဲ ပြောခဲ့ မဟုတ်လား''

''အင်းလေ... ချားလ်(စ်)အသတ်ခံခဲ့ရတာတော့ ငြင်းလို့မရ ချားလ်(စ်)ဟာ ကျုပ်တို့အတွက် အလုပ်လုပ်နေတယ်ဆိုတာ သိ





တစ်ပြိုင်နက် သူ အသတ်ခံရတာပါပဲ။ ခင်ဗျားလည်း ကျုပ်တို့အတွက် တာဝန်ထမ်းဆောင်သည် ဖြစ်စေ၊ မထမ်းဆောင်သည်ဖြစ်စေ အန္တရာယ်ရှိတာ တော့ အမှန်ပဲ။ ဒါပေမဲ့ လောလောဆယ်တော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ စိတ်ချပါ။ ခင်ဗျားကို ကျုပ်တို့ဘက်က ၂၄ နာရီလုံး အစောင့်ချပေးထားပါ့ မယ်''

''ဒါကလည်း ရှင်တို့မှာ အကြောင်းရှိမှာပဲ။ ရှင်တို့အကျိုးအတွက် ကျွန်မကို အစောင့်ချပေးတာ ဖြစ်မှာပေါ့''

ရက်ဂျီနာ၏စကားကြားသည်နှင့် ဘာသိုလိုမြူက ပြုံးလိုက်၏။

''ပါရီမှာရောက်နေတဲ့ အမေရိကန်တိုင်းကိုတော့ ကျုပ်တို့ အစောင့်ချ မပေးနိုင်ဘူးပေါ့လေ''

ရက်ဂျီနာ စိတ်ထဲတွင် မရေမရာ ဖြစ်နေ၏။ အမှန်သော် ဘာသို လိုမြူကို အားကိုးလိုစိတ်ရှိ၏။ သို့သော် သူ့အတွက် မိမိ အလုပ်လုပ်ပေးရ မည်မှာလည်း အန္တရာယ်မကင်းချေ။ သို့နှင့် ရက်ဂျီနာက...

''ဒီကိစ္စကို ကျွန်မ ဆောင်ရွက်ဖို့ စဉ်းစားပါရစေဦးရှင်...''ဟု မယုတ်မလွန် ပြောလိုက်၏။

''ဒါပေါ့... ဒါပေါ့၊ ဒါပေမဲ့ ခင်ဗျားကို ကျုပ် တစ်ခု သတိပေးပါရစေ၊ သူတို့အကြောင်းကို ကျွန်တော်တို့ မြန်မြန်သိရလေ ကျွန်တော်တို့အတွက် သူတို့ကို ဟန့်တားဖို့ အခွင့်အရေး ရလေလေပဲ''

ထို့နောက် ဘာသိုလိုမြူသည် မှတ်စုစာအုပ်တစ်အုပ်ကို အိတ်ထဲမှ ထုတ်ပြီးလျှင် ဘောလ်ပင်ဖြင့် တစ်စုံတစ်ရာရေးခြစ်၍ ထိုစာရွက်ကိုဖြုတ်ကာ ရက်ဂျီနာအား လှမ်းပေးလိုက်၏။

''ဒီမှာ ကျုပ်တယ်လီဖုန်းနံပါတ်။ နောက်ပိုင်းမှာ ကျွန်တော်နဲ့ ဆက်သွယ်ဖို့ပါ။ မမေ့နဲ့နော်''

''ရှင့်ကို ကျွန်မ သံရုံးဖုန်းကနေ ခေါ်ရင်ကော မရဘူးလား''

''ဒါဟာ သံရုံးကဖုန်းနံပါတ်ပဲ။ ကျွန်တော်နေတဲ့အခန်းနဲ့ ရုံးခန်းနဲ့ တစ်လိုင်းထဲ ဆက်ထားတယ်။ တယ်လီဖုန်းနဲ့ ဆက်သွယ်ရတာ ခင်ဗျား အတွက် ထိရောက်မယ်၊ အန္တရာယ်ကင်းမယ်၊ လာရသွားရ သက်သာမယ်၊ အဲ... ကျုပ် မှာချင်တာတစ်ခုကတော့ နောက်ထပ် ကျုပ်ဆီက သတင်းကြားချက် မရဘဲနဲ့ သံရုံးကို မလာပါနဲ့။ ခင်ဗျားနောက်က နောက်ယောင်ခံလိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူတွေ ရှိနိုင်တယ်။ သူတို့ရိပ်မိသွားရင် ကျုပ်တို့ အကြံအစည်တွေ ပျက်ကုန်နိုင်တယ်။ ခင်ဗျားလည်း အန္တရာယ်မကင်းဘူး။ အခုအချိန်ကစပြီး ခင်ဗျားဟာ ဒီကိစ္စတွေကို လုံးဝ စိတ်မဝင်စားတဲ့ပုံနဲ့ ခင်ဗျား လာနေကျ၊ သွားနေကျအတိုင်း သွားပါ၊ လာပါ''

ဘာသိုလိုမြူသည် ရက်ဂျီနာအိတ်ထဲသို့ သူပေးသော တယ်လီဖုန်းနံပါတ်ပါ စာရွက်ကလေး ရောက်သည်အထိ စောင့်ကြည့်နေ၏။

''ကဲ. . . နောက်ဆုံး ခင်ဗျားသိထားသင့်တဲ့ အရေးကြီးဆုံးအချက်တစ်ချက်ကို ကျုပ်ဖွင့်ပြောတော့မယ်။ အခုကိစ္စမှာ သူလျှိုကိစ္စတွင် မကဘူး။ ဒေါ်လာလေးသိန်းတန် ငွေကြေးကိစ္စကလည်း ပါနေတယ်၊ ဒီငွေတွေဟာ ပျောက်နေတယ်။ ပိုင်ဆိုင်သူ ငွေရှင်ကတော့ အမေရိကန်ပြည်ထောင်စု အစိုးရပဲ၊ ဒီလောက်ငွေဟာ အစိုးရအတွက် မထောင်းတာလှပါဘူး။ ကျုပ်တို့အဖွဲ့အစည်းအတွက်လည်း အရေးမကြီးပါဘူး။ ဒါပေမဲ့ ဒီငွေတွေသာ ရန်သူ့လက်ထဲရောက်သွားရင် ကျုပ်တို့ကို တန်ပြန်တိုက်ခိုက်ဖို့အတွက် ရန်ပုံငွေဖြစ်သွားမှာ စိုးရိမ်ရတယ်၊ ခင်ဗျားဘက်က ထောက်လှမ်းလို့ရသမျှ သတင်းသာ ပို့ပါ။ ခင်ဗျားအတွက် ဆုငွေကောင်းကောင်း ရရပါစေ့မယ်''

ထို့နောက် ဘာသိုလိုမြူသည် စားပွဲထိုးကို ခေါ်ပြီးလျှင် စားသောက်ထားသမျှ ကုန်ကျငွေကို ရှင်းပေးလိုက်၏။

''ကျွန်မပြောနိုင်တာ တစ်ချက်ကတော့ ချားလ်(စ်)ဟာ မိန်းမတစ်ယောက်နဲ့ ထွက်ပြေးတာပဲ''

ဘာသိုလိုမြူက ဦးခေါင်းကို ခါယမ်းပြ၏။ ''မဟုတ်ဘူး၊ သူ ဘယ်မိန်းမနဲ့မှ အရှုပ်အထွေးမရှိဘူး။ ကျုပ်တို့ စိတ်ဝင်စားနေတာက မနေ့က ချားလ်(စ်)ရဲ့ အသုဘအခမ်းအနားကို ရောက်လာတဲ့ လူစိမ်းကိုပဲ။ သူ ဘာကောင်လဲဆိုတာရယ်၊ သူ့ကို ဘယ်လိုခြေရာခံနိုင်မယ်ဆိုတာရယ် သိရင် ဒီအမှုဟာ ပြေလည်သွားမှာပါ''

ဘာသိုလိုမြူက နောက်ဆုံးပိတ်စကားပြောရင်း ရက်ဂျီနာအား နှုတ်ဆက်လိုက်၏။ ရက်ဂျီနာ၏ စိတ်ထဲ၌မူ အတွေးမပြတ်သေးချေ။

# အခန်း ၆

ဟိုတယ် ''ဘောက်ဂျီရတ်''သည် မောင့်ပါနေစ်လမ်းပေါ်တွင် တည်ရှိ၏။ ထိုဟိုတယ်သည် ကြီးကြီးမားမား မဟုတ်ချေ။ ခြောက်ပင်ခန်းသာရှိသော တိုက်တစ်လုံးဖြစ်၏။ ၁၉ ရာစုနှစ် ကျောက်ပြားများဖြင့် ဆောက်လုပ်ထားသော်လည်း အဆောက်အအုံကြီးမှာ ခေတ်မီလှ၏။

ဟိုတယ်မှာ တည်းခိုခန်းရှစ်ခန်းရှိ၍ အားလုံးဆင်တူဖြစ်၏။ ဝိုင်အရက်ရောင် ကော်ဇောများ ခင်းထား၏။ အိပ်ခန်းများကို ကြေးခုတင်များဖြင့် ပြင်ဆင်ထား၏။ အခန်းတိုင်းတွင် ပန်းများကို အလှစိုက်ထား၏။ အမြဲတမ်း နွေးနွေးထွေးထွေးရှိစေရန် မီးလင်းဖိုများလည်း ထားရှိလေသည်။

ထိုအခန်းများအနက် နှစ်ခန်းမှာ ရေချိုးခန်းနှင့် တွဲ၍ထား၏။ အခြားလေးခန်းတွင် မျက်နှာသစ်သည့် ကြွေဇလုံများသာရှိ၏။ ကျန်နှစ်ခန်းမှာ အိပ်ရာအခမ်းအနားမှလွဲ၍ တစ်စုံတစ်ရာ မရှိချေ။ ဟိုတယ်တွင် အလိုအလျောက်တက်နိုင်သော လှေကားကိုပင် ယမန်နှစ်ကမှ တပ်ဆင်ခဲ့ပြီးဖြစ်၏။ ဤကဲ့သို့ တတ်နိုင်သမျှ ခေတ်မီစေရန် တပ်ဆင်လာခြင်းမှာ ဟိုတယ်ပိုင်ရှင်အနေဖြင့် ငှားရမ်းသူများအပေါ်တွင် ငှားရမ်းခငွေကို ၁၀ ရာခိုင်နှုန်းတိုး၍တောင်းရန် ရည်ရွယ်ချက်ကြောင့် ဖြစ်လေသည်။

ရက်ဂျီနာသည် နော်မန်ဒီကမ်းခြေမှ အနားယူပြီးအပြန် မိမိ၏ ခင်ပွန်းသည်ကို ရှာရှင်းမည် စိတ်ကူးသည့်အချိန်မှစ၍ ထိုဟိုတယ်မှ အခန်းတစ်ခန်းကို ငှားရမ်းလိုက်ပြီးဖြစ်၏။ သူ၏အမြင်မှာ ထိုနေရာသည် သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ တိတ်ဆိတ်ငြိမ်သက်သည်။ အဖိုးသားနား သင့်လျော်သည်။ ထို့ပြင် ရက်ဂျီနာသည် ဤနေရာတွင် အချိန်ကြာရှည်စွာ နေမည်လည်း မဟုတ်ချေ။ ထို့ပြင် သူ ပြန်လည် အမှုထမ်းဆောင်ရလိမ့်မည်ဟု မျှော်လင့်ထားသော ယူနက်စကိုရုံးချုပ် အဆောက်အအုံနှင့်လည်း များစွာမဝေးလှချေ။ အမှန်သော် မိုးရွာသော အချိန်များ၌ သူသည် အငှားကားစီးနိုင်သူ မဟုတ်ချေ။

ဘာသိုလိုမြူနှင့် တွေ့ဆုံပြီးသည့် ညနေတွင် ရက်ဂျီနာသည် သူ၏ အခန်းထဲ၌ပင် ရှိသောအဝတ်အစားများကို စစ်ဆေးလျက် ရှိနေ၏။ ချားလ်(စ်)၏ အသုဘအခမ်းအနားတွင် ဝတ်ဆင်ရန်အတွက် ဝယ်ခဲ့သော အနက်ရောင် ဝတ်စုံကိုမူ သူသည် လက်ဖျားနှင့်ပင် မတို့ချေ။ လောလောဆယ်ဆယ် သူ ပိုင်သမျှမှာလည်း နော်မန်ဒီကမ်းခြေတွင် အနားယူစဉ်က ယူသွားသော အဝတ်အစားမျှသာ ရှိလေသည်။

ရက်ဂျီနာတွင် ရှိသမျှမှာ ရေကူးဝတ်စုံတစ်ထည်၊ ဘောင်းဘီရှည် တစ်ထည်၊ အတိုတစ်ထည်၊ ညနေပိုင်း လေညင်းခံရာတွင် ဝတ်သော ဝတ်စုံ တစ်စုံနှင့် လွှာချင်းဖိနပ်တစ်ရံမျှသာ ဖြစ်လေသည်။

ချားလ်(စ်)သည်ကား ယခုအခါ ဤကမ္ဘာလောကကြီးကို မျက်ကွယ်ပြု၍ မြေကြီးထဲသို့ ရောက်ရှိနေချေပြီ။ ချားလ်(စ်) ကွယ်လွန်ကြောင်း မသိရမီကပင် သူသည် ချားလ်(စ်)အား ကွာရှင်းရန် ဆုံးဖြတ်ပြီးဖြစ်၏။ ဤကဲ့သို့ ဆုံးဖြတ်ချက်ချပြီးမှသာ ချားလ်(စ်)ဆုံးကြောင်း သိရ၏။ ယခုသော် ချားလ်အတွက် လွမ်းဆွေးဟန်ဖြင့် အဝတ်နက်ကြီးများ ဝတ်နေခြင်းမှာ လုံးဝအဓိပ္ပာယ်မရှိချေ။ လိမ်ခြင်း၊ ညာခြင်း၊ ဟန်ဆောင်ခြင်းမျှသာ ဖြစ်ချေမည်။ သေသူကိုလည်း လိမ်ညာရာ ကျပေတော့၏။ မိမိလိပ်ပြာကိုလည်း မိမိ မလုံချေ။ ထို့ကြောင့် ရက်ဂျီနာသည် မိမိနှင့် လောလောဆယ် သင့်လျော်မည့် အဝတ်အစားများကိုသာ ရွေးချယ်၍ ဝတ်ဆင်ထားလိုက်လေသည်။

သူသည် ငွေရေးကြေးရေးကိစ္စကို တွေးမိပြန်၏။ လက်ထဲရှိသမျှမှာ နော်မန်ဒီကမ်းခြေ အပန်းဖြေစခန်းတွင် အတော်ကုန်လာခဲ့၏။ သူ ချမ်းသာသမျှမှာ ဒေါ်လာ ၆၀၀၀တန် ခရီးသွား ချက်လက်မှတ်သာ ဖြစ်၏။ ထိုငွေသည်လည်း ချားလ်(စ်)၏အိပ်ထဲမှ ရဲအရာရှိတို့ ရှာဖွေတွေ့ရှိခဲ့သော ငွေဖြစ်၏။ ရဲမှူးဂရင်းပီယားနှင့် ပထမဆုံအကြိမ်တွေ့စဉ်က သူ့အား ဂရင်းပီယားက ပေးခဲ့ခြင်းဖြစ်၏။ ဒေါ်လာ ၆၀၀ ဆိုသည်မှာ အကယ်၍ ချွေချွေ





တာတာသုံးလျှင် မနည်းလှသော်လည်း ယခုမူ သူ့လက်ထဲ၌ တစ်ဝက်မျှပင် မကျန်တော့ချေ။

သို့သော် ထိုငွေရေးကြေးရေးကိစ္စအတွက် သူ၏စိတ်တွင် အနှောင့် အယှက် မဖြစ်ချေ။ သူ၏ဦးနှောက်ထဲတွင် ဘာသိုလိုမြူပြောခဲ့သော မယုံကြည် နိုင်ဖွယ် ဇာတ်လမ်းက ချာချာလည်ဖြစ်နေ၏။ သူ လုံးဝမမျှော်လင့်သည့် ဝမ်းနည်းကြေကွဲဖွယ်ဇာတ်လမ်းသည် သူ၏စိတ်ကို အဘယ်ကြောင့် လာ၍ နှောင့်ယှက်နေရပေသနည်း။ သူ နားမလည်နိုင် သဘောမပေါက်နိုင်သော ဇာတ်လမ်းဖြစ်၏။ ထိုဇာတ်လမ်းတွင် သူကိုယ်တိုင် အဘယ်ကြောင့် ဝင်ကနေ ရသနည်း။ ဤကဲ့သို့သာဆိုလျှင် သူကိုယ်တိုင်လည်း ချားလ်(စ်)လင်းဘတ် ကဲ့သို့ပင် ဖြစ်နိုင်ဖွယ်အကြောင်းရှိ၏။

တစ်မျိုးတစ်မည်အားဖြင့် ပြန်လည်စဉ်းစားပါမူ ဘာသိုလိုမြူ ပြော သမျှ မှန်ကန်ပေလိမ့်မည်။ မိမိ၏အသက်အန္တရာယ်ကို ကာကွယ်ပေးရန် အကူအညီကိုမူ ယခုလောလောဆယ် လိုအပ်လျက် ရှိနေချေပြီ။ သဘောကျ သည်ဖြစ်စေ၊ မကျသည်ဖြစ်စေ ဗဟိုထောက်လှမ်းရေးအေဂျင်စီနှင့် ပူးပေါင်း လုပ်ဆောင်သည်ဖြစ်စေ၊ မလုပ်ဆောင်သည်ဖြစ်စေ မိမိအတွက် အကာ အကွယ် လိုနေသည်မှာကား အမှန်ပင် ဖြစ်တော့၏။

ထိုအကာအကွယ်အတွက် ဘာသိုလိုမြူကို စဉ်းစား၍ ကြည့်မိ၏။ သူ၏မျက်နှာမှာ လူမမာရုပ်ပေါက်၍ ခါးကိုင်းကိုင်း၊ လက်ပြင်ကုန်းကုန်း တစ်ဖက်စောင်းနှင့် ဘာသိုလိုမြူမှာ မိမိအား ကာကွယ်ရန် မဆိုထားဘိ သူ့အတွက်ကိုပင် သူ ကာကွယ်နိုင်ပါမည်လော။ ဤကဲ့သို့သော ဒုက္ခိတ သာသာ လူတစ်ယောက်အပေါ်တွင် မိမိ၏ အသက်အန္တရာယ်အတွက် မှီခို အားထားရ နိုင်ပါမည်လော။ ယောက်ျားတကာတို့ ရှိအပ်သည့် ခွန်အားပင် မပြည့်စုံသော သူသည် မိမိကိုလုံခြုံအောင် ကာကွယ်နိုင်ပါမည်လော။

သူရင်ဆိုင်ရမည့် လူများအားလုံးသည် တောင့်တင်းခိုင်မာ၍ ချက်စက်ကြမ်းကြုတ်သည့် သတ္တာန်ဆောင်နေကြသူများ ဖြစ်၏။ လူကြမ်း ကြီးများ ဖြစ်ဟန်တူ၏။ ဇာတ်လမ်းဖွင့်သည့် အချိန်မှစ၍ ကြောက်မက်ဖွယ်ရာ တို့နှင့် ရင်ဆိုင်နေရ၏။ နောက်ထပ် မည်ကဲ့သို့ ဖြစ်လာဦးမည်နည်း ဆိုသည် ကိုလည်း စဉ်းစား၍မရချေ။ ရက်ဂျီနာသည် ထိုအကြောင်းအရာများကို စဉ်းစား၍ မရနိုင်အောင် ရှိနေတော့၏။ သူ၏အိပ်ရာ ကြေးခုတင်ကြီးပေါ်၌



www.burmeseclassic.com

www.burmeseclassic.com



လူ့လိုမ့်၍ မည်ကဲ့သို့ ဆက်လက်လုပ်ကိုင်ရမည်ကိုသာ စဉ်းစားနေမိလေသည်။

သို့ရှိစဉ် သူ၏အခန်းထဲမှ တယ်လီဖုန်းခေါင်းလောင်းမြည်သံကို ရုတ်တရက် ကြားလိုက်ရ၏။ ရက်ကျီနာမှာ ရုတ်တရက် အံ့အားသင့်၍ပင် သွားမိ၏။ သတင်းကောင်းမှ ဖြစ်ပါလေမည်လောဟု ကြိုတင် စဉ်းစားမိ၏။ အန္တရာယ်ရှိမည့်အကြောင်းများ စလာလေပြီလောဟု ဆန္ဒစော၍ တွေးမိ၏။ ဤသို့လျှင် သိချင်ဇောကလည်း ပြင်းပြလှသဖြင့် တယ်လီဖုန်းကို ကောက်၍ ကိုင်လိုက်လေသည်။

"အခု စကားပြောနေတာ မစ္စစ်လင်းဘတ်လား ခင်ဗျာ"

တယ်လီဖုန်းထဲမှ အသံတစ်သံက မေး၏။

"အခုစကားပြောနေတာ ဘယ်သူပါလဲရှင် . . . "

ရက်ကျီနာက တစ်ဖက်မှအမေးကို မဖြေဘဲ ပြန်၍သာ မေးခွန်း ထုတ်လိုက်၏။

"ခင်ဗျား မစ္စစ်လင်းဘတ် ဟုတ်ပါသလား"

တစ်ဖက်မှလည်း ရက်ကျီနာ၏အမေးကို မဖြေဘဲ မေးခွန်းသာ ပြန်၍ထုတ်လိုက်ပြန်၏။

"ဟုတ်ပါတယ် . . . ရှင်ရော ဘယ်သူလဲ"

"ကျွန်တော့်နာမည် ဒိုင်းလ်လို့ ခေါ်ပါတယ်"

"ရှင့်ကို ကျွန်မ သိလို့လား . . . မစ္စတာဒိုင်းလ်"

"ခင်ဗျားနဲ့ ကျွန်တော် မနေ့က အသုဘ အခမ်းအနားမှာ စကား နည်းနည်း ပြောဖြစ်ကြတယ်လေ"

ရက်ကျီနာမှာ အတန်ငယ် တုန်လှုပ်သွား၏။ သူထင်သည့်အတိုင်း သို့မဟုတ် ဘာသိုလိုမြူ ပြောခဲ့ဖူးသည့်အတိုင်း ချားလ်(စ်)၏ အသုဘအခမ်း အနားသို့ တက်ရောက်ခဲ့သော လူစိမ်းလေးယောက်ထဲမှ တစ်ယောက်က စတင်ဆက်သွယ်ခြင်း ဖြစ်၏။ ယမန်နေ့က သူ့အား ရည်မွန်စွာ လာရောက် စကားပြောသောသူမှာ တစ်ဦးသာ ရှိ၏။ ရုပ်အဖြောင့်ဆုံးသောသူသာ ဖြစ်ရ ပေမည်။ သို့သော် ရက်ကျီနာသည် ထိုသူကို မိမိမှတ်မိကြောင်း ချက်ချင်း မပြောလိုပေ။ ယခု လောလောဆယ်ဆယ်၌မူ စကားကို လှီးလွှဲထားလိုက်၏။

"မနေ့တုန်းက ခင်ဗျားကို လာနှုတ်ဆက်တဲ့ လူစိမ်းဟာ ကျွန်တော် တစ်ယောက်တည်းပါ"





"ဝမ်းနည်းပါတယ်ရှင်။ ကျွန်မ အခုထက်ထိ ရှင့်ကို မမှတ်မိပါ ဘူး"

ရက်ကျီနာသည် ဤသို့ လိမ်လည်ပြောလိုက်၏။

တစ်ဖက်မှအသံမှာ အတန်ကြာ ငြိမ်သက်သွား၏။ အကြံရ ခက် သွားဟန်တူ၏။ ဤသည်ကိုပင် ရက်ကျီနာက သဘောကျသွားဟန်တူလေ သည်။ ကမ္ဘာပေါ်တွင် သူလျှိုလုပ်ငန်းကို မိန်းမများထဲမှ အများအပြားပင် လုပ်ကိုင်လျက်ရှိ၏။ အောင်မြင်လည်း အောင်မြင်နေ၏။ ဤသည်မှာ မိန်း ကလေးများအတွက် ကုသိုလ်ကောင်းသည်ဟုလည်း ဆိုရပေမည်။ မိန်း ကလေးများမှာ အများအားဖြင့် မှင်ကောင်း၏။ မူယာမာယာကို သုံးနိုင်၏။ ဤကဲ့သို့ သုံးရန်အတွက်လည်း တန်ဆာပလ္လာပစ္စည်းလည်း ရှိကြ၏။ အလိမ် အညာ အကွေ့အကောက်ကို အမျိုးမျိုး သုံးစွဲနိုင်ကြလေသည်။

"ကောင်းပြီလေ၊ ခင်ဗျားမှတ်မိအောင် ကျွန်တော် ကြိုးစားပြီး ကျွန်တော့် ပုံပန်းသဏ္ဌာန်ကို ကျွန်တော် ပြောပြပါ့မယ်"

ထိုသူ၏အသံက ရက်ကျီနာ၏ အတွေးနယ်ကျွံနေခြင်းကို ဖြတ် တောက်ပစ်လိုက်သကဲ့သို့ ရှိတော့၏။

"ကျွန်တော်ဟာ မနေ့က အသုဘအခမ်းအနားကို လာတဲ့ ခဏ ခဏ နာခေါင်းတတ်တဲ့လူလောက် မဝဘူး။ အရုပ်မနိမ့်ဘူး။ ပြီးတော့ ဖင်သား ဝိတ်နဲ့ ချုပ်ထားတဲ့ ဘောင်းဘီဖင်ကျပ်ဝတ် အရက်သမားလည်း မဟုတ်ဘူး။ မိုးကာအင်္ကျီကြီးကိုဝတ်ပြီး လက်တစ်ဖက် အမြဲတမ်း မိုးကာအင်္ကျီအိတ်ထဲ နှိုက်ထားတဲ့ လူ့ဘီလူးကြီးလောက်လည်း ခန္ဓာကိုယ် မကြီးဘူး။ အဲ. . . ရဲမှူး ရေဒ်ပီးယားလည်း မဟုတ်ဘူး ဆိုပါတော့။ ဒါလောက်ဆို ကျွန်တော် ဘယ်သူ ဆိုတာ ခင်ဗျား တွေးနိုင်စရာပေါ့"

ထိုအခါ ရက်ကျီနာမှာ ဒီလူဟာ မဆိုးဘူးဟု စိတ်ထဲက ကျိတ်၍ နှန့်ခံမိ၏။

"ဟုတ်ကဲ့. . . ကျွန်မ မမှတ်မိပါဘူး။ အခု ရှင် ဘာကိစ္စ ကျွန်မကို ဆက်သွယ်တာလဲ"

"ကျွန်တော် ခင်ဗျားနဲ့ စကားနည်းနည်း ပြောချင်လို့ပါ မစ္စစ်လင်း ဘတ်"

"ဘာကိစ္စနဲ့ ပတ်သက်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားခင်ပွန်းသည် ချားလ်(စ်)နဲ့ ပတ်သက်လို့ပါပဲ။ ဒီညနေစာ ကျွန်တော်တို့ အတူစားကြရင်း အဲဒီကိစ္စကို ဆွေးနွေးကြရအောင်"

တဖက်မှ အလျင်စလို အကြံပြု ဖိတ်ခေါ်သံကို ကြားလိုက်ရ၏။

"ကျွန်တော်တော့ ဆာနေပြီဗျာ။ ညနေစာစားဖို့ အချိန်လည်း ရောက်နေပါပြီ။ ခင်ဗျားလည်း ဆာရောပေါ့။ ခင်ဗျား လောလောဆယ်ဆယ် အားပါတယ်နော်။ ကျွန်တော် အခုပဲ လာခေါ်ပါ့မယ်။ ခင်ဗျား အခန်းကို ကျွန်တော် အခုပဲ ရောက်လာပါလိမ့်မယ်"

"အို... ကျွန်မဘက်က မသေချာသေးဘူးရှင့်... "

ရက်ကီနာကလည်း အလျင်စလို ငြင်းလိုက်၏။ ငြင်းမည်သာ ငြင်းရသည်၊ ချားလ်(စ်)လင်းဘတ်နှင့် ပတ်သက်သည်ဆိုသော ကိစ္စကိုမူ စိတ်ထဲတွင် သိလိုလှ၏။ ထိုသူသည် အသုဘအခမ်းအနားသို့ ရောက်လာသူ တစ်စိမ်းတစ်ရံစာများထဲမှ တစ်ယောက် အပါအဝင်ဖြစ်သည့်ပြင် ဘာသိလိုမြူပြသော ဓာတ်ပုံထဲတွင် မပါဝင်သူဖြစ်၏။ ထိုသူကို ဘာသိလိုမြူက စိတ်ဝင်စားသကဲ့သို့ ရက်ကီနာကလည်း စိတ်ဝင်စား၍ နေမိလေသည်။

"နေပါဦး။ ရှင့်ကို ကျွန်မ မေးစရာမေးခွန်းတွေ ရှိနေတယ်"ဟု ရက်ကီနာက ခတ်ဆတ်ဆတ် ပြောလိုက်၏။

"ဟုတ်ပါတယ်။ ကျွန်တော်လည်း သိပါတယ်။ ဒီမေးခွန်းတွေ အားလုံးကို ကျွန်တော် ဖြေပါ့မယ်။ ညနေစာစားရင်းနဲ့ပေါ့"

"ဒီမှာ... မစ္စတာဒိုင်းလ် ကျွန်မပြောတာကိုလည်း နားထောင်စမ်းပါဦး"

သို့သော် သူ့အသံကို တစ်ဖက်မှ ကြားတော့မည် မဟုတ်ချေ။ တယ်လီဖုန်းကို ချသွားပြီဖြစ်လေသည်။

"အင်း... ရှင်ကတော့ ရှင့်ကိုယ်ရှင် လည်လှပြီလို့ အောက်မေ့နေတာပေါ့လေ"

ရက်ကီနာက တစ်ယောက်တည်း စိတ်ထဲမှာ မှတ်ချက်ချ၍ မေး၏။ ထို့နောက်မှ တယ်လီဖုန်းလက်ကိုင်ကို ပြန်၍ နေသားတကျတင်လိုက်လေသည်။

သူသည် အိပ်ရာပေါ်တွင်ထိုင်ကာ တယ်လီဖုန်းကိုပင် ငေးကြည့်နေမိ၏။ ဓာတ်လမ်းကား စ၍လာချေပြီ။ သူ မည်သို့လုပ်ရပါမည်နည်း။ လောလောဆယ်၌မူ သူ၏ဘဝကား အထီးကျန်ဘဝပင် ဖြစ်တော့၏။ ချက်ချင်းလိုပင် သူ၏စိတ်ထဲ၌ ဘာသိလိုမြူ၏ ပုံသဏ္ဌာန်ပေါ်လာ၏။ မျက်နှာမှာ လှမမာမျက်လုံးတွင် ငွေကိုင်းမျက်မှန်တပ်ထား၍ ဆံပင်များမှာလည်း ကြို့တို့ကြတဲ ရှိနေ၏။ ဆံစအောက်မှ ညှင်းများ၊ ဒက်များ၊ ဘောက်များကလည်း လည်ကုပ်တွင် ပြည့်နှက်လျက် ရှိနေသည်။

ဥပမိရုပ်သည်ကား ကိုယ်တွင်းအင်အားနှင့် မဆိုင်လှချေ။ သူ၏နောက်၌ အဖွဲ့အစည်းကရှိနေ၏။ အကယ်၍ ထိုအဖွဲ့အစည်းသည် ဘာသိလိုမြူအား အကာအကွယ် ပေးထားနိုင်မည်ဆိုက မိမိကိုလည်း ပေးထားနိုင်ပေမည်။ လောလောဆယ်ဆယ် ဘာသိလိုမြူကို မိမိ အားကိုးရပေဦးမည်။ ဘာသိလိုမြူကလည်း ရက်ကီနာအား ဖုန်းပြောသည့် လူစိမ်းကို အလွန်စိတ်ဝင်စားနေ၏။ နောက်တစ်ကြိမ် အဆက်အသွယ်ရလျှင် သူ့အား အကြောင်းကြားရန် ရက်ကီနာအား ပြောထားလေသည်။

ရက်ကီနာသည် စားပွဲပေါ်တွင် တင်ထားသော လက်ဆွဲအိတ်ရှိရာသို့ ထ၍ သွားပြီးနောက် ဘာသိလိုမြူရေးပေးခဲ့သည့် ဖုန်းနံပါတ်ကို မွှေနှောက်ရှာဖွေရာ အလွယ်တကူပင် တွေ့ရသဖြင့် တယ်လီဖုန်းလက်ကိုင်ကို ကောက်ယူပြီးနောက် ထိုနံပါတ်ကို လှည့်လိုက်၏။ တစ်ဖက်မှ တယ်လီဖုန်းမြည်သံကို ကြားရသော်လည်း လက်ခံစကားပြောမည့်သူ ချက်ချင်းရောက်၍ မလာသေးချေ။ ဤကဲ့သို့ တစ်ဖက်မှ ရုတ်တရက် အသံမကြားရသဖြင့် စောင့်ရသည့် အချိန်မှာ စက္ကန့်ပိုင်းသာရှိမည်ဖြစ်သော်လည်း သူ၏ စိတ်ထဲ၌မူ ကမ္ဘာနှင့်ချီ၍ ကြာသည်ဟုပင် ထင်မှတ်မိလေသည်။

အမှန်သော် သူသည် တယ်လီဖုန်းကိုကိုင်၍ တစ်ဖက်မှအသံကို စောင့်မျှော်နေစဉ်အတွင်း သွေးအေးအေးနှင့် အသတ်ခံရနိုင်သည် မဟုတ်ပါလော။ မိမိအားသတ်လိုလျှင် လူသတ်သမားသည် ထိုအချိန်အတွင်း ရောက်လာနိုင်သည် မဟုတ်ပါလော။ ဘာသိလိုမြူထံ မိမိ ဆက်သွယ်နေသည်ကို အကယ်၍ တစ်ဖက်မှရန်သူက သိသွားပါမူ မိမိအပေါ်တွင် မည်ကဲ့သို့ သဘောထားပေလိမ့်မည်နည်း။ တစ်ချိန်က ချားလ်(စ်)သည်လည်း ဗဟိုထောက်လှမ်းရေးသမားဖြစ်သည်ကို သိသဖြင့် အသတ်ခံခဲ့ရပြီ မဟုတ်ပါလော။

သို့ရှိစဉ် တံခါးခေါက်သံ ကြားလိုက်ရ၏။

"ခဏနေဦးဟော့"







www.burmeseclassic.com

www.burmeseclassic.com



ရက်ဂျီနာက အခန်းအပြင်ဘက်ဆီသို့ လှမ်း၍အော်လိုက်၏။ ဟိုတယ်မှ အလုပ်သမားများသည် ၎င်းတို့အား မလိုချင်သည့်အချိန်တွင် ရောက်လာတတ်ကြ၏။ ၎င်းတို့သည် တမင်သက်သက်ပင် အနှောင့်အယှက်ပေးရန် ရောက်လာကြလေသလောဟု တွေးမိ၏။ ၎င်းတို့အား ခန့်ထားသည်မှာ ဟိုတယ်၌ ငှားရမ်းနေထိုင်သူတို့အား အနှောင့်အယှက်ပေးရန် ဖြစ်လေသလော။

တံခါးခေါက်သံမှာ ပိုမိုပြင်းထန်လာ၏။ တစ်ချိန်တည်းမှာပင် ဘာသိုလိုမြူသည် တစ်ဖက်မှနေ၍ တယ်လီဖုန်းကို ကောက်၍ကိုင်လိုက်ကြောင်း သူ၏နားထဲသို့ ဝင်လာသောအသံကြောင့် သိလိုက်ရ၏။ အလုပ်နှစ်ခုကို တစ်ချိန်တည်း တစ်ပြိုင်တည်း လုပ်ရမည်ဖြစ်ခြင်းကြောင့် ရက်ဂျီနာမှာ သူ၏နှုတ်မှ မစောင့်စည်းနိုင်လောက်အောင်ပင် အခန်းအပြင်ဘက်ဆီသို့ လှမ်း၍အော်လိုက်လေသည်။

"ဝင်ခဲ့ ... ဝင်ခဲ့"

တစ်ပြိုင်တည်းပင် တံခါးပွင့်၍ လာတော့၏။ ဝင်လာသူကား ခပ်စောစောကပင် ဖုန်းဆက်ထားသူ ဇာတ်လိုက်ဟန် တူသောသူဖြစ်၏။ သူသည် ရက်ဂျီနာအား ပြုံး၍နှုတ်ဆက်လိုက်၏။

"ဟဲလို ... မဒမ် ...

"ဟဲလို ... "

တစ်ချိန်တည်းမှာပင် တယ်လီဖုန်း၏ အခြားတစ်ဖက်မှ ဘာသိုလိုမြူ၏ ထူးသံကိုလည်း ကြားလိုက်ရ၏။

ရက်ဂျီနာသည် လက်ထဲတွင်ကိုင်ထားသည့် တယ်လီဖုန်းကို ငေးငိုင်ကြည့်ရှုနေမိ၏။ ထို့နောက် သူ၏နံဘေးတွင် လာ၍ရပ်နေသူအား ကြည့်မိပြန်၏။ တစ်ဖန် တယ်လီဖုန်းကို ပြန်၍ကြည့်မိ၏။ သူ၏နှုတ်ကမူ အသံ ဗာစ်စုံတစ်ရာ ထွက်မလာချေ။

"ဟဲလို ... "

ဘာသိုလိုမြူ၏အသံက တယ်လီဖုန်းထဲမှ ခပ်ကျယ်ကျယ် ထွက်ပေါ်လာ၏။

ဘာသိုလိုမြူအား တယ်လီဖုန်းဖြင့် မည်ကဲ့သို့ မိမိပြောရမည်နည်း။ မိမိဖုန်းဆက်ခြင်းမှာ သူစိမ်း၏အကြောင်းကို သတင်းပေးရန်သာဖြစ်၏။ ယခုမူ





သူစိမ်းသည် မိမိနံဘေးသို့ ရောက်၍နေချေပြီ။ မတတ်သာ သည့် အဆုံးတွင် ရက်ဂျီနာသည် တစ်စုံတစ်ရာ မသိသကဲ့သို့ တယ်လီဖုန်းကို ပြန်၍ချလိုက်၏။ ထို့နောက် သူ၏အနီးသို့ ရောက်ရှိလာသော သူစိမ်းအား ငေးမောကြည့်ရှုနေမိ၏။ မိမိကိုယ်တိုင် စိတ်ရှုပ်သွားကြောင်း မပေါ်စေရန် ဟန်ဆောင်ထားရ၏။

"ခင်ဗျား ကျွန်တော့်ကို အခုထိ မမှတ်မိသေးဘူးလား။ ကျွန်တော် ဒိုင်းလ်လေ"ဟု ပြောကာ ထိုသူက သူ့ကိုယ်သူ မိတ်ဆက်လေသည်။

"ရှင် ... ဟယ်ကနေပြီး ဒီလောက်မြန်မြန်ရောက်လာတာလဲ"

"ကျွန်တော် ဟိုဘက်အခန်းမှာ ငှားနေတယ်"

ရက်ဂျီနာမှာ စိတ်တို၍သွား၏။

"ရှင်ဆိုလိုတာက ဒီဟိုတယ်မှာလည်း ရှင်လည်း ငှားနေတယ် ဆိုတာပေါ့"

"မှန်ပါတယ်။ ခင်ဗျားအတွက် အနှောင့်အယှက်ဖြစ်ရင် ကျွန်တော် တောင်းပန်ပါတယ်။ ဒီလိုမှန်းသိရင် ကျွန်တော် ဒီဟိုတယ်မှာ ငှားမနေပါဘူး"

ဤသို့ဖြင့် မစ္စတာဒိုင်းလ်က ရက်ဂျီနာအား နှစ်သိမ့်လိုက်၏။

"ဒါဟာ တိုက်ဆိုင်မှုသက်သက်ဖြစ်တယ်လို့ ရှင်က ကျွန်မကို ယုံကြည်စေချင်သလား"

"ကျွန်တော့်ဘက်ကတော့ ဘာမှပြောစရာမရှိပါဘူးဗျာ။ ကျွန်တော့် မိတ်ဆွေ ချားလ်(စ်)လင်းဘတ်ရဲ့ဇနီးနဲ့ ကျွန်တော် သိကျွမ်းချင်တာကလွဲလို့ ဘာမှ တခြားအကြောင်းထူး မရှိပါဘူး"

"အင်းလေ.. နောက်ထပ်ပြီး ဘာတွေနဲ့ တွေ့ရ ကြုံရ ဆုံရဦးမယ် ဆိုတာတော့ ကျွန်မ မသိဘူး"

ရက်ဂျီနာသည် ခြောက်သွေ့သောအသံဖြင့် ပြောလိုက်၏။

"ဒါဟာ အိပ်မက်ဆိုးကြီးတစ်ခု မက်နေသလိုပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၅

ထိုနေ့ညနေစာကို ရက်ဂျီနာသည် ထိုသူနှင့်အတူ အီးဖဲလ်မျှော်စင်ကြီး၏ ဒုတိယထပ်တွင် တည်ခင်းထားသော ဟိုတယ်၌ စားသောက်ကြ၏။

ရက်ဂျီနာမှာ မိမိကိုယ်တိုင် ုဆိုးမဘဝဖြင့် စိတ်မချမ်းမြေ့ဖွယ် အချိန်များကို ကျော်ဖြတ်လာခဲ့ပြီးနောက် ယခု အခိုက်အတန့်ကလေးမှာ မိမိအတွက် စိတ်ကြည်နူးပျော်ရွှင်ဖွယ် ဖြစ်လာတော့၏။ မစ္စတာလင်းဘတ် သေဆုံးခြင်းနှင့်ပတ်သတ်၍ မစ္စတာဒိုင်းလ်အပေါ် သံသယမကင်းဖွယ်များ ပေါ်ပေါက်ခဲ့သော်လည်း တစ်စုံတစ်ရာအခြေအမြစ် မရှိလှချေ။ ညနေခင်း၏ သာယာမှုနှင့် ပတ်ဝန်းကျင်၏ ရှုခင်းလှပမှုတို့ကြောင့် ရက်ဂျီနာ၏စိတ်မှာ အခိုက်အတန့်အားဖြင့် ချမ်းမြေ့ပျော်ရွှင်လျက် ရှိနေလေသည်။

သို့သော် သူတို့နှစ်ယောက်အကြားတွင် ခြောက်လျက်ရှိသော ထမင်း လုံးတစ္ဆေမှာမူ ပျောက်ကွယ်၍ မသွားချေ။ နှစ်ဦးနှစ်ဖက်စလုံးပင် အာလာ သလ္လာပ စကားအနည်းငယ်စီ ပြောနေကြရာ၌ပင် စကားကို မမှားအောင် ဂရုတစိုက် ပြောနေကြသည်မှာ ထင်ရှားပေသည်။ အထူးသဖြင့် တစ်ဦးကို တစ်ဦး အကဲခတ်နေသည်ကို ရိပ်မိသိရှိနေကြ၏။ သို့နှင့် နှစ်ဦးစလုံးပင် မကြာခဏ စကားပြတ်ကာ ငြိမ်သက်လျက် ရှိနေကြ၏။ သူတို့နှစ်ယောက်စလုံး အတွေးနက်နေသည့်အရာမှာ မစ္စတာလင်းဘတ် အသတ်ခံရသည့် ကိစ္စပင် ဖြစ်လေသည်။

ညနေ ၈ နာရီကျော်၍လာသည့်တိုင်အောင် မေလ၏ကောင်းကင်





ပြင်မှာ ကြည်လင်ဆဲ ဖြစ်၏။ အလင်းရောင်ကား ပတ်ဝန်းကျင်တစ်ခုလုံးတွင် မကွယ်ပျောက်သေးချေ။ သို့နှင့် ရက်ဂျီနာ ထိုင်နေသောနေရာမှ မြို့၏ အနောက်ဘက်ခြမ်းကို အပေါ်မှစီး၍ ကြည့်နေဘိသကဲ့သို့ ကောင်းစွာမြင်ရ လေသည်။

နာမည်ကျော် ကျောက်တုံးကြီးများနှင့် ဆောက်လုပ်ထားသည့် **'Palais De Chaillot'** မှခ်ဦးကြီးကိုလည်း အတိုင်းသား မြင်ရ၏။ ထိုနေရာ မှ ကျော်၍ကြည့်လိုက်သောအခါ လွန်ခဲ့သည့် ခုနစ်လခန့်က မိမိအတွက် ချားလ်(စ်)လင်းဘတ် ငှားရမ်းထားသော တိုက်ခန်းရှိရာ ရပ်ကွက်ကို မြင်ရ၏။ ချားလ်(စ်)သည် ထိုတိုက်ခန်းမှ ပစ္စည်းပစ္စယအားလုံးကို ပြုန်းစားကြီးရောင်း ကာ မိမိအားပစ်၍ ကတိုက်ကရိုက် ထွက်ပြေးခဲ့၏။ မိမိအား နှုတ်ဆက်သည့် အနေဖြင့် မိမိမှာထားသော အင်္ကျီချုပ်ပြီးကြောင်းကိုသာ သတင်းပေးခဲ့၏။ သို့သော် မိမိပေးဆပ်ရန်ရှိသည့် အကြွေး ဒေါ်လာ ၃၅၀ ကိုမူ မည်သည့်နေရာ ၌ ထားခဲ့ကြောင်း မပြောခဲ့ချေ။

ယခုသော် မိမိအတွက် ငွေကိုပင် မမက်မောလှတော့ချေ။ အဝတ် တစ်စုံအတွက် ဒေါ်လာ ၃၅၀ ကုန်ကျရမည်မှာ သဘာဝ မကျတော့ချေ။ မိမိလက်ထဲရှိ ယခု ငွေအနည်းငယ်မျှနှင့်ပင် ယခု နွေရာသီတစ်ခုလုံး သုံး လောက်ပေပြီ။ မိမိအတွက် မည်သည့်မျက်နှာကိုမှ ထောက်ထားရန် မလို တော့ချေ။ လောလောဆယ်ဆယ် အခြေအနေအရ မိမိဘဝကို ကျစ်လျစ် သိပ်သည်းစွာ နေထိုင်ပြီးလျှင် ချွေချွေတာတာ သုံးစွဲရသည်ကိုပင် ကျေနပ် မိလေသည်။

ရက်ဂျီနာသည် အထက်ပါအတိုင်း အတွေးနယ်ချဲ့လျက် ရှိနေရာမှ သူနှင့် မျက်နှာချင်းဆိုင်ထိုင်နေသူ မစ္စတာဒိုင်းလ်ဘက်သို့ လှည့်၍ကြည့်မိ၏။ ဒိုင်းလ်၏မျက်နှာပေးမှာ ခံ့ညားထည်ဝါမှု ယောက်ျားပီသမှုနှင့် အသက်အရွယ် သည့် နိမိတ်လက္ခဏာများက ထင်ရှားပေါ်လွင်လျက် ရှိနေ၏။ သို့သော် ရက်ဂျီနာသည် ယခုထက်တိုင် ဒိုင်းလ်၏အကြောင်းကို တစေ့တစောင်း သိရသေးသဖြင့် အကဲခတ်ရ ခက်နေ၏။ ထို့ကြောင့် စကားစ၍ ကြည့်လိုက် ၏။

"ရှင့်မှာ ပထမနာမည်တော့ ရှိဦးမှာပေါ့။ ဟုတ်တယ် မဟုတ်လား စ္စတာဒိုင်းလ်"



www.burmeseclassic.com

www.burmeseclassic.com



ရက်ဂျီနာသည် မိမိရှေ့ရှိ စားလက်စပန်းကန်ပြားကို အနည်းငယ် တွန်းဖယ်လိုက်၏။ ထို့နောက် အရေးမကြီးသလို စီးကရက်ကို ထုတ်၍ သောက်နေလေသည်။

"ဟာ. . . ရှိတာပေါ့။ လူတိုင်းမှာ ပထမနာမည် ရှိတာပေါ့။ ဒါထက် ခင်ဗျားရဲ့ ညစာကိုရော ခင်ဗျား သဘောကျပါရဲ့လား မစ္စစ်လင်းဘတ်။ နောက်ပြီး ဝိုင်အနီတစ်ခွက်လောက်ကော သောက်ဦးမလား"

ရက်ဂျီနာသည် ပခုံးကို တွန့်၍ပြလိုက်၏။ ဒိုင်းလ်က စကားကို လှီးလွှဲပြောမည့်အကြောင်းကို သူ သိနှင့်ပြီးဖြစ်၏။

"ဒါထက် ရှင်ဟာ ကျွန်မခင်ပွန်း မစ္စတာလင်းဘတ်ရဲ့မိတ်ဆွေ နော်"

"တိတိကျကျတော့ မဟုတ်ပါဘူး"

ရက်ဂျီနာသည် ဒိုင်း၏အဖြေကို လုံးဝ ဂရုစိုက်ဟန်မတူချေ။ သူ့လက်ထဲရှိ ပေါင်မုန့်တစ်ချပ်ကိုသာ အနီရောင်ယိုများဖြင့် သုတ်လျက်ရှိနေ၏။

"ဒါပေမဲ့ ရှင် သူ့ကို သိနေတယ် မဟုတ်လား"

"တွေ့ဖူး ကြုံဖူးတာပါပဲ"

"ဒီမှာ . . . မစ္စတာဒိုင်းလ်"

ရက်ဂျီနာမှာ သည်းမခံနိုင်သကဲ့သို့ ဖြစ်သွား၏။

"ကျွန်မယောကျ်ားနဲ့ ပတ်သက်ပြီး ပြောစရာရှိတယ်လို့ ရှင်ပဲ ပြောတယ် မဟုတ်လား။ ကျွန်မ ဒီကိုရောက်နေတာကလည်း ဒီကိစ္စအတွက်ပဲ မဟုတ်လား"

"ကျွန်တော်တို့ အခုပြောနေကြတာလည်း သူ့အကြောင်း မဟုတ်လား"

"သူ့အကြောင်း ပြောနေတာက ကျွန်မပါ။ ရှင် မဟုတ်ပါဘူး"

ဒိုင်းလ်သည် လက်သုတ်ပဝါတစ်ထည်ဖြင့် ခပ်အေးအေးပင် သူ၏ နှုတ်ခမ်းနှင့် လက်ချောင်းများကိုသုတ်လျက် ရှိနေ၏။

"ဒီမှာ. . . မစ္စစ်လင်းဘတ်။ ပြောကြစို့ဆိုရင် ကျွန်တော်ဆွေးနွေး ချင်တာ ခင်ဗျားယောကျ်ားအကြောင်း မဟုတ်ဘူး"

"ဒါဖြင့် ဘာအကြောင်းလဲ"

ဒိုင်းလ်သည် ပထမဦးဆုံးအကြိမ် ရက်ဂျီနာအား စိုက်၍ကြည့်လိုက် ၏။





"သူ့ငွေတွေကိစ္စပေါ့"

ရက်ဂျီနာသည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးလျှင် တစ်ဖွာ နှစ်ဖွာ ဖွာရှိုက်ပြီးနောက် ပြာခွက်ထဲသို့ ထိုးချေထည့်လိုက်၏။ ကုလားထိုင် နောက်မှီကိုလည်း စိတ်ပျက်လက်ပျက်နှင့် မှီချလိုက်လေသည်။

"ဘာငွေတွေလဲ။ ရှင် ဘာကိုဆိုလိုတာလဲ"

ရက်ဂျီနာက ကောက်ကာငင်ကာ မေးလိုက်၏။

"ကျွန်တော် ဒီကိစ္စကို သေသေချာချာ စဉ်းစားကြည့်မိတယ် မစ္စစ် လင်းဘတ်"

ဒိုင်းလ်သည် ရက်ဂျီနာ၏ မေးခွန်းကို လုံးဝဂရုမစိုက်ဘဲ သူပြော လိုရာကိုသာ ဆက်၍ ပြောနေ၏။

"ရဲဘက်မှာ ခင်ဗျားအစစ်ခံခဲ့သလို ခင်ဗျားအနေနဲ့ ဒီငွေတွေကို မရသေးဘူးပဲထား၊ ကျွန်တော်တို့နှစ်ယောက် အကျိုးတူ ပူပေါင်းဆောင်ရွက် ရင် အမြတ်ထွက်မှာ သေချာပါတယ်"

ရက်ဂျီနာသည် ဒိုင်းလ်၏စကားကို ကြားရသောအခါ အသံထွက် အောင်ပင် ရယ်လိုက်၏။ သို့သော် သူ့ရယ်သံမှာ တမင်လုပ်ယူရသည့် ရယ်သံ ဖြစ်ကြောင်း သိသာလှ၏။

"ကျွန်မ နားလည်ပါတယ်။ ရှင် ဘယ်လိုအမြတ်အစွန်း ထွက်နိုင် မယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်မအတွက် ဘယ်လို အမြတ်အစွန်း ရနိုင်ပါ့မလဲ"

ဒိုင်းလ်၏မျက်နှာမှာ ရှေ့သို့ တိုးလာပြီးလျှင် ခါးကိုလည်း အတန် ငယ် ကိုင်းလိုက်လေသည်။

"ဒါဖြင့် ဒီငွေတွေ ခင်ဗျားမရသေးဘူးဆိုတာ သေချာတယ်ပေါ့"

"ကျွန်မ ရှင့်ကို ဘာမှမပြောရသေးပါလား။ ကျွန်မအနေနဲ့ ပြော စရာရှိတာကတော့ ရှင် အခု ဘာတွေပြောနေတယ်။ ဘာတွေ အပေးအယူ လုပ်နေတယ်ဆိုတာ ကျွန်မ နားမလည်သေးဘူး။ ဒါပဲ . . . "

ရက်ဂျီနာက အသံပြတ်ဖြင့် ပြောလိုက်ပြီးလျှင် စီးကရက်အသစ် တစ်လိပ်ကို မီးညှိသောက်နေ၏။ ထို့နောက် မီးခိုးများကို မှုတ်ထုတ်လိုက် လေသည်။

"ဒီမှာ . . . မစ္စစ်လင်းဘတ်၊ ကျုပ် သတင်းတစ်ခု အတိအကျ



www.burmeseclassic.com

www.burmeseclassic.com



ရှထားတယ်'' ဒိုင်းလ်က လေးနက်သည့်အသံဖြင့် ပြောလိုက်၏။ ရက်ဂျီနာကမူ ရယ်မော၍ နေပြန်၏။ ယခုရယ်သံမှာ ဟက်ဟက်ပက်ပက် ရှိလှ၏။

''ဒီမှာ... မစ္စစ်လင်းဘတ်၊ ခင်ဗျားကို ကျွန်တော် ထပ်ပြောမယ်။ ခင်ဗျားဟာ ခင်ဗျားယောကျ်ားရဲ့ အတိတ်အဖြစ်အပျက်တွေကို တစ်ခုမှ မသိဘူးဆိုတာ ကျွန်တော်သိတယ်။ အဲ ... ကျွန်တော်ကလည်း သူ့ရဲ့ နောက်ကြောင်းရာဇဝင်ကို သိပေမယ့် သူမသေခင် အချိန်ကလေးမှာ ဘာတွေ ဖြစ်တယ်ဆိုတာတော့ မသိဘူး။ ခင်ဗျားနဲ့ မင်္ဂလာဆောင်ပြီးတဲ့ အချိန်က စပြီး ဆိုပါတော့''

ဒိုင်းလ်သည် ရက်ဂျီနာ၏လက်ကို ဆွဲကိုင်လိုက်၏။ ပြီးမှ တိုးတိုး လေသံဖြင့် ...

''အဲဒါကြောင့် ခင်ဗျားသိတာနဲ့ ကျွန်တော်သိတာ နှစ်ယောက် ပေါင်းပြီးလုပ်ကြရင် ကျွန်တော်တို့နှစ်ယောက်စလုံးအတွက် အကျိုးရှိမယ် ပြောတာပေါ့''

ရက်ဂျီနာမှာ မှိုင်သွား၏။ အတွေးထဲတွင် နှစ်မြုပ်နေ၏။ မည်ကဲ့သို့ ဆက်ပြောရမည်၊ မည်ကဲ့သို့ ဆက်လက်လုပ်ရမည်ကိုပင် မသိတော့ချေ။ တဒင်္ဂအားဖြင့် မိမိဘဝကို မေ့သွား၏။ ဒိုင်းလ်ကိုင်ထားသော မိမိလက်ကိုပင် ပြန်လည်ရုပ်သိမ်းရန် မေ့လျော့နေ၏။ တစ်ယောက်မျက်နှာကို တစ်ယောက် အကဲခတ် စူးစိုက် ကြည့်ရှုနေမိကြလေသည်။

''နောက်အချက် တစ်ချက်လည်း ရှိသေးတယ်။ ဒီကိစ္စကြီး မပြီး မြောက် မအောင်မြင်မချင်း ခင်ဗျားအနားမှာ မားမားမတ်မတ် ရပ်ပေးမယ့် ယောကျ်ားအဖော်တစ်ယောက် မုချလိုမှာပဲ။ ဘာကြောင့်လဲဆိုတော့ တချို့ နေရာတွေမှာ မိန်းကလေးတစ်ယောက် မဆောင်ရွက်နိုင်တဲ့ ကိစ္စတွေရှိလို့ပဲ''

''ဘယ်လိုကိစ္စမျိုးမှာလဲ''

''ကိုယ့်ကို အသက်အန္တရာယ်ရှာလာမယ့် လူသတ်သမားကို ခုခံ ကာကွယ်တဲ့ အခါမျိုးမှာပေါ့။ တကယ်တော့ ချားလ်(စ်)လင်းဘတ် ကိုယ်တိုင်လည်း အသတ်ခံရတာပဲ မဟုတ်လား''

''ကောင်းပြီလေ မစ္စတာဒိုင်းလ်''

ရက်ဂျီနာမှာ စကားစရှာမရသဖြင့် ပြောမိပြောရာ ပြောချလိုက်၏။

''ကျွန်မ ကိစ္စတစ်ခုအတွက် ခဏကလေး ဖုန်းဆက်ခွင့်ပြုပါ''





သို့ပြောရင်း ရက်ဂျီနာသည် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်၏။ ဒိုင်းလ်မှာ တားမြစ်ရန်ပင် အချိန်မရလိုက်ချေ။

ရက်ဂျီနာသည် အီးဖဲလ်မျှော်စင် အပေါ်ထပ် ညာဘက်ထောင့်စွန်းတွင် တပ်ဆင်ထားသည့် တယ်လီဖုန်းရှိရာသို့ ထွက်သွား၏။ ထို့နောက် လွတ်နေသော တယ်လီဖုန်း စကားပြောအိမ်ကလေးအတွင်းသို့ ဝင်သွားပြီးလျှင် မစ္စတာဘာသိုလိုမြူထံ ဆက်သွယ်လိုက်၏။ ထိုအကြိမ်၌မူ ဘာသိုလိုမြူနှင့် ချက်ချင်းပင် အဆက်အသွယ် ရလိုက်လေသည်။

''အခု ကျွန်မ ရက်ဂျီနာလင်းဘတ် စကားပြောနေပါတယ် မစ္စတာ ဘာသိုလိုမြူ''

ရက်ဂျီနာသည် ဤသို့ စတင်နှုတ်ဆက်လိုက်၏။

''ဩော် ... ဟုတ်ကဲ့၊ ဟုတ်ကဲ့ မစ္စစ်လင်းဘတ်လား။ ခင်ဗျား ကျုပ်တို့ကို ကူညီဖို့ ဆုံးဖြတ်ပြီးပြီလား''

''ကျွန်မ အခု ''သူ''နဲ့ ညစာစားနေပါတယ်''

ရက်ဂျီနာသည် ဘာသိုလိုမြူ၏မေးခွန်းကို ပြန်မဖြေဘဲ မိမိပြောလိုရာကို ပြောချလိုက်၏။

''ခင်ဗျားပြောတာ ကျုပ် နားမလည်ပါဘူး။ ဘယ်သူနဲ့ ညစာစား နေတာတုန်း''

''သူလေ... ရှင်ပဲ စိတ်ဝင်စားလှချည်ရဲ့ဆိုတဲ့ လူပေါ့။ နာမည်က ဒိုင်းလ်တဲ့''

ဘာသိုလိုမြူဘက်မှ အတန်ကြာ တိတ်ဆိတ်သွား၏။ ရက်ဂျီနာ ဘာပြောသည်ကို တတ်နိုင်သမျှ တစ်စုံတစ်ရာ စဉ်းစားနေဟန်တူ၏။

သို့နှင့် ရက်ဂျီနာက ...

''ရှင်... ကျွန်မ ပြောနေတာ ကြားရဲ့လား''ဟု မေးသောအခါမှသာ တစ်ဖက်မှ ...

''အား ... ဟုတ်ပြီ ... ဟုတ်ပြီ၊ မှတ်မိပြီ မစ္စစ်လင်းဘတ်။ ခင်ဗျားနဲ့ ကျုပ် အရေးတကြီးတွေ့ဖို့တော့ လိုအပ်လာပြီ။ ဒီညပဲ တွေ့ကြမယ်။ ကျုပ် ခင်ဗျားကို ... ''

ထိုအချိန်တွင် တယ်လီဖုန်း စကားပြောအိမ်ကလေး၏ မှန်တံခါး ရုတ်တရက် ပွင့်သွား၍ တံခါးဝ၌ ရပ်နေသူကို တွေ့လိုက်ရသဖြင့် ရက်ဂျီနာမှာ



www.burmeseclassic.com

www.burmeseclassic.com



အတော်ပင် အံ့အားသင့်သွားမိ၏။

ထိုသူသည်ကား ကိုယ်လုံးကိုယ်ထည် ထွားထွားကျိုင်းကျိုင်း နဖူး ပြောင်ပြောင်နှင့် လိပ်ခွံကိုင်း မျက်မှန်တပ်ထားသူ ဖြစ်၏။ ရက်ဂျီနာသည် ၎င်းအား ချက်ချင်းလိုပင် မှတ်မိလိုက်၏။ ထိုသူသည် ချားလ်(စ်)လင်းဘတ်၏ အသုဘအခမ်းအနားသို့ ရောက်လာသူများထဲမှ တစ်ယောက်ဖြစ်၏။ ထိုသူမှာ ဘာသိုလိုမြူပြသော ဓာတ်ပုံထဲတွင်ပါသည့် လူတစ်ယောက်လည်း ဖြစ်၏။ ဘာသိုလိုမြူ ပြောပြချက်အရ ထိုသူ၏အမည်မှာ "လီယိုပိုးလ်ဒဗလျူ ဂစ်ဒီယွန်" ဖြစ်၏။ ထိုအခါ ရက်ဂျီနာမှာ ဘာသိုလိုမြူနှင့် ဆက်လက် စကားပြောရန် မဖြစ်တော့သည်ကို သိလိုက်သည်နှင့် စကားကို လှီးလွှဲပစ် လိုက်လေသည်။

"ကောင်းသောညပါ ဆယ်လီ၊ နောက်မှပဲ မင်းကို ငါ ဆက်သွယ် ပါဦးမယ်"

ထိုသို့ပြောရင်း ဖုန်းလက်ကိုင်ကို ချလိုက်၏။

"မစ္စစ်လင်းဘတ်ပါလား ခင်ဗျား"

ဂစ်ဒီယွန်းက မှည့်ကျေးစွာ နှုတ်ဆက်၏။

"ရှင် ... ဘာကိစ္စရှိလို့ပါလဲ"

"ချားလ်(စ်)လင်းဘတ်က ခင်ဗျားကို ဘာမှမပြောခဲ့ဘူးလား"

"ဘာပြောခဲ့ရမှာလဲ"

"ဒီပစ္စည်းတွေဟာ သူတစ်ယောက်ထဲပိုင်တာ မဟုတ်ဘူး။ ကျုပ် တို့အားလုံး ပိုင်တယ်။ ကျုပ်တို့အားလုံး ဆိုင်တယ်။ ခင်ဗျား သိတယ် မဟုတ်လား။ ခင်ဗျား သိပါတယ်လေ"

"မသိဘူး လုံးဝမသိဘူး"

ရက်ဂျီနာသည် အသံခပ်မာမာဖြင့် ပြန်ပြောလိုက်၏။ ဂစ်ဒီယွန်း သည် သူ၏မျက်လုံးများကို လေးငါးကြိမ်ခန့်မျှ ပေကလပ်ပေကလပ် လုပ်၍ နေ၏။

"ခင်ဗျား ... ဒီကိစ္စကို မသိချင်ဟန်ဆောင်မနေနဲ့တော့ မစ္စစ် လင်းဘတ်။ ဒီကိစ္စဟာ တကယ်အရေးကြီးပြီး တကယ်အန္တရာယ်ကြီးတဲ့ အချိန် ရောက်လာပြီ၊ နောက် ဒီကိစ္စကို ကျုပ်တို့အပြင် တခြားတစ်စိမ်းတစ်ရံ စာထဲကလည်း သိသွားပြီ"





ဂစ်ဒီယွန်းသည် တောင်းပန်သောမျက်နှာဖြင့် တစ်လုံးချင်း ပြော ချလိုက်သည်။

ရက်ဂျီနာသည် တယ်လီဖုန်းအိမ်ထဲမှ ထွက်ရန် ဟန်ပြင်လိုက်၏။ သို့သော် ဂစ်ဒီယွန်းက သူ၏ကြီးမားသော ခန္ဓာကိုယ်ကြီးဖြင့် အပေါက်ဝမှ နေ၍ ပိတ်ဆို့ထား၏။ ရက်ဂျီနာသည် ၎င်းအား မော့၍ကြည့်ရင် တောင်း ပန် လိုက်၏။

"ကျွန်မကို မနှောင့်ယှက်ပါနဲ့ရှင်... ဖယ်ပါ။ ကျွန်မကို စောင့်နေ တဲ့ လူတစ်ယောက်ရှိပါတယ်"

"ကျုပ်ပြောချင်တာ ပြောပါရစေဦး။ ကျုပ်တို့ ဘက်က မစ္စတာ ချားလ်(စ်)လင်းဘတ်ကို မသတ်ပါဘူး။ ကျုပ်တို့ ကျိတ်ကြံနေတဲ့ ကိစ္စကို သိတဲ့ လူတစ်ယောက်တော့ ရှိနေပြီ။ အဲဒီလူက... "

သို့ရှိစဉ် ရက်ဂျီနာသည် ဂစ်ဒီယွန်း၏ခြေသလုံးကို သူ၏ ခွာမြင့် ဒေါက်ဖိနပ်ဖြင့် အားကုန် ကန်လိုက်၏။ ရက်ဂျီနာက ဤကဲ့သို့ ကန်လိုက် သောကြောင့် ဂစ်ဒီယွန်း၏မျက်နှာမှာ ရှုံ့မဲ့သွား၏။ ထိုသောနေရာကို လက်ဖြင့် လည်း ပွတ်သပ်နေ၏။ သို့သော် ညည်းညူ၍ကား မနေချေ။

"ဒီငွေတွေဟာ တို့ငွေတွေပါ။ တို့လည်း ပိုင်ပါတယ်"ဟု နှုတ်မှ အတွတ်တွတ် ပြော၍နေလေသည်။

ရက်ဂျီနာကမူ ရသောအခွင့်အရေးကို လက်လွှတ်မခံဘဲ ဂစ်ဒီယွန်း ကို တွန်းဖယ်၍ အပြင်သို့ ထွက်ပြေးသွား၏။ ကော်ရစ်ဒါအကွေ့သို့ ရောက် သောအခါ သူ့ကို ထိုင်စောင့်နေသော ဒိုင်းလ်အား တွေ့လိုက်ရသောကြောင့် ကိုယ်ရှိန်သတ်လိုက်ရ၏။ နောက်သို့ ပြန်၍ လှည့်ကြည့်လိုက်သောအခါ ဂစ်ဒီယွန်းအား လုံးဝမတွေ့ရတော့ချေ။

ဤမျှလောက် အရေးကြီးနေသည့် အခိုက်အတန့်တွင် မိမိသည် အခြားတစ်နေရာသို့ ထွက်မသွားဘဲ အဘယ့်ကြောင့် ဒိုင်းလ်ထံသို့ ပြန်၍ ဘာလေသနည်းဟု မိမိကိုယ်ကိုမိမိ မေး၍နေမိ၏။ တစ်ချိန်တည်းမှာပင် ဤကိစ္စကို တစ်စိမ်းတပ်ဟ်ရံစာတစ်ယောက် သိသွားပြီဟု ဂစ်ဒီယွန် ပြောခဲ့ သည့် စကားကို ပြန်၍သတိရမိ၏။ ထိုတစ်စိမ်းတစ်ရံစာကား မစ္စတာဒိုင်းလ် နှင့် အခွင့်အလမ်းက ပို၍များလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၈

ထိုည၌ ၁၀ နာရီကျော်ကျော်အချိန်တွင် ရက်ဂျီနာနှင့် ဒိုင်းလ်တို့သည် ဟိုတယ်ဘောက်ဂျီရတ်သို့ ရောက်လာကြ၏။ ဒိုင်းလ်သည် အငှားယာဉ်ခကို ခပ်မြန်မြန်ပေးပြီးလျှင် ဟိုတယ်အတွင်း ဝင်တော့မည်ပြုနေသော ရက်ဂျီနာ၏လက်မောင်းကို ဖမ်း၍ဆွဲလိုက်ပြီးနောက် ဟိုတယ်တွင်းသို့ အခန့်သား ဝင်သွားလေ၏။ ဒိုင်းလ်သည် ရက်ဂျီနာကို အလွတ်မပေးနိုင်တော့ပြီလော။

"ခင်ဗျား . . . ဘယ်လိုဆုံးဖြတ်ပြီးပြီလဲ။ ကျွန်တော် ပြောသလို ကျွန်တော်တို့နှစ်ယောက် ပူးပေါင်းဆောင်ရွက်မယ် မဟုတ်လား"

ဒိုင်းလ်သည် ရက်ဂျီနာအား အကဲခတ်ရင်း အသံခပ်အုပ်အုပ်ဖြင့် မေးလိုက်၏။

"ကျွန်မ . . . ဒီတစ်ညတော့ စဉ်းစားပါရစေဦး။ မနက်ဖြန်ကျမှ အဖြေပေးပါရစေ"

ရက်ဂျီနာက တုံ့ဆိုင်းဆိုင်းနှင့်ပင် အဖြေပေးလိုက်၏။ ရက်ဂျီနာသည် သူ့အခန်းထဲရှိ တယ်လီဖုန်းကိုသုံး၍ ဘာသိုလိုမြူအား ဆက်သွယ်တိုင်ပင်နိုင်ပေမည်။ သူသည် ဘာသိုလိုမြူအား တစ်စုံတစ်ရာ အတိအကျ မပြောရသေးချေ။

ဒိုင်းလ်က ရက်ဂျီနာအား . . .





"ညအိပ်ရာဝင်အတွက် အရက်တစ်ခွက်စီလောက် သောက်ကြရအောင်"

"ကျွန်မ . . . သိပ်ပင်ပန်းနေပြီ မစ္စတာဒိုင်းလ်။ ကျွန်မ အခန်းပြန် အိပ်ချင်နေပြီ"

"ဟုတ်ပါတယ်။ ခင်ဗျား အမောပြေသောက်ဖို့ ပြောတာပါ။ ခင်ဗျား ဒီည ကောင်းကောင်းမွန်မွန် အိပ်ပျော်သွားအောင်လို့ပါ။ အိပ်ရာဝင်ခါနီး အရက်တစ်ခွက်လောက် သောက်သွားဖို့ ကျွန်တော် တိုက်တွန်းတာပါ"

ဒိုင်းလ်သည် ပြောပြောဆိုဆိုနှင့်ပင် ရက်ဂျီနာ၏လက်မောင်းကို ကိုင်ဆွဲကာ ညည့်ခန်းဖြတ်၍ အရက်ရောင်းသည့်အခန်းသို့ ခေါ်သွားလေသည်။

"ဟား . . . ဟား . . . ဟား . . . "

သူတို့နောက်မှ အသံနက်ကြီးဖြင့် ရယ်သံတစ်သံကို ရုတ်တရက် ကြားလိုက်ရသဖြင့် နှစ်ယောက်သား နောက်သို့ပြန်၍ ပြိုင်တူလှည့်ကြည့်လိုက်ကြ၏။ ထိုအချိန်၌ အရက်ရောင်းသည့် အခန်းထဲတွင် လူရှင်းလျက်ရှိ၏။ အရက်ရောင်းသူမှာ တာဝန်အရရှိနေ၏။ အခန်းထဲတွင် နောက်တစ်ယောက်လည်း ရှိသေးရာ ၎င်းမှာ ခပ်ပိန်ပိန်၊ အရပ်ခပ်မြင့်မြင့်၊ ဇင်သားဝတ်စကို ဘောင်းဘီချုပ်ဝတ်ထားသည့်သူ ဖြစ်၏။ လည်ပင်း၌ လည်ပတ်အကြားတစ်ခု ပတ်ထား၏။ ရက်ဂျီနာသည် ထိုသူအား ချက်ချင်းပင် မှတ်မိလိုက်၏။ ထိုသူသည် ချားလ်(စ်)လင်းဘတ်၏ အသုဘအခမ်းအနားသို့ ရောက်လာသော လူတစ်ယောက်ဖြစ်၏။ မည်သူကမျှ သူ့အား စကားမပြန်မီ သူသည် စားပွဲမှထလာ၍ . . .

"ကျုပ်တို့ အရက်နည်းနည်းစီလောက် သောက်ကြရအောင်"

သူ၏အသံမှာ အခန်းကျဉ်းကလေးထဲတွင် ဟိန်း၍သွား၏။

ဒိုင်းလ်က ရက်ဂျီနာအား လှည့်ကြည့်လိုက်ရင်း . . .

"အရက်နည်းနည်းသောက်ရအောင်"ဟု သံယောင်လိုက်၍ ပြောလိုက်၏။

ရက်ဂျီနာက တီးတိုးလေသံဖြင့် . . .

"ရှင် . . . သူ့ကို သိလို့လား"

"ခင်ဗျား . . . မသိဘူးလား။ ခင်ဗျားခင်ပွန်း အသုဘကိစ္စကိုတောင် လာသွားသေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . ကျုပ်မိတ်ဆွေတွေအတွက် အရက်နှစ်ခွက်လောက် ထပ်ပေးစမ်းပါ"

ထို ပိန်ပိန်ရှည်ရှည်လူက အရက်ရောင်းသူအား ပြောလိုက်၏

"ပြီးတော့ . . . ကျုပ်အတွက် သပ်သပ် အရက်နှစ်ခွက်လောက် ထပ်စပ်ပေးပါ"

ပြောပြောဆိုဆိုနှင့်ပင် ထိုသူသည် ဒယီးဒယိုင်ဖြင့် စားပွဲတစ်လုံး၏ ပတ်လည်တွင် ကုလားထိုင်သုံးလုံးကို နေရာပြင်လိုက်ပြီးလျှင် ရက်ဂျီနာနှင့် ဒိုင်းလ်တို့အားလည်း ထိုစားပွဲသို့ လာရောက်ထိုင်ရန် ဖိတ်ခေါ်လေသည်။

"ကျွန်မတို့ ဘာလုပ်မလဲ"

ရက်ဂျီနာက ဒိုင်းလ်ကို တီးတိုးမေးမိ၏။

"ကိုင်း . . ခင်ဗျား သွားပြန်အိပ်တော့ မစ္စစ်လင်းဘတ်၊ ကျွန်တော် သူ့ကို စကားပြောမယ်"

"အို . . . ဒီလိုလည်း မဟုတ်ဘူးလေ"

ပြောပြောဆိုဆိုနှင့်ပင် ရက်ဂျီနာသည် ဖိတ်ခေါ်နေသူ၏ စားပွဲသို့ သွား၍ထိုင်လိုက်၏။ ဤနေရာတွင် မိန်းကလေးတို့၏ဗီဇနှင့် သဘာဝအတိုင်း "ဘယ်သူတွေ၊ ဘာကြောင့်"စသည်တို့ကို အလွန်သိချင်နေဟန်တူ၏ သို့မှလည်း ဘာသိုလိုမြူထံသို့ ဆက်သွယ်သောအခါ အချက်အလက်များ ပြည့်စုံပေမည်။

ဒိုင်းလ်သည် ရက်ဂျီနာ၏နောက်မှ ကပ်၍လိုက်သွား၏။ ဒိုင်းလ် သည် မိမိ၏မျက်နှာပေါ်တွင် ပေါ်လာသော အပြုံးကိုမူ မိမိကိုယ်တိုင် သတိ ထားမိဟန် မတူချေ။

"ကျုပ်နာမည် ပင်သိုလောင်းလို့ ခေါ်ပါတယ်၊ ဂျိုးပင်သိုလောင်း ပါ"

စားပွဲမှလူသည် သူ့ကိုယ်သူ မိတ်ဆက်၏။ ထို့နောက် သူက ဆက်လက်၍ . . .

"အများကတော့ ကျုပ်ကို တက်စ်လို့ ခေါ်ကြပါတယ်။ ကျုပ် "ပို့ဒ်ဝပ်သ်"က လာတာပါ"

ထိုသူသည် သူ့ကိုယ်သူ မဟန်နိုင်တော့ဘဲ ဒယီးဒယိုင်ဖြင့် ကုလား ထိုင်ပေါ်သို့ ဆောင့်ကျသွားတော့၏။





"ကိုင်း . . . ထိုင်ကြပါဦး"

ရက်ဂျီနာနှင့် ဒိုင်းလ်တို့သည် "ဘယ်လိုလဲ"ဟူသော သဘောမျိုး ဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီးနောက် ကုလားထိုင်များ ပေါ်သို့ ထိုင်လိုက်ကြလေသည်။

"ကျုပ်ကိုတော့ ဗျို့ . . . သနားစရာကောင်းလောက်အောင် ချားလ်(စ်)သေဆုံးတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရဲဘက်က မေးလိုက်မြန်းလိုက်တာ စုံနေတာပဲ"

တက်စ်က လျှာလေးအာလေးကြီးဖြင့် စကားစ၍ပြောလေသည်။

"ခင်ဗျား . . . သူတို့ကို ဘာတွေပြောလိုက်သလဲ"

ဒိုင်းလ်က စိတ်ဝင်စားစွာဖြင့် မေးလိုက်၏။

သို့ရှိစဉ် ကောင်တာမှ အရက်ရောင်းသူသည် အရက်ခွက်လေးခွက် ကို သူတို့စားပွဲရှိရာသို့ လာရောက်ချပေး၏။ ဒိုင်းလ်သည် ကွယ်လွန်သူ ချားလ်(စ်)အတွက် ဆုမွန်ကောင်းတောင်းရန် အရက်ခွက်ကို မြှောက်လိုက်စဉ် တက်စ်သည် အရက်နှစ်ခွက်စလုံးကို တဆက်တည်း မော့ပစ်လိုက်သဖြင့် ရက်ဂျီနာနှင့် ဒိုင်းလ်တို့မှာ ငေး၍ကြည့်နေရတော့၏။

"ကျုပ်က သူတို့ကို ဘာပြောနိုင်မှာမို့လဲ"ဟု အရက်အိုးကြီးသည် လျှာလေးအာလေးကြီးဖြင့် စကားစ၍ ပြောလိုက်၏။ သူ၏ မျက်လုံးအစုံမှာ ကုန်၍သွားသော အရက်ဖန်ခွက်နှစ်ခွက်ကို ငေးမောကြည့်ရှုလျက်ရှိလေသည်။

"ကျုပ် . . . ဒီကိုရောက်လာတာဟာ ချားလ်(စ်)ရဲ့ အဖြစ်ဆိုးကို သတင်းစာထဲက ဖတ်ရပြီးမှ ရောက်လာတာပဲ၊ ဒီတော့ ကျုပ် ဘာပြောနိုင်မှာ လဲတုန်း"

သို့ပြောရင်း တက်စ်၏မျက်လုံးများမှာ မှိတ်၍သွားတော့၏။ အသံ သည်း တိမ်၍သွား၏။ မိနစ်ပိုင်းအတွင်း၌ပင် သူ၏ပုံးစပ်ကြီးသည် ပြန့်၍ သာကာ အိပ်ပျော်သွားပြီးနောက် ဟောက်၍ပင်နေလေသည်။

"သူ . . . တကယ် အိပ်ပျော်သွားပြီလို့ ထင်သလားဟင်"

ရက်ဂျီနာသည် ဒိုင်းလ်၏ မျက်နှာကိုကြည့်ကာ ခပ်အုပ်အုပ် လေသံ ဖြင့် တအံ့တသြမေးလိုက်၏။

"ဟင့်အင်း . . . သူဟာ ကျွန်တော်တို့ ဘာတွေဆက်ပြောမလဲ ဆိုတာ နားထောင်ဖို့ အိပ်ချင်ဟန်ဆောင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ရက်ဂျီနာသည် ကုလားထိုင်မှထ၍ တက်စ်အား ငုံ့ကြည့်ရာ အကယ်ပင် အိပ်ပျော်သွားသည်ဟု ထင်မိလေသည်။

"ရှင်... ဘယ်လိုပြောလိုက်သလဲ။ ကျွန်မတော့ သူ တကယ် အိပ်ပျော်သွားပြီလို့ ထင်တာပဲ"

ဒိုင်းလ်သည် သူ၏လက်ကျန်အရက်ကို နှစ်ငုံနှင့် ကုန်အောင် သောက်လိုက်ပြီးနောက် ရက်ဂျီနာအား စိုက်ကြည့်ကာ...

"စောစောက ခင်ဗျားအိပ်ချင်နေတယ်လို့ ပြောတယ်မဟုတ်လား။ ကဲ... ခင်ဗျားအခန်းကို ကျွန်တော်လိုက်ပို့ပါရစေ"

"ကျွန်မ အိပ်ချင်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ နေပါစေ"

ရက်ဂျီနာက ပျာပျာသလဲ ငြင်းလိုက်၏။

"ကိစ္စမရှိပါဘူး။ ကျွန်တော်လည်း ကျွန်တော့်အခန်းကို ပြန်တက်တော့မှာပဲ"

"ဒီလိုဆို ကျုပ်လည်းလိုက်မယ်လေ။ ကျုပ်သွားမယ့်လမ်းပဲ"

အိပ်ချင်ဟန်ဆောင်နေသူ တက်စ်က ဖြုန်းခနဲ ပြောလိုက်ရာ ရက်ဂျီ နာမှာ လန့်၍ပင်သွားပြီးနောက် မကျေနပ်သည့်ဟန်ဖြင့် မျက်စောင်းတစ်ချက် ထိုးလိုက်လေသည်။

"ခင်ဗျားက ဘယ်မှာနေတာလဲ"

ဒိုင်းလ်က တက်စ်အား မေးလိုက်လေသည်။

"ကျုပ်လည်း ဟောဒီဟိုတယ်ရဲ့ အပေါ်ထပ်မှာပါပဲ"

တက်စ်သည် မည်သူ၏အကူအညီမျှ မယူဘဲ ထ၍လာလေသည်။ ထို့နောက် လွယ်လွယ်ကူကူပင် အရက်ရောင်းသည့် ကောင်တာသို့သွား၍ အရက်ရောင်းသူနှင့် စကားပြောလျက်ရှိလေသည်။

"နောက်ထပ် တစ်ပုလင်းလောက် ကျုပ်အခန်းထဲကို ပို့ပေးနိုင် မယ် မဟုတ်လား"

ထို့နောက် ကျသင့်ငွေများကို တွက်ချက်ပြီးလျှင် ချက်လက်မှတ် တစ်စောင် ရေးပေးလိုက်၏။

ဒိုင်းလ်၊ ရက်ဂျီနာနှင့် တက်စ်တို့သည် ရှေ့ဆင့်နောက်ဆင့် အရက်ခန်းထဲမှ ထွက်လာကြ၏။ သူတို့၏ အခန်းသော့များထားရာ မှန် ဆီသို့ သွားကြရာ ရက်ဂျီနာမှာ မိမိအတွက် မမျှော်လင့်သော အံ့သြဖွယ်





တစ်ခုကို အမှတ်မထင် တွေ့မြင်လိုက်ရ၏။ ထို အံ့သြဖွယ်အကြောင်းမှာ ဂစ်ဒီယွန်သည် ညစောင့်စာရေးထံမှ အခန်းသော့ကို တောင်းနေသောကြောင့် ဖြစ်၏။ ဂစ်ဒီယွန်သည် သူတို့ ခြေသံကြားသဖြင့် နောက်သို့ လှည့်၍ကြည့်လိုက် သေး၏။

ဂစ်ဒီယွန်သည် သူတို့လူသိုက်အား တစ်စုံတစ်ရာပြောရန် ဟန်ပြင် သေး၏။ သို့သော် ချက်ချင်းစိတ်ပြောင်းသွားဟန်တူ၏။ သို့နှင့် သူသည် မည်သို့မျှ မပြောတော့ဘဲ ဦးခေါင်းကို ညိတ်ရုံသာညိတ်ပြပြီးနောက် သူ၏ သော့ကို ယူပြီးလျှင် အပေါ်ထပ်သို့ တက်သွားတော့၏။ လှေကားပေါ်သို့ သူတက်သွားစဉ် သူ၏ခြေတစ်ဖက်မှာ ထော့နင်းဖြစ်နေသည်ကို ရက်ဂျီနာ သတိထားလိုက်မိ၏။

"ဟင်း... ဒီဟိုတယ်ဟာ တယ်ပြီးလူစုံပါကလား။ ကျွန်မခင်ပွန်း ရဲ့ အသိတွေအားလုံးကို ဒီမှာ လာတွေ့ရတယ်"

"ဒါကတော့ တိုက်ဆိုင်မှုပဲလို့ ဆိုရမှာပဲ။ ပြင်သစ်မှာတော့ တစ်နှစ် တစ်ခါ ဟိုတယ်တစ်ခုကို အများအားဖြင့် လူကြိုက်များတတ်ကြတယ်။ ဟို လွန်ခဲ့တဲ့တစ်နှစ်ကတော့ ပဋ္ဌမမြောက်ကျော့ဟိုတယ်ဟာ နာမည်ကြီးခဲ့တယ်၊ ဒီနှစ်တော့ ဒီဟိုတယ်ဘောက်ဂီရတ်က နာမည်ကြီးတယ် ဆိုပါတော့"

ဒိုင်းလ်သည် သူထင်ရာကို သူပြောဆိုလျက်ရှိနေ၏။

ထိုအချိန်တွင် အခန်းသော့ကို ရနေပြီဖြစ်သော တက်စ်က ဓာတ် လှေကားထဲမှ စောင့်နေ၏။ "ဟေ့... မြန်မြန်လာကြလေ။ အတူတူ တက်ကြ ရအောင်" သူသည် ရက်ဂျီနာနှင့် ဒိုင်းလ်တို့အား ခေါ်လိုက်၏။

"ခင်ဗျားသာ အရင်သွားပါ။ ကျွန်တော်တို့ နောက်က လိုက်ခဲ့ပါ မယ်"

သို့သော် ရက်ဂျီနာက "ကျွန်မ ရှင်နဲ့လိုက်မယ်၊ ခဏစောင့်ပါဦး" ဟု အော်လိုက်၏။ အမှန်သော် ရက်ဂျီနာသည် မိမိအပေါ်တွင် ဒိုင်းလ်က ငြိစိုးပိုင်နင်း ဆက်ဆံ၍ မိမိကိုယ်စား အမိန့်ပေးနေသည်ကို ခံပြင်းလျက် ရှိနေ၏။

ဒိုင်းလ်သည် ပခုံးကို တွန့်၍ပြလိုက်၏။

"ဒါတော့ ခင်ဗျားသဘောပါပဲ"

ရက်ဂျီနာသည် တက်စ်ဖွင့်ပေးသော ဓာတ်လှေကားအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်၏။ အလိုက်သင့်ပင် ဓာတ်လှေကားတံခါးပိတ်၍ အပေါ်သို့ တက်သွား၏။ ရက်ဂျီနာသည် ဒိုင်းလ်ကို ပြန်လှည့်ကြည့်လိုက်သောအခါ ဒိုင်းလ်မှာ ထိုနေရာ၌ပင် ရပ်နေဆဲရှိသည်ကို တွေ့ရ၏။

တက်စ်သည် ဓာတ်လှေကားထဲတွင် လေသံတိုးတိုးဖြင့် ရက်ဂျီနာအား . . .

"ဒီမယ် . . . မစ္စစ်လင်းဘတ်၊ ခင်ဗျားကို ချားလ်(စ်)က ဘယ်လောက်အထိ ပြောခဲ့သလဲဟင်"

သူ၏အသံမှာ လေသံမျှသာ ဖြစ်သော်လည်း ရက်ဂျီနာမှာ အတန်ငယ် ထိတ်လန့်သွား၏။

ရက်ဂျီနာသည် သူ့အား သမင်လည်ပြန် လှည့်၍ကြည့်လိုက်၏။ သို့နှင့် သူတို့နှစ်ယောက် မျက်နှာချင်း နီးနီးကပ်ကပ် ဆုံမိကြ၏။ မျက်လုံးချင်းလည်း ဆုံမိကြ၏။

"ဘာကိုပြောရမှာလဲ"

"ကျုပ်တို့အားလုံး ပိုင်ဆိုင်တဲ့ငွေတွေဆိုပါတော့၊ ဒီငွေတွေဟာ သူနဲ့ဆိုင်သလို ကျုပ်တို့နဲ့လည်း ဆိုင်ပါတယ်"

ရက်ဂျီနာမှာ သူ့အား ဂရုမစိုက်သကဲ့သို့ တဖက်သို့ မျက်နှာလွှဲပစ်လိုက်၏။ သူတို့သည် မိမိထံမှ မည်သည့်အရာကို လိုချင်ကြလေသနည်း။ အဘယ်ကြောင့် ဤကဲ့သို့ သဲကြီးမဲကြီး လိုက်နေကြလေသနည်း။ ဒိုင်းလ်ဆိုသော သူကကော မိမိအား အဘယ်ကြောင့် ချဉ်းကပ်နေလေသနည်း။

"ဒီမယ် . . . မစ္စစ်လင်းဘတ်၊ ခင်ဗျား ကျုပ်ပြောတာကို ကြားရဲ့လားဟင်"

"ရှင်ပြောတာ ကျွန်မ ဘာတစ်ခုမှ နားမလည်ဘူး"

တက်စ်သည် ရက်ဂျီနာ၏ လက်မောင်းတစ်ဖက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လိုက်၏။

"ဒီမယ် . . . မစ္စစ်လင်းဘတ်၊ ခင်ဗျား ညာနေတာ မဟုတ်ပါဘူးနော်။ ခင်ဗျားယောကျ်ားဟာ ကျုပ်တို့ကို တစ်ပတ်ရိုက်သွားသလို ခင်ဗျားလည်း ကျုပ်တို့ကို ပတ်နေတာ မဟုတ်ပါဘူးနော်။ နောက်တော့မှ ဒါတွေအားလုံးထဲက အကျိုးအမြတ်ထွက်လာရင် ခင်ဗျားမှာ တာဝန်ရှိလို့ ပြောတာပါ"





ရက်ဂျီနာမှာ စိတ်အလွန်ရှုပ်လာသဖြင့် တစ်စုံတရာ ပြန်၍မပြောတော့ချေ။ သူ၏အခန်းသို့ ရောက်ရန်သာ စိတ်စောလျက် ရှိနေ၏။ ဓာတ်လှေကား နောက်တစ်ကြိမ် အောက်သို့ဆင်းသွားပြီး နောက်တစ်ဖန် ပြန်၍တက်လာသောအခါ ဒိုင်းလ်ပါလာ၏။ သူသည် ပြောင်ဖြီးဖြီးမျက်နှာဖြင့် ဓာတ်လှေကားထဲမှ ထွက်လာလေသည်။

"ကောင်းသောညပါ . . . မစ္စစ်လင်းဘတ်၊ ခင်ဗျား . . . ဒီည ကောင်းကောင်းအိပ်ပျော်ပါစေလို့ ကျုပ် ဆုတောင်းပါတယ်"

တက်စ်သည် ဒိုင်းလ်ကိုတစ်လှည့်၊ ရက်ဂျီနာအားတစ်လှည့် ကြည့်ပြီးနောက် နှုတ်ဆက်၍ ထွက်သွားလေသည်။

ရက်ဂျီနာသည် သူ၏အခန်းကို သော့ဖြင့် ဖွင့်နေသည့်အထိ ဒိုင်းလ်က နောက်မှ တကောက်ကောက် လိုက်နေ၏။

"ဒီည ခင်ဗျား စဉ်းစားမှာပေါ့နော် . . . "

"ဘာကိုစဉ်းစားရမှာလဲ"

ရက်ဂျီနာသည် ဒိုင်းလ်ကို မော့၍ကြည့်ရင်း မေးလိုက်၏။

"ကျွန်တော်တို့နှစ်ယောက် အကျိုးတူ ပူးပေါင်းဆောင်ရွက်ဖို့ ကိစ္စလေ . . . "

"ဟုတ်ပါတယ်၊ ကျွန်မ စဉ်းစားပါမယ်၊ ကဲ . . . ကဲ ကောင်းသောညပါ မစ္စတာဒိုင်းလ်"

အခန်းတွင်းသို့ ကတိုက်ကရိုက် ဝင်လိုက်ပြီးနောက် ရက်ဂျီနာသည် တံခါးကို ပြန်၍ပိတ်လိုက်၏။ အပြင်ဘက်၌မူ ဒိုင်းလ်သည် ပြုံးဖြီးဖြီး မျက်နှာဖြင့် ကျန်ရစ်ခဲ့၏။ ဤတစ်ကြိမ်တွင် ရက်ဂျီနာသည် အချိန်မဖြုန်းနိုင်တော့ဘဲ ချက်ချင်းပင် တယ်လီဖုန်းကိုကိုင်ကာ ဘာသိုလိုမြူထံ ဆက်လိုက်၏။ မိနစ်ပိုင်းအတွင်း တစ်ဖက်မှ ဘာသိုလိုမြူ၏အသံကို ကြားရ၏။

"ပြောပါ . . . ဘာသိုလိုမြူ စကားပြောနေပါတယ်"

"ကျွန်မပါ၊ ရက်ဂျီနာပါ၊ စောစောက ရှင့်ကို ကျွန်မ ဆက်နေတုန်း ဖြတ်ပစ်ရတာက . . . "

"ခင်ဗျားအတွက် ကျုပ် စိတ်ပူနေတယ်၊ ခင်ဗျား ဘာမှမဖြစ်ဘူးနော် . . . "

"ဘာမှမဖြစ်ပါဘူး။ အဲဒီတုန်းက ကျွန်မ ဖုန်းချပစ်လိုက်ရတာက"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး... နေဦး ဒီကိစ္စကို ဖုန်းထဲက မပြောနဲ့တော့။ ခင်ဗျား အခု ဘယ်မှာရှိနေသလဲ"

"ကျွန်မအခန်းထဲကနေ ပြောနေတာပါ... "

"ခင်ဗျား အပြင်ဘက်ကို ထွက်လာနိုင်ဦးမလား... "

"ဟုတ်ကဲ့... လာနိုင်ဦးမယ်လို့တော့ ထင်ပါတယ်"

"ဒါဖြင့်... ကျုပ် ခင်ဗျားကို "ချက်ဗီဗစ်" ရုပ်ရှင်ရုံကနေ စောင့်နေမယ်။ ခင်ဗျား လာတတ်တယ် မဟုတ်လား"

"လာတတ်ပါတယ်"

"ဘယ်တော့လာမှာလဲ"

"အခုပဲလာခဲ့ပါ့မယ်"

ရက်ဂျီနာက ကတိပေးလိုက်၏။ ဇာတ်လမ်းက ရှုပ်လာသည်နှင့် အမျှ အရေးကြီးလာပြီ မဟုတ်ပါလော။

"ဟုတ်ပါပြီ။ ခင်ဗျားနောက်ကတော့ တစ်ယောက်မှ နောက်ယောင်ခံ လိုက်မလာစေနဲ့နော်... "

ရက်ဂျီနာသည် ဖုန်းလက်ကိုင်ကို ပြန်၍ချလိုက်ပြီးနောက် မှန်ရှေ့တွင် ရပ်ကာ ဆံပင်များကို အပေါ်သို့ လက်ဖြင့် သပ်တင်လိုက်၏။ ထိုနောက် လက်ဆွဲအိတ်ကိုယူ၍ အခန်းတံခါးကို ဖွင့်ပြီးနောက် အပြင်ဘက်စင်္ကြံသို့ ထွက်ခဲ့၏။ သူ့အား မည်သူတစ်ဦးတစ်ယောက်ကမျှ စောင့်ကြည့်မနေသော်လည်း မမျှော်လင့်သော လူတစ်ယောက်နှင့် ထိပ်တိုက်တိုးရပြန်ချေပြီ။

ထိုသူကား ခန္ဓာကိုယ် ကြီးမားတုတ်ခိုင်၍ ညစ်ပေနေသော မိုးကာအင်္ကျီကြီးကို အမြဲတမ်းဝတ်ထားသူ ပြစ်၏။ ထုံးစံအတိုင်း သူ၏ လက်တစ်ဖက်က မိုးကာအင်္ကျီအိတ်ထဲတွင် နှိုက်ထား၏။ သို့နှင့် ရက်ဂျီနာမှာ လန့်၍ အော်လိုက်တော့မည်ကဲ့သို့ ဖြစ်သွား၏။

"တောင်းပန်ပါတယ် ခင်ဗျာ။ ကျွန်တော်လည်း အသံမပေး ဘာမပေးနဲ့ ဗြောက်လာမိတယ်။ ကျွန်တော် အထပ်များ မှားလာသလား မသိဘူး"

ထိုသူသည် မိုးကာအင်္ကျီအိတ်ထဲရှိ သူ၏လက်ကို အပြင်သို့ ထုတ်လိုက်ရာ လက်ထဲတွင် သော့တစ်ချောင်း ပါလာလေသည်။





ရက်ဂျီနာသည် စိတ်ဝင်စားလာ၍ ထိုသူ၏ လက်မှသော့ကို ကြည့်လိုက်မိ၏။ သော့ကို လက်ဖြင့်ကိုင်ထားသည်မှာ မှန်ပါ၏။ သို့သော် လက်မှာ မွေးရာပါ လက်မဟုတ်ဘဲ သံမဏိလက်တုဖြင့် ညှပ်ထားခြင်းသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၉

လက်တစ်ဖက်ပြတ်နေသော ထိုသူသည် ရက်ဂျီနာအား နှင်ထုတ်လိုက်သကဲ့သို့ ဖြစ်သွား၏။ ထို့ကြောင့်ပင် ရက်ဂျီနာသည် လှေကားဆီသို့ ပြေးဆင်းသွား၏။ ညှော်ခန်းထဲသို့ ရောက်သွားသောအခါ ရက်ဂျီနာမှာ အလန့်တကြား ဖြစ်ရပြန်၏။ အခန်းထဲတွင် လူရှင်းနေ၏။ သို့သော် လူတစ်ယောက်သည် ဆိုဖာကုလားထိုင်ပေါ်၌ အခန့်သားထိုင်ကာ ညနေထုတ် "ပဲရစ်သံတော်ဆင့်" သတင်းစာကို ဖတ်နေ၏။ ထိုသူသည်ကား မစ္စတာဒိုင်းလ်ပင် ဖြစ်လေသည်။

ဒိုင်းလ်သည် သတင်းစာကို နံဘေးသို့ ဖယ်လိုက်ပြီးနောက် "ဘာများ ဖြစ်လာသလဲ မစ္စစ်လင်းဘာတ်"

ယခု လောလောဆယ် အခြေအနေတွင် ရက်ဂျီနာသည် လှေကားပေါ်သို့ ပြေးတက်၍ အခန်းထဲသို့ဝင်ကာ သော့ပိတ်နေချင်မိ၏။ သို့သော် လှေကားထိပ်တွင် မိုးကာအင်္ကျီကြီးဝတ်ထားသော သံမဏိလက်နှင့်လူက စောင့်နေပြန်သဖြင့် အခက်ကြုံရပြန်၏။ ယခုသော် အပြင်ဘက်သို့ ထွက်သွားရန် နည်းလမ်းတစ်လမ်းသာရှိ၏။ ထိုနည်းလမ်းမှာ ဘာသိုလိုမြူကို သွား၍တွေ့ရမည်။ ဘာသိုလိုမြူသည် မိမိအား စောင့်၍ နေပေမည်။ ယခု လောလောဆယ်အခြေအနေ၌ မိမိ ယုံကြည်အားထားရမည့်သူမှာ ဘာသိုလိုမြူတစ်ယောက်သာ ဖြစ်လေလည်။





"ဘာတွေများ အမှားအယွင်းတွေ့လာသလဲ မစ္စစ်လင်းဘာတ်" ဒိုင်းလ်က ထပ်မေး၏။

"ကျွန်မ ဘာမှမဖြစ်ပါဘူး။ ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်း ဆီဗီယာအတွက်ပါ"

"ဆီဗီယာ ဘာဖြစ်လို့လဲ"

"ဆီဗီယာ ဘာမှမဖြစ်ပါဘူး။ သူ့သားကလေး ဂျင်းလူးဝစ်ပါ"

"ဘာလဲ ကလေးနေမကောင်းလို့လား"

ထိုသို့မေးသဖြင့် ရက်ဂျီနာမှာ စိတ်တို၍သွား၏။ စပ်စုလွန်းသော ဒိုင်းလ်အား စကားကောင်းကောင်းပင် မပြောလိုတော့ချေ။ မယုံကြည်နိုင်လောက်အောင် လိမ်လည်ခြင်းသည် ပို၍ယုံကြည်စေသည်ဟူသော ဆိုရိုးစကားကို သွား၍သတိရမိ၏။

"မဟုတ်ဘူး ကလေးက သူ့သွားတိုက် သွားပွတ်သံကို မြိုချလိုက်လို့"ဟု ရွဲ့၍ပြောလိုက်၏။

ပြောပြောဆိုဆို ရက်ဂျီနာသည် တံခါးရှိရာသို့ အပြေးကလေးသွားကာ...

"ကျွန်မ အခုပဲ သူ့ဆီကိုလာပါ့မယ်လို့ ကတိပေးလိုက်တယ်။ သိပ်အရေးတကြီး ကျွန်မ သွားဖို့လိုတယ်"ဟု ပြောလိုက်၏။

တံခါးအပြင်ဘက်သို့ ရောက်သောအခါ ခပ်လှမ်းလှမ်းတွင် အနီနှင့်အနက်ရောင်ခြယ်ထားသော "ရေနိုအော်တိုပလေ့စ်-ဂျိရ"ကားတစ်စီး ရပ်ထားသည်ကို တွေ့ရ၏။ စစ်အတွင်းက ထုတ်လုပ်ခဲ့သည့် ကားပုံစံမျိုး ဖြစ်သည်။ ရက်ဂျီနာသည် လက်ကို ဝှေ့ယမ်းပြလိုက်သောအခါ ထိုကားသည် ၎င်း၏ဆီသို့ ငြိမ့်ခနဲ ရောက်လာ၏။ သို့နှင့် ရက်ဂျီနာသည်က တိုက်ကရိုက်ပင် ကားတံခါးကိုဖွင့်၍ ကားနောက်ဘက်ခန်းသို့ ဝင်ထိုင်လိုက်၏။ ကားတံခါးကို ပြန်၍ပိတ်မည်ပြုသောအခါ ပိတ်၍မရတော့ချေ။ အဘယ်ကြောင့်ဆိုသော် လူတစ်ယောက်က တံခါးကို ဆွဲထားသောကြောင့် ဖြစ်လေသည်။

ထိုသူကား ဒိုင်းလ်ပင် ဖြစ်တော့၏။ သူသည် မပြောမဆိုနှင့်ပင် ရက်ဂျီနာ၏နံဘေး၌ ဝင်၍ထိုင်ကာ ကားတံခါးကို ပိတ်လိုက်၏။ မော်တော်ကားသည် အလိုက်မသိသကဲ့သို့ လျှောခနဲ ထွက်သွားတော့၏။ ရက်ဂျီနာသည် ဘာတစ်ခွန်းမျှမပြောနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကားထွက်သွားသောအခါ ရက်ဂျိနာက အံ့အားသင့်စွာဖြင့် . . .

"ရှင် . . . ဘာလာလုပ်တာလဲ"

"ခင်ဗျားနဲ့ လိုက်လာတာလေ"

"ရှင့်ကို ဘယ်သူကခေါ်လို့လဲ"

"ခင်ဗျားအတွက် အကူအညီလိုရင် ကူညီရအောင်လို့ပါ"

"အို . . . မဖြစ်နိုင်ပါဘူး။ ရှင် မလိုက်ခဲ့ပါနဲ့"

"ဒီလိုလည်း သဘောမထားနဲ့လေ။ ကျွန်တော် ခင်ဗျားကို အကူအညီပေးနိုင်မှာပါ။ ဒီအတွက် သိပ်ပြီးစိတ်မပူနေပါနဲ့။ သွားပွတ်တံမြို့ချတဲ့ကလေးကို ဘယ်လိုပြုစုရမယ်ဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော်လည်း အသက် ၁၂ နှစ်လောက်တုန်းက ဖောင်တိန်တစ်ချောင်းလုံးကိုတောင် မြို့ချမိဖူးပါတယ်"

ရက်ဂျိနာမှာ ကြောက်ရွံ့ခြင်းနှင့် စိတ်ရှုပ်ခြင်းတို့ ရောပြွမ်းနေ၏။ ယခု မည်သည့်နေရာသို့ သူတို့သွားကြမည်နည်း။ ရက်ဂျိနာမှာ ကားမောင်းသူအားပြောရန် သူ့တွင် တာဝန်ရှိနေ၏။ သို့သော် ရက်ဂျိနာမှာ မည်သည့်နေရာသို့ သွားရမည်ကို မသိချေ။ ချက်ဗီဗစ်ရုပ်ရှင်ရုံသို့ သွားရန်လည်းမဖြစ်၊ ဘာသိုလိုမြူထံ သူ့အား ခေါ်သွား၍လည်းမဖြစ်။ ဤသို့ဆိုလျှင် မည်သည့်နေရာသို့ သွားရမည်နည်း။

လူနေအိမ်ခြေ နည်းပါးသည့်နေရာသို့ သွား၍မဖြစ်။ လူအများရှိသောနေရာသို့ သွားမှသာ မိမိအတွက် အန္တရာယ်ကင်းနိုင်၏။ ခြေရာလည်း ဖျောက်နိုင်၏။ သို့နှင့် ဒရိုင်ဘာက မောင်းရမည့်နေရာသို့ မေးသောအခါ မိမိနှုတ်မှ "မောင့်မာတာ"ဟု ပြောလိုက်မိ၏။ ဤသို့ဖြင့် ကားကလေးသည် ထိုနေရာသို့ ဦးတည်မောင်းနှင်လျက် ရှိနေလေပြီ။

ရက်ဂျိနာသည် ကားထိုင်ခုံကို နောက်ကျောမှီ၍ထိုင်ကာ သက်ပြင်းတစ်ချက် မသိမသာချလိုက်၏။ မောင့်မာတာအရပ်မှာ ကမ္ဘာကျော် ပြင်သစ်သချိုင်းရှိရာ အရပ်ဖြစ်၏။ လူနေအိမ်ခြေစိပ်သော ရပ်ကွက်ဖြစ်၏။ သို့သော် မြို့အစွန်တွင် ရှိနေသဖြင့် အတော်ကြာ မောင်း၍နေရ၏။ ထိုအချိန်များအတွင်း ရက်ဂျိနာသည် မိမိလုပ်ထားသော သွားပွတ်တံမြို့ချသည့် ဇာတ်လမ်းကို မည်ကဲ့သို့ ဖြေရှင်းရမည်ကို စဉ်းစားနိုင်ပေတော့မည်။

ဤအချိန်လောက်ဆိုလျှင် ဘာသိုလိုမြူသည် ချက်ဗီဗစ်ရုပ်ရှင်ရုံ





တွင် မိမိအား စောင့်နေပေလိမ့်မည်။ မိမိက သူ့အား ဒိုင်းလ်၏အမည်ကို ပြောလိုက်စဉ်က သူ၏အသံ တစ်မျိုးတစ်ဖုံ ဖြစ်သွားသည်ကို ရက်ဂျိနာ သတိထားမိလိုက်၏။ ထိုအချိန်က ဘာသိုလိုမြူသည် တစ်ခဏမျှ စဉ်းစားတွေဝေပြီးနောက် မိမိအား ချက်ချင်းပင် အရေးတကြီး တွေ့ရန်လိုသည်ဟု ဆိုလာ၏။ ဘာသိုလိုမြူသည် မိမိအကြောင်းကို မည်မျှလောက် သိ၍နေလေသနည်း။

အဖြေမရှိသော ထိုမေးခွန်းများကြောင့် ရက်ဂျိနာမှာ ခေါင်းပင်ကိုက်၍ လာတော့၏။ ထိုအဖြေများကို မိမိကိုယ်တိုင်သိရန် ကြိုးစားရပေဦးမည်။ သိချင်စိတ်ကလည်း စော၍နေ၏။ ထို့ကြောင့် ဘာသိုလိုမြူကို အမြန်ဆုံးတွေ့ရန် လိုအပ်ပေပြီ။ ဘာသိုလိုမြူအားတွေ့ရန် မိမိကို ဂက်ကျိတစ်ကောင်ကဲ့သို့ တွယ်ကပ်နေသည့် ဒိုင်းလ်ကို ခွာထုတ်ရပေဦးမည်။ သူ မခွာလျှင် ကိုယ်က ခွာရပေလိမ့်မည်။

နောက်ထပ် မိနစ်နှစ်ဆယ်ခန့်အကြာတွင် မောင့်မာတာကုန်းမြင့်ပေါ်သို့ ရေနီကားကလေး ဦးမော့တက်နေသည့်အချိန်အထိ ရက်ဂျိနာ၏ ဦးနှောက်ထဲတွင် မည်သည့်အကြံမှ မရသေးချေ။ ရက်ဂျိနာ အတွင်းသိသိလိုသည်မှာ အဘယ်ကြောင့် ဒိုင်းလ်သည် မိမိနောက်သို့ ကောက်ကောက်ပါအောင် လိုက်နေလေသနည်း။ ဖြစ်နိုင်ဖွယ်ရှိသည်ဟု တွေးတောရန် အချက်နှစ်ချက်ရှိ၏။ ပထမအချက်မှာ မိမိခင်ပွန်းဖြစ်သူ ချားလ်၏ လျှို့ဝှက်ချက်နှင့်ပတ်သက်၍ မိမိ မည်မျှအထိ သိသည်ကို မရမကညှစ်ထုတ်ရန် ဖြစ်နိုင်၏။ ဒုတိယအချက်ကိုမူ မိမိဆက်၍ မတွေးလိုတော့ချေ။

သို့ရှိစဉ် ရေနီကားကလေးသည် မောင့်မာတာသချိုင်းတည့်တည့်ကိုဖြတ်၍ ဆောက်ထားသော တံတားကလေးပေါ်သို့ ရောက်လာ၏။ တစ်ချိန်က မိမိသည် ဤနေရာသို့ အလည်ရောက်ခဲ့ဖူး၏။ ကမ္ဘာကျော် စာရေးဆရာကြီး အလက်ဇန္ဒားဒူးမား၏ဂူလည်း ရှိ၏။ သမိုင်းတွင်ရစ်သည့် အခြားပုဂ္ဂိုလ်များလည်း ဤသချိုင်းတွင် အမှတ်တရ မြှုပ်နှံကြလေသည်။

တောင်ပူစာထိပ်သို့ ရောက်သောအခါ လမ်းကလေးသည် အတန်ငယ် ကျဉ်းမြောင်းသွား၏။ လမ်းမှာ မညီသဖြင့် ကားကလေးသည် တစ်ဖက်သို့ စောင်းသွားရာ ရက်ဂျိနာမှာ အမှတ်တမဲ့ဖြစ်သဖြင့် ဒိုင်းလ်ဘက်သို့ ယိုင်သွားပြီးလျှင် ရင်ခွင်ထဲ ရောက်သွားသည်အထိ ဖြစ်သွား၏။ ထိုအခါ ရက်ဂျိနာ၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သည် ဒိုင်းလ်၏ကုတ်အင်္ကျီအောက်တွင် ဖုထစ်နေသော အရာဝတ္ထုတစ်ခုကို ထိတွေ့မိ၏။ သေနတ်တစ်လက်ဖြစ်ကြောင်း ကောင်းစွာသိရ၏။ သူသည်သေနတ်ကို ပခုံးတွင် ခါးပတ်ဖြင့် စလွယ်သိုင်းချိတ်ထားဟန် တူလေသည်။

ရက်ဂျီနာမှာ အလန့်တကြားဖြစ်သွား၏။ ဤလိုနေရာမျိုး၌ သူသည် အဘယ့်ကြောင့် သေနတ်ကို ယူဆောင်လာလေသနည်း။ သေနတ်ကို ဆောင်ထားနိုင်လောက်အောင် အန္တရာယ်ရှိလေသလော။ ရှိခဲ့သော် မည်ကဲ့သို့သောအန္တရာယ်မျိုးပေနည်း။ ရက်ဂျီနာမှာ တွေး၍မဆုံးနိုင်အောင် ရှိတော့၏။

"ဘယ်နာသွားသေးသလဲ"

ဒိုင်းလ်၏မေးသံကို ကြားသောအခါ ရက်ဂျီနာသည် လူးလဲထလိုက်ပြီးလျှင် ခေါင်းထောင်၍ ကြည့်မိ၏။ တစ်ယောက်ကိုတစ်ယောက် ကြည့်သည့်အကြည့်တို့တွင် သံသယရှိသည့် အကြည့်မျိုးဖြစ်ကြ၏။ နှစ်ယောက်စလုံးပင် အတန်ကြာ တွေဝေငြိမ်သက်လျက် ရှိနေကြ၏။ ထို့နောက် ဒိုင်းလ်သည် သူ့အပေါ်တွင် ရက်ဂျီနာက သံသယရှိနေသည်ကို ရိပ်မိသွား၏။ သို့နှင့် ဒိုင်းလ်သည် သူ သေနတ်ကိုင်ရသည့် အကြောင်းကို ဖွင့်ဟဝန်ခံလေသည်။

"ဒါ... ကျွန်တော့် တရားဝင်ခွင့်ပြုချက်နဲ့ကိုင်တဲ့ လက်နက်ပါ"

"ဟုတ်ပါပြီ။ ဒါပေမဲ့ ဒီဝန်ခံချက်ဟာ ရှင်ဘာကြောင့် ဒီသေနတ်ကို ကိုင်ဆောင်ရသလဲဆိုတဲ့ အဖြေတော့ မပေါ်သေးဘူး"

"ကျွန်တော်တို့ကိစ္စမှာ လူတစ်ယောက် အသတ်ခံသွားရပြီးပြီ မဟုတ်လား"

"ဒီကိစ္စတွေမှာ ရှင်ပါသလား။ ရှင်နဲ့မဆိုင်ဘူး။ ရှင် မသတ်ဘူးဆိုရင် ရှင် ဘာကြောက်စရာလိုသလဲ။ ဘာဖြစ်လို့ သေနတ်ဆောင်ထားစရာ လိုသလဲ၊ ဘာစိတ်ပူနေစရာလိုသလဲ"

ရက်ဂျီနာသည် ဒိုင်းလ်၏အဖြေကို ညှစ်ထုတ်လျက် ရှိနေ၏။

"မနေ့ကစပြီး ဖြစ်ပျက်သမျှတွေကို ကျွန်တော်တို့ ပြန်တွေးကြည့်ရင် ကျွန်တော်တို့မှာ အန္တရာယ်ကောင်တွေ ဝိုင်းနေပြီဆိုတာ သိသာနေတာပဲ။ အခု ဒီဇာတ်လမ်းထဲမှာ ကျွန်တော် ဝင်ပါနေရပြီ။ အန္တရာယ်ကောင်တွေကလည်း ကျွန်တော် ဒီဇာတ်လမ်းထဲမှာ ပါကြောင်း သိနေကြပြီ။ ဒီတော့ ကျွန်တော် သဘောကျသည် ဖြစ်စေ၊ မကျသည်ဖြစ်စေ ဆိုပါတော့ ခင်ဗျား





သဘောကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ ဒီလက်နက်ကလေးတစ်ခု ဆောင်ထားဖို့တော့ လိုတာပဲ"

"ရှင် ဘာတွေဆင်ခြေပေးနေတာလဲ။ ကျွန်မ နားမလည်ဘူး"

"ခင်ဗျား သိပါတယ်လေ။ ကျွန်တော် ခင်ဗျားကို ဘာကြောင့် ဆက်သွယ်တယ်ဆိုတာ။ ခင်ဗျားကို ကျွန်တော် ဖွင့်ပြောပြီးပြီပဲ။ ဒီကိစ္စဟာ လွယ်မှမလွယ်တာ။ ခင်ဗျားဟာ ကျွန်တော်နဲ့ ပူးပေါင်းဆောင်ရွက်သည် ဖြစ်စေ၊ မဆောင်ရွက်သည် ဖြစ်စေ ကျွန်တော့်အဖို့ကတော့ ဒီဇာတ်လမ်းရဲ့ အလယ်ကို တစ်စိမ်းတစ်ရံစာအဖြစ် ရောက်နေပြီ။ ကျွန်တော့်မှာ ကျောထောက် နောက်ခံဆိုလို့ ဘာမှမရှိဘူး။ ဒါကြောင့် ဒီသေနတ်ဟာ ကျွန်တော့်အတွက် ကိုးရမည့်ရ အကာအကွယ်ပဲ"

"ရှင်ပြောနေတာဟာ မစ္စတာချားလ်(စ်)လင်းဘတ်နဲ့အတူ ပျောက်ဆုံးသွားတဲ့ ငွေတွေကိစ္စလား"

"ဒီအကြောင်းကလွဲရင် ဘာရှိဦးမှာလဲ။ ခင်ဗျားယောက်ျား ဘာကြောင့် အသတ်ခံရတယ်ဆိုတာလည်း ခင်ဗျားသိသားနဲ့"

သို့ရှိစဉ် အငှားယာဉ်မှာ ရုတ်တရက် ရပ်သွားတော့၏။ ရာသီဥတုကောင်းမွန်သာယာသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးတွင် လှပစိုပြေလျက် ရှိနေ၏။ မောင့်မာတာ တောင်ပူစာထိပ်တွင် ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည့်နှက်လျက် ရှိနေ၏။ လမ်းတိုင်းတွင် ယာဉ်များ၊ လူသွားလူလာများနှင့် ပိတ်ဆို့နေ၏။ "နော်ဗိုင်း"လမ်းတစ်လျှောက်တွင် ညကလပ်များ ရှိသဖြင့် ၎င်းတို့မှာ သူသံသူသံများ ဆူဆူညံညံရှိနေကြ၏။ ယာဉ်သွားလမ်းများတွင် လူများလွန်းသဖြင့် ပိတ်ဆို့နေသောကြောင့် ယာဉ်များ နှေးကွေးစွာ မောင်းနေရ၏။

"ခင်ဗျားသူငယ်ချင်း ဆီဗီယာဆိုတာ ဘယ်မှာနေတာလဲ၊ တော်တော် ဝေးသေးသလား"

"ရှင် ... အို ... သိပ်မဝေးပါဘူး"

ထိုအချိန်ထိ ရက်ဂျီနာ မည်သို့ ဆက်၍ပြောရမည်၊ မည်သည့်ဇာတ်လမ်းမျိုး ဆက်၍ကရမည်ကို မသိသဖြင့် ချွေးများစို့လာတော့၏။ မိမိ၏ ဆုံကြဇာတ်လမ်းကိုကား ဖွင့်ဟ၍ပြောရပေတော့မည်။

"သိပ်မဝေးတော့ရင် ကျုပ်တို့ ဒီက ဆင်းလျှောက်ကြမယ် ဒါကမှ မြန်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ"

ရက်ဂျီနာက လက်ခံလိုက်၏။ အငှားယာဉ်မောင်းသူကမူ သိပ်မကျေနပ်လှချေ။ ဤမျှလောက် လူရှုပ်၍ ပိတ်ဆို့နေသော နေရာတွင် သူ၏ ကားကို နောက်ထပ် နာရီဝက်ခန့် ဆက်လက် ဥာရမ်းစေလိုသေး၏။ သို့မှသာ သူ၏ကားကို မမောင်းရဘဲ ဝင်ငွေပို၍ရပေမည်။ ယခုသော် ခရီးသည် မပါဘဲ ပြန်၍ မောင်းရပေတော့မည်။

အငှားယာဉ်မှ ဆင်းလာပြီးနောက် ရက်ဂျီနာနှင့် ဒိုင်းလ်တို့သည် လူအုပ်ကြီးကို တိုးဝှေ့က လူရှင်းသည့် လမ်းထောင့်တစ်ထောင့်သို့ ရောက်ရန် ကြိုးစားလျက် ရှိနေကြ၏။ သူတို့ ဖြတ်သန်းသွားရသည့် လမ်းတစ်လျှောက်တွင် ညကလပ်များ အစီအရီရှိနေသဖြင့် ကလပ်တံခါး ပေါက်ဝတိုင်းရှိ အစောင့်များက သူတို့အား နှုတ်ဆက်ကြ၏။ ဝင်ရောက်ပျော်ပါးရန် လှုံ့ဆော်ကြလေသည်။

"ခင်ဗျား သူငယ်ချင်းက ဘယ်မှာနေတာလဲ"

ဒိုင်းလ်ကမေးရာ ရက်ဂျီနာသည် မျက်မှောင်ကုတ်၍ ကြည့်လိုက်၏။ ယခုအချိန်မှစ၍ ဒိုင်းလ်အား ဘုမှုတ်ရပေတော့မည်။ သို့မှသာ ဒိုင်းလ်သည် မိမိအနားမှ ခွာသွားပေလိမ့်မည်ဟု ယူဆ၏။

"ရှင်... ဘာကြောင့် ကျွန်မ သူငယ်ချင်းနေတဲ့နေရာကို သိချင်တာလဲ"

"ခင်ဗျားပဲ ပြောတာပဲ၊ ခင်ဗျားသူငယ်ချင်းရဲ့ ကလေးဟာ ဒုက္ခရောက်နေတယ်ဆို"

"အဲဒါနဲ့ ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ကျွန်တော် ကူညီနိုင်မလားလို့ပါ"

သို့နှင့် ဒိုင်းလ်သည် ရက်ဂျီနာ၏လက်ကို ဆွဲကိုင်လိုက်ပြီးနောက်

"ဒီမှာ မစ္စစ်လင်းဘတ်၊ ခင်ဗျား ကျွန်တော့်ကို အမှန်အတိုင်း ဖွင့်ပြောပါ။ ခင်ဗျား ဒီနေရာကို ဘာကြောင့်လာတာလဲ"ဟု မေး၏။

"ဒါက ရှင်နဲ့ မဆိုင်ပါဘူး"

"ခင်ဗျား ကျွန်တော့်ကို မှန်တာပြောစမ်းပါ"

ရက်ဂျီနာသည် ဒိုင်းလ်၏မျက်နှာကို မော့ကြည့်ရင်း အကဲခတ်လိုက်၏။ ဒိုင်းလ်၏မျက်လုံးများသည် မှေး၍ မေးရိုးမှာလည်း ကြုံ့ကြုံ့ခိုင်ခိုင်





ရှိနေ၏။ သူသည် မိမိအပေါ်တွင် မကျေနပ်ကြောင်း သိသာလှ၏။ သူ၏ လက်ထဲမှ အချိန်မီ လွတ်မြောက်မှ ဖြစ်တော့မည်ဟု ရက်ဂျီနာ သိတော့၏။ သူတို့မတန်သော မိမိ၏လုပ်ဇာတ်ကို လက်လျှော့ရပေတော့မည်။ မိမိအား စောင့်မျှော်နေမည့် ဘာသိလိုမြူနှင့်လည်း တွေ့ရပေဦးမည်။

"ကျွန်မ အမှန်အတိုင်းပြောရင် ရှင် ကျွန်မဆီကနေ ထွက်သွားမလား"

"ဒါကတော့ ခင်ဗျားရဲ့ အဖြေပေါ်မှာ တည်ပါတယ်။ လိုအပ်ရင်တော့ ကျွန်တော် ရှောင်ပေးပါမယ်"

"ကောင်းပြီ၊ ဒီနေ့ ညနေက ကျွန်မဆီကို လူတစ်ယောက် ဖုန်းဆက်တယ်။ အဲဒီလူက သူ့နာမည်တော့ မပြောမပြဘူး။ သူ့အသံကိုလည်း ကျွန်မ မမှတ်မိဘူး"

"သူက ဘာပြောသလဲ"

"သူပြောတာကတော့ ဒီည သူနဲ့ လာတွေ့ရင်တော့ ကျွန်မ ခင်ပွန်းနဲ့ ပတ်သတ်တဲ့ ကိစ္စတွေ ပြောမယ်ဆိုတာပဲ"

"သူ့ကို ဘယ်မှာတွေ့ရမှာလဲ။ သူက ဘယ်မှာချိန်းထားသလဲ"

"ဒီနေရာမှာ။ မောင့်မာတာမှာ ဟောဟိုဘက်က လက်ဖက်ရည်ဆိုင်မှာ"

"အချိန်ကိုကော အတိအကျ ပြောထားသေးသလား"

"ဟုတ်တယ် ၁၁ နာရီမှာ ချိန်းထားတယ်"

"ဟာ ၁၅ မိနစ်တောင် လွန်နေပြီပဲ။ ကဲ... လာ၊ ကျုပ်တို့ သွားတွေ့မယ်"

ဒိုင်းလ်သည် ရက်ဂျီနာ၏လက်ကို ဆွဲပြီးလျှင် ရက်ဂျီနာ ညွှန်ပြသည့် လက်ဖက်ရည်ဆိုင်သို့ သွားရန် ဟန်ပြင်၏။ သို့သော် ရက်ဂျီနာကမူ ခြေလှမ်းမယှက် ငြိမ်သက်လျက် ရှိနေ၏။

"ရှင်... ကျွန်မ အမှန်အတိုင်းပြောရင် ပြန်သွားမယ်ဆို"

"အခုတော့ မလိုတော့ဘူး။ ခင်ဗျားမှာ အကူအညီ လိုကောင်းလိုမယ်။ ဒီလူကို ကျွန်တော်လည်း လိုက်တွေ့မယ်"

"ရှင်ပါလာရင် သူက ကျွန်မကို အတွေ့ခံမှာ မဟုတ်ဘူး။ ကျွန်မ တစ်ယောက်ထဲ လာရမယ်လို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းလ်သည် ရက်ဂျီနာ၏ လက်ကို လွှတ်လိုက်၏။

''ကောင်းပြီလေ။ ခင်ဗျားတစ်ယောက်ထဲသွား။ ဒါပေမဲ့ ခင်ဗျား နောက်က အရိပ်အခြေကြည့်ပြီး ကျွန်တော်လိုက်လာမယ်။ ခင်ဗျားတို့ ထိုင်တဲ့ စာပွဲခုံရဲ့ ခပ်လှမ်းလှမ်းစားပွဲမှာ ကျွန်တော်ထိုင်မယ်။ ဒါပေမဲ့ စိတ်ချ ခင်ဗျား လူမရိပ်မိစေရဘူး''

ရက်ဂျီနာ၏ မျက်ခုံးတစ်ဖက်မှာ အပေါ်သို့ မြင့်တက်သွား၏။ ဒေါသ လည်း ဖြစ်နေ၏။

''ရှင် ဒီလိုလုပ်တာကို ကျွန်မက လက်ခံရမှာလား''

''သွားသာသွားပါ မစ္စစ်လင်းဘတ်။ ခင်ဗျားကို ကျွန်တော် စက္ကန့် ၃၀ အချိန်ပေးမယ်''

သို့နှင့် ရက်ဂျီနာသည် မည်သို့မျှစကားမပြန်ဘဲ လူအုပ်ထဲသို့ တိုးဝှေ့ ဝင်သွား၏။ ဒိုင်းလ်၏ မျက်စိအောက်မှ ပျောက်သွားရန် ကြိုးစားရပေတော့ မည်။ ခြေလှမ်းနှစ်ဒါဇင်မျှ ကတိုက်ကရိုက် လှမ်းပြီးသောအခါ ရက်ဂျီနာသည် ဒိုင်းလ်အား လှည့်၍ကြည့်လိုက်၏။ များပြားလှသော လူအုပ်ကြားထဲတွင် ဒိုင်းလ်အား မတွေ့ရတော့ချေ။ ထိုနည်းတူ ဒိုင်းလ်ကကော မိမိအား တွေ့ပါဦး မည်လော။ ပတ်ဝန်းကျင်လေထုမှာ အေးစက်လျက် ရှိနေ၏။ ဟိုတယ်များ၊ ကလပ်များမှ တီးသံမှုတ်သံများကလည်း ဆူညံလျက် ရှိနေလေသည်။

များပြားလှသော လူအုပ်ကြီးကြားထဲ၌ပင် ရက်ဂျီနာသည် မိမိ၏ ခြေလှမ်းများကို မလျှော့ဘဲ တတ်နိုင်သမျှ တိုးဝှေ့လျက် ရှိနေ၏။ မိမိ မည်သည့်အရပ်သို့ သွားနေသည်ကိုပင် မိမိမသိ။ ဒိုင်းလ်နှင့် ဝေးစေရန် ခပ်သုတ်သုတ်သွားနေခြင်းသာ ဖြစ်၏။ အချိန်ပေးထားသည့် စက္ကန့် ၃၀ အတွင်း သူ၏မျက်စိအောက်မှ ပျောက်စေရန် ပြေးရပေတော့မည်။

မိမိကိုယ်တိုင် လမ်းလျှောက်၍သွားရသည့်အခါ ရှိသကဲ့သို့ တစ်ခါ တစ်ရံ မိမိကိုယ်တိုင် မသွားရဘဲ လူအုပ်ကြားတွင် ညပ်ပါသွားသည့် အခါ လည်း ရှိ၏။ တစ်ခါတစ်ရံ မြေကြီးကိုပင် မနင်းမိချေ။

သို့နှင့် ၅ မိနစ်ကြာသောအခါ ရက်ဂျီနာမှာ အတော်ခပ်လှမ်းလှမ်း သို့ပင် ရောက်ရှိနေတော့၏။ ပတ်ဝန်းကျင်မှာလည်း ဆူညံလျက် ရှိနေ၏။ အချို့ဆိုင်တို့မှ မီးရောင်များကြောင့် လင်း၍နေသော်လည်း အချို့နေရာများ တွင် ခပ်မှိန်မှိန်သာ ရှိနေလေသည်။





သို့ရှိစဉ် လူအုပ်တစ်အုပ်သည် ကိုယ်လုံးကိုယ်ထည်ရှည်လျား ကြီးမားသော ကားကြီးတစ်စီးပေါ်သို့ အလုအယက် တက်နေသည်ကို တွေ့ လိုက်ရ၏။ အသေအချာ ကြည့်လိုက်သောအခါ ထိုလူအုပ်ကြီးသည် ကမ္ဘာလှည့် ခရီးသည်များ ဖြစ်နေ၏။ ၎င်းတို့ တက်နေသော ကားကြီးမှာ ခရီးသည်များ စုပေါင်းငှားရမ်းသည့် ခရီးစဉ်အတိုင်း သွားနေသောယာဉ် ဖြစ်၏။ ရက်ဂျီနာ သည် မိမိ၏စိတ်ကို ချက်ချင်းပင် ဆုံးဖြတ်လိုက်၏။ ခြေကျင်ပြေးနေ၍လည်း ခရီးတွင်မည်မဟုတ်။ မြို့ထဲသို့ပြန်မည့် အငှားကားကို ရှာဖွေရန်မှာလည်း အချိန်မရှိချေ။ သို့နှင့် ရက်ဂျီနာသည် မည်သည့်နေရာသို့ပင် ရောက်စေဟု စိတ်ကိုပိုင်းဖြတ်ကာ ထိုလူအုပ်ကြီးကြားထဲသို့ ဝင်၍ရောလိုက်လေသည်။

သူသည် တလှုပ်လှုပ်ဖြင့် ကားကြီး၏အဝသို့ ရောက်သွား၏။ မူလ အစကပင် အသိအကျွမ်းနည်းပါသဖြင့် ကမ္ဘာလှည့် ခရီးသည်များကြားတွင် သူ့အား သိသူတစ်ယောက်မျှ မပါရှိချေ။ ထို့ကြောင့်လည်း လွတ်နေသော ခုံတန်းလျားတစ်ခုပေါ်တွင် ရဲရဲတင်းတင်း ဝင်၍ထိုင်လိုက်၏။ ၁၀ မိနစ်မျှ ကြာသောအခါ ကားကြီးသည် တလိမ့်လိမ့်နှင့် ထွက်စပြုလေသည်။

ရက်ဂျီနာသည် ကားပြတင်းပေါက်မှကျော်၍ အပြင် လူအုပ်ထဲသို့ လှမ်းမျှော်ကြည့်ရှု၏။ ဒိုင်းလ်ကို ရှာဖွေခြင်းဖြစ်၏။ ဒိုင်းလ်ကလည်း လူအုပ် ကြားထဲ တိုးဝှေ့ရင်း သူ့အား ရှာဖွေနေ၏။ ဒိုင်းလ်သည် ဤခရီးသည်တင် ကားကြီးဖြင့် ရက်ဂျီနာ ပါသွားလိမ့်မည်ဟု မတွေးမိသောကြောင့် ကားပေါ်သို့ လုံးဝမကြည့်မိချေ။ သို့နှင့် ကမ္ဘာလှည့် ခရီးသည်တင်ကားကြီးသည် ဒိုင်းလ် အား ကျော်လွန်၍ သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၀

ညဥ့်သန်းခေါင်ယံ ကျော်၍ နောက်တစ်နေ့ နံနက်သို့ ရောက်ရှိပင် နီး၍လာလေပြီ။ သို့သော် ပါရီမြို့အဖို့ကား ညဥ့်ဦးပိုင်းသည် လည်းကောင်း ညဥ့်နက်ပိုင်းသည် လည်းကောင်း၊ နံနက်အရုဏ်တက်သည် လည်းကောင်း ဆိုင်ကြီးကနားကြီးများဖြင့် ဆူညံလျက်ရှိနေ၏။ ညဥ့်သည် နေ့ကဲ့သို့ပင် လင်းထိန်လျက် ရှိနေ၏။ ပါရီ၏ ဗဟိုဈေးကြီး ''လပ်စ်ဟော်လီ''သည်လည်း ညဥ့်နှင့်နေ့ မထူးခြားဘဲ ရှိနေလေသည်။

ရက်ဂျီနာသည် ကမ္ဘာလှည့်ခရီးသည်များကို လိုက်ပို့သောယာဥ်ကြီးမှ ဆင်းကာ အငှားယာဥ်တစ်စီး ငှားရမ်းပြီးနောက် မြို့တွင်းသို့ ဝင်လာသော အချိန်မှာ သန်းခေါင်းပင် ကျော်၍နေချေပြီ၊ သို့သော် ပါရီမြို့ကြီး၏အလယ်၌မူ စည်ကားဆဲ၊ လူသွားလူလာမစဲဘဲ ရှိနေလေသည်။

သူငှားခဲ့သော ကားကလေးသည် ရက်ဂျီနာအား ''ချက်ဗီဗစ်'' ရုပ်ရှင်ရုံရှေ့တွင် ချပေး၏။ ကားသမားအား ကားခကို ရှင်းပေးပြီးနောက် သူ၏ပတ်ဝန်းကျင်ကို တစ်ခဏမျှ ဝေးမောကြည့်ရှုလျက် ရှိနေ၏။ သူသည် ဘာသိုလိုမြူကို ရှာဖွေသကဲ့သို့ ဘာသိုလိုမြူကလည်း သူ့အား စောင့်မျှော်လျက် ရှိနေ၏။ ရက်ဂျီနာသည် ဘာသိုလိုမြူအား လက်ဖက်ရည်ဆိုင်တစ်ဆိုင် တွင် အမှတ်မထင် တွေ့လိုက်ရ၏။ ဘာသိုလိုမြူသည် လူအများ မြင်လောက် သည့် စားပွဲတစ်လုံးတွင် ထိုင်နေ၏။ သူ့ရှေ့စားပွဲပေါ်တွင် ဘီယာပုလင်းနှင့် ဖန်ခွက်တစ်လုံး ချထား၏။





ဘာသိုလိုမြူအား ဤကဲ့သို့ တွေ့လိုက်ရသောအခါ ရက်ဂျီနာမှာ အတော်ပင် ဝမ်းသာ၍သွားတော့၏။ သို့နှင့် ဘာသိုလိုမြူရှိရာသို့ တိုက်ရိုက် ဝင်သွားတော့၏။ ဘာသိုလိုမြူကလည်း ရက်ဂျီနာအား တွေ့လိုက်ရသဖြင့် အလွန်ပင် ဝမ်းသာသွားဟန်တူ၍ ထိုင်နေရာမှ ချက်ချင်းထ၍ မတ်တတ် ရပ်လိုက်၏။

''မစ္စစ်လင်းဘတ်''ဟု နှုတ်ဆက်လိုက်သော သူ့အသံမှာ တည်ငြိမ် ၍ အလုပ်သဘောကိုဆောင်နေ၏။

''ခင်ဗျား တယ်နောက်ကျတာပဲ၊ ကဲ... လာ... လာ ကျုပ်တို့ ဒီမှာ စကားပြောလို့ မဖြစ်ဘူး''

ဘာသိုလိုမြူသည် စားပွဲပေါ်တွင် ပိုက်ဆံအနည်းငယ် ချထားခဲ့ပြီး နောက် ရက်ဂျီနာ၏လက်ကို ဆွဲကာ ဆိုင်အပြင်သို့ ထွက်သွားလေသည်။

သူတို့သည် လူရှုပ်သော ဈေးထဲမှာပင် ဖြတ်၍ လျှောက်သွားကြ၏။ လက်တွန်းလှည်းများ၊ တောင်းကြီးများ၊ အထုပ်အပိုးများ၊ သေတ္တာများကို ဖြတ်ကျော်သွားရ၏။ အချို့နေရာများတွင် ဂေါ်ဖီရွက်ကြီးများ ပြန့်ကြဲနေသဖြင့် ခြေဖြင့်နင်း၍ သွားရလေသည်။

လမ်းတွင် ရက်ဂျီနာက အဘယ်ကြောင့် သူ နောက်ကျရသည့် အကြောင်းကို ဘာသိုလိုမြူအား ရှင်း၍ပြ၏။ ထိုအကြောင်းများမှာ မိမိအား တောက်တဲ့ကပ် ကပ်နေသည့် ဒိုင်းလ်အကြောင်း၊ နောက်ဆုံး အခြေအနေ များနှင့် သူနှင့် ဟိုတယ်တစ်ခုတည်းတွင် တည်းခိုနေကြသည့် ဂစ်ဒီယွန်း၊ တက်စ်ခေါ် ပင်သိုလောင်း၊ လတ်ပြတ်ကြီး စကိုဘီတို့ အကြောင်းတို့ကို ပြောပြခြင်း ဖြစ်လေသည်။

ရက်ဂျီနာမှာ ထိုအကြောင်းများကို ထိန်းထိန်းချုပ်ချုပ် ပြောသော် လည်း အသံခပ်ကျယ်ကျယ်ဖြင့် ပြောရ၏။ ''လပ်စ်ဟောလီ''ဈေးထဲတွင် လှူတိုက်သံများ၊ တွန်းလှည်းသံများ၊ မော်တော်ယာဥ်တို့၏ အိပ်ဇောမြည်သံ များမှာ ဆူညံလျက် ရှိနေ၏။ နံနက်စောစော ဈေးထွက်နိုင်ရန် ပြင်ဆင်နေကြ သော ဈေးသည်များ၏။ အသံများကလည်း ဆူညံလျက် ရှိနေလေသည်။

ရက်ဂျီနာသည် သူ၏ဇာတ်လမ်းကို နောက်ဆုံး အငှားယာဥ်ပေါ်တွင် ဒိုင်းလ်နှင့် အဆုံးသတ်ခဲ့ရပုံထိ ပြောပြ၏။ နောက်ဆုံး သူသည် ဒိုင်းလ်အား မည်ကဲ့သို့ မျက်ခြေပြတ်၍ ထွက်ခဲ့ပုံများပါဝင်လေ၏။ မောင့်မာတာသချိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် မလိုအပ်ဘဲ မိမိတို့နှစ်ယောက် အချိန်ဖြုန်းခဲ့ရပုံများပါ ထည့်သွင်းပြောပြရာ ဤသို့ပြောပြမှသာ သူ နောက်ကျရသည့်အကြောင်း ခိုင်လုံပေမည်။

''ဒါကြောင့် ကျွန်မ နောက်ကျတာပဲ။ ကျွန်မ အပြစ်တော့ မဟုတ်ဘူး''

ဤသို့ဖြင့် ရက်ဂျီနာသည် သူ၏စကားကို နိဂုံးချုပ်လိုက်လေသည်။

ဘာသိုလိုမြူက တစ်စုံတစ်ရာ ဝင်၍မပြောဘဲ ခပ်မဆိတ်ပင် နေနေ၏။ နောက်ဆုံးတွင်မှ သူသည် လမ်းလျှောက်နေရာမှ ရပ်လိုက်၏။ သူသည် ရက်ဂျီနာအား နံရံတစ်ခု၏နံဘေးသို့ ရောက်အောင်ခေါ်သွားပြီးလျှင် . . .

''ဒီမယ်. . . မစ္စစ်လင်းဘတ်၊ မစ္စတာဒိုင်းလ်ဆိုတဲ့လူရဲ့ ပုံသဏ္ဌာန်ကို ပြောစမ်းပါဦး''

''အင်း. . . ဒီလူက အရပ်ထောင်ထောင်မောင်းမောင်းပဲ။ မျက်နှာမှာတော့ အမာရွတ်ကြီးတစ်ခုပါတယ်။ ဥပမိရုပ်က ခန့်ညားထည်ဝါတာတော့ အမှန်ပဲ''

ရက်ဂျီနာသည် ခြေဟန်လက်ဟန်ဖြင့် ရှင်းပြ၏။

ဘာသိုလိုမြူသည် သူ၏ဦးခေါင်းကို လေးလေးတွဲတွဲ ခါယမ်းလိုက်ပြီးလျှင် ''သူ မဟုတ်ဘူး''ဟုလည်း နှုတ်မှ ရေရွတ်လိုက်၏။

''သူ မဟုတ်ဘူးဆိုတာ ဘာကိုဆိုလိုတာလဲ''

''သူဟာ ဒိုင်းလ်အစစ် မဟုတ်ဘူးလို့ပြောတာ''

''ရှင်ပြောနေတာ ကျွန်မ နားမလည်ပါဘူး''

ရက်ဂျီနာမှာ ဦးနှောက် ခြောက်သွား၏။

''၁၉၄၄ ခုနှစ် စစ်ကြီးဖြစ်နေတုန်းက ဂျာမန်တွေရဲ့အနောက်ဘက်ပြင်သစ်မှာပဲ ကာစင်ဒိုင်းလ်(ဒိုင်းလ်)ဟာ အမှုထမ်းရင်း အသတ်ခံလိုက်ရတယ်''

ရက်ဂျီနာမှာ မျက်လုံးပြူး၍သွားတော့၏။

''ကျွန်မတော့ မဖြစ်နိုင်ဘူးလို့ ထင်တယ်''

''သိပ်ဖြစ်နိုင်တာပေါ့ မစ္စစ်လင်းဘတ်။ အဲ့ဒါ တကယ့် အဖြစ်အပျက်ပဲ''

''ရှင်ပြောတာ သေချာရဲ့လား''

''ကျုပ်ပြောတာမယုံရင် အခု ခင်ဗျားနဲ့အတူ ဟိုတယ်တစ်ခုတည်း





မှာ တည်းခိုနေတဲ့ မိတ်ဆွေတွေကို မေးကြည့်ပါလား''

''ဘယ်သူတွေကို ပြောတာလည်း''

''ဂစ်ဒီယွန်း၊ ပင်သိုလောင်တို့၊ စကိုဘီတို့ကိုပေါ့''

''သူတို့အားလုံး သူတို့ကို တွေ့ပြီးပြီပဲ၊ သူတို့ ချားလ်(စ်)ရဲ့ အသုဘအခမ်းအနားမှာ ဆုံကြတယ်လေ။ နောက်ပြီး ဒီကနေ့ညနေမှာ ဆုံမိကြသေးတယ်''

ဘာသိုလိုမြူက ခေါင်းညိတ်လိုက်၏။

''အဲဒါကိုပဲ ကျုပ်ပြောနေတာပေါ့ မစ္စစ်လင်းဘတ်။ ခင်ဗျား စဉ်းစားကြည့်။ သူတို့အားလုံး သူ့ကို တွေ့တယ်။ ဒါပေမဲ့ ဘာမှမဖြစ်ဘူး၊ မပြောဘူး၊ မသိကြဘူး။ ဘယ်သိမှာလဲ သူက ဒိုင်းလ်အစစ်မှ မဟုတ်တာ''

သို့သော် ရက်ဂျီနာမှာ ယုံကြည်ရန် ခဲယဉ်းလျက်ရှိနေ၏။

''နေပါဦး၊ သူက ဘာဖြစ်လို့ သေတဲ့သူရဲ့နာမည်ကို ယူရတာလဲ၊ ဘာဖြစ်လို့ လိမ်ချင်ရတာလဲ။ အထူးသဖြင့် ဒိုင်းလ်သေပြီဆိုတာ သိတဲ့လူတွေကြားထဲမှာ သူ ဘာကြောင့် ဒီနာမည်ကို သုံးရသလဲ''

''ဒီတစ်ချက်တော့ ခင်ဗျားနဲ့ ကျုပ် သဘောချင်း တိုက်ဆိုင်တယ်။ ကျုပ်လည်း ဒါပဲ တွေးနေတာပဲ''

''ဒါဖြင့် သူက ဘယ်သူလဲ''

ရက်ဂျီနာက ကောက်ကာငင်ကာ မေးလိုက်၏။

''ဟင့်အင်း. . . ဒါတော့ ကျုပ် မသိဘူး''

''ဒီလိုဆို ကျွန်မ ဘာဆက်လုပ်ရမှာလဲ''

''ဒါကို ကျုပ်ပြောပြမှာပေါ့။ နို့ပေမဲ့ ခင်ဗျားဟာ ကျုပ်တို့နဲ့ ပူးပေါင်းဆောက်ရွယ်မယ်။ မဆောင်ရွက်ဘူးဆိုတဲ့ အပေါ်မှာ တည်နေတယ်၊ ခင်ဗျားဟာ ကျုပ်တို့နဲ့ ပူပေါင်းဆောင်ရွယ်မယ်ဆိုရင်ဖြင့် ကျုပ် ညွှန်ကြားစရာရှိတဲ့ အချက်တွေကို ပြောမှာပေါ့''

ရက်ဂျီနာသည် အချိန်အတော်ကြာမျှ ငြိမ်သက်၍ အတွေးနက်နေ၏။ ထိုနောက်မှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

''ကောင်းပါပြီ မစ္စတာဘာသိုလိုမြူ ကျွန်မ ရှင်နဲ့ ပူးပေါင်း ဆောင်ရွက်ပါမယ်။ ကျွန်မ ဘာလုပ်ပေးရမှာလဲ''

''ဒီလိုဆိုရင် ခုချိန်ကစပြီး ဒီကိစ္စ ရှင်းသွားတဲ့အထိ ပြောပြတ်



www.burmeseclassic.com

www.burmeseclassic.com



သားသား ကျုပ်တို့ အလုပ်လုပ်ကြရမယ်၊ ကျုပ် ညွှန်ကြားတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါ။ တိတိကျကျ ဖြစ်ပါစေ။ ကျုပ်ပြောတာ သဘောပေါက်တယ်မဟုတ်လား''

''ကောင်းပါပြီ''

''ဒါဖြင့် ခင်ဗျားလုပ်ကိုင်တာတွေ။ သူတို့နဲ့ ဆက်ဆံရတဲ့ကိစ္စတွေအားလုံး ကျုပ်ပေးထားတဲ့ ဖုန်းနံပါတ်အတိုင်း ကျုပ်ကိုပြောပါ။ မနက်ပိုင်းမှာ မနက် ကိုးနာရီက ဆယ်နာရီအတွင်း။ ညနေပိုင်းမှာ ညနေခြောက်နာရီက ခုနစ်နာရီအတွင်း တစ်နေ့နှစ်ကြိမ်ပေါ့။ ကျုပ်ကမပြောမချင်း ခင်ဗျား ကျုပ်ကို တွေ့ဖို့ မကြိုးစားပါနဲ့။ ဒါမှ ခင်ဗျားနဲ့ ကျုပ် အဆက်အသွယ်ရှိတယ်ဆိုတာ သူတို့ ရိပ်မိစရာအကြောင်း ရှိမယ်မဟုတ်ဘူး။ ပြီးတော့ ခင်ဗျားသွားလေရာမှာ ခင်ဗျားကိုစောင့်ရှောက်ဖို့ လူတစ်ယောက် စောင့်ကြည့်နေလိမ့်မယ်။ ခင်ဗျားအတွက် အကာအကွယ်ပေါ့''

''အဲဒီလူဟာ ကျွန်မတို့လူလား။ ရန်သူလားဆိုတာ ကျွန်မ ဘယ်လိုခွဲခြားသိရမှာလဲ''

''ခင်ဗျား. သိစရာမလိုဘူး မစ္စစ်လင်းဘတ်''

ရက်ဂျီနာသည် မိမိနံဘေးမှ ဖြတ်သွားသော မိန်းမကြီးကို ငေးမောကြည့်လိုက်၏။ မိန်းမကြီးသည် ခပ်ဝဝတုတ်တုတ်ဖြစ်၍ လက်ထဲတွင် လေးလံသော ငါးခြင်းကြီးတစ်လုံးကို ဆွဲလာ၏။

''ကျွန်မအလုပ်ကိုရော ရှင် ဘယ်လိုသဘောထားသလဲ''

ရက်ဂျီနာက ဘာသိုလိုမြူအား မေးလိုက်၏။

''ကျွန်မ ယူနက်စကိုဌာနချုပ် ဘာသာပြန်ဌာနမှာ အလုပ်ပြန်ဝင်ဖို့ ကြိုးစားနေတယ်။ ကျွန်မရဲ့ စားဝတ်နေရေးက ရှိသေးတယ် မဟုတ်လား''

''ဘာပဲဖြစ်ဖြစ် ခင်ဗျားပြောတာ ကျုပ် သဘောကျတယ်၊ လက်ခံတယ်။ ဒါဟာ ခင်ဗျားရဲ့လုပ်ကိုင်မှု၊ လှုပ်ရှားမှုကို ဖုံးကွယ်လိုက်ခြင်းပဲ''

ထို့နောက် သူတို့သည် တိတ်ဆိတ်ငြိမ်သက်စွာ လမ်းလျှောက်သွားကြပြန်၏။ အချိန်အတန်ကြာမှ ဘာသိုလိုမြူက . . .

''ဒိုင်းလ်က တွေ့ဆုံဖို့ ချိန်းဆိုတာတွေကို ခင်ဗျားလက်ခံပါ မစ္စစ်လင်းဘတ်။ ပြီးတော့ သူပြောသလို သူနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူတဲ့အမူအရာပြပါ။ ပြီးတော့ သူ ဘာကောင်လဲ။ သူ့မှာ ဘာအကြံအစည်တွေ





ရှိနေတယ်ဆိုတာ သိအောင်လုပ်ပါ။ စုံစမ်းပါ။ ဒါပေမဲ့ ခင်ဗျား သတိထားဖို့လိုတာကတော့ အမှန်တရားကို ဖော်ထုတ်နိုင်ဖို့ နီးလာလေလေ ခင်ဗျားအတွက် အန္တရာယ်ကြီးလာလေလေဆိုတာပါပဲ''

''ဒီအတွက်ကော ကျွန်မက ဘာကာကွယ်နိုင်မှာလဲ၊ ကျွန်မကို ဘယ်လိုအကာအကွယ်ပေးမှာလဲ''

ဘာသိုလိုမြူက သူ၏ကုတ်အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်၏။

''ခင်ဗျားအိတ်ကို ဖွင့်လိုက်ပါ မစ္စစ်လင်းဘတ်''

''ဘာလုပ်ဖို့လဲ''

ရက်ဂျီနာသည် နားမလည်သဖြင့် ပြန်၍ မေးလိုက်၏။

''ခင်ဗျားရဲ့အိတ်ထဲကို ကျုပ် သေနတ်တစ်လက် ထည့်ပေးမလို့ပါ''

''သေနတ်တစ်လက် . . . ဟုတ်လား''

''ဟုတ်တယ်။ ဒီသေနတ်ဟာ ခင်ဗျားအဖို့ အသုံးလိုချင်မှ လိုမယ်။ ဒါပေမဲ့ ဆောင်ထားတာဟာ မမှားပါဘူး''

ရက်ဂျီနာသည် ယခုအချိန်မှစ၍ ဘာသိုလိုမြူ၏ အမိန့်ကို နာခံရပေတော့မည်။ ရက်ဂျီနာက သူ၏ ပိုက်ဆံအိတ်ကို ဖွင့်ပေးလိုက်ရာ ဘာသိုလိုမြူက သေနတ်ကလေးတစ်လက်ကို ထည့်ပေးလိုက်၏။ ရက်ဂျီနာကမူ ထိုသေနတ်ကို ကြည့်ပင်မကြည့်ဘဲ ပိုက်ဆံအိတ်ကို ချက်ချင်းပြန်ပိတ်လိုက်၏။ ပိုက်ဆံအိတ်မှာ အတန်ငယ် ပို၍ လေးသွားလေသည်။

''ကျွန်မ သေနတ်တစ်ခါမှ မပစ်ဖူးဘူး။ ပစ်လည်း မပစ်တတ်ဘူး''

''ဒီသေနတ်ကတော့ ပစ်ဖို့ လွယ်ပါတယ်။ ပစ်ချင်တဲ့ ပစ်မှတ်ကို ချိန်၊ ပြီးတော့ ခလုတ်ကို ဆွဲလိုက်ရုံပါပဲ''

ထို့နောက် ဘာသိုလိုမြူသည် ရက်ဂျီနာ၏လက်မောင်းကို ခပ်ဖွဖွကလေးဆွဲကာ ရှေ့သို့ ဆက်၍ခေါ်သွားပြန်လေသည်။

''ခင်ဗျားမှာ ဘာတွေ မေးစရာ၊ ပြောစရာ ရှိသေးသလဲ''

ရက်ဂျီနာကလည်း ထိုမေးစရာများကိုပင် တွေးတော၍နေမိ၏။

''ဟိုတခြားလူတွေကိုကော ဘယ်လိုဆက်ဆံရမှာလဲ၊ ဂ်ဒီယွန်တို့ ငင်သိုလောင်းတို့၊ စကိုဘီတို့ကိုလေ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေက ကလေးကလားတွေပါ။ ဂရုစိုက်စရာ ဒီ လောက် မလိုပါဘူး။ ဒါပေမဲ့ စကိုဘီကိုတော့ ခပ်ဝေးဝေးကပေါင်း။ ဒီကောင်က ကိုယ်နှုတ်အပူအရာ ကြမ်းတမ်းတယ်။ ဦးနှောက်လည်း သိပ်မကောင်းဘူး"

"သူ့လက်က ဘာဖြစ်တာလဲ။ သံမဏိလက်တုကြီး တပ်ထား တယ်"

"စစ်အတွင်းတုန်းက သေနတ်မှန်လို့ သူ့လက်ကို ဖြတ်ပစ်လိုက် ရတယ်။ ကျုပ်တို့ အရေးတကြီးဂရုစိုက်ရမှာကတော့ သူ့ကိုယ်သူ ဒိုင်းလ်လို့ ဟန်ဆောင်နေတဲ့ လူကိုပဲ"

ဘာသိုလိုမြူက လေးနက်စွာ ပြောလိုက်၏။

"ကျုပ်တို့"ဟူသော အသုံးအနှုန်းကို ဘာသိုလိုမြူက ပညာသား ပါပါ သုံးလိုက်ကြောင်း ရက်ဂျီနာက ရိပ်မိလိုက်၏။ ကာစင်ဒိုင်းလ်သည် သေသည်ဖြစ်စေ၊ အသက်ရှင်နေသေးသည်ဖြစ်စေ သူ့နာမည်ကတော့ ဒီဇာတ်လမ်းတွင် ဝင်၍ရှုပ်နေချေပြီ။

## အခန်း ၁၁

တယ်လီဖုန်းသံ စူးစူးရှရှ မြည်လာသောအခါ ရက်ဂျီနာသည် အိပ်ရာမှ လန့်၍ နိုးလာ၏။ သို့နှင့် ကမန်းကတန်းပင် ခြုံထားသောစောင်ကို ခွာချလိုက်ပြီးနောက် ဓာတ်မီးကို ဖွင့်လိုက်၏။ နာရီကို ကြည့်လိုက်သောအခါ လေးနာရီခွဲနေချေပြီ။ သူသည် ဖုန်းရှိရာသို့ အပြေးကလေးသွားပြီးနောက် တယ်လီဖုန်းလက်ကိုင်ကို ကိုင်လိုက်၏။

"ဟဲလို..."

"မစ္စစ်လင်းဘတ်လား။ အခု စကားပြောနေတာ ဒိုင်းလ်ပါ"

"အခု ဘယ်အချိန်ရှိပြီလဲဆိုတာ ရှင် သိရဲ့လား"

ရက်ဂျီနာက စိတ်တိုတိုနှင့် အော်၍မေးလိုက်၏။

"ခင်ဗျားများ ဘာဖြစ်သလဲ သိချင်လို့ပါ"

တစ်ဖက်မှ ဒိုင်းလ်၏အသံမှာ ပြေပြေပြစ်ပြစ်ရှိလှ၏။

"ကျွန်မ ဘာမှမဖြစ်ပါဘူး"

ရက်ဂျီနာသည် မိမိအသံ ကြည်လင်သွားစေရန် ချွဲရှင်းလိုက်၏။ အပုန်တော့ ရက်ဂျီနာသည် ဘာသိုလိုမြူနှင့် တွေ့ဆုံပြီးနောက် ဒိုင်းလ်ကို မေ့လျော့နေခဲ့၏။

"ရှင်ရော ဘာဖြစ်သွားသေးသလဲ"

ရက်ဂျီနာက ပြန်လှန်မေးခွန်းထုတ်လိုက်၏။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို စားပွဲတစ်လုံးက ထိုင်စောင့်နေတယ် မဟုတ်လား။ ရှင့်ကို ကျွန်မ တွေ့သားပဲ"

ရက်ဂျီနာက လိမ်လည်ပြောလိုက်၏။

တစ်ဖက်မှပြောသူသည် တွေဝေစဉ်းစားနေသကဲ့သို့ တစ်ခဏမျှ အသံတိတ်သွား၏။

"ခင်ဗျားကိုတော့ ကျွန်တော် မတွေ့ပါလား"

ရက်ဂျီနာသည် ဒိုင်းလ်အား ရယ်စရာမောစရာ လုပ်လိုက်နိုင်သဖြင့် မိမိကိုယ်ကို မိမိ သဘောကျသကဲ့သို့ ဖြစ်သွား၏။

"ဒါထက် ခင်ဗျားကို ချိန်းထားတဲ့လူနဲ့ကော ခင်ဗျား တွေ့ရရဲ့လား"

ဒိုင်းလ်က ပြန်လည် တီးခေါက်သည့်အနေဖြင့် ပြောလိုက်၏။

"ဟင့်အင်း... သူ မလာဘူး။ ကျွန်မ သန်းခေါင်ကျော်တဲ့အထိ စောင့်ကြည့်နေသေးတယ်။ နောက်မှ ဟိုတယ်ကို ကျွန်မ ပြန်လာတာ"

ရက်ဂျီနာက တတ်နိုင်သလောက် ဘာသိုလိုမြူနှင့် တွေ့သည့် ကိစ္စကို ဖုံးဖိထား၏။

"ကျွန်မမှာ အမှားအယွင်းရှိသလား"

"မှန်ပါတယ်။ ကျွန်တော်ကသာ ခင်ဗျားကို ရှာမတွေ့တော့တာနဲ့ စိတ်ပူနေတာပါ။ မနက်စောစောစီးစီး ခင်ဗျားကို နှိုးရတာ စိတ်မကောင်းပါဘူး"

"ကျွန်မ သဘောပေါက်ပါတယ်။ ကိုင်း... ကျွန်မ ပြန်အိပ်လိုက်ဦးမယ်"

"ကောင်းသောညပါ မစ္စစ်လင်းဘတ်"

ဒိုင်းလ်၏အသံမှာ ရယ်သံပါ၍နေ၏။

ရက်ဂျီနာသည် တယ်လီဖုန်းလက်ကိုင်ချ၍ မီးပိတ်လိုက်ပြီးလျှင် အိပ်ရာပေါ်သို့ လှဲချလိုက်၏။ သို့သော် ရုတ်တရက် အိပ်မရဘဲ မှောင်ထဲတွင် မမြင်ရသော မျက်နှာကြက်ကိုပင် ငေးစိုက်ကြည့်နေမိလေသည်။

မည်သူတွေ မည်မျှလောက်လည်၍ မည်မျှ လျှို့ဝှက်စေကာမူ တစ်နေ့နေ့တစ်ချိန်ချိန် တစ်နေရာရာတွင် ထိပ်တိုက်တွေ့ရပေတော့မည်။





ယခုလောလောဆယ်အချိန်၌မူ ရက်ဂျီနာတွင် လူကြမ်းကြီး သုံးယောက်နှင့် မည်သူမည်ဝါမှန်း မသိသော ဒိုင်းလ်ဆိုသူတို့သည် ၎င်းနောက်သို့ ကောက်ကောက် လိုက်နေကြ၏။ မိမိအတွက် ဘဝအာမခံချက်သည်ကား ည်သို့နည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ရက်ဂျီနာသည် ယူနက်စကို အဆောက်အအုံသို့ ရောက်လာ၏။ ယခင်က သိဟောင်းကျွမ်းဟောင်းဖြစ်သူ လုံခြုံရေးတာဝန်ကျသူအား နှုတ်ဆက်၍ အတွင်းသို့ဝင်သွား၏။ လုံခြုံရေး တာဝန်ကျသူ ဝန်ထမ်းကလည်း ပြန်လည်နှုတ်ဆက်ကာ ဝင်ခွင့်ပြုလိုက်လေသည်။

ရက်ဂျီနာသည် သူ၏သူငယ်ချင်းဖြစ်သူ ဆီဗီယာအား စကားပြန် အခန်းထဲတွင် တွေ့ရ၏။ တစ်ယောက်နှင့်တစ်ယောက် ဝမ်းသာအားရ တစ်ယောက်ပါးကို တစ်ယောက်နမ်းကာ နှုတ်ဆက်ကြ၏။

"အားလုံးအဆင်ပြေတယ် ရက်ဂျီနာရေ"

ဆီဗီယာက စတင်စကားပြော၏။

"တို့ဌာန တာဝန်ခံက မင်းအဆင်ပြေရင် ဒီတနင်္လာနေ့ကစပြီး အလုပ်ဆင်းစေချင်တယ်တဲ့။ ဒါမှ ဒီနွေရာသီ ကွန်ဖရင့်ကျင်းပရာမှာ မင်းရဲ့ လုပ်အားကို ရမယ်တဲ့။ မင်းလည်း ပြင်ဆင်နိုင်မယ်တဲ့။ တခြားဘာသာပြန်မှာ ကျွမ်းကျင်တဲ့လူတွေတောင် နောက်ထပ်လိုနေသေးတယ်တဲ့"

"ကျေးဇူးပါပဲ ဆီဗီယာရယ်။ မင်းဟာ ကိုယ့်ရဲ့ တကယ်အားကိုး ထိုက်တဲ့ မိတ်ဆွေစစ်ပဲ။ မင်းရဲ့ကျေးဇူးကို ကိုယ် ဘယ်တော့မှမမေ့ပါဘူး ကွယ်။ မင်းကို ကိုယ့်ဘက်က ဘယ်လိုပြန်ပြီး ကူညီရမယ်ဆိုတာသာ ပြောပါ"

"အေး... မင်းကူညီမယ်ဆိုမှ ကိုယ်သတိရတယ်ကွယ်။ ကိုယ့်





သားကလေး ဂျင်းလူးဝစ်ကို ဗင်ဆင်နီတီရွှောန်ဥယျာဉ်ကို လိုက်ပြမယ်လို့ ကိုယ် ကတိပေးထားတယ်။ ဒါပေမဲ့ အလုပ်တွေက မအားတော့ ကိုယ် ကတိပျက်တာ ကြာပြီ"

"ဒီကိစ္စလောက်တော့ ကိုယ် ကူညီနိုင်ပါတယ်။ ဂျင်းကို ကိုယ် လိုက်ပို့လိုက်ပါ့မယ်။ ကိုယ်လည်း တိရွှောန်ဥယျာဉ်ကို မရောက်တာကြာပြီ။ နောက်ပြီး အလုပ်မဝင်ရသေးခင်ကလေးမှာ ကိုယ်အားနေပါတယ်"

သို့နှင့် သူတို့သည် ဘာသာပြန်ခန်းမမှ ထွက်၍ ကော်ရစ်ဒါ (စင်္ကြံ) အတိုင်း အောက်ထပ်သို့ ဆင်းလာခဲ့ကြ၏။ အောက်ထပ်တွင် နေ့လယ်စာ စားရန် စားသောက်ဆိုင်ရှိ၏။

"အို... မင်းကို ကိုယ်ပြောဖို့ မေ့နေလိုက်တာ။ ခပ်စောစော က တည်းက မင်းကိုစောင့်နေတဲ့ လူတစ်ယောက် စားသောက်ဆိုင်ထဲမှာ ရှိလေရဲ့"

ဆီဗီယာက ရုတ်ခြည်းပြောလိုက်၏။ သို့နှင့် ရက်ဂျီနာသည် လမ်း လျှောက်နေရာမှ ရုတ်တရက် ရပ်လိုက်၏။

"ဘယ်သူလဲ"

"သူ့နာမည်တော့ ကိုယ်မသိပါဘူး။ ဒါပေမဲ့ သူ့ကို ချားလ်(စ်) အသုဘ အခမ်းအနားမှာ တွေ့ဖူးတယ်။ မင်းမှာ သူနဲ့ တွေ့ဆုံစရာကိစ္စ ရှိသေးလို့လား"

"အခုထက်ထိတော့ ဘာကိစ္စဆိုတာ ကိုယ် မသိသေးဘူး"

နေ့လယ်စာစားခန်းထဲသို့ ရောက်ကြသောအခါ စားပွဲတစ်လုံးတွင် အမြိုင့်သားထိုင်နေသော ဒိုင်းလ်အား ရက်ဂျီနာ တွေ့လိုက်ရ၏။ ဆီဗီယာသည် ရက်ဂျီနာအား မိမိကို ပခုံးဖြင့်တွန်း၍ အသိပေးလိုက်၏။

"မင်းကို တွေ့ချင်တယ်ဆိုတဲ့လူဟာ အဲဒီလူပေါ့။ လူကတော့ လူချောပဲ။ မင်းကော ဒီလိုပဲ မထင်ဘူးလားဟင်... "

သို့ရှိစဉ် ဒိုင်းလ်သည် သူထိုင်နေသောစားပွဲမှ ထလာ၏။ သူ၏ မျက်နှာသည် ပြုံးရွှင်နေ၏။

"ဒီနေ့နေ့လယ်စာကို ကျွန်တော်နဲ့အတူစားဖို့ ခင်ဗျားတို့နှစ်ယောက် ကို ဖိတ်ပါရစေ"

ရက်ဂျီနာက "ဝမ်းနည်းပါတယ်ရှင်။ ကျွန်မသူငယ်ချင်းကို ကျွန်မ အခုပဲ ဖိတ်ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကောင်းတာပေါ့။ ခင်ဗျား သူငယ်ချင်းကို ခင်ဗျားက ဖိတ်တယ်။ ခင်ဗျားကို ကျွန်တော်က ဖိတ်တယ်။ လာပါ အခု လောလော ဆယ်တော့ ကျွန်တော်ထိုင်နေတဲ့ စားပွဲတစ်ဝိုင်းပဲ အားပါတယ်"

ရက်ဂျီနာက နောက်ထပ်တစ်စုံတစ်ရာ မပြောနိုင်မီ ဒိုင်းလ်သည် ဆီဗီယာအတွက် ကုလားထိုင်တစ်လုံး ပြင်ပေးလိုက်၏။ ထို့နောက် စားပွဲ၏ တစ်ဖက်သို့လှည့်ကာ ရက်ဂျီနာအတွက် ကုလားထိုင်တစ်လုံးကို ရွှေ့ပေးပြန်၏။ လူမှုရေးအရ အားနားဖွယ် ဖြစ်နေသဖြင့် ရက်ဂျီနာရော ဆီဗီယာပါ ဝင်၍ထိုင်လိုက်ကြ၏။ ထိုအခါမှ ဒိုင်းလ်သည် သူ့အတွက် ကုလားထိုင် တစ်လုံးကို ဆွဲ၍ထိုင်၏။ သူထိုင်လိုက်သောနေရာမှာ စားသောက်ခန်း အဝင်ဝ တံခါးသို့ မျက်နှာမူလျက် ရှိနေလေသည်။

ရက်ဂျီနာက "ရှင် ဒီလိုဝင်ပေါက်ကို မျက်နှာမူပြီးထိုင်တာ တမင် ရွေးထိုင်တာ မဟုတ်လား။ ဘာဖြစ်လို့လဲ"

"ဟုတ်လား။ ကျွန်တော်တော့ သတိတောင် မထားမိပါဘူးဗျာ"

"အင်း ... ဒီလိုပဲပြောတာပဲ။ သူလည်း ဒီလိုပဲပြောတာပဲ။ ဒါပေမဲ့ သူလည်း ဒီလိုပဲ အဝင်ဝကို မျက်နှာမူပြီး ထိုင်တတ်တယ်"

"သူဆိုတာ ဘယ်သူလဲ။ ဘယ်သူ့ကို ပြောတာလဲ"

"ကျွန်မခင်ပွန်း ချားလ်(စ်)ကိုပြောတာ။ ကျွန်မတို့ ဘယ်သွားသွား သူဟာ အဝင်တံခါးပေါက်ကို မျက်နှာမူပြီး ထိုင်တတ်တယ်။ ဘယ်သူပဲ ဝင် လာလာ အဲဒီလူကို သူက ပထမဆုံး တွေ့ရအောင်လို့ပဲ"

ဆီဗီယာက ကန့်ကွက်သကဲ့သို့ ပြောလိုက်၏။ "အိုကွယ် ... သူငယ်ချင်းကလည်း ဘာတွေ လျှောက်ပြောနေတာလဲ"

"ကိုယ့်ဘဝတစ်ကွေ့ကို ကိုယ် အမှတ်ရလာလို့ ပြောတာပါ။ သူ့ကို ကိုယ်စတွေ့တုန်းကလည်း သူ ဒီလိုပဲ နေရာယူထိုင်နေတုန်း ... "

ရက်ဂျီနာသည် စကားကို ကုန်အောင် မပြောသေးဘဲ ဆက်၍ စဉ်းစားနေဟန်တူ၏။ ရက်ဂျီနာသည် ချားလ်(စ်)လင်းဘတ်ကို တွေ့စဉ်အခါက အသက် ၄၀ ကျော်ပေပြီ။ ဆံပင် ကျို့တို့ကျဲတဲများပင် ပြောင်နေချေပြီ။ သို့သော် ရက်ဂျီနာ၏မျက်စိထဲတွင် ယောကျ်ားပီသသော ဥပဓိရုပ်နှင့် ခန့်ညား သည်ဟု ထင်ခဲ့၏။

ပထမဆုံးအကြိမ် စတင်တွေ့လိုက်သည့်အချိန်မှစ၍ မိမိခင်ပွန်း





သည် သူ့အပေါ်တွင် ရက်ဂျီနာသည် စိတ်ဝင်စားမှုရှိခဲ့သည်ကို မငြင်းနိုင် ခဲ့ချေ။ ထိုအချိန်မှစ၍ သူ၏ရုပ်ရည်ကြောင့် လည်းကောင်း၊ ငွေကို ဖောဖော သီသီသုံးစွဲသည်ကို မြင်ရသဖြင့်တစ်ကြောင်း သဘောကျခဲ့လေသည်။ တစ်ချိန် တည်းမှာပင် ချားလ်(စ်)၏ အမြှောက်အပင့်ကလေးများ၊ ယုယမှုကလေး များကို မိမိကိုယ်တိုင် သာယာခဲ့၏။ မိမိကိုယ်တိုင် မိမိ၏ခင်ပွန်းသည်အား တယုတယ ချစ်ခင်လျက် ရှိနေသကဲ့သို့ ခင်ပွန်းဖြစ်သူကလည်း ချစ်ခင်ယုယ လျက်ရှိနေ၏။ ထိုလိုအပ်ချက်များမှာ အချစ်နှင့်မေတ္တာတို့၏ သရုပ်သကန်ကို မပေါ်လွင်ဘဲ လက်ရှိအခြေအနေအရသာ တစ်ဦး၏လိုအပ်မှုကို တစ်ဦးက ဖြည့်စွမ်းနိုင်သောအချိန်နှင့် တိုက်ဆိုင်နေခြင်းမျှသာ ဖြစ်တော့၏။ ထို့ကြောင့် ပင် ချားလ်(စ်)က ရက်ဂျီနာအား လက်ထပ်ခွင့် တောင်းသောအခါ မိမိက အလွယ်တကူပင် လိုက်လျောသဘောတူခဲ့လေသည်။

မိမိနှင့် ပေါင်းဖော်နေသည့်အချိန်အတွင်း ချားလ်မှာ မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်၊ မိမိအား အဘယ့်ကြောင့်လက်ထပ်သည် စသည့် စဉ်းစား စရာများ၊ သိသင့်သိထိုက်စရာများကိုပင် သိရှိရန် မိမိ မကြိုးစားခဲ့ချေ။

ထူးခြားသည်မှာ ချားလ်(စ်)သည် ပြင်သစ်အဝတ်အစားများကို မဝတ်။ အင်္ဂလန်မှထွက်သည့် အထည်အလိပ်များကိုသာ ပြင်သစ်အပ်ချုပ် ဆရာများအား အော်ဒါပေး၍ ချုပ်ဝတ်လေ့ရှိ၏။ သူ၏အင်္ကျီများကို မည်သည့် အခါမျှ အညစ်အထေးမခံ။ တစ်နေ့လျှင် အင်္ကျီသုံးထည်မျှလဲ၍ ဝတ်ဆင် လေ့ရှိ၏။ သူသည် ခြေသည်း၊ လက်သည်းများကို အရှည်ထားသော်လည်း ချေးမတင်စေရန် အမြဲတမ်း ဂရုစိုက်၍နေတတ်၏။ သူ၏အသုံးအဆောင်များ ဖြစ်သော မီးခြစ်၊ နာရီ၊ ထီးစသည်တို့ကိုပင် အသစ်ကဲ့သို့ ပြောင်ပြောင် လက်လက် ကိုင်ဆောင်တတ်လေသည်။

သူစကားပြောသည့် လေယူလေသိမ်းမှာလည်း အတန်ငယ်ဝဲ၏။ ထိုအချက်ကပင် သူသည် ဆွစ်လူမျိုး အဆက်အနွယ်ဖြစ်သည်ကို ဖော်ပြလျက် ရှိနေ၏။ အင်္ဂလိပ်စကားနှင့် ပြင်သစ်စကားကို ကောင်းစွာ ပြောနိုင်၏။ သူသည် အစားအသောက်များကိုလည်း အကောင်းဆုံးများကိုသာ ရွေးချယ်၍ စား သောက်တတ်၏။ အရက်သောက်ရာတွင် ဝိုင်အရက်ကို ခုံခုံမင်မင် သောက် လေ့ရှိ၏။ သို့သော် မည်သည့်အခါမျှ ရေချိန်လွန်သည် မရှိချေ။

ရက်ဂျီနာသည် အတွေးနယ်ကျွံနေရာမှ ပြန်လည်၍ သတိဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ မစ္စတာဒိုင်းလ်နှင့် ဆီဗီယာတို့က မိမိအား ငေးစိုက်ကြည့်နေသည်ကို တွေ့ရသဖြင့် ရှက်အမ်းအမ်း ဖြစ်၍သွားတော့၏။

"မစ္စတာဒိုင်းလ် ဒီကိုရောက်လာတာ ယူနက်စကို အဖွဲ့အစည်းမှာ ပြသထားတဲ့ အနုပညာနဲ့သက်ဆိုင်တဲ့ ဓာတ်ပုံတွေ၊ ပန်းချီ၊ ပန်းပုတွေ ကြည့်ဖို့ပဲတဲ့"

ဆီဗီယာသည် စကားကို ကြောင်းပေး၏။ သူ၏သူငယ်ချင်းဖြစ်သူ ရက်ဂျီနာမှာ ယခုကဲ့သို့ အတွေးရေယဉ်ကြော၌ မျောပါနေသည်ကို မည်သည့်အကြောင်းပါနည်းဟု သိလိုလှ၏။

ဒိုင်းလ်ကမူ ထိုကိစ္စကို စိတ်မဝင်စားချေ။ သူစိတ်ဝင်စားနေသည့် အကြောင်းကို ကြားဖြတ်၍ မေးလိုက်၏။

"နေပါဦး... မစ္စစ်လင်းဘာတ်၊ ခင်ဗျားကို ဖုန်းထဲကနေ ချိန်းတဲ့လူနဲ့ နောက်ထပ် အဆက်အသွယ် ရသေးသလား"

"ဟင့်အင်း..."

ရက်ဂျီနာက သွက်လက်စွာပင် လိမ်လည်၍ ပြောလိုက်၏။

"ညက ခင်ဗျားစဉ်းစားသေးသလား"

"ဘာကို စဉ်းစားရမှာလဲရှင့်"

"ကျွန်တော်နဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ ကိစ္စကိုလေ"

"အို... ဟုတ်ပါရဲ့။ ကျွန်မ စဉ်းစားပြီးပါပြီ"

ဆီဗီယာသည် ရက်ဂျီနာအား တစ်လှည့်၊ ဒိုင်းလ်အား တစ်လှည့် ကြည့်၍နေမိ၏။

"အဖြေကကော"

"ရှင်ပြောတဲ့အဆိုအတိုင်း ကျွန်မ သဘောတူပါသတဲ့ရှင်"

"ကောင်းပါလေ့ဗျာ။ ဒီသဘောတူညီမှုကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ ရှန်ပိန်အရက်တစ်ခွက်စီလောက် သောက်ကြရအောင်၊ နောက်ပြီး ဒီညနေစာကို ကျွန်တော်ကပဲ ကျွေးပါရစေ မစ္စစ်လင်းဘာတ်"

ရက်ဂျီနာသည် ဒိုင်းလ်အား တစေ့တစောင်း ကြည့်ရှုအကဲခတ်လိုက်၏။

"အင်း... ဒီတစ်ခါ ညနေစာစားကြရင် ကျွန်မတို့နှစ်ယောက်နှစ်ခါတောင် ဆုံပြီပဲ၊ တစ်ယောက်နဲ့တစ်ယောက်လည်း ပူးပေါင်းလုပ်ဆောင်





ကြဖို့တောင် သဘောတူညီကြပြီ။ တစ်ယောက်ကိုတစ်ယောက် မစ္စစ်လင်းဘာတ်၊ မစ္စတာဒိုင်းလ်တို့ ခေါ်ဝေါ်ကြတာဟာ ရင်းနှီးမှုမရှိသလိုပဲ။ ဒီတော့ကာ ကျွန်မနာမည် ရက်ဂျီနာပါ။ ရက်ဂျီနာလို့ပဲ ခေါ်နိုင်ပါတယ်"

"ကောင်းပါပြီ ရက်ဂျီနာ"

"ရှင့်ကိုကော ကျွန်မ ဘယ်လိုခေါ်ရမှာလဲ"

"ကြိုက်သလို ခေါ်နိုင်ပါတယ်"

ဒိုင်းလ်က ရယ်ရယ်မောမော ပြောလိုက်သဖြင့် ရက်ဂျီနာပါရော၍ ရယ်လိုက်၏။ သို့နှင့် ဆီဗီယာဘက်သို့လှည့်၍...

"ကဲ... သူငယ်ချင်း သူ့ကို တို့ ဘယ်လိုခေါ်မှာလဲ၊ အခုထက်ထိတော့ သူ့ရဲ့ပထမနာမည် မပြောသေးဘူး"

"ကျွန်တော်ရဲ့ ပထမနာမည်ကြားရင် ခင်ဗျားတို့အတွက် ရယ်စရာဖြစ်နေမလားလို့ပါ"

"ပြောသာပြောပါရှင်။ ရယ်စရာထက် ရင်းနှီးမှုက ပိုအရေးကြီးပါတယ်"

ရက်ဂျီနာသည် ပြောရကောင်းနိုးမကောင်းနိုး စဉ်းစားလျက်ရှိနေသော အတန်ကြာမှ တီးခေါက်ကြည့်သည့်သဘောဖြင့်...

"ကာစင်မဟုတ်လား။ ရှင့်နာမည် ကာစင်ဒိုင်းလ်လေ"

ဒိုင်းလ်၏ ပြုံးရွှင်နေသောမျက်နှာမှာ တမုဟုတ်ချင်းပင် ပျောက်ကွယ်၍ သွားတော့၏။ ထို့နောက် တည်ကြည်ငြိမ်သက်သော မျက်နှာအမူအရာနှင့် တည်ကြည်သော လေသံတို့ဖြင့် ငြင်းဆိုလိုက်၏။

"မဟုတ်ပါဘူး ခင်ဗျား"

"မဟုတ်ဘူး... ဟုတ်လား"

ရက်ဂျီနာမှာ မိမိ၏ အံ့အားသင့်သော မျက်နှာအမူအရာကို မဖုံးနိုင်မကွယ်နိုင်သကဲ့သို့ ဖြစ်၍သွားတော့၏။

"ကျွန်တော့်နာမည် အလက်ဇန္ဒားပါ။ အလက်ဇန္ဒာဒိုင်းလ်ပါ"

"အို... ဒီနာမည်ဟာ ရယ်စရာအကြောင်း မရှိပါဘူး"

ဆီဗီယာမှာ ဓာတ်လမ်း အစ အလယ် အဆုံးကို နားမလည်ရှာဘဲ ဝင်၍ပြောလိုက်၏။

"ရှင့်အပေါင်းအသင်းတွေက ရှင့်ကို ဘယ်လိုခေါ်သလဲ။ အလ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သလား၊ အလ်စ်လက်လို့ ခေါ်သလား''

ဒိုင်းလ်မှာ မည်ကဲ့သို့ ပြန်၍ဖြေရမည်ကို မသိသကဲ့သို့ ဖြစ်သွားတော့၏။

''နှစ်မျိုးစလုံးထဲက ကြိုက်သလို ခေါ်နေကြတာပါပဲ''

ရက်ဂျီနာမှာ ဒိုင်းလ်၏အဖြေကို မကျေနပ်လှချေ။ သို့သော် မည်ကဲ့သို့ စကားဆက်ရမည်ကို မသိသဖြင့် နှုတ်ဆိတ်၍နေလိုက်၏။ စားသောက်ခန်းတစ်ခုလုံးကိုသာ မျက်လုံးကစား၍ နေလေသည်။

ဤတွင် ရက်ဂျီနာသည် ရဲမှူးဂရင်းပီးယားကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရ၏။ ရုတ်တရက် တဆွေ့ချောက်ခံရသကဲ့သို့ ကြောက်ရွံ့တုန်လှုပ်သွားတော့၏။ မိမိကိုယ်တိုင်မှာ ယခုဇာတ်လမ်းထဲတွင် ဂရင်းပီးယားကို မေ့ထားမိ၏။ ဂရင်းပီးယားသည် အခန်း၏ ထောင့်ကျကျ စားပွဲတစ်လုံးတွင် အသားသွတ်ပေါင်မုန့်တစ်ချပ်ကို စားလျက်ရှိနေ၏။ သူ့အား ရက်ဂျီနာ ကြည့်နေသည်ကို သိသောအခါ ဂရင်းပီးယားသည် စားပွဲပေါ်တွင်ရှိသော ဘီယာခွက်ကို ယူ၍မော့နေ၏။ ဤကဲ့သို့ မော့လျက်ရှိရာမှ သူ၏မျက်လုံးအစုံသည် ရက်ဂျီနာအား ချောင်း၍ ကြည့်ရှုလျက်ရှိနေလေသည်။

သို့နှင့် ရက်ဂျီနာသည် ချက်ချင်းလိုပင် မျက်နှာလွှဲလိုက်၏။ သူသည် ဂရင်းပီးယားကို ယခုမှသတိရလာ၏။ ယခုသော် ဂရင်းပီးယားသည် မိမိနောက်သို့ နောက်ယောင်ခံ၍ လိုက်နေကြောင်း ထင်ရှားနေတော့၏။ မိမိတို့၏ဇာတ်လမ်းကို စိတ်ဝင်စားသူများအနက် ဂရင်းပီးယားသည် ထိပ်ဆုံးမှ ပါဝင်လျက်ရှိနေလေပြီ။

ရက်ဂျီနာသည် စားသောက်ခန်းတစ်ခန်းလုံးကို ဝေ့ဝိုက်၍ ထပ်ကြည့်လိုက်ပြန်၏။ မိမိနောက်သို့ ဂရင်းပီးယား၊ လိုက်နေသကဲ့သို့ ဘာသိသိုမြူ၏ လူများလည်း လိုက်နေမည် ဖြစ်၏။ သို့သော် မိမိ၏အမြင်တွင် ဘစ်စုံတစ်ယောက်ကိုမျှ ဘာသိုလိုမြူ၏လူဟူ၍ ထင်ရန်အကြောင်း ရှာမတွေ့ချေ။ သို့နှင့် ရက်ဂျီနာသည် ဂရင်းပီးယားဘက်သို့ ပြန်၍လှည့်ကြည့်လိုက်သောအခါ သူသည် မိမိကို ဂရုမစိုက်တော့ဘဲ သတင်းစာတစ်စောင် ဖတ်နေသည်ကို တွေ့လိုက်ရ၏။ သို့သော် ဟန်ဆောင်နေပုံရ၏။ ရက်ဂျီနာသည် အကြံတစ်မျိုးတွေးမိပြန်၏။ သို့နှင့် ဆီဗီယာကို လက်တို့ကာ ဂရင်းပီးယားအား မေးငေါ့ပြလိုက်ပြီးနောက် အသံကိုမြှင့်၍ . . .





''ဟိုမှာကြည့်စမ်း ဆီဗီယာ၊ အင်စပက်တာဂရင်းပီးယားလေ၊ သူကိုယ့်နောက်ကို နောက်ယောင်ခံလိုက်နေတာပေါ့''ဟု ပြောလိုက်လေသည်။

''အေး . . . ဟုတ်ပါရဲ့အေ''

ဆီဗီယာသည် ယခုမှ သတိထားလိုက်မိ၏။ ဤသို့လျှင် သူ့အားနောက်မှ စောင့်ကြည့်ခြင်းခံရသည်ကို ရက်ဂျီနာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံမှာ ဆီဗီလာအတွက် တအံ့တသြဖြစ်နေ၏။

ရက်ဂျီနာနှင့် ဆီဗီယာတို့၏ ပြောစကားများကို ဒိုင်းလ်ကလည်း စိတ်ဝင်စားသဖြင့် ဂရင်းပီးယားဘက်သို့ လှည့်၍ကြည့်လိုက်၏။ သို့သော် ဂရင်းပီးယားကို သူမမြင်မီပင် စားပွဲထိုးတစ်ယောက် ရုတ်တရက် အနီးသို့ရောက်လာပြီးလျှင် စာရွက်ခေါက်ကလေးတစ်ခုကို ဒိုင်းလ်အား ပေးလိုက်၏။ ဒိုင်းလ်သည် အဆောတလျှင်ပင် စာရွက်ခေါက်ကလေးကို ဖွင့်၍ဖတ်လိုက်ပြီးလျှင် စာရွက်ကလေးကို ပြန်ခေါက်၍ အိတ်ထဲသို့ ထိုးထည့်လိုက်လေသည်။

ထို့နောက် ဒိုင်းလ်သည် စားပွဲမှ ချက်ချင်းထလိုက်၏။

''ကဲ. . . ကျွန်တော့်ကို ခွင့်ပြုကြပါဦး။ ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်လာလို့ပါ''

ဒိုင်းလ်သည် မိန်းကလေးနှစ်ယောက်အား တရိုတသေပင် နှုတ်ဆက်လိုက်၏။ သူ၏အသံတွင် လှုပ်ရှားမှုပါနေ၏။

''မကောင်းတဲ့သတင်းတော့ မဟုတ်ပါဘူးနော်''

ဆီဗီယာက ဒိုင်းလ်၏ အမူအရာကိုကြည့်၍ ပြောလိုက်၏။

''ဟင့်အင်း. . . မဟုတ်ပါဘူး။ ကဲ. . . ကျွန်တော့်ကို ခွင့်ပြုကြပါဦး''

ပြောပြောဆိုဆိုနှင့် ဒိုင်းလ်သည် စားသောက်ခန်းအပြင်သို့ ထွက်သွားမည် ပြုစဉ် . . .

''နေပါဦး''ဟု ရက်ဂျီနာက သူ့အား လှမ်း၍တားလိုက်၏။ စောစောကပင် သဘောတူညီကြပြီးဖြစ်သည့်အတိုင်း ရက်ဂျီနာနှင့် ဒိုင်းလ်တို့သည် အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြရပေတော့မည်။ ထို့ကြောင့်လည်း သူ့ထံမှ သိစရာ၊ သိသင့်စရာများကိုသိရန် စုံစမ်းမေးမြန်းထားရပေတော့မည်။

''ရှင့်ကို ကျွန်မ ဘယ်တော့တွေ့နိုင်ဦးမှာလဲ''

''ဟိုတယ်မှာပဲ တွေ့ကြတာပေါ့။ ညနေ ၃ နာရီလောက်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ။ ဟာ . . . မဖြစ်သေးဘူး။ ကျွန်မမှာ အဲဒီအချိန် လုပ်ကိုင်စရာတစ်ခု ရှိတယ်။ ကျွန်မ ဂျင်းလူးဝစ်ကလေးကို တီရှွာန်ရဲ့ လိုက်ပို့ပေးရဦးမယ်"

ဒိုင်းလ်သည် အတန်ငယ် တုံ့ဆိုင်းသွားသည်။ ထို့နောက်မှ . . .

"ကိစ္စမရှိပါဘူးလေ။ ခင်ဗျား တီရှွာန်ရဲ့သွားတော့ ကျွန်တော်ပါ လိုက်ပါ့မယ်။ အဲဒီတော့မှ စကားဆက်ကြတာပေါ့"ဟု ပြောပြီးနောက် ဒိုင်းလ်သည် အခန်းထဲမှ ထွက်သွားလေသည်။

စားသောက်ခန်းအပြင်ဘက် ကော်ရစ်ဒါသို့ ရောက်သောအခါ ဒိုင်းလ်သည် သူ၏အင်္ကျီအိတ်ထဲတွင် ခေါက်ထည့်ထားသော စာရွက်ကလေး ကို ထုတ်ပြီးလျှင် တစ်ခေါက်ပြန်၍ ဖတ်ကြည့်ပြန်၏။ စာပါအကြောင်းအရာမှာ တိုတိုနှင့်လိုရင်းဖြစ်၍ အောက်တွင် လက်မှတ်ရေးထိုးမထားချေ။

*"မင်းဟာ ဒိုင်းလ်မဟုတ်ဘူးဆိုတာ ငါသိတယ်။ မင်းကို စကား ပြောစရာရှိတယ်။ ငါ ဝါရှင်တန်လမ်း၊ တိုက်အမှတ် (၇၇)ဆဋ္ဌမထပ်က စောင့်နေမယ်" ဟူ၍ ဖြစ်လေသည်။*

# အခန်း ၁၃

မိမိကိုယ်မိမိ အလက်ဇန္ဒားဒိုင်းလ်ဟု ခေါ်သော ပုဂ္ဂိုလ်သည် ဝါရှင်တန်လမ်း၊ တိုက်အမှတ် (၇၇)သို့ ရောက်လာကာ အဆောက်အအုံ၏ အခြေအနေကို လေ့လာအကဲခတ်နေ၏။ မြေညီထပ်မှာ မြေပြင်နှင့် တပြေး ညီညာဖြစ်၍ အလယ်တွင် အပေါ်ထပ်တက်သည့် လှေကားတစ်ခုရှိ၏။ လှေကား၏ညာဘက်တွင် ဒိန်ခဲဆိုင်တစ်ဆိုင်နှင့် ဘယ်ဘက်တွင် အရက်ဆိုင် တစ်ဆိုင် ရှိလေသည်။

အရက်ခန်း ပြတင်းပေါက်အနီးရှိ ခုံတစ်ခုံတွင် လူငယ်တစ်ယောက် စစ်တုရင် ကစားနေသည်မှအပ လူသူကင်းမဲ့လျက် ရှိနေ၏။ ဆိုင်ခန်း၏ အပြင်ဘက်တွင် သစ်သားဖြင့် ဆောက်လုပ်ထားသော ထီဆိုင်တစ်ဆိုင်ရှိ၏။ အဘွားကြီးတစ်ယောက်သည် ထီဆိုင်တွင် ပျင်းရိငြီးငွေ့စွာ ထိုင်နေ၏။ ဒိုင်းလ်အား တွေ့မြင်သွားသောအခါ မိန်းမကြီးသည် သူ၏ထီလက်မှတ်များ ရောင်းရရေးအတွက် တကျော်ကျော် ဟစ်အော် ခေါ်ငင်လျက်ရှိနေ၏။

ဒိုင်းလည်သည် တိုက်အမှတ် (၇၇)ကို စိတ်ဝင်စားလျက်ရှိရာမှ ထီရောင်းသော အဘွားကြီးထံသို့ အာရုံရောက်သွား၏။ ထီထိုးသည်ဆိုသည်မှာ တစ်စောင်တည်းနှင့်ပင် သူဌေးဖြစ်နိုင်၏။ အစောင်များစွာ ထိုးသော်လည်း ပေါက်ချင်မှ ပေါက်ပေမည်။ မိမိ၏ကုသိုလ်ကံကိုစမ်းရန်မှာ တစ်စောင်တည်း ဖြင့်သာ စမ်းသင့်၏။ ဤသို့ အစောင်များစွာထိုးရာမှ ကံကောင်းထောက်မ၍ ထိုက်ဆိုင်လျှင် ကံကောင်းသည်ဟု ဆိုရပေမည်။ သို့နှင့် သူသည် ထီဆိုင်



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ တိုးသွားပြီးလျှင် လက်မှတ်များကို ကြည့်ရှုလျက် ရှိနေ၏။ ကံအားလျော်စွာ ခုနစ်အစ ခုနစ်အဆုံး ထီလက်မှတ်တစ်စောင်ကို တွေ့သဖြင့် ဖြတ်လိုက်၏။ ထီတစ်စောင်အတွက် သုံးဖရန့်သာ ကျ၏။

ထို့နောက် သူသည် ထီလက်မှတ်ကို အင်္ကျီအိတ်ထဲသို့ အမြတ်တနိုးထည့်ကာ တိုက်အတွင်းသို့ လှမ်းဝင်လိုက်၏။ လှေကားငါးထစ်မျှ တက်မိသောအခါ ရှေ့တွင် တံခါးတစ်ချပ် ပိတ်ထားသည်ကို တွေ့ရ၏။ တံခါးကို ခေါက်ကြည့်၏။ သို့သော် အတွင်းမှ ဘာသံမျှ မကြားရချေ။ သို့နှင့် သူသည် တံခါးကို ထပ်၍ခေါက်ကြည့်ပြန်၏။ အကြောင်းမထူးချေ။ နောက်ဆုံးတွင် တံခါးကို တွန်းကြည့်သောအခါ အလွယ်တကူ ပွင့်သွားတော့၏။ ကန့်လန့်မင်းတုံး တစ်စုံတစ်ရာ ချထားခြင်း မရှိချေ။

အတွင်းခန်း၌ရှိ လှေကားထစ်များသာ တွေ့ရသဖြင့် သူသည် အပေါ်သို့ ဆက်၍တက်သွား၏။ သို့သော် သတိရှိရန် လိုအပ်သောကြောင့် မျက်စိကို ရှင်ရှင်ထားပြီးလျှင် တစ်လှမ်းချင်း တက်သွားတော့၏။ သူ့အတွက် ရန်သူသည် အချိန်မရွေး နေရာမရွေးပေါ်လာနိုင်၏။ လှေကားသည် တိုက်၏ အထပ်များကို တစ်ထပ်ပြီးတစ်ထပ် ဖြတ်ကျော်သွား၏။ ဤသို့လျှင် သူ ဖြတ်ကျော်နေရ၏။ ထူးဆန်းသည်မှာ လှေကားတစ်လျှောက်တွင် လည်းကောင်း၊ တိုက်ခန်းများတွင် လည်းကောင်း လူသူကင်းမဲ့လျက် ရှိလေသည်။

လှေကားများကို ဖြတ်ကျော်၍ နောက်ဆုံးတွင် လှေကားဆုံးသွား၏။ သူရောက်လာခဲ့သည်မှာ ငါးထပ်မျှသာရှိသေး၏။ သူ့အား ချိန်းဆိုထားသည့် ပုဂ္ဂိုလ်ကမူ ခြောက်ထပ်သို့ ညွှန်ပြထား၏။ သို့နှင့် နောက်တစ်ထပ် တက်ရပေဦးမည်။ သို့သော် နောက်တစ်ထပ်တက်ရန် လှေကားမကြီးက ဆုံး၍နေချေပြီ။ ဆက်တက်ရန်မှာလည်း သစ်သားလှေကားတစ်ခုသာ ရှိတော့၏။ ဒိုင်းလ်သည် ပြဿနာကို ချက်ချင်း ရှင်းဆိုင်လိုက်လို၏။ ထို့ကြောင့် သစ်သားလှေကားအတိုင်း ဆက်၍ တက်သွားပြန်၏။ လှေကားသည် မတ်စောက်သဖြင့် ဘေးမှလက်ယမ်းကို အားပြု၍ တက်ရလေသည်။

မိမိတက်ခဲ့သော သစ်သားလှေကားထစ်များကို ဒိုင်းလ်က အမှတ်မထင် ရေတွက်မိ၏။ အားလုံး ၁၈ ထစ်ရှိ၏။ လှေကားဆုံးသောအခါ တံခါးတစ်ချပ်ကို တွေ့ရပြန်၏။ ထိုအကြိမ်၌မူ တံခါးကို ခေါက်၍ မကြည့်တော့ဘဲ တွန်းကြည့်ရာ တံခါးမှာ အလိုက်သင့်ပင် ပွင့်သွား၏။ သူ့အား တစ်စုံတစ်





ယောက်က ဆီးကြိုနေသည်မှာ သိသာလှ၏။ သူ့အတွက် တံခါးကို အဆင်သင့်ဖွင့်ထားသည်မှာလည်း သိသာလှ၏။

သို့နှင့် တံခါးကို ကျော်ဝင်လိုက်သောအခါ သူသည် တိုက်ခေါင်မိုးပေါ်သို့ ရောက်သွား၏။ တစ်ချိန်လုံး ခပ်မှောင်မှောင်အလင်းရောင်ကို ဖြတ်ကျော်လာခဲ့ပြီးနောက် ယခုမှ ကြည်လင်တောက်ပနေသော ကောင်းကင်ကြီးကို တွေ့မြင်လိုက်ရ၏။ တောက်ပနေသော နေရောင်ခြည်သည် သူ့အား ကြိုဆိုလျက်ရှိနေ၏။ လှပသော ပဲရစ်မြို့ကြီးကို အပေါ်မှစီး၍ တွေ့မြင်လိုက်ရ၏။

မြောက်ဘက်တွင် သူ မနေ့ကရောက်ခဲ့သည့် မောင့်မာတာကို တွေ့ရ၏။ အနောက်ဘက်တွင် ပြင်သစ်နိုင်ငံ၏ကျက်သရေဆောင် ကမ္ဘာကျော် အီးဖဲလ်မျှော်စင်ကြီးကို တွေ့မြင်ရ၏။ တဟူးဟူး တိုက်ခတ်လျက်ရှိသော လေပြေကို ရှူရှိုက်ရသည်မှာလည်း ပင်ပန်းနွမ်းနယ်ခဲ့သော ခန္ဓာကိုယ်တစ်ခုလုံးကို လန်းဆန်းသွားစေ၏။

သို့သော် လှပသောရှုမြင်ခင်းကို အရုပ်ဆိုးစေသည့် မြင်ကွင်းက ဖျက်စီးသွားစေ၏။ သူ၏ရှေ့တွင် ပေါ်လာသူကား "ဟာမင်းစကိုဘီ" ဖြစ်၏။ သူ၏ သံမဏိလက်တုငွေကြားတွင် ဒဿမလေးဆယ့်ငါး အော်တိုမစ်တစ် သေနတ်တစ်လက်ကို ဆုပ်ကိုင်ထား၏။ ပြောင်းဝမှာ ဒိုင်းလ်၏ရင်ဘတ်ကို တည့်တည့်မတ်မတ် ချိန်ထားလေသည်။

စကိုဘီသည် သူဝတ်နေကျ မိုးကာအင်္ကျီကြီးကို ဝတ်ဆင်ထား၏။ သူ၏ ကြီးမားသော ခန္ဓာကိုယ်ကြီးသည် တံခါးဝကို ပိတ်ဆို့ထားသဖြင့် ဒိုင်းလ်မှာ အပြန်လမ်းမရှိသကဲ့သို့ ဖြစ်နေ၏။ မျက်နှာမှာလည်း ခက်ထန်နေသဖြင့် မိမိအား ရန်မူတော့မည်ဟု သေချာလှတော့၏။

"မင်း . . . လာမှလာပါ့မလားလို့ ငါ့မှာ စိုးရိမ်လိုက်ရတာကွာ"

စကိုဘီက စတင်နှုတ်ဆက်၏။

ဒိုင်းလ်မှာ ချက်ချင်းလိုပင် ဇောချွေးများ ပြန်လာတော့၏။ အန္တရာယ်နှင့် ထိပ်တိုက်တိုးပြီဖြစ်ကြောင်း သူ နားလည်လိုက်၏။

"ခင်ဗျား . . . ကျွန်တော့်ကိုချိန်းတာ ဘာပြောချင်လို့လဲ တိုတိုပြော"

ဒိုင်းလ်က "ဟန်ကိုယ်ဖို့"သဘောဖြင့် ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် ဘယ်လိုခေါ်သလဲ"

စကိုဘီက မေး၏။

"ဒိုင်းလ်" စကိုဘီသည် အံကြိတ်၍ မကျေမနပ် ဖြစ်သွား၏။

"ဒိုင်းလ် သေသွားတာ ကြာပြီကွ"

"ကားစင်ဒိုင်းလ် သေသွားတာတော့ ဟုတ်တယ်။ ဒါပေမဲ့ ကျွ[illegible] ဟာ သူ့ရဲ့ညီပဲ"

စကိုဘီသည် တွေဝေသွားသော ဒိုင်းလ်ကို ငေးစိုက်ကြည့်နေ[illegible] အံ့အားသင့်သည့်အနေဖြင့် သူသည် နောက်သို့ ခြေတစ်လှမ်းဆုတ်မိ[illegible]

"ကာစင်ဒိုင်းလ်ရဲ့ညီ ဟုတ်သလား။ မင်းညာနေတာပဲ"

"ဒါတော့ ခင်ဗျား ထင်ချင်သလိုထင်ပေါ့။ ကဲ... ကျုပ် ပြန်[illegible] တော့မလား"

ချက်ချင်းလိုပင် စကိုဘီမှာ ဘာဆက်ပြောရမည်မသိဘဲ ငြိမ်[illegible] သွား၏။ သူသည် ဦးနှောက်ခြောက်သွားဟန်တူ၏။ ဤကဲ့သို့ တွန့်ဆု[illegible] ဆုတ်ဖြစ်နေသော စကိုဘီ၏ တွေဝေမှုသည် ဒိုင်းလ်အတွက် အခွင့်အ[illegible] တစ်ရပ် ဖြစ်လာတော့၏။ ဒိုင်းလ်သည် သူ၏ဦးခေါင်းကို မလှုပ်ရှားဘေ[illegible] ပတ်ဝန်းကျင်ကို မျက်လုံးကစား၍ အကဲခတ်လိုက်၏။ သူတို့ရပ်နေသေ[illegible] နေရာမှာ အဆောက်အအုံ၏ ခေါင်မိုးပြင်တစ်ပြင်လုံးတွင် အညီညာဆုံးနေ[illegible] ဖြစ်၏။ သို့သော် ကျဉ်းမြောင်းလှ၏။ တစ်ဖက်တစ်ချက်၌မူကား ခေါင်မိုးသ[illegible] ခပ်စောင်းစောင်း ဖြစ်နေ၏။ ကတ္တရာစေးများ ခင်းထားသဖြင့် ခြေ[illegible] လက်တို့ကုတ်ရန် ခဲယဉ်းလှ၏။ ခေါင်မိုးအဆုံးတွင် ကိုင်စရာ တွယ်စရာဟူ[illegible] မရှိချေ။ သို့သော် အောက်ဘက်ကျကျတွင် အောက်ထပ်မှ ပြတင်းပေါ[illegible] တစ်ခုရှိ၏။ ပြတင်းပေါက်ကို အုပ်ထားသော သံဒလက်တန်းတစ်တန်းရှိ[illegible]

ညီညာသော မျက်နှာပြင်၏ တစ်ဖက်အဆုံးတွင် လုံးဝိုင်းသေ[illegible] မီးခိုးခေါင်းတိုင်တစ်တိုင်ကို တွေ့မြင်ရ၏။ စကိုဘီသည် တွေဝေလျက် ရှိ[illegible] သတိ ပြန်၍ဝင်လာသောအခါမှ ဒိုင်းလ်သည် သူ၏ အခြေအနေကို ပြ[illegible] သတိရလာ၏။

"ရွှေတွေ ဘယ်မှာရှိတယ်ဆိုတာ မင်း သိပြီးပြီလား"

စကိုဘီက ဒိုင်းလ်အား အရင်းမရှိအဖျားမရှိ ရုတ်တရက် [illegible] လိုက်၏။





"ကျုပ်တော့ မသိသေးဘူး"

ဒိုင်းလ်ကလည်း အလိုက်သင့်ပင် အဖြေပေး၏။

"ဒါဖြင့် မစ္စစ်လင်းဘတ်များ ရသွားပြီလား"

"ဒါလည်း ကျုပ် မထင်ဘူး။ သူ မရနိုင်သေးပါဘူး"

"ဒါဖြင့် မင်းရနေပြီးပေါ့"

ဒိုင်းလ်က ရွှဲ၍ပြောလိုက်၏။

"အင်း ... ဖြစ်နိုင်တာပေါ့"

ထိုအခါ စကိုဘီ၏မျက်နှာမှာ ရဲခနဲဖြစ်၍ သွားတော့၏။ သူ၏ မျက်လုံးများမှာလည်း ပေါက်ကွဲထွက်မတတ် ပြူးကျယ်သွားသည်ဟု ဒိုင်းလ်က ထင်မိ၏။

စကိုဘီက ဒေါသတကြီး အော်ပြော၏။ "ဒီပစ္စည်းတွေဟာ ကျုပ်ရဲ့ ပစ္စည်းတွေပဲ။ ကျုပ်တို့ရဲ့ ပစ္စည်းတွေပဲ"

စကိုဘီသည် မည်မျှလောက် ဒေါသကြီးနေသည်မသိ။ သူ၏ လက်ထဲမှ သေနတ်ကိုပင် မေ့လျော့သွား၏။ ဒိုင်းလ်အား ချိန်ထားသော သေနတ်ပြောင်းဝသည် ဒိုင်းလ်၏ရင်ဘတ်မှ နံဘေးသို့ လွဲချော်နေ၏။ ထို အခွင့်အရေးကို ဒိုင်းလ်က အပြည့်အဝယူကာ စကိုဘီထံသို့ ခုန်၍အုပ်လိုက် ပြီးလျှင် လက်တုကို မိမိရရ ဖမ်းချုပ်လိုက်၏။ ကျန်လက်တစ်ဖက်ဖြင့် စကိုဘီ ၏ လည်ပင်းကို ဖက်ထားလိုက်ပြန်၏။ ဒိုင်းလ်၏ လုပ်ဆောင်မှုများသည် အရှိန်ပြင်းသော်လည်း ကိုယ်ခန္ဓာ ကြီးမားတုတ်ခိုင်သည့် စကိုဘီမှာ ခံနိုင်ရည် ရှိ၏။ သူ၏ကိုယ်ခန္ဓာကြီး ယိမ်းယိုင်သွားသော်လည်း လဲကျမသွားချေ။ သို့သော် သူ၏ လက်တုဖြင့် ကိုင်ထားသော သေနတ်မှာမူ ခေါင်မိုးကြမ်းပြင်ပေါ်သို့ လွင့်ကျသွားလေ၏။

သို့နှင့် စကိုဘီသည် ဒူးကို ညွတ်ချလိုက်ပြီးနောက် ဆောင့်၍ ရုန်းလိုက်ရာ ဒိုင်းလ်ဖက်ထားသောလက်မှ လွတ်ထွက်သွားတော့၏။ ဒိုင်းလ်မှာ အမှတ်တမဲ့ဖြစ်၍ အံ့အားသင့်သွား၏။ စကိုဘီသည် လက်တုနှစ်ဖက်ဖြင့် ဒိုင်းလ်အား အပေါ်သို့ မြှောက်ချီလိုက်နိုင်၏။ သူ့အဖို့မှာမူ ကြောင်ကလေး တစ်ကောင်ကို ချီမရသလောက်ပင် ရှိ၏။ ဒိုင်းလ်က တစ်စုံတစ်ရာ ရုန်းကန် ခြင်း မပြုနိုင်မီ ဒိုင်းလ်၏တစ်ကိုယ်လုံးကို မြှောက်ချီကာ ခေါင်မိုးစွန်းသို့ သယ်ဆောင်သွားတော့၏။ ဒိုင်းလ်အား ခေါင်မိုးပေါ်မှအောက်သို့ [illegible]ချပေ



www.burmeseclassic.com

www.burmeseclassic.com



တော့မည်။

အသက်သေရတော့မည့်ကိစ္စဖြစ်သဖြင့် ခွန်အားရှိသမျှ ညှစ်ထုတ် ရုန်းကန်ရပေတော့မည်။ ဒိုင်းလ်သည် လွတ်နေသော ခြေတစ်ဖက်ဖြင့် စကိုဘီ၏မျက်နှာကို လှမ်း၍ကန်လိုက်၏။ ချိန်သားကိုက်သွားသဖြင့် စကိုဘီမှာ ယိမ်းယိုင်သွား၏။ ဒိုင်းလ်ကို ချုပ်နှောင်ထားသည့် လက်များမှာလည်း လျော့ရဲသွားတော့၏။ ထို့ကြောင့် ဒိုင်းလ်သည် စကိုဘီ၏ တစ်ကိုယ်လုံးကို ပြန်၍ ဖက်ထားလိုက်ပြန်၏။ ထိုအခါ၌မူ နှစ်ယောက်စလုံး မိမိတို့ကိုယ်ကို မိမိတို့ မဟန်နိုင်ကြတော့ပဲ ကြမ်းပြင်ပေါ်သို့ လုံးထွေးကျသွားကြလေသည်။

ထို့နောက် သူတို့နှစ်ယောက်သည် လွင့်စင်သွားသော သေနတ် ရှိရာသို့ လျင်မြန်စွာ တစ်ပြိုင်တည်း ခုန်အုပ်လိုက်ကြ၏။ သို့သော် နှစ်ယောက် စလုံးပင် တစ်ယောက်ကိုတစ်ယောက် တွယ်ကပ်ထားကြသဖြင့် သေနတ်ဆီသို့ မည်သူမျှ မရောက်ကြချေ။ ကြမ်းပြင်ပေါ်၌ပင် တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ကာ လိမ့်၍နေတော့၏။ လက်တစ်ဖက်စီကမူ မမီမကမ်းဖြစ်နေသော သေနတ်ဆီသို့ လှမ်းနေကြ၏။ စကိုဘီကမူ လက်တစ်ဖက်မှာ သဘာဝလက် ဖြစ်၍ အခြားလက်တစ်ဖက်မှာ သံမဏိလက်တု ဖြစ်နေ၏။ ဤသတ်ပုတ်ပွဲမှာ အသက်ကို လုနေရသောပွဲဖြစ်၏။

သူတို့၏မျက်နှာများမှာ အလွန်ပင် ခက်ထန်မာကျောလျက် ရှိနေ ကြ၏။ အားသွန်ခွန်စိုက် ရုန်းကန်နေရသောကြောင့် ၎င်းတို့၏မျက်နှာများမှာ မဲ့ရွဲ့လျက်ရှိနေကြ၏။ ရေရှည်ကြိတ်လျှင် ဒိုင်းလ် ရှုံးရပေတော့မည်။ စကိုဘီ၏ မယုံကြည်နိုင်လောက်အောင် ကြီးမားသော ခွန်အားတို့သည် ဒိုင်းလ်ကို ကောင်းစွာချုပ်ထားနိုင်၏။ ထို့ပြင် သူသည် သေနတ်ဆီသို့ တရွေ့ရွေ့ သွားနေ လေသည်။

သေနတ်ကိုလုရန် ဒိုင်းလ်သည် သူ၏အင်းအားကို လက်လျှော့ လိုက်၏။ စကိုဘီ၏လက်ထဲသို့ သေနတ်မရောက်ရန် သူ၏ တိုက်ခိုက်မှုကို သေနင်ဗျူဟာသို့ ပြောင်းလိုက်ပြီးလျှင် စကိုဘီ၏ မိုးကာအင်္ကျီ ကော်လာကို တအားဆုပ်၍ ဆွဲထား၏။ ထိုအချိန်၌ စကိုဘီမှာ ဒူးထောက် နိုင်ပြီ ဖြစ်၏။ ဒိုင်းလ်ကမူ ကြမ်းပြင်ပေါ်မှ မထနိုင်သေးချေ။ စကိုဘီ၏ ခန္ဓာကိုယ်ကြီးနှင့် ဖိထားခြင်းကို ခံနေရ၏။ စကိုဘီ၏ မျက်နှာကြီးမှာလည်း ကြောက်မက်ဖွယ် ကောင်းလှတော့၏။ ဒိုင်းလ်မှာ တဖြည်းဖြည်း လက်လျှော့ရတော့မည်ကဲ့သို့





ဖြစ်နေလေသည်။

ဤသို့ဖြင့် တဖြည်းဖြည်း လက်အံသေ၍လာရာ ဒိုင်းလ်သည် စကိုဘီ၏ခန္ဓာကိုယ်ကြီးကို ဖက်တွယ်ထားရာမှ ရုတ်တရက် လွှတ်လိုက်ရ၏။ န်အား အပြည့်အဝဖြင့် ရုန်းကန်နေသော စကိုဘီသည် အနှောင်အဖွဲ့မှ ရုတ်တရက် လွတ်သွားသောအခါ အရှိန်လွန်ပြီးလျှင် ခေါင်မိုးစောင်းသို့ ရောက်သွားတော့၏။ စောင်းနေသော ခေါင်မိုးတွင် တွယ်ကပ်စရာဟူ၍မရှိ။ ပြောင်ချောလျက်ရှိနေ၏။ သို့နှင့် သူ၏ခန္ဓာကိုယ်ကြီးမှာ လည်ထွက်သွားပြီး လျှင် နိမ့်လျှောဖြစ်နေသော ခေါင်မိုးအတိုင်း လိမ့်၍သွားတော့၏။ ဤသို့ဖြင့် ခေါင်မိုးစွန်းသို့ ရောက်သွားသောအခါ ကြောက်လန့်တကြားနှင့် အစွန်းကို တွယ်၍ထားသေး၏။ သို့သော် အစွန်းကိုမမိဘဲ အောက်ထပ်မှ ပြတင်းပေါက်ကို အုပ်ထားသော တိုက်နံရံမှ ငေါထွက်နေသည့် သံတန်းကိုချိတ်မိရာ လေးလံ လှသော သူ၏ခန္ဓာကိုယ်ကြီးသည် လေထဲတွင် တန်းလန်းဝဲလျက် ရှိနေ တော့၏။ ဝါရှင်တန်လမ်း၏ ခြောက်ထပ်တိုက် အမြင့်ပေါ်တွင် စကိုဘီသည် တွယ်ရာမဲ့ ကယ်သူမဲ့ ဖြစ်နေရှာလေသည်။

ထိုအခါ ဒိုင်းလ်သည် ကုန်း၍ထလိုက်၏။ သူ့ခန္ဓာကိုယ်မှာ အတော် ကြာ ဖျစ်ညှစ်ခြင်းခံခဲ့ရသဖြင့် ထုံကျင်ကိုက်ခဲလျက် ရှိနေ၏။ သူသည် နိမ့်လျှောဖြစ်နေသည့် ခေါင်မိုးကို တင်ပါးဖြင့် ဒရွတ်တိုက် ရွေ့လျား၍ အစွန်းသို့ ရောက်အောင်သွားကာ စကိုဘီအား ငုံ့ကြည့်လိုက်၏။ စကိုဘီ၏ လက်တုကသာလျှင် သံတိုင်များအား ချိတ်တွယ်လျက် ရှိနေသည်ကို မြင်ရ၏။ သို့နှင့်ပင် စကိုဘီသည် သူ့ထံမှ အကူအညီမတောင်း၊ မည်သူ့ကိုမျှလည်း အသံမပြုဘဲ ရှိနေသဖြင့် ဖွဲနဘဲကြီးလှသော စကိုဘီကို ဒိုင်းလ်မှာ နားမလည် နိုင်လောက်အောင် ဖြစ်နေတော့၏။

ဒိုင်းလ်သည် သူ၏ ခြေထောက်များဖြင့် ခေါင်မိုးအစွန်းကို ကန်၍ ထိုင်နေ၏။ ကတ္တရာလောင်းထားသည့် ခေါင်မိုးကြမ်းပြင်ကို သူ၏လက်များ ဖြင့် အပြားလိုက်ကပ်ထား၏။ သူ၏ဟန်ချက်ကိုလည်း ငြိမ်အောင်ထိန်းထား ၏။ ထိုအချိန်၌ ဒိုင်းလ် ထိုင်နေသည့်နေရာမှာ စကိုဘီ လက်ချိတ်ထားသော နေရာနှင့် ငါးပေခန့်သာ ကွာတော့၏။

''ခင်ဗျား . . . တောင့်ထားနိုင်သေးတယ်နော်''

ဒိုင်းလ်က အော်၍မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား . . . ကျုပ်ကို ဆွဲတင်နိုင်မလား"

စကိုဘီလည်း ပြန်၍မေးလိုက်၏။ သို့သော် သူ့အသံတွင် တောင်းပန်သံ မပါချေ။

"ခင်ဗျားလက်တုက နိုင်ပါ့မလား"

"နိုင်ပါတယ်"

"ဒါဖြင့်ရင် ညာဘက်ကို တရွေ့ရွေ့ တဖြည်းဖြည်းလာခဲ့။ ကျုပ်ရဲ့ အောက်တည့်တည့်ကို ရောက်တဲ့အခါ ခင်ဗျားကိုပြောမယ် . . . "

ထိုအခါ စကိုဘီ၏ ကောင်းသောလက်တစ်ဖက်လည်း ပေါ်လာ၏။ သို့နှင့် သူသည် လက်ကောင်းတစ်ဖက်နှင့် လက်တုတစ်ဖက်ကို အားကိုးကာ သံတိုင်၏ညာဘက်သို့ တရွေ့ရွေ့ ရွေ့လာလေသည်။ အချိန်မှာ အတော်ကြာ၏။ တစ်ချက်မှားလျှင် ကားခနဲကျသွားနိုင်၏။ သို့နှင့် ညာဘက်သို့ နှစ်ပေခန့် ရွေ့လျားလေသည်။ စကိုဘီ၏လက်များနှင့် ခေါင်မိုးစွန်းသည် သုံးပေခန့်သာ ဝေးတော့၏။ သေကောင်ပေါင်းလဲ ဖြစ်နေသော စကိုဘီကို မဆိုထားဘိဦး၊ ဒိုင်းလ်သည်ပင် ချွေးပြန်၍ နေလေသည်။

ဒိုင်းလ်သည် ခေါင်မိုးပေါ်တွင် မှောက်လျက်သား အိပ်လိုက်ပြီးနောက် မြေပြင်ကို ကြည့်လိုက်သောအခါ အရာဝတ္ထုတိုင်းကို ခပ်ပြားပြားသာ မြင်ရတော့၏။ ခြောက်ထပ်တိုက်ပေါ်တွင် ဖြစ်နေသည့်အဖြစ်ကို အောက်မှ သွားလာလှုပ်ရှားနေသူများက လုံးဝသတိမထားမိကြချေ။ မတော်တဆ ခြေလွတ်လက်လွတ်ဖြစ်ကာ ကျသွားခဲ့ပါမူ အရိုးအသားပင် ရှာတွေ့နိုင်လိမ့်မည် မဟုတ်ချေ။

"တော်ပြီ . . . တော်ပြီ၊ နောက်ထပ်မရွေ့နဲ့တော့။ ဒီအတိုင်းသာ မြဲမြဲကိုင်ထား။ ကျုပ် ခါးပတ်ချပေးမယ်။ ခါးပတ်ကို လက်တစ်ဖက်က ဒိုင်အောင်ဆွဲ။ ဟုတ်လား . . . "

"ဟုတ်ပြီ၊ ကျုပ်နားလည်ပြီ"

သို့သော် သံတိုင်တန်းတွင် မိုးထားသောအမိုးကြောင့် တစ်ယောက်မျက်နှာကို တစ်ယောက်မမြင်ရချေ။

ဒိုင်းလ်သည် သူ၏ခါးတွင် ပတ်ထားသော ခါးပတ်ကို ဖြုတ်လိုက်ပြီးနောက် ခေါင်းဘက်ကို စကိုဘီထံသို့ ချပေးလိုက်ရာ စကိုဘီက ဖမ်းယူလိုက်သဖြင့် အလိုက်သင့်ပင် မိသွား၏။ ခါးပတ်ခေါင်းကို အထစ်ကဲ့သို့





ထစ်ထားသောကြောင့် ခိုင်မြဲစွာဆုပ်ကိုင်မိသည်ဟု ထင်ရ၏။ ထိုအချိန်၌ စကိုဘီ၏လက်တုက သံတိုင်တန်းကို ညှပ်ထားသောကြောင့် လက်ကောင်းတစ်ဖက်က ဒိုင်းလ်ချပေးသော ခါးပတ်ခေါင်းကို ဆုပ်ကိုင်ထားပြီး ဖြစ်၏။ သူ၏ခန္ဓာကိုယ်ကြီးမှာ လေထဲတွင် ဝဲလျက်ရှိလေသည်။

ခါးပတ်စွန်းတစ်ဖက်ကိုမူ ဒိုင်းလ်က လက်နှစ်ဖက်နှင့် ခိုင်မြဲစွာ ဆုပ်ကိုင်ထား၏။ စကိုဘီ၏အသက်သည် ဒိုင်းလ်၏လက်ထဲတွင် ရှိနေ၏။ မတော်တဆ တိမ်းပါးချွတ်ချော်သွားပါက စကိုဘီမှာ ဘဝပြောင်းရန်သာ ရှိတော့၏။ အသေဆိုးနှင့်လည်း သေရပေတော့မည်။ တစ်ချိန်တည်းမှာပင် ဒိုင်းလ်လည်း လျှောကျသွားနိုင်လေသည်။

ဒိုင်းလ်၏ ခန္ဓာကိုယ်မှာ ခေါင်မိုးကြမ်းပြင်ပေါ်တွင် မှောက်လျက်သား ရှိနေသောကြောင့် ဟန်ချက်မှာ အောက်ခြေတွင် ရှိနေ၏။ ခြေထောက်များလည်း ကတ္တရာစေးမျက်နှာပြင်ပေါ်တွင် ကုတ်ကပ်တွယ်ချိတ်ထား၏။ သူ၏ရင်ဘတ်ကိုလည်း ခေါင်းမိုးစွန်းတွင် အလိုက်သင့် ဖြစ်နေသည့် အထစ်တစ်ခုဖြင့် ကပ်၍ချိတ်ထားလေသည်။

နောက်ဆုံးတွင် တစ်ယောက်နှင့်တစ်ယောက် အချက်ပေးပြီးနောက် ဒိုင်းလ်သည် စကိုဘီ၏ လေးလံသော ခန္ဓာကိုယ်ကြီးကို ဆွဲတင်လိုက်၏။ စကိုဘီ၏ခြေထောက်များမှာ တိုင်နံရံကို မထိသဖြင့် ခြေကုတ်မရဘဲ လက်ကိုသာ အားကိုး၍ နေရလေသည်။

ဒိုင်းလ်မှာ ချွေးသီးချွေးပေါက်များပင် ကျလာတော့၏။ မောပန်း၍ လက်အံလည်း သေလာ၏။ သို့သော် အသက်တစ်ချောင်းအတွက် အံကိုကြိတ်ပြီးလျှင် ဆွဲတင်နေရ၏။ နောက်ဆုံးတွင် မိမိအင်အားကို တတ်နိုင်သမျှ ဖျစ်ညှစ်ကြိုးစားသောကြောင့် အောင်မြင်မှု ရလာတော့၏။ စကိုဘီ၏ ခန္ဓာကိုယ်ကြီးမှာ လေထဲတွင် မြှောက်၍ ပါလာတော့၏။ ဒေါင်လိုက်မဟုတ်၊ ပြားလိုက်ဖြစ်၏။ စကိုဘီ၏ခြေထောက်တစ်ဖက်မှာ သံတိုင်တန်းပေါ်သို့ ရောက်လာတော့၏။ ဤသို့ဖြင့် သူ၏ခန္ဓာကိုယ်ကြီးကို သံတိုင်တန်းပေါ်တွင် အမှီသဟဲပြု၍ နေရတော့၏။ ကံကောင်းထောက်မသဖြင့် သံတိုင်တန်းသည် စကိုဘီ၏ ခန္ဓာကိုယ်အလေးချိန်ကို ကောင်းစွာခံထားနိုင်၍သာ တော်ပေတော့၏။

နောက်တစ်ဆင့်တွင် စကိုဘီကိုယ်တိုင် သံတိုင်ပေါ်သို့ ရောက်နေပြီဖြစ်၍ ခြေရောလက်ရော အသုံးချနိုင်သည့် အခြေအနေသို့ ရောက်ရှိလာ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ထို့ကြောင့် သူသည် လက်တစ်ဖက်က ခါးပတ်ကြိုးကို ဆွဲ၍လည်းကောင်း၊ အခြားတစ်ဖက်ဖြင့် နံရံကို ထောက်၍လည်းကောင်း သံတန်းပေါ်တွင် မတ်တတ်ရပ်လိုက်၏။ သူသည် စစ်သားဟောင်း၊ သတ္တိခဲ စစ်သားရင့်မာကြီး ဖြစ်သော်လည်း အောက်ခြေကိုတော့ ပြန်၍မကြည့်ရဲချေ။ လေတဟူးဟူးတိုက်နေသည့်ကြားမှပင် ဓာချွေးများပြန်လျက် ရှိနေတော့၏။ မြေပြင်သို့ ပြန်ကြည့်လျှင် ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေ၏။ မူးမိုက်၍သွားနိုင်၏။ ခြေလွတ်လက်လွတ်လည်း ဖြစ်သွားနိုင်လေသည်။

သို့သော် ကံကောင်းထောက်မသဖြင့် စကိုဘီသည် ခေါင်မိုးပေါ်သို့ ကုန်းရုန်း၍ တက်လာနိုင်တော့၏။ အပေါ်မှ လေးလံသော သူ၏ခန္ဓာကိုယ်ကြီးကို ဆွဲတင်ရသော ဒိုင်းလ်မှာလည်း မသက်သာလှချေ။ လက်အံသေတော့မတတ် ဖြစ်နေ၏။ မကြာမီ ခေါင်မိုးပေါ်တွင် နှစ်ယောက်သား လှဲနေကြလေသည်။

ဒိုင်းလ်မှာ မောလွန်းသဖြင့် စကားပြောရာ၌ပင် လေသံမမှန်ချေ။

"ခင်ဗျားတော့ သိပ်ကံကောင်းတာပဲ"

ဤမျှလောက်သာ ဒိုင်းလ်က ပြောနိုင်၏။ ထိုနောက် မောလွန်းသဖြင့် နောက်ထပ်စကားဆက်၍ မပြောနိုင်တော့ချေ။

လူ၏စိတ်သည် မျောက်စိတ်နှင့်တူ၏။ စကိုဘီသည် သူ၏ အသက်သခင် ကျေးဇူးရှင်ဖြစ်သော ဒိုင်းလ်ကို ထူးထူးခြားခြား ကျေးဇူးဆပ်လိုက်၏။ ပက်လက်လဲနေသော ဒိုင်းလ်ဦးခေါင်းကို သူ၏ သံမဏိလက်တုကြီးဖြင့် အားကုန် ရိုက်ချလိုက်သဖြင့် "ခွပ်"ခနဲ အသံပင် ထွက်ပေါ်လာ၏။ သို့နှင့် ဒိုင်းလ်မှာ သတိလစ်၍ သွားလေသည်။

စကိုဘီကမူ သူ၏စိတ်တွင် ခံစားမှုတစ်စုံတစ်ရာ မရှိသကဲ့သို့ ရှိနေ၏။ ဒိုင်းလ်ကို ကြင်နာမှုကင်းမဲ့သော မျက်နှာဖြင့် ကြည့်နေ၏။ ထို့နောက် သူ၏ ကောင်းသောလက်တစ်ဖက်ဖြင့် မိုးကာအင်္ကျီအိတ်ထဲသို့ နှိုက်လိုက်ရာ အလူမီနီယံ ဆေးဘူးကလေးတစ်ဘူး ပါလာ၏။ ထို့နောက် သူသည် ဘူးငယ်ကို သူ၏လက်တုဖြင့်ညှပ်ကာ အခြားလက်တစ်ဖက်ဖြင့် ဘူးဖုံးကို ဖွင့်လိုက်ပြီးလျှင် ဆေးပြားကလေး နှစ်ပြားကို ထုတ်ယူလိုက်၏။ ထို့နောက် သူ၏ ပါးစပ်ကိုဖြဲကာ ဆေးပြားကို အာခေါင်သို့ ရောက်သည်အထိ ထည့်လိုက်၏။





ပြီးလျှင် ဦးခေါင်းကိုမော့ကာ တံတွေးနှင့်ပင် မြိုချလိုက်သေး၏။ ပထမနင်၍ပင်ရောမှ နောက်ဆုံး လည်ချောင်းထဲသို့ လျှောကျသွားလေသည်။

ထို့နောက် သူ၏သေနတ်ကို သွား၍သတိရသဖြင့် လိုက်ရှာ၏။ လွင့်စင်သွားသော နေရာ၌ပင် တွေ့ရသဖြင့် သွား၍ကောက်ယူလိုက်၏။ ထိုနောက် သတိမေ့နေသော ဒိုင်းလ်ရှိရာသို့ ပြန်လာပြီးလျှင် သေနတ်ဖြင့် ဒိုင်းလ်၏ဦးခေါင်းကို ချိန်လိုက်လေသည်။

"ရပ်လိုက်စမ်း၊ ဟာမင်"ဟု စကိုဘီကို တစ်စုံတစ်ယောက်က အမိန့်ပေးလိုက်၏။ အမိန့်ပေးသူအား လှည့်ကြည့်လိုက်သောအခါ ခေါင်မိုးချင်းဆက်နေသည့် တစ်ဖက်တိုက်မှ ခေါင်မိုးပေါ်တွင် တက်စ်ပင်သိုလောင်အား တွေ့လိုက်ရလေသည်။

"မင်း . . . ဝင်မရှုပ်နဲ့ တက်စ်၊ ငါ့ကိစ္စ ငါနားလည်တယ်"

"တကယ်တော့ အခြေအနေမှန်ကို မင်း မသိပါဘူးကွာ။ မင်းလက်ထဲက သေနတ်ချလိုက်စမ်းပါ"

တက်စ်က အေးဆေးသောအသံဖြင့် စကိုဘီအား အမိန့်ပေးလိုက်၏။

"ဟာမင်. . . မင်း ငါ့စကာ နားထောင်စမ်းပါ။ အခု လောလောဆယ် ဒီကောင်ဟာ ချားလ်လင်းဘတ်ရဲ့မိန်းမ ရက်ဂျီနာနဲ့ ဘယ်လောက်အကြောင်းအပေါင်း သင့်နေသလဲဆိုတာ ထည့်စဉ်းစားပါဦး။ ဒါဆိုရင် ဒီကောင်ကိုလည်း တို့ဇာတ်လမ်းထဲမှာ ထည့်ပြီးစဉ်းစားရလိမ့်မယ်။ သူကလည်း သဲလွန်စတစ်ခု ဖြစ်လာပြီကိုး . . . "

"အေး. . . သူ့ကို ဒီဇာတ်လမ်းထဲ ဆွဲထည့်တာတော့ ဟုတ်ပါရဲ့။ သူ့အတွက်ဝေစုကို မင်းဝေစုထဲက ခွဲပေးရလိမ့်မယ်။ ငါ့ဝေစုထဲကတော့ လုံးဝခွဲမပေးနိုင်ဘူး"

စကိုဘီသည် စိတ်ဆိုးမာန်ဆိုးနှင့် အော်၍ပြောလိုက်လေသည်။

"မင်း . . . လောဘရမ္မက်ထွက်ပြီး မလုပ်သင့်တာတွေကို မလုပ်ပါနဲ့။ ပြဿနာတွေဟာ ရှုပ်ထွေးသထက် ရှုပ်ထွေးပြီး လမ်းစပျောက်ကုန်မယ်"

"ဒီကောင်ဟာ သေလူပဲ။ လူတွင်ကျယ်ဝင်လုပ်ရင် ဒီလိုပဲ ခံရမှာပဲ။ သူ့ကို အပျောက်ရှင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



စကိုဘီသည် တက်စ်ကို ဂရုမစိုက်ဘဲ ဒိုင်းလ်၏ဦးခေါင်းကို သူ၏ ဒဿမ ၄၅ သေနတ်ဖြင့် ထပ်၍ ချိန်လိုက်ပြန်လေသည်။

သို့ရှိစဉ် ခေါင်မိုးကို ဖောက်ထွင်းထားသော မီးခိုးခေါင်းတိုင်နံဘေးမှ လီယိုပိုဂစ်ဒီယွန် ရောက်လာ၏။ သူ၏လက်ထဲ၌လည်း သေနတ်တစ်လက် ကိုင်ထားရာ ပြောင်းဝက စကိုဘီကို ချိန်ထားလေသည်။

"မင်း . . . သေနတ်ကို ချထားလိုက်ပါ ဟာမင်။ ပြီးတော့ မင်း လက်ကိုလည်း မြှောက်ထားပါ"

စကိုဘီက ဂစ်ဒီယွန်ဘက်သို့ လှည့်ကြည့်လိုက်၏။ လက်ထဲ၌မူ သူ၏သေနတ်ကို ကိုင်ထားဆဲပင် ဖြစ်၏။

"ကာစင်ဒိုင်းလ်လည်း သေသွားပြီ၊ ချားလ်(စ်)လည်း သေသွားပြီ။ တကယ်လို့သာ တို့စကားကို မင်း နားမထောင်ရင် မင်းလည်း သူ့တို့နောက်ကို လိုက်ရလိမ့်မယ်။ ဒီတော့ မင်းအတွက် ဝေစုလည်း ခွဲပေးစရာ မလိုတော့ ဘူးပေါ့"

ဂစ်ဒီယွန်က လေသံခပ်အေးအေးဖြင့် ပြောလိုက်၏။

စကိုဘီသည် ဂစ်ဒီယွန်ကို လှမ်းကြည့်လိုက်၏။ ထို့နောက် တက်စ်ကို လှမ်းကြည့်လိုက်ပြန်၏။ မည်ကဲ့သို့ ဆက်လုပ်ရမည်ကို သူ မသိနိုင်အောင် ဖြစ်လေသည်။

"ဒါဖြင့် . . . ကျုပ် ဘာဆက်လုပ်မှာတုန်း . . . "

တက်စ်က ကောင်းကင်သို့ မော့၍ကြည့်လိုက်၏။

"အင်မတန်လှပတဲ့ ညနေခင်းပါ သူငယ်ချင်း။ ရာသီဥတုကလည်း သာယာပါဘိသနဲ့ မင်းကသာ လုပ်ငန်းဖြစ်မြောက်အောင်မြင်ရေးအတွက် အကောင်းမြင်ဝါဒနဲ့ ဆွေးနွေးချင်တယ်ဆိုရင် ငါ့ဘက်ကတော့ ဆွေးနွေးဖို့ အဆင်သင့်ပဲ။ တို့ ကိစ္စတွေအတွက် ဝိုင်းပြီး အဖြေရှာကြရအောင်"

သို့ရှိစဉ် ဒိုင်းလ်သည် သတိပြန်၍ရလာ၏။ သူ၏ခေါင်းမှ ဒဏ်ရာကြောင့် တညည်းညည်းတညူညူ ဖြစ်နေ၏။ ထို့နောက် သူသည် ကြိုးစားပမ်းစား ထ၍ထိုင်ကာ အလင်းရောင်ကို အားယူကြည့်လိုက်၏။ ထိုအခါ သူ့အား ဝိုင်း၍ကြည့်နေကြသော လူသုံးဦးတို့ မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

## အခန်း ၁၄

ရက်ဂျီနာနှင့် ဆီဗီယာ၏သားကလေး ဂျင်းလူးဝစ်တို့သည် "ဟိုတယ် ဘောက်ဂျီရတ်"၏ ညှိခန်းထဲတွင် ထိုင်နေကြ၏။ ရက်ဂျီနာသည် မိနစ်နှင့် အမျှ နံရံပေါ်ရှိ လျှပ်စစ်နာရီကြီးကို လှမ်း၍ကြည့်နေ၏။ နာရီလက်တံမှာ တစ်မိနစ်ပြီးတစ်မိနစ် သွားလျက်ရှိနေ၏။ အချိန်မှာ သုံးနာရီ မိနစ်နှစ်ဆယ်သို့ ညွှန်ပြလျက်ရှိလေသည်။

ဆီဗီယာ၏သားငယ် ဂျင်းလူးဝစ်က . . .

"ကျွန်တော်တို့ ဘယ်သူ့ကိုစောင့်နေသလဲ"

"လူကြီးလူကောင်းတစ်ယောက်ကို ဆိုပါတော့ကွယ်"

ရက်ဂျီနာသည် စိတ်မပါသကဲ့သို့ပြောကာ ကလေးငယ်၏ ဆံပင်များကို ပွတ်သပ်ပေးလျက်ရှိ၏။ နာရီကြီးကို ပြန်၍ကြည့်လိုက်သောအခါ နောက်ထပ် နှစ်မိနစ်လွန်၍သွားပြန်၏။

"ဘယ်က လူကြီးလူကောင်းလဲ . . . "

"မင်း သူ့ကို မသိပါဘူးကွယ် . . . "

"သူ အခုအချိန်မှ မရောက်ရင် ကျွန်တော်တို့ တိရစ္ဆာန်ဥယျာဉ်သွားဖို့ သိပ်နောက်ကျနေလိမ့်မယ်"

"နောက်ထပ်ငါးမိနစ်လောက်တော့ ထပ်စောင့်ကြည့်ရအောင်ကွယ်"

"အင်း . . . စောင့်ကြည့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောက်ထပ် မိနစ်နှစ်ဆယ်အကြာ ဒိုင်းလ်ရောက်လာသည်အထိ သူတို့မှာ ဟိုတယ်ဧည့်ခန်းထဲတွင်ပင် စောင့်ကြည့်နေဖြစ်ကြ၏။ ဒိုင်းလ် တံခါးပေါက်မှ ဝင်လာစဉ်ကပင် ရက်ဂျီနာက မြင်လိုက်၏။

"ရှင်.. နောက်ကျမယ်ဆိုလည်း ကျွန်မတို့ကို ဖုန်းဆက်ဖို့ ကောင်းတာပေါ့။ ကျွန်မတို့ အခုပဲ ရှင့်ကိုမစောင့်တော့ဘဲ သွားတော့မလို့"

ရက်ဂျီနာသည် အပြစ်တင်သကဲ့သို့ ပြောလိုက်၏။

"ကျွန်တော် နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ်"

"ကျွန်မအတွက်က အရေးမကြီးပါဘူး။ ဂျင်းကတော့ သူ တိရစ္ဆာန်ဥယျာဉ် သွားဖို့အတွက် စိတ်စောနေရှာတယ်"

သို့ပြောရင်း ရက်ဂျီနာသည် ဆက်၍မပြောတော့ဘဲ စကားလက်စ ဖြတ်လိုက်၏။ ဒိုင်းလ်၏ ညစ်ပေစုတ်ပြဲနေသော အဝတ်အစားများနှင့် ဦးခေါင်းမှ စီးကျနေသော သွေးများကို မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

"ဟင်း... ,ရှင် ဘာတွေဖြစ်လာတာလဲ"

ရက်ဂျီနာသည် ပြောပြောဆိုဆို ဒိုင်းလ်၏အနီးသို့ အတန်ငယ် ကပ်သွား၏။ ဒိုင်းလ်မှာ ထိုအချိန်အထိ မောဟိုက်နေသကဲ့သို့ ရှိနေ၏။ အသက်ရှူသံမှာလည်း ပြင်းနေ၏။ သူ၏ပခုံး၌လည်း ပွန်းပဲ့သည့်ဒဏ်ရာများ ပေါ်နေ၏။

"ကျွန်တော်... မတော်တဆ ချော်လဲလာလို့ပါ"

ရက်ဂျီနာသည် ဒိုင်းလ်အား ကရုဏာအပြည့်အဝ မျက်လုံးများဖြင့် ကြည့်မိ၏။ ကျောပြင်ဘက်ကို ကြည့်လိုက်သောအခါ စုတ်ပြဲနေသည့် ကုတ်အင်္ကျီအောက်တွင် သွေးများထွက်နေသည်ကို တွေ့ရ၏။

"ရှင်... ဘာလိုများ ချော်လဲရတာလဲ"

"ကျွန်တော် သံမဏိလက်တုတပ်ထားတဲ့ လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်"

ဒိုင်းလ်သည် အမှန်အတိုင်း ပြောလိုက်၏။

"ဟုတ်လား၊ ကျွန်မလည်း သူ့ကို တွေ့ဖူးတယ်"

ရက်ဂျီနာကလည်း လေ့ကားရင်းတွင် ယမန်နေ့ညက တွေ့လိုက်ရသော စကိုဘီကို ပြန်၍သတိရမိ၏။ အဖြစ်နိုင်ဆုံးမှာ သူတစ်ယောက်သာ ရှိလေသည်။





"ကျွန်တော်လည်း အဲဒီလူကြီးကို တွေ့ချင်လိုက်တာ"

ဂျင်းလူးဝစ်က ဝင်ပြော၏။ သူသည် အလွန်စိတ်ဝင်စားနေဟန် ရှိလေသည်။

"နောက်တော့ တွေ့ရမှာပေါ့ကွယ်"

"ရှင် ... တော်တော်နာသွားသလား" ရက်ဂျီနာသည် ဒိုင်းလ် ဘက်သို့ လှည့်၍မေးလိုက်၏။

"နည်းနည်း ပေါက်ပြဲသွားတာလောက်ပါပဲ"

"ကဲ... ကဲ... အပေါ်ထပ်ကိုလာ။ ဆေးထည့်ပြီး ပတ်တီးစည်း ပေးမယ်၊ ဂျင်း... မင်းဒီကပဲ စောင့်နေ။ ဒေါ်ဒေါ် မကြာပါဘူး။ ချက်ချင်း ပြန်ဆင်းလာခဲ့မယ်"

"ကျွန်တော်တို့ တိရစ္ဆာန်ဥယျာဉ် သွားဖို့ကကော အန်တီ"

"သွားမှာပေါ့။ လိုက်ပို့ရမှာပေါ့ကွယ်"

သို့နှင့် အခန်းထဲသို့ ရောက်ကြသောအခါ ရက်ဂျီနာသည် ဒိုင်းလ်၏ အပေါ်အင်္ကျီကို ညင်သာစွာ ချွတ်ပေးလိုက်၏။

"ကဲ... ခုတင်ပေါ်မှာ မှောက်အိပ်လိုက်ဦး"

သို့ပြောရင်း ရက်ဂျီနာသည် ရေချိုးခန်းထဲသို့ ဝင်ပြီးလျှင် ဂွမ်း၊ ပတ်တီး၊ အရက်ပျံစသည်တို့ကို ယူလာခဲ့၏။ ဆေးမထည့်မီ ဒဏ်ရာများကို ရေနွေးနှင့် ဆေးကြော၏။ ညာဘက်ပခုံးအနီးတွင် ခြောက်လက်မခန့် ရှိသည့် အစင်းကြီးနှစ်ခုကို တွေ့ရ၏။ ဒဏ်ရာကမူ များစွာမနက်လှချေ။ ရက်ဂျီနာသည် မိမိအား စေတနာရှေ့ထား၍ လုပ်ကိုင်ပေးနေကြောင်း သိသဖြင့် ဒိုင်းလ်သည် တစ်စုံတစ်ရာမပြောဘဲ ငြိမ်နေ၏။ သို့သော် အနာပေါ်သို့ အရက်ပျံ လောင်းထည့်သောအခါ ဒိုင်းလ်သည် မခံမရပ်နိုင်လောက်အောင် စပ်သဖြင့် မွေ့ရာသို့ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ အောင့်အီးသည်းခံ၍ နေရလေသည်။

"သိပ်စပ်နေသလား။ ကျွန်မကတော့ သိပ်စပ်မယ်မထင်လို့ပါ"

"ကိစ္စမရှိပါဘူးဗျာ"

ထို့နောက် ရက်ဂျီနာသည် ဒဏ်ရာများပေါ်တွင် ဂွမ်းများကို ကျနစွာပင် အုပ်ပေးလိုက်၏။ ထို့နောက် ဂွမ်းပေါ်မှ ပတ်တီးစည်းပေးပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



''ကာစင်ဒိုင်းလ်ဆိုတာ ဘယ်သူလဲ''ဟု ရက်ဂျီနာသည် အလုပ်လုပ်နေစဉ် အလစ်တွင် မေးခွန်းထုတ်လိုက်၏။

''ကျွန်တော့်အစ်ကိုပါ''

ရက်ဂျီနာသည် တစ်စုံတစ်ရာကို စဉ်းစားနေဟန်ဖြင့် ငြိမ်သက်သွားပြန်၏။

''ကျွန်မကတော့ ရှင်ပြောသမျှ ယုံကြည်နေတာပဲ''

''ကျွန်တော်က လိမ်ပြောနေတာမှ မဟုတ်တဲ့၊ အမှန်ပြောနေတာပဲ''

''ဒါပေမဲ့ ရှင်ဟာ လူလိမ်သူညာတစ်ယောက်လို့ တခြားလူတွေက ပြောနေကြတယ်''

''တခြားလူတွေဆိုဘာ ဘယ်သူတွေလဲ''

''ထားပါတော့လေ''

ရက်ဂျီနာက စကားကို လျှော့ချလိုက်ပြီးလျှင် ပတ်တီးစည်းခြင်းကို သက်စသတ်လိုက်၏။

''ခင်ဗျား... ကာစင်ဒိုင်းလ်အကြောင်းကို ဘယ်လိုလုပ်သိသလဲ၊ ခင်ဗျားယောက်ျားက ပြောခဲ့သလား''

''ဟင့်အင်း... ကျွန်မယောက်ျားက ကျွန်မကို ဘာမှမပြောခဲ့ပါဘူး''

''ဘာလို့မပြောခဲ့တာလဲ''

''ဒါတော့ ကျွန်မ ဘယ်သိမှာလဲ''

''ခင်ဗျား ချားလ်(စ်)ကို သိပ်ချစ်သလား''

ရက်ဂျီနာသည် ရုတ်တရက် အဖြေမပေးချေ။ သို့သော် တစ်ခဏမျှကြာသောအခါမှ...

''သူအသတ်ခံရတဲ့နေ့မှာပဲ ကျွန်မဟာ သူ့ကိုကွာရှင်းဖို့ စိတ်ပိုင်းဖြတ်ခဲ့ပါတယ်။ ရှင့်မေးခွန်းအတွက် အဲဒါဟာ ကျွန်မရဲ့ သွယ်ဝိုက်ပြီးဖြေတဲ့အဖြေပဲ။ ရှင် ဒီညနေတော့ အပြင်ထွက်နိုင်မှာ မဟုတ်တော့ပါဘူးလေ၊ ရှင် အိပ်နေရင်ကောင်းမယ်''ဟု ပြောလိုက်၏။

''ကျုပ်တို့ ကိစ္စဝိစ္စတွေ ပြီးအောင်ဆောင်ရွက်ပြီး ကျုပ်တို့ ချမ်းသာလာတဲ့အခါမှာ အိပ်ချိန်တွေ အများကြီးရမှာပါ''





သို့ပြောရင်း ဒိုင်းလ်သည် ခုတင်ပေါ်မှ ဖြည်းဖြည်းချင်းဆင်းလိုက်၏။ ထို့နောက် မတ်မတ်ရပ်ကာ...

''ကိုင်း... ကျုပ်တို့ သက်ဆိုင်ရာလူတွေနဲ့ သွားတွေ့ကြရအောင်''ဟု ပြော၏။

''ဘယ်သူတွေကို သွားတွေ့ရမှာလဲ''

''ဘယ်သူတွေလဲဆိုတာ တွေ့မှသိရမှာပဲ။ သူတို့ကတော့ ကျွန်တော်တို့ကို စောင့်နေတာ အမှန်ပဲ''

''သူတို့ကို ဘာကြောင့် သွားတွေ့ရမှာလဲ''

''ခင်ဗျား... ဒီကိစ္စတွေနဲ့ပတ်သက်ပြီး သိချင်တယ်မဟုတ်လား''

''ကျွန်မ... ဂျင်းလူးဝစ်ကလေးကို တိရစ္ဆာန်ဥယျာဉ်ကို လိုက်ပို့ပေးဖို့ ကတိပေးထားတယ်ရှင့်''

''ဒါဖြင့်လည်း ကျွန်တော်တို့ အဲဒီကိုပဲ ခပ်သုတ်သုတ်သွားကြရအောင်''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၅

"ဗင်ဆင်နီ"တိရစ္ဆာန်ဥယျာဉ်သည် တိရစ္ဆာန် အမျိုးအစားစုံလင်သောကြောင့်သာ မဟုတ်၊ သစ်ပင်၊ ပန်းမန်နှင့် အထားအသို အပြင်အဆင်ကောင်းမှုတို့ကြောင့် နာမည်ကြီးနေခြင်း ဖြစ်၏။ ထိုဥယျာဉ်ထဲ၌ပင် ရေကန်လေးကန်၊ မြင်းပြိုင်ပွဲအတွက် ကွင်းတစ်ကွင်း၊ မော်တော်ဆိုင်ကယ် ပြိုင်ကွင်းတစ်ကွင်း စသည်တို့လည်း ခမ်းနားကြီးကျယ်စွာ ရှိနေ၏။ တစ်ချိန်က ထိုနေရာသည် "ဗင်ဆင်နီ"ခံတပ်ကြီးရှိခဲ့၍ ယခုတိုင် ထိုခံတပ်ဟောင်းကြီးမှာ အမှတ်တရ ရှိနေသေး၏။ အမြောက်ကြီးများကိုလည်း ဤနည်းအတိုင်း မပျက်စီးစေရန် ထိန်းသိမ်းထား၏။ ကလေးသူငယ်များအတွက် စာသင်ကျောင်းတစ်ကျောင်းလည်း ရှိယေသည်။

တိရစ္ဆာန်ဥယျာဉ်အတွင်း၌မူ တိရစ္ဆာန်များထားသည့် လှောင်အိမ်အနည်းငယ်သာ ရှိ၏။ အလွန်အရေးကြီးသော ပျံသန်းနိုင်သည့် ငှက်များကိုသာ အမိုးအကာနှင့် လှောင်ထား၏။ အခြားယဉ်ပါးသော တိရစ္ဆာန်များကိုမူ ၎င်းတို့ဘာသာဘာဝအတိုင်း နေစေရန် ဥယျာဉ်ထဲတွင် လွှတ်ထားလေသည်။

ဥယျာဉ်အတွင်း၌ ဥယျာဉ်ကို ပတ်စီးနိုင်သော မီးရထားငယ်ကလေးတစ်စင်းရှိ၏။ ထိုရထားငယ်ဖြင့် ဥယျာဉ်ကို ပတ်၍ကြည့်နိုင်သေး၏။ ယဉ်ပါးသော တိရစ္ဆာန်များမှာ လူတို့အား ဘေးအန္တရာယ်မပြုသည့်ပြင် ကလေးငယ်များ၏ ကိုင်တွယ်ပွတ်သပ်ခြင်း၊ ဆော့ကစားခြင်း၊ အစာကျွေးခြင်း၊ တက်စီးခြင်းများကိုပင် ရင်းနှီးစွာခံယူကြလေသည်။





အခြား တောရိုင်းတိရစ္ဆာန်များဖြစ်သော ခြင်္သေ့၊ ကျား၊ ဝက်ဝံ၊ တောခွေး စသည်တို့ကိုမူ မြင့်မားသော အုတ်နံရံကြီးများဖြင့် ကာထား၏။ တိရစ္ဆာန်များကို နက်ရှိုင်းသော ချိုင့်ဝှမ်းထဲ၌ တောသဘာဝအတိုင်း ချုံနွယ်များ၊ ကျောက်ဂူများဖြင့် ထား၏။ ဥယျာဉ်သို့ လာရောက် လည်ပတ်ကြသော ဧည့်သည်များသည် နံရံပေါ်မှ တက်၍ကြည့်နိုင်၏။

မြောက်အမေရိကတိုက်မှ ရောက်ရှိလာသော ဂရစ်လီဝက်ဝံ အမျိုးအစား သုံးကောင် လှောင်ထားရာချိုင့်ကို လီယိုပိုဂစ်ဒီယွန်၊ တက်စ်ပင်သီလောင်းနှင့် ဟာမင်စကိုတီတို့သည် စိတ်ပါဝင်စားစွာ ကြည့်နေကြ၏။ ထိုဝက်ဝံသုံးကောင်ကို အလယ်ဖန္ဒြားဒူးမားရေးသော သူရဲကောင်းသုံးယောက်ဝတ္ထုမှ ဇာတ်ကောင်အမည်များဖြစ်သော ပေါ်သိုး၊ အားသိုး၊ အားရမစ် စသည်ဖြင့် အမည်ပေးထား၏။ သူတို့သည် ဝက်ဝံများကို သံတိုင်ပေါက်များမှတစ်ဆင့် ခဲလုံများ ပစ်ကျွေးနေကြ၏။ အမှန်သော် သူတို့ သုံးယောက်သည် ဝက်ဝံများကို စိတ်ဝင်စားနေ၍မဟုတ်။ ဝက်ဝံများကမူ နောက်ခြေများကို ထောက်၍ မတ်တတ်ရပ်ကာ သူတို့ကျွေးသော အစာများကို လက်နှစ်ဖက်မြှောက်၍ တောင်းခံနေကြလေသည်။

"နေပါဦး၊ ရက်ဂျီနာဆိုတဲ့ မိန်းကလေးနဲ့ ဒိုင်းလ်ဆိုတဲ့ အကောင် ဘယ်အခြေအနေလောက် ရောက်နေပြီလို့ ထင်သလဲ"

တက်စ်က ဂစ်ဒီယွန်း၏သဘောထားနှင့် ထင်မြင်ချက်ကို မေးလိုက်၏။

"ကျုပ်စိတ်ထင်တော့ မိန်းကလေးဟာ ဒိုင်းလ်နဲ့ ပူးပေါင်းပြီး ဒိုင်းလ်ခိုင်းသမျှ လုပ်ပေးမယ့် အခြေအနေပဲ"

"ဒါဖြင့် . . . ရက်ဂျီနာ ဒီကိုမလာဖို့ ဒိုင်းလ်က ပြောရင်ကော"

"သူ ဒီလိုတော့ ပြောမယ်မထင်ဘူး။ သူကိုယ်တိုင်က ကျုပ်တို့နဲ့ စာရင်းရှင်းစရာတွေ ရှိသေးတယ်"

"ခင်ဗျား. . . ပြန်စဉ်းစားပါဦး။ ဒီပစ္စည်း ဒီရွှေတွေ သူတို့လက်ထဲ ရောက်ပြီးရင် ကျုပ်တို့ကို သူတို့ တွေ့ဖို့လိုမလား"

ဂစ်ဒီယွန်းက ပြုံးလျက် "ဒီရွှေတွေကို သူတို့ရသွားပြီးရင် ကျုပ်တို့ သိရမှာပေါ့ မဟုတ်ဘူးလား။ သူတို့ ရောက်လာရင်တော့ ကျုပ်တို့ဘက်က စကားမများအောင် ဂရုစိုက်ရလိမ့်မယ်၊ ဆင်ခြင်ရမယ်။ ကျုပ်တို့မှာ မပြတ်



www.burmeseclassic.com

www.burmeseclassic.com



သေးတဲ့ ကိစ္စတစ်ခုက ရှိနေသေးတယ် မဟုတ်လား။ ချားလ်(စ်)လင်းဘ ဟာ အသတ်ခံရတယ်ဆိုတာ ဘယ်သူမှ ငြင်းလို့မရဘူး။ အဲ... ချားလ်(စ်) လုပ်ကြံသူဟာ ကျုပ်တို့အထဲက လူတစ်ယောက်လည်း ဖြစ်နိုင်တယ်၊ ကာစ ဒိုင်းလ်ရဲ့ညီ အလက်ဇန္ဒားဒိုင်းလ်လည်း ဖြစ်နိုင်တယ်။ ရက်ဂျီနာလည် ဖြစ်နိုင်တယ်''

တက်စ်က ဂစ်ဒီယွန်၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီးနော

''တိတ်တော့... ဆက်မပြောနဲ့။ ဟော... သူတို့လာနေကြပြ

မှန်၏။ ထိုအချိန်တွင် သူတို့ထံသို့ ရက်ဂျီနာနှင့် ဒိုင်းလ်တို့ လျှော လာကြ၏။ ရက်ဂျီနာသည် သူတို့သုံးယောက်ကို တွေ့လိုက်ရသောအ လှမ်းနေသော ခြေလှမ်းများ တုံ့သွားတော့၏။ သို့သော် ဒိုင်းလ်က အမူအ မပျက်စေရန် ထိန်းလိုက်၏။

''လာသာလာပါ ရက်ဂျီနာ။ ပြဿနာဆိုတာ ဖြစ်လာရင် ရင်ဆို တွေ့လိုက်တာ အကောင်းဆုံးပဲ''

မကြာမီ ဒိုင်းလ်တို့သုံးယောက်သည် သူတို့အားစောင့်နေကြသော သုံးယောက်နှင့် ပေါင်းမိသွားကြတော့၏။ ထို့နောက် ဒိုင်းလ်ကပင် ပြုံးပြ ရွှင်ရွှင် မိတ်ဆက်ပေး၏။

''လူကြီးမင်းများခင်ဗျား ... ဟောဒါဟာ မစ္စစ်လင်းဘတ်ပဲ အားလုံးသိကြပြီးသား မဟုတ်လား''

သူသည် ရက်ဂျီနာအား ညွှန်ပြလိုက်၏။ ထို့နောက် ဂျင်းလူးဝ ကို လက်ညှိုးထိုးကာ...

''ဟောဒါကတော့ ကျုပ်တို့ရဲ့မိတ်ဆွေရင်းကြီး ဂျင်းလူးဝစ်ပဲ'' ဟု ပြော၏။

ဂစ်ဒီယွန်၊ ပင်သိုလောင်းနှင့် စကိုဘီတို့သည် အသိအမှတ်ပြုလိုက ကြ၏။ ထို့နောက် ရက်ဂျီနာနှင့် ဂျင်းထို့၏ လက်ကိုဆွဲကာ ပြုံးရယ်၍ နှုတ် ဆက်လိုက်ကြ၏။ သို့သော် စကိုဘီကမူ ထုံးစံအတိုင်း သူ၏လက်တုကြီးကို မိုးကာအင်္ကျီအိတ်ထဲသို့ နှိုက်ထားလေသည်။

တက်စ်သည် သူ၏လက်ထဲတွင် အပြည့်နီးပါးရှိသော ပဲလှော်အိတ် ကို ဂျင်းလူးဝစ်သို့ပေး၍ ချွေးသိပ်ကာ ဝက်ဝံများကိုကျွေးရန်ပြော၏။ ဂျင်းက လည်း ဝမ်းသာအားရပင် ပဲလှော်များကို လက်ဖြင့်ဆုပ်၍ ဝက်ဝံခြံထဲသို့





ကျွေးနေ၏။ ကျန်လူများသည် တစ်ယောက်ကိုတစ်ယောက် အကဲခတ်လျက် နေကြ၏။ ထို့နောက် ဒိုင်းလ်ကပင် စကားစ၍ ပြောလေသည်။

''ကိုင်း... ကျုပ်တို့ ဆွေးနွေးပွဲမစခင် ကျုပ်တို့ဘက်က ပြောစရာ တာကလေး ပြောပါရစေ။ ကျုပ်တို့နဲ့ ခင်ဗျားတို့နဲ့ ပူပေါင်းဆောင်ရွက် အမျှ ဒီရွှေတွေရဲ့အစုကို ကျုပ်တို့နှစ်ယောက်စလုံး ရသင့်တယ်နော်။ ဒါကို ကန့်ကွက်စရာရှိရင် အခုကတည်းကပဲ ကန့်ကွက်ဖို့ လိုလိမ့်မယ်''

''ဒီဝေစုထဲမှာ ခင်ဗျားက ဘာကြောင့်ပါရတာလဲ။ လေးစုကနေ ခွဲမယ်ဆိုရင် သိပ်နည်းသွားမှာပေါ့''

စကိုဘီ၏ မကျေနပ်သံမှာ ပထမဦးဆုံး စတင်ထွက်ပေါ်လာတော့၏။

''အစကတည်းက ဒီပစ္စည်းတွေကို ဝေငါးစုခွဲရမှာပဲ။ ချားလ်(စ်) င်းဘတ်ကိုယ်စား မစ္စစ်လင်းဘတ်က ရထိုက်သလို ကာစင်ဒိုင်းလ်ကိုယ်စား နှံတော်ကလည်း ရသင့်တာပေါ့''

''ကာစင်ဒိုင်းလ်က သေသွားပြီပဲ။ ဝေစုလေးစုပဲ ခွဲရတော့မှာပေါ့''

စကိုဘီက ထပ်၍အတွန့်တက်လိုက်၏။

''ဩော်... ဝေစုလေးစုပဲခွဲဖို့ ခင်ဗျားက လိုလားသလား။ ကြိုက် လား။ ဒီလိုမှန်းသိရင် ဝါရှင်တန်လမ်းက ခြောက်ထပ်တိုက် ဖင်းပေါ် ခင်ဗျားတွဲလွှဲကြီး ဖြစ်နေတုန်းက ကျုပ် ခင်ဗျားကို မကယ် နှင့် ဝေစု းစုပဲ ခွဲရတော့မှာပေါ့''

ဂစ်ဒီယွန်းက ကြားဖြတ်၍ ''ကိုင်းပါဗျာ... တစ်ယောက်နဲ့ တစ် ယောက် စကားနာထိုးရမယ့်အချိန် မဟုတ်ပါဘူး။ ဒီမှာမစ္စတာဒိုင်းလ် အခု ခုမှာ ခင်ဗျားဘက်က ဘာလုပ်ပေးနိုင်သလဲ။ ကျုပ်တို့ပိုင်တဲ့ ရွှေတွေ ပ်တို့ပြန်ရအောင် စွမ်းဆောင်ပေးနိုင်ရင် ခင်ဗျားရသင့်တဲ့ ဝေစုဟာ ညီအမျှပေါ့။ ဒါပေမဲ့ ခင်ဗျားဘက်က ဘာမှမစွမ်းဆောင်နိုင်ဘူးဆိုရင်တော့ များ တောင်းဆိုချက်ဟာ သဘာဝမကျဘူး။ ခင်ဗျား ဘာဝေစုမှ မရသင့် ''

ထို့နောက် ဒိုင်းလ်သည် ရက်ဂျီနာကိုကြည့်ကာ...

''ဒီမယ် မစ္စလင်းဘတ်၊ ဒီဝေစုကိစ္စကိုကော ခင်ဗျား ဘယ်လို သဘောထားသလဲ''ဟု မေး၏။

''ရှင် ... ဘာပြောနိုင်မလဲဆိုတာ ကျွန်မ စိတ်ဝင်စားပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဂစ်ဒီယွန်းက ကြားဖြတ်၍ . . .

"မင်း . . . ဘာကိုဆိုလိုတာလဲ"

"ရှင်ပြောနေတဲ့ စကားထဲမှာ ရွှေတွေဆိုတဲ့ စကားအသုံးအနှုန်း ပါတယ် မဟုတ်လား။ အဲဒါ ဘာရွှေတွေလဲ"

ရက်ဂျီနာ၏အမေးကြောင့် တက်စ်၊ ဂစ်ဒီယွန်းနှင့် စကိုဘီတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ အူကြောင်ကြောင် ဖြစ်၍သွားကြသည်။

"ခင်ဗျား ကျုပ်တို့ကို အရူးမလုပ်ပါနဲ့"

တက်စ်သည် ရက်ဂျီနာအား အပြစ်တင်စကား ပြောလိုက်၏။

ဂစ်ဒီယွန်သည်လည်း ရက်ဂျီနာအပေါ်တွင် သည်းမခံနိုင်လောက်အောင် ဖြစ်လာတော့၏။

"ခင်ဗျားယောက်ျား အသတ်ခံရတဲ့အချိန်မှာ သူဟာ ကျုပ်တို့အားလုံး အညီအမျှပိုင်ဆိုင်ကြတဲ့ ရွှေတွေကို ယူပြေးတယ်ဆိုတာကော ခင်ဗျား ငြင်းနိုင်ဦးမလား"

"ဒါတော့ ဝန်ခံပါတယ်"

"ဒါဖြင့် အခု အဲဒီရွှေတွေဘယ်မှာလဲ"

ရက်ဂျီနာသည် ပခုံးကိုတွန့်၍ "ဒီရွှေတွေဘယ်ရောက်နေနေ ရှင်တို့နဲ့ဆိုင်တယ်ဆိုတဲ့အကြောင်း ကျွန်မ စဉ်းစားလို့မရဘူး"

သို့နှင့် စကိုဘီက ဒေါသတကြီးဖြင့် . . .

"ဘာပြောတယ် . . . "

"ကျွန်မယောက်ျားဟာ ဒီရွှေတွေကို ယူထားတယ်ပဲထားပါတော့ အခု သူသေသွားပြီပဲ။ သူ့ပစ္စည်း ကျွန်မပိုင်တာပေါ့"

ဂစ်ဒီယွန်၊ ပင်သိုလောင်းနှင့် စကိုဘီတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိပြန်၏။ ယင်းကိစ္စကို အခြေအနေအရ ရှင်းလင်းပြောပြရန် လိုအပ်လာလေပြီ။ ရက်ဂျီနာ သိထားသည်များကို ထုတ်ဖော်ပြောလာစေရန် သူတို့ဘက်မှလည်း ထိုရွှေများမှာ သူတို့နှင့် မည်ကဲ့သို့ သက်ဆိုင်ကြောင်းကို ပြောပြရပေလိမ့်မည်။ သို့နှင့် သူတို့သုံးယောက်သည် အချင်းချင်းမျက်ရိပ်ပြကာ သစ်ပင်တစ်ပင်သို့ ထွက်သွားကြ၏။ ထို့နောက် ခေါင်းချင်းဆိုင်ကာ တီးတိုးတိုင်ပင်လျက် ရှိနေကြလေသည်။





"ရှင်နဲ့ကျွန်မနဲ့ နှစ်ယောက်တည်း ပူးပေါင်းဆောင်ရွက်ပြီး ရှင်ဟာ ဒီရွှေတွေကို ကျွန်မအတွက် တူးဖော်ပေးနိုင်မယ်ဆိုရင် ရှင့်အတွက် ဝေစုနှစ်စုအနက် တစ်စုရမှာပဲ။ သူတို့ကို ဘာလို့ ဂရုစိုက်ရမှာလဲ"

ရက်ဂျီနာသည် ဒိုင်းလ်အား တီးခေါက်ကြည့်လိုက်၏။

"မဟုတ်သေးဘူးလေ၊ တကယ်တော့ ဒီကိစ္စမှာ ခင်ဗျားနဲ့ကျွန်တော်သိတာထက် သူတို့က ပိုပြီးသိကြတယ်။ ဇာတ်လမ်းအစနဲ့ အလယ်ပိုင်းကို သူတို့ပြောပြမှ ကျုပ်တို့က နောက်ဆုံးနိဂုံးချုပ်အပိုင်းကို သိရမှာပေါ့"

"သူတို့ကကော သူတို့သိတာ ပြောပြပါ့မလား"

"မိနစ်ပိုင်းအတွင်း သိရမှာပေါ့။ သူကို့ အခု တိုင်ပင်နေကြတာ ဒီကိစ္စပဲ"

မှန်ပေသည်။ ရဲသုံးဖော်တို့သည် သဘောတူညီချက် ရသွားကြသဖြင့် ဒိုင်းလ်နှင့် ရက်ဂျီနာရှိရာသို့ ပြန်ရောက်လာကြ၏။ ထိုအကြိမ်တွင် တစ်ယောက်တစ်ပေါက် မပြောမိကြစေရန် ၎င်းတို့အထဲမှ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဂစ်ဒီယွန်အား ရွေးချယ်လိုက်၏။ သို့နှင့် ဂစ်ဒီယွန်သည် သူ၏ဆေးတံကို ဟန်ပါပါ မီးညှိဖွာရှိုက်လိုက်ပြီးနောက် သူတို့၏ လျှို့ဝှက်သောဇာတ်လမ်းရှည်ကြီးကို အောက်ပါအတိုင်း ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၆

ပြောရမည်ဆိုသော် ရဲဘော်ငါးယောက်စလုံးသည် ဒုတိယကမ္ဘာစစ်ကြီးတွင် သေနင်္ဂဗျူဟာ အဖွဲ့အစည်းဝင်များ ဖြစ်ကြ၏။ ၁၉၄၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ည သန်းခေါင်ယံအချိန်တွင် သူတို့သည် ရန်သူဂျာမန်စစ်တပ်၏ နောက်တန်းသို့ လေထီးဖြင့် ဆင်းသက်ခဲ့ကြ၏။ ၎င်းတို့ဆင်းသက်ခဲ့ရသည့်နေရာမှာ ဂျာမန်တို့ သိမ်းပိုက်ပြီးဖြစ်သော ပြင်သစ်နိုင်ငံပေါ်သို့ ဖြစ်၏။ ၎င်းတို့အဖွဲ့၏တာဝန်မှာ ဂျာမန်တို့ကို ပြောက်ကျားနည်းစနစ်ဖြင့် ဒုက္ခပေး၍ အနှောင့်အယှက်ပေးကာ တော်လှန်နေသော ပြင်သစ်မျိုးချစ်တပ်သားများအား ပေါင်ခုနစ်ရာခန့်မျှ အလေးချိန်စီးသည့် ရွှေချောင်းများကို ပေးကမ်းထောက်ပံ့ရန် ဖြစ်၏။

ထိုရဲဘော်များကား ဂစ်ဒီယွန်၊ တက်စ်၊ စကိုဘီ၊ ကာစင်ဒိုင်းလ်နှင့် ချားလ်(စ်)လင်းဘတ်တို့ ဖြစ်ကြ၏။ ထိုစဉ်က ချားလ်(စ်)လင်းဘတ်၏အမည်ကို "ဖော့စ်လင်းဘတ်"ဟုလည်း သိထားရ၏။ ၎င်းအဖွဲ့သည် ပြင်သစ်မြေပေါ်သို့ ခြေချနိုင်ခွင့် မရမီကပင် ကံဆိုးမိုးမှောင်ကျခဲ့ကြလေသည်။

၎င်းတို့ငါးယောက်ကို ရွေးချယ်ခဲ့စဉ်ကပင် အမာခံလက်ရွေးစင်များ ဖြစ်ကြသည့်အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်၏။

ချားလ်(စ်)လင်းဘတ်သည် ခွစ်လူမျိုးတစ်ယောက် ဖြစ်သောကြောင့် ပြင်သစ်စကားနှင့် ဂျာမန်စကားကို ကျွမ်းကျင်စွာပြောနိုင်၏။ ကြိုးမဲ့ကြေးနန်း ရေဒီယိုကြေးနန်းဖမ်းရာ၌ ကျွမ်းကျင်လှသော တက်စ်၏တာဝန်မှာ သူတို့အား





ပြင်သစ်မြေပေါ်မှ ပြန်၍လာခေါ်မည်ဖြစ်သော လေယာဉ်ပျံနှင့် အချိန်းအချက် လုပ်ကာ ဆက်သွယ်ရန်ဖြစ်၏။

ဂစ်ဒီယွန်သည် မြေပုံဖတ်ရာတွင်လည်းကောင်း၊ ကွန်ပတ်ဖတ်ရာတွင် လည်းကောင်း၊ နေရာဒေသခံ ကျွမ်းကျင်သူ ဖြစ်သောကြောင့် လည်းကောင်း၊ ဂျာမန်စစ်တပ်များ၏ လှုပ်ရှားမှုကို ချက်ချင်းရှာဖွေပေးနိုင်ရန် တာဝန်ရှိသူ ဖြစ်၏။

ကိုယ်ခန္ဓာကြီးမား တုတ်ခိုင်သန်စွမ်းသူ စကိုဘီကိုမူကား သူ၏ ခွန်အားကြောင့် လည်းကောင်း၊ အမောခံနိုင်သောကြောင့် လည်းကောင်း၊ သူအချင်းချင်း ပူးကပ်သတ်ပုတ်ရာတွင် လျင်မြန်သောကြောင့် လည်းကောင်း အခုလောလောဆယ် သူတို့ယူဆောင်လာခဲ့သည့် လေးလံသော ပစ္စည်းများကို ထမ်းပိုးသယ်ဆောင်ပြီးလျှင် လိုရာသို့ပို့နိုင်ရန် ထည့်လိုက်ခြင်းဖြစ်၏။

သူတို့အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်လာသူ ကာစင်ဒိုင်းလ်မှာလည်း ခေါင်းဆောင်နိုင်သော သူ၏အရည်အချင်းများဖြင့် ပါဝင်လာသူဖြစ်၏။ သူ၏ လုပ်ရည်ကိုင်ရည်၊ စိတ်ရှည်မှု၊ ခေါင်းဆောင်ကောင်းပီသမှုတို့မှာ သူ၏အဖွဲ့ဝင်များအပေါ်တွင် ဂုဏ်သတင်းကြီး၍ နေလေသည်။

၎င်းတို့ သယ်ဆောင်လာသည့် ရွှေချောင်းများမှာ တစ်ချောင်းလျှင် ၂၅ ပေါင် အလေးချိန်စီး၏။ သေတ္တာကလေးတစ်လုံးတွင် ရွှေချောင်း ခုနစ်ချောင်းစီ ပါဝင်၏။ ထိုသေတ္တာကလေးများကို အရွယ်သေးငယ်စေရန် အမြင့် ငါးလက်မ၊ အနံ ကိုးလက်မ၊ အလျား ၁၂ လက်မရှိသည့် သစ်သားဖြင့် ပြုလုပ်ထား၏။ စုစုပေါင်း လေးလုံးဖြစ်၏။ ထိုသေတ္တာလေးလုံးကို ကြိုးပိုက်တစ်ခုဖြင့် ရစ်ပတ်ထား၏။ အားလုံး ပေါင်း ၇၀၀ ရှိလေသည်။

သစ်သားသေတ္တာကလေးများထဲတွင် ရွှေချောင်းများ မပွန်းမပဲ့စေရန် ဖွမှုန့်များ ထည့်သွင်းဖုံးအုပ်ထား၏။ အမေရိကန်ပြည်နယ်တစ်ခု ဖြစ်သော "မက်ဟာတန်ပြည်နယ်"၏ တယ်လီဖုန်း လမ်းညွှန်စာအုပ်တစ်အုပ် လောက်မျှမကြီးသော ထိုသေတ္တာကလေးများကို ရဲဘော်ငါးဦးတို့သည် လိုရာဆီသို့ အလွယ်တကူ သယ်ဆောင်သွားနိုင်ပေသည်။ ဤသို့လျှင် ရဲဘော်ငါးဦးတို့သည် အချိန်းအချက် ရှိထားပြီးဖြစ်သဖြင့် ပြင်သစ်မြေပေါ်တွင် ၎င်းတို့အား ကူညီမည့် မဟာမိတ်များလည်း အသင့်ရှိနေကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့သော် ပြင်သစ်မြေပေါ်သို့ သူတို့ ခြေမချနိုင်မီကပင် ပထမဦးစွာ ကံကြမ္မာဆိုးနှင့် စတင်တွေ့ကြုံရင်ဆိုင်ရတော့၏။ ချိန်သားကိုက်ထားသော နေရာနှင့် ချိန်သားကိုက်ထားသော အချိန်တွင် ရဲဘော်ငါးဦးတို့သည် လေယာဉ်ပေါ်မှ လေးထီးဖြင့် ခုန်ချလိုက်ကြတော့၏။ သူတို့နှင့် ရှေ့ဆင့် နောက်ဆင့်ပင် ရွှေတုံးများကို ချပေးသော လေထီးကိုလည်း ကန့်၍ချလိုက်၏။ ရဲဘော်ငါးဦး၏ လေထီးမှာ ပွင့်သွားသော်လည်း တစ်စုံတစ်ခုသော အမှားအယွင်းကြောင့် ရွှေတုံးရွှေချောင်းများ ချည်နှောင်ထားသည့် လေထီးမှာ လုံးဝမပွင့်ဘဲ မြေပေါ်သို့ တိုက်ရိုက်ကျသွားလေတော့၏။

ရန်သူနယ်မြေပေါ်သို့ တိတ်တဆိတ် ဆင်းရသောကြောင့် ညဉ့် သန်းခေါင်ယံအချိန် ဖြစ်၏။ သို့သော် လရောင်ကြောင့် ရဲဘော်ငါးဦးတို့သည် ရွှေချောင်းများ ကျသွားသည့်နေရာကို မြင်လိုက်ရသဖြင့် မှတ်သားနိုင်လိုက်ကြ၏။ သို့သော် သူတို့ကိုယ်တိုင်မှာ လေဟာပြင်တွင် လေထီးအားကိုးဖြင့် လွင့်မြောနေကြသဖြင့် လောလောဆယ်အားဖြင့် တစ်စုံတစ်ရာ မတတ်နိုင်ချေ။ သို့ရှိစဉ် လေ၏အဟုန်ကြောင့် သူတို့သည် သတ်မှတ်ထားသည့်နေရာမှ မိုင် ဝက်ခန့်အကွာသို့ ရောက်သွားကြတော့၏။

ရဲဘော်ငါးဦးအတွက်ကား ကုသိုလ်ကံကောင်းသည်ဟု ဆိုရပေမည်။ ထူထပ်သော မြက်ခင်းပြင်ပေါ်သို့ တစ်စုံတစ်ရာ အခက်အခဲမရှိဘဲ ကျရောက် သွားတော့၏။ သူတို့၏ ကျွမ်းကျင်လိမ္မာမှုကြောင့်လည်း မည်သည့် အထိ အခိုက် ဒဏ်ရာဒဏ်ချက်မျှ မရကြချေ။ သူတို့ကျသည့်နေရာနှင့် ကိုက်တစ်ရာ ခန့် မရှိတရှိနေရာတွင် တောအုပ်ကလေးတစ်ခုရှိရာ သူတို့သည် ချက်ချင်းပင် တောအုပ်ထဲသို့ဝင်ကာ သစ်ပင်ချုံနွယ်တို့ကို အကာအကွယ်ယူ ပုန်းအောင်း ကြပြီးနောက် လေထီးများကို ဖျောက်ဖျက်ကြ၏။

ကာစင်ဒိုင်းလ်က ''ခင်ဗျားတို့အားလုံး ရွှေချောင်းတွေကျသွားတဲ့ နေရာသို့ တွေ့လိုက်ကြတယ်နော်''

ကာစင်ဒိုင်းလ်သည် အရပ်အမောင်းကောင်းသူ ဖြစ်၏။ သူ၏အရပ် မှာ ခြောက်ပေထက်ပင် အတန်ငယ် ကျော်သေး၏။ သူ၏ညိုမှိုင်းသော ဆံပင်များမှာ ရှည်လျားလှသဖြင့် ဦးခေါင်းပေါ်တွင် တစ်စုံတစ်ရာ ဆောင်း မထားပါက သူ၏မျက်နှာကို ဖုံးအုပ်လျက်ရှိနေပြီးလျှင် အရေးအကြောင်း ရှိက သူ၏ရှေ့၌ရှိသော ရန်သူကိုပင် မြင်နိုင်စွမ်း မရှိချေ။





သူသည် အစားအသောက်ကို ခုံမင်သူဖြစ်၏။ အကောင်းလည်း ကြိုက်တတ်၏။ ထို့ကြောင့်ပင် သူ၏ခန္ဓာကိုယ်မှာ သူ၏အရပ်နှင့် လိုက်ဖက် သည်။ သူသည် မည်မျှပင် ကိုယ်ခန္ဓာကိုယ်အလေးချိန် လျှော့သော်လည်း ညည်သည့်အခါမျှ ပေါင် ၁၈၀ အောက်သို့ မရောက်ချေ။ သူ၏ အလေးချိန် အမှန်မှာ ပျမ်းမျှအားဖြင့် ပေါင် ၂၀၀ ဝန်းကျင်တွင် ရှိလေသည်။ သူ၏ သေးသွယ်စူးရှသော မျက်နှာကြောင့်သာလျှင် ထိုပိုသော ပေါင် ၂၀ ကို သိမသာ လျှော့နိုင်ခဲ့ခြင်းဖြစ်လေသည်။ သို့သော် သူ၏ခန္ဓာကိုယ်နှင့် မလိုက် အောင် လျင်မြန်ဖျတ်လတ်သည်ကိုမူကား သူ၏ရဲဘော်များက ဝန်ခံကြရပေ သည်။

ကာစင်ဒိုင်းလ်သည် ဥပဒေကျောင်းသားတစ်ဦး ဖြစ်၏။ ကျောင်းမှ ထွက်သောအခါ သူသည် အက်ဖ်ဘီအိုင်(အမေရိကန် စုံထောက်ဌာနချုပ်) တွင် ဝင်ရောက်အမှုထမ်းခဲ့၏။ လွန်ခဲ့သော ၁၉၃၉ ခုနှစ်၏ နွေဦးကာလတွင် သူ့အတွက် နာမည်ကောင်းထွက်စရာ ဖြစ်လာသည်မှာ သေနတ်ကိုင် ဘဏ် ဓားပြဂိုဏ်းတစ်ဂိုဏ်းကို ဖမ်းဆီးနိုင်ခဲ့သောကြောင့် ဖြစ်လေသည်။ ထိုကြောင့် လည်း သူသည် စုံထောက်ဌာနမှ အရေးတကြီးလိုအပ်နေသော ဂျာမန်အတု သူလျှိုဌာနတွင် ပြောင်းရွှေ့အမှုထမ်းရလေသည်။ တစ်နည်းဆိုရသော် သူသည် အရပ်သားဘဝမှ စစ်သားဘဝသို့ ရောက်ခဲ့လေသည်။

စစ်ဖက်သူလျှိုဌာနတွင် သူ စတင်ဝင်ရောက်စဉ်က သူသည် ဒုဗိုလ် ကလေးရာထူးမျှသာ ရရှိခဲ့သော်လည်း ယခု သူ၏ အသက် ၂၉ နှစ်တွင် ဗိုလ်မှူးရာထူးသို့ပင် တိုးမြှင့်ခြင်းခံရလေပြီ။

''ခင်ဗျားတို့ အားလုံးမြင်လိုက်တယ်နော်။ တော့စ် . . . ခင်ဗျား မြင်လိုက်တယ်နော်''

သူက ထပ်ဆင့်မေးလိုက်၏။

''ဒီကနေ အနောက်စူးစူးပဲ။ ကိုက် ၈၀၀၊ ဒါမှမဟုတ် ၉၀၀ လောက် အကွာမှာ ရှိမယ်''

ချားလ်(စ်)လင်းဘတ်က သူ့ထံ သတင်းပို့ အစီရင်ခံလိုက်၏။

''ကိုက် ၈၀၀ ထက်တော့ မဝေးနိုင်ဘူး။ အဲဒီမှာ အဆောက်အအုံ တစ်ခုလိုလို တွေ့လိုက်ရတယ်။ ဘုရားရှိခိုးကျောင်းတစ်ခုနဲ့ တူတယ်။ ပေါင် မှန်းချွန်တွေ တွေ့ရတယ်''



www.burmeseclassic.com

www.burmeseclassic.com



တက်စ်က ထိုစကားကို ဝင်ရောက်ထောက်ခံ၏။

"ကိုင်း... ဒါဖြင့် တို့ အခု အဲဒီကို သွားကြစို့"

နောက်ဆယ်မိနစ်ခန့်အကြာတွင် သူတို့သည် လူသူမရှိ စွန့်ပစ်ထားသော ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိသွားကြ၏။ ချက်ချင်းပင် သူတို့သည် လူဖြန့်၍ ရွှေချောင်းသေတ္တာများကို ရှာဖွေရန် ဒိုင်းလ်က ညွှန်ကြား၏။ မကြာမီပင် သူတို့ ရှာဖွေတွေ့ကြတော့၏။ ပထမဆုံး စတင်တွေ့ရှိသူမှာ တက်စ်ဖြစ်၏။ ဘုရားရှိခိုးကျောင်းနှင့် ကိုက် ၅၀ ခန့် ဝေးသောနေရာ ဘုရားရှိခိုးကျောင်းကို ဝိုင်း၍ကာရံထားသော နံရံအလွန်တွင် တွေ့ရှိခြင်း ဖြစ်၏။ တစ်ဖက်၌ ခရစ်ယန်သင်္ချိုင်းဟောင်းတစ်ခု ရှိလေသည်။

သူတို့အတွက် အချိန်ကုန် လူပန်းဖြစ်စေရန် ပြဿနာတစ်ခု ပေါ်လာ၏။ သေတ္တာနှစ်လုံးတို့မှာ ကျလာသောအရှိန်နှင့် မြေပြင်သို့ ရိုက်ခတ်မှုကြောင့် ပွင့်ထွက်ကြေမွကာ အတွင်းမှပစ္စည်းများ လွင့်စင်ကုန်၏။

ထိုရွှေချောင်းများကို အဆောတလျင် လိုက်၍ကောက်ယူပြီးလျှင် ဘုရားရှိခိုးကျောင်းအနီးသို့ သယ်ဆောင်လာကြရန် ဒိုင်းလ်က အမိန့်ပေးလိုက်၏။ စကိုဘီသည် မကျိုးမပဲ့သော သေတ္တာနှစ်လုံးကိုထမ်းလာ၏။ အခြားရဲဘော်များကမူ ပြန့်ကြဲနေသည့် ရွှေချောင်းများကို ကောက်သင်းကောက်သကဲ့သို့ လိုက်၍ကောက်ယူနေကြရလေသည်။

ဂစ်ဒီယွန်က "ဒီရွှေချောင်းတစ်ချောင်းစီမှာ တန်ဖိုး ဘယ်လောက်ရှိမယ်ထင်သလဲ"

ချားလ်(စ်)က "မင်းဟာမင်း တွက်ယူပေါ့။ တစ်အောင်စကို ၃၅ ဒေါ်လာပေါက်ဈေးနဲ့ ၂၅ ပေါင် ရွှေတစ်တုံး ဘယ်လောက်တန်မယ်ဆိုတာ မြှောက်ပြီးတွက်ကြည့်ပေါ့။ တစ်ပေါင်မှာ ၁၆အောင်စ ရှိတယ်ဆိုတာတော့ သိပါတယ်နော်"

ချားလ်(စ်)ပြောသည်အတိုင်းပင် ဂစ်ဒီယွန်သည် ၂၅ ပေါင်ကို အောင်စဖွဲ့ပြီးလျှင် ၃၅ ဒေါ်လာဈေးနှင့် တွက်ချက်ကြည့်နေ၏။

ဂစ်ဒီယွန်က "အားပါး... ရွှေတစ်တုံးကို ဒေါ်လာ တစ်သောင်းလေးထောင်တန်နေပါလား"

"မင်းအဖြေက ရွှေတစ်တုံးပေါ်မှာ တွက်တာနော်... "

တက်စ်သည်လည်း စိတ်ဝင်စားလာသည်။





"တိတ်ကြစမ်း... " ဒိုင်းလ်က ငေါက်၏။

"မင်းတို့ တစ်မြို့လုံးကို နှိုးနေကြတာလား"

သို့နှင့် သူတို့သည် စကားမပြောကြဘဲ တိတ်ဆိတ်သွားကြပြန်လေသည်။

အလုပ်ပြီးစီးသွားသောအခါ ရွှေချောင်းများမှာ လရောင်အောက်တွင် မှောင်ရိပ်ကျနေသော ဘုရားရှိခိုးကျောင်း၏ အမိုးအောက်သို့ ရောက်ရှိနေကြလေပြီ။ ဇူလိုင်လ၏ ကြက်ဦးတွန်ချိန်တွင် အချမ်းက ပို၍လာချေ၏။ သို့ရာတွင် သူတို့အားလုံးမှာ ချွေးဒီးဒီးကျလျက် ရှိနေကြ၏။ အလုပ်လုပ်ရာတွင် ပင်ပန်းသောကြောင့်မဟုတ်၊ စိတ်၏ပင်ပန်းမှုကြောင့် ဖြစ်လေသည်။ ထိုရွှေချောင်းများကို သက်ဆိုင်ရာ ပြောက်ကျားအဖွဲ့ခေါင်းဆောင်များအား ပေးအပ်ရန်မှာ ချိန်းဆိုထားသော အချိန်ထက် နာရီဝက်ခန့် နောက်ကျသွားချေပြီ။

ထို့ပြင် သူတို့ ရောက်နေသည့်နေရာမှာ သတ်မှတ်ထားသောနေရာ မဟုတ်သဖြင့် ချိန်းဆိုထားသူတို့နှင့် တွေ့ဆုံရန်မှာ "ယုန်တောင်ပြေး ခွေးမြှောက်လိုက်" ဆိုသကဲ့သို့ ဖြစ်နေတော့၏။ ပြောက်ကျားများကို အချိန်မီတွေ့ရန်မှာ အရေးကြီး၍နေလေသည်။

"မေဂျာ... ကျွန်တော်တို့ ဘာဆက်လုပ်ကြမှာလဲ"

ချားလ်(စ်)က ဒိုင်းလ်အား လေသံဖြင့် တီးတိုးမေးလိုက်၏။

"ဒီပစ္စည်းတွေကို ချိန်းဆိုထားတဲ့ နေရာရောက်အောင် သယ်သွားဖို့ကတော့ လမ်းမမြင်ဘူး။ ပြောက်ကျားရဲဘော်တွေကို သီခြားသွားရှာ။ အဆက်အသွယ်လုပ်၊ ကျုပ်တို့ အလွဲလွဲအချော်ချော်ဖြစ်ရတဲ့ ကိစ္စတွေကို ရှင်းပြ။ နောက်တော့မှ သူတို့ကို ဒီခေါ်လာပြီး ဒီရွှေတွေကို ဒီမှာအပ်ရမှာပဲ။ ဒီတစ်ထမ်းပဲ ရှိတယ်။ ဒီမယ် ချားလ်(စ်)ဗော့စ်... ဒီအဆက်အသွယ်ရဖို့အတွက် မင်း တာဝန်ယူရမယ်။ မင်းက သူတို့ကို စကားရေလည်အောင် ပြောတတ်တယ်။ မင်းနဲ့အတူ ဂစ်ဒီယွန်ကို ခေါ်သွား"

ဒိုင်းလ်သည် လိုအပ်သည်တို့ကို အသေးစိတ်ညွှန်ကြားလျက် ရှိလေသည်။

"ဟုတ်ကဲ့ပါ ဗိုလ်မှူး" ချားလ်(စ်)က အလေးပြုရင်း ပြောလိုက်၏။

ချားလ်(စ်)နှင့် ဂစ်ဒီယွန်တို့သည် သူတို့၏တာဝန်ကို ထမ်းဆောင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားကြတော့၏။ ကျန်ရစ်သူများကမူ ၎င်းတို့အား စောင့်နေရန်မှတစ်ပါး အခြားတစ်စုံတစ်ရာ လုပ်ကိုင်ရန် မရှိချေ။

နောက် မိနစ် ၂၀ ခန့်ကြာသောအခါ သူတို့အားလုံးပင် မမျှော်လင့်သော အသံတစ်သံကို ကြားလိုက်ရသဖြင့် ကြက်သီးမွေးညှင်းထ၍ သွားကြတော့၏။

ပထမကြားရသောအသံမှာ တစ်ချက်ချင်း ပစ်ဖောက်သော လက်နက်ငယ်အသံ ဖြစ်၏။ ထိုနောက် တရစပ်မြည်ဟီးလာသော စက်သေနတ်ပစ်သံကို ကြားလိုက်ရ၏။ သေနတ်သံများမှာ သူတို့နှင့် အတော်ဝေးသောနေရာမှ လာကြောင်း သိကြရသော်လည်း ဒိုင်းလ်၊ စကိုဘီနှင့် တက်စ်တို့မှာ မြေပြင်ပေါ်သို့ ရုတ်တရက် ဝပ်လိုက်မိကြ၏။ အလုအယက် ဝပ်လိုက်ခြင်းဖြစ်သဖြင့် တစ်ယောက်အပေါ်တွင် တစ်ယောက်ပင် ထပ်၍ကျသွားကြလေသည်။

သေနတ်သံများ ကြားရသည့်နေရာမှာ ချားလ်နှင့် ဂစ်ဒီယွန်တို့ ထွက်သွားသည့် နေရာဘက်မှ ဖြစ်ကြောင်း သိကြရ၏။

"ဘုရားကယ်တော်မူပါ၊ ဂစ်ဒီယွန်နဲ့ ချားလ်(စ်)တို့တော့ ထောင်ချောက်ထဲ ဝင်တိုးမိပြီထင်တယ်"

တက်စ်က ဘုရားတလိုက်၏။

စကိုဘီက "ကျွန်တော်တို့ ဒီနေရာက အမြန်ဆုံး ထွက်သွားဖို့လိုပြီထင်တယ်"

မေဂျာဒိုင်းလ်ကမူ လေးနက်စွာ စဉ်းစားလျက်ရှိရာမှ တစ်စုံတစ်ရာ ပြန်၍ မပြောချေ။

တက်စ်က "ကျွန်တော်တို့ သူတို့နောက်လိုက်သွားပြီး ကယ်ရရင် မကောင်းဘူးလား"

ထိုစဉ် သေနတ်သံများ စဲသွားပြန်၏။ သူတို့၏နောက်ဘက် "စိန့်ဟလီနာ" ရွာထဲမှ အလန့်တကြား အူလိုက်သော ခွေးအူသံမှတစ်ပါး အခြားမည်သည့်အသံကိုမျှ မကြားရတော့ဘဲ တိတ်ဆိတ်သွားပြန်လေသည်။

တက်စ်နှင့် စကိုဘီတို့သည် နှုတ်ဆိတ်လျက် ရှိနေသော ဒိုင်းလ်အား စူးစိုက်၍ကြည့်နေကြ၏။ ဒိုင်းလ်က ပေးမည့်အမိန့်၊ သို့မဟုတ် ညွှန်ကြားချက် တစ်စုံတစ်ရာကို မျှော်လင့်စောင့်ဆိုင်းလျက် ရှိနေကြလေသည်။





စကိုဘီက "ဘာတွေများ အမှားအယွင်းဖြစ်ကုန်ပြီလဲ မသိဘူး မေဂျာ"

"ကျုပ်နောက်ကို လိုက်ခဲ့ကြ"

ဒိုင်းလ်က ဤမျှသာ အမိန့်ပေး၍ သူစိုက်ကြည့်နေသော နေရာဘက်သို့ ထွက်သွား၏။ တက်စ်နှင့် စကိုဘီတို့သည် သူ၏နောက်မှ ခပ်ကုပ်ကုပ် လိုက်သွားကြ၏။ ဒိုင်းလ်အား တစ်စုံတစ်ရာ ပြန်၍ မပြောရဲသော်လည်း သူတို့အချင်းချင်း "ဘယ်လိုလဲ"ဟူသော သဘောဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ နေကြ၏။

ဒိုင်းလ်သည် ဘုရားရှိခိုးကျောင်း၏ နောက်ဘက် သင်္ချိုင်းဘေးရှိ ဂိုဒေါင်ကလေးဆီသို့ သွားနေ၏။ ဂိုဒေါင်မှာ သော့ခတ်မထားသဖြင့် တံခါးကို အလွယ်တကူဖွင့်၍ ဝင်သွား၏။ ပြန်ထွက်လာသောအခါ သူ၏လက်ထဲတွင် လက်တံရှည်ရှည်တပ်ထားသည့် ဂေါ်ပြားနှစ်ချောင်းပါလာ၏။ ဒိုင်းလ်သည် နေရာကို ဤမျှလောက်အချိန်တိုလေးအတွင်း လေ့လာပြီးဖြစ်ဟန် တူလေသည်။

ထို့နောက် ခြေလှမ်းကျဲကြီးများဖြင့် သင်္ချိုင်းထဲသို့ ထွက်သွားပြန်၏။ သင်္ချိုင်းအလယ်သို့ ရောက်သာအခါ သူ၏ခြေလှမ်းများမှာ နှေးကွေးသွားတော့၏။ တက်စ်နှင့် စကိုဘီတို့မှာ သူ့နောက်မှ ထပ်ကြပ်မကွာ ရှိနေကြ၏။ သူသည် ဂူများ၊ မှတ်တိုင်များပေါ်တွင် ရေးထားသည့် စာများကို လိုက်၍ဖတ်ကြည့်နေ၏။ လက်ဝါးကပ်တိုင်တစ်ခု၏အောက် ကျောက်ပြားတစ်ချပ်ပေါ်တွင် "နီကိုလပ်တွန်ဖို့ဒ်"ဟူသော အမည်ကို တွေ့လိုက်ရသောအခါ သူသည် ထိုနေရာတွင်ရပ်လိုက်၏။ "မွေးနေ့ - ၁၈၆၃၊ ခရစ်တော်၌ အိပ်ပျော်ခြင်း ၁၉၂၇"ဟူ၍လည်း သင်္ကေတဖြင့် ထိုးထား၏။

"ဒီနေရာဟာ အကောင်းဆုံးပဲ"

ဒိုင်းလ်သည် နီကိုလပ်ဟူသော အမည်ထိုးထားသည့် ဂူနံဘေးသို့ ညွှန်ပြရာ တက်စ်နှင့် စကိုဘီတို့သည် ဒိုင်းလ်ညွှန်ပြသော ဂူပေါ်ရှိ စာတန်းကို ဖတ်ကြည့်ကြလေသည်။

"ခရစ်တိုင်း ဂျင်းနီ၊ ၆-၁-၁၉၂၆-၃၀-၅-၁၉၄၄"

အဲဒါ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စကိုဘီသည် ထိုစာကို တစ်စုံတစ်ရာနားမလည်သဖြင့် ဒိုင်းလ်အား မေးလိုက်၏။

ဒီအလောင်းမြှုပ်တာ နှစ်လတောင် မပြည့်သေးဘူး။ ဒီတော့ မြေကြီးပွမယ် ပျော့မယ်။ ပြီးတော့ ဒီဘက်က နို့ကိုလပ်ဆိုလည်း အခိုင်အမာ ဆိုတော့ မှတ်ရသားရတာ လွယ်မယ်''

ဒိုင်းလ်သည် ထိုအခါမှ သူတို့အား စိတ်ရှည်လက်ရှည် ရှင်းပြ၏။ ထို့နောက် သူ၏လက်ထဲမှ ဂေါ်ပြားများကို မြေပေါ်သို့ ပစ်ချလိုက်၏။

''ကိုင်း . . . ဒီနေရာကို တူးကြစမ်း''

ဒိုင်းလ်က တူးရမည့်နေရာကို ညွှန်ပြ၏။ ထို့နောက် သူတို့သည် ဂေါ်ပြားများဖြင့် အသံမထွက်အောင် တူးကြ၏။ ညဉ့်မှာ တိတ်ဆိတ်မြ တိတ်ဆိတ်လျက်ရှိနေ၏။ သစ်ရွက်များကို လေတိုးသံမှတစ်ပါး မည်သည့် အသံကိုမျှ မကြားရချေ။

နောက် ၁၀ မိနစ်ခန့်မျှ ကြာသောအခါ သူတို့သည် သုံးပေနက် သည်အထိ တူးမိကြပြီဖြစ်သဖြင့် တွင်းထဲသို့ပင် ဆင်း၍တူးကြရတော့၏။ သူတို့ကိုယ်ပေါ်တွင် ချွေးတစ်လုံးလုံးဖြစ်ကာ ရွှံ့များပေကျံနေကြ၏။ ချားလ်(စ်) နှင့် ဂစ်ဒီယွန်တို့ အမောတကော ပြန်ရောက်လာကြသောအခါ တွင်းမှာ အပြီးသတ်၍နေချေပြီ။ ပြေးလာသူများမှာ မောပန်းလွန်းသဖြင့် စကားကိုပင် ချက်ချင်းမပြောနိုင်ကြချေ။

တက်စ်က ''ကျုပ်က ခင်ဗျားတို့ ထောင်ချောက်မိနေပြီအောင့်မေ့ နေတာ''

''လက်မတင်ကလေးပေါ့ဗျာ''

ချားလ်(စ်)သည် အသက်ကိုပင် မှန်အောင်မရှူနိုင်လောက်အောင် ဖြစ်နေရာမှ ကြိုးစားပြောလိုက်၏။

ဒိုင်းလ်က ''ဘာတွေဖြစ်ကြတာတုန်း''

''ကျွန်တော်တို့ မဟာမိတ်တွေတော့ ရန်သူနဲ့ ရင်ဆိုင်တွေ့ရလို့ အားလုံးပဲ ပစ်သတ်ခံရတယ်''

''ဂျာမန်ကင်းလှည့်တပ်ဖွဲ့နဲ့ ကျုပ်တို့မဟာမိတ် ပြင်သစ်ပြောက် ကျားတွေနဲ့ ရင်ဆိုင်တိုးတယ်လေ။ ကျုပ်တို့တစ်တွေသာ ဒီထက်စောစော ရောက်ရင် ကျုပ်တို့လည်း သေမှာအမှန်ပဲ။ ကျုပ်တို့ အရောက်နောက်ကျ





တာကိုပဲ ကျေးဇူးတင်ရဦးမယ်''

''ဂျာမန်ကင်းလှည့်တပ်ဖွဲ့မှာ ဘယ်နှစ်ယောက်ပါသလဲ''

ဂစ်ဒီယွန်က ''ရှစ်ယောက်ရှိတယ်။ အားလုံး စက်သေနတ်တွေနဲ့ ချည်းပဲ''

ထိုအခါမှ ချားလ်(စ်)သည် တူးလက်စတွင်းကို သတိထားမိ၏။

''ဒီတွင်း ဘယ်သူ့အတွက်လဲ''

''ခင်ဗျားတို့ တိုက်ပွဲဖြစ်နေတဲ့ သေနတ်သံကိုလဲ ကြားရတယ်။ အခက်အခဲတစ်ခုခုတော့ တွေ့ပြီဆိုတာကို ကျွန်တော် သိလိုက်တယ်လေ။ အဲဒါကြောင့် ရွှေချောင်းတွေဝှက်ဖို့ ဒီတွင်းကို တူးတာပဲ''

ဒိုင်းလ်က စိတ်ရှည်လက်ရှည် ရှင်းပြ၏။ ချားလ်(စ်)နှင့်ဂစ်ဒီယွန် နှစ်ယောက်တို့သည် ခြေပစ်လက်ပစ် မြေကြီးပေါ်သို့ ထိုင်ချလိုက်ကြ၏။ သူတို့နှစ်ယောက်သည် သချိုင်းဂူတစ်ခု၌ စိုက်ထူထားသည့် လက်ဝါးကပ်တိုင် များကိုမှီကာ အခြားလူများ တွင်းတူးနေသည်ကို ဆက်လက်ကြည့်ရှုနေကြ လေသည်။

''ကိုင်း . . . တော်လောက်ပြီ။ ရွှေချောင်းတွေသယ်ပြီး မြှုပ်ကြစို့''

ဒိုင်းလ်သည် သူ၏မျက်နှာတွင် ပေကျံနေသောရွှံ့များကို လက်ဖမိုးနှင့်သပ်ရင်း ပြောလိုက်၏။

ဤသို့ဖြင့် ရဲဘော်ငါးယောက်တို့သည် တတ်နိုင်သမျှသော ခွန်အား များကို ထုတ်ကာ ရွှေချောင်းများကို အလျင်စလို တွင်းထဲသို့ ချကြလေသည်။

တက်စ်က ''ဒီမယ်မေဂျာ . . . ကျွန်တော်တို့ ဒီရွှေတွေ ဒီမှာမြှုပ်ပြီး သွားတော့မလို့လား''

ဒိုင်းလ်က တစ်ခွန်းတည်းသာ ဖြေ၏။ ''ဟုတ်တယ်''

''ဘယ်လောက်ကြာကြာ ထားခဲ့မှာလဲ။ ဘယ်တော့ ပြန်လာယူ မလဲ''

ဒိုင်းလ်က သူ၏ဦးခေါင်းကို လေးကန်စွာ ခါယမ်းလိုက်၏။

''နောက်ထပ် ကျုပ်တို့မဟာမိတ်တွေနဲ့ အဆက်အသွယ်မရမချင်း ပေါ့ပါတော့''

သို့နှင့် ဒိုင်းလ်သည် သူ၏လက်မှ လက်ပတ်နာရီကို ကြည့်လိုက် သောအခါ စိုးရိမ်တကြီးဖြစ်သွားကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လုပ်ကြ။ ကျုပ်တို့မှာ အချိန်မရှိဘူး။ ကျုပ်တို့ကို ကြိုမယ့် လေယာဉ်ပျံ ရောက်လာတော့မယ်။ နောက်ထပ် အချိန် ၅၅ မိနစ်ပဲ ရှိတော့တယ်။ ကျုပ်တို့ကို လာကြိုမယ့် လေယာဉ်ပျံဆင်းတဲ့နေရာကို ရောက်အောင် ဒီကနေပြီး လေးမိုင်လောက် လျှောက်ရဦးမယ်"

စည်းနှောင်ထားရာမှ ပြုတ်ထွက်သွားသည့် ရွှေချောင်းများကို အောက်ဆုံးတွင် ညီညာစွာထား၍ ကျန်သောသေတ္တာနှစ်လုံးကို အပေါ်မှ တင်ပြီးနောက် မြေဖို့လိုက်ကြလေသည်။ ဂေါ်ပြားများကိုလည်း ထည့်၍ မြုပ်ကာ တစ်ခါတည်း အစဖျောက်လိုက်ကြလေသည်။

ဒိုင်းလ်မှာ တန်ဖိုးရှိလှသော နောက်ထပ် အချိန် ၁၀ မိနစ်ခန့်ကို ဖြုန်းလိုက်ရပြန်၏။ ထို ၁၀ မိနစ်အတွင်း တွင်းတည်ရှိသည့် နေရာကို သူသည် တတ်နိုင်သမျှ စိတ်ထဲတွင်မှတ်ထား၏။ ပတ်ဝန်းကျင်ရှိ ဂူများကိုလည်း အမှတ်အသားပြုရ၏။ နောက်ဆုံး သူ၏လုပ်ပုံများကို ကျေနပ်လောက်သောအခါမှ . . .

"ကိုင်း . . . ကျုပ်တို့သွားကြစို့"ဟု အမိန့်ပေးလိုက်လေသည်။

စစ်သား ခြေလှမ်းများဖြင့် လှမ်းကြသော်လည်း သူတို့သည် ဘုရားရှိခိုးကျောင်းနှင့် ကိုက် ၅၀ ခန့် အကွာသို့ ရောက်သောအချိန်တွင် ဂျာမန်ကင်းလှည့်အုပ်စုနှင့် တိုက်ရိုက်တိုးတော့၏။ ဂျာမန်တို့ဘက်မှ လက်နက်အပြည့်အစုံနှင့် လူရှစ်ယောက်ပါရှိ၏။ သို့နှင့် သူတို့ ၅ ယောက်သည် အကာအကွယ်ရနိုင်သော တောထဲသို့ တဟုန်ထိုး စွပ်၍ပြေးကြတော့၏။

တောထဲသို့ သူတို့ မရောက်မီပင် နောက်မှ စက်သေနတ်များ၏ ပစ်ခတ်ခြင်း ခံလိုက်ရ၏။ တစ်ယောက်မှာ ကျည်သင့်၍ ဒလိမ့်ခေါက်ကွေး လဲကျသွားတော့၏။ ထိုသူကား ကာစင်ဒိုင်းလ်ပင် ဖြစ်လေသည်။

တက်စ်နှင့် စကိုဘီတို့သည် သူနှင့် အနီးကပ်ဆုံး ပြေးသူများဖြစ်၍ နှစ်ယောက်စလုံးပင် ဒိုင်းလ်လဲကျသွားသော နေရာ၌ ရပ်လိုက်ကြ၏။ သို့နှင့် သူတို့သည် ဒိုင်းလ်၏နံဘေးတွင် ဒူးထောက်ထိုက်လိုက်ကြတော့ ၏။

တက်စ်သည် ဒိုင်းလ်၏ ပခုံးကို လှုပ်လျက် "မေဂျာ . . . မေဂျာ"

"ဘုရားရေ . . . သူ့ကို ကျည်ထိသွားပြီ၊ သွေးတွေ ဒလဟော ပါလား"

စကိုဘီက မျက်လုံးများဝိုင်းကာ အထိတ်တလန့် ပြော၏။





တက်စ်က "သူသေပြီ၊ ကျုပ်တို့ မကယ်နိုင်တော့ဘူး။ ကျုပ်တို့ ပြေးကြစို့"

"သေချာရဲ့လား"

"ဒီထက် သေချာရဦးမလားကွ။ ကဲ . . . ပြေးကြစို့"

ထို့နောက် သူတို့၏ခြေထောက်များကိုသာ အားကိုးကာ တစ်စုံတစ်ရာ စဉ်းစား၍ မနေတော့ဘဲ ရှေ့မှပြေးနေသော နှစ်ယောက်နောက်သို့ တဟုန်ထိုး ပြေး၍လိုက်ကြ၏။ သို့နှင့် ခြေလှမ်း ၂၀ ခန့်မျှ လှမ်းမိသောအခါ စကိုဘီ၏အော်သံကိုကြား၍ တက်စ်က လှည့်ကြည့်လိုက်ရာ စကိုဘီမှာ ထွမ်းပြန်၍ ကျသွားပြီးလျှင် မြေကြီးပေါ်တွင် ပုံလျက်သားလဲနေသည်ကို တွေ့မြင်ရလေသည်။

တက်စ်သည် ထိုမြင်ကွင်းကြောင့် တုန်လှုပ်ချောက်ချားသွား၏။ သို့နှင့် စကိုဘီအား . . .

"ဘာဖြစ်တာလဲဗျ"ဟု မေးလိုက်၏။

စကိုဘီ၏ မျက်နှာမှာ မဲ့ရွဲ့လျက်ရှိနေ၏။ သူ၏လက်တစ်ဖက်ကို သည်၊ အခြားလက်တစ်ဖက်ဖြင့် အုပ်ထား၏။ အုပ်ထားသည့် လက်ကြားထဲမှ သွေးများယိုစီးနေ၏။

စကိုဘီက ငြီးတွားလျက်က "ကျုပ် လက်တစ်ဖက် ကျည်ဆန်ထိသွားပြီ တက်စ်"

သို့နှင့်တက်စ်သည် စကိုဘီ၏လေးလံသော ခန္ဓာကိုယ်ကြီးကို ချိုင်းအောက်မှလျှို၍ မနိုင်မနင်း မထူလိုက်၏။

"ခင်ဗျားမှာ ခြေထောက်နှစ်ဖက် အကောင်းအတိုင်း ရှိသေးသားပဲ၊ စိတ်ကိုတင်းစမ်းပါ"

တက်စ်သည် စကိုဘီကို အားပေးသည့်အနေဖြင့် ပြောလိုက်၏၊ သို့နှင့် နာရီဝက်ခန့်ကြာသောအခါ သူတို့လေးယောက်သည် ထူထပ်သောတောအုပ်ထဲသို့ သွားကြ၏။ နောက်မှ လိုက်လာကြသော ဂျာမန်များ မျက်ခြည်ပြတ်သွားသောကြောင့်သာ တော်တော့၏။ နောက် ၁၀ မိနစ်ခန့်အကြာတွင် သူတို့အား ချိန်းဆိုထားသည့်နေရာ၌ စောင့်ကြိုနေသည့် လေယာဉ်ပျံကို တွေ့ကြရတော့၏။ ဂစ်ဒီယွန်သည် သူ၏မြေပုံသေတ္တာကို ပတ်ထားသည့် အဝတ်စကို ဆွဲဆုတ်ပြီးလျှင် စကိုဘီ၏ဒဏ်ရာကို ပတ်တီးစည်းပေး၏



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်သွေးများ တိတ်သွားစေရန်ဖြစ်၏။

ထို့နောက် တက်စ်၊ ချားလ်(စ်)နှင့် ဂစ်ဒီယွန်တို့သည် စကိုဘီအား ပွေ့ချီကာ လေယာဉ်ပေါ်သို့ တင်ကြ၏။ သူတို့သည် လေယာဉ်ပေါ်သို့ လက်မတင်ကလေး အချိန်မီရောက်လာခြင်း ဖြစ်၏။ နောက်နှစ်မိနစ်ခန့်သာ သူတို့နောက်ကျခဲ့လျှင် လေယာဉ်သည် သူတို့မပါဘဲ ပြန်၍ထွက်သွားတော့မည် ဖြစ်လေသည်။

# အခန်း ၁၇

နောက်ကြောင်းပြန်နေသော တစ်ချိန်လုံးတွင် ရက်ဂျီနာသည် ဂစ်ဒီယွန် ပြောပြနေသည့် ဇာတ်လမ်းအဖြစ်အပျက်ထဲတွင် မျောပါနေ၏။

ရက်ဂျီနာက "နောက်. . . ဘာတွေဖြစ်ကြသလဲ။ ဆက်ပြောပါဦး"

ဂစ်ဒီယွန် ဆေးတန်မီးညှိနေသည့် အချိန်ကိုပင် မစောင့်နိုင်တော့ဘဲ ရက်ဂျီနာက လော်ဆော်လိုက်၏။

"ပြောရမှာပေါ့လေ။ အခုမှ ဇာတ်ကြောင်းရဲ့ စိတ်ဝင်စားစရာ အကောင်းဆုံးနေရာကို ရောက်လာတာ။ ဒီနောက်ပိုင်းတော့ ကျုပ်တို့တစ်တွေဟာ အမေရိကကို ပြန်ရောက်သွားကြတယ်။ ချောချောမောမောပဲ ကျုပ်တို့လည်း စစ်အတွင်းမှာ တခြားတာဝန်တွေ ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့ကြတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့တော့ အထက်အာဏာပိုင်တွေက ကျုပ်တို့ကို စစ်ဆေးကြသေးတယ်။ အထောက်အထားတွေလည်း ရှာကြသေးတယ်၊ အဲဒီအချိန်ထိတော့ ကျုပ်တို့လေးယောက်စလုံးဟာ သဘောဖြူအူစင်းပဲ. . . "

"ပြောကြစတမ်းဆိုရင် ကျုပ်တို့တစ်တွေ တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်မှုကင်းမဲ့အောင် ဖြစ်လာတာကိုတော့ ကံကြမ္မာကိုပဲ ရိုးမယ်ခွဲရတော့မှာပဲ။ ဒီကံကြမ္မာကိုတော့ ဘယ်သူမှ မပြုပြင်နိုင်တော့ဘူး။ ကြည့်လေ၊ ကျုပ်တို့တစ်တွေဟာ စစ်အတွင်းမှာ ယုံကြည်စိတ်အချရဆုံး အားထားရဆုံး ရဲဘော်တွေ ဖြစ်လာတယ်။ ဒါကြောင့်လည်း ကျုပ်တို့ကို ရွှေချောင်းတွေ ပုံပေးပြီး ရန်သူ့မြေပြင်ကို စေလွှတ်တော့၊ ဟော . . . ရွှေချောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



သယ်သွားတဲ့လေထီးဟာ မပွင့်ဖြစ်ရတယ်။ သချိုင်းပေါ် ကျုပ်တို့ ဆင်းကြ
ရတယ်၊ ကျုပ်တို့ ဆက်သွယ်ရမယ့် ပြင်သစ် မြေအောက်တော်လှန်ရေးသမား
တွေကို အချိန်မီ မဆက်သွယ်နိုင်ခင် ဂျာမန်တွေရဲ့ ပစ်ခတ်ခြင်းခံလိုက်ရတယ်
ဒီတော့ ကျုပ်တို့လည်း ဂျာမန်တွေရဲ့ လက်ထဲက သေပြေးရှင်ပြေး ပြေးခဲ့
တယ်။ ပြီးတော့ စကိုဘီလည်း လက်တစ်ဖက်ကို ဖြတ်ပစ်ရတယ်။ ဒါတွေဟာ
တိုက်ဆိုင်လွန်းတဲ့ ကံကြမ္မာတွေပဲ။ ဒီအဖြစ်တွေဟာ အဆုံးသတ်သလား
ဆိုတော့ အဆုံးမသတ်သေးဘူး။ မလွှဲမရှောင်သာတော့တဲ့ နောက်ဆက်တွဲတွေ
ဟာ ဒီကြမ္မာဆိုးတွေရဲ့ အကျိုးသက်ရောက်မှုပဲ။ ဘယ်လိုမှ လွှဲရှောင်လို့
မရတော့ဘူး . . . ''

ဂစ်ဒီယွန်သည် ပြောလက်စ စကားကိုရပ်၍ တက်စ်ကို တစ်လှည့်
စကိုဘီကိုတစ်လှည့် ကြည့်လိုက်၏။ ကျန်လူများကမူ နှုတ်ဆိတ်လျက် ရှိနေ
ကြ၏။ သို့နှင့် ဂစ်ဒီယွန်ကပင် ဆက်လက်၍ပြော၏။

''ကျုပ်တို့တစ်တွေ မိခင်တပ်ရင်းကို ပြန်ရောက်တုန်းကဆိုရင်
ကျုပ်တို့ မအောင်မြင်ခဲ့တဲ့ အလုပ်အတွက် မျက်နှာတောင် မပြရဲဘူး။ ဒါပေမဲ့
တာဝန်ဟာတာဝန်ပဲဖြစ်လို့ ကျုပ်တို့တစ်တွေ ဘာကြောင့် ဒီရွှေတွေကို စွန့်ပစ်
ခဲ့ရတယ်ဆိုတာ စစ်ခုံရုံးမှာ အစီရင်ခံကြရတယ်။ ကာစင်ဒိုင်းလ် ကျဆုံးခဲ့ရတဲ့
ကိစ္စနဲ့ လက်တစ်ဖက်ဖြတ်လိုက်ရတဲ့ စကိုဘီတို့ကို သက်သေပြကြရတယ်။
ဒီတော့ ကျုပ်တို့ဇာတ်လမ်းကို မယုံစရာအကြောင်း ဘာမှမရှိတော့ဘူး''

ထို့နောက် ဂစ်ဒီယွန်သည် ဖက်ချိုး၍ ဒူးပေါ်လက်တင်ကာ ငူငူကြီး
ထိုင်၍နေတော့၏။ သူ၏ဇာတ်လမ်းကို ဆက်လက်ပြောလိုဟန် မတူတော့ချေ။
သို့နှင့် တက်စ်က ဆက်ပြော၏။

''ဒီနောက်ပိုင်းတော့ ကျုပ်တို့တစ်တွေ စိတ်တူသဘောတူ ၁၉၄၅
ခုနှစ်အထိ စောင့်နေကြတယ်။ နှစ်ကုန်ခါနီးလောက်မှ လေးယောက်သဘော
တူ ကျုပ်တို့ ရွှေတွေမြှုပ်ထားခဲ့တဲ့နေရာကို ထွက်လာခဲ့ကြတယ်။ စစ်ပြီးတာနဲ့
ကျုပ်တို့လည်း စစ်တပ်ထဲက ထွက်စာတင်ကြတယ် ဆိုပါ တော့။ ပထမတော့
ကျုပ်တို့လေးယောက်စလုံး အဲဒီကို တိုက်ရိုက်သွားပြီး ရွှေတွင်းတူးကြဖို့ပဲ
ဒါပေမဲ့ ချားလ်(စ်)က ပြောခဲ့ဖူးတယ်။ လေးယောက်စလုံး တစ်ပြိုင်နက်
တစ်နေရာတည်းကို ဦးတည်သွားနေတာဟာ သံသယဖြစ်စရာကောင်းတယ်
တဲ့။ ကျုပ်တို့ လူခွဲသွားပြီး ပြင်သစ်ရောက်မှ ''ဂရင်းနိုဗယ်''မှာဆုံဖို့ သူက





အကြံပေးခဲ့တယ်။ အဲဒီကနေ့ ထရပ်ကားတစ်စီး ငှားပြီး ရွှေတွေမြှုပ်ခဲ့တဲ့
နေရာကို အတူသွားကြမယ်ပေါ့လေ။ ''စိန့်ဟာလီနာ'' နဲ့ ''ဂရင်းနိုဗယ်''ဟာ
၁၂ မိုင် ဝေးတော့တာပဲ . . . ''

''ချိန်းဆိုထားကြတဲ့အတိုင်း ကျုပ်တို့တစ်တွေဟာ သစ္စာရှိရှိနဲ့
''ဂရင်းနိုဗယ်''ကို ရောက်လာကြတယ်။ အဲဒီမှာ ''ဂလိုရီယာ''ဆိုတဲ့ ဟိုတယ်
အပေါ်ထပ်တစ်ခုမှာ တည်းကြတယ်။ တစ်ယောက်တစ်ခန်းစီ သီးသန့်ငှား
ကြတယ်။ ချားလ်(စ်)ကလည်း တစ်ခန်းပေါ့လေ၊ ဒါပေမဲ့ ဒီငနဲဟာ အဲဒီညမှာ
အဲဒီအခန်းမှာ အိပ်မသွားဘူး။ သူက အကြံသမားကို . . . ''

''နောက်တစ်နေ့မနက်မှာ ကျုပ်တို့ ချားလ်(စ်)ကို မတွေ့ရတော့
ဘူး၊ ဒီတော့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြတာပေါ့။ ဒါနဲ့ ချက်ချင်းပဲ
ကျုပ်တို့ ''စိန့်ဟာလီနာ''ကို လိုက်ခဲ့ကြတယ်။ ကျုပ်တို့ အမှတ်အသားလုပ်ခဲ့တဲ့
ဂူကို တွေ့ပါတယ်။ ဒါပေမဲ့ ဒီဂူဟာ မနေ့ညကပဲ အဖောက်ခံလိုက်ရလို့
သက်ဆိုင်ရာ နယ်မြေပုလိပ်တွေရောက်ပြီး စစ်ဆေးနေတာ ကျုပ်တို့တွေ့
တယ်''

စကိုဘီသည် မြေပေါ်သို့ ပြစ်ခနဲ တံတွေးထွေးလိုက်၏။ နှုတ်ကမူ
တစ်စုံတစ်ရာ မပြောချေ။

ထိုနောက် တက်စ်က သူ၏ဇာတ်လမ်းကို ဖြတ်ထားရာမှ ဆက်၍
''ကျုပ်တို့လည်း ကျုပ်တို့ကို သစ္စာဖောက်သွားတဲ့ ချားလ်(စ်)ကို မိုးမသုံး
မြေမသုံးလိုက်တာပဲ။ ချားလ်(စ်)ဟာ အရင် ကျုပ်တို့နဲ့တုန်းက ''ဗောစ့်
သင်းဘတ်''ဗျ။ အခုမှ သူ့နာမည် ချားလ်(စ်) ဖြစ်လာတာ။ ဘာပဲဖြစ်ဖြစ်
သူ ဘယ်လောက်ပဲ ခြေကုန်သုတ်နိုင်ပါစေ၊ ကျုပ်တို့ကတော့ သူ့နောက်က
အရိပ်ပဲ၊ ချားလ်(စ်)ဟာ တောင်အမေရိကကိုလည်း ရောက်တယ်။ တရုတ်
ပြည်မှာလည်း သွားပုန်းတယ်။ ဆွီဒင်မှာလည်း သွားနေသေးတယ်။ ဒါပေမဲ့
ကျုပ်တို့က သူ့နောက်ကို ထပ်ကြပ်မကွာလိုက်ကြတယ်။ ငွေရေးကြေးရေး
တွေကို . . . ''

''နောက်ဆုံး ကျုပ်တို့ သူ့ကို ပြင်သစ်မှာ ခြေရာခံနိုင်တဲ့အချိန်ကျ
တော့ စစ်ပြီးလို့ ၁၅ နှစ်တောင် ကြာခဲ့ပြီ။ ကျုပ်တို့ရဲ့ အခဲမကြေတဲ့ ရွှေနဲ့ဘဲ
ကြောင့် အခုထိ ကျုပ်တို့ အသက်ရှင်နေကြတာပဲ။ ဒါပေမဲ့ ကျုပ်တို့တစ်တွေ
ဟာ သူ့ကို ပဲရစ်မှာ ရှာနေတုန်းပဲ သူဟာ မီးရထားပေါ်က ပစ်ချခံရတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့သတင်းကို သတင်းစာထဲမှာ ဖတ်လိုက်ကြရတယ်"

ထိုစဉ် တစ်ချိန်လုံးငြိမ်သက်နေသော စကိုဘီက အလက်ဇွေး ဒိုင်းလ်ကို စိုက်ကြည့်လျက် "နေပါဦး၊ ဒီဇာတ်လမ်းထဲမှာ ခင်ဗျားက ဘယ်လိုပါလာတာလဲ။ ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ"ဟု ကော ကာင်ကာမေးလိုက်လေသည်။

တက်စ်နှင့် ဂစ်ဒီယွန်တို့က ၎င်းတို့အား ဝိုင်း၍ကြည့်လိုက်၏။ ရက် နာကပါ သူ့ကိုကြည့်လိုက်၏။ အလက်ဇွေးဒိုင်းလ်က မည်သို့ဖြေမည်ကို သူတို့အားလုံး စိတ်စောနေကြ၏။

ဒိုင်းလ်က "ကာစင်ဒိုင်းလ်ဟာ ကျွန်တော်ရဲ့အစ်ကိုဆိုတာ ခင်ဗျား တို့ မေ့နေကြပြီလား"

တက်စ်က "ကာစင်ဟာ ဒီအဖြစ်အပျက်တွေကို ဘာမှမသိသွား ဘူး"

စကိုဘီက "ကာစင်ဟာ ဒီသစ္စာဖောက်ကိစ္စမဖြစ်ခင် ကျဆုံးသွား တာပဲ"

ထိုအခါ ဒိုင်းလ်က "အင်းလေ... ခင်ဗျားတို့စိတ်ထဲမှာ ရှင်းပြီး ဓာတ်ရည်လည်သွားအောင် ကျွန်တော့်ဘက်ကလည်း ပြောပြပါ့မယ်။ ၁၉၄ ခုနှစ်တုန်းက ကျွန်တော်ဟာ ပြင်သစ်မှာရှိနေတဲ့ အချက်ပြဆက်သွယ်ရေး ဌာ မှာ အမှုထမ်းနေတယ်။ ကျွန်တော်ဟာ အစ်ကိုကျဆုံးသွားတဲ့သတင်းကို ကြားရတဲ့အခါမှာ ကျွန်တော်ဟာ သူ့အကြောင်းကို အသေးစိတ် လိုက်စုံစမ်း တယ်။ ခင်ဗျားတို့လည်း သိတဲ့အတိုင်းပဲ။ ကျွန်တော့်အစ်ကိုဟာ ဘယ်လောက် တိကျတယ်၊ ဘယ်လောက် တာဝန်ကျေတယ်ဆိုတာ။ ဒီတော့ ခင်ဗျားတို့ ပြောတဲ့အတိုင်း ရွှေတွေဟာ သူမသေခင် စွန့်ပစ်မြှုပ်နှံခဲ့တယ်။ ပြီးတော့ လက်လွတ်ထွက်ပြေးရာက သူ ကျဆုံးခဲ့တယ်လို့ဆိုတယ်" ဒိုင်းလ်က ပြော လက်စ စကားကို ခေတ္တရပ်ထားလိုက်သည်။

"မှန်ပါတယ်" ခန္ဓာကိုယ် ကြီးမားတုတ်ခိုင်၍ နဖူးပြောင်လှသော ဂစ်ဒီယွန်းက ဝန်ခံလိုက်လေသည်။ ထိုနောက် သူသည် မျက်မှန်ကို ချွတ်၍ သူ၏လည်စီးဖြင့်သုတ်ကာ "အဲဒါ ဘာဖြစ်သလဲ"

ဒိုင်းလ်က "အဲဒါ ... ကျွန်တော့်အတွက် သံသယဖြစ်စရာ အကြောင်းပေါ့။ ကျွန်တော့်အစ်ကိုဟာ ဦးနှောက်ကောင်းတယ်။ သတိ အမြဲ





ရှိတယ်၊ အထက်ကပေးအပ်တဲ့တာဝန်ကို မဆုတ်မနစ် ထမ်းဆောင်တယ်။ ပုံအပ်ရင် အသက်စွန့်ဖို့ အဆင်သင့်ရှိတယ်။ ပြီးတော့ ခိုင်းတဲ့အလုပ်ကို ည်း မဖြစ်ဖြစ်အောင် ထမ်းဆောင်တတ်တယ်။ ကိစ္စဟာ ဘယ်လောက်ပဲ ခက် ဘယ်တော့မှ ထွက်မပြေးတတ်ဘူး။ ဘယ်တော့မှ သစ္စာမဖောက် ဘူး။ ဒါတွေဟာ သူ့ရဲ့ကိုယ်ကျင့်တရားတွေပဲ... "

"ဒါနဲ့ စကားစပ်မိတုန်း ကျွန်တော့်အစ်ကိုနဲ့ ပတ်သက်ပြီး မှတ်မိ တာလေး တစ်ခုလောက် ပြောစမ်းပါရစေ၊ တစ်ခါတုန်းက ကျွန်တော်တို့ ငယ်ငယ် ကျောင်းသားအရွယ်မှာပေါ့။ ကျွန်တော်တို့အဖေဟာ "အိုမာဟာ" မှာ စိန်ရွှေရတနာဆိုင်ကလေးတစ်ဆိုင် ဖွင့်ထားတယ်၊ တစ်နေ့တော့ အဖေက ရွှေလော့ကတ်ကလေးတစ်ခုကို သူ့ပိုင်ရှင်ဆီကို သွားပေးဖို့ ကာစင်ဒိုင်းလ်ကို တာဝန်ပေးခဲ့တယ်။ ဒါဟာ ထုံးစံတော့ မဟုတ်ဘူး။ ကျွန်တော်တို့ ကလေး တွေကို အဖေဟာ ဘယ်တော့မှ အဖိုးတန်ပစ္စည်း သွားမပေးခိုင်းဘူး။ သွားရ မယ့် လမ်းကလည်း ရှုပ်တယ်။ လူရှုပ်လူပွေတွေ၊ သူခိုး ခါးပိုက်နှိုက်တွေက ည်း ပေါတယ်။ အဖေကလည်း မတတ်နိုင်လွန်းလို့သာ ပေးခိုင်းရတာ။ စိတ်လည်းမချဘူး။ တန်ဖိုးကလည်းကြီးတော့ ပျောက်သွားရင် လျော်ပေးဖို့ ဆိုတာလည်း မလွယ်ဘူး။ ကာစင်ဒိုင်းလ်ကလည်း ဒီလို စွန့်စွန့်စားစား ကိစ္စမျိုးကို ဆောင်ရွက်ချင်တယ်။ ဒါနဲ့ ထင်တဲ့အတိုင်းပဲ လမ်းမှာ သူ့ကိုရန်စပြီး ပစ္စည်းကိုလုကြတာပါပဲ၊ ဒါတောင် သူ့တာဝန်ကို သူ ကျေပွန်အောင် ဆောင် ရွက်နိုင်ခဲ့တယ်၊ ပစ္စည်းပိုင်ရှင်လက်ထဲကို ရွှေလော့ကတ်ကလေးရောက်အောင် အပ်လိုက်နိုင်တယ်။ ဒါပေမဲ့ သူ့သွားသုံးချောင်းတော့ ကျိုးသွားတယ်၊ တစ် ထည်တည်းရှိတဲ့ သူ့ကုတ်အင်္ကျီလည်း၊ စုတ်ပြဲသွားတယ်၊ ခေါင်းကွဲ ဒူးပြဲနဲ့ အတော်ပဲ သွေးထွက်သံယို ဖြစ်သွားတယ်... "

"ဒီနောက်ပိုင်း စုံထောက်ဌာနချုပ်မှာ အမှုထမ်းတုန်းကလည်း သူ့ကိုယ်ကျင့်တရားကို သူစောင့်ထိန်းနိုင်ခဲ့တယ်။ ဌာနချုပ်က ပေးအပ်သမျှ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့တယ်။ ဌာနချုပ်ကလည်း အခက် အခဲကြုံတိုင်း သူ့ကိုချည်း အားကိုးခဲ့ရတယ်။ သူကလည်း သစ္စာရှိခဲ့တယ်။ လက်နက်ကိုင် အစောင့်တွေပါတဲ့ ရွှေငွေရတနာတင် မော်တော်ကားကို လူဆိုး ဂိုဏ်းတစ်ဂိုဏ်းက စီးပူးတယ်။ အဲဒီမှာ သူ သက်စွန့်ကြိုးပမ်း အမှုတော် ထမ်းခဲ့တယ်။ ဒါနဲ့ သူ နာမည်ထွက်လာတယ်... "



www.burmeseclassic.com

www.burmeseclassic.com



"အခု သူ့အသက် လွတ်မြောက်ဖို့အတွက် ပေါင် ၇၀၀ အလေးချိန်ရှိတဲ့ ရွှေချောင်းတွေကို စွန့်ပစ်ခဲ့တယ်ဆိုတဲ့ သတင်းကိုကြားတော့ ကျွန်တော်လုံးဝအယုံအကြည်မရှိအောင် ဖြစ်သွားတယ်။ တစ်နေရာရာမှာ တစ်ခုခုမှားပြီလို့လည်း ထင်လိုက်တယ်။ သူဟာ ဘယ်တော့မှ သူ့ရဲ့အသက်အတွက် သူ့တာဝန်ကို ပျက်ကွက်စေလိမ့်မယ် မဟုတ်ဘူးဆိုတာ စိတ်ထဲမှာ စွဲထားတဲ့ ကျွန်တော့်အဖို့ တွေးစရာအချက်နှစ်ချက် ပေါ်လာတယ်၊ တစ်ချက်ကတော့ ခင်ဗျားတို့လေးယောက်က ကျွန်တော့်အစ်ကိုကိုသတ်ပြီး ဒီရွှေတွေယူသွားတာ ဖြစ်ရမယ်လို့ ထင်တယ် . . . "

"ဒုတိယတစ်ချက်ကတော့ ခင်ဗျားတို့ပြောနေတဲ့ ချားလ်(စ်)လင်းဘတ်ခေါ် ဗောစ့်လင်းဘတ် ပျောက်ဆုံးသွားတာရယ်။ ခင်ဗျားတို့အားလုံး သူ့ကို အရှုံးအမှုး ဝိုင်းလိုက်နေကြတာရယ်။ အားလုံးပေါင်းလိုက်ရင် ကျွန်တော့်အတွေးဟာ မှန်တယ်လို့ ကျွန်တော်ယူဆတယ်။ ခင်ဗျားတို့တစ်တွေဟာ ကျွန်တော့်အစ်ကိုကိုသတ်ပြီး ဒီရွှေတွေ အပိုင်စီးဖို့ကြံရာမှာ ချားလ်(စ်)က သစ္စာဖောက်ပြီး ကတုံးပေါ်ထိပ်ကွက်သွားတယ်လို့ ယူဆတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဒီကိစ္စကို တစ်ယောက်တည်း လိုက်စုံစမ်းနေတာပဲ။ မကြာခင်ကပဲ ချားလ်(စ်)ဟာ မီးရထားပေါ်မှာ အသတ်ခံရတယ်ဆိုပြန်တော့ ခင်ဗျားတို့ချင်း စားဝတ်နေရေးအတွက် လုနေကြပြန်ပြီလို့ ယူဆတယ် . . . "

သူသည် လူသုံးယောက်တို့၏မျက်နှာကို အကဲခတ်ကြည့်လိုက်၏။ ထို့နောက် ပြုံးလိုက်၏။

ထိုနောက် သူကပင် ဆက်လက်၍ "ဒါကြောင့် ကျွန်တော် ဒီကိုရောက်နေရတာပဲ။ ဒီဇာတ်လမ်းထဲ ပါလာရတာပဲ . . . "

ဂစ်ဒီယွန်က "ဒီအကြောင်းတွေသိရင် ခင်ဗျား ဘာဖြစ်လို့ ပုလိပ်ဘက်ကို သွားအကြောင်းမကြားသလဲ"

ဒိုင်းလ်က "ဒါကိုတော့ ကျွန်တော် ရက်ရက်နဲ့ဝန်ခံရမှာပဲ၊ ကျွန်တော်က ကာစင်ဒိုင်းလ်မှ မဟုတ်ဘဲ။ သူ့ကိုယ်ကျင့်တရားမျိုးတော့ ဘယ်မှာထားနိုင်မှာလဲ။ ဒေါ်လာလေးသိန်းတန်ဖိုးရှိတဲ့ ရွှေတွေကို အစိုးရ ပြန်အပ်ရမယ့်အစား ကျုပ်ကိုယ်တိုင်စုံစမ်းပြီး ကျွန်တော့်အတွက် ရှယ်ယာကို ရအောင် လုပ်ယူရမှာပေါ့။ ပြီးတော့ ကျွန်တော့်ယူဆချက်တွေကို သက်သေပြဖို့ကလည်း ခက်တယ်"



ထိုအခါ စကိုဘီက "ဒီတော့ မောင်ရင့်အကြံက ဘယ်လိုရှိသလဲ၊ ဆိုစမ်းပါဦး"

အားလုံးပင် သူပြောမည့်စကားများကို စိတ်ဝင်စားလျက် ရှိနေကြလေသည်။

"ကိုင်း. . . ချားလ်(စ်)လင်းဘတ် သေသွားတဲ့အကြောင်း စဉ်းစားကြည့်ရအောင်။ သူဟာ အသတ်ခံရတယ်ဆိုတာ ပုလိပ်ဘက်က ယုံကြည်သလို ကျွန်တော်တို့ကလည်း ငြင်းလို့မရတဲ့ ကိစ္စပဲ၊ ဒီလူသတ်သမားကို ဖော်ထုတ်နိုင်ရင် ဒီရွှေတွေ ဘယ်မှာရှိတယ်ဆိုတာ ပေါ်လာမှာပဲ၊ ကျွန်တော်ထင်တာတော့ (ကျွန်တော့်ယူဆချက်ကို ပြောတာနော်) ခင်ဗျားတို့တစ်တွေဟာ ခင်ဗျားတို့အပေါ် သစ္စာဖောက်သွားတဲ့ ချားလ်(စ်)ကို အသေရရ အရှင်ရရ လိုက်ရှာနေတာတော့ အမှန်ပဲ၊ ဒီတော့ ခင်ဗျားတို့အထဲက တစ်ယောက်ယောက်က သူ့ကို ပါရီမှာမိမယ်။ မိတဲ့လူဟာ သူ့ရဲ့ဝေစုကို တောင်းကောင်းတောင်းမယ်။ ဒါမှမဟုတ် တခြားလူတွေကို အသိပေးစရာ မလိုဘူးဆိုပြီး တစ်ဝက် တောင်းကောင်းတောင်းမယ်။ ဒါဟာ တက္ကဗေဒနဲ့ တွေးဆချက်ဆိုပါတော . . . "

"ဒီတော့ ချားလ်(စ်)လင်းဘတ်က ဘာတုံ့ပြန်မလဲ။ သူ့အတွက် အချိန်ရအောင်တော့ လုပ်မှာပဲ၊ တကယ်တော့ သူ့ဆီမှာ ရွှေတုံးတွေ ရှိတော့မယ် မထင်ဘူး။ ငွေသားအဖြစ် ပြောင်းလဲပြီးပြီလို့ ကျွန်တော်ထင်တယ်။ ချားလ်(စ်)ကို တွေ့တဲ့လူကလည်း သူ့ကို အလစ်ပေးမှာ မဟုတ်ဘူး။ ချားလ်(စ်)ဆိုတဲ့အကောင်ကလည်း သစ္စာဖောက်ဖို့လောက်သာ စိတ်ရင်းစွဲရှိတဲ့လူဆိုတော့ အဲဒီလူကို ဝေစုခွဲပေးပါ့မယ်လို့ ချွေးသိပ်မယ်။ ပြီးတော့ သူ့ပစ္စည်းတွေရော ငွေတွေရော ယူပြီး ထွက်ပြေးမယ်။ အဲဒီမှာ ချောင်းနေတဲ့ အဲဒီလူကလည်း သူ့နောက်ကိုလိုက်သွားမယ်။ ဒီတော့ ရထားပေါ်မှာ သူ့ကိုမိပြီး သတ်မယ်။ ရထားပေါ်က ပစ်ချမယ်။ ပစ္စည်းတွေ မောင်ပိုင်စီးသွားမယ်။ ဒါ မဖြစ်နိုင်ဘူးလား။ အဖြစ်နိုင်ဆုံးပဲ"

"သူ့မှာ ရွှေတွေမရှိတော့ဘူး။ ငွေသားအဖြစ် ပြောင်းလိုက်ပြီလို့ ခင်ဗျား ဘယ်လိုပြောနိုင်သလဲ"ဟု တစ်ယောက်က မေးလိုက်၏။

"ပြောင်းနိုင်တာပေါ့။ သူ့ပစ္စည်းတွေ အကုန်လုံးတောင် ပုတ်ပြတ်ရောင်းနိုင်သေးတာပဲ၊ ပြေးတဲ့နေရာတွေကလည်း များလှပြီ၊ ဒီရွှေတွေကို



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာ သယ်သွားနိုင်ပါမလား။ ငွေသားဖြစ်ဖြစ်၊ ခရီးသွားလက်မှတ်ဖြစ်ဖြစ် တခြား ငွေဖြစ်လွယ်ပြီး သယ်ဆောင်ဖို့လွယ်တဲ့ ပစ္စည်းအဖြစ်လည်း ပြောင်းထားနိုင်တာပေါ့''

အချိန်အတော်ကြာသည်အထိ မည်သူမျှ စကားမပြောချေ။ ဒိုင်းလ်၏ တွေးခေါ်ယူဆချက်ကို အားလုံးပင် စိတ်ဝင်စားလျက် ရှိနေကြ၏။ ရက်ဂျီနာသည် ဒိုင်းလ်ဘက်သို့ မျက်လုံးကို ဝင့်၍ကြည့်လိုက်၏။ အသတ်ခံရသော သူ၏ခင်ပွန်းသည်ဟောင်းအတွက် စိတ်မကောင်းဖြစ်သွားဟန် တူပြီးလျှင် ''ဒါဖြင့် အဲဒီ လူသတ်သမားဟာ ဘယ်သူလဲဆိုတာ ရှင် စဉ်းစားလို့မရဘူးလား'' ဟု မေးလိုက်၏။

ဒိုင်းလ်က အသံထွက်အောင် ရယ်လိုက်ရင်း ''တစ်ယောက်ယောက်တော့ ဖြစ်ရမှာပေါ့။ အဲဒီတစ်ယောက်ယောက်ဆိုတာ ကျွန်တော်တို့အထဲက တစ်ယောက်ယောက်ပဲ။ ဒီရွှေတွေအကြောင်း သိထားတဲ့ တစ်ယောက်ယောက်ပဲ။ အဲဒီထဲမှာ . . . ''

''အဲဒီအထဲမှာ. . . အာ. . . '' ဂစ်ဒီယွန်သည် ဒိုင်းလ်၏စကားကို ဝင်၍ဖြတ်ပြောသော်လည်း ဆက်မပြောဘဲ ရပ်ထားလိုက်၏။ သူသည် ရက်ဂျီနာဘက်သို့ စိုက်ကြည့်လျက်ရှိရာ သူ၏အကြည့်သည် အဓိပ္ပာယ်အပြည့် ပါရှိလေသည်။

ထိုနည်းတူ ဒိုင်းလ်ကလည်း ရက်ဂျီနာအား ကြည့်၏။ သူ၏ မျက်နှာတွင် တစ်စုံတစ်ရာ အပြစ်ရှိသည့်သဏ္ဍာန် ပေါ်လွင်နေသလောဟု တွေးမိ၏။ သူ၏ရင်ထဲတွင် ခံစားမှုများ ပြည့်ကျပ်လာလေသည်။

''ကိုင်း . . . ကျွန်တော်တို့ အဖြစ်မှန်ကို ရင်ဆိုင်ကြရအောင်''

ရက်ဂျီနာအား စိုင်း၍ကြည့်နေကြသော မျက်လုံးများကို လွှဲပြောင်းသွားစေရန် ဒိုင်းလ်က စကားကို လှီးလွှဲပြောလိုက်၏။ ရက်ဂျီနာသည် တံတွေးကို မြိုချလိုက်၏။

''ခဏနေပါဦး''

''ချားလ်(စ်)ကိုသတ်ပြီး ပိုက်ဆံတွေယူသွားတဲ့လူဟာ ရက်ဂျီနာလည်း မဟုတ်နိုင်ဘူး။ ကျုပ်တို့အထဲကလည်း တစ်ယောက်မှ မဟုတ်ဘူး။ မဖြစ်နိုင်ဘူး'' စကိုဘီက မတ်တတ်ရပ်၍ အော်ပြောလိုက်၏။





''ခင်ဗျား ဘယ်လိုပြောနိုင်မှာလဲ''ဟု တက်စ်က ဝင်၍ မေးလိုက်၏။

စကိုဘီက ''ဘာကြောင့်ဆိုတော့ ကျုပ်တို့အားလုံး ဒီမှာ ရှိနေလို့ပဲ မဟုတ်ဘူးလား။ ချားလ်(စ်)ကိုသတ်ပြီး ပိုက်ဆံတွေရသွားတဲ့လူဟာ အခုအချိန်အထိ ကျုပ်တို့နဲ့အတူ ရှိနေမလား။ ထွက်ပြေးရောပေါ့''

''အဲဒါ . . . ခင်ဗျားအတွေးအခေါ် မှားတာပေါ့ မစ္စတာစကိုဘီ။ ခင်ဗျား စဉ်းစားကြည့်'' ဟု ဒိုင်းလ်က ရှင်းပြ၏။

''တကယ်တော့ ကမ္ဘာကြီးဟာ တဖြည်းဖြည်း ကျဉ်းလာပြီ မဟုတ်လား။ နှစ်ပေါင်းမြောက်မြားစွာ လွတ်နေတဲ့ ချားလ်(စ်)တောင် နောက်ဆုံးတော့ မိတာပဲမဟုတ်လား။ ဒီတော့ အခု ငွေတွေရသွားတဲ့ လူကကော ဘယ်ပြေးမှာလဲ။ ဒီတော့ တရားခံဟာ သူကိုယ်တိုင် ကျွန်တော်တို့နဲ့ ပေါင်းနေမယ်။ ဒီရွှေတွေ၊ ငွေတွေကို သူ မရသေးတဲ့ပုံနဲ့ ဝေစုစောင့်နေမယ်။ နောက်ဆုံး ကျွန်တော်တို့တစ်တွေအတွက် ခြေရာပျောက်ပြီး လက်လျှော့လိုက်ကြရမယ်။ ဒီကိစ္စတွေ အားလုံးမေ့ပျောက်သလောက်ရှိသွားကြမယ်။ ကိုယ့်လုပ်ငန်းခွင် ကိုယ်ပြန်ဝင်ကြမယ်။ အဲဒီအခါကျတော့မှ သူဟာ ဘယ်မှပြေးစရာ မလိုတော့ဘဲ . . . ''

ထိုတစ်ကြိမ်တွင်လည်း အားလုံးပင် ငြိမ်ကျသွားပြန်၏။ မည်သူမျှ စကားဆက်ရန် မရှိသကဲ့သို့ ဖြစ်နေကြ၏။ အတန်ကြာမှ မည်ကဲ့သို့ စိတ်ကူးပေါက်သည် မသိ။ စကိုဘီသည် နေရာမှ ရုတ်တရက် ထရပ်လိုက်၏။ ထို့နောက် သူ၏မိုးကာအင်္ကျီကြီးကို ချွတ်၍ ''ကိုင်း. . . ကျုပ်ကို ရှာကြစမ်း။ ကျုပ်ကို ရှာကြစမ်း''ဟု ဒေါသတကြီး ဟစ်အော်လိုက်၏။

ကျန်သုံးယောက်သည် မည်ကဲ့သို့ စကိုဘီ ခံစားနေရသည်ကို သိသဖြင့် တုတ်တုတ်မျှ မလှုပ်ကြချေ။ ရက်ဂျီနာသည်ပင်လျှင် ဒုက္ခိတလက်ကျိုးကြီး စကိုဘီအပေါ်တွင် စိတ်မကောင်းဖြစ်ကာ သနား၍ သွားမိ၏။ မိမိကိုယ်တိုင်မှာလည်း ထမင်းလုံးတစ္ဆေ ချောက်သကဲ့သို့ ခံစားနေမိ၏။ ကြာလျှင် သူတို့အားလုံးသည် တစ်ယောက်ကိုတစ်ယောက် သံသယပေါ်တွင် သံသရာလည်ကြပေတော့မည်။

ဂစ်ဒီယွန်သည် ဒိုင်းလ်အား ထပ်၍မေးလိုက်၏။ ''ဒီရွှေတွေ အားလုံးကို ငွေသားနဲ့ လဲပြီးပြီလို့ ခင်ဗျား ထင်သလား''



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းလ်က "ငွေသားလည်း ဖြစ်နိုင်တယ်၊ ကျောက်သံပတ္တမြားလည်း ဖြစ်နိုင်တယ်၊ စာချုပ်စာတမ်းလည်း ဖြစ်နိုင်တယ်။ ချားလ်(စ်)ဟာ သူ ဖြောင်သွားလို့ရတဲ့ ရွှေချောင်းအတိုင်းတော့ ထားမယ်မဟုတ်ဘူး"

တက်စ်က "ဒါလဲ ပြဿနာတစ်ခုပဲ"

သို့ပြောရင်း သူသည် အိတ်ထဲမှ သံဘူးကလေးတစ်ဘူးကို ထုတ်ယူလိုက်၏။ ထို့နောက် မည်သူ့မျှ ဂရုမစိုက်ဘဲ ထိုဘူးထဲမှ ဆေးတောင့်ကလေး တစ်တောင့်ကိုထုတ်ကာ သူ၏ပါးစပ်ထဲသို့ ထည့်လိုက်၏။

ဒိုင်းလ်က "ကျုပ်တို့မှာ ဒီအတွက် စဉ်းစားစရာ တစ်ချက်ရှိတယ်။ အခွင့်အရေးတစ်ခုလို့ ဆိုပါတော့။ ဒီရွှေတွေကို ဘယ်ပုံသဏ္ဌာန်နဲ့ပဲ ပြောင်းလဲထားသည်ဖြစ်စေ သေးကွေးတဲ့ အရာဝတ္ထုလို လွယ်လွယ်ကူကူ ဝှက်ထားလို့တော့ မဖြစ်နိုင်ဘူး။ နောက်ပြီး ဒီပစ္စည်းကို ဝေးဝေးလံလံနေရာမှာလည်း ဝှက်ထားမှာ မဟုတ်ဘူး။ ကိုယ်နဲ့ လက်တစ်လှမ်းအကွာလောက်မှာ ဝှက်ထားမှာပဲ။ ဒါမှလဲ အရေးရယ်အကြောင်းရယ် ပေါ်လာရင် ချက်ချင်းယူပြီး ပြေးနိုင်မှာပေါ့"

တက်စ်သည် မျက်စိမှိတ်၍ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားဟန်ဖြင့် "ကျုပ်ထင်တာကို ကျုပ်ပြောပါရစေ။ အကယ်၍ ဒီရွှေတွေကို ကျုပ်ရခဲ့ရင် ကျုပ် ဘယ်မှာထားမလဲ။ အဖြစ်နိုင်ဆုံး နေရာကတော့ ကျုပ်နဲ့ အိုးမကွာအိမ်မကွာ ကျုပ်အခန်းထဲမှာပဲ ဝှက်ထားမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ ဒီမြို့မှာ တစ်စိမ်းတစ်ရံစာ တစ်ယောက်ပဲ။ ဘယ်သူ့ကိုမှ ယုံစရာအကြောင်းမရှိဘူး။ အပ်နှံထားစရာလည်း အကြောင်းမရှိဘူး"

ဂစ်ဒီယွန်က "ကျုပ် သဘောထားကို ပြောရတာ မဟုတ်ပါဘူး။ ကိုယ့်အခန်းထဲ ကိုယ်ဝှက်မယ်ဆိုတာတော့ ဖြစ်နိုင်ဘူး"

ရက်ဂျီနာသည်လည်း ယခုမှပင် ပြုံးလျက် "မှန်တယ်၊ ကျွန်မလည်း ကျွန်မအခန်းထဲမှာ ဝှက်ထားနိုင်တာပဲ၊ ဥပမာ အိပ်ရာခင်းအောက်တို့ မွေ့ရာအောက်တို့ ဆိုပါတော့"

စကိုဘီက "နေပါဦး... ဒီလို ရှာကြစတမ်းဆိုရင် လေယာဉ်ပျံဆိပ်တို့၊ မီးရထားဆိပ်တို့ ကားဆိပ်တို့မှာကော ပိတ်ပြီး မရှာသင့်ဘူးလား"

ဒိုင်းလ်က ဦးခေါင်းကို ခါယမ်းလျက် "လောလောဆယ်တော့ ကိုယ်နဲ့မကွာ ရှိနေဦးမှာပဲ၊ ခင်ဗျားပြောတဲ့ ထွက်ပေါက်တွေမှာလည်း ရှာရမှာပဲ။ ကျွန်တော့်ဆန္ဒကတော့ ဘာပဲဖြစ်ဖြစ် ရှာကြစတမ်းဆိုရင် ကျုပ်တို့အခန်းတွေက စပြီးရှာရမှာပဲ။ တိုက်တိုက်ဆိုင်ဆိုင် တွေ့နိုင်မယ်လို့လည်း ကျွန်တော်ထင်တယ်"





ဂစ်ဒီယွန်က "ဘာများ တိုက်ဆိုင်စရာ ရှိလို့ပဲ"

ဒိုင်းလ်က "ကျုပ်တို့အားလုံး ဒီမှာရှိနေကြတယ် မဟုတ်လား။ တမ္ဘာကြီးကလည်း ကျဉ်းကျဉ်းကလေး ကျန်တော့တယ်လို့ ကျွန်တော် ပြောခဲ့တယ် မဟုတ်လား။ ဒီတော့ ကျုပ်တို့ ဘာလို့ အချိန်ဖြုန်းနေဦးမှာလဲ"

သို့ပြောရင်း ကျန်လူများ၏မျက်နှာကို အကဲခတ်သကဲ့သို့ ကြည့်လိုက်လေသည်။

စကိုဘီက အာမေဋ္ဌိတ်သံနှင့် "အခုချက်ချင်း ကျုပ်တို့အခန်းတွေ သွားရှာမယ်လို့ ခင်ဗျား ဆိုလိုတာလား"

တက်စ်သည် သူ၏သံဘူးကလေးကို ဒုတိယအကြိမ် နှိုက်ထုတ်ပြီးနောက်...

"ဒါပေါ့... လာသွားကြမယ်"ဟု ပြော၏။

သူတို့၏ အစီအစဉ်မှာ သူတို့အားလုံး ဟိုတယ်သို့ တစ်စုတစ်ဝေးတည်း ပြန်ရမည်ဖြစ်၏။ သို့မှသာ အကြံသမားသည် ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ မရွှေ့မပြောင်းနိုင်မီ ဖမ်းမိနိုင်၏။

သို့နှင့် ရက်ဂျီနာသည် ဂျင်းလူးဝစ်ကိုလိုက်ရှာရာ တောင်အမေရိက တိုက်မှ ဖမ်းမိသော ကျားသစ်လှောင်အိမ်ရှေ့တွင် တွေ့ရ၏။ ဂျင်းသည် လက်ရန်းပေါ်သို့ မေးတင်ကာ ကျားသစ်ကို အစာကျွေးနေ၏။

"ကျားသစ်ကြီးရဲ့အမွေးတွေက သိပ်လှတယ်နော်"

ရက်ဂျီနာသည် ဂျင်းလူးဝစ်နောက်နားသို့ သွားရပ်ကာ နှုတ်လိုက်ဆက်၏။

"ဟုတ်တယ်၊ သိပ်လှတယ် အန်တီ။ မာမီမှာလည်း ဒီလိုအကွက် အပြောက်တွေနဲ့ ကုတ်အင်္ကျီတစ်ထည်ရှိတယ်"

"အန်တီ သိပါတယ်။ ကဲ... တို့ပြန်ဖို့အချိန် ရောက်ပြီကွယ်"

ဂျင်းသည် ရက်ဂျီနာအား တစ်စုံတစ်ရာပြောလိုသော မျက်နှာဖြင့် မော့ကြည့်လျက်...

"ဟုတ်ကဲ့... အန်တီရက်ဂျီ"



www.burmeseclassic.com

www.burmeseclassic.com



"ဆို... ဘာပြောချင်လို့လဲကွယ်"

"အန်တီ... ဟိုလူကြီးတစ်ယောက်ကို မြင်လိုက်သလား"

"အန်တီနဲ့ စကားပြောနေတဲ့ လူကြီးတွေလား"

"မဟုတ်ဘူး... သူက အန်တီတို့ စကားဝိုင်းမှာ မပါဘူး။ အဝေးကနေ အန်တီတို့ကို ကြည့်နေတာ။ အခုတော့ အဲဒီလူကြီးလည်း ဘယ်ပျောက်သွားသလဲ မသိဘူး။ အသက်ကြီးကြီးပဲ၊ မျက်မှန်လည်း တပ်ထားတယ် အန်တီ"

ရက်ဂျီနာမှာ ရုတ်တရက်လန့်ဖျပ်သွား၏။ မိမိနောက်သို့ နောက်ယောင်ခံ၍ လိုက်နေသူများ ရှိနေသေးသလော။

## အခန်း ၁၈

"အခု... ကျွန်မတို့လုပ်တာ မှန်တယ်လို့ ရှင်ထင်သလား။ လုပ်သင့် လုပ်ထိုက်တယ်လို့ကော ရှင်ထင်သလား"

အငှားမော်တော်ကားပေါ်တွင် ရက်ဂျီနာက ဒိုင်းလ်အား မေးလိုက်၏။ အပြန်ခရီးတွင် ရက်ဂျီနာနှင့် ဒိုင်းလ်တို့က ကားတစ်စီးနှင့် ရှေ့မှသွားရာ စကိုဘီ တက်စ်နှင့် ဂစ်ဒီယွန်တို့က နောက်ကားတစ်စီးဖြင့် လိုက်လာကြ၏။ ရက်ဂျီနာတို့၏ ကားပေါ်တွင် ပါလာသော ဂျင်းလူးဝစ်သည် ဒရိုင်ဘာနှင့် ယှဉ်တွဲထိုင်နေ၏။ ရက်ဂျီနာသည် ရှေ့ခန်းမှထိုင်နေသော ဂျင်းလူးဝစ် မကြားစေရန် ဒိုင်းလ်ဘက်သို့တိုး၍ လေသံဖြင့်...

"အခု ကျွန်မတို့ အစီအစဉ်နဲ့ လုပ်ရပ် မှန်တယ်ဆိုပါတော့။ ကျွန်မတို့အထဲက တစ်ယောက်ယောက်က ဒီရွှေ၊ သို့မဟုတ် ငွေတွေရထားတယ်ဆိုပါတော့။ သူက သူ့အခန်းကို အသာတကြည် အရှာခံပါ့မလား"

"အားလုံးသဘောတူရင် သူအရှာခံရမှာပေါ့။ သူ့အခန်းကို အရှာမခံရင် သူ့ကို သံသယမကင်း ဖြစ်ကုန်ကြမှာပေါ့"

"သူက အကြမ်းပတမ်း လုပ်လာရင်ကော"

"ဖြစ်ချင်လည်း ဖြစ်လာနိုင်တာပဲ။ ဒါကြောင့်လည်း ကျွန်တော်ခင်ဗျားအတွက် အကာအကွယ်..."

ဒိုင်းလ်သည် ပြောပြောဆိုဆိုနှင့်ပင် သူ၏ အင်္ကျီအတွင်းအိတ်ဆီသို့ လက်နှိုက်နေသဖြင့် ရက်ဂျီနာသည် သူ့အား ငေးမောကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . ဘာရှာနေတာလဲ"

"အကာအကွယ် ဆိုပါတော့။ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်အောင်ပါ။ အရေးအကြောင်းရှိရင် ဆိုပါတော့"

ရက်ဂျီနာသည် ဘာသိုလိုမြူက မိမိအား ပေးထားသည့် သေနတ်တစ်လက်ကို သွား၍သတိရမိ၏။ ယခု ထိုသေနတ်မှာ လက်ကိုင်အိတ်ထဲတွင် ရှိနေ၏။ နောက်ထပ် သေနတ်တစ်လက် မလိုတော့ချေ။ လက်ရှိသေနတ်တစ်လက်ပင်လျှင် သူ့အတွက် အသုံးကျလိမ့်မည်ဟု မထင်။ မိမိဘဝတွင် သေနတ်ဆောင်ရမည်ကို အလွန် ကြောက်၍ မုန်းတီးခဲ့လေသည်။

"ကျွန်မ မလိုချင်ပါဘူး။ နေပါစေရှင်"

"လိုလိုမည်မည်ပေါ့။ လိုလိမ့်မယ်လို့တော့ ကျွန်တော် ခင်ဗျားကို ခြိမ်းခြောက်ပြောတာ မဟုတ်ပါဘူး"

"ကျွန်မ ဂျူဒိုပညာကို ကောင်းကောင်းတတ်ပါတယ်။ ခါးပတ်အနက်အဆင့်ထိ ရှိပါတယ်"

"ဟုတ်မှာပါလေ။ ဒါပေမဲ့ အခုချိန်ထိတော့ ခင်ဗျား ဂျူဒိုပညာကို အသုံးချတာ ကျွန်တော် တစ်ခါမှ မတွေ့ဖူးသေးပါဘူး"

နှစ်ယောက်သား သဘောကျသွားကြသဖြင့် ပြိုင်တူရယ်မိကြ၏။ အကြည့်ခြင်းလည်း ဆုံမိကြ၏။ ရက်ဂျီနာသည် မိမိ၏စိတ်ထဲတွင် ခံစားမှုတစ်မျိုးကို ခံစားလိုက်ရသည်ဟုလည်း ထင်မိ၏။ သို့နှင့် ရက်ဂျီနာသည် မျက်လွှာချလိုက်၏။ သို့သော် ဒိုင်းလ်ကမူ ရက်ဂျီနာအား စိုက်ကြည့်မြဲ စိုက်ကြည့်နေ၏။ ရက်ဂျီနာသည် မိမိကိုယ်ကိုမိမိ တစ်မျိုး နုပျိုလာသည်ဟုလည်း ထင်မိလေသည်။

"ရှင် . . . ကျွန်မကို ဒီလို မကြည့်စမ်းပါနဲ့ရှင်။ ကျွန်မဟာ မုဆိုးမအသစ်ချပ်ချွတ်ကလေးပါ"

"ကျွန်တော် စိတ်မကောင်း ဖြစ်မိပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ တကယ်တော့ ခင်ဗျားဟာ မုဆိုးမတစ်ယောက်လို့ ကျွန်တော် မထင်နိုင်လောက်အောင်ပဲ။ ကျွန်တော့် မျက်စိထဲမှာတော့ တစ်မျိုးပါပဲလေ"

"ကျွန်မကလည်း ရှင့်အပေါ် မကောင်းထင်မိခဲ့တဲ့အတွက် တောင်းပန်ပါတယ်ရှင်"

"ရက်ဂျီနာ . . . ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ"





"ချားလ်(စ်) အသတ်ခံရတဲ့ ကိစ္စလေ အခုတော့တရားခံကို ကျွန်မ သိပြီလို့ထင်တယ်။ သူပဲ ရွှေတွေကို အပိုင်စီးမှာပဲ"

ဒိုင်းလ်သည် မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီးလျှင် မျက်လုံးပြူးသွားက်. . .

"ဘယ်သူလဲ"

"တရားခံဟာ ဟာမင်စကိုဘီပေါ့"

"ခင်ဗျား ဘယ်လိုပြောနိုင်သလဲ"

"အစစအရာရာကို ကြည့်ပြီးသိရလို့ပေါ့။ သူ့အမူအရာကို ရှင် သတိထားမိသေးသလား။ ပြီးတော့ . . . သူဟာ ဦးနှောက်ပျက်နေပြီ"

ရက်ဂျီနာသည် ဘာသိုလိုမြူပြောခဲ့သည့် စကားအတိုင်း ပြန်၍ ဆောက်သည်ချလိုက်၏။ သို့သော် မည်သည့်နေရာမှ ထိုသတင်းစကားများ ရသည်ကိုမူ ဖွင့်၍မပြောချေ။

"ပြီးတော့ ရှင် သတိထားမိမလားမသိဘူး။ ကျွန်မတို့တစ်တွေရဲ့ ဆခန်းအားလုံးကို ရှာမယ်ဆိုတော့ သူ့မျက်နှာ အကြီးအကျယ်ပျက်သွားတယ်လေ။ ဒီလိုရှာဖို့ ဆုံးဖြတ်လိုက်ကြတာကိုပဲ သူက အဓိပ္ပာယ်မရှိသလိုလို၊ ရယ်စရာကောင်းနေသလိုလို၊ ကလေးဆန်သလိုလို ပြောသေးတယ်။ နောက်ဆုံး ကျွန်မတို့သွားကြမယ် လုပ်တော့လည်း သူ အင်တင်တင် လုပ်နေတယ်လေ"

"အင်း . . . ဒါတော့ ကျွန်တော်လည်း ရိပ်မိလိုက်တယ်"

"ကဲ . . . ဒါဖြင့် ရှင့်သဘောထားလည်း ပြောပြပါဦး"

"နောက်ထပ် ခင်ဗျား ကောက်ချက်ချစရာ ရှိသေးသလား ရက်ဂျီနာ"

ရက်ဂျီနာအား တစ်ချိန်လုံး မစ္စစ်လင်းဘတ်ဟုသာ ခေါ်ဝေါ်ခဲ့သော ဒိုင်းလ်သည် ယခုအခါ အပျိုဘဝမှ နာမည်ဖြစ်သော ရက်ဂျီနာဟု ပြန်လည် ခေါ်ဝေါ်လာကြောင်း ရက်ဂျီနာ ရိပ်မိလေသည်။

"ရှင့်ကို အသေသတ်ဖို့ ကြိုးစားတာလည်း သူပဲ မဟုတ်လား။ ဒီအပြုအမူတွေဟာ အပြစ်မဲ့တဲ့ လူတစ်ယောက်ရဲ့ အပြုအမူလို့ ခေါ်နိုင်လောက်လား"

"အင်း . . . ဒီလိုပြောမယ်ဆိုရင် သူတို့အားလုံးဟာ တစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မကင်းပါဘူး။ ဘာလို့လဲဆိုတော့ ဒီရွှေတွေ ပျောက်သွားတဲ့ကိစ္စဟာ သူတို့မှာ တာဝန်အရှိဆုံးပဲ။ သူတို့တစ်တွေဟာ တစ်ချိန်က ဒီရွှေတွေနဲ့ ဒီတာဝန်တွေအပေါ်မှာ သစ္စာရှိခဲ့တယ်ဆိုပေမယ့် စစ်ကြီးပြီးတဲ့နောက် ဒီရွှေတွေကို ကိုယ်ရေးကိုယ်တာအတွက် တူးဖော်ဖို့ ကြိုးစားတာနဲ့ တစ်ပြိုင်နက် ဒီရွှေတွေကို သူတို့ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပြစ်ရှိတာကတော့ ရှိတာပဲ။ ခင်ဗျားခင်ပွန်းသည်ဟာ ခိုးမှုကို ကိုယ်ထိလက်ရောက် ကျူးလွန်တယ်။ ကျန်တဲ့လူတွေကတော့ စိတ်နဲ့ပြစ်မှားကြတယ်။ အကယ်၍သာ ချားလ်(စ်)က ဦးမသွားရင် ဒီပြစ်မှုကို သူတို့ ကိုယ်ထိလက်ရောက် ကျူးလွန်ကြမှာပဲ . . . ''

''ဘာနဲ့တူသလဲဆိုတော့ ချက်လက်မှတ် တစ်စောင်အပေါ်မှာ ကိန်းဂဏန်းအကြား ဒသမနေရာ ပြောင်းရွှေ့ကြည့်တဲ့ စာရင်းကိုင်တစ်ဦးနဲ့ တူတယ်။ စာရင်းကိုင်ရဲ့သဘောကတော့ ဒီလို ချက်လက်မှတ်အပေါ်မှာ ဒသမနေရာရွှေ့ပြီး ဘဏ်မှာသွားထုတ်ရင် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ပေါ်မလဲ သိချင်လို့ စမ်းကြည့်တာပဲ။ ဒါပေမဲ့ ဒီအချက်ကို ဘဏ်မှာ တင်ပြတောင်းခံသည် ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ ချက်လက်မှတ်ပေါ်က ဒသမနေရာ ရွှေ့လိုက်တာနဲ့ သူဟာ အပြစ်ရှိသွားပြီပဲ''

''ဟုတ်ပါပြီလေ။ အခု ကျွန်မတို့ စဉ်းစားရမှာက သူတို့ အပြစ်ရှိတာ၊ မရှိတာကို မဟုတ်ပါဘူး။ ချားလ်(စ်)လင်းဘတ်ကို သတ်သွားတဲ့ လူရယ်၊ ဒီရွှေတွေကို ထပ်ဖြောင်သွားတဲ့ လူရယ်ကို ဖော်ထုတ်ဖို့ မဟုတ်လား။ သူတို့သုံးယောက်အနက် အဖြစ်နိုင်ဆုံးပုဂ္ဂိုလ်ကို စဉ်းစားကြည့်ရင်တော့ စကိုဘီကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူး။ ဒါဟာ ကျွန်မရဲ့ တွေးခေါ်ယူဆချက်ပဲ''

ဒိုင်းလ်က သက်ပြင်းရှည်ကြီးချလျက် . . .

''အင်း . . . ဒါပေမဲ့ သူ့ကို ကျွန်တော် မထင်ဘူး''

ရက်ဂျီနာက အံ့သြလျက် . . .

''ရှင် . . . ဘာဖြစ်လို့ မထင်တာလဲ''

''ဘာကြောင့်လဲဆိုတော့ သူ ကျွန်တော့်ကို သတ်ဖို့ကြိုးစားလို့ပဲ ရက်ဂျီနာ''

''ရှင်ပြောတာ ကျွန်မ သဘောမပေါက်သေးပါဘူး''





''သူ ကျွန်တော့်ကို ရန်ရှာတာဟာ ကျွန်တော့်ဆီမှာ ရွှေတွေ ရောက်နေပြီ ထင်လို့ပဲ။ ဒီလိုမှ မဟုတ်ရင် ရွှေတွေရှိတဲ့နေရာကို ကျွန်တော် သိနေတယ်လို့ ထင်လို့ပဲ။ ဒီတော့ သူ့ဆီကို ဒီရွှေတွေ မရောက်သေးဘူးဆိုတာ သေချာတာပေါ့''

ရက်ဂျီနာမှာ ငြိမ်သက်လျက်ရှိနေ၏။ ဒိုင်းလ်ကမူ တစ်စုံတစ်ရာ ဆက်၍မပြောဘဲ အတွေးကိုယ်စီနှင့် ရှိနေကြ၏။ ဟိုတယ်ဘောင်ဂရက်ရှိရာသို့ ဦးတည်မောင်းနှင်လျက် ရှိနေ၏။ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။

သို့နှင့် အတန်ကြာမှ ရက်ဂျီနာက . . .

''ဒီလိုဆိုရင် ချားလ်(စ်)လင်းဘတ်ကိုသတ်တာ ကျွန်မကော မဖြစ်နိုင်ဘူးလား''ဟု မေးလိုက်၏။ အသံမှာမူ မတိုးမကျယ်၊ ကားရှေ့ခန်း၌ ရှိသော ယာဉ်မောင်းသူနှင့်ကလေးငယ်တို့ မကြားစေရန် တီးတိုးပြောလိုက်၏။

''ရက်ဂျီနာ . . . ခင်ဗျားကို ကျွန်တော်ယုံပါတယ်။ ပထမတုန်းကတော့ ဒီကိစ္စ ခင်ဗျားသိတယ်လို့ အောက်မေ့တယ်။ နောက်တော့ ခင်ဗျားဟာ ဘာမှမသိနားမလည်တဲ့ ယုန်သူငယ်ကလေးလို ဖြစ်နေတယ်။ ဒါပေမဲ့ အားလုံးက ခင်ဗျားကို ကျွန်တော်ထင်သလို ထင်နေကြတာပဲ။ ချားလ်(စ်)လင်းဘတ်ဟာ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး အထူးသဖြင့် သူဖြောင်ထားတဲ့ ရွှေတွေနဲ့ ပတ်သက်ပြီး ခင်ဗျားကို ပြောပြလိမ့်မယ်။ ခင်ဗျားသိလိမ့်မယ်လို့ ထင်ကြတယ်။ ဒါကြောင့်မို့လည်း ခင်ဗျားနောက်ကို သူတို့ကော ကျွန် တော်ပါ လိုက်နေမိတာပဲ။ တစ်ခါ ခင်ဗျားနဲ့ ပတ်သက်ပြီး ကျွန်တော်လည်း ဒီကိစ္စတွေ သိနေပြီလို့ သူတို့က ကျွန်တော့်ကို ထင်ကြပြန်တယ်၊ ဒါကြောင့် ကျွန်တော်ဟာ ဒီဇာတ်လမ်းမှာ ဇာတ်ရန်ဘဝက ဇာတ်ဆောင်ဘဝကို ရောက်လာရတာပဲ၊ တကယ်တော့ ကာယကံရှင်ဖြစ်တဲ့ ချားလ်(စ်)က သေသွားပြီကိုး''

ဒိုင်းလ်သည် လေသံအေးအေးကလေးဖြင့် တစ်လုံးချင်း ရှင်းပြ၏။ ယခုသော် ရက်ဂျီနာမှာ ဝေလောဝါးဆယ် အခြေအနေကို နားလည်စေရန် အလင်းရောင် တွေ့ရလေပြီ။ သို့သော် အဓိကဖြစ်သော ရွှေချောင်းများနှင့် ချားလ်(စ်)လင်းဘတ်ကို သတ်သူ လူသတ်သမားကိုမူ တစ်စွန်းတစ်စ ရှာမတွေ့သေးချေ။ ထိုလူသတ်သမားအား မဖော်ထုတ်နိုင်သေးသဖြင့် သူတို့အတွက် အန္တရာယ်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကျွန်တော် ခင်ဗျားဘက်က အမြဲတမ်းရှိနေမှာပါ ရက်ဂျီနာ။ ကျွန်တော် ခင်ဗျားထက်တော့ ရွှေကို မမက်မောနိုင်ပါဘူး။ ကျွန်တော် ခင်ဗျားကို တကယ်ပြောတာပါ။ ဒီလို ခင်ဗျားအတွက် သောက ဗျာပါဒတွေ တောက်လောင်နေတဲ့အချိန်မှာ ကျွန်တော့်စကားတွေဟာ ခင်ဗျားအတွက် အနှောင့်အယှက်ဖြစ်တယ်ဆိုရင် ခွင့်လွှတ်ပါ"

သို့နှင့် ဒိုင်းလ်သည် ပြောလက်စ စကားကို ရပ်လိုက်၏။ ရက်ဂျီနာကမူ တစ်စုံတစ်ရာ ပြန်၍မပြောချေ။ သို့ရှိစဉ် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်း၍ကြည့်မိကြရာ မျက်လုံးချင်းဆုံ၍ သွားတော့၏။ ထို အကြိမ်၌မူ တစ်ယောက်နှင့်တစ်ယောက် မျက်နှာလွှဲ၍ မသွားကြတော့ချေ။ သို့သော် ရက်ဂျီနာ၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်ဝဲလျက် ရှိနေ၏။ ထိုမျက်ရည်သည် မည်သူ့အတွက် မည်သည့်အကြောင်းကြောင့် ရစ်ဝဲနေသည်ကို မိမိကိုယ်ကိုပင် ဝေခွဲ၍မရတော့ချေ။ ရင်ထဲ၌မူ တလှပ်လှပ် ခံစားနေရ၏။ တောင်ကမ်းပါးယံမှ မြေပြင်သို့ လိမ့်ကျသွားသကဲ့သို့ ခံစားနေရလေသည်။

# အခန်း ၁၉

ဂစ်ဒီယွန်၊ တက်စ်နှင့် စကိုဘီတို့သည် ဟိုတယ်၏ အလယ်တံခါးမကြီးမှ ဝင်လာကြ၏။ ရက်ဂျီနာ၊ ဂျင်းလူးဝစ်ကလေးနှင့် ဒိုင်းလ်တို့က ဟိုတယ်၏အခန်းထဲမှ အသင့်စောင့်နေကြလေသည်။

အချိန်ကား ညနေ ၅ နာရီထိုးပြီးစဖြစ်၏။ တစ်ယောက်နှင့် တစ်ယောက် ချိန်းဆိုထားကြသည့်အတိုင်း မည်သူမျှ စကားမပြောကြဘဲ အရက်ဆောင်းသည့် အခန်းထဲသို့ အားလုံးဝင်သွားကြ၏။ ထိုနေ့ညနေ၌ ဟိုတယ်တွင် လူအနည်းငယ်သာရှိသဖြင့် သူတို့ဆွေးနွေးလိုသည်ကို လွတ်လပ်စွာ ဆွေးနွေးနိုင်ပေတော့မည်။

"ဒီကလေးကို ကျုပ်တို့ ဘယ်လိုသဘောထားရမှာလဲ"

စကိုဘီသည် ဂျင်းလူးဝစ်အား ရည်ရွယ်၍ မေးလိုက်၏။

"သူ့အတွက် ကျွန်မ တာဝန်ယူပါတယ်"

ရက်ဂျီနာသည် ဝင်ရောက်ထောက်ခံရင်း ဂျင်းကလေးကို လက်ဆွဲ၍ ခြေထောက်မြင့်မြင့် ခွေးခြေတစ်ခုပေါ်တင်၍ အထိုင်ခိုင်းထား၏။ သူတို့ရှေ့စားပွဲပေါ်တွင် "လေးနှစ်ဆယ့်တစ်"ကစားစရာအစုံ ချပေးလိုက်၏။ ထိုကစားနည်းမှာ စိတ်ဝင်စားဖွယ်ကောင်းသလောက် ဦးနှောက်ကို သုံးရသောကြောင့် အလွန် ရှုပ်ထွေးလှ၏။ အရွေ့အပြောင်းများကို အံစာတုံးကလေးသုံးဘုံးဖြင့် ရွှေ့လျားရ၏။

ဂျင်းသည် ရက်ဂျီနာအား မော့ကြည့်လျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရက်ဂျီလည်း ကျွန်တော်နဲ့ ကစားရမယ်နော်"

"မင်းဟာမင်း ပထမကစားတတ်အောင် တစ်ယောက်တည်
ကစားပါဦး ကလေးရယ်။ အရင်တစ်ခါ အန်တီနဲ့မင်း ကစားတုန်းက ရှုံးထ
တယ် မဟုတ်လား"

ရက်ဂျီနာသည် ဂျင်းအား ချော့မော့ထားခဲ့ပြီးလျှင် လူကြီးဝိုင်း
ပြန်ဝင်လာ၏။ ထို့နောက် စားပွဲရှည်ကြီးတွင် အားလုံး ဝိုင်း၍ထိုင်လိုက်
၏။ တက်စ်ကမူ စိတ်မရှည်သကဲ့သို့ မတ်တတ်ရပ်လျက် ရှိနေ၏။

"နေပါဦး... ကျုပ်တို့ကိစ္စက အပေါ်ထပ်မှာပဲ။ ဘာဖြစ်လို့ ဒီ
ထိုင်ပြီး အချိန်ဖြုန်းနေကြမှာလဲ"

ဒိုင်းလ်က ဂစ်ဒီယွန်ဘက်မှ ဝင်ရောက်ထောက်ခံလျက်...

"ကျွန်တော်တို့ကိစ္စမှာ စည်းမျဉ်းဆွဲဖို့တော့ လိုလိမ့်မယ်။ အခ
တစ်ခန်းထဲကို လူငါးယောက်ဝိုင်းရှာတာဟာ လူများ အမြင်မတော်
တစ်ယောက်အခန်းကို တစ်ယောက် ထိထိရောက်ရောက် ကျေနပ်လော
အောင် ရှာနိုင်ပါမှ သဘာဝကျမယ် ထင်တယ်။ နို့မို့ရင် လူများပြီး ပွဲမ
ဖြစ်နေမယ်"

စကိုဘီက "တစ်ယောက်တစ်ခန်းစီ ရှာတာတော့ ဟုတ်
တွေ့တဲ့လူက မြိုထားရင် ဘယ့်နှယ်လုပ်မလဲ"

ဒိုင်းလ်က ဦးခေါင်းကို ခါယမ်းလျက် "ဒီလိုတော့ မြိုထားလို့
မဟုတ်ဘူး။ အကယ်၍ တွေ့တဲ့လူက မြိုထားတယ်ဆိုရင် အဲဒီလူဟာ ကို
ကိုယ်ကို သတ်သေတာနဲ့ အတူတူပဲ။ ဘာဖြစ်လို့လဲဆိုတော့ ရွှေတွေ ရထား
လူဟာ ရွှေတွေအတွက် လူသတ်ဖူးပြီ။ ဒီတော့ နောက်တစ်ယောက်
သတ်ဖို့ သူ့မှာ ဝန်လေးမှာ မဟုတ်တော့ဘူး။ နောက်ပြီး သူ့အခန်း
ဘယ်သူရှာမယ်ဆိုတာလဲ သူသိပြီးသားပဲ"

ဂစ်ဒီယွန်က "ဒါဟုတ်တယ်။ ရွှေတွေကို ရှာတွေ့တဲ့လူဟာ
ထားရင် သူ့အတွက် အသက်အန္တရာယ် လုံးဝမကင်းဘူး။ အကောင်းဆုံး
တော့ တွေ့တွေ့ချင်း ကျန်တဲ့လူတွေကို အကြောင်းကြား သတင်းပို့ရ

ဒိုင်းလ်က "အားလုံး သဘောတူကြတယ် မဟုတ်လား။ ဒီ
ဆိုရင် ကျုပ်တို့ မဲနှိုက်ကြမယ်"

အားလုံးက တိတ်ဆိတ်လျက် ရှိနေကြ၏။ ဆိတ်ဆိတ်နေ





ည် ဝန်ခံရာရောက်၏။ သို့နှင့် ဒိုင်းလ်သည် စာရွက်တစ်ရွက်ကို ခုပ်ဖြဲ၍
လိပ်ငါးလိပ်ကို လိပ်လိုက်၏။ မဲလိပ်တစ်လိပ်စီတွင် ရှာဖွေရေးအုပ်စု အမည်
တစ်ခုစီ ရေး၏။ မဲလိပ်များကို ရှန်ပိန်အရက်ထည့်သော ခွက်ထဲသို့ ထည့်ပြီး
င် ခလောက်လိုက်၏။ ထို့နောက် လူတိုင်း၏မျက်နှာကို လိုက်ကြည့်၏။

ဒိုင်းလ်က "ကိုင်း ... ဘယ်သူအရင်နှိုက်မှာလဲ။ ရက်ဂျီနာကို
စားပေးမယ်ဟုတ်လား။ ခင်ဗျား အရင်နှိုက်။ ဒါပေမဲ့ ကိုယ့်နာမည် ကိုယ်
က်မိတဲ့လူကတော့ အဲဒီမဲလိပ်ပြန်ထည့်ပြီး နောက်မဲလိပ်တစ်လိပ် နှိုက်ရ
ယ်"

သို့ပြောရင်း ဒိုင်းလ်သည် ရက်ဂျီနာ၏ရှေ့သို့ ရှန်ပိန်ခွက်ကို ထိုးပေး
က်၏။ ရက်ဂျီနာကမူ မျက်လုံးအဝိုင်းသားနှင့် နောက်ဆုံးဖြစ်သမျှအကြောင်း
ကောင်းဟူသော သဘောဖြင့် မဲလိပ်တစ်လိပ်ကို နှိုက်လိုက်ပြီးလျှင် တဖြည်း
ည်းချင်း ဖွင့်ကြည့်လိုက်၏။ မဲလိပ်ထဲမှအမည်မှာ သူ အကြောက်ဆုံးသော
၏ အမည်ဖြစ်နေ၏။ ထိုသူကား "ဟာမင်စကိုဘီ" ထိုအခါ အားလုံးက
ဘောတူ အတည်ပြုလိုက်ကြလေသည်။

"နောက် ... ဘယ်သူနှိုက်မှာလဲ။ အက္ခရာစဉ်အတိုင်း နှိုက်မှာ
။ ကျွန်တော်ကတော့ နောက်ဆုံးမှ နှိုက်မယ်"

ဒိုင်းလ်သည် ပြောပြောဆိုဆိုနှင့်ပင် မဲလိပ်ခွက်ကို အခြားသူများ
ရှေ့သို့ ထိုးပေးလိုက်၏။ ကိုယ်လုံးကိုယ်ထည် ကြီးမား၍ ခေါင်းပြောင်ပြောင်
နှုတ်ခမ်းမွှေး ပြောင်ပြောင် ပျာယီးပျာယာနိုင်လှသော ဂစ်ဒီယွန်သည် ဒုတိယမြောက်
လိပ်ကို နှိုက်ယူလိုက်၏။

"ဟင်း ... ကျုပ်နာမည်ပဲ ပြန်ကျတယ်"

ဂစ်ဒီယွန်သည် ညည်းညူလိုက်ပြီး ဝေ့ ဝစ်ဒ် လိပ်ကို ပြန်၍ထည့်ရန်၍
ကြိုးစား၏။ သွား၏။ ကလေးငယ်မှာ ဘစ်စုံတစ်ရာ

"နေဦး ... ကျုပ်ကိုပြ" နောက်သို့ လိုက်ပါသွားရလေသည်။

စကိုဘီ၏လက်သည် ဗျား သော့ယူစမ်းပါ"

သည် သူ၏မဲလိပ်ကို စကိုဘီ၏နှာအား လှမ်း၍ အော်ပြောလိုက်၏။

မှန်ပေသည်။ ဂစ်ဒီယွန်နှင့်ဂျာဖြစ်သူ "မစ္စတာ မော့ကလဲရား"သည်
သူ၏အမည်ပါသော မဲလိ ည် မှန်ဗီရိုရှေ့ရှိ စားပွဲတွင်ထိုင်၍ "ဒီလူတွေ
တစ်လိပ်ကို နှိုက်၍ ဖွင့်ကြည့်ကြ အံ့အားသင့်လျက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



''တက်စ်ပင်သိုလောင်း''ဟု သူသည် အော်ဟစ်ကြေငြာလိုက်ရာ အားလုံးပင် ငြိမ်သက်သွားတော့၏။

တက်စ်သည် ရွှင်ပျသောမျက်နှာဖြင့် ''ခင်ဗျားရဲ့ညစ်ပတ်နေတဲ့ လက်ကြီးနဲ့ ကျွန်တော့် အိပ်ရာခင်း ဖြူဖြူပေါ်မှာတော့ လက်ရာမထင်ခဲ့ပါ စေနဲ့ဗျာ''

ဂစ်ဒီယွန်သည် မျက်နှာပျက်သွား၏။ သို့သော် တစ်စုံတစ်ရာ ပြန်၍ မပြောချေ။

ယခုနိုက်ရမည့်အလှည့်မှာ တက်စ်အလှည့်ဖြစ်၏။ သို့နှင့် တက်စ် သည် ခပ်ရွှင်ရွှင်မျက်နှာထားနှင့်ပင် နှိုက်ယူလိုက်ပြီးလျှင် မဲလိပ်ကို ဖွင့်၍ ဖတ်လိုက်၏။

''ဂစ်ဒီယွန်. . . အင်း. . . ကောင်းလိုက်တာ။ သူက ဌါရှာ ဌါက သူ့ရှာပဲ''

ဤတွင် စကိုဘီက ပြုံးလိုက်၏။ မဲလိပ်ကိုခွက်ထဲတွင် ဒိုင်းလ်နှင့် ရက်ဂျီနာတို့၏အမည်သာ ကျန်တော့၏။ ယခု သူနှိုက်ရန် အလှည့်သို့ ရောက် ချေပြီ။ သူသည် လက်ဖဝါးနှစ်ဖက်ကို ပွတ်ပြီးလျှင် မဲလိပ်တစ်လိပ်ကို နှိုက်၍ နှုတ်ခမ်းချင်း နမ်းလိုက်သေး၏။ သို့နှင့် ဖွင့်ကြည့်လိုက်သောအခါ ''အလက် ဇန္ဒားဒိုင်းလ်''၏ အမည်ဖြစ်နေရာ သူသည် မျက်နှာပျက်သွားလေသည်။

ဒိုင်းလ်က ''နောက်ဆုံးမဲလိပ်ဟာ ကျုပ်အတွက်ပဲ။ ဒီမဲလိပ်က တော့ မစ္စစ်လင်းဘတ်ရဲ့အမည် ဖြစ်နေပါပြီ။ ကိုင်း. . . ကျုပ်တို့ အခန်း သော့တွေ သွားတောင်းပြီး သက်ဆိုင်ရာလူက သက်ဆိုင်ရာအခန်းကို ရှာဖို့ ဒသော့ချင်းလဲကြမယ်'' ၎င်း

သတ်မှ ဒိန်းမှာ ဝန်လေးမှာ မင ကားခန်းထောင့်ရှိ သော့တွဲများ ထည့် ဘယ်သူရှာမယ်ဆိုတာလဲ သူသိပြီး ထိုအခါမှ ရက်ဂျီနာသည် ဂျင်းလူ

ဂစ်ဒီယွန်က ''ဒါဟုတ်တယ်။ ၄ ယခုတိုင် ''လေး နှစ်ဆယ့် ထားရင် သူ့အတွက် အသက်အန္တရာယ် ၎ ားလျက်ရှိနေ၏။ တော့ တွေ့တွေ့ချင်း ကျန်တဲ့လူတွေကို ာရင် ဒီကလေးကို ခေါ်သွား

ဒိုင်းလ်က ''အားလုံး သဘောတ ာည်းလည်း မသွားချင်ဘူး ဆိုရင် ကျုပ်တို့ မဲနှိုက်ကြမယ်'' မထားခဲ့ချင်ဘူး''

အားလုံးက တိတ်ဆိတ်လျက်





ရက်ဂျီနာသည် ဒိုင်းလ်၏လက်မောင်းကို ဖမ်းဆွဲကာ လေသံဖြင့် ဆီးတိုး ပြောလိုက်လေသည်။

''ကောင်းပါတယ်။ ဒါပေမဲ့ ခင်ဗျား စကိုဘီ အခန်းထဲရောက်ရင် အတွင်းကနေ တံခါးသော့ခတ်ထား။ မင်တုံးကိုလည်း ချထားပါ။ ပြီးတော့ ခင်ဗျားအတွက် . . . ''

သို့ပြောရင်း ဒိုင်းလ်သည် သူ၏ကုတ်အင်္ကျီကို မလိုက်ရာ ချိုင်း အောက်တွင် ကြိုးသိုင်းထားသည့် သေနတ်တစ်လက်ကို တွေ့လိုက်ရ၏။

ရက်ဂျီနာသည် ဦးခေါင်းကို ခါယမ်းလျက် ''ကျွန်မအတွက် မလိုပါ ဘူး။ နေပါစေ''

''ကောင်းပြီလေ။ ဒီလိုဆိုလဲ သူတို့နောက် လိုက်ကြရအောင်။ ကျွန်တော်တို့နှစ်ယောက် ဘာတွေများ တိုင်ပင်နေကြသလဲဆိုပြီး သူတို့က သံသယ်ထင်ကြောင်ထင် ဖြစ်နေဦးမယ်''

ရက်ဂျီနာသည် ဂျင်းဘက်သို့လှည့်၍. . .

''ဂျင်း၊ တို့အပေါ်ထပ်ကို တက်ကြရအောင်''

ဂျင်းသည် ရက်ဂျီနာအား နားမလည်နိုင်သကဲ့သို့ စိုက်ကြည့်လျက်

''အန်တီပဲ ကျွန်တော်နဲ့ ''လေးနှစ်ဆယ့်တစ်''ကစားဦးမယ်ဆို''

''အခု ဒီထက်ကောင်းတဲ့ ကစားနည်းတစ်ခု အန်တီ တွေ့ထား တယ်။ ပိုပြီး စိတ်ဝင်စားစရာလည်း ကောင်းတယ်ကွယ့်''

ဂျင်းသည် အံ့ဩတကြီးနှင့် မျက်လုံးများဝိုင်းလျက် . . .

''ဟုတ်လား ဘယ်လိုကစားနည်းလည်း အန်တီ''

''ရတနာတွေလိုက်ရှာတဲ့ ကစားနည်းကွယ့်''

သို့ပြောရင်း ရက်ဂျီနာသည် ဂျင်းလူးဝစ်အား ခွေးခြေပေါ်မှ မ၍ ချကာ အခြားသူများရှိရာသို့ လိုက်သွား၏။ ကလေးငယ်မှာ တစ်စုံတစ်ရာ နားမလည်ဘဲ ရက်ဂျီနာ ခေါ်ရာနောက်သို့ လိုက်ပါသွားရလေသည်။

''မြန်မြန်လာပြီး ခင်ဗျား သော့ယူစမ်းပါ''

စကိုဘီသည် ရက်ဂျီနာအား လှမ်း၍ အော်ပြောလိုက်၏။

ဟိုတယ်၏ မန်နေဂျာဖြစ်သူ ''မစ္စတာ မော့ကလဲရား''သည် သော့တွဲများ ချိတ်ထားသည့် မှန်ဗီရိုရှေ့ရှိ စားပွဲတွင်ထိုင်၍ ''ဒီလူတွေ ဘာဖြစ်လာပါလိမ့်''ဟု တွေးကာ အံ့အားသင့်လျက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မော့ကလဲရားသည် သူတို့၏သော့တွဲများကို တစ်ယော ချင်း ထုတ်ပေးလိုက်၏။ ဒိုင်းလ်က သူ၏သော့ကို စကိုဘီအားပေး၏။ စက် က သူ၏သော့ကို ရက်ဂျီနာအား ပေး၏။ တက်စ်နှင့် ဂစ်ဒီယွန်တို့ သူတို့၏သော့တွဲများကို အချင်းချင်းလဲယူကြ၏။ သူတို့ကြားမှ မျက်စိလည် မျက်စိနောက်နေသူကား မော့ကလဲရားဖြစ်၏။ သူသည် အားလုံး၏ မျက် များကို စိတ်ရှုပ်သောအမူအရာဖြင့် လိုက်၍ကြည့်နေလေသည်။

# အခန်း ၂၀

တက်စ်၏အခန်းမှာ အများသုံး ရေအိမ်နံဘေးတွင် ကပ်၍ ကော် ဒါနှင့် တွဲလျက်ရှိ၏။ ဂစ်ဒီယွန်သည် သော့တံကို သော့အိမ်တံခါးပေါက် သို့ ထိုးသွင်းလိုက်ပြီးနောက် တံခါးကို လှည့်၍ဖွင့်လိုက်၏။ အခန်းထဲ လည်း မျက်စိကို ဝေ့ဝိုက်ကာ ကြည့်လိုက်သေး၏။

ဂစ်ဒီယွန်သည် မြေပုံဖတ်သမားပီသစွာ မည်သည့်နေရာမှစ၍ စနစ် ကျ ရှာရမည်ကို စဉ်းစားနေ၏။ အခန်းတစ်ခန်းလုံးကို သူ၏စိတ်ထဲတွင် ပိုင်း ပိုင်းကြည့်လိုက်၏။ ထိုရှစ်ပိုင်းအတွင်းတစ်ပိုင်းစီကို အသေးစိတ် မည်ဖြစ်၏။ သူ့ကဲ့သို့ စနစ်တကျ ရှာဖွေရန် အခြားသူများအား မမှာလိုက်ရ ည်ကို စိတ်မကောင်းဖြစ်မိသေး၏။

ပထမပိုင်းတွင် ဂစ်ဒီယွန်သည် တက်စ်၏ ရှားပါးလှသော အဝတ် အစားလောက်သာ တွေ့ရ၏။ ဤသည်မှာ ခရီးသွားတို့ဆောင်သော အသုံး အဆောင်မျှလောက်သာ ဖြစ်၏။ သူသည် အခြားခုနစ်ပိုင်းကိုလည်း ဆက် က်ရှာရဦးမည်။ သို့သော် တစ်ခန်းလုံး မွှေနှောက်ရှာပြီးသည့်နောက်မှ က်စ်၏ရုပ်အင်္ကျီနှစ်ထည်၊ နွေရာသီ ဝတ်စုံတစ်စုံ၊ ခြေအိတ်သုံးစုံ၊ အောက်ခံ ာင်းဘီတို သုံးထည်၊ အနက်ပေါ်တွင် အစင်းများဖော်ထားသည့် လည် ည်း တစ်ခု၊ မုတ်ဆိတ်ရိတ်ဓား (လျှပ်စစ်သုံး)၊ သွားပွတ်တံတစ်ချောင်း၊ ွားတိုက်ဆေးတစ်ဘူး၊ လိပ်ခွံဖြင့် ပြုလုပ်ထားသော ဘီးတစ်ချောင်း ည်တို့ကိုသာ တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အဌမမြောက်အပိုင်းကို ရှာရတော့မည့်အချိန် ရောက်သည့် တိုင်အောင် သဲလွန်စဟူ၍ တစ်စုံတစ်ရာ မရသဖြင့် စိတ်ပျက်လာ၏ သို့နှင့် ဂစ်ဒီယွန်သည် စိတ်ပျက်လက်ပျက်ဖြစ်ကာ တဇာ်စီ၏ ခုတင်ပေါ် သို့ ထိုင်ချလိုက်၏။ ထိုအခါ သူထိုင်လိုက်သည့် နေရာအောက်တွင် အရာဝတ္ထုတစ်ခု ဖုနေသည်ကို သတိထားမိ၏။ ပထမတွင် စောင်များ လုံးထွေး ထားသောကြောင့် မသိသာလှသော်လည်း ယခုထိုင်လိုက်သည့်အခါမှသာ သိသာတော့၏။

သူသည် ခုတင်ပေါ်မှ ချက်ချင်း ခုန်ဆင်းလိုက်ပြီးလျှင် အိပ်ရာခင်းကို ဆွဲလှန်လိုက်၏။ သို့သော် မည်သည့်အရာကိုမျှ မတွေ့ရချေ။ မိမိထင်သလို ဖြစ်မလာသဖြင့် စိတ်ထဲတွင် ဟာသွား၏။ ဖုနေသောနေရာကို လက်ဖြင့် စမ်းကြည့်မိသေး၏။ အမှန်ပင် ထိုနေရာသည် ဖုနေဆဲပင်ဖြစ်၏။ ထို့ကြောင့် မြင်းလည်ဆံမွေးတို့ဖြင့် ချုပ်ထားသော လေးလံလှသည့် မွေ့ရာကြီးကို ဆွဲမပြီးလျှင် လှိပ်လိုက်၏။

ထိုအခါမှ မွေ့ရာအောက်တွင် ဖုထစ်နေသော အရာဝတ္ထုကို ရှင်းရှင်းကြီး မြင်ရတော့၏။ မြင်ရသော အရာကား အရှေ့တိုင်းမှထွက်သော ဂျုံဖြင့်ချက်သည့် ဝီစကီအရက်နှစ်ပုလင်း လဲလျက်သား ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

# အခန်း ၂၁

ဤအကြိမ်မှာ ဒိုင်းလ်အဖို့ ရက်ဂျီနာ၏ အခန်းထဲသို့ ရောက်ခြင်းမှာ တတိယအကြိမ်ဖြစ်၏။ ယနေ့ပင် ဒုတိယအကြိမ် ရောက်ခဲ့သည်မှာလည်း ကြာလှသေးချေ။

မိန်းမတို့၏ ဓမ္မတာအတိုင်း အခန်းတွင်းရှိ ပစ္စည်းများ သပ်ရပ်စွာ ထားသိုမှုရှိသည်ကို တွေ့မြင်ရ၏။ မှန်တင်ခုံပေါ်တွင် အရက်ပျံတစ်ပုလင်း၊ စိမ်းပါးတစ်လိပ်နှင့် ကော်ကပ်ပလာစတာတို့ကို တွေ့ရ၏။ နေ့လယ်က မိမိရလာသော ရှက်ရာများကို ရက်ဂျီနာက တယုတယ ဆေးထည့် တီးစည်းပေးသည်ကိုလည်း ပြန်၍ သတိရမိ၏။ ရက်ဂျီနာ၏ တယုတယ ကိုင်အတွယ် ညင်သာမှုကိုလည်း မိမိစိတ်ထဲတွင် သာယာမိ၏။

ရက်ဂျီနာသည် ဤဇာတ်လမ်းထဲသို့ တစ်စုံတစ်ရာ မသိနားမ လည်ဘဲ ပါဝင်ရောက်ရှိလာသည်ဟု ဒိုင်းလ်က ယူဆပြီး ဖြစ်၏။ ယခုလည်း မတို့၏ စိတ်နေသဘောထားအတိုင်း စူးစမ်းလိုသောစိတ်ဖြင့် ဤဇာတ် လမ်းထဲသို့ ဆင်ကန်းတောတိုး ဝင်လာခြင်းဖြစ်၏။ ရက်ဂျီနာသည် ပျောက်ဆုံး သော ရွှေများအကြောင်းကို ဘာမျှမသိ။ နေ့လယ်က တိရစ္ဆာန်ရုံထဲတွင် တစ်စုံခင်းပြမှသာ စတင်သိဟန်တူ၏။ ထိုရွှေများနှင့် စပ်လျဉ်းပတ်သက်၍ ခင်ပွန်းဟောင်း ချားလ်(စ်)သည် သူ့အား လုံးဝ အသိပေးခဲ့ဟန်မတူချေ။ အလုံးကို လျှို့ဝှက်ထားခဲ့ပုံရ၏။ ထို့ကြောင့်လည်း လျှို့ဝှက်လွန်းသော ခင်ပွန်းအပေါ်တွင် စိတ်ပျက်လာသော ရက်ဂျီနာသည် လင်ခန်းမထားခန်း



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းရန်ပင် စိတ်ကို ဆုံးဖြတ်ခဲ့သည် မဟုတ်ပါလော။

သို့သော် ရက်ဂျိနာ၏အခန်းကို ရှာရမည့်တာဝန်မှာ သူ၏ တာ သာ ဖြစ်၏။ ပထမဆုံး ရက်ဂျိနာ၏ အလှပြင်မှန်ရှေ့ရှိ စားပွဲအံဆွဲတစ်ခု ဖွင့်ကြည့်လိုက်သောအခါ ခေါင်းလိမ်းဆီအပျော့စား အမာစားပုလင်းမှ ဘူးများ၊ အလှဆင်ထားသည့် အိုးငယ်များ၊ ပေါင်ဒါဘူးများကို တွေ့ရ အခြားဆံပင်ညှပ်ကလစ်များ၊ နှုတ်ခမ်းနီဆိုးဆေးဘူးများ၊ မျက်ခုံးမွေးဆွဲ မျက်တောင်ကော့ ကိရိယာ၊ မျက်ရိပ်ဝန်း ဆိုးတံ၊ လက်သဲ အရောင် ဆေးဘူး၊ လိမ္မော်ရောင် ရိုးတံများကိုလည်း တွေ့ရ၏။

ဒုတိယအံဆွဲကို ဖွင့်ကြည့်လိုက်သောအခါ ပို၍ စိတ်ဝင်စားဖွ ကောင်းသည့် အရာများကို ဘွေ့မြင်ရ၏။ ထိုအံဆွဲထဲတွင် သွားလေ ချားလ်(စ်)လင်းဘတ်၏ကျန်ရစ်ခဲ့သော ပစ္စည်းများကို တွေ့ရ၏။ ယင်းတို့ မီးရထားပေါ်တွင် ချားလ်(စ်) အသတ်ခံရပြီးနောက် ရဲဘက်မှ ချားလ်(စ် အခန်းအတွင်း ရှာဖွေရာမှ တွေ့ရှိခဲ့သော ပစ္စည်းများ ဖြစ်၏။ ပိုက်ဆံအိ တစ်အိတ်၊ ခရီးစဉ် ရေးဆွဲထားသော စာရွက်တစ်ရွက်၊ ဖို့ချ်ရိပ်သာ ချားလ်(စ်)၏ အခန်းသော့၊ ရက်ဂျိနာထံ လိပ်စာတပ်ထားသော စာအိ တစ်လုံး၊ ထိုစာအိတ်အတွင်း၌ ရက်ဂျိနာထံရေးသော စာတစ်စောင် စာတိုက်တံဆိပ်ရိုက်နှိပ်ပြီးသော တံဆိပ်ခေါင်းနှစ်လုံးမှာလည်း စာအိ အတွင်း၌ ရှိနေ၏။

ထို့နောက် ချားလ်(စ်)အား လေးနိုင်ငံမှ ထုတ်ပေးထားသည့် နိုင်ငံ လက်မှတ် လေးစောင်၊ မုတ်ဆိတ်ရိတ် ကိရိယာတစ်စုံ၊ သွားတိုက်ဆေ သွားပွတ်တံတစ်ချောင်း၊ ယင်းတို့အနက် စိတ်ဝင်စားစရာအကောင်းဆုံ အပြီးမသတ်ရသေးသော ကော်ရုပ်မော်တော်ကားကလေးပင် ဖြစ်လေသ

ဒိုင်းလ်သည် ထိုပစ္စည်းများကို စိတ်ဝင်စားစွာ စစ်ဆေးကြည့် ရက်ဂျိနာ၏ အခန်းထဲတွင် ပျောက်သွားသည့် ရွှေများကို မတွေ့နိုင်သေ လည်း ချားလ်(စ်)လင်းဘတ်၏ ပစ္စည်းများထဲမှ သဲလွန်စရနိုင်မည်ဟု ထင်မိ၏။ သို့နှင့် အရာဝတ္ထုတိုင်းကို လှန်လှောကြည့်မိ၏။ နိုင်ငံကူးလက် များကို အတုအစစ် ခွဲခြားကြည့်၏။ ရက်ဂျိနာထံ ရေးထားသောစာကို သုံးလေးခေါက်မျှ ပြန်၍ဖတ်ကြည့်၏။ လျှို့ဝှက်စကားလုံး အသုံးအနှုန်း ပါလေမည်လောဟုလည်း တွေးကြည့်၏။





မည်သို့ပင် စစ်ဆေးသော်လည်း အချိန်သာ ကုန်ခဲ့၏။ မည်သည့် သဲလွန်စကိုမျှ မတွေ့ရသဖြင့် ဒိုင်းလ် စိတ်မောမိ၏။ သို့နှင့် သူ တွေ့ရှိရ သော ပစ္စည်းများကို ပထမတွေ့ရသည့်အတိုင်း ပြန်၍ စီထည့်လိုက်၏။ သူ၏စိတ်ထဲ၌လည်း ရက်ဂျိနာအပေါ်တွင် သနားကြင်နာစိတ်များ အမှန်ပင် ဖြစ်လာတော့၏။

ရက်ဂျိနာ၏ အလှပြင်စားပွဲမှ ရေမွှေးနံ့တို့ကလည်း သူနှင့် နီးနီး ကပ်ကပ် နေရဘိသကဲ့သို့ နှိုးဆွနေ၏။ အသက်ငယ်ငယ်ရွယ်ရွယ် လှလှပပ ကလေးနှင့် မဆိုးမဖြစ်ရသော ရက်ဂျိနာဘဝကိုလည်း စိတ်ထဲတွင် နာကျည်း ၍ ဤကိစ္စများကြားထဲ၌ပင် ရက်ဂျိနာမှာ စစ်အတွင်းက ပျောက်ဆုံးသွား သော ရွှေချောင်းများအတွက် တားစားခံဖြစ်ရရှာသေး၏။

ထိုအခိုက် ဒိုင်းလ်သည် မိမိ၏ရုပ်သွင်ကို မှန်ထဲတွင် ကြည့်မိ၏။ မှန်ထဲမှ သူ၏အရိပ်သည်ပင် သူ၏စိတ်အာရုံကို ဆွဲခေါင်သွား၏။ မှန်ထဲတွင် ပေါ်လာသော သူ့ရုပ်သွင်သည် သူ၏စိတ်ထဲ၌ ထင်သည်ထက်ပင် အိုမင်း ရင့်ရော်နေ၏။ သို့နှင့် သူသည် သူ၏မေးစိနှင့် ပါးများကိုပင် လက်ဖြင့် ပွတ်သပ်ကြည့်မိသေး၏။ ယခုအခါ သူ၏အသက်မှာ သုံးဆယ့်ကိုးနှစ်ပင် တင်းတင်းပြည့်ပေပြီ။ ချားလ်(စ်)လင်းဘတ်၏ အသက်ဆိုလျှင် သူ့ထက်ပင် ကြီးပေလိမ့်ဦးမည်။ ရက်ဂျိနာကလေးမှာမူ အလွန်ဆုံးရှိလှလျှင် . . .

သို့နှင့် သူသည် မှန်ကို မကြည့်တော့ဘဲ မျက်နှာလွှဲလိုက်၏။ အခန်းထောင့်တစ်နေရာရှိ ဗီရိုတစ်လုံးသို့ အာရုံရောက်သွား၏။ သို့နှင့် သူသည် ခြေလှမ်းကျဲကြီးများဖြင့် ဗီရိုရှိရာသို့ ရောက်သွား၏။ ဗီရိုတံခါးကို ဖွင့်ပြီးလျှင် အံဆွဲတစ်ခုချင်း မွှေနှောက်ရှာကြည့်၏။ စိတ်ဝင်စားဖွယ်ဟူ၍ တစ်စုံတစ်ရာမတွေ့ရချေ။ သို့သော် ရက်ဂျိနာ၏ အဝတ်များအောက်တွင် အကြောကြော အရာဝတ္ထုတစ်ခုကို စမ်းမိသဖြင့် သူ့ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားမိ၏။

အဝတ်များအောက်မှ ဆွဲထုတ်လိုက်သောအခါ ထုထည်အားဖြင့် သေးလှသော်လည်း အပြားကြီးကြီး အရာဝတ္ထုတစ်ခုကို တွေ့ရ၏။ အပေါ်မှ သတင်းစာစက္ကူများဖြင့် ဖုံးအုပ်ထားပြီးလျှင် ဖဲကြိုးဖြင့် ချည်နှောင်ထား၏။ အမတွင် ထိုပစ္စည်းကို ပြန်၍ထည့်ထားလိုက်မည်ဟု စိတ်ကူးလိုက်မိသေး ၏ နောက်တွင်မှ အတွေးတစ်မျိုးပေါက်ကာ ရက်ဂျိနာ၏ ခုတင်စောင်း၌



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်ပြီးလျှင် ထိုအရာဝတ္ထုကို ချည်ထားသောကြိုးများကို ဖြည်၍ ပတ်ထားသော စက္ကူများကို ခွာလိုက်လေသည်။

ထိုအရာဝတ္ထုကား ဓာတ်ပုံများ ကပ်ထားသည့် "အယ်လ်ဘန်" တစ်ခုသာ ဖြစ်၏။ အတွင်းရှိ အနက်ရောင်စက္ကူထူများပေါ်တွင် ဓာတ်ပုံများ ကပ်ထား၏။ ဓာတ်ပုံများ၏ အရွယ်အစားကို ကြီးစဉ်ငယ်လိုက် စီစဉ်ထား၏။ သို့နှင့် သူသည် ဓာတ်ပုံများကို တစ်ရွက်ချင်း လှန်၍ကြည့်နေမိလေသည်။

ပထမနို့စို့အရွယ် ကလေးငယ်တစ်ယောက် ခုံပေါ်တွင်မှောက်လျက် ရှိနေပုံဖြစ်၏။ ထို့နောက် ခြေမခိုင်တစ်ခိုင်နှင့် လမ်းလျှောက်နေသော ကလေးငယ်၊ ထို့နောက် ထိုထက်ကြီးလာသော ၁၀ နှစ်အရွယ် မိန်းကလေး၊ ထို့နောက် ကျောင်းသူကလေးတစ်ဦး၏ပုံ၊ ထို့နောက် ဆယ်ကျော်သက်အရွယ်ပုံ၊ ထို့နောက် အမျိုးဖော်ဝင်စ မိန်းကလေးပုံ၊ ထို့နောက် တက္ကသိုလ် ကျောင်းသူတစ်ဦး၊ ထို့နောက် မိန်းမငယ်တစ်ဦး၊ ထို့နောက် အလုပ်သမတစ်ဦး၊ ထို့နောက် သတို့သမီးတစ်ဦး၏ပုံ စသည်တို့ ဖြစ်၏။

အားလုံးသော ဓာတ်ပုံများမှာ ငါးရံ့ကိုယ်လုံး အချိုးအစားနှင့် ကြည်လင်လှပသော မျက်နှာပိုင်ရှင် ရက်ဂျီနာ၏ပုံများပင် ဖြစ်တော့၏။ ဓာတ်ပုံတိုင်း၏အောက်ခြေတွင် နေ့စွဲများရေးထိုးထား၏။ တစ်နည်းအားဖြင့် ဆိုသော် ရက်ဂျီနာ၏ဘဝ၊ အသက်အရွယ် အပိုင်းအခြားများကို အမှတ်တရ ဖော်ပြနေလေသည်။

သို့သော် ရက်ဂျီနာ၏ စွဲမက်ဖွယ်ကောင်းသော မျက်နှာကလေးကို ငေးစိုက်ကြည့်နေရာမှ ဒိုင်းလ်သည် ဝမ်းနည်းသကဲ့သို့ ခံစားလာမိ၏။ ရက်ဂျီနာ၏ နောက်ဆုံးပုံမှာ သတို့သမီးပုံဖြစ်၏။ ထိုပုံ၏နောက်တွင် ဓာတ်ပုံကပ်ရန် စာမျက်နှာ အနက်ရောင်များ ကျန်နေသေး၏။

သူ၏မုဆိုးမဘဝ ဓာတ်ပုံကိုကား မတွေ့ရချေ။ ကျန်ရှိနေသေးသည့် ထိုမျက်နှာများကို မည်ကဲ့သို့ သူ ဖြည့်ပါအံ့နည်း။

## အခန်း ၂၂

တက်စ်သည် ဂစ်ဒီယွန်၏ သပ်ရပ်သန့်ရှင်းသောအခန်းကို ကြည့်ကာ ဒေါ်ပွလျက်ရှိ၏။ နှာခေါင်းလည်း ရှုံ့မိ၏။ ဂစ်ဒီယွန်သည် သပ်ရပ်မှုကို အလွန်သဘောကျသူဖြစ်သည့်ပြင် သန့်ပြန့်မှုကိုလည်း အလွန်ဂရုစိုက်၏။ ဤသည်ကို သူ မနာလိုဖြစ်မိ၏။

ဖိနပ်ကိုပင် တစ်သီးတခြားစီး၏။ အိပ်ရာဝင်ဖိနပ်ကို ခုတင်ဘေး တွင် အစီအရီချထား၏။ ဘီး၊ လက်သည်းညှပ် ကိရိယာ၊ လက်သည်းကို ပွတ်တိုက်သည့် တံစဉ်း၊ သွားတိုက်ဆေးဘူး၊ သွားပွတ်တံ၊ မုတ်ဆိတ်ရိတ် ကိရိယာ၊ နှုတ်ခမ်းမွေးနှုတ်သော ဇာဂနာစသည်တို့မှာ ကြွေထည်ဖြင့် ပြုလုပ်ထားသော ဇလုံထဲတွင် အစီအရီ ရှိနေ၏။

တက်စ်သည် ဒေါသထွက်ထွက်ဖြင့် သေသေသပ်သပ်ရှိနေသည့် ဂစ်ဒီယွန်၏ပစ္စည်းများကို မွှေနှောက်ရှာဖွေ၏။ မသင်္ကာစရာဟူ၍ တစ်စုံတစ်ရာ မတွေ့ရချေ။ တစ်ဖန် အခန်းနံရံများကို ရှာကြည့်၏။ ဖွက်ထားနိုင်သည့်နေရာ ဟူ၍မရှိ။ ဂစ်ဒီယွန်တွင် ဗီရိုစသည့် ပစ္စည်းထည့်စရာ ပရိဘောဂဟူ၍ မရှိချေ။ သို့နှင့် အိပ်ရာခင်းကိုလည်း လှန်လှောကြည့်မိ၏။ သူ မွှေနှောက်ရှာဖွေပြီးသည့် ပစ္စည်းများကို မွှေနှောက်ထားသည့်အတိုင်းပင် ထားလိုက်၏။

ထိုအချိန်တွင် ခုတင်ဘေးရှိ ဂစ်ဒီယွန်၏ လက်ဆွဲသားရေသေတ္တာ ကြီးကို တွေ့သွား၏။ သေတ္တာကြီးမှာ နံဘေးမှဖောင်းနေ၏။ သို့နှင့် သူသည် လျှင်မြန်စွာ ထသွားပြီးနောက် သားရေသေတ္တာကြီးကို ဆွဲ၍ ဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းတွင် မည်သည့်ပစ္စည်းကိုမျှ မတွေ့ရချေ။ သို့သော် အပြင်ဘက်မှ ကြည့်သည့်အခါ အဘယ့်ကြောင့် ဖုဖောင်းနေလေသနည်း။ သေတ္တာ၏ ဘေးတွင် အိတ်တစ်လုံးရှိ၏။ ထိုအိတ်ကို ဇစ်ဖြင့် ပိတ်ထား၏။ သော့ခတ်၍ မထားသဖြင့် သူသည် အလွယ်တကူပင် ဖွင့်လိုက်၏။ အထဲမှ ဖုဖောင်းနေသော ပစ္စည်းများကို ဆွဲထုတ်လိုက်လေသည်။

"ဟာ . . . ဒီကောင်ကြီး ခုထက်ထိ ဒီစိတ်တွေ မကုန်သေးဘူးဘဲ" ဟု နှုတ်မှ ရေရွတ်လိုက်၏။

သူ တွေ့မြင်လိုက်ရသည်များက ညစ်ညမ်းသည့် ဓာတ်ပုံများ အထပ်လိုက် ဖြစ်လေသည်။

## အခန်း ၂၃

တတိယထပ်သို့ ရောက်သောအခါ ရက်ဂျီနာသည် စိတ်စောနေသော ဂျင်းလူးဝစ်ကလေးကိုဆွဲ၍ ဟာမင်စကိုဘီ၏အခန်းသို့ တိုက်ရိုက်ဝင်သွား၏။ ထို့နောက် စကိုဘီပေးသောသော့ဖြင့် အခန်းတံခါးကို ဖွင့်လိုက်၏။ ဂျင်းရောသူပါ အခန်းထဲသို့ ရောက်သောအခါ အခန်းတံခါးကို အတွင်းမှ သော့ခတ်လိုက်၏။ ပို၍သေချာစေရန် မင်းတုံးကိုလည်း ထိုးထားလိုက်၏။ ဤသို့ဖြင့် ရက်ဂျီနာသည် ဒိုင်းလ် ညွှန်ကြားလိုက်သည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာလေသည်။

သူတို့သုံးယောက်အနက် စကိုဘီသည် မိမိအား စိတ်အဝင်စားဆုံးပုဂ္ဂိုလ်ဖြစ်၏။ မိမိအား ကြည့်သည့်အခါတိုင်း စကိုဘီ၏ မျက်လုံးများတွင် မယုံသင်္ကာမှုများ ပြည့်နှက်ကြောင်း သိသာလှ၏။

ဂစ်ဒီယွန်းနှင့် တက်စ်တို့ မည်သည့်အလုပ် လုပ်ကိုင်စားသောက်ကြသည်ကိုလည်း ရက်ဂျီနာ သိလို၏။ သူတို့တွင် တစ်နေရာမှ ဝင်ငွေရသည်ကိုမူ ပြောစရာမလိုချေ။ တစ်ခုခက်သည်မှာ သူတို့ ဘာကောင်တွေဆိုသည့် အချက်ကို အတိအကျ မသိနိုင်ခြင်းပင် ဖြစ်၏။ သူ၏ပတ်ဝန်းကျင်မှ လူများအားလုံးပင် လျှို့ဝှက်ကြသူများ ဖြစ်၏။ သူတို့အချင်းချင်းလည်း တစ်ယောက်ကို တစ်ယောက် ယုံကြည်ကြဟန် မတူချေ။

သူတို့ ပြောဆိုကြသည့် စကားများကို ထောက်ချင့်ခြင်းအားဖြင့် စကိုဘီသည် ဆော့လိပ်မြို့သားဖြစ်၏။ ရက်ဂျီနာ ကြားဖူးသော ဆော့လိပ်



www.burmeseclassic.com

www.burmeseclassic.com



မြို့သားများသည် အများအားဖြင့် ယာဉ်မောင်းသမားများသာ ဖြစ်၏။ စကိုဘီသည် လက်တစ်ဖက်မသန်သဖြင့် လက်တုတပ်ထားရသောကြောင့် ယာဉ်မောင်းခြင်းဖြင့် အသက်မွေးနိုင်ဟန် မတူချေ။

ထို့နောက် ရက်ဂျီနာသည် စားပွဲပေါ်တွင် အထပ်လိုက်တင်ထားသည့် သတင်းစာအဟောင်းများဆီသို့ အာရုံရောက်သွား၏။ ဆော့လိပ်တယ်လီဂရမ်သတင်းစာ၏ တနင်္ဂနွေနေ့ထုတ် အားကစားကဏ္ဍမှ သတင်းအချို့ ဖြတ်ထားသည်ကို တွေ့ရ၏။ သတင်းစာတိုင်း၏ စာမျက်နှာတွင် ဟာမင်စကိုဘီ၏ ဓာတ်ပုံများကို တွေ့ရ၏။ သူကိုယ်တိုင်ရေးသည့် ဆောင်းပါးများကိုလည်း တွေ့ရ၏။ ဆောင်းပါးတစ်ခု၏ခေါင်းစဉ်မှာ "ကျွန်ုပ် ဤသို့မြင်သည်"ဟု တပ်ထား၏။ ဆောင်းပါးမှာ အပတ်စဉ်ပါလေသည်။

"သြော် . . . သူက အားကစား ဆောင်းပါးရှင်ပါလား။ ပင်တိုင်ဆောင်းပါးရှင်ပါလား"ဟု ရက်ဂျီနာက တွေးမိ၏။

အထက်ပါ အကြောင်းများကို တွေးတာ စဉ်းစားလျက်ရှိစဉ် . . .

"အန်တီရက်ဂျီ ဒီမှာကြည့်ပါဦး"ဟု ဂျင်းလူးဝစ်၏အသံကို ကြားလိုက်ရ၏။

သို့နှင့် ရက်ဂျီနာသည် သတင်းစာများကို ကြည့်နေရာမှ မျက်နှာကိုခွာ၍ ဂျင်းညွှန်ပြရာသို့ ကြည့်လိုက်၏။ မျက်နှာသစ်သည့် ရေဇလုံအပေါ်ရှိ တန်းပေါ်တွင် ဆေးပုလင်းများ အစီအရီ တင်ထားသည်ကို တွေ့မြင်ရ၏။ သို့နှင့် ဆေးပုလင်းများကို သွားရောက်ကြည့်ရှုရာ ဆေးများမှာ အညောင်းမိသောအခါ သောက်သည့်ဆေးပြားများ၊ ပန်းနာရင်ကျပ်ဖြစ်သည့်အခါ သောက်သော ဆေးပြားများ၊ အဆုတ်ရောဂါအတွက် သောက်သည့် ဆေးပြားများ၊ နှလုံးငြိမ်ဆေးများ၊ အသည်းဆေးများ၊ ဆီးချိုရောဂါအတွက် ဆေးများစသည်တို့ဖြစ်၏။ ပုလင်းတိုင်း၌ ဆေးအညွှန်းများကို ရေးထား၏။ ဆေးတိုင်းကို တစ်နေ့လျှင် နှစ်လုံးမှသုံးလုံးအထိ သောက်ရန် ညွှန်ထား၏။ ထိုအခါမှ စကိုဘီမှာ တကယ့်ရောဂါသည်ကြီးတစ်ယောက် ဖြစ်ကြောင်း ရက်ဂျီနာ သိရတော့၏။ မိမိခင်ပွန်းသည် ချားလ်(စ်)လင်းဘတ်၏အသုဘ၌ စကိုဘီသည် သူ၏အကျီအိတ်ထဲမှ ဆေးပြားများကို မကြာခဏ ထုတ်၍စားတတ်သည်ကို ပြန်၍ သတိရမိလေသည်။

ဂျင်းက "နေပါဦး . . . ကျွန်တော်တို့ ဘာကို ရှာနေကြတာလဲ အန်တီ"





"အိုကွယ် . . . ဘာမှမဟုတ်ပါဘူး"

ရက်ဂျီနာသည် မည်ကဲ့သို့ ပြန်၍ဖြေရမည်မသိ ဖြစ်သွား၏။

ထိုအခိုက်တွင် အပြင်မှ တံခါးခေါက်သံ ကြားလိုက်ရသဖြင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။ သို့နှင့် တံခါးဝသို့ လှမ်းကြည့်လိုက်ရာ မင်တုံးချ၍သော့ခတ်ထားသောကြောင့် အပြင်ဘက်မှ ဖွင့်၍ရမည် မဟုတ်ချေ။ သို့နှင့် ရက်ဂျီနာသည် တွေဝေငေးငိုင်လျက်ရှိနေ၏။ တံခါးလက်ကိုင်ဘုကို အပြင်ဘက်မှ လှည့်၍ဖွင့်နေကြောင်း သူ့မျက်စိနှင့် တပ်အပ် မြင်နေရသောကြောင့် ကြောက်လန့်နေ၏။ သို့သော် ဖွင့်၍ရမည် မဟုတ်ချေ။

တံခါးကို ဖွင့်မရသဖြင့် အပြင်ဘက်မှ တဒုန်းဒုန်းထုပြန်၏။ ဂျင်းလေးသည် ရက်ဂျီနာ၏ခါးကို ဖက်တွယ်ထားရာ သူကိုယ်တိုင်မှာလည်း ခါးကို ပြန်၍ဖက်ထားမိ၏။ တူဝရီးနှစ်ယောက်စလုံးပင် ကြောက်ဒူးတုန်လျက်ရှိနေကြလေသည်။

"ဘယ်သူလဲ" ရက်ဂျီနာသည် အခန်းတွင်းမှ လှမ်းအော်လိုက်ရာ အပြင်မှ တစ်စုံတစ်ရာ ပြန်၍ဖြေသံမကြားရဘဲ တံခါးကိုသာ အရဖွင့်နေ၏။

"ဘယ်သူလဲမေးတာ မကြားဘူးလား၊ အော်လိုက်ရမလား"

ရက်ဂျီနာသည် မေးသာမေးနေရသော်လည်း အသံမှာ တုန်တုန်ယင်ယင် ဖြစ်နေ၏။ တစ်ဖက်မှလည်း လုံးဝ ပြန်၍အဖြေမရချေ။ ရက်ဂျီနာမှာ မည်ကဲ့သို့ ဆက်လက်လုပ်ရမည်ကို မသိနိုင်အောင် ဖြစ်နေ၏။ သို့သော် အပြင်ဘက်မှ ပြန်၍လှည့်ထွက်သွားသော ခြေသံကို ကြားလိုက်ရ၏။ ထိုအခါ ရင်ထဲမှ အလုံးကြီးကျသွားတော့၏။ အပြင်ဘက်မှလူသည် တစ်စုံတစ်ရာ အဖြေမပေးဘဲ ထွက်သွားသည်ကိုမူ သူ၏စိတ်ထဲ၌ မချင့်မရဲဖြစ်၍ ကျန်ရစ်ခဲ့၏။ ရင်ထဲ၌လည်း တဆတ်ဆတ် တုန်နေလေသည်။

ဂျင်းက "အန်တီရက်ဂျီ အပြင်က ဘယ်သူလဲဟင်။ ဘာဖြစ်လို့ တံခါးဖွင့်မပေးတာလဲ"

"ဘယ်သူမှန်းမှ မသိတာ"

ရက်ဂျီနာကမူ တိုတိုပဲဖြေ၏။ ဂျင်းသည် သူ့အန်တီ၏အဖြေကို ကျေနပ်ဘဲ သူ၏အသိဉာဏ်ကလေးနှင့် လိုက်၍မမှီနိုင်အောင် ဖြစ်နေ၏။

"ပြောပြပါ အန်တီရက်ဂျီရယ်၊ အန်တီတို့ ဘာတွေလုပ်ကြတာလဲ"

သို့နှင့် ရက်ဂျီနာသည် စကားလမ်းကြောင်းလွှဲသွားစေရန် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဂျင်း၊ တကယ်လို့သာ မင်း ကစားစရာတွေကို ဒီအခန်းထဲမှာ ဝှက်ခိုင်းရင် မင်း ဘယ်မှာဝှက်မလဲ"ဟု မေးလိုက်၏။

ဂျင်းသည် တစ်ခန်းလုံးကို မျက်စိကစား၍ ကြည့်လိုက်၏။ ထို့နောက် ခေါင်မိုးမျက်နှာကြက်ကို ကြည့်ကာ . . .

"ဟော . . . ဟိုအပေါ်မှာ ဝှက်မှာပေါ့"ဟု ပြော၍ မျက်နှာကြက်ပေါ်၌ ဟိုက်နေသည့်နေရာကို လက်ညှိုးထိုးပြ၏။

မှန်ပေသည်။ ရက်ဂျီနာသည် ဂျင်းညွှန်ပြသောနေရာကို ကြည့်လိုက်ရာ ဟိုတယ်၏ အခန်းမျက်နှာကြက်တွင် လူတစ်ယောက် ဝင်သာလောက်သည့် အပေါက်တစ်ပေါက်ကို တွေ့ရ၏။ အပေါက်မှာ မျက်နှာကြက်နှင့် ကပ်နေသောကြောင့် ရက်ဂျီနာအရပ်နှင့် အပေါက်ထဲ၌ ဘာရှိသည်ကို မမြင်နိုင်ချေ။ စိတ်ဝင်စားစရာပင် ဖြစ်တော့၏။

"ဟုတ်တယ် . . . ဖြစ်နိုင်တယ်"

ရက်ဂျီနာသည် ဂျင်း၏အဆိုကို ထောက်ခံလိုက်၏။ သို့နှင့် ရက်ဂျီနာသည် လက်တန်းမပါသော ကုလားထိုင်တစ်လုံးကို ထိုအပေါက်တည့်တည့်သို့ ရွှေ့ပြီးလျှင် ကုလားထိုင်ပေါ်သို့ တက်ကြည့်၏။ ထိုမှတစ်ဆင့် နံရံကပ်ဗီရိုပေါ်သို့ တက်၏။ သို့သော် ရက်ဂျီနာသည် အရပ်ပုနေသဖြင့် အပေါက်အတွင်းသို့ မမြင်ရသေးချေ။

သို့နှင့် ရက်ဂျီနာသည် ခြေဖျားထောက်ပြီးလျှင် လက်တစ်ဖက်ဖြင့် အပေါက်ထဲသို့ နှိုက်၍စမ်းကြည့်ပြန်၏။ သို့သော် အပေါက်ထဲ၌ ဖုံများကိုသာ စမ်းမိ၏။ တစ်စုံတစ်ရာ အကြောင်းမထူးချေ။ သို့နှင့် ရက်ဂျီနာသည် လက်လျှော့ကာ ပြန်၍ဆင်းမည်အပြုတွင် သူ၏လက်နှင့် တစ်စုံတစ်ခုကို ထိတွေ့မိရာ လက်ဖျားများပင် ကျင်သွားသကဲ့သို့ ခံစားလိုက်ရ၏။ စမ်းမိသော အရာဝတ္ထုမှာ မာကြော၍ အသေအချာ စမ်းကြည့်သောအခါမှ သေတ္တာတစ်လုံး ဖြစ်ကြောင်း သိလိုက်၏။ ရက်ဂျီနာ၏ ရင်ထဲတွင်လည်း တစ်မျိုးတစ်မည် ခံစားလိုက်ရ၏။ မိမိရှာဖွေနေသော ပစ္စည်းကို အကယ်ပင် တွေ့လေပြီလော။ သို့နှင့် ရက်ဂျီနာသည် တတ်နိုင်သမျှ နံရံကို ကုတ်ပြီးလျှင် လက်တစ်ဖက်တည်းဖြင့် သေတ္တာကို အောက်သို့ ဆွဲချလိုက်၏။ အစွန်းသို့ ရောက်လာသောအခါမှ သားရေအိတ်တစ်လုံးဖြစ်ကြောင်း သိရတော့၏။ ခရီးဆောင်သားရေအိတ်ထက် သုံးဆခန့်ကြီး၏။ အတွင်းရှိ ပစ္စည်းများသည် မည်သည့်ပစ္စည်းများ





ဖြစ်ကြောင်း မသိရသော်လည်း အိတ်မှာ အတော်ပင်လေးလံလှ၏။ ရက်ဂျီနာ ရင်ခုန်ရပြန်ပါပြီကော။

သေတ္တာ၏အလေးချိန်ကို မထိန်းနိုင်သဖြင့် ရက်ဂျီနာသည် မိမိကိုယ်ကို မိမိထိန်းကာ သေတ္တာကို အောက်သို့လွှတ်ချလိုက်၏။ ထို့နောက်မှ သူသည် တစ်ဆင့်ချင်း အောက်သို့ချပြီးလျှင် သေတ္တာကို ကြမ်းပြင်ပေါ် အရွတ်တိုက် ဆွဲယူလာ၏။ ထို့နောက် စားပွဲတစ်လုံးပေါ်သို့ မနိုင့်တစ်နိုင် မတင်၏။ ဂျင်းလူးဝစ်ကလေးမှာ သူ၏နံဘေးတွင် ကပ်၍ သူလုပ်သမျှကို မျက်လုံးအဝိုင်းသားနှင့် လိုက်ကြည့်နေလေသည်။

"ကျွန်တော်တို့ ကစားတဲ့ ရတနာရှာဖွေတမ်းကစားနည်းမှာ အန်တီ ရက်ဂျီနာ နိုင်သွားပြီလား"

ဂျင်းလူးဝစ်သည် ရက်ဂျီနာ၏ အားတက်သရော ဖြစ်နေသော မျက်နှာကိုကြည့်၍ မေးလိုက်၏။

"ဂျင်း . . . ဒီလိုလုပ်စမ်း။ ကလေးဟာ အန်တီရဲ့စကားကို နားထောင်စမ်းပါ။ ကလေး အောက်ထပ်ကို အခုချက်ချင်း ပြန်ဆင်းသွား။ "လေးနှစ်ဆယ့်တစ်"ကစားခဲ့တဲ့ ခုံကနေ ထိုင်စောင့်နေ"

"ဟင် . . . ဘာဖြစ်လို့လဲ အန်တီ။ ဒီသေတ္တာထဲမှာ ဘာရှိတယ်ဆိုတာ ကျွန်တော်လည်း သိချင်တယ်"

"မဟုတ်ပါဘူး။ ဒီသေတ္တာကို အောက်ယူလာမှာပါ။ တို့ အခု သေတ္တာကိုတွေ့ပြီ၊ တို့ ကစားပြိုင်ပွဲထဲမှာ သေတ္တာကို တွေ့ရုံနဲ့မပြီးသေးဘူး။ အောက်ထပ်ကို အရင်ဆုံး ရောက်ရဦးမယ်။ ဒါကြောင့် ကလေးကို အောက်ထပ် အရင်ဆင်းပါလို့ ပြောတာ။ ဒီတော့မှ တို့ နိုင်မှာပေါ့ကွယ်"

ရက်ဂျီနာသည် ရောက်တတ်ရာရာ လျှောက်ပြော၏။ ဂျင်းမှာ မကျေမနပ် ဖြစ်နေသော်လည်း ဤကစားနည်းတွင် အနိုင်ရလိုမှုနှင့် စိတ်အားထက်သန်နေမှုကြောင့် နားမလည်သော မျက်နှာထားဖြင့် ဦးခေါင်းကလေးကို ညိတ်ပြလိုက်၏။ သို့နှင့် ရက်ဂျီနာက တံခါးဖွင့်ပေးလိုက်သောအခါ ဂျင်းကလေးသည် အောက်ထပ်သို့ ဆင်းသွား၏။ ထိုအခါမှ ရက်ဂျီနာသည် တံခါးကို ပြန်ပိတ်ပြီးနောက် သေတ္တာတင်ထားခဲ့သည့် ခုံပေါ်သို့ ပြန်လာခဲ့၏။

သေတ္တာမှာ သော့ခတ်ထားသဖြင့် မည်ကဲ့သို့ ဖွင့်ရမည်ကို ရက်ဂျီနာ အကြံညာဏ်ထုတ်၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂၄

ဟိုတယ်၏ ညည့်ခန်းထဲတွင် ဂျင်းတစ်ယောက်တည်း "လေး နှစ်ဆယ့်တစ်" ကစားနည်းကို အံစာတုံးကလေးသုံးတုံးကို ပစ်၍ကစားနေ၏။ သို့သော် တစ်ယောက်တည်း ကစားရသဖြင့် ချက်ချင်းလိုပင် ငြီးငွေ့လာဟန်တူ၏။ အပေါ်ထပ်မှ သူ၏ အန်တီရက်ဂျီ ဆင်းအလာကိုသာ စောင့်မျှော်နေလေသည်။

သို့ရှိစဉ် နောက်ဘက်မှ ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ရက်ဂျီနာမဟုတ်ဘဲ ဂစ်ဒီယွန်ဖြစ်နေ၏။ ဂစ်ဒီယွန်သည် စကားတစ်ခွန်းမျှ မပြောဘဲ နှစ်ယောက်ထိုင် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်၏။ သူ၏မျက်နှာပေါ်တွင် မကျေနပ်မှု၊ အရှုံးနှင့် ရင်ဆိုင်ရသောကြောင့် စိတ်ပျက်မှုများ ပေါ်လွင်နေသဖြင့် ဂျင်းမှာ ရယ်ချင်စိတ်ပေါ်လာ၏။

တစ်ခဏမျှအကြာတွင် တက်စ် ရောက်လာပြန်၏။ သူသည်လည်း စိတ်လက်မကြည်မသာ ဖြစ်နေဟန်တူ၏။ သို့နှင့် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်ပြန်၏။ ဂစ်ဒီယွန်က သူ့ကိုကြည့်သောအခါ သူသည် ဦးခေါင်းကို ယမ်းပြလိုက်၏။

ထိုအခိုက် အခန်းထဲသို့ ဒိုင်းလ် ဝင်လာပြန်၏။

ဒိုင်းလ်က စတင်၍ "အခြေအနေဘယ်လိုလဲ"

တက်စ်က "မင်းကော ဘယ်လိုလဲ၊ ဘာတွေ့သလဲ"

ဒိုင်းလ်က "အကြောင်းမထူးပါဘူး"





ဂစ်ဒီယွန်က "ခင်ဗျားမျက်နှာ မြင်ကတည်းက ခင်ဗျား စိတ်ပျက်လာတယ်လို့ ကျုပ် ထင်သားပဲ"

ဒိုင်းလ်က စိတ်တိုတိုဖြင့် "ဒီအရွယ်ကြီးကျမှ ငိုပြနေရမှာလားဗျ၊ စိတ်ပျက်ရင် မျက်နှာလည်း ပျက်တာပေါ့"

နောက်ဆုံး၌ အခန်းထဲသို့ ရက်ဂျီနာဝင်လာရာ ၎င်းအား အားလုံးက ဝိုင်း၍ ကြည့်လိုက်ကြ၏။

"ရှင်တို့တစ်တွေ ဘာတွေများ တွေ့ကြသလဲ"

တက်စ်က "ကျုပ်တို့ကို မေးမနေနဲ့။ ခင်ဗျားလည်း ဘာမှမတွေ့ခဲ့ဘူး မဟုတ်လား"

"ဟုတ်တယ်။ ကျွန်မလည်း ဘာမှမတွေ့ဘူး"

ရက်ဂျီနာသည် ပေါ့ပေါ့တန်တန်ပင် ဣန္ဒြေလုံးဝမပျက်ဘဲ ဖြေ၏။

သူတို့အားလုံးကြားထဲမှ မခံချင်စိတ်ပေါက်လာသူမှာ ဂျင်းလူးဝစ်ပင်ဖြစ်၏။ ရက်ဂျီနာသည် စကိုဘီ၏အခန်းတွင်း မျက်နှာကြက်ထဲမှ သေတ္တာကြီးတစ်လုံးကို တွေ့လျက်နှင့် မတွေ့ဟုပြောသည်ကို ဂျင်း၏စိတ်ထဲတွင် ကျေမနပ်ဖြစ်လာသဖြင့် သူသည် ထိုင်နေသော ခွေးခြေခုံပေါ်မှ အောက်သို့ ခုန်ဆင်းလိုက်၏။ ထို့နောက် ပြင်သစ်ဘာသာဖြင့် ရက်ဂျီနာအား ပြောလိုက်၏။

"ဂျင်း... မင်း ဘာတွေလျှောက်ပြောနေတာလဲ"ဟု ရက်ဂျီနာက ဒေါက်၍ ပြောလိုက်၏။

ဂျင်းက အားတက်သရောဖြင့်...

"ဒီကစားနည်းမှာ ကျွန်တော်တို့ နိုင်တယ်မဟုတ်လား"

တက်စ်က ရိပ်မိသွားသဖြင့်...

"ပြောစမ်း... ပြောစမ်း။ ဘာတွေတွေ့သလဲ"

"ဒီကလေးပြောနေတာ ဘာလဲ"

ယခုတိုင် နားမလည်နိုင်သဖြင့် ဂစ်ဒီယွန်က မေးလိုက်၏။

ဒိုင်းလ်က "မင်း ဘာတွေ တွေ့ခဲ့သလဲ ဂျင်း။ ဦးဦးကို ပြောစမ်း"

"ဘာမှမဟုတ်ပါဘူး"ဟု ရက်ဂျီနာက ဝင်၍ဖြေလိုက်၏။

ဂျင်းသည် အောင်နိုင်သူတို့၏ လေသံဖြင့် "သေတ္တာတစ်လုံး... ကျွန်တော်တို့ သေတ္တာတစ်လုံးကို ရှာတွေ့တယ်"

"မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရက်ဂျီနာ၏အသံသည် တုန်တုန်ယင်ယင် ဖြစ်နေ၏။

တက်စ်နှင့် ဂစ်ဒီယွန်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ နှစ်ယောက်စလုံးပင် တစ်ခုတည်းသော အတွေးပေါက်သွားကြ၏

''ဟာမင်စကိုဘီရဲ့ အခန်းမဟုတ်ဘူးလား။ ရက်ဂျီနာရှာခွင့်ရတာ'' ဟု နှစ်ယောက်စလုံး ပြိုင်တူရေရွတ်လိုက်ကြ၏။ သို့နှင့် တစ်ပြိုင်တည်းလိုပင် နှစ်ယောက်စလုံး ထိုင်နေရာမှ ထလိုက်ကြပြီးလျှင် လှေကားအတိုင်း ပြေးတက် သွားကြလေသည်။

''နေပါဦး ... ကျွန်မ ရှင်းပြပါရစေဦး''

ရက်ဂျီနာက တားလိုက်သေး၏။ သို့သော် သူပြောနေသော စကား များကို တစ်ယောက်မျှ နားမဝင်ကြချေ။ ဒိုင်းလ်သည်လည်း လှေကားပေါ်သို့ ပြေးတက်သွားသူနှစ်ယောက်ကိုဆွဲရန် သူတို့နောက်မှ ဆက်လိုက်၏။ ဂျင်း လူးဝစ်ကလေးကလည်း ရက်ဂျီနာနှင့် ထပ်ကြပ်မကွာ လိုက်ပါသွား၏။ ဤသို့ ချင် သူတို့အားလုံး ဝရုန်းသုန်းကားဖြစ်ကာ ဟိုတယ်လှေကားတစ်လျှောက် ညံသွားတော့၏။

စကိုဘီ၏အခန်းဝသို့ ရက်ဂျီနာရောက်သောအခါ ဂစ်ဒီယွန်၊ တက် နှင့် ဒိုင်းလ်တို့မှာ အခန်းထဲသို့ပင် ရောက်၍ နေကြလေပြီ။ လောဘ၊ ဒေါသ ... စသည်တို့ဖြင့်ပြီးသော သူတို့သုံးယောက်၏ မျက်လုံးခြောက်လုံးတို့ ... နှင့် လုံး မွှေနှောက်ရှာဖွေကြ၏။ ဒိုင်းလ်ကမူ သူတို့ မည်ကဲ့သို့ ဆက်လုပ် မည်ကို မျက်မှောင်ကုတ်ကာ စောင့်ကြည့်လျက် ရှိနေ၏။

မည်သူမျှ သတိမထားမိ၍ မတားလိုက်နိုင်မီ ဂျင်းလူးဝစ်သည် အခန်းထဲသို့ ပြေးဝင်သွား၏။ ထို့နောက် အခန်းခေါင်မိုး. ချက်နှာကြက် ကပ်လျက်ရှိသော အပေါက်ကို လက်ညှိုးထိုးကာ ...

''ဟောဟိုအပေါက်ထဲမှာ ... ဟောဟိုအပေါက်ထဲမှာ သေတ္တာ အမည်းကြီးတစ်လုံးရှိတယ်။ အန်တီရက်ဂျီကို ပထမဦးဆုံး နေရာပြ ကျွန်တော်ပေါ့''ဟု အသံစာစာကလေးနှင့် အော်ပြော၏။

တက်စ်သည် ကုလားထိုင်ပေါ်မှတစ်ဆင့် ဗီရိုပေါ်သို့ ခုန်တက်လိုက် ၏။ ထို့နောက် အပေါက်ထဲသို့ လက်နှိုက်ကာ စမ်းကြည့်၏။ သူတို့အား ဆန္ဒစောလျက်ရှိနေကြ၏။ သူ၏လက်ကို ပြန်၍ ထုတ်လိုက်သော ရက်ဂျီနာတွေ့ခဲ့သော သေတ္တာအမည်းကြီးကို တွေ့ရသဖြင့် ဒေါ





ဆွဲချလိုက်၏။ ဂစ်ဒီယွန်နှင့် တက်စ်တို့မှာ မျက်လုံးများကပင် ကျွတ်ကျ မတတ် ဖြစ်နေကြလေသည်။

''ဒီသေတ္တာကို ကျွန်မ ဖွင့်ကြည့်ပြီးပါပြီ။ ကျွန်မတို့ ရှာတဲ့ကိစ္စနဲ့ ဘာမှမဆိုင်ပါဘူး''

ရက်ဂျီနာသည် ယခုတိုင် ဟန့်တားသေး၏။ သို့သော် သူ၏စကား များကို မည်သူမျှ ယုံကြည်ဟန် မတူကြချေ။ ဂစ်ဒီယွန်၊ တက်စ်နှင့် ဒိုင်းလ် တို့သည် သေတ္တာအဖုံးကိုဖွင့်ရန် ကြိုးစားကြ၏။ အဖုံးပွင့်၍ အထဲမှ တစ်စုံ တစ်ရာ ခုန်ထွက်လာလျှင် မလွတ်တမ်း ဝိုင်းဖမ်းကြမည့် ပုံသဏ္ဌာန် ရှိနေကြ ၏။ အားလုံးပင် အရှူးအမူး ဖြစ်နေကြလေသည်။

အမှန်သော် အတွင်းမှပစ္စည်းသည် ဂျင်းလူဝစ်အတွက် ဖမြင် ကောင်းသော ပစ္စည်းဖြစ်နေသဖြင့် ရက်ဂျီနာသည် ကလေးငယ်ကို အခန်း ထဲမှ အချိန်မီ ဆွဲထုတ်သွား၏။ စိတ်အားထက်သန်နေသော လူသုံးယောက် တို့မှာ သေတ္တာအဖုံးကို ဖွင့်၍နေကြ၏။ လူသုံးယောက်၏ အင်အားကြောင့် အဖုံးပွင့်သွားတော့၏။ သို့နှင့် အတွင်းသို့ စူးစိုက်ကြည့်ရှုကြရာ အားလုံးပင် မျက်လုံးပြူးသွားကြတော့၏။

သေတ္တာအတွင်း၌ သူတို့ တွေ့ရသည်အရာကား သူတို့ မျှော်လင့် ထားကြသည့် ရွှေများမဟုတ်ဘဲ သေသပ်ကျနစွာ ထည့်ထားသည့် ဟာမင် စကိုဘီ၏ သံမဏိလက်တုကြီးသာ ဖြစ်တော့၏။ ၎င်းအတိုင်း ကြည့်ရသည် မှာ လူတစ်ယောက်၏ ပကတိလက်ပြတ်ကြီးနှင့် တူ၍နေသောကြောင့် ကြောက်မက်ဖွယ် ကောင်းလှတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂၅

ပထမဦးစွာ ဒိုင်းလ်သည် ထိုသေတ္တာနက်ကြီးကို မကြည့်ဘဲ မျက်နှာလွှဲလိုက်၏။ ထို့နောက် ဂစ်ဒီယွန်နှင့် တက်စ်တို့ကလည်း စိတ်လက်မကြည်မသာဖြစ်ကာ အဖုံးကို ပြန်ပိတ်လိုက်ကြ၏။ ထို့နောက် သေတ္တာကြီးကို မပြီးလျှင် မျက်နှာကြက်ရှိ အပေါက်ထဲသို့ ဗီရိုပေါ်မှတစ်ဆင့် ပြန်၍ တင်ထားလိုက်ကြ၏။

ထိုအချိန်မှ အဝင်ဝသို့ ရက်ဂျီနာ ပြန်ရောက်လာသဖြင့် အတွင်းသို့ ချောင်းကြည့်၏။ သူ၏နံဘေးတွင် ကလေးငယ်လည်း ရှိနေ၏။

"ဟာမင်စကိုဘီ တစ်ယောက်ကော မတွေ့ပါလား"ဟု ရက်ဂျီနာသည် သူတို့သုံးယောက်အား မေးလိုက်၏။

သူတို့သုံးယောက်သည် တစ်ပြိုင်တည်းလိုပင် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်၍နေကြ၏။ သို့သော် နှုတ်ခမ်းများကမူ မလှုပ်သော်လည်း မျက်လုံးချင်းဆုံ၍ မေးခွန်းထုတ်နေကြ၏။ အမှန်သော် သူတို့အားလုံးသည် စကိုဘီကို အချိန်ကြာမြင့်စွာ မေ့လျော့နေခဲ့ကြလေသည်။

ဂစ်ဒီယွန်းက "ဟုတ်သားပဲ . . စကိုဘီကော၊ သူ ဘယ်သူ့အခန်းကို ရှာခွင့်ရသလဲ"

"သူ ကျုပ်အခန်းကို ရှာခွင့်ရတယ်"

ဒိုင်းလ်က ကတိုက်ကရိုက်ပင် အဖြေပေးလိုက်ပြီးလျှင် သူ့အခန်းရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားရာ ကျန်လူများအားလုံးကလည်း





သူ၏နောက်မှ လိုက်ပါသွားကြ၏။ ကော်ရစ်ဒါဆုံးသွားသောအခါ ဒုတိယထပ်သို့ လှေကားအတိုင်း ဆင်းပြေးကြပြန်၏။ ဤသို့ဖြင့် မိနစ်ပိုင်းအတွင်း၌ ဒိုင်းလ်၏ အခန်းရှေ့သို့ လူစုံတက်စုံ ရောက်လာကြပြန်လေသည်။

တံခါးပေါက်တွင် သော့တန်းလန်း တပ်ထားသည်ကို တွေ့ရသဖြင့် ဒိုင်းလ်သည် သူ၏အခန်းတံခါးကို ဖွင့်လိုက်၏။ သို့သော် အခန်းထဲသို့ မဝင်သေးချေ။ အခန်းတွင်း၌ အမင်္ဂလာတစ်စုံတစ်ရာကို တွေ့ရလိမ့်မည်ဟု သူ့စိတ်ထဲတွင် ထင်နေမိ၏။ သို့နှင့် သူသည် တံခါးကို အသာအယာဖွင့်ပြီးလျှင် တစ်လှမ်းချင်းဝင်သွားတော့၏။ သူ့နောက်မှ လူများသည်လည်း ထက်ကြပ်မကွာ လိုက်လာကြ၏။ သူတွေးထင်သည့်အတိုင်း မှန်ပေသည်။ အခန်းအလယ်တွင် စကိုဘီသည် မှောက်လျက်သားလဲနေသည်ကို တွေ့ကြရသဖြင့် အားလုံးပင် ငြိမ်သက်စွာ ကြည့်နေကြ၏။ မည်သူမျှ စကားတစ်စုံတစ်ရာ မပြောကြချေ။

နောက်ဆုံး၌ ရောက်နေသော ရက်ဂျီနာသည် ရှေ့မှယောက်ျားများ ကွယ်နေသဖြင့် တစ်စုံတစ်ရာ မမြင်ရချေ။ သူသည်လည်း သိလိုစိတ်စောနေသဖြင့် . . .

"ဘာတွေဖြစ်နေကြတာတုန်း"ဟု ရှေ့သို့ မေးလိုက်၏။

ဒိုင်းလ်သည် ရက်ဂျီနာအား လှည့်မကြည့်ဘဲ . . .

"ဘာမှမဖြစ်ပါဘူး ရက်ဂျီ။ ကလေးကိုထိန်းရင်း ခင်ဗျား အပြင်မှာပဲ နေပါ။ အထဲကို မဝင်ခဲ့ပါနဲ့"ဟု ပြောကာ တံခါးကို ဆွဲ၍ပိတ်လိုက်၏။

ရက်ဂျီနာသည် မိမိနံဘေးတွင် ရပ်နေသော ဂျင်းလူးဝစ်ကို ငုံ့ကြည့်လိုက်၏။ ဂျင်းမှာ မည်သို့မျှ နားမလည်သကဲ့သို့ ဖြစ်နေတော့၏။ ရက်ဂျီနာသည် တစ်စုံတစ်ရာ ထူးထူးခြားခြားဖြစ်နေကြောင်း သိသော်လည်း ကလေးငယ်အား မည်သို့မျှ မပြောချေ။ လူငယ်သော်လည်း အကဲခတ်ကောင်းသော ဂျင်းကိုလည်း လိမ်ပြော၍မရကြောင်း သူသိ၏။ သို့နှင့် ခပ်မဆိပ်ပင်နေလိုက်၏။ သူ၏ စိတ်ထဲ၌မူ လက်တစ်ဖက်တည်းသာရှိသော စကိုဘီအပေါ်တွင် သနားကြင်နာစိတ်များ ပေါ်၍လာတော့၏။ တစ်ချိန်လုံး ဆေးစာရွှဲသော အသက်ရှင်နေရသော စကိုဘီအား စိတ်မကောင်းဖြစ်ရ၏။ နောက်တွင် သူ ချေးနေကျ အားကစားဆောင်းပါးများ ရေးနိုင်ပါဦးတော့မည်လော။ ဤကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



မကျန်းမာသည့် ကြားထဲ၌ပင် ပျောက်ဆုံးသွားသော ရွှေများနောက်သို့ ခွဲမာန်ကြီးကြီးနှင့် လိုက်လာသည်မှာလည်း အံ့သြစရာပင် ဖြစ်တော့၏။

ဒိုင်းလ်နှင့် ဂစ်ဒီယွန်တို့သည် စကိုဘီ၏ ခန္ဓာကိုယ်ကြီးကို ပက်လက်လှန်လိုက်ကြ၏။ တစ်ဖက်တွင်ရပ်နေသော တက်စ်ကမူ စကိုဘီ၏ ကိုယ်ကို လုံးဝမထိမကိုင်ဘဲ ရှိနေ၏။ သူ၏မျက်လုံးများသည် စကိုဘီအား ရဲရဲဝံ့ဝံ့ မကြည့်ဝံ့ဘဲ ခပ်စောင်းစောင်းသာ ဇွေကြည့်နေ၏။ ဤကဲ့သို့ စကိုဘီ သေးခြင်းဆိုး သေသွားရသည်ကို သူသည် တုန်လှုပ် ကြောက်လန့်လျက် ရှိလေသည်။

ဒိုင်းလ်နှင့် ဂစ်ဒီယွန်တို့ကမူ အသက်ပျောက်နေပြီဖြစ်သော စကိုဘီ၏ အလောင်းကို ချီမကြည့်ရာ သူ၏မျက်နှာပေါ်တွင် မသေမီက ဝေဒနာတစ်ရပ်ကို အပြင်းအထန်ခံစားရကြောင်း ပေါ်လွင်လျက်ရှိနေ၏။ ထို့ပြင် သူ၏မျက်လုံးများတွင်လည်း တစ်စုံတစ်ရာကို အလွန်အမင်း ကြောက်လန့်နေခဲ့ပုံပေါ်နေ၏။ နှစ်ပေါင်းများစွာကပင် စကိုဘီနှင့် သိကျွမ်းလာခဲ့ရသော ဂစ်ဒီယွန်သည် ယခင်က တစ်ခါမျှမမြင်ဖူးသော စကိုဘီ၏မျက်နှာကို မြင်ရသောအခါ ကြက်သေသေ၍ နေတော့၏။

စကိုဘီ၏ ခန္ဓာကိုယ်ကြီးမှာလည်း မပျက်စီးမကျိုးပဲ့ သွေးထွက်သံယိုလည်းမဖြစ်ဘဲ တုန်လှုပ်ဖွယ် တစ်စုံတစ်ရာကိုတွေ့၍ နှလုံးသွေးရပ်၍ သေသွားသည်ဟု ထင်မိ၏။ ထို့ပြင် အပြင်သို့ ပြူးထွက်နေသည့် မျက်လုံးနှင့် ဟနေသည့် ပါးစပ်မှာ ကြောက်မက်ဖွယ်ဖြစ်နေတော့၏။ သူကဲ့သို့ ရောဂါစုံသော လူတစ်ယောက်သည် တစ်စုံတစ်ရာ မမျှော်လင့်ဘဲနှင့် အသက်ပျောက်လွယ်တတ်၏။

ထိုစဉ် ဂစ်ဒီယွန်သည် စကိုဘီ၏ လက်ကောင်းတစ်ဖက်ကို စေ့စိုက်ကြည့်မိရာ လက်ဖဝါးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်ကို တွေ့ရ၏။ သို့နှင့် ဂစ်ဒီယွန်သည် ဆုပ်ထားသော လက်ထဲတွင် တစ်စုံတစ်ရာ ရှိလေမည်လောဟု သိချင်စိတ် ပေါ်လာသည်နှင့် လက်ကို ဖြေကြည့်၏။ သို့သော် ဖြေ၍မရသဖြင့် ရှိသမျှခွန်အားကိုထုတ်ကာ ဖြေလေသည်။

လက်ဖဝါးပြေသွားသောအခါ လက်ထဲတွင် ဆုပ်ထားသည့် အလူမီနီယံသတ္တုဖြင့် ပြုလုပ်ထားသည့် ဆေးဘူးကလေးတစ်ဘူး ကြမ်းပြင်ပေါ်သို့ ကျလာ၏။





ထိုအခါ ဒိုင်းလ်သည် ဆေးဘူးကလေးကို စိုက်ကြည့်နေပြီးလျှင် "ဘာများတုံး"ဟု မေးလိုက်၏။

ဂစ်ဒီယွန်က "သူ သောက်နေကျ နှလုံးအားတိုးဆေးလေ၊ သူ့မှာ နှလုံးရောဂါစွဲနေတာကြာပြီ"

ဒိုင်းလ်က "အင်း... ဒါလည်း ဖြစ်နိုင်တာပဲ။ သူ့ကို ကြည့်ရတာ ဒဏ်ရာလည်း ရှာမတွေ့ဘူး။ သွေးထွက်သံယိုလည်း မရှိဘူး"

ဂစ်ဒီယွန်က "မှန်တယ်။ သူ့မှာ ဆေးသက်ပဲ ရှိတော့တယ်။ သူ ဆေးတစ်ခါတစ်ခါသောက်ရင် လေးငါးခြောက်လုံး သောက်တယ်။ ရောဂါမျိုးစုံအတွက် ဆေးမျိုးစုံကို သောက်နေရတယ်၊ ခဏခဏလည်း သောက်ရတယ်"

ဒိုင်းလ်သည် စကိုဘီ၏အလောင်းကြီးကို ငုံ့ကြည့်ပြီးနောက်...

"သူ့ရောဂါနဲ့ပဲ သူသေတာ ထင်ပါရဲ့"ဟု မှတ်ချက်ချလိုက်၏။

"သူဟာ ကျူပ်တို့ရှာနေတဲ့ ရွှေတွေကိုတွေ့လို့ ဝမ်းသာပြီး နှလုံးသွေး ရပ်သွားတာ ထင်တယ်"

တစ်ချိန်လုံးငြိမ်သက်နေသော တက်စ်က ဝင်၍ပြောလိုက်၏။ သူ၏ ဦးနှောက်ထဲတွင် ထိုရည်ရွယ်ချက်များကို အပျောက်မခံနိုင်အောင် ဖြစ်နေ၏။

ဒိုင်းလ်က "ကျူပ်တော့ မထင်ဘူး။ ရွှေတွေကို သူတွေ့ခဲ့ရင် အခု ကျူပ်တို့လည်း တွေ့ရမှာပေါ့"

တက်စ်က "ဒါတော့ ဒီအခန်းက ခင်ဗျားအခန်းကိုဗျ၊ ခင်ဗျား ဒီစကားပြောမှာပေါ့"

"အို ... မယုံရင် ခင်ဗျားထပ်ရှာပေါ့"

ဒိုင်လ်က စိတ်တိုသွားသဖြင့် အော်၍ပြောလိုက်၏။

တက်စ်က "တွေ့ပြီးမှ တခြားတစ်နေရာမှာ ထပ်ဝှက်လိုက်တာ မဖြစ်နိုင်ဘူးလား"

"သူဟာ မသေခင်ကလေးမှာ ဝမ်းသာစရာတွေ့လို့ သေရတဲ့ပုံ မပေါ်ပါဘူး။ ကြောက်စရာကောင်းတဲ့ပုံပဲ သူ့မျက်နှာမှာ ပေါ်နေတယ်၊ ဝေဒနာ တစ်ခုကိုလည်း အပြင်းအထန် ခံစားသွားရတာ သေချာတယ်။ ဒီတော့ သူဟာ သူ အင်မတန်ကြောက်တဲ့ အရာဝတ္ထု၊ ဒါမှမဟုတ် လူတစ်ယောက်ကို တွေ့လိုက်လို့ဖြစ်မယ်"

ဂစ်ဒီယွန်က ကြားဝင်၍ ပြန်ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



တက်စ်က ''ဒါဖြင့် အဲဒီလူဟာ ဘယ်သူဖြစ်မလဲ''

ဂစ်ဒီယွန်က ''ကျုပ်တို့အထဲက တစ်ယောက်ယောက်ပေါ့''

တက်စ်က ''ဒါ... ဒိုင်းလ်ရဲ့အခန်း မဟုတ်လား''

''အခန်းက မဆိုင်ပါဘူး။ လူကသာ အဓိကပါ။ စကိုဘီ ကြောက်ရမယ့်လူ ဘယ်သူလဲ။ ကျုပ်တို့အထဲက ဘယ်သူလဲ''

တက်စ်က လေသံဖြင့် ''ဟော... ကျုပ် သတိရပြီ။ ကျုပ်တို့ ရက်ဂျီနာကို မေ့နေကြတယ်။ ရက်ဂျီနာဟာ စကိုဘီအခန်းကို ရှာခွင့်ရတဲ့သူပဲ။ ဒီတော့ မိန်းကလေးဟာ ရွှေတွေတွေ့သွားမယ်။ တွေ့တဲ့အကြောင်း စကိုဘီကို လာပြောမယ်။ ရည်ရွယ်ချက်ကတော့ ရှယ်ယာခွဲဖို့ကိစ္စပဲ ဖြစ်မယ်''

ရက်ဂျီနာအား စွပ်စွဲပြောဆိုနေသော တက်စ်အား ဒိုင်းလ်က မကျေမနပ်ဖြစ်သွား၏။

ဒိုင်းလ်သည် တက်စ်၏မျက်နှာနှင့် အနီးကပ်၍ ''ဒီကိစ္စမှာ ခင်ဗျား ကော မဖြစ်နိုင်ဘူးလား။ အစုဝေစု ငါးစုခွဲရရင် ငွေနည်းသွားမယ်လို့ ခင်ဗျား ပြောခဲ့တယ် မဟုတ်လား''

တက်စ်သည် ရယ်ကျဲကျဲနှင့် ပြုံးလျက် ''ဒီလို ဖြစ်လာရင် ခင်ဗျားက ကျုပ်ကို ကျေးဇူးတင်ရမှာပေါ့။ ဘာဖြစ်လို့ဆိုတော့ ခင်ဗျားဝေစုဟာ ငါးစု ခွဲရာက လေးစုပဲခွဲရတော့မယ်ဆိုတော့ တန်ဖိုးတက်လာတာပေါ့၊ မဟုတ်ဘူး လား''

''သူ့မျက်နှာကို ကျုပ်ကြည့်ရတာ စိတ်မချမ်းသာဘူးဗျာ။ ကျော ချမ်းတယ်''

ဂစ်ဒီယွန်သည် သူ့ရဲဘော်အတွက် စိတ်မကောင်းဖြစ်နေ၏။ စကိုဘီ၏အလောင်းကို မကြည့်တော့ဘဲ တတ်နိုင်သမျှ မျက်နှာလွှဲထား၏။ အလောင်းမှာ မျက်လုံးပြူးထွက်နေသဖြင့် လက်နှင့်ပိတ်လိုက်၏။ အဟောင်း သားဖြစ်နေသည့် ပါးစပ်ကိုလည်း ဆွဲစေ့လိုက်၏။ သို့သော် မေးခိုင်နေသဖြင့် စေ့မရဘဲ ဖြစ်နေ၏။ လက်ဖနောင့်ဖြင့် ရိုက်ပိတ်လိုက်မှ အံသွားကြိတ်သံနှင့် အတူ စေ့သွား၏။

''ကိုင်း... သူ့ကို ကျုပ်တို့ သူ့ခုတင်ပေါ် ရွှေ့ကြရအောင်။ သူ့ အခန်းထဲက သူ့ခုတင်ပေါ်မှာ ဒီအတိုင်းသေနေတယ်ဆိုရင်တော့ သူ အိပ်ပျော်





နေရင်းက သေတယ်လို့ ထင်ကြမှာပဲ၊ ဟိုတယ်အစောင့် တစ်ယောက်ယောက် တွေ့သွားရင်လည်း ကောင်းတာပဲ၊ ဒီကိစ္စအတွက် ကျုပ်တို့အားလုံးအပေါ် အမှုမပတ်စေချင်ဘူး။ ရဲဘက်က အမေးအမြန်းထူတာကိုလည်း မခံချင်ဘူး မဟုတ်လား''

ဂစ်ဒီယွန်သည် တက်စ်နှင့် ဒိုင်းလ်တို့၏ သဘောထားကို မေးမြန်း ရာ အခန်းပိုင်သည့် ဒိုင်းလ်က သဘောတူ၏။ စကိုဘီသည် သူ့ဘာသာသူ သေနေသည်ကို ရဲဘက်သိလျှင် သူ့အတွက် မလွယ်ချေ။ အဖြစ်အပျက် အမှန်ကိုလည်း ဖွင့်ပြောနိုင်စွမ်း မရှိကြချေ။

''ကောင်းတယ်။ ဒီအလောင်းကြီး ကျွန်တော့်အခန်းထဲမှာ ပုလိပ်က လာတွေ့ရင်တော့ အားလုံးခက်ကုန်မယ်''

သို့ပြောရင်း ဒိုင်းလ်သည် အလောင်းနံဘေး ဂစ်ဒီယွန်၏ တစ်ဖက် အားတွင် ထိုင်ချလိုက်၏။ ကြီးမှုားလေးလံသော စကိုဘီ၏အလောင်းကြီးကို ဂစ်ဒီယွန်နှင့်ဒိုင်းလ်တို့က ချီမ၍ သယ်ယူကြ၏။ တက်စ်ကမူ ထိုအချိန်ထိ လှုပ်မလှုပ်ရှိနေ၏။

တက်စ်က ''အင်း... ရဲဘော်စကိုဘီတစ်ယောက်တော့ ကံဆိုး သွားပြီ။ ဒီရွှေတွေဟာ တစ်ယောက်ပြီးတစ်ယောက် ကြိုဟ်မွှေတော့မှာပဲ''

ယခုအချိန်၌မူ စကိုဘီသည် သူ၏သံမဏိလက်တုကြီးကဲ့သို့ ကိုယ် ၏အစိတ်အပိုင်းအားလုံးသည် သေ၍သွားချေပြီ။ အကယ်၍ နောက်တစ် ကြိမ် နောက်ဘဝ သူနှင့်ပြန်လည်တွေ့ဆုံရလျှင် မိမွေးတိုင်းဖမွေးတိုင်း ကောင်းဘဝနှင့် တွေ့ပါရစေဟူ၍တော့ စိတ်ထဲတွင် ကြိတ်၍ ဆုတောင်း မိလေသည်။

သို့သော် နောက်တစ်ကြိမ် တွေ့ဆုံရမည့် နေရာကား နိဗ္ဗာန်ဘုံ မဟုတ်ကြောင်းတော့ သူနားလည်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၆

ဟိုတယ်တွင် ငှားသည့်အခန်းများကို ရှင်းလင်းရေးတာဝန်ကျ
''ဆိုဖီ''ဆိုသူသည် နောက်နှစ်နာရီခန့်မျှ အကြာတွင် စကိုဘီ၏အလောင်း
စကိုဘီနေသောအခန်းရှိ ခုတင်ပေါ်တွင် တွေ့လိုက်ရတော့၏။ စောင်
ပထမ ဖွင့်ကြည့်လိုက်သောအခါ ပြာနှမ်းနေသည့် စကိုဘီမျက်နှာကို
လိုက်ရ၏။ ဆိုဖီသည် သူ၏အဘွားဆုံးစဉ်အခါကလည်း ယခုကဲ့သို့ မျက်
အရောင် ပြောင်းလဲသွားသည်ကို သတိရမိသဖြင့် လန့်ဖျပ်သွား၏။

သို့နှင့် ဆိုဖီသည် ပါးစပ်မှ မအော်မိစေရန် အောင့်အီးချုပ်တ
ကာ အောက်ထပ်သို့ ပြေးဆင်းသွားပြီးလျှင် ဟိုတယ်မန်နေဂျာ မော့ကလဲ
၏ အခန်းထဲသို့ အမောတကော တန်း၍ဝင်သွားလေသည်။

ထို့နောက် လေးဆယ့်ငါးမိနစ်ခန့်အကြာတွင် အင်စပက်တာ ဂ
ပီးယား ရောက်လာတော့၏။ သူသည် လူသေမှု၊ သို့မဟုတ် လူသ
တစ်ခုအတွက် လုပ်ကိုင်ရန်ရှိသည်များကို ဆက်တိုက်လုပ်တော့၏။ သို့
ယခုအမှုကို မည်သူကပင် လူသေမှုဟု ပြောသော်လည်း သူကမူ လူသ
တစ်ခုအနေဖြင့်သာ ကိုင်တွယ်၏။ သို့နှင့် သူသည် လူသတ်မှုဖြစ်ကြော
သဲလွန်စ သက်သေသင်္ကာယများကို ရှာဖွေရပေတော့မည်။ အဘယ့်ကြော
ဆိုသော် စကိုဘီသည် ချားလ်(စ်)လင်းဘတ်၏ မိတ်ဆွေတစ်ယောက် ဖြ
သာမက လင်းဘတ်အသတ်ခံရသည့် အမှုနှင့်လည်း ဆက်နွယ်နေမည်
သေချာသောကြောင့် ဖြစ်၏။





သို့နှင့် ဂရင်းပီးယားသည် ဂစ်ဒီယွန်၊ တာက်စ်၊ ဒိုင်းလ်နှင့် ရက်ဂျီ
နာတို့ကို တစ်နာရီခွဲခန့်စီ တစ်ယောက်ချင်း ခေါ်ယူစစ်ဆေးလျက် ရှိနေ၏။
အဓိပ္ပာယ်တူသော မေးခွန်းများကိုပင် ထပ်တလဲလဲ မေးသော်လည်း အဖြေ
များကား ''ဘူး''ကွယ်သည့် ထူးမခြားနား အဖြေများသာ ရရှိတော့၏။ သူ
သည် ချားလ်သေဆုံးသည့်ကိစ္စနှင့် ပတ်သက်၍ ရက်ဂျီနာအား ခေါ်ယူ
မေးမြန်းစဉ်အခါက ရရှိခဲ့သော ထူးမခြားနား အဖြေများသာ ဖြစ်၏။ သို့နှင့်
ဂရင်းပီးယားသည် ထိုအကြိမ်တွင် သည်းမခံနိုင်လောက်အောင် ဖြစ်လာ
တော့၏။

သို့နှင့် ဂရင်းပီးယားသည် ခြေကို ခပ်ပြင်ပြင်းနင်းကာ လမ်း
လျှောက်လျက် ရှိနေ၏။ သူ၏ လက်အောက်ငယ်သားများကိုလည်း အသေး
အဖွဲ အမှားအယွင်းကလေးများမှအစ ဆူပူကြိမ်းမောင်းလျက်ရှိနေ၏။ ယခု
လော လောဆယ်တွင် ကော်မရှင်နာမင်းကြီးသည် ဂရင်းပီးယားအပေါ်တွင်
အထင်အမြင်သေးလာသည်ဟု သူသည် အလိုအလျောက်သိနေ၏။ အမှု
အကြီးအသေးများကြားတွင် လူသတ်မှုများကို သူ မဖြေရှင်း နိုင်သေးသဖြင့်
သူ၏ရာထူးတွင် အကြိမ်းအမောင်းခံရမည့်ကဲ့သို့ ရှိနေတော့၏။

ယခုတစ်ပတ်အတွင်း၌ ကော်မရှင်နာမင်းကြီးသည် သူ့အား နှစ်
ကြိမ်မျှခေါ်၍ လူသတ်မှု ထောက်လှမ်းရေး အခြေအနေများကိုမေး၏။ သူ့
ဘက်မှ မထူးခြားသေးကြောင်း ဖြေရသောအခါ မျက်နှာငယ်လှ၏။

မကြာမီ ဆရာဝန်ရောက်လာကာ အလောင်းကို စစ်ဆေးကြည့်ရှု
ရာ နှလုံးရောဂါကြောင့် ရုတ်တရက် သေဆုံးသွားသည်ဟု မှတ်ချက်ချ၏။
ဂရင်းပီယာသည် ဆရာဝန်ကိုလည်း မယုံကြည်လှချေ။ သေနတ်ကျည်ဆန်
ရာ၊ ဓားဒဏ်ရာ၊ တုံးသောလက်နက်ဖြင့် ရိုက်နှက်သည့် ဒဏ်ရာ စသည်
တို့ကို မတွေ့ရမချင်း အလွယ်တကူပင် နှလုံးသွေးရပ်၍ သေသည်ဟု
မှတ်ချက်ချတတ်၏။ ဒဏ်ရာမရှိသော်လည်း လည်ပင်းညှစ်သတ်ခြင်း၊
အဆိပ်ကျွေးသတ်ခြင်းတို့လည်း မဖြစ်နိုင်ပါလော။ ဟာမင်စကိုဘီ သေဆုံး
ခြင်းမှာ ချားလ်(စ်)လင်းဘတ် သေဆုံးသည်နှင့် ရှေ့ဆင့်နောက်ဆင့် ဖြစ်သော
ကြောင့် ဂရင်းပီးယားက တိုက်ဆိုင်သည်ဟု ယူဆ၏။ ရဲဘက်တွင် နှစ်ဆယ့်
တစ်နှစ်မျှ အမှုထမ်းခဲ့သောသူ၏ အတွေ့အကြုံသည် အဘက်ဘက်မှ ကျယ်
ကျယ်ပြန့်ပြန့် စဉ်းစားတတ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ယခုအမှုကို အသေးစိတ်ကိုင်တွယ်ရန် သူ အစီအစဉ်ရေးဆွဲ၏။ သို့သော် လက်တွေ့ကား မဟုတ်ချေ။

ည ၁၀ နာရီမထိုးမီ ရက်ဂျီနာသည် မိမိရသည့် အခွင့်အရေးအလက်မလွှတ်ဘဲ အပြင်သို့ သွားစရာရှိသည်ဆိုကာ ဟိုတယ်ထဲမှ တစ်ယောက်တည်း ထွက်လာခဲ့၏။ ဘော်လီဟာလမ်းနှင့် မောင့်ပါစေးလမ်း နှစ်လမ်းဆုံဖြတ်ကျော်လာမိသောအခါ အများသုံး တယ်လီဖုန်းရုံကလေး တစ်ရုံသို့ရောက်လာ၏။ နံဘေးပတ်ဝန်းကျင်တွင် လူသွားလူလာ ကင်းရှင်းနေသဖြင့် တယ်လီဖုန်းရုံကလေးထဲသို့ ဝင်လိုက်ပြီးလျှင် တံခါးကို အသေအချာ ပြန်၍ဆွဲပိတ်လိုက်၏။ ထို့နောက် ပိုက်ဆံအိတ်ထဲမှ အကြွေကို ထုတ်ယူပြီးလျှင် တယ်လီဖုန်းအိမ်ထဲသို့ ထိုးထည့်လိုက်၏။ ထို့နောက် ဘာသိုလိုမြူ၏နံပါတ်ကို လှည့်လိုက်၏။ တစ်ချက်လှည့်ရုံမျှဖြင့် တစ်ဖက်မှ ဘာသိုလိုမြူ၏အသံ ထွက်ပေါ်လာလေသည်။

"ကျွန်မပါ . . . ကျွန်မ ရှင့်ကို သိပ်တွေ့ချင်နေပါတယ်" ဟု ကတိုက်ကရိုက်ပြောလိုက်ရာ တစ်ဖက်မှ ဘာသိုလိုမြူမှာ အူကြောင်ကြောင် ဖြစ်သွားတော့၏။

"ခင်ဗျား . . . ဘယ်သူလဲ"

"ဩော် . . . ဟုတ်ပါရဲ့၊ ကျွန်မ မေ့နေတယ်။ ရက်ဂျီနာပါ၊ မစ္စတာဘာသိုလိုမြူ။ ကျွန်မ ရှင့်ကို သိပ်တွေ့ချင်ပါတယ်"

"ဘာတွေဖြစ်ကုန်ကြလို့လဲ"

"ပြောစရာတွေတော့ အများကြီးပဲ။ လူကိုယ်တိုင်တွေ့မှ ပြောလို့ဖြစ်မယ်"

တစ်ဖက်မှ အသံခေတ္တရပ်သွား၏။

"ဒီညပဲ တွေ့ချင်တာလား"

"ဒီညတော့ ကျွန်မမှာ အချိန်မရှိတော့ဘူး။ မနက်ဖြန် ကျွန်မသံရုံးကို လာတွေ့ချင်တယ်"

"ဘာကြောင့်လဲ ဘာဖြစ်လို့ အခု မတွေ့နိုင်တာလဲ"

"ကျွန်မကို တစ်စုံတစ်ယောက်က နောက်ယောင်ခံလိုက်နေတယ်"

တစ်ဖက်မှ အသံခေတ္တရပ်သွားပြီးနောက် အတန်ကြာမှ . . .

"ကောင်းပြီလေ၊ မနက်ဖြန် သံရုံးမှာ တွေ့ကြတာပေါ့"ဟု ပြော၏။





"ဘယ်အချိန်လဲ"

"နေ့လယ်တစ်နာရီတိတိ"

"ဒီထက်စောစော ကျွန်မ လာတွေ့လို့ မရဘူးလား"

"မနက်ပိုင်းတစ်ချိန်လုံး ကျွန်တော် အစည်းအဝေးတက်စရာ ရှိနေတယ်"

"ကောင်းပြီလေ . . ကျွန်မ တစ်နာရီတိတိ ရောက်အောင် လာခဲ့ပါ့မယ်"

ထို့နောက် တယ်လီဖုန်း စကားပြောခွက်ကို ချထားလိုက်ပြီးလျှင် တယ်လီဖုန်းအိမ် မှန်တံခါးကို တွန်းဖွင့်၍ အပြင်သို့ထွက်လိုက်၏။ အထဲတွင် လှောင်၍ ပူအိုက်နေရာမှ အပြင်သို့ ရောက်သောအခါ လေကောင်းလေသန့်များကို ရှူရှိုက်ရသဖြင့် လန်းဆန်းသွားတော့၏။ သို့သော် မှောင်ရိပ်ထဲမှ ထွက်လာသောသဏ္ဌာန်တစ်ခုကြောင့် ရက်ဂျီနာ၏ ခြေလှမ်းများ တန့်သွားတော့၏။ သို့နှင့် ထိုနေရာ၌ပင် မလှုပ်မယှက်ရပ်နေမိ၏။ မှောင်ထဲမှ လူသည် အလင်းရောင်သို့ ထွက်လာ၏။ ထိုသူကား တက်စ်ပင်သိုလောင်းပင် ဖြစ်လေသည်။

"ညကြီးမင်းကြီး ခင်ဗျားတစ်ယောက်တည်း လမ်းထွက်လျှောက်နေသလား၊ လိုအပ်ရင် ကျွန်တော့်ကို ခေါ်ရောပေါ့"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ သွားပါဦးမယ်"ဟု ထိုမျှသာ ပြောဆိုနှုတ်ဆက်ပြီးနောက် လာလမ်းအတိုင်း ခြေလှမ်းသွက်သွက်ဖြင့် ထွက်ပြေးခဲ့၏။ မိမိနောက်မှ တက်စ်လိုက်လာသည် မလိုက်လာသည်ကိုမူ သူ မသိချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၈

နောက်တစ်နေ့နံနက် အိပ်ရာမှ ရက်ဂျီနာ နိုးလာသောအခါ နေ့ဝင် အိပ်ရာထချိန်ထက် အတန်ငယ် နောက်ကျသွား၏။ သို့သော် ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသဖြင့် ယနေ့နံနက် ဦးခေါင်း ကြည်ကြည်လင်လင်ဖြင့် အိပ်ရာမှ ထနိုင်၏။

အပြင်ဘက်တွင် နွေးထွေးသော နေရောင်ကြောင့် လှပနေ၏ လေညင်းကလေးကလည်း တဖြူးဖြူး တိုက်ခတ်လျက် ရှိနေ၏။ မေလ အလယ်ဖြစ်၍ ပန်းများ လှပစွာပွင့်နေကြ၏။

ဤနေ့သည် ရက်ဂျီနာအတွက် နောက်ဆုံးအားလပ်ခွင့်ရသောနေ့ ဖြစ်၏။ ထိုနေ့ညနေပိုင်းတွင် မိမိလက်ခံထားသည့် ယူနက်စကိုဘာသာပြန် အလုပ်ကို စတင်ဝင်ရတော့မည် ဖြစ်လေသည်။ ထိုနေ့ နေ့လယ်ပိုင်းတွင် အမေရိကန်သံရုံး၌ ဘာသိုလိုမြူနှင့်တွေ့ရန် ချိန်းချက်ထား၏။ ထိုကိစ္စပြီးလျှင် အလုပ်သို့ တန်း၍ ဆင်းရတော့မည်။ နံနက်ပိုင်း၌မူ တစ်စုံတစ်ရာလုပ်ကိုင်ရန် အလုပ်မရှိသဖြင့် ပျင်းစရာကောင်းနေ၏။

သို့နှင့် သူသည် အခန်းတံခါးကို ဖွင့်ပြီးလျှင် အခန်းအပြင်ဘက်တွင် စာထည့်ရန် ချိတ်ထားသည့် စာဘူးထဲသို့ လက်နှိုက်ကြည့်၏။ ဟိုတယ်တွင် လာရောက်တည်းခိုသူများအထဲမှ အချိန်ပိုနေသူတို့အဖို့ အပျင်းပြေ စိတ်ပျော်ရွှင်မှုရစေရန် တစ်နေ့တာအစီအစဉ်ကို ဟိုတယ်မှ ကြေငြာပေး၏။ ယခု ရက်ဂျီနာသည် ထိုကြေငြာချက်ကို ရှာဖွေနေခြင်းဖြစ်၏။





ကြေငြာချက်စာရွက်တွင် အချိန်အတိအကျဖြင့် ဟော်ကီရိုက်ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ဘောလုံးပွဲ စသည်တို့ ပါရှိ၏။ ယင်းတို့ကိုကား သူ စိတ်မဝင်စားချေ။ နေ့လယ်ပိုင်းမှ စတင်ပြသသော ရုပ်ရှင်ကားအမည်များနှင့် ပြသသော ရုံအမည်များကို ယှဉ်တွဲဖော်ပြထား၏။ သို့သော် ရုပ်ရှင်ကြည့်လျှင် တစ်ချက်ထိုးတွင် ချိန်းထားသည့်ကိစ္စနှင့် အချိန်တိုက်နေသဖြင့် အဆင်ပြေမည် မဟုတ်ချေ။ နောက်ဆုံး၌ ''ဒီလင်နီ''ရေကူးကန်ကို စိတ်ဝင်စားသွား၏။ ဒီလင်နီရေကူးကန်မှာ နံနက် ၁၀ နာရီမှ စတင်ဖွင့်လှစ်မည်ဆို၏။ သူကိုယ်တိုင်လည်း ရေကူးခြင်းကို ဝါသနာပါ၏။ အပန်းဖြေရာ တွင် ရေကူးခြင်းကို သူ အနှစ်သက်ဆုံးဖြစ်၏။ သို့နှင့် နံနက်ပိုင်းပိုနေသောအချိန်ကို ရေကူးခြင်းဖြင့် ဖြုန်းတော့မည်ဟု စိတ်ကို ဆုံးဖြတ်လိုက်လေသည်။

သို့နှင့် အချိန်ဖြုန်း၍ မနေတော့ဘဲ အပြင်သို့ထွက်ရန် အဝတ်အစားလဲလိုက်၏။ အသင့်ဝယ်ထားသည့် ရေကူးဝတ်စုံကိုလည်း ထုတ်ယူလိုက်ပြီးလျှင် လက်ဆွဲအိတ်ကို ပြင်၏။ ထို့နောက် တံခါးမကြီးကို ဆွဲဖွင့်မည် အပြုတွင် တစ်စုံတစ်ယောက်က အပြင်ဘက်မှ တံခါးခေါက်လိုက်သဖြင့် လက်များပင် တုန်၍သွားတော့၏။

''ဘယ်သူလဲ''

''ခင်ဗျားအခန်းရဲ့ ဘေးအခန်းက အိမ်နီးနားချင်းပါ။ တံခါး ဖွင့်စမ်းပါဦး''

အသံမှာ ဒိုင်းလ်၏အသံပင် ဖြစ်၏။ မည်သည့်ကိစ္စနှင့် ရောက်လာလေသနည်းဟု တွေးမိသဖြင့် . . .

''ဘာကိစ္စလဲ'' ဟု မေးလိုက်ပြန်၏။

''ဘာကိစ္စလဲဆိုတာ အော်ပြောနေရရင် ဟိုတယ်ထဲကလူတွေ အကုန်သိကုန်မှာပေါ့''

ဒိုင်းလ်၏အသံသည် သစ်သားတံခါးကို ဖြတ်သန်းလာရသဖြင့် အတန်ငယ် ဝါးနေ၏။ သို့နှင့် ရက်ဂျီနာသည် တံခါးကို ဖွင့်ပေးလိုက်၏။

''မနေ့ညတုန်းက ခင်ဗျား ဘယ်ပျောက်သွားလဲ''

''အပြင်ထွက်သွားတာပေါ့''

''ဟုတ်လား . . . ရှင်းလိုက်တဲ့အဖြေဗျာ။ အခုလည်း ခင်ဗျား အပြင်ထွက်မလို့ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

၎င်းတွင် ဒိုင်းလ်သည် ရက်ဂျီနာ၏လက်မောင်းတွင် ပွေ့ထားသည့် ရေကူးဝတ်စုံကို တွေ့သွားသဖြင့် . . .

"ဩော် . . . ရေသွားကူးမလို့လား။ ကောင်းလိုက်တဲ့ စိတ်ကူးဗျား။ ကျွန်တော်လည်း ဝါသနာပါပါတယ်။ ကျွန်တော်လိုက်လာရင် အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"ဟုတ်ကဲ့ မဖြစ်ပါဘူး"

"နေ့တိုင်း ကျွန်တော်တို့ စိတ်ညစ်စရာကြီးပဲ ကြုံနေရတယ်ဗျား။ ဒီကနေ့တော့ ကျွန်တော်တို့အတွက် ပျော်စရာကောင်းသောနေ့ ဖြစ်ပါစေ"

"ကျွန်မကတော့ ဒီလို မထင်ဘူး။ လူသတ်သမားဟာ ကျွန်မတို့ နောက်ကို အမြဲလိုက်နေတာပဲ။ လိုက်လာမှာပဲ"

"အို . . . ခင်ဗျား ဒီလိုတွေးခေါ်မှုရှိရင် စကိုဘီလည်း အသတ်ခံရတယ်လို့ ခင်ဗျားထင်နေသလား"

"ဒါပေါ့ . . . တစ်ယောက်ယောက်က သတ်ပစ်လိုက်တာပေါ့။ ဒီတစ်ယောက်ယောက်ထဲမှာ ရှင်လည်း ဖြစ်နိုင်တာပဲ"

"ထားပါတော့ . . . ထားပါတော့။ ဒါပေမဲ့ သက်သေအထောက်အထားတော့ မရှိဘူးနော်"

"ဒါကတော့ ဘယ်သူမှ မသိချင် ရှိရမယ်၊ တရားခံရဲ့လိပ်ပြာကတော့ သိမှာပဲ"

"ဒါပေမဲ့ ကျွန်တော်ပြောခဲ့သလို ရှင်းသွားတာတစ်ခုတော့ ရှိတယ်။ ခင်ဗျားယောက်ျားကိုသတ်တာ စကိုဘီတော့ မဖြစ်နိုင်ဘူး"

"ဒါပေမဲ့ ဘယ်သူသတ်သလဲဆိုတာတော့ ရှင် မပြောနိုင်ခဲ့ဘူး မဟုတ်လား"

"လူသတ်သမား မဟုတ်တဲ့လူတွေကို တဖြည်းဖြည်း ဆွဲထုတ်ယူနိုင်ရင် ကျန်တဲ့လူဟာ အလိုလိုပေါ်လာမှာပေါ့ ရက်ဂျီနာ။ ကျွန်တော်ဟာ လူသတ်သမား မဟုတ်ဘူးဆိုတာ ကျွန်တော် ဘယ်လိုသက်သေပြရမလဲ။ နောက်တစ်ခါ အသတ်ခံရသူဟာ ကျွန်တော်ဖြစ်တော့မှပဲ သက်သေပြနိုင်တော့မယ်"

"ဒါတော့ ဘယ်ပြောနိုင်မှာလဲ"





"အိုကေ၊ ကျွန်တော်ဟာ အပြစ်မရှိကြောင်း သက်သေပြဖို့အတွက် နောက်တစ်ခါ အသတ်ခံရဖို့ ကျွန်တော် စောင့်နေပါ့မယ်။ ဒါပေမဲ့ အသတ်ခံရမယ့် လူတစ်ယောက်အနေနဲ့ဖြစ်ဖြစ်၊ ကျွန်တော် ခင်ဗျားဆီက နောက်ဆုံး အခွင့်အရေးတစ်ခုလောက်တော့ တောင်းခံပါရစေဗျာ"

ဒိုင်းလ်သည် ဝမ်းနည်းလာသဖြင့် အသံပင် တိမ်ဝင်သွားတော့၏။

"ဘာများလဲရှင်"

ရက်ဂျီနာကလည်း တိုးတိုးကလေးမေး၏။

"ကျွန်တော်တို့ အတူတူ ရေသွားကူးကြရအောင်"

ရက်ဂျီနာသည် တစ်စုံတစ်ရာ ပြန်မပြောသော်လည်း သူ၏ နီထွေးသော နှုတ်ခမ်းကလေးများ ပွင့်ရှိမသွားစေရန် စိတ်ကို ချုပ်တည်းထား၏။ သို့သော် မတတ်နိုင်ချေ။ နှစ်နှစ်ခြိုက်ခြိုက် လိုလိုချင်ချင်ပင် ပြုံးလိုက်မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၀

ဒီလန်နီ ရေကူးကန်သည် စိန့်မြစ်၏ ညာဘက်ကမ်းပါးသဲသောင်ပေါ်တွင် တည်ရှိ၏။ ရေကူးကန်သည် မြစ်ကမ်းနဖူးနှင့် နီးသော်လည်း သီးသန့် ဖြစ်စေရန် တည်ဆောက်ထားသောကြောင့် သပ်ရပ်လှ၏။ ကျန်းမာရေးအတွက်လည်း ဂရုတစိုက် စီစဉ်ထား၏။ မြစ်ရေနှင့် လုံးဝမရောစပ်ဘဲ ကန်ရေကို အမြဲတမ်း သန့်စင်လျက်ရှိစေ၏။

ရေကူးကန်ကို လူကြည့်ရန်စင် ခုံတန်းနှစ်ထပ်ဖြင့် သုံးဘက်သုံးတန် ကာရံထား၏။ ထိုခုံတန်းလျားများ၏ အောက်ခြေတွင် အဝတ်အစားလဲရန် အခန်းငယ်များ အစီအရီရှိ၏။ အကာအရံမရှိသော စတုဂံမြောက် ခုံတန်းဘက်တွင် ရေကူးကန်၏ စားသောက်ခန်း ရှိ၏။ ပျော်ပွဲစားရုံအဖြစ် ဖွင့်ထား၏ အစားအသောက်မျိုးစုံနှင့် ယာမကာမျိုးစုံကိုလည်း ရောင်းချ၏။ စားသောက်ခန်းကို ဒိုးယိုပေါက်မှန်များဖြင့် ကာရံထားသောကြောင့် ရေကူးကန်ရှုခင်းကို အတိုင်းသား မြင်ရ၏။ ရေကူးကန်ဘောင်ပေါ်တွင် မလုံ့တလုံဝတ်ထားသော လုံမပျိုကလေးများ ပြေးလွှားနေသည်ကိုလည်း မျက်စိပသာဒရှုနိုင်လေသည်။

ခုံတန်းလျား၏နောက်တွင် အတော်ကျယ်ပြန့်သော သဲသောင်ပြင်ကြီးရှိရာ ပင်လယ်ကမ်းစပ်အထိသို့ပင် ရောက်၏။ ထိုမြေကွက်သည်လည်း ရေကူးကန်ပိုင် နယ်မြေဖြစ်၏။ ရေကူးပြီး၍ အကြောဆန့်လိုသူများ အတွက် နေပူစာလှုံရန် စီစဉ်ထား၏။ အချို့ပုဂ္ဂိုလ်များသည် စာတစ်အုပ်နှင့် သဲသောင်ပေါ်တွင် အကြောဆန့်၍ စာဖတ်ရင်း အိပ်ယူတတ်ကြလေသည်။





ဒိုင်းလ်နှင့် ရက်ဂျီနာတို့သည် ရေကူးကန်ဝင်ပေါက် တံခါးဝသို့ ရောက်လာကြ၏။ ဒိုင်းလ်က ထုံးစံအတိုင်း ဝင်ကြေးထုတ်၍ပေးရာ အစောင့်သည် သူတို့နှစ်ယောက်အား အဝတ်အစားလဲခန်းနှစ်ခုမှ သော့နှစ်ချောင်းကိုလည်း ထုတ်ပေး၏။ ဒိုင်းလ်သည် ရက်ဂျီနာအား အဝတ်လဲခန်းသို့ အရင်သွားရန် ပြော၏။ သူကမူ ရေကူးဘောင်ဘီတစ်ထည်ကို သွား၍ငှားရဦးမည် ဖြစ်လေသည်။

ရက်ဂျီနာမှာ အဝတ်အစားလဲခန်းသို့ သွားရန် ရေကူးကန်ဘောင်ပေါ်မှ ဖြတ်၍သွားရ၏။ ကန်ဘောင်ကို ပြောင်ချောနေသည့် ဆေးရောင်စုံ အီတလီကျောက်များဖြင့် အကွက်ဖော်ထား၏။ ကန်ရေပြင်မှာ ပြာလဲ့ ကြည်လင်လျက်ရှိပြီးလျှင် ရေထဲတွင်လည်း ရေကူးသူတို့ မြူးတူးနေကြ၏။ အချို့ကမူ ရေထဲတွင် လိုက်တန်းပြေးတန်း ကစား၍ပင် နေလိုက်ချေသေး၏။ ရေကူးကန်မှာ အတော်ပင် ကျယ်ဝန်းလေသည်။

ရေကူးကန်နံဘေး၌ အစီအရီရှိနေသော အဝတ်အစားလဲခန်းများကို အပြင်ဘက်မှ ကြည့်လျှင် လှပနေ၏။ ရက်ဂျီနာရသော အဝတ်အစားလဲခန်းမှာ ခပ်ငယ်ငယ်သာ ဖြစ်၏။ အတွင်း၌မူ စိုစွတ်ထိုင်းမှိုင်းလျက်ရှိနေ၏။ ခေါင်းပေါ်၌လည်း ရေပန်းပွားများ တပ်ဆင်ထား၏။ ရေကူးကန်တွင် ရေမကူးမီသော်လည်းကောင်း၊ ရေကူးပြီးသော်လည်းကောင်း ဤရေပန်းပွားဖြင့် ထပ်၍ရေချိုးနိုင်၏။ နံရံတွင် အဝတ်အစားများချိတ်ရန် ချိတ်သုံးချိတ်ရှိရာ မျက်နှာချင်းဆိုင် နံရံတွင် သုံးပေပတ်လည် ကြည့်မှန်တစ်ချပ်လည်းရှိ၏။ မှန်ရှေ့တွင် ဖြူဖွေးသော ကြွေအင်တုံတစ်လုံးနှင့် ရေချိုးပြီးလျှင်သုံးရန် အသုံးအဆောင်ပစ္စည်း အနည်းငယ်ရှိ၏။

ရက်ဂျီနာသည် သူယူလာခဲ့သည့် ကြည်ပြာရောင် ရေကူးဝတ်စုံနှင့် ဦးထုပ်ပြာကိုထုတ်၍ ဝတ်လိုက်၏။ ဝတ်စုံမှာ "ဘီကီနီ"ဝတ်စုံဖြစ်၍ မိမိ၏ ပြပြွစ်သောအချိုးအစားကို မှန်ထဲတွင် တွေ့ရ၏။ ဒိုင်းလ်၏ ရုပ်သွင်မှာ ဆောက်ကျားပီသလှ၍ မိမိအား ဒိုင်းလ်က ရွှန်းရွှန်းစားစား ကြည့်၍နေရာ ရက်ဂျီနာသည် မလုံမလဲ ဖြစ်မိ၏။ ထိုနောက် သူတို့နှစ်ယောက်သည် ဆယ်ကျော်သက်ရွယ်တို့၏ ပျော်ရွှင်မြူးတူးခြင်းမျိုးဖြင့် အပြေးသွားကြလေသည်။

ကန်ဘောင်စပ်သို့ရောက်သောအခါ ရက်ဂျီနာသည် ကိုယ်အပေါ် ပိုင်းတွင် ခြုံထားသည့် မျက်နှာသုတ်ပဝါကို ခွာချလိုက်ပြီးလျှင် ရေထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ခုန်ချလိုက်၏။ ဒိုင်းလ်သည် ကန်ဘောင်စပ်တွင် ကျန်ရစ်ခဲ့၍ ငါးတစ်ကောင်ကဲ့သို့ ကူးခတ်နေသည့် ရက်ဂျီနာအား ငေးမောကြည့်ရှုနေမိ၏။

ရက်ဂျီနာသည် ဒိုင်းလ်အား ရေထဲသို့ဆင်းရန် ခေါ်သော်လည်း ဒိုင်းလ်သည် မဆင်းဘဲ မတုန်မလှုပ်ရှိနေ၏။ ရက်ဂျီနာက မည်သည့်အတွက် ရေမချိုးသေးသနည်းဟု မေးသည့်တွင် ဒိုင်းလ်သည် နှုတ်ဖြင့် မပြောဘဲ ပတ်တီးစည်းထားသော နောက်စေ့မှ သူ၏ဒဏ်ရာကို ရက်ဂျီနာအား လှည့်၍ ပြရာ ရက်ဂျီနာသည် စိတ်မကောင်းဖြစ်၍သွား၏။

ကန်ဘောင်သို့ ရက်ဂျီနာ တက်လာသောအခါ ဒိုင်းလ်သည် လက်ကမ်း၍ပေးကာ မျက်နှာသုတ်ပဝါကိုပင် ခြုံ၍ပေးလိုက်သေး၏။ တစ်ယောက်၏ ကိုယ်ဟန်သွင်ပြင်ကို တစ်ယောက်ကြည့်ကာ နှစ်ယောက်သား မသိမသာ ပြုံးလိုက်မိကြ၏။ ထို့နောက် နှစ်ယောက်သား လက်တွဲကာ ကလေးငယ်များ ပမာ သဲသောင်ပြင်ပေါ်သို့ ပြေးသွားကြတော့၏။

"ကိုယ်တို့ ကုလားထိုင်ပေါ်မှာ ထိုင်ကြမလား"

"ဟင့်အင်း . . . ကျွန်မတို့ သဲပေါ်မှာပဲ ထိုင်ကြမယ်"

ထိုနောက် ဘာကိုသဘောကျသည်မသိ တခစ်ခစ် ရယ်မိကြပြန်၏။ သို့နှင့် ရက်ဂျီနာသည် မျက်နှာသုတ်ပဝါကို သဲသောင်ပေါ်၌ ဖြန့်ခင်းလိုက်ပြီးလျှင် ကျောဆန့်၍လှဲချလိုက်ရာ ဒိုင်းလ်ကလည်း သူ၏နံဘေးတွင် လှဲချလိုက်၏။ ပူနွေးသောနေရောင်ခြည်၏ အရသာနှင့် နွေးထွေးသော သဲသောင်၏ သဘာဝအရသာတို့ကို ခံစားလျက်ရှိနေကြ၏။

လူချင်းနီးကပ်လျက် ရှိနေကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြဘဲ ကောင်းကင်ပြာကြီးကိုသာ မော့၍ ကြည့်ရှုနေကြ၏။ စိတ်ထဲတွင် မျိုသိပ်ထားကြသည့် အသိကလေးများ ကိုယ်စီ ရှိနေကြ၏။ နှစ်ယောက်သားမှာ လက်ချင်း၊ ပခုံးချင်း၊ ခြေဖျားချင်း ထိတွေ့နေသည်ကို နှစ်ယောက်စလုံးသိ၍ ထိုဖောဋ္ဌဗ္ဗအာရုံကို ခံစားကာ ရက်ဂျီနာကလည်း တစ်စုံတစ်ရာ ရုန်းကန်ချင်း မပြုမိချေ။

ရက်ဂျီနာ၏ နူးညံ့ပျော့ပျောင်းသော အထိအတွေ့ကို ဒိုင်းလ်က လည်း မသိမဟုတ် သိ၏။ သို့သော် ဒိုင်းလ်မှာ ရက်ဂျီနာလောက် အတွေ့ အကြုံ ရှိသူမဟုတ်ပေ။ သူတို့နှစ်ယောက်စလုံး၏ စိတ်ထဲတွင် သာယာခြင်း ရှုပ်ထွေးခြင်းများ တစ်ပြိုင်တည်း ဖြစ်ပေါ်လာတော့၏။ ဒိုင်းလ်ကား ဤကျေ





ာွင်းမှ ရုန်းထွက်ခြင်းငှာ တတ်နိုင်ပါဦးတော့မည်လော။

ဤသို့ဖြင့် အချိန်မှာ နာရီဝက်ခန့်မျှ ကြာသွား၏။ သို့နှင့် တစ်ခဏမျှ အကြာတွင် ရက်ဂျီနာသည် ဒိုင်းလ်ဘက်သို့ အတန်ငယ်တိုး၍လာရာ သူ၏ သည်တိုင်ကျော့ကလေးသည် ခေါင်းအုံးထားသော ဒိုင်းလ်၏ လက်မောင်း ပေါ်သို့ ရောက်လာပြီးလျှင် ဒိုင်းလ်၏မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်လိုက် ၏။ ဒိုင်းလ်သည် ပိတ်ထားသော မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာ နေရောင် ခြည်နှကလေးကိုသာ မြင်ရ၏။

သို့ရှိစဉ် ရက်ဂျီနာသည် "အယ်လက်စ်"ဟု ဒိုင်းလ်၏ ခရစ်ယာန် နာမည်ကို တီးတိုးလေသံဖြင့် ပထမဦးဆုံးအကြိမ် ခေါ်လိုက်ဖြစ်၏။ သို့နှင့် ဒိုင်းလ်သည် ရက်ဂျီနာ၏ ဆင်စွယ်ရောင်လက်မောင်းကလေးကို ရွရွကလေး ပွတ်သပ်လိုက်၏။ ထိုခဏ၌ ဒိုင်းလ်၏အတွေးထဲသို့ လူသတ်မှုနှစ်ခုနှင့် ပျောက် ဆုံးနေသည့် ရွှေချောင်းများအကြောင်း ရောက်သွား၏။ တာဝန်သည်ကား တာဝန်ပင် ဖြစ်လေသည်။

"ကျွန်မတို့ ဘာဆက်လုပ်ကြမှာလဲဟင်။ ကျွန်မတို့ သွေးပျက်လု ခမန်း ကျွန်မတို့ဘဝကို နှောင့်ယှက်သွားတဲ့ လူသတ်မှုနှစ်မှုကို ဘယ်လို ရင်ဆိုင်မလဲ။ ဒီအတိုင်းပဲ ကျွန်မတို့အလှည့် ရောက်တဲ့အထိ စိတ်ထဲမှာ တစ္ဆေခြောက်သလို ခံနေရမလား"

"ဟုတ်ပါရဲ့၊ ကျွန်တော်တို့ လည်ပင်းစင်းပေးရမှာလား။ လူသတ် ကောင်ကို မမိမချင်း ကျုပ်တို့ ဘာမှမလုပ်နိုင်ဘူး"

"ကျွန်မတို့ စကိုဘီ အသတ်ခံရတဲ့ ကိစ္စကနေ ဆက်တွေးကြည့် လားလို့။ ကျွန်မတို့အားလုံးပဲ မနေ့က စကိုဘီ ဘယ်အခန်းကို ရှာခွင့်ရှိခဲ့ တယ်။ သူ ဘယ်အခန်းမှာ အသတ်ခံရတယ်ဆိုတာ သိနေကြတာပဲ"

"အဲ . . . ဟုတ်ပြီ ဆက်ပြောပါဦး"

"အဲဒီအချိန်မှာ စကိုဘီ သူ့အခန်းမှာ မရှိမှန်းသိလျက်နဲ့ သူ့အခန်း ကို တစ်ယောက်ယောက်က တံခါးလာခေါက်တယ်၊ သူ့အခန်းကိုဝင်ဖို့ ကြိုးစား ခဲ့တယ်"

"အဲဒီအချက်ဟာ သေချာရဲ့လား ရက်ဂျီနာ"

"အို . . . သေချာတာပေါ့။ အဲဒီတုန်းက ကျွန်မ စကိုဘီရဲ့ အခန်း ထဲမှာ တံခါးကို သော့ခတ်ပြီး ကလန့်ချထားမိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်သူဖြစ်နိုင်မယ် ထင်သလဲ"

"ရှင်လည်း မဟုတ်ဘူး။ ကျွန်မလည်း မဟုတ်ဘူးဆိုရင် "ဂစ်ဒီယွန်"နဲ့ "တက်စ်"ပဲ ရှိတော့တာပေါ့။ ဘာဖြစ်လို့လဲဆိုရင် သူတို့နှစ်ယောက်ကလည်း စကိုဘီဟာ သူ့အခန်းထဲမှာမရှိဘူးဆိုတာ သိတာကိုး။ စကိုဘီဟာ တံခါးမပိတ်ဘဲလည်း ထွက်သွားတတ်တယ်လေ"

"သူတို့နှစ်ယောက်ထဲကကော ဘယ်သူ့ကို ပိုပြီး သင်္ကာမကင်းဖြစ်သလဲ ဂစ်ဒီယွန်လား၊ တက်စ်လား"

"မနေ့ညက ကျွန်မ ဟိုတယ်အပြင်ဘက်ကို ထွက်မိသေးတယ်။ အဲဒီတုန်းက ကျွန်မနောက်ကို တက်စ်လိုက်လာတယ်"

"ဒီလိုလည်း တစ်ဖက်သတ် ယူဆလို့မဖြစ်သေးဘူး"

"ဒါဖြင့် ဘယ်သူလို့ထင်သလဲ"

"ကျွန်တော်တော့ တစ်ယောက်ကိုမှ မထင်တတ်ဘူး။ ပျောက်နေတဲ့ ရွှေတွေလည်း သူတို့ဆီမှာ ရှိမယ်မထင်ဘူး"

"ဘာ့ကြောင့်လဲ"

"ဒါတော့ ကျွန်တော်လဲမသိဘူး"

သို့နှင့် ရက်ဂျီနာသည် ဒိုင်းလ်၏လက်မောင်းပေါ်တွင် လှဲနေရာမှ ထလိုက်ပြီးနောက် . . .

"ရှင်ဟာ သိပ်ရယ်စရာကောင်းတာပဲ။ ဒီလို တွေးခေါ်ကြည့်ဖို့လည်း ရှင်က ကျွန်မကိုပြောခဲ့တယ်။ ဒီလို ကြောက်စရာကောင်းတဲ့ သတင်းတွေကို ယူလာတာလဲ ရှင်ပဲ။ ပြီးတော့ ရှင်ပဲ ကျွန်မကို ရှင်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ စည်းရုံးခဲ့တယ်။ ပြီးတော့ အခု ရှင်က ဘာမှမသိပြန်ဘူးတဲ့။ ရှင့်အဖြေဟာ မသိဘူးတွေ ထပ်နေပြီ။ ကဲ... ကျွန်မ ရေချိုးလိုက်ဦးမယ်" ဟု ပြောရင်း ရေကူးကန်ဘက်သို့ ထွက်သွားလေသည်။

သို့နှင့် ဒိုင်းလ်ကလည်း လှဲနေရာမှ ထထိုင်လိုက်ပြီးလျှင် ရက်ဂျီနာ ထွက်သွားသည်ကို ကြည့်နေ၏။ ရက်ဂျီနာသည် နောက်သို့ တစ်ကြိမ် ပြန်၍ လှည့်ကြည့်လိုက်ပြီးနောက် ရေထဲသို့ ခုန်ဆင်းလိုက်တော့၏။ ထိုအခါမှ ဒိုင်းလ်သည် သဲပြင်ပေါ်သို့ ပက်လက်အိပ်ချလိုက်ပြန်၏။ သို့သော် သူ၏ ဦးခေါင်းသည် ခင်းထားသည့် မျက်နှာသုတ်ပဝါနှင့် မထိလိုက်ပါချေ။ အဘယ်ကြောင့်ဆိုသော် သူ၏မျက်စိထဲတွင် စိတ်ဝင်စားစရာတစ်ခုကို တွေ့လိုက်ရ





သောကြောင့် ဖြစ်လေသည်။

သူနှင့် ပေနှစ်ဆယ်ခန့် အကွာလောက်တွင် ပက်လက်ကုလားထိုင်တစ်လုံးပေါ်၌ လူတစ်ယောက်ထိုင်နေရာ ထိုသူမှာ အိပ်ပျော်နေဟန်တူ၏။ ၎င်း၏ မျက်နှာပေါ်တွင် သတင်းစာတစ်စောင်ဖုံးထား၏။ သို့သော် ထိုသတင်းစာမှာ နေရောင်အပူရှိန်ကို ကာကွယ်လို၍ ဖြစ်ဟန်မတူချေ။ ၎င်းနေရာသို့ အပန်းဖြေ ရောက်လာသူတိုင်း ရေကူးကန်တွင် ရေချိုးပြီးသောအခါ နေပူစာလှုံနေကျဖြစ်၏။ သို့သော် သတင်းစာအုပ်ထားသူ၏ မျက်လုံးအစုံတည့်တည့်တွင် အပေါက်ငယ်ကလေးနှစ်ပေါက် ဖောက်ထားသည်ကို တွေ့မြင်ရ၏။ ၎င်းမေးခွန်းသည် အဖြေပေါ်လွင်ပြီးဖြစ်သော မေးခွန်းတစ်ခု မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၉

ဒိုင်းလ်သည် ထိုသူရှိရာသို့ တိုက်ရိုက်သွားပြီးလျှင် သတင်းစာ အုပ်ထားသူကို အသေအချာ အကဲခတ်ကြည့်မိ၏။ ခေါင်းပြောင်၍ ကိုယ်လုံး ကိုယ်ထည်လည်း တုတ်ခိုင်ပုံရသဖြင့် ၎င်းမှာ မည်သူမည်ဝါ ဖြစ်ကြောင်း သိရလျှင် ဒိုင်းလ်သည် ပြုံးလိုက်၏။ သို့နှင့်သတင်းစာကို ဆွဲမလိုက်ရ သတင်းစာအောက်မှ "ဂစ်ဒီယွန်"၏ ပါးဖောင်းဖောင်းနှင့် မျက်နှာကြီး ပေါ်လာလေသည်။

"ဟော့ကောင်... မင်း ဘာဖြစ်လို့ တို့ကို ခိုးကြောင်ခိုးဝှက် ချောင်း နေတာလဲ"

ဂစ်ဒီယွန်သည် ပက်လက်ကုလားထိုင်ပေါ်မှ ခုန်၍ ထလိုက်ပြီးလျှင် သူသည် ဘာကိုမျှ မသိသည့် မျက်နှာမျိုးဖြင့် ဒိုင်းလ်ကို ကြည့်နေ၏။

ဂစ်ဒီယွန်က "ဟင်း... မင်းကများ ငါ့ကို မေးနေရသေးလား မင်းကကော ဒီမှာ ဘာလာလုပ်နေတာလဲ"

"အဲဒီမေးခွန်းကို ကျုပ်က ခင်ဗျားကိုမေးရမှာ သိလား"

"ဒါ အများပြည်သူ အပန်းဖြေဖို့ဆောက်ထားတဲ့ ရေကူးကန်ပဲ ကျုပ် ဝင်ကြေးပေးပြီး ဝင်လာတာ"

ထိုစကားကို ကြားသောအခါ ဒိုင်းလ်သည် ရယ်ကျဲကျဲနှင့် ပန်း နှစ်ဖက်ကို ဟန်ပါပါ တွန့်လိုက်ပြီးနောက်...





"ဒီအထိတော့ ခင်ဗျားပြောတာ ကျုပ် မငြင်းလိုပါဘူး။ ဒါပေမဲ့ ခင်ဗျားမျက်နှာပေါ်မှာ အုပ်ထားတဲ့ သတင်းစာမှာ အပေါက်နှစ်ပေါက်ထဲ မှိတော့ ခင်ဗျား အသက်ရှုကျပ်မနေဘူးလား။ ကိုင်း... ခင်ဗျားသဘောရှိ နေရစ်တော့။ ကျုပ်သွားမယ်"

ပြောပြောဆိုဆိုနှင့်ပင် ဒိုင်းလ်သည် ရေကူးကန်ဘောင်ဆီသို့ ထွက် သွားပြီးနောက် အလူမီနီယံသတ္တုဖြင့် ပြုလုပ်ထားသည့် လှေကားကိုဆွဲကာ ရေထဲမှတက်လာသော ရက်ဂျီနာအား လက်ကမ်းလိုက်လေသည်။

သူတို့နှစ်ယောက် အဝတ်လဲခန်းကို ပြန်လာသောအခါ ကမ်းတွင် အပေါက်ငယ်များပါသော သတင်းစာကိုအုပ်ကာ ဆက်လက်အိပ်နေဟန်တူ သော ဂစ်ဒီယွန်ကို ပက်လက်ကုလားထိုင်ပေါ်တွင် တွေ့လိုက်ရ၏။ အတော်ပင် ဟန်ဆောင်ကောင်းသူ ဖြစ်၏။

"ရက်ဂျီနာ... ကျုပ်တို့မိတ်ဆွေကြီး ဂစ်ဒီယွန်ကို ခင်ဗျား နှုတ် ဆက်ရသေးဘူးနော်"

ဒိုင်းလ်ပြောလိုက်သောစကားကြောင့် ရက်ဂျီနာ ရုတ်တရက် လန့်ဖျပ်သွားသည်မှာ သိသာလွန်လှ၏။

"သူ ဘယ်မှာလဲဟင်"

ဒိုင်းလ်သည် သတင်းစာကို လက်ညှိုးထိုးပြရင်း...

"အဲဒီ သတင်းစာအောက်မှာပေါ့"ဟု ပြောပြီးလျှင် သတင်းစာကို ဒုတိယအကြိမ် ဆွဲဖယ်လိုက်ရာ သတင်းစာအောက်မှ စိတ်ရှုပ်ဟန်တူနေ သော ဂစ်ဒီယွန်၏မျက်နှာ ပေါ်လာပြန်၏။ ထို့နောက် ဒိုင်းလ်သည် သတင်း စာကို ပြန်၍ အုပ်ပေးလိုက်ပြန်လေသည်။

ဂစ်ဒီယွန်၏မျက်နှာကို မြင်လိုက်ရသောအခါမှ ရက်ဂျီနာသည် အမေရိကန်သံရုံးတွင် "ဘာသိုလိုမြူ"ကို သွား၍တွေ့ရန် ချိန်းဆိုထားသည်ကို သတိရမိတော့၏။ နေ့လယ် တစ်နာရီတိတိတွင် ဖြစ်လေသည်။

"အခု ဘယ်အချိန်ရှိပြီလဲ"

ရက်ဂျီနာက အလျင်စလို မေးလိုက်မိ၏။

ဂစ်ဒီယွန်က "နေ့လယ်ဆယ့်နှစ်နာရီခွဲ"

"ဟင်... ကျွန်မမှာ အချိန်မရှိတော့ဘူး။ အဝတ်အစား လဲဦး မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းက "ဘယ်သွားမလို့လဲ"

"အမေရိကန်သံရုံးကို"ဟု လွှတ်ခနဲ ဖြေလိုက်မိ၏။

ဂစ်ဒီယွန်းက စပ်စုသည့်အနေဖြင့် ...

"ဘယ်သူနဲ့ ချိန်းထားလို့လဲ"

"အို ... နိုင်ငံခြားက အဖွဲ့တစ်ဖွဲ့နဲ့ပါ။ ကျွန်မကိစ္စနဲ့ ကျွန်မပါ"

"အဲဒီကိစ္စပြီးရင် ကျွန်တော်တို့ ထပ်တွေ့ကြဦးမလား"

"ကျွန်မ ဒီကနေ့ပဲ ယူနက်စကို ဘာသာပြန်ဌာနမှာ အလုပ်စဝင်ရလိမ့်မယ်"

ပြောပြောဆိုဆိုနှင့်ပင် ရက်ဂျီနာသည် ပစ္စည်းများထားခဲ့သည့် ဒုတိယအဆင့်ရှိ အဝတ်လဲခန်းသို့ ထွက်သွားရာ ဒိုင်းလ်က ရက်ဂျီနာ နောက်မှ ထက်ကြပ်မကွာ လိုက်သွားတော့၏။

"ကျွန်မမှာ ကိုယ်ရေးကိုယ်တာကိစ္စတွေ ဆောင်ရွက်စရာ ရှိသေးတယ်။ ရှင် ဒီမှာ နေခဲ့ချင်နေခဲ့လေ"

"ဟွန်း ... ကျွန်တော်က ဂစ်ဒီယွန်လို မျက်နှာကြီးနဲ့လူနဲ့ ဒီမှာ နှစ်ယောက်တည်း နေခဲ့မယ်လို့ ခင်ဗျားထင်သလား"

"ဒီလောက် လူတွေအများကြီးရှိနေတဲ့ ပတ်ဝန်းကျင်မှာ သူက ရှင့်ကို ဘာမှမလုပ်နိုင်ပါဘူး"

"ဒါကတော့ ကံသေကံမ မပြောနိုင်ဘူးလေ။ သူက ကျုပ်ကို သတ်ချင်နေတာကော"

ရက်ဂျီနာသည် ဒိုင်းလ်အား တစ်စုံတစ်ရာ ပြန်မပြောဘဲ သူ၏ အဝတ်လဲခန်းသော့ကို ဂရုတစိုက်ဖွင့်နေ၏။ သို့သော် အရေးထဲတွင် သော့တံသည် သော့ပေါက်ထဲသို့ တည့်တည့်မတ်မတ် မရောက်သဖြင့် ဒိုင်းလ်က ကူညီရသေး၏။ ထို့နောက် ဒိုင်းလ်သည် သူ့အခန်းသို့ ကူးသွားတော့၏။ တစ်ချိန်တည်း ငှားထားသဖြင့် သူတို့အခန်းနှစ်ခန်းမှာ ကပ်နေ၏။ နံရံပါး ကလေးသာ ခြားသဖြင့် ဒိုင်းလ်၏ခြေသံကို ကြားနေရ၏။

"အယ်လက်စ်"ဟု ရက်ဂျီနာက ဒိုင်းလ်ကို လှမ်းခေါ်ကြည့်၏။

"အင်း ... ဟင်"

ဒိုင်းလ်ဘက်မှ ညည်းသံပါပါနှင့် ပြန်ထူး၏။





"ဂစ်ဒီယွန်၊ ဒီမှာ ဘာလာလုပ်နေတယ်ဆိုတာ ရှင် ပြောနိုင်သလားဟင်"

"ဟင့်အင်း ... ဒါပေမဲ့ သူဟာ ကျုပ်တို့ကို နောက်ယောင်ခံလိုက်နေတယ်။ စောင့်ကြည့်နေတယ်ဆိုတာတော့ သေချာတယ်"

"ဒီလိုမျိုး တစ်မျိုးတွေးစရာပဲ။ သူသာ ရွှေတွေရနေရင် ကျွန်မတို့ နောက်ကို သူလိုက်နေမှာ မဟုတ်ဘူး"

"ကျွန်တော်ပြောသားပဲ။ ဂစ်ဒီယွန်မှာ ရွှေတွေမရှိပါဘူးလို့။ ပြီးတော့ ဘာက်စ်ကိုလည်း ကျွန်တော်မထင်ဘူး။ အဲ ... သူတို့နှစ်ယောက် ကသာ ကျွန်တော်တို့ကို ရွှေတွေရထားတယ်လို့ ထင်နေတာ"

"အို ... ဒါပေမဲ့ ကျွန်မတို့မှာ ဘာမှမရပါလား"

"အဲဒါ ခင်ဗျား ကျွန်တော့်ကို ပြောလို့အပိုပဲ။ သူတို့နှစ်ယောက်ကို ပြောမှပေါ့"

"စကိုဘီနဲ့ ချားလ်(စ်)အသတ်ခံရတဲ့ ကိစ္စကော သူတို့နဲ့ မဆိုင်ဘူးလို့ ရှင်ဆိုလိုတာလား"

နံရံခြားနေသဖြင့် သူတို့နှစ်ယောက်စလုံးမှာ နံရံနားသို့ ကပ်၍ ပြောနေရ၏။ သို့သော် ကျယ်ကျယ် မပြောဝံ့ကြချေ။

"ဒီလိုတော့ ကျွန်တော်မဆိုလိုပါဘူး။ သူတို့အထဲက တစ်ယောက်ယောက်လည်း ဖြစ်နိုင်တယ်။ နှစ်ယောက်စလုံးလည်း ဖြစ်နိုင်တယ်။ သူတို့တွေဟာ ပျောက်ဆုံးသွားတဲ့ ရွှေချောင်းတွေနောက်ကို အရူးအမူးလိုက်နေကြတာတော့ အမှန်ပဲ"

"ဒါဖြင့် သူတို့အထဲက တစ်ယောက်ယောက်၊ ဒါမှမဟုတ် နှစ်ယောက်စလုံးဟာ ချားလ်(စ်)နဲ့ စကိုဘီသတ်တဲ့ တရားခံတွေ ဖြစ်နေပေမဲ့ ရွှေချောင်းတွေကို သူတို့ မရဘူးလို့တော့ ဆိုလိုတယ်ပေါ့"

"အင်း ... ဒီလိုတော့ ကျွန်တော် ထင်တာပဲ"

"ဒီလိုဆိုရင် ချားလ်(စ်)ဟာ ရွှေချောင်းတွေကို သူနဲ့အတူ မီးရထားပေါ် ယူမသွားဘူးလို့ ယူဆနိုင်တာပေါ့"

"ဟုတ်တယ်။ ချားလ်(စ်)ဟာ သူနဲ့အတူ ယူမသွားဘူး"

ထို့နောက် နှစ်ဖက်စလုံးပင် တိတ်ဆိတ်သွားပြန်၏။ အဝတ်လဲခန်းမှ ရက်ဂျီနာ၏အသံ ထွက်ပေါ်လာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် သူတို့တစ်တွေဟာ မီးရထားပေါ်မှာ ရွှေချောင်း ရှာမတွေ့တာနဲ့ ကျွန်မ ရထားတယ်လို့ ဘာ့ကြောင့်ထင်သလဲ''

''ဒါကတော့ ခင်ဗျားက ချားလ်(စ်)ရဲ့ဇနီးပဲကိုး''

ရက်ဂျီနာမှာ အမှန်ပင် ရင်တုန်နှလုံးခုန် ဖြစ်သွား၏။ မိမိတွင် မရှိသော ပစ္စည်းများအတွက် ယင်းကိစ္စကို အတော်ပင် ကြောက်ရွံ့တုန်လှုပ်လျက် ဒိုင်းလ်၏ ယဉ်နာမည်ကို ခေါ်ရင်း . . .

''အယ်လက်စ် ကျွန်မ ကြောက်တယ်။ မြန်မြန် အဝတ်လဲပါ။ ကျွန်မ အခန်းဝက စောင့်နေမယ်''

ဒိုင်းလ်က တစ်စုံတစ်ရာ ပြန်၍အဖြေမပေးချေ။ အမှန်သော် သူ့တွင် အဝတ်အစားလဲပြီး ဖြစ်နေ၏။ သို့နှင့် တံခါးကို ဖွင့်ထွက်လိုက်ပြီးလျှင် ရေကူးကန်၏ လှပသောရှုခင်းကိုကြည့်ကာ လေကောင်းလေသန့်ကို တဝရှူရှိုက်လိုက်၏။

ထိုအချိန်၌ အခန်းတံခါးကို ကျောကပ်၍ ရပ်နေသော သူ၏နားရွက်အနီးမှ အရာဝတ္ထုတစ်ခု ဝီးခနဲဖြတ်သွားကာ တံခါးပျဉ်ကို ဖောက်ထွက်သွား၏။ တံခါးပျဉ်တွင် ကျည်ဆန်ရာ အပေါက်ငယ်ကလေး ပေါက်ဖြစ်သွား၏။ တစ်စုံတစ်ရာ သူက မတုံ့ပြန်နိုင်မီ နောက်ထပ် ကျည်ဆန်တစ်ဆန်က တံခါးပျဉ်ကို ဖောက်သွားပြန်၏။ သို့နှင့် ချက်ချင်းသတိဝင်လာကာ သူ့အား တစ်စုံတစ်ယောက်က လုပ်ကြံနေပြီကို သိလိုက်သည်နှင့် တစ်ပြိုင်နက် အီတလီကျောက်ပြားခင်းထားသော ကြမ်းပြင်ပေါ်သို့ အလျားမှောက်ချလိုက်တော့၏။ ထိုအချိန်၌ပင် တတိယကျည်ဆန်သည် သူ၏ဦးခေါင်းရှိရာ တံခါးပျဉ်ကို တိုက်ရိုက်လာ၍မှန်ပြန်ရာ အတော်ပင် ကြောက်ရွံ့တုန်လှုပ်နေတော့၏။ တံခါးပျဉ်ပေါ်မှ ကျည်ဆန်ရာသုံးခုမှာ ဖွရရာကျဲနေ၏။ လက်မတင်ကလေးမျှသာ အသက်ဘေးမှ လွတ်မြောက်ခွင့်ရလေသည်။

## အခန်း ၃၀

တံခါးပျဉ်နံရံကို လာရောက်ထိမှန်ကြသော သေနတ်ကျည်ဆံ များ၏ အသံသည် မကျယ်လှသော်လည်း ပျဉ်တစ်ချပ်သာခြားသော ရက်ဂျီနာဘက် [illegible] ကြားရ၏။ ဒိုင်းလ် မည်သို့ဖြစ်လေသနည်းဟု ရက်ဂျီနာမှာ စိုးရိမ်သွား [illegible]လျှင် သူ၏အဝတ်လဲခန်းတံခါးကို ကတိုက်ကရိုက်ဆွဲဖွင့်ကာ ဒိုင်းလ်၏ [illegible]ခန်းဘက်သို့ လှမ်းကြည့်လိုက်၏။

ဒိုင်းလ်သည် ကြမ်းပြင်ပေါ်တွင် အလျားမှောက်နေရာမှ . . .

''ရက်ဂျီနာ၊ ခင်ဗျားအခန်းထဲ ပြန်ဝင်ပြီးတော့ဝပ်နေ''ဟု အမော [illegible]ကာအော်၍ ပြောလိုက်၏။ သို့နှင့် ရက်ဂျီနာမှာ တစ်စုံတစ်ရာမသိဘဲ [illegible]အခန်းထဲသို့ ပြန်၍ခုန်ဝင်လိုက်ပြီးလျှင် တံခါးကိုလည်း ဆွဲပိတ်လိုက်၏။

ထို့နောက် . . .

''ဘာတွေ ဖြစ်နေတာလဲ ဒိုင်းလ်။ ကျွန်မ ရင်ထိတ်လိုက်တာရှင်'' [illegible] ဒိုင်းလ်၏အခန်းဘက်သို့ အော်၍မေးလိုက်၏။

''တစ်ယောက်ယောက်က ကျုပ်ကို သေနတ်နဲ့ လှမ်းပစ်နေတယ်''

''ရှင် ဘာဖြစ်သွားသေးသလဲ။ ထိသွားသေးသလား။ သေနတ်သံ [illegible] မကြားရပါလား''

''ကျွန်တော် ဘာမှမဖြစ်ဘူး။ ကျည်လည်း မထိဘူး။ အသံမကြား [illegible]ကတော့ သေနတ်သမားဟာ အသံတိတ်ကိရိယာကို သုံးလို့ပဲ''



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ဒိုင်းလ်သည် ခေါင်းထောင်၍ ကြည့်လိုက်ရာ ရေကူးကန် အခြားတစ်ဖက်ရှိ အဝတ်လဲခန်း တံခါးတစ်ချပ် ရုတ်တရက် ပိတ်သွားသည်ကို တွေ့လိုက်ရ၏။ သူ၏ အရှေ့တူရူပစ်ကွင်းမှ ပစ်ခြင်းဖြစ်၏။

အတန်ကြာမှ ရက်ကီနာ၏အခန်းတံခါး ပွင့်လာပြန်ရာ ထိုအချိန်၌ ဒိုင်းလ်မှာ မတ်တတ်ရပ်လျက် ပိတ်သွားသောအခန်းတံခါးကို မျက်တောင် မခတ် ငေးမောကြည့်နေရာ ရက်ကီနာသည် သူ့အနီးသို့ရောက်လာကာ

"ရှင်... ဘာကြည့်နေတာလဲ"ဟု မေးလိုက်၏။

ဒိုင်းလ်သည် တစ်ဖက်ရှိအဝတ်လဲခန်းကို လက်ညှိုးထိုးပြရင်း

"ညာဘက် အဆုံးကပြန်ပြီး ရေတွက်ရင်နံပါတ် ၄ အခန်းပဲ" ဟု ပြော၏။

ထိုစဉ် ပတ်ဝန်းကျင်ရှိလူများ လှုပ်လှုပ်ရှားရှားဖြစ်လာကြ၏။ သို့နှင့် ဒိုင်းလ်သည် ထိုအခန်းသို့ အပြေးအလွှားသွားရာ ရက်ကီနာက...

"နေဦးလေ... ဘယ်သွားမလို့လဲ"ဟု ပြောရင်း ဒိုင်းလ်နောက် သို့ အပြေးအလွှား လိုက်သွား၏။

"ခင်ဗျားမလိုက်နဲ့ ရက်ကီနာ။ လူသတ်သမားဟာ အဲဒီအခန်းထဲမှာ ချောင်းပိတ်မိနေပြီ။ သူ့လက်ထဲမှာ သေနတ်လည်း ရှိတယ်။ အန္တရာယ် ရှိတယ်"

"ရှင် သူ့ကို မြင်လိုက်ရလို့လား သူ ဘယ်သူလဲ"

"ဘယ်သိမလဲ။ ခေါင်းပိုင်းလောက်ပဲ မြင်လိုက်ရတယ်"

ဒိုင်းလ်က ပြေးရင်းပြေးရင်း ဂစ်ဒီယွန်ထိုင်ခဲ့သော နေရာကို လှမ်း ကြည့်လိုက်ရာ ဂစ်ဒီယွန်သည် ပက်လက်ကုလားထိုင်ပေါ်၌ သူ့မျက်နှာ သတင်းစာတစ်စောင် ဖြန့်အုပ်လျက် ထိုင်မြဲထိုင်နေ၏။ သူတို့၏အဖြစ်အပျက် ကို သူ လုံးဝမရိပ်မဟန်မတူချေ။

ဒိုင်းလ်သည် ပြေးရင်းလွှားရင်း ရေကူးကန်ကိုပတ်ကာ အဝတ်လဲ ခန်းကို ဖြတ်၏။ တွေ့သမျှ လူများကလည်း သူ့ကို ဂရုတစိုက် ကြည့်ကြ သူကမူ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ သူ့အား လုပ်ကြံသည့် လူသတ်သမား ဝင်သွားသော အခန်းကိုသာ မျက်ခြေမပြတ် ကြည့်နေ၏။ ထို အခန်းသာ သူ့အတွက် အရေးအကြီးဆုံးဖြစ်သည် မဟုတ်ပါလော။





ထိုအခန်းရှေ့သို့ ရောက်သောအခါ တံခါးမှာ အတွင်းမှနေ၍ တင်းကျပ်စွာ ပိတ်ထားသည်ကို တွေ့ရ၏။ နောက်သို့ သူ လှည့်ကြည့်လိုက် သောအခါ သူနှင့် ဆယ်ကိုက်လောက်အကွာတွင် ရက်ကီနာ လိုက်လာသည်ကို တွေ့ရ၏။ ရက်ကီနာအား လိုက်မလာရန် သူက အော်သေး၏။ သို့သော် ပြော၍မရချေ။

ဒိုင်းလ်သည် အခန်းရှေ့တွင် မတ်မတ်ရပ်လိုက်ပြီးလျှင် သူ၏ ဖုံးစလွယ်အိတ်ထဲမှ သေနတ်ကို ထုတ်ယူလိုက်ပြီးလျှင် အခန်းတံခါးကို ချိန်၍ မောင်းတင်လိုက်၏။ သို့ရှိစဉ် ပတ်ဝန်းကျင်ရှိလူများမှာ ရိပ်မိကုန်ကြ ပြီးလျှင် တစ်စုံတစ်ရာ ဖြစ်တော့မည်ထင်သဖြင့် ပြေးသူပြေး၍ အချို့လည်း နောက်ထဲသို့ ခုန်ချသူက ခုန်ချကြတော့၏။

သို့ရှိစဉ် သူ၏နောက်မှ လိုက်လာသော ရက်ကီနာသည် ဒိုင်းလ်ကို မီသွား၏။

ရက်ကီနာက ဒိုင်းလ်၏လက်မောင်းကို ဆုပ်ကိုင်လျက်...

"ရှင်ဘာတွေ လုပ်နေတာလဲ"

"မပြောတတ်ဘူး။ ဒါပေမဲ့ ခင်ဗျား ရှောင်နေရင်ကောင်းမယ်"

သို့ပြောရင်း ရက်ကီနာ၏လက်ကို ခါချလိုက်ရာ ရက်ကီနာမှာ ဘန့်ဖျပ်၍ ဘေးတစ်ဖက်ရှိနံရံသို့ ပြေးကပ်လိုက်၏။ ရက်ကီနာမှာ ရင်ခုန်၍ များပင်တုန်ကာ ဒိုင်းလ်ကိုသာ စိုက်ကြည့်နေတော့၏။

သို့နှင့် ဒိုင်းလ်သည် အခန်းထဲတွင်ရှိသော သေနတ်သမားအား

"ဟေ့... အထဲကကောင် တံခါးဖွင့်စမ်း။ မင်း သေနတ်ချလိုက်။ င်းကို အပြင်ဘက်က ဝိုင်းမိထားပြီကွ"ဟု အော်ပြောရင်း သေနတ်ကို ည်း အသင့်ချိန်ထား၏။

သို့သော် အခန်းထဲမှ တစ်စုံတစ်ရာ ပြန်၍ပြောသံမကြားရချေ။

"ဟေ့... မင်းကိုလက်နက်ချဖို့ ငါ အချိန် ၁၀ စက္ကန့်ပဲ ပေးနိုင် ယ်။ ၁၀ စက္ကန့်မှ လက်နက်မချရင်တော့ မင်းပုန်းနေတဲ့တစ်ခန်းလုံး ည်ဆန်ပေါက်တွေ ဖြစ်ကုန်မယ်"

သို့သော် အခန်းထဲမှ မည်သည့်အသံကိုမျှ မကြားရချေ။

"ဟေ့ကောင်... ငါးစက္ကန့်ပဲ ကျန်တော့တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဤအတိုင်းဆိုလျှင် ဒိုင်းလ်မှာ အခန်းတံခါးကို ချိုးဖျက်၍ ဝင်ရပေတော့မည်။ ခေါင်းမာသော လူသတ်သမားကလည်း လက်နက်ချမည်မဟုတ်ဘဲ အတွင်းမှနေ၍ တိုက်ခိုက်တုံ့ပြန်ချေတော့မည်။ သို့နှင့် ဒိုင်းလ်မှာ ချီတုံချတုံဖြစ်နေ၏။

ထိုစဉ် အခန်းတံခါး ဖြည်းညင်းစွာ ပွင့်လာသဖြင့် ဒိုင်းလ်သည် တံခါးဝသို့ သေနတ်ပြောင်းဝကို ထိုးချိန်ထားလိုက်၏။ ရက်ဂျီနာမှာလည်း တုန်လှုပ်ချောက်ခြားလျက် ရှိနေ၏။ သို့ရှိစဉ် အခန်းထဲမှ လူတစ်ယောက်ထွက်လာကာ ဒိုင်းလ်ချိန်ထားသော သေနတ်ပြောင်းဝကို အထိတ်တလန့်ကြည့်နေ၏။ ထွက်လာသူကား ဝဝဖိုင့်ဖိုင့် အဘွားကြီးတစ်ယောက် ဖြစ်နေသဖြင့် သေနတ်ခလုတ်ကိုဆွဲမည့် ဒိုင်းလ်၏လက်ပင် တုန်ယင်နေတော့၏။

အဘွားကြီးသည် ဒိုင်းလ်အား ဂရုမစိုက်သကဲ့သို့ကြည့်ကာ ပြင်သစ်ဘာသာဖြင့် ဆဲဆိုကြိမ်းမောင်း၍ တစ်ဖက်သို့ ထွက်သွားသဖြင့် ဒိုင်းလ်မှာ ငေးငိုင်၍ ကျန်ရစ်ခဲ့လေသည်။

ပတ်ဝန်းကျင်ရှိ လူများမှာလည်း သူတို့၏ အဖြစ်အပျက်ကို ရိုးမီသွားကြသဖြင့် ဝိုင်း၍ရယ်မောကြ၏။ သို့နှင့် ဒိုင်းလ်သည် ရှက်ရှက်နှင့်ပင် အခန်းတံခါးကို ဆွဲဖွင့်လိုက်ပြီးလျှင် သေနတ်ကို အသင့်ကိုင်ကာ အခန်းထဲသို့ ဝင်သွား၏။ ရက်ဂျီနာကလည်း ဒိုင်းလ်နောက်မှ ကပ်၍ လိုက်သွား၏။ အခန်းမှာ မီးထွန်းထားသဖြင့် အလင်းရောင်ရှိသော်လည်း အခြားအဝတ်လဲခန်းများနှင့် မတူဘဲ တစ်စုံတစ်ရာ ပြင်ဆင်ထားခြင်းလည်းမရှိချေ။ အခန်းကျယ်ကြီး တစ်ခုမျှသာ ဖြစ်၏။ အခန်းထောင့်တစ်ထောင့်တွင် သံလက်ရန်းနှင့် သံလှေကားတစ်ခုကို တွေ့သဖြင့် ဒိုင်းလ်မှာ ပို၍စိတ်ဝင်စားလာကာ လှေကားအတိုင်း အောက်သို့ဆင်းသွားရာ လှေကားဆုံးသောအခါ မြေညီထပ်သို့ ရောက်သွား၏။ ထိုနေရာမှာ ရေကူးကန်သို့ဝင်ရန် လက်မှတ်ရောင်းသည့်ရုံ ဖြစ်နေကြောင်း သိရတော့၏။

လူသတ်ကောင်မှာ ထိုအပေါက်မှ ထွက်ပြေးနိုင်၏။ အဘယ့်ကြောင့်ဆိုသော် လက်မှတ်ရောင်းသည့်အပေါက်တွင် ထိုအချိန်၌ မည်သည့်အစောင့်မှမရှိဘဲ ရေကူးကန်ပင် ပိတ်တော့မည့်အချိန်သို့ ရောက်နေချေပြီ။

"ရှင် နောက်ထပ်သတင်းဆိုးတစ်ခု နားထောင်နိုင်သေးရဲ့လား"

ငေးငိုင်နေသော ဒိုင်းလ်ကို ရက်ဂျီနာက မေးလိုက်၏။ မိမိနောက်မှ ရက်ဂျီနာပါလာသည်ကို ဒိုင်းလ်သည် ယခုမှပင် သတိရတော့၏။

"ဆိုပါဦး ... ဘာများတုန်း"

"ပြဿနာတစ်ခုပြီးတစ်ခု ယောက်ယက်ခတ်အောင် ပေါ်နေတော့ ကျွန်မ ရှင့်နောက်လိုက်လာတဲ့အချိန်မှာ ကျွန်မပိုက်ဆံအိတ်ဟာ ကျွန်မ အဝတ်လဲတဲ့ အခန်းထဲမှာ မေ့ကျန်ရစ်ခဲ့တယ်။ အပြင်ဘက်မှာကလည်း ရှင့်ကို အကြောင်းကြောင်း လူတစ်ယောက်ဆိုပြီး ဝိုင်းလှောင်မယ့်လူတွေ ရှိလေတော့ ရှင် အပေါ်ပြန်လိုက်ချင်မှာ မဟုတ်ပါဘူးလေ။ ကျွန်မ တစ်ယောက်တည်းပဲ သွားပြန်ယူပါ့မယ်။ ရှင်သာ ဒီအပေါက်ကပဲ ထွက်သွားပါ"

ရက်ဂျီနာ၏ ကိုယ်ချင်းစာနာမှုကို ဒိုင်းလ်က ပြုံးမိ၏။ မှန်ပေသည်။ ရေကူးကန်တစ်ခုလုံးရှိလူများ သူတို့ကိုမြင်လျှင် အရူးအနှမ်းကဲ့သို့ ဝိုင်း၍ ပြောင်လှောင်ရယ်မောကြပေတော့မည်။

"ကိစ္စမရှိပါဘူး။ တကယ်လည်း ကိုယ့်အဖြစ်က အကြောင်းကြောင်း ဖြစ်သွားတာကိုး"

သို့နှင့် နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးကြပြီးနောက် လက်ချင်းတွဲကာ ရေကူးကန်ဘောင်အတိုင်း လျှောက်ကာ ရက်ဂျီနာ၏ အဝတ်လဲခန်းသို့ လာခဲ့ကြလေသည်။ သူတို့ တွေးထင်ထားသည့်အတိုင်းပင် လူတိုင်းက ပြုံးစစနှင့် သူတို့ကိုကြည့်ကာ တစ်ယောက်နှင့်တစ်ယောက် ပြင်သစ်ဘာသာဖြင့် လှမ်းပြောကြ၏။ သူတို့ကမူ ပြင်သစ်ဘာသာစကားကို လုံးဝနားမလည်ဟန်ဆောင်ကာ ဘေးဘီကို မကြည့်ဘဲ လာလမ်းအတိုင်း ခပ်သွက်သွက် လျှောက်လျက်ရှိကြ၏။ ဂစ်ဒီယွန်ရှိရာသို့ ရောက်သောအခါ နှစ်ယောက်သား လှည့်ကြည့်မိကြရာ သူသည် မျက်နှာကို သတင်းစာအုပ်၍ အိပ်နေဆဲပင် ဖြစ်၏။

"ဒီအကောင်ကြီးကြည့်ရတာ တို့အဖြစ်အပျက်ကို လုံးဝ မသိသလိုဘဲ အေးအေးဆေးဆေးပဲ။ အင်း... တို့အတွက် ကောက်ချက်တစ်ခုတော့ ချနိုင်တယ် ရက်ဂျီနာ၊ ကျုပ်ကိုလုပ်ကြံတာ ဂစ်ဒီယွန်တော့ မဟုတ်နိုင်ဘူး"

ဒိုင်းလ်က ရက်ဂျီနာအား တီးတိုးပြောလိုက်သော်လည်း ရက်ဂျီနာမှာ ကျန်ရစ်ခဲ့သော ပိုက်ဆံအိတ်ကိုသာ စိတ်စောနေသဖြင့် အခန်းရှိရာသို့သာ ခပ်သုတ်သုတ် လျှောက်သွားပြီးလျှင် အခန်းထဲသို့ တန်း၍ဝင်သွားတော့၏။ ဒိုင်းလ်မှာ အပြင်မှာစောင့်၍ ကျန်ရစ်ခဲ့၏။ စက္ကန့်ပိုင်းအတွင်း၌ပင်







www.burmeseclassic.com

www.burmeseclassic.com



ရက်ကိုနာ ပြန်ထွက်လာရာ မျက်စိမျက်နှာ ပျက်နေသည်ကို တွေ့ရလေသည်။

"အလ်လက်စ် . . . ကျွန်မ သေနတ်ကလေး ပျောက်သွားပြီ"

"ဘာ . . . ခင်ဗျားသေနတ်။ ခင်ဗျားမှာ ဘယ်တုန်းက သေနတ်ရှိလို့လဲ"

"ရှိတာပေါ့။ ရှိလို့ ရှင်ပေးတဲ့သေနတ်ကို ကျွန်မ မယူတာပေါ့"

"ဒါ . . . ထားပါတော့။ ဘယ်လိုပျောက်တာလဲ။ ဘယ်တုန်းက ပျောက်တာလဲ။ ခင်ဗျားကကော ဒီသေနတ်ကိုသုံးဖို့ စိတ်ကူးလို့လား"

"ကျွန်မလာတုန်းက ပါလာတယ်။ အခုမှ တစ်ယောက်ယောက်က နှိုက်သွားတာ"

"ကိုင်း . . . ဒီကိစ္စ အခုရှင်းလို့တော့ ရမှာမဟုတ်ဘူး။ နောက်မှ အေးအေးဆေးဆေး ရှင်းကြမယ်။ ဒီတော့ တို့ တစ်နေရာရာ သွားကြမယ်။ ဒီနေရာမှာ ကြာကြာနေရင် ပိုရှုပ်ကုန်လိမ့်မယ်။ ကဲ . . . သွားကြမယ်"

သို့နှင့် တစ်ယောက်လက်ကို တစ်ယောက်ဆွဲကာ ကတိုက်ကရိုက် ထွက်လာခဲ့ကြပြန်၏။ အထွက်တွင်လည်း ဂစ်ဒီယွန်အိပ်နေသည့် နေရာကို ခပ်လှမ်းလှမ်းမှ ဖြတ်ရပြန်၏။ ဒိုင်းလ်မှာ ခြေလှမ်းတုံ့သွားသဖြင့် ရက်ကိုနာက အံ့သြသွား၏။ ဒိုင်းလ်သည် ဂစ်ဒီယွန်အနီးသို့ တစ်လှမ်းချင်း တိုးသွားရာ ရက်ကိုနာလည်း ၎င်းနောက်မှ လိုက်ပါသွား၏။ သူတို့ ပက်လက်ကုလားထိုင် အနီးသို့ ရောက်သည့်အထိ ဂစ်ဒီယွန်မှာ နိုးဟန်မတူသေးချေ။ သို့နှင့် ဒိုင်းလ်သည် ဂစ်ဒီယွန်၏မျက်နှာပေါ်တွင် အုပ်ထားသည့် သတင်းစာကို ဆွဲဖယ်လိုက်ရာ အိပ်နေသူမှာ သူတို့ မျှော်လင့်ထားသကဲ့သို့ ဂစ်ဒီယွန်မဟုတ်ဘဲ မိတ်ဆွေကြီး တက်စ် ဖြစ်နေတော့၏။

သူသည် အိပ်ပျော်နေခြင်းလည်း ဖြစ်နိုင်၏။ သို့မဟုတ် ဟန်ဆောင်နေခြင်းလည်း ဖြစ်နိုင်၏။ သို့နှင့် ဒိုင်းလ်က သူ၏ပခုံးကို လှုပ်နှိုးလာသောအခါမှ မျက်လုံးများပွင့်လာကာ သူတို့နှစ်ယောက်အား ပြုံး၍နှုတ်ဆက်၏။

"ဟော . . . သူငယ်ချင်း ဒိုင်းလ်။ ဩော် . . . မစ္စစ်လင်းဘတ်လည်း ပါလာသကိုး။ မင်္ဂလာရှိသောနေ့ပါ"

"ခင်ဗျား ဒီကိုရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"ဘာဖြစ်လို့လဲ။ မိနစ်နှစ်ဆယ်လောက်ပဲ ရှိပါလိမ့်ဦးမယ်"

"ရှင် . . . အဲဒီတစ်ချိန်လုံး အိပ်ပျော်နေသလား"





"ဘာမေးခွန်းတွေ မေးနေတာလဲ မစ္စစ်လင်းဘတ်။ ကျုပ်ဟာ ဒီလိုပဲ အပန်းဖြေလာတတ်တာပဲ။ ကျုပ်အမေက ကျုပ်ကို ပြောဖူးတယ်။ ကျုပ်ဟာ အမြောက်တစ်လက်ရဲ့ ပြောင်းဝမှာ ရောက်နေတောင် အိပ်ပျော်မှာပဲတဲ့"

တက်စ်၏ ဝေ့လည်ကြောင်ပတ်အဖြေကို စိတ်မရှည်နိုင်တော့ဘဲ ဒိုင်းလ်သည် "ဂစ်ဒီယွန်ဘယ်မှာလဲ"ဟု လိုရင်းကို တိုတိုတုတ်တုတ် မေးလိုက်၏။

"သူ အိမ်ပြန်သွားပြီလို့ ကျုပ်ထင်တယ်။ ဒီလူကတော့ တော်တော် ဝါသနာကြီးသေးတဲ့ လူပဲ။ အခု သတင်းစာဟာ သူ ကျန်ရစ်ခဲ့တဲ့ သတင်းစာလေ။ အလယ်မှာ အပေါက်နှစ်ပေါက်နဲ့ သူဟာ တစ်ချိန်လုံး ဒီအပေါက်ကလေးတွေကနေ ရေကူးဝတ်စုံနဲ့ ကောင်မလေးတွေကို ငမ်းနေတယ်နဲ့ တူတယ်"

တက်စ်၏အဖြေကို သူတို့နှစ်ယောက်စလုံးပင် သဘောမကျ နားမလည်ကြချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၁

ရက်ဂျီနာသည် အမေရိကန်သံရုံးသို့ တစ်နာရီဆယ့်ငါးမိနစ်ကျော်မှ ရောက်လာ၏။ ဤသို့ နောက်ကျရခြင်းမှာ ရေကူးကန်တွင် မမျှော်လင့်သော ရင်ခုန်ဖွယ်ရာ အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်၏။ သို့နှင့် ရက်ဂျီနာသည် အစောင့်ကိုပင် ခွင့်မတောင်းဘဲ ပြေး၍ ဝင်လာမိ၏။ သူသည် ဘာသိုလိုမြူနှင့် ချိန်းဆိုတိုင်း အချိန်နောက်ကျမှ ရောက်လာတတ်သောကြောင့် ဘာသိုလိုမြူ၏ မနှစ်မြို့သောမျက်နှာနှင့် အကြည့်ခံရမည်ကို စိုးရိမ်နေမိ၏။ သို့နှင့် ရက်ဂျီနာသည် ဓာတ်လှေကားထဲသို့ ပြေးဝင်သွားပြီးလျှင် အမှတ် ၃ ခလုတ်ကို နှိပ်လိုက်ရာ တတိယထပ်သို့ ရောက်သွား၏။ သို့နှင့် ကော်ရစ်ဒါတစ်လျှောက် ပြေးသွားပြီးလျှင် အခန်း အမှတ် ၃၀၇ (က)ရှေ့တွင် ရပ်လိုက်ရာ တံခါးသော့ခတ်ထားသည်ကို တွေ့ရ၏။ ထို့နောက် တံခါးတွင် စာတစ်စောင်ကို ပင်အပ်ဖြင့်စိုက်၍ ကပ်ထားသည်ကိုလည်း တွေ့ရလေသည်။

စာမှာ ရက်ဂျီနာဟု လိပ်စာတပ်ထားသဖြင့် ဖွင့်၍ဖတ်လိုက်ရာ အောက်ပါအတိုင်း ဖြစ်၏။

''ခင်ဗျား ... နောက်ကျတယ် မစ္စစ်လင်းဘတ်။ ကျွန်တော် နေ့လယ်စာစားရင်း သံရုံးရဲ့ အောက်ဆုံးထပ် စားသောက်ဆိုင် အခန်း(ခ) မှာ စောင့်နေပါတယ်''





သို့နှင့် ရက်ဂျီနာသည် စာကို သားရေအိတ်ထဲသို့ ထိုးထည့်လိုက်ပြီးလျှင် အောက်ထပ်သို့ ကတိုက်ကရိုက် ပြေးဆင်းရပြန်လေသည်။

သံရုံး၏ စားသောက်ခန်းကြီးမှာ ကျယ်ဝန်း၍ နေ့လယ်စာစားချိန်ဖြစ်သဖြင့် သံရုံးအမှုထမ်းများနှင့် ပြည့်ကျပ်နေ၏။ ရက်ဂျီနာသည် လူအုပ်ကြားထဲသို့ တိုးဝှေ့၍ ဘာသိုလိုမြူအား ရှာသောအခါမှ အခန်းထောင့်ရှိ စားပွဲတစ်လုံးတွင် ''တိုင်း''မဂ္ဂဇင်း ဖတ်နေသည်ကို တွေ့ရ၏။ သို့နှင့် ဘာသိုလိုမြူ၏ အနီးသို့သွားကာ ...

''ကျွန်မ နောက်ကျတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်ရှင်''ဟု ပြောလိုက်၏။

ရက်ဂျီနာ၏အသံကို ကြားလိုက်သောအခါမှ ဘာသိုလိုမြူသည် ဖတ်နေသော မဂ္ဂဇင်းစာအုပ်ကို စားပွဲပေါ်သို့ တင်လိုက်ပြီးလျှင် ...

''ဩော်... ထိုင်ပါ မစ္စစ်လင်းဘတ်။ ကျွန်တော် ဒီအချိန် နေ့လယ်စာစားနေကျမို့ပါ။ ခင်ဗျားကော ဘာသုံးဆောင်ချင်ပါသလဲ''ဟု ပြော၏။

''နေပါရှင် ... ကျေးဇူးတင်ပါတယ်။ ကျွန်မနောက်ကျနေတာ အလက်ဇန္ဒားဒိုင်းလ် လုပ်ကြံခံရလို့ပါ''

ဘာသိုလိုမြူက အံ့သြလျက်...

''ဘယ်သူလဲ အလက်ဇန္ဒားဒိုင်းလ်ဆိုတာ''

ဘာသိုလိုမြူသည် ပို၍အံ့အားသင့်သော မျက်နှာဖြင့် ရက်ဂျီနာအား ကြည့်လိုက်၏။ အတန်ကြာမှ ဆက်လက်၍...

''အင်း... ထားပါတော့လေ။ ဒီလူ့အကြောင်းလည်း သူ့ကဏ္ဍရောက်တော့ သိရမှာပေါ့။ အခု ခင်ဗျား ကျွန်တော့်ကို အဖြစ်အပျက် အစအနေအဆုံး ပြန်ပြောစမ်းပါ။ ဆိုပါတော့ စကိုဘီ အသတ်ခံရတဲ့နေ့ကစပြီ''

''ရှင် ... ဒီကိစ္စတွေ ဘယ်လိုလုပ်သိနေသလဲ။ သတင်းစာထဲ ပါလာပြီလား''

သည်တစ်ခါ အံ့အားသင့်ရသူမှာ ရက်ဂျီနာ ဖြစ်နေ၏။

''သတင်းစာထဲ မပါသေးပါဘူး။ ဂရင်းပီးယားဟာ ဒီကိစ္စကို လူသတ်မှုလား၊ လူသေမှုလားဆိုတာ သူကိုယ်တိုင် မသိရသေးခင် သတင်းစာကို ဒီသတင်း အပေါက်ကြားခံမှာ မဟုတ်ပါဘူး။ ဒီလူလည်း လူညီ ...ယောက်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် . . . ရှင် ဂရင်းပီးယားနဲ့ စကားပြောပြီးပြီပေါ့"

"ဒီမှာ မစ္စစ်လင်းဘတ် ခင်ဗျားမေးတာတွေ ကျွန်တော် ပြောစရာမလိုဘူး။ ကျွန်တော်မေးတာကိုသာ ခင်ဗျားဖြေပါ။ စကိုဘီ သေတဲ့အချိန်ကနေစပြီး ခင်ဗျားရဲ့အဖြစ်အပျက်တွေ ပြော . . . "

"ပထမဦးဆုံး အလက်ဇန္ဒားဒိုင်းလ်ရဲ့ အခန်းထဲမှာ စကိုဘီ သေနေတာကို သူတို့အားလုံး တွေ့ကြတယ်။ သူတို့အားလုံး စိတ်တူသဘောတူ စကိုဘီအလောင်းကို စကိုဘီရဲ့အခန်းထဲ သယ်သွားကြတယ်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"သူတို့အားလုံးကို စကိုဘီ သေဆုံးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဂရင်းပီးယားက မေးခွန်းတွေမေးတာကို မခံချင်ကြဘူးလေ။ စကိုဘီသေတဲ့ကိစ္စကလည်း ပျောက်ဆုံးနေတဲ့ ရွှေတွေကိစ္စနဲ့ ပတ်သက်နေတယ် မဟုတ်လား။ နောက်တစ်ခုက စကိုဘီသေတော့လည်း ညဝတ်အင်္ကျီနဲ့ပဲဆိုတော့ ဂရင်းပီးယားရဲ့ မယုံသင်္ကာမှုကိုလည်း ကြောက်လို့ပဲ"

"ဘာဖြစ်လို့ စကိုဘီသေတဲ့ထဲ ညဝတ်အင်္ကျီက ပါလာရတာလဲ။ ကျုပ် နားမလည်ဘူး"

"ဒီလိုလေ. . . ဒီကိစ္စနဲ့ပတ်သက်ပြီး ချားလ်(စ်)သေတုန်းကလည်း ညဝတ်အင်္ကျီနဲ့။ အခု စကိုဘီသေတော့လည်း ညဝတ်အင်္ကျီနဲ့"

ဘာသိုလိုမြူသည် ဘာမပြောညာမပြော အသံထွက်အောင်ပင် ရယ်လိုက်သဖြင့် ရက်ဂျီနာသာမက ပတ်ဝန်းကျင်ရှိ စားသောက်နေသူများပါ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။ ထို့နောက် ဘာသိုလိုမြူက အသံကို နှိမ့်ကာ . . .

"တော်တော်ရယ်စရာကောင်းတဲ့ လူတွေပဲ။ ဒါပေမဲ့ သူတို့ကိုလည်း အပြစ်တင်စရာ မရှိပါဘူးလေ။ အပြစ်ရှိတဲ့လူတွေဟာ ကိုယ့်အရိပ်ကို ကြောက်နေကြတဲ့ လူတွေပဲ။ စကိုဘီမှာ နှလုံးရောဂါရှိတယ် ဆိုတာကော ခင်ဗျား သိသလား။ သူတို့ကော သိသွားကြသလား"

"ရှင်ကော သိလို့လား။ တစ်စုံတစ်ယောက်က စကိုဘီကို အလက်ဇန္ဒားဒိုင်းလ်ရဲ့ အခန်းထဲမှာ တွေ့သွားရင် သူ့အပေါ် သံသယမဖြစ်နိုင်ဘူးလား။ ဒီကိစ္စကို ဂစ်ဒီယွန်ကော တက်စ်ပါ သိနေကြတာပဲ"





"အင်း. . . မင်းပြောတဲ့ အလက်ဇန္ဒားဒိုင်းလ်ကော မဖြစ်နိုင်ဘူးလား"

"ဟင့်အင်း မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ မစ္စစ်လင်းဘတ်။ စကိုဘီသေတာ ဒိုင်းလ်ရဲ့ အခန်းထဲမှာလို့ မင်းပဲ ပြောတယ်မဟုတ်လား"

"ဒါတော့ ကျွန်မ မပြောတတ်ဘူး။ ဒိုင်းလ် မဖြစ်နိုင်ဘူးဆိုတာတော့ ကျွန်မ သိတယ်"

"ဒီလိုတွေးဆချက်နဲ့ ကောက်ချက်ချလို့တော့ မရဘူး။ အကြောင်းအရာတော့ သက်သေပြဖို့လိုတယ် မစ္စစ်လင်းဘတ်"

ဘာသိုလိုမြူ၏ မျက်နှာမှာ ပြုံးစစနှင့်ဖြစ်ပြီးလျှင် သူ၏အပြုံးသည် ရက်ဂျီနာကို အထင်သေးသောသဘောကို ဆောင်နေ၏။

"ဒါထက် အခု ကျွန်မတို့ကိစ္စ အတိအကျကကော မစ္စတာဘာသိုလိုမြူ"

"မင်း ဘာကိုမေးတာလဲ"

"ရှင် ကျွန်မကို ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဘာလို့လိမ်နေသလဲ"

"မင်း ဘာကိုပြောနေတာလဲ . . . "

"ရှင်ပြောခဲ့တာတွေ တစ်ခုမှမဟုတ်ဘူး။ ကျွန်မခင်ပွန်းသည် ချားလ်(စ်)ဟာ ရှင့်လူမဟုတ်ဘူး။ ရှင့်အတွက် ဘာမှလုပ်မပေးခဲ့ဘူး။ သူဟာ ပျောက်ဆုံးသွားတဲ့ ရွှေတွေရဲ့သူခိုးပဲ။ တစ်ကိုယ်ကောင်းသမားပဲ ကျွန်မ အတတ်လမ်းစုံ သိပြီးပြီ"

"ဒါတွေ ကျွန်တော် သိပါတယ်။ ခင်ဗျား ပြောတာတွေလဲ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော် ခင်ဗျားကိုမလိမ်ပါဘူး။ ခင်ဗျားမေ့နေပြီလား မသိဘူး။ ပထမဦးဆုံး ခင်ဗျားဟာ ကျုပ်တို့အပေါ်မှာ ဘယ်လိုသဘောထားမယ်ဆိုတာ ကျုပ်တို့မသိလို့ ခင်ဗျားကို မယုံကြည်သေးတာပါ။ ခင်ဗျားဟာ ခင်ဗျားယောက်ျားရဲ့ လျှို့ဝှက်ချက်တွေကို သိရက်သားနဲ့ ထပ်မံလျှို့ဝှက်ထားတယ်လို့ ကျွန်တော်တို့ဘက်က ယူဆတယ်လေ။ အခုတော့ ရှင်းသွားပါပြီ။ ခင်ဗျားကို ကျွန်တော် ယုံပါပြီ"

"ဒါဖြင့် ရှင်ပြောခဲ့တဲ့ အမေရိကန်စီအိုင်အေအဖွဲ့တို့ ဘာတို့ဆိုတာ ခုတုံးလုပ်ထားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း မဟုတ်ပါဘူးလေ။ ကျုပ် စီအိုင်အေအတွက် အလုပ်လုပ်နေတာတော့ အမှန်ပဲ"

"ဒါပေမဲ့ ကျွန်မ နားလည်ထားတာက စီအိုင်အေဟာ သူလျှိုလုပ်ငန်းတွေ လုပ်ဖို့ပဲမဟုတ်လား။ ဒီအဖွဲ့ဟာ ပျောက်သွားတဲ့ ရွှေတွေ ရတနာတွေကို လိုက်လံရှာဖွေတူးဖော်ဖို့တော့ ဘာမှစိတ်ဝင်စားမှာမဟုတ်ဘူး"

"မှန်ပါတယ်။ ဒီကိစ္စတွေကို တာဝန်အရှိဆုံးအဖွဲ့ကတော့ စစ်အတွင်းက ဖွဲ့ခဲ့တဲ့ "အိုအက်စ်အက်စ်"ပါပဲ။ အခု စစ်ကြီးပြီးတော့ ဒီအဖွဲ့ကို ဖျက်ပစ်လိုက်ပြီ။ အခုလို စစ်အေးကာလမှာတော့ ဒီအဖွဲ့ရဲ့ အမှုဟောင်းတွေကို ကျုပ်တို့ကလည်း လွှဲယူခဲ့ရပါတယ်"

သို့ပြောရင်း ဘာသိုလိုမြူသည် စီးကရက်တစ်လိပ်ကို ထုတ်သောက်ကာ ရက်ကျိနာကိုလည်း တစ်လိပ်တည်ခင်း၏။

"ရှင် . . . ကျွန်မယောက်ျား ချားလ်(စ်)ကို သိသလား"

"မသိပါဘူး"

"ဒါနဲ့တောင် ရှင်တို့က ဒီရွှေတွေကို ချားလ်(စ်)ခိုးတယ်လို့ ဘာကြောင့် စွပ်စွဲရသလဲ"

"ကျွန်တော်တို့အဖွဲ့ဟာ ကမ္ဘာနဲ့အနှံ့ ဖြန့်ထားပါတယ်။ တိုင်းပြည်တိုင်းမှာလည်း ရှိနေပါတယ်။ အားလုံးဟာ အဖွဲ့ရဲ့အကျိုးအတွက် အမြဲတမ်းသစ္စာရှိနေကြပါတယ်။ ဒီတော့ စစ်အတွင်းက ပျောက်ဆုံးသွားတဲ့ ရွှေတွေ ဘယ်ရောက်နေတယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး အဆက်အသွယ်လုပ်ပြီး ရရှိတဲ့ သဲလွန်စတွေကို ဆက်စပ်ယူလိုက်ရင် ဒီရွှေတွေကို ချားလ်(စ်)လင်းဘတ် ယူသွားတယ်လို့ လက်ညှိုးညွှန်ပြရာ ရောက်နေပါတယ်။ တကယ်တော့ ဒီရွှေတွေနဲ့ တိုက်ရိုက်ဆက်သွယ်နေတဲ့ လင်းဘတ်ရဲ့အဖွဲ့ဟာလည်း ကမ္ဘာ့နိုင်ငံအသီးသီးကို စိမ်ပြေးတမ်း ကစားနေကြတယ် မဟုတ်လား။ ပြေးတဲ့လူက တစ်ယောက်ထဲ။ လိုက်တဲ့လူက သုံးယောက်၊ ပြီးတော့ သူတို့ရောက်လေရာရာမှာ အရာရာနဲ့ အကြောင်းကြောင်းဆိုတော့ "ဘူး" ပေါ်သလို ပေါ်နေတာပေါ့။ ကျွန်တော် ခင်ဗျားရဲ့ခင်ပွန်းကို သူခိုးလို့ မစွပ်စွဲပါဘူး။ ကျန်တဲ့လူတွေကိုလည်း မစွပ်စွဲပါဘူး။ သူတို့တစ်တွေဟာ တစ်ချိန်တုန်းက တိုင်းပြည်အပေါ်၊ နိုင်ငံအပေါ် အသက်ပေးပြီး သစ္စာရှိလာကြတဲ့ လူတွေပဲ။ ဒါပေမဲ့ လူတွေဟာ စစ်အေးသွားတဲ့အချိန် သွေးအေးသွားတဲ့အချိန် တာဝန်မရှိတော့တဲ့ အချိန်ကျ





တော့ ကိုယ်တစ်ယောက်ထဲ ချမ်းချမ်းသာသာနေဖို့ စိတ်ကူးရောက်လာတတ်ကြတာပဲ။ ဒီအချိန်မှာ ဒေါ်လာလေးသိန်းတန်ဖိုးရှိတဲ့ ရွှေတွေကလည်း ပိုင်ရှင်မဲ့ဆိုတော့ အဲဒီသစ္စာရှိတဲ့ လူတွေကပဲ သစ္စာဖောက်တွေ ဖြစ်ကုန်ကြတယ်"

ထိုစဉ် စားပွဲထိုးတစ်ဦး အနီးသို့ ရောက်လာသဖြင့် ဘာသိုလိုမြူသည် စကားကို ခေတ္တဖြတ်ထားလိုက်၏။ ရက်ကျိနာကမူ စိတ်စောလျက်ရှိနေ၏။ ပြဿနာအားလုံးလည်း ဆုံးခန်းတိုင်ချိန် နီးချေပြီ။ ဤကိစ္စများတွင် မျက်နှာဖုံးစွပ် ကနေသူများလည်း မျက်နှာဖုံးများ ကွာကျကုန်ကြပေပြီ။ စားပွဲထိုးအနီးမှ ထွက်သွားရန် ရက်ကျိနာက ကော်ဖီတစ်ခွက်ဟုသာ မှာလိုက်၏။ စားပွဲထိုးထွက်သွားသောအခါ ဘာသိုလိုမြူက ဆက်လက်၍ . . .

"ကိုင်း . . . ဒီတော့ ခင်ဗျား ဘာမေးချင်သေးသလဲ"ဟု ပြော၏။

"မေးခွန်းတစ်ခု ကျန်သေးတယ်။ ကျွန်မ ဘာဆက်လုပ်ရမှာလဲ"

"ကျွန်တော် ခင်ဗျားအပေါ် ရိုးရိုးသားသား စေတနာထားပြီး ပြောရမယ်ဆိုရင်တော့ အခုလက်ရှိ ခင်ဗျားရဲ့အခြေအနေကို ကျွန်တော် စိုးရိမ်မိတယ်"

"ရှင် . . . ဘာကိုဆိုလိုတာလဲ အားလုံးပပေါင်ဦတွေပါပဲလား"

"ကျွန်တော် ခင်ဗျားကို ခြိမ်းခြောက်နေတာ မဟုတ်ဘူးဆိုတာတော့ ခင်ဗျားယုံပါ။ ဒါပေမဲ့ ခင်ဗျားဟာ ပဲရစ်မှာရှိနေသမျှ အထူးသဖြင့် အခုလို အချိန်မှာ ခင်ဗျားအတွက် လုံခြုံမှုမရှိဘူး"

ရက်ကျိနာမှာ နားရှုပ်သွား၏။ ထိတ်လန့်တကြားလည်း ဖြစ်သွား၏။

"ရှင်က ကျွန်မကို ပဲရစ်မှာ မနေစေချင်ဘူးပေါ့"

"ဟုတ်တယ် . . . ဖြစ်နိုင်ရင်ပေါ့။ ဒါပေမဲ့ မဖြစ်နိုင်ပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား ပဲရစ်က ပျောက်သွားတာနဲ့တစ်ပြိုင်နက် ခင်ဗျားရွှေတွေရသွားပြီရယ်လို့ သူတို့က ယူဆပြီး ခင်ဗျားပြေးသမျှနေရာကို လိုက်ကြသိမ့်မယ်။ အန္တရာယ်ပြုကြလိမ့်မယ်။ ဒီမှာကမှ ကျွန်တော်တို့ရဲ့ အစောင့်အရှောက် မျက်စိအောက်မို့ တော်သေးတယ်။ ကဲ . . . ဒီတော့ ကျုပ်တို့အသင့်တော်ဆုံးလမ်းကို စဉ်းစားကြည့်ကြရအောင်"

"အဲဒါ မစဉ်းစားခင် ရှင့်ကို ကျွန်မ တစ်ခုပြောစရာ ရှိသေးတယ်။ ဒီဟာ ပျောက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဘာသိုလိုမြူက မျက်လုံးပြူး၍ အံ့ဩလျက် "ဘာ... ဟိုဟာလဲ ခင်ဗျားလည်း ပဟေဠိဆန်တာပါပဲ"

"ရှင်ပေးထားတဲ့ သေနတ်ကလေးလေ။ ကျွန်မ လက်ဆွဲအိတ်ထဲ ထည့်ထားတာ မရှိတော့ဘူး။ တစ်ယောက်ယောက် ခိုးသွားပြီ"

"ဘယ်တုန်းကလဲ။ ဘယ်လိုပျောက်တာလဲ"

"ဒီနေ့မနက် ရေကူးကန်မှာပဲ။ ဗိုင်းလ်ကို သေနတ်နဲ့ ပစ်ပြေးတဲ့ တရားခံနောက်ကို လိုက်နေတုန်းကပဲ"

ဘာသိုလိုမြူသည် နက်နက်နဲနဲ စဉ်းစားကာ ရက်ဂျီနာအနီးသို့ ကပ်၍ တီးတိုးလေသံဖြင့်...

"ခင်ဗျားရဲ့ခြေထောက်နား ကပ်လျက်ခုံအောက်မှာ ကျွန်တော့် လက်ဆွဲသားရေအိတ် ရှိတယ်။ ခင်ဗျား လက်ကိုင်ပဝါကို လွှတ်ချလိုက်ပြီးတော့ ကောက်ချင်ဟန်ဆောင်ပြီး ကျွန်တော့် လက်ဆွဲအိတ်ကို ဖွင့်ကြည့်၊ သေနတ်တစ်လက် တွေ့လိမ့်မယ်၊ အဲဒီသေနတ်ကို လက်ကိုင်ပဝါနဲ့ အုပ်ယူပြီးတော့ ခင်ဗျား အိတ်ထဲထည့်လိုက်၊ နားလည်ပြီးလား"

ရက်ဂျီနာသည် ခေါင်းညိတ်ပြလိုက်ပြီးလျှင် ဘာသိုလိုမြူ ညွှန်ကြားသည့်အတိုင်း လက်ကိုင်ပဝါကို အောက်သို့ ချလိုက်ပြီးလျှင် ကောက်ချင်ဟန်ဆောင်၍ လက်ဆွဲအိတ်ကို ဖွင့်လိုက်၏။ သို့သော် သူ၏လက်များ တုန်တုန်ယင်ယင် ဖြစ်နေ၏။ လက်ဆွဲအိတ်ထဲမှ သေနတ်ကို တွေ့သောအခါ ရက်ဂျီနာမှာ အံ့အားသင့်ကာ လက်များပင် တွန့်ဆုတ်သွား၏။ အဘယ့်ကြောင့်ဆိုသော် သူမြင်တွေ့ရသော သေနတ်မှာ သူပျောက်သွားသော သေနတ်ငယ်နှင့် တစ်ပုံစံတည်း ဖြစ်နေသောကြောင့် ဖြစ်၏။ သို့နှင့် ရက်ဂျီနာသည် အတန်ကြာ ငိုင်နေရာမှ သတိပြန်ဝင်လာပြီးလျှင် သေနတ်ကို လက်ကိုင်ပဝါနှင့်အုပ်ကာ ဖြည်းဖြည်းချင်း မယူလိုက်လေသည်။

ဤကဲ့သို့ ပြုလုပ်နေစဉ် ဘာသိုလိုမြူ၏အသံကို ကြားလိုက်ရ၏

"မစ္စစ်လင်းဘတ် သတိထား... ခဏနေ"

သို့နှင့် ရက်ဂျီနာသည် မိမိ ဘာများမှားပါလိမ့်ဟု ထင်သဖြင့် မော့ကြည့်လိုက်ရာ နံဘေးတွင် လူတစ်ယောက် လာရပ်နေသည်ကို တွေ့ရ၏။ သေချာစွာ ကြည့်လိုက်သောအခါ စားပွဲထိုးဖြစ်နေ၏။ သူမှာထားသော ကော်ဖီကို လာချပေးခြင်း ဖြစ်၏။ သို့သော် ခုံအောက်ရောက်နေသည့်





ရက်ဂျီနာ၏လက်ကို ရှောင်လိုက်သဖြင့် ဗန်းထဲမှ ကော်ဖီခွက်သည် ရက်ဂျီနာ၏လက်ပေါ်သို့ လျှောကျလာရာ ကော်ဖီရည်များပူသဖြင့် ရက်ဂျီနာသည် လက်ထဲတွင် ကိုင်ထားပြီးဖြစ်သော သေနတ်ကို သတိလက်လွတ် ဖြစ်သွားကာ ဆွဲခုန်လိုက်၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူ့အမှားကို တောင်းပန်ရန် ကြိုးစားနေသော စားပွဲထိုးကို ထိုသေနတ်က ချိန်ထားပြီး ဖြစ်နေလေသည်။

သို့နှင့် ဘာသိုလိုမြူက...

"[illegible]... အို... မစ္စစ်လင်းဘတ် မပစ်ပါနဲ့ဗျာ။ သူ့မှာ ကလေးတွေ ရှိနေမှာပါ။ နောက်တစ်ခါ သူ ဒီလိုအဖြစ်မျိုး ကျူးလွန်ရဲတော့မှာ မဟုတ်ပါဘူး"ဟု ဝင်ပြော၏။

သို့နှင့် ရက်ဂျီနာသည် လက်ကို နောက်သို့ဝှက်လိုက်၏။ သို့သော် ကြိုးပစ်ရာ ထန်းလက်နှင့်ကာ ဆိုဘိသကဲ့သို့ ဖြစ်နေ၏။ သေနတ်ကို စားပွဲထိုးမြင်သွားလေပြီ။

တစ်ယောက်နှင့်တစ်ယောက် မည်သို့မျှ မဖြစ်သကဲ့သို့ ငြိမ်သက်သွားကြပြန်၏။ စားပွဲထိုးလည်း ခပ်တည်တည်ပင် သူတို့စားပွဲမှ ခွာသွားလေ၏။ ဘာသိုလိုမြူနှင့် ရက်ဂျီနာတို့သာ ရင်မောရ၍ ကျန်ရစ်ခဲ့ကြလေသည်။

သို့နှင့် အတန်ကြာမှ ဘာသိုလိုမြူက...

"ကျွန်တော့်ကို ကတိတစ်ခုလောက်ပေးပါ မစ္စစ်လင်းဘတ်"

"ပြောပါရှင်"

"ဒီတစ်ခါ သေနတ်ပေးတာဟာ နောက်ဆုံးအကြိမ်ပဲ ဖြစ်ပါတယ်။ ခင်ဗျား ကိုယ်နဲ့မကွာ စောင့်ရှောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃၂

ယူနက်စကို ဘာသာပြန်ဌာနမှ ခုနစ်လကြာမျှ ခွဲခွာခဲ့ပြီးနောက် ယခုညနေပိုင်းတွင် စတင်ဝင်ရောက်လုပ်ကိုင်ရသည်မှာ ရက်ဂျီနာအဖို့ နှေးကွေးနေ၏။ တစ်ဘာသာမှတစ်ဘာသာသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ဘာသာပြန်ဆိုရသည်မှာ ဘာသာရပ်နှစ်ခုစလုံးကို ကျွမ်းကျင်ရုံနှင့် မပြီးသေးဘဲ ပါရမီရှိပါမှ အောင်မြင်ပေမည်။

ယခုကဲ့သို့ ခင်ပွန်းဖြစ်သူ ချားလ်(စ်)လင်းဘတ်နှင့် လက်ထပ်ပြီးနောက် ထိုဘာသာပြန်အလုပ်မှ ထွက်ခဲ့၏။ ထိုစဉ်က သူသည် ထိုအလုပ်ကို ပြန်လည်လုပ်ကိုင်ရလိမ့်မည်ဟု မတွေးမထင်ခဲ့ချေ။ ယခုကဲ့သို့ မုဆိုးမဘဝ ရောက်မှ ဤအလုပ်ကို ပြန်လည်အမှုထမ်းရသည့် သူ့အဖြစ်ကိုတွေး၍ ဝမ်းနည်းသကဲ့သို့ ခံစားရ၏။

ဤကဲ့သို့ ခံစားနေရစဉ် ကွန်ဖရန့်ကျင်းပနေသော အစည်းအဝေးခန်းမ စားပွဲဝိုင်းတွင် ကိုယ်စားလှယ်ရှစ်ဦး ထိုင်၍ ဆွေးနွေးနေ၏။ ဆွေးနွေးနေကြသော အကြောင်းအရာမှာ "အမေရိကတိုက် အပူပိုင်းဇုံ ဒေသတွင် ဂျုံအထွက်တိုးရေး"အတွက် ဖြစ်၏။ အကြောင်းအရာမှာ သီးခြားဘာသာရပ် ဖြစ်သောကြောင့် သူ့အတွက် အခက်အခဲပို၍ တွေ့နေရလေသည်။ သို့သော် ထိုကိစ္စကို ဘယ်ဂျီယံမှ ကိုယ်စားလှယ်သည် စပိန်ဘာသာဖြင့် ထ၍ ဆွေးနွေးသောအခါ သူ့အတွက် အသက်ရှူချောင်သွား၏။ ဘယ်ဂျီယံကိုယ်စားလှယ်သည် စကားပြောမြန်သော်လည်း သူပြောနေသော စကားမှာ စပိန်ဘာသာ





ကားဖြစ်သဖြင့် သူ၏တာဝန်မရှိချေ။ ထိုသို့ နားနေချိန်လေးအတွင်း သူ၏စိတ် သက်သာရာရသေးပါ။ နေ့လယ်ကတွေ့ခဲ့သော ဘာသိုလိုမြူအကြောင်း အတွေးရောက်သွားပြန်၏။

ဘာသိုလိုမြူသည် ဒိုင်းလ်အပေါ် မည်သို့သဘောထားသနည်း။ ဘာသိုလိုမြူသည် မိမိအား အန္တရာယ်ရှိသည်ဟု ပြောသည်မှာ မည်သည်ကို ရည်ရွယ်၍ ပြောလေသနည်း။ ဒိုင်းလ်က မိမိအား ပြောမပြခဲ့သော အကြောင်းများကို ဘာသိုလိုမြူ သိပြီးပြီလော။ ဤသို့ဆိုလျှင် ထိုအကြောင်းချင်းရာက အဘယ်နည်း။ ဘာသိုလိုမြူသည် လည်းကောင်း၊ ဒိုင်းလ်သည် လည်းကောင်း မိမိနှင့် ပူပေါင်းလိုသည်ဆိုလျှင် မိမိအား အသိပေးသင့်၏။

ရက်ဂျီနာ၏ ရင်ထဲ၌ ယခုအချိန်တွင် ဒိုင်းလ်အတွက် စိတ်ပူပန်နေ၏။ ဘာကြောင့်မှန်းမသိ မေ့၍ရနိုင်စွမ်းမရှိချေ။ တွေးလေတိုင်း သူ့အကြောင်း ဖြစ်၏။ ကြည့်လေရာ သူ့မျက်နှာမြင်ရ၏။ ဒိုင်းလ်သည် သူ၏ဘဝကို တိတ်တခိုး စိုးမိုးလေပြီလော။

သို့နှင့်ပင် ထိုနေ့က ယူနက်စကိုအစည်းအဝေးသည် ည ၇ နာရီ ထိုးရန် ၁၅ မိနစ်အလိုတွင် ပြီးသွား၏။ ရက်ဂျီနာသည် ခေါင်းထဲမှ မူးနောက်နောက် ဝေဒနာခံစားနေရ၏။ သူ၏နားတွင် အုပ်ထားသော နားခွက်ကိုချွတ်၍ အခန်းထဲမှ ထွက်လာခဲ့၏။ ဓာတ်လှေကားသည် မြေညီထပ်တွင် ရပ်ထားသဖြင့် မခေါ်ယူတော့ဘဲ ရက်ဂျီနာသည် လှေကားအတိုင်းသာ တစ်ထစ်ချင်း ဆင်းလာခဲ့၏။ သူ၏ပခုံးတွင် လွယ်ထားသော သားရေအိတ်လေးနေသဖြင့် သူ့အား သေနတ်ပေးထားသော ဘာသိုလိုမြူကို သတိရပြန်၏။

ဒိုင်းလ် အသက်ရှင်နေသမျှ သံသယဝင်စေရန် သူ့အား လှုံ့ဆော်နေသူမှာ ဘာသိုလိုမြူ ဖြစ်၏။ သေနတ် တစ်လက်ပြီးတစ်လက် ထုတ်ပေးလောက်အောင် မိမိသည် အန္တရာယ်ပြွမ်းသော ခရီးလမ်းကို လျှောက်နေရသလော။ မိမိပျောက်သွားသော သေနတ်နှင့် ယခုပေးလိုက်သောသေနတ်မှာ တစ်ပုံစံတည်း၊ တစ်ရွယ်တည်း တူနေသည်မှာလည်း တိုက်ဆိုင်မှုလော၊ သို့တည်းမဟုတ် မိမိပျောက်သွားသော သေနတ်သည် ထိုသေနတ်ပင် ဖြစ်လေသလော။

ထိုအချိန်တွင် သူ၏ မူးနောက်နောက်ဝေဒနာမှာ ယူပစ်လိုက်သကဲ့သို့ ပျောက်သွား၏။ အဘယ့်ကြောင့်ဆိုသော် မြေညီထပ်အခန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းလ်အား တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်၏။ မိမိအား လာကြိုသည်ကို သိသဖြင့် ရက်ဂျီနာသည် သူ့အားပြုံး၍ နှုတ်ဆက်လိုက်၏။ သို့သော် သူ့မျက်နှာမှာ မှိုင်တွေတွေဖြစ်နေ၏။

သို့နှင့် ရက်ဂျီနာက . . .

''ဘာတွေ ဖြစ်လာပြန်တာလဲ''ဟု မေးလိုက်၏။

''ဖြစ်လာတာတွေတော့ အများကြီးပဲ''

''လာလေ. . . ကျွန်မတို့ အအေးတစ်ခုခု သောက်ကြရအောင်''

''တခြားတစ်နေရာမှာ အေးအေးဆေးဆေး စကားသွားပြောကြရအောင်''

သို့ပြောရင်း ဒိုင်းလ်သည် ရက်ဂျီနာ၏လက်ကိုဆွဲကာ တံခါးမကြီးမှ ထွက်လာ၏။ လမ်းမပေါ်တွင် လူများ ဥဒဟိုသွားလာလျက်ရှိကြ၏။ လမ်းဘေးပလက်ဖောင်းပေါ်တွင် ရပ်ထားသော ကားများလည်းရှိ၏။ သို့သော် သူတို့နှင့် ရှေ့တူရူ အခြားပလက်ဖောင်းဘက်တွင် ရပ်ထားသည့် အငှားကားတစ်စီးကို တွေ့သည်နှင့် ကားရှင်းချိန်ကိုစောင့်၍ အငှားယာဉ်ရှိရာသို့ ဖြတ်ကူးကြ၏။ သို့သော် လက်တွဲကား မဖြုတ်ကြပေ။

ထိုစဉ် မျက်စိလျှင်လျှင်ဖြင့် ပထမဆုံးတွေ့လိုက်သူမှာ ဒိုင်းလ်ဖြစ်၏။ ယခင်က ရပ်ထားသည့် ကားနက်ကြီးသည် ချက်ချင်းပင် အသက်ဝင်လာကာ သူတို့နှစ်ယောက်အား တရှိန်ထိုးဖြတ်ကြိတ်ရာ ဒိုင်းလ်သည် အသံထွက်အောင်ပင်အော်ကာ နောက်ဘက်သို့ ဗြုန်းခနဲ လှမ်းခုန်လိုက်၏။ သူ၏လက်တစ်ဖက်သည်ကား ရက်ဂျီနာအား နိုင်မြဲစွာ တွယ်ထားသောကြောင့် ရက်ဂျီနာပါ နောက်ပြန်လန်၍ ပါသွားတော့၏။ ကားနက်ကြီးကား သူတို့နံဘေးမှ ပွတ်ကာသီးကာ ဖြတ်တက်သွားပြန်၏။ သူတို့အား လုံးဝ ဂရုမစိုက်သဖြင့် သဘောရိုးတော့ ဖြစ်ဟန်မတူချေ။

သို့နှင့် နှစ်ယောက်စလုံး နောက်ဘက်ပလက်ဖောင်းနံဘေးရှိ မြက်ခင်းပေါ်သို့ လဲကျသွားတော့၏။ အသက်နှင့်ကိုယ် အိုးစားမကွဲစေရန် ရုန်းကန်လိုက်ရသဖြင့် အရှိန်မသတ်နိုင်တော့ဘဲ လိမ့်သွားကြတော့၏။ သူတို့ ပြန်ထသောအခါ ကားနက်ကြီး၏ အရိပ်အရောင်ကိုပင် မတွေ့မမြင်ကြရချေ။ နံဘေးပတ်ဝန်းကျင်တွင် မမျှော်လင့်သော အဖြစ်အပျက်ကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေသော လူအုပ်ကြီးကိုသာ တွေ့ကြရ၏။ မကြာမီ ထိုလူအုပ်





သည် သူတို့အား မေးခွန်းပေါင်းစုံကို စပ်စုမေးမြန်းကြပေတော့မည်။

နှစ်ယောက်သား ငေးငိုင်နေရာမှ ပြန်လည်သတိဝင်လာကြသောအခါ သူတို့သည် မြေအောက်လမ်းသို့ဆင်းရာ တံခါးပေါက်တစ်ခု၏ အဝသို့ ရောက်နေကြောင်း သိကြရတော့၏။ တံခါးဝတွင် သံတိုင်များကို ခြကဲ့သို့ ခတ်ထား၏။ ဤလမ်းအတိုင်း ဆက်လက်သွားပါမှ စပ်စုတတ်သော လူတို့ကို ရှောင်နိုင်တော့မည်။

နှစ်ယောက်သား မတိုင်ပင်သော်လည်း နားလည်မှု အသိဉာဏ်ကိုယ်စီဖြင့် တစ်ယောက်လက်ကို တစ်ယောက်ဆွဲကာ ထိုလမ်းအတိုင်း ဆင်းပြေးကြတော့၏။ မြေအောက်လမ်းထဲ၌လည်း မီးများ ထိန်ထိန်လင်းလျက် ရှိပြီးလျှင် လူသွားလူလားလည်း မစဲချေ။ နှစ်ယောက်သား စကားပြောဖြစ်ကြသော်လည်း ရှေ့တူရူသို့ ခြေလှမ်းသွက်နေကြ၏။

မကြာမီ သူတို့နှစ်ယောက်သည် ''ဘက်တီယူမော့ချ်''ဆိုက်ကပ်ထားရာ ''စိန့်''မြစ်ကမ်းပါးသို့ ရောက်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၃

"ဘက်တီ့ယှုမော့ချ်"သည် အလျား ခုနစ်ဆယ့်ငါးပေ ရှည်လျား
သည့် အပျော်စီးသင်္ဘောဖြစ်၏။ ပဲရစ်မြို့လယ်ကို ဖြတ်ထားသည့် "စိန်
မြစ်ရိုးတစ်လျှောက်ကို ခုတ်မောင်းပေးလျက်ရှိ၏။ အထူးသဖြင့် အသွ
အလာ ရှုပ်ထွေးပွေလီလှသော ပဲရစ်မြို့၏ရှုခင်းကို အေးဆေးသက်သာ စိ
နှလုံးချမ်းမြေ့စွာ ကြည့်ရှုလိုသော ကမ္ဘာလှည့်ခရီးသည်များကို ပို့ဆောင်
သည့် သင်္ဘောဖြစ်၏။ သင်္ဘောပေါ်တွင် ညစာစားရန် အသင့်ပြင်ဆင်ထာ
သေး၏။

သို့နှင့် သူတို့နှစ်ယောက်သည် တစ်စုံတစ်ရာ တိုင်ပင်မနေတော့
သင်္ဘောပေါ်သို့ တက်လိုက်ကြရာ မကြာမီပင် သင်္ဘောသည် ဆိပ်ခံမှ ထွက်
တော့၏။ သင်္ဘောစီးခရီးသည်များသည် နေဝင်သွားသော ညနေခ
ဆည်းဆာ၏အရသာကို ခံစားကြရလေသည်။

သင်္ဘောသည် ပဲရစ်မြို့၏နောက်ဘက်သို့ ဦးတည်ခုတ်မောင်းလ
ရှိရာ မြစ်ကြောင်းအတိုင်း မျောနေသည်နှင့် တူတော့၏။ မကြာမီပင် ပဲရစ်မြို
ကျက်သရေဆောင် "အီးဖလ်" မျှော်စင်ကြီးကို ဖြတ်ကျော်ရလေရာ
မျှော်စင်ကြီးမှာ ပြင်သစ်ပြည်ကြီး၏ ခေတ်သစ်တွင် လွတ်မြောက်ခြင်း
အထိမ်းအမှတ်ကို ဆောင်လျက်ရှိ၏။ တဖန် ကမ္ဘာကျော် "ရေ
မော်တော်ကားနှင့် ပြိုင်ကားများထုတ်လုပ်ရာ စက်ရုံကြီးကို ဖြတ်ကျော်
မြစ်၏ လက်ဝဲဘက်တွင်လည်းကောင်း၊ လက်ယာဘက်တွင်လည်းအေ





ကြီးကျယ် ခမ်းနားစွာ တည်ဆောက်ထားသော အဆောက်အအုံကြီးများ၏
အလှအပကိုလည်း တရှိုက်မက်မက် တွေ့မြင်ကြရလေသည်။

"ဘွိုက်ဒီဘော့လော့"ဆိပ်ကမ်းသို့ ရောက်သောအခါ သင်္ဘော
ခေတ္တဆိုက်ကပ်ရာ အပျော်စီး ခရီးသည်များသည် အစားအသောက်များကို
မှာယူစားသောက်လျက်ရှိကြ၏။ စားသောက်ခန်းသည် သင်္ဘော၏ ကုန်းပတ်
ပေါ်တွင် ဖြစ်၏။ အပျော်စီးခရီးသည်တို့သည် ဖြတ်သန်းရာ ရှုခင်းများကို
ငေးမောကြည့်ရှုရင်း ဗိမ်ခံမပျက်စေရန် ဤသို့ စီစဉ်ထားခြင်းဖြစ်၏။

ထိုမှတစ်ဆင့် သင်္ဘော ဆက်လက်ထွက်လာကြသောအခါ ရလစ်မှန်
ချွန်တို့ဖြင့် ပြီးသော အနုပညာမြောက်လှသည့် "နော်တာဒိန်း" ဘုရားရှိခိုး
ကျောင်းကြီးကို တွေ့မြင်ကြရ၏။ ထိုကျောင်းကြီးမှာ ကမ္ဘာကျော် ကျောင်းကြီး
ဖြစ်၍ "နော်တာဒိန်းမှ ခါးကုန်းကြီး"ဟူသော ဝတ္ထုမှာ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုကြီး
ဖြစ်၏။ (ယင်းဝတ္ထုကို ဆရာတက်တိုးက မြန်မာပြန်ဆိုခဲ့ဖူး၏။ ခါးကုန်းကြီး
အဖြစ် "အန်တွန်နီကွင်း" သရုပ်ဆောင်သော ရုပ်ရှင်ကားမှာ ရန်ကုန်တွင်
ပြသွားဖူး၏။) သင်္ဘောသည် ပြင်သစ်နိုင်ငံ မြို့တွင်းမြို့ပြင် အစုံရောက်အောင်
တစ်ပတ် ခုတ်မောင်းလိုက်ပို့ပေး၏။ စရိတ်စကမှာလည်း အစားအသောက်
အပါအဝင် ကုန်းလမ်းထက် သက်သာလေသည်။

သောကြာနေ့ ညနေဖြစ်သောကြောင့် နောက်တစ်နေ့အတွက်
ဒိုင်းလ်နှင့် ရက်ဂျီနာတို့ နှစ်ယောက်စလုံး အားလပ်နေ၏။ နှစ်ယောက်စလုံး
အတွေးကိုယ်စီဖြင့် စကားမပြောဖြစ်ကြသော်လည်း စောစောပိုင်းက အထိတ်
အလန့် တွေ့ကြုံရသည့် အဖြစ်အပျက်ကိုပင် မေ့ပျောက်နေကြ၏။

ရက်ဂျီနာနှင့် ဒိုင်းလ်တို့သည် သင်္ဘော၏ လက်ယာဘက် ကုန်း
ပတ်ပေါ်ရှိ စားသောက်စားပွဲတစ်လုံးတွင် မျက်နှာချင်းဆိုင်ထိုင်လျက် စားပွဲ
ပေါ်တွင် လာရောက် ချပေးထားသော အစားအသောက်များကို စိတ်မဝင်
စားနိုင်ဘဲ ပတ်ဝန်းကျင်၏ သာယာမှုကိုသာ စိတ်ဝင်စားလျက်ရှိကြ၏။

ဒိုင်းလ်နှင့် ရက်ဂျီနာတို့နှစ်ယောက်သည် စားသောက်ပြီး၍ "ကော့
ညက်" အရက်တစ်ခွက်စီ သောက်နေကြသည်အထိ အတွေးရေယာဉ်ကြော
တွင် မျောပါလျက် ရှိနေကြလေသည်။

ထိုညနေချမ်းမှာ အေးချမ်းလှသဖြင့် နေရှိန်ကျသွားသော်လည်း
နွေးထွေးနေ၏။ ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေပြေလေညှင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးများသည် ရက်ဂျီနာ၏ ဆံစလေးများကို တလွင့်လွင့်တလူလူ ဖြစ်စေ၏။ ရက်ဂျီနာ၏ ကိုယ်ငွေ့နံ့နှင့် ရေမွှေးနံ့ကလေးများသည် ဒိုင်းလ်၏ နှာခေါင်းဝသို့ တိုးဝှေ့ကျီစယ်လျက် ရှိ၏။ ဤကဲ့သို့ သာယာသောအချိန်ကလေးကို စွန့်ပစ်၍ ဘဝအခက်အခဲများကို တွေ့ရန်မှာ နှမြောစရာ ကောင်းလှတော့၏။ ချစ်တတ်သူများအဖို့ လှပလွန်းသော ပတ်ဝန်းကျင်ကို မေ့မြောနေကြလေသည်။

သို့နှင့် အတန်ကြာမှ တသင်းသင်း မွှေးနေသည့် ပန်းရနံ့ကလေးကို ရှည်ညွှန်း၍ ဒိုင်းလ်က စတင်စကားပြော၏။

''ရက်ဂျီနာ ခင်ဗျားရင်ဘက်မှာ ထိုးထားတဲ့ ပန်းကလေးက ဘာပန်းလို့ ခေါ်သလဲဗျ''

ရက်ဂျီနာက သတိပြန်ဝင်လာကာ . . .

''ဪ. . . ဒီပန်းကလေးလား ''လီလီ''လို့ ခေါ်တယ်။ ရှင်ကော ဒီပန်းရနံ့ကလေးကို သဘောကျသလား။ အဖြူအမျိုးအစား လီလီ ပန်းကလေးပါ''

''ဟုတ်တယ် သူ့အနံ့ကလေးက စူးစူးရှရှမဟုတ်ဘဲ သင်းသင်းကလေး မွှေးတယ်။ ကျွန်တော် သိပ်သဘောကျတဲ့ အနံ့ပဲ။ အပွင့်ကလေးကတော့ ရိုးရိုးကလေးပဲနော်။ ပြီးတော့. . . ဒီအနံ့မျိုးကို ခင်ဗျားအခန်းထဲမှာ တုန်းကလည်း ကျွန်တော် တစ်ခါ အနံ့ရဖူးတယ်''

''ဟုတ်တယ်၊ ကျွန်မ အခန်းထဲမှာလည်း ဒီလီလီပန်းကလေးကို အမြဲတမ်း အလှပန်းအိုးမှာ ထိုးထားတတ်တယ်''

သို့နှင့် စကားစပြတ်သွားကြပြီးလျှင် အတော်ကြာမှ ဒိုင်းလ်က စကားပြန်စ၏။

''ခင်ဗျားခင်ပွန်းသည် ချားလ်(စ်)ဟာ ခင်ဗျားအတွက် မည်မည်ရရ ဘာမှမထားရစ်ခဲ့ဘူးနော်''

''ဟင့်အင်း. . ., ထုချေထားတဲ့ မော်တော်ကား ကော်ရုပ်ကလေး အချို့ပဲ ကျန်ရစ်ခဲ့တယ်''

''ကျွန်တော်တော့ ခင်ဗျားယောကျ်ားဟာ ဘယ်လိုလူလဲဆိုတာ စဉ်းစားလို့ မရဘူး။ ခင်ဗျားကော သူနဲ့ပတ်သက်ပြီး ဘာများသိသလဲ။ ကျွန်တော် ခင်ဗျားရဲ့အခန်းထဲရောက်တုန်းကလည်း အဲဒီ ထုချေထားတဲ့





မော်တော်ကား ကော်ရုပ်ကလေးတစ်ရုပ် တွေ့ခဲ့တယ်''

''အဲဒီ မော်တော်ကား ကော်ရုပ်ကလေးဟာ သူ အသတ်မခံရခင်ကလေးကလုပ်နေတဲ့ ကားရုပ်ကလေးပေါ့။ သူ သေပြီးတဲ့နောက် သူ့အခန်းထဲက ဂရင်းပီးယား ရှာတွေ့လို့ တခြားပစ္စည်းတွေနဲ့အတူ ကားရုပ်ကလေးကို ဂရင်းပီးယားက ကျွန်မကို ပြန်ပေးခဲ့တယ်''

''နော်မန်ဒီကမ်းခြေက အပန်းဖြေပြီး ခင်ဗျား ပြန်ရောက်လာတော့ ခင်ဗျားအခန်းထဲမှာ ဘာပစ္စည်းမှ မရှိတော့ဘူးဆို''

''ဟုတ်ပါတယ်။ ပျက်စီးနေတဲ့ မော်တော်ကား ကော်ရုပ်ကလေး တစ်ခုပဲ ကျန်ရစ်ခဲ့တယ်''

''ဒီမော်တော်ကားကလေးတွေ ကော်ကပ်တဲ့အလုပ်ကို ရသေ့စိတ်ဖြေသဘောနဲ့ လုပ်နေတယ်ဆိုတာတော့ ဝါသနာတစ်ခုအနေနဲ့ ထားပါတော့။ ဒါပေမဲ့ လုပ်ပြီးပြန်တော့လည်း ဘာဖြစ်လို့များ ဖျက်ဆီးပစ်တယ် သေသိဘူး''

''ကျွန်မတော့ သူ ဖျက်ဆီးပစ်တယ် မထင်ဘူး။ တစ်ခါက အခိုင်းအစေတစ်ယောက်က သူ့အရုပ်ကလေးတစ်ရုပ်ကို ကိုင်ကြည့်တာတောင် ဆူပူကြိမ်းမောင်းလိုက်တာ ရစရာမရှိဘူး။ သူ ဒီအရုပ်ကလေးတွေကို သိပ်ချစ်တတ်တယ်''

ဒိုင်းလ်က ရုတ်တရက် သူ၏နဖူးကို သူ့လက်ဝါးဖြင့်ရိုက်ကာ

''ကျွန်တော်တို့ ဒီကိစ္စကို မစဉ်းစားမိဘူး။ ကြည့်စမ်း သူ့သော့ ဘယ်မှာလဲ။ ဒီသော့ဟာ တစ်ချောင်းထဲ သီးသန့်ရှိရမယ်''ဟု ပြော၏။

ရက်ဂျီနာက အံ့သြလျက် . . .

''ဘာသော့လဲ''

''ဒီသော့ဟာ ရွှေတွေ ဝှက်ထားတဲ့နေရာကို ညွှန်ပြနိုင်တာပေါ့။ ကျွန်တော်ပြောဖူးတယ် မဟုတ်လား။ လူသတ်ကောင်ဟာ အခုချိန်ထိ ရွှေတွေကို ရှာမတွေ့သေးဘူးဆိုတာလေ။ ချားလ်(စ်)လင်းဘတ် ထွက်ပြေးတဲ့အချိန်မှာ ရွှေတွေပါသွားလိမ့်မယ်လို့ လူသတ်ကောင်က ယူဆပြီး သူ့ကို မီရထားပေါ်မှာ လိုက်သတ်တယ်။ ဒါပေမဲ့ ချားလ်(စ်)နဲ့အတူ ရွှေတွေ မတွေ့တော့ သူ့အခန်းကို ပြန်လာပြီးရှာမယ်၊ ရှာတာကလည်း မျှောက်ရှော့တဲ့ သူ့သော့ဖြစ်မယ်၊ တခြား ဘယ်မှာမှရှာမတွေ့ဘဲ ဒီကော်ရုပ်ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တွေ့တော့ ဒီကော်ရုပ်ကလေးတွေကို ထုချေပြီးရှာမယ်၊ ဒေါသတကြီး ဖျက်ဆီးမယ်။ ဒါပေမဲ့ သူ သော့ကိုတွေ့သွားဟန် မတူသေးဘူး''

''ကျွန်မတော့ ဒီလောက်ဝေးဝေး မတွေးတတ်ဘူး''

''ဒီတော့ ဒီရွှေတွေရထားတာ တစ်ယောက်ပဲ ဖြစ်နိုင်တော့တယ်''

''ဘယ်သူလဲ''

ဒိုင်းလ်က ပြုံးလျက် . . .

''ခင်ဗျားပဲ၊ ဒီရွှေတွေ ခင်ဗျားရထားရမှာပေါ့။ ဒါ အရှင်းကြီးပဲ''

''ရှင် စိတ်မှကောင်းသေးရဲ့လားဟင်''

''ကျွန်တော့်စကားကို ဆုံးအောင် နားထောင်ပါဦး။ တကယ်တော့ အဲဒီသော့၊ ဒါမှမဟုတ် အဲဒီရွှေတွေ ရှိတဲ့နေရာကို လမ်းညွှန်တဲ့ အရာဝတ္ထု တစ်ခုခုဟာ ချားလ်(စ်)လင်းဘတ်နဲ့အတူ ပါသွားမှာ သေချာတယ်။ ဒါကို လူသတ်သမားက ရှာမတွေ့သွားဘူး။ အခု သေသူရဲ့ ကျန်ပစ္စည်းတွေကို ခင်ဗျားက လက်ခံရရှိတယ်။ သူ ရထားပေါ်မှာ အသတ်ခံရပြီးတဲ့နောက် သူ့ကိုယ်ပိုင်ပစ္စည်းတွေ အကုန်လုံး ရဲဘက်ကနေတစ်ဆင့် ခင်ဗျား လက်ခံရရှိခဲ့တယ် မဟုတ်လား''

''ရှင့်ကို ကျွန်မ ပြောပြီးပြီကော။ ဒီပစ္စည်းတွေ အားလုံးကို ရဲဘက်က မွှေနှောက်ရှာပြီးပြီ။ ဘာသဲလွန်စမှ မတွေ့ဘူး''

''ဟုတ်ပါတယ်။ သူတို့ ကိုယ်တိုင်လည်း သတိမမူဂူမမြင် ဖြစ်နိုင်တာပဲ။ ဒေါ်လာလေးသိန်းတန်ဖိုးရှိတဲ့ ရွှေတုံးတွေဆိုရင်တော့ အခန်းတစ်ခန်းထဲမှာ လုံခြုံအောင် သိမ်းထားနိုင်မယ် မထင်ဘူး။ ကျွန်တော်တို့ သူ့ရဲ့ ကျန်ပစ္စည်းတွေ အသေးစိတ် ပြန်ကြည့်ရအောင်။ ဘာလို့ အချိန်ဖြုန်းနေဦးမှာလဲ''

ဒိုင်းလ်သည် ပြောပြောဆိုဆိုပင် ကုလားထိုင်မှ ထလိုက်၏။ ရက်ဂျီနာကမူ ပြုံး၍ ထိုင်နေဆဲဖြစ်၏။

''သဘော ကမ်းပါးကပ်စေဦးလေ။ ဘာလဲ . . . ရှင် ရေကူးပြီး သွားမလို့လား။ ကျွန်မ ရေမကူးတတ်ဘူးနော်''

ဒိုင်းလ်က ရက်ရက်နှင့် ''ဪ. . . ဟုတ်ပါရဲ့။ ခင်ဗျား ကျွန်တော့်ကို ဘယ်လိုများထင်သွားမလဲ မသိဘူး''

''ကျွန်မ ရှင့်ကို ဘယ်လိုမှမထင်ပါဘူး။ ရှင်ဟာ ရွှေတွေအကြောင်း





ကိုပဲ တွေးနေတာ မဟုတ်လား။ ကျွန်မ အကြောင်းကိုမှ မဟုတ်တာ။ ကျွန်မက ဘာပြောရမှာလဲ။ ဘာမှ မပြောတတ်ဘူး''

''ကျွန်တော်တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး ရက်ဂျီ။ ခင်ဗျားအတွက်လည်း ပါပါတယ်။ ကျွန်တော်ထင်တယ်လေ။ ခင်ဗျား ဟိုတယ်က အခန်းထဲမှာပဲ ဒီဒေါ်လာလေးသိန်းကို ရှာတွေ့မယ် ထင်တာပဲ''

သို့ပြောရင်း ဒိုင်းလ်သည် ရက်ဂျီနာ၏လက်ကို ဆုပ်ကိုင်လိုက်၏။

''တက်စ်နဲ့ ဂစ်ဒီယွန်ကို ရှင်မေ့ထားပြီလား။ အခုအချိန်ထိ သူတို့တစ်တွေဟာ လက်လျှော့သေးတာမဟုတ်ဘူး။ သူတို့ကတော့ ကျွန်မတို့ရထားတယ်လို့ ထင်မှာပဲ။ ကျွန်မ ရှင့်ကို စိတ်မာတတ်ကျအောင် ပြောနေတာတော့ မဟုတ်ပါဘူး။ သူတို့ သေကြောင်းကြံနေကြတာ ကျွန်မကို မဟုတ်ဘူး။ ရှင့်ကိုပဲ''

''ယူနက်စကိုအဖွဲ့အစည်း ရုံးရှေ့မှာ ကျုပ်တို့ကို ကားနဲ့တိုက်တာ မှတ်မိသေးလား''

''ဒါကတော့ မတော်တဆလည်း ဖြစ်နိုင်ပါတယ်လေ''

''ဒီကားဟာ ကျွန်တော်တို့ကို တစ်ချိန်လုံး စောင့်ကြည့်နေတဲ့ ကားပဲ။ ကျွန်တော်တို့ ပလက်ဖောင်းပေါ်မှာ ရှိနေတုန်းက အဲဒီကား ရပ်ထားတယ်။ ကျွန်တော်တို့ ဖြတ်ကူးမယ်လည်းလုပ်ရော သူက အရှိန်ပြင်းပြင်းနဲ့ ထွက်လာတယ်လေ။ ကျွန်တော်တို့သာ သတိလက်လွှတ်ပြီး နောက်ကို ခုန်မရှောင်နိုင်ရင် ကျွန်တော်တို့နှစ်ယောက်စလုံး ကားဝါးသွားမှာ သေချာတယ်''

''ကားသမားကို ရှင် မြင်လိုက်သလား''

''ကားသမားကိုတော့ မမြင်လိုက်ဘူး။ ကားအမျိုးအစားကိုတော့ မှတ်မိလိုက်တယ်။ ''စင်ထရွှန်ဒီအက်စ်''အမျိုးအစားကားနက်ကြီးပဲ။ ဒီကားမျိုးကို ကျွန်တော်ကောင်းကောင်းမှတ်မိတယ်''

သို့ပြောရင် ဒိုင်းလ်သည် စားပွဲပေါ်သို့ လက်ထောက်ကာ ရှေ့သို့ငဲ့ကိုင်း၍ လေသံခပ်တိုးတိုးဖြင့် . . .

''တကယ်အန္တရာယ်ရှိတာက ကျွန်တော်မဟုတ်ဘူး ရက်ဂျီ။ ခင်ဗျား ဖြစ်နိုင်တယ်။ ခင်ဗျားမှာ အခုနေအခါ ကိုယ့်ကိုယ်ကိုကာကွယ်ဖို့ သေနတ်တစ်လက်လောက်ရှိထားဖို့ လိုတယ်။ ခင်ဗျားသေနတ်ကလည်း ပျောက်သွားပြီဆိုတော့ ခေတ္တခဏဖြစ်ဖြစ် ကျွန်တော့် သေနတ်ကို ယူထားပါလား



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်ကြီးသူထဲတွင် ဘာသိုလိုမြူသည့် ဒိုင်းလ်ထက် အမြဲတမ်း သာနေ၏။ ယခုတစ်ကြိမ်တွင်လည်း သူ နောက်ကျသွားပြန်သဖြင့် ရယ်စရာပင် ကောင်းနေတော့၏။ သို့သော် နောက်ထပ် သေနတ်တစ်လက် မည်သည့်အချိန်က မည်သူ့ထံမှ ရသည်ကိုမူ ရက်ဂျီနာမှာ သူ့အား မပြောရက်အောင် ဖြစ်နေတော့၏။

သို့နှင့် "ကျွန်မမှာ သေနတ်မရှိတာဘဲ ကောင်းပါတယ်လေ"ဟူ၍သာ အဖြေပေးလိုက်၏။

ဒိုင်းလ်သည် ရက်ဂျီနာ၏လက်ကလေးကို သူ၏လက်နှစ်ဖက်ဖြင့် ရွရွကလေး ဆုပ်ကိုင်ထား၏။ အစပထမတွင် ရက်ဂျီနာ သတိမထားမိသော်လည်း ယခုမူ သတိထားမိ၏။ သို့သော် မရုန်းကန်မိချေ။

ဒိုင်းလ်သည် ရက်ဂျီနာ၏ မျက်နှာကလေးကိုသာ ကြည့်မဝသော အကြည့်ဖြင့် စိုက်ကြည့်နေ၏။ ရက်ဂျီနာကလည်း သူ့အား မော့ကြည့်လိုက်သဖြင့် မျက်လုံးချင်း ဆုံသွားရာ ရက်ဂျီနာသည် ရှက်စနိုးအမူအရာဖြင့် ချက်ချင်းပင် ခေါင်းငုံ့ပစ်လိုက်လေသည်။

"ခင်ဗျားဟာ သိပ်လှတဲ့မိန်းကလေးပါ ရက်ဂျီ"

ရက်ဂျီနာကမူ တစ်စုံတစ်ရာ ပြန်၍မပြောချေ။ ယောကျ်ား တစ်ယောက်ယောက်က ချစ်ရေးဆိုလာသည့်အခါတိုင်း မိမိက မည်သို့ ပြန်၍ ပြောရမည်ကို မသိချေ။ မိမိအား ချစ်စကား ကြိုက်စကား အပြောခံရသည့် အခါတိုင်း ဤသို့ ဖြစ်တတ်စမြဲဖြစ်၏။

သို့နှင့် တစ်ယောက်မျက်နှာကို တစ်ယောက် ငေးမောကြည့်နေမိကြ၏။ ဒိုင်းလ်သည် ရက်ဂျီနာ၏ကိုယ်လုံးကလေးကို ကျစ်ကျစ်ပါအောင် ဖက်ကာ ပန်းနုရောင် နှုတ်ခမ်းကလေးကိုလည်း ကြာရှည်စွာ နမ်းနေ၏။ ရက်ဂျီနာကမူ လုံးဝမရုန်းကန်ချေ။

သူတို့နှစ်ယောက်မှာ လောလောဆယ် ဘဝ၏အခြေအနေကိုပင် လုံးဝ မေ့လျော့နေကြလေသည်။

ပတ်ဝန်းကျင်ကလည်း သူတို့နှစ်ယောက်အား မည်သူမျှ သတိ မထားမိကြချေ။

## အခန်း ၃၄

ရက်ဂျီနာ၏ အဝတ်အံဆွဲကိုဖွင့်ကာ အတွင်း၌ရှိသည့် ပစ္စည်း အားလုံးကို ထုတ်ယူလိုက်၏။ ထိုပစ္စည်းများထဲမှ ရဲဘက်က ရက်ဂျီနာအား ပြန်ပေးသော ကွယ်လွန်သူလင်းဘတ်၏ပစ္စည်းများကို မှန်တင်ခုံပေါ်သို့ သီးခြား စုပုံတင်လိုက်၏။ ထို့နောက် ကြေမွနေသည့် မော်တော်ကားကော်ရုပ်ကလေး ကို သီးခြားဖယ်ထုတ်ပြန်၏။

ယင်းပစ္စည်းများကို မျက်လုံးနှစ်စုံသည် ပြူး၍နေအောင် စိုက်ကြည့် နေ၏။ မျက်လုံးပိုင်ရှင်သည် ထိုပစ္စည်းများကို စိတ်ဝင်စားကာ အငမ်းမရ ဖြစ်နေ၏။ သူရှာဖွေနေသည့် အရာဝတ္ထုများ ဘွားခနဲ ပေါ်လာလေမလားဟု ထင်နေဟန် တူလေသည်။

ထိုမျက်လုံးနှစ်လုံးပိုင်ရှင်ကား အခြားသူမဟုတ်။ ကိုင်းမျက်မှန် တပ်ထားသူ ဂစ်ဒီယွန်ပင် ဖြစ်တော့၏။ ထိုအချိန်၌ အလင်းရောင်မှာ ခပ်မှိန် မှိန်သာ ထွန်းထားသဖြင့် သူသည် အရာဝတ္ထုများကို ထင်ထင်ရှားရှား ကြည့်လိုဟန်တူ၏။ သို့သော် မီးကို အစွမ်းကုန် မထွန်းရဲချေ။ အကယ်၍ တစ်စုံတစ်ယောက်ဖြတ်သွားလျှင် အခန်းထဲမှ မီးရောင်ကို မြင်သွားမည် စိုးသောကြောင့်ဖြစ်၏။ သူတစ်ပါးအခန်းထဲသို့ ခိုးဝင်သည်မှာလည်း ရာဇဝတ် မှုပင် မဟုတ်ပါလော။

ပလတ်စတစ်မော်တော်ကား ကော်ရုပ်ကလေးကို ဂစ်ဒီယွန် ကြည့်၍ ဆံဆေးပြီးဖြစ်၏။ သူသာမက ဒိုင်းလ်၊ ရက်ဂျီနာနှင့် ရဲအရာရှိရင်းယားပင်



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ်အခါခါ စစ်ဆေးပြီးဖြစ်၏။ ထိုကြေမွနေသည့် ကားရုပ်ကလေးထဲတွင် ဒေါ်လာလေးသိန်း မဆိုထားနှင့် တစ်ဒေါ်လာပင် လုံအောင် ဖွက်ထားနိုင်စွမ်း ရှိမည်မဟုတ်ပေ။ ကော်ရုပ်ကလေးသည် တန်ဖိုးအားဖြင့်လည်း မရှိချေ။ အလေးချိန်နှင့် ထုထည်လည်း မရှိ။ အထူးသဖြင့်လည်း တစ်လက်မ၏ လေးပုံတစ်ပုံပင် မရှိချေ။ သို့သော် အခြားအရာဝတ္ထုများထဲတွင် စိတ်ဝင်စားဖွယ် တစ်စုံတစ်ရာမျှ မရှိသောအခါ ထိုကားကော်ရုပ်ကလေးကိုပင် ထပ်မံစစ်ဆေးကြည့်ရှုရပြန်လေသည်။

ထိုစဉ် ရက်ဂျီနာ၏ အခန်းတံခါးကို အပြင်ဘက်မှ သော့တံ တစ်ချောင်းဖြင့် လှည့်ဖွင့်သံ ကြားသောအခါ သူ့၏ အတွေးများ ရပ်သွားကာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားတော့၏။ ထိုအခန်းဝသို့ လူတစ်ယောက်ယောက် ရောက်နေသည်မှာကား သေချာ၏။ သို့သော် ဤအခန်းဝသို့ ထိုသူရောက်လာသော ခြေသံကိုမူ လုံးဝမကြားလိုက်ရချေ။ သို့နှင့် သူသည် လှစ်ခနဲခုန်ကာ မီးခလုတ်ကို ချောက်ခနဲပိတ်လိုက်၏။ ထို့နောက် သူ၏သေနတ်ကိုထုတ်ကာ အခန်းဝသို့ ချိန်ထားလေသည်။

သို့နှင့် အခန်းတံခါးပွင့်လာကာ အခန်းထဲသို့ အရပ်ရှည်ရှည် လူတစ်ယောက် ဖြေညင်းစွာ ဝင်လာ၏။ အပြင်ဘက်မှ အလင်းရောင်ကြောင့် ထိုသူ၏သဏ္ဌာန်ကို မြင်ရ၏။ ထိုသူမှာရက်ဂျီနာလည်းမဟုတ်၊ ယောကျ်ားတစ်ယောက်၏သဏ္ဌာန်ဖြစ်သဖြင့် သူသည် မီးခလုတ်ကို ချောက်ခနဲ ပြန်ဖွင့်လိုက်ရာ တစ်ခန်းလုံး လင်းသွားတော့၏။

ဝင်လာသူကား တက်စ်ပင်သိုလောင်း ဖြစ်၏။ တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်းဆိုင်ဖြစ်ကာ ဂစ်ဒီယွန်က စတင်၍ . . .

''ဟင် . . . မင်း ဒီကိုဘာလာလုပ်တာလဲ''ဟု တက်စ်အား မေးလိုက်ရာ တက်စ်သည် ခပ်ပြုံးပြုံးပင် ဂစ်ဒီယွန်ကို ပြန်ကြည့်နေ၏။

''ဒီမေးခွန်းကို ကျွန်တော်ကလည်း ခင်ဗျားကို မေးနိုင်တာပဲဗျ အပိုတွေမေးမနေပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီအခန်းဟာ ကျွန်တော့်အခန်း မဟုတ်သလို ခင်ဗျားအခန်းလည်း မဟုတ်ပါဘူး''

ဂစ်ဒီယွန်သည် ရုတ်တရက်အားဖြင့် မည်သို့မျှ ပြန်မပြောနိုင်ဘဲ ငိုင်သွား၏။

''ခင်ဗျားလက်ထဲက သေနတ်ကြီးကို ဘေးဖယ်ထားစမ်းပါဗျာ





ကျွန်တော်နဲ့ခင်ဗျားနဲ့ဟာ တစ်လှေထဲစီး တစ်ခရီးထဲသွားခဲ့တဲ့ ရဲဘော်ဟောင်းကြီးတွေ မိတ်ဆွေဟောင်းကြီးတွေပဲ။ ဒီလိုတော့ မကြိုဆိုကောင်းပါဘူး။ အကြွတူ ဉာဏ်တူချင်းဆိုတော့ ပူးပေါင်းဆောင်ရွက်ကြရအောင်ဗျာ။ အခုထက်ထိ ကျုပ်တို့ရှာနေတဲ့ပစ္စည်း ခင်ဗျား တွေ့သေးဟန်မတူဘူး''

''ဟင့်အင်း . . . မတွေ့သေးဘူး''

သို့ပြောရင်း ဂစ်ဒီယွန်သည် လက်ထဲမှသေနတ်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်သဖြင့် တက်စ်က ရှေ့သို့လာကာ စုပုံထားသော ပစ္စည်းများကို အကဲခတ်နေ၏။

''ချားလ်(စ်)လင်းဘတ်ရဲ့ပစ္စည်းတွေ မဟုတ်လား''

ဂစ်ဒီယွန်က ခေါင်းညိတ်ရုံသာ ညိတ်ပြ၏။ တက်စ်သည် ထိုပစ္စည်းများကို တစ်ခုချင်း ကိုင်တွယ်ကြည့်ရှုရာ စာရွက်ငယ်တစ်ရွက်ကို တွေ့ရသဖြင့် ကောက်ယူလိုက်ပြီးလျှင် . . .

''ဒီစာရွက်ဟာ ရဲဘက်ကနေ လင်းဘတ်ရဲ့ပစ္စည်းတွေကို ရက်ဂျီနာ သက်ခံရယူတုန်းက ပေးခဲ့တဲ့ လက်ခံဖြတ်ပိုင်းပဲ''

သို့နှင့် သူတို့နှစ်ယောက်သည် တစ်ခန်းလုံး မွှေနှောက်ရှာဖွေကြပြန်၏။ စားပွဲအံဆွဲ အောက်ခံထားသည့် စက္ကူများပင် လှန်လှောရှာဖွေ၏။ ရက်ဂျီနာ၏မွေ့ရာနှင့် ခေါင်းအုံး စသည်တို့ကိုလည်း ဖားဖြင့်ခွဲ၍ ရှာကြ၏။ အချိန်တစ်နာရီသာ ကုန်သွားသော်လည်း မည်သို့မျှ မထူးခြားချေ။ နှစ်ယောက်စလုံး စိတ်မောကိုယ်မော ဖြစ်သွားကြလေသည်။

တက်စ်က ''ဟာ . . . ကျုပ်တို့တော့ ဒီလို မိုက်မိုက်ကန်းကန်း လိုက်ရှာနေလို့ တွေ့မှာမဟုတ်ဘူး။ ကျုပ်တို့ ဦးနှောက်ကိုသုံးမှဖြစ်မယ်''

''ခင်ဗျားမှာ ဘာအကြံများ ရှိနေလို့လဲ''

''အခုတော့ မရှိသေးဘူး။ ဒါပေမဲ့ လိုလျှင်ကြံဆ နည်းလမ်းရလိမ့်မယ်ဆိုတာ မဟုတ်လား။ လာဗျာ . . . ကျုပ်အခန်းမှာ တစ်ခွက်တစ်ဖလား သောက်ရင်း ဆွေးနွေးစားကြရအောင်''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၅

တက်စ်နှင့် ဂစ်ဒီယွန်တို့ ထွက်ခွာသွားပြီးနောက် ငါးမိနစ်ခန့်အကြာတွင် ဒိုင်းလ်နှင့် ရက်ကျီနာတို့ ရောက်လာကြ၏။ ပတ်ဝန်းကျင် တိတ်ဆိတ်နေသကဲ့သို့ ဟိုတယ်အထပ်တိုင်းတွင်လည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။ တာဝန်ကျအစောင့်များ ထားရှိသော်လည်း မည်သည့်နေရာသို့ သွားနေကြသည်မသိ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့မမြင်ရချေ။

အခန်းထဲသို့ ရောက်သောအခါ အခန်းကို တစ်စုံတစ်ယောက် မွှေနှောက်ရှာဖွေသွားပြီးဖြစ်ကြောင်းကို မပြောဘဲနှင့် နှစ်ယောက်စလုံး သိရှိကြ၏။ တစ်စုံတစ်ယောက်သည် မိမိတို့ထက် အကြဦးသွားချေပြီ။ ရက်ကျီနာ၏ အိပ်ရာပေါ်တွင် တင်ထားခဲ့သော ပစ္စည်းများကို ဒိုင်းလ်က စိတ်ဝင်စားစွာ ကြည့်နေ၏။

ရက်ကျီနာမူ သူ၏သားရေအိတ်ကို မှန်တင်ခုံပေါ်သို့ တင်ပြီးလျှင် နွမ်းနယ်နေသော သူ၏အလှကို မှန်ထဲကြည့်နေမိ၏။ မှန်ထဲ၌ကား သူ၏ အလှမှာ ပကတိလှနေပါသေး၏။ သို့သော် မှန်တင်ခုံ၏ ဘေးဘက်အံဆွဲမှာ အနည်းငယ်ဟနေသည်ကို တွေ့ရသဖြင့် မျက်လုံးပြူးသွား၏။ ထိုအံဆွဲထဲမှ အရာဝတ္ထုကလေးတစ်ခုကို တွေ့လိုက်ရာ ၎င်းမှာ မိမိပျောက်ဆုံးသွားခဲ့သော မဟုတ်ရာရောင် သေနတ်ကလေး ဖြစ်နေသဖြင့် ပို၍အံ့ဩသွားတော့၏။

ထိုသေနတ်ကလေးမှာ တစ်ချိန်လုံး ထိုနေရာ၌ပင် ရှိနေခဲ့လေသလော၊ သို့မဟုတ် မိမိပင် မေ့လျော့နေသလော။ တစ်ယောက်ယောက်က





ယခုမှလာ၍ ထားခြင်းဖြစ်လေသလော။ အမျိုးမျိုးစဉ်းစားသော်လည်း မည်သို့မျှ စဉ်းစား၍မရချေ။

ရက်ကျီနာသည် ပို၍သေချာစေရန် သူ၏လက်ဆွဲအိတ်ကို ဖွင့်ကြည့်လိုက်ရာ ယနေ့မှ ဘာသိုလိုမြူ ထပ်၍ပေးလိုက်သော သေနတ်ကလေးကလည်း အိတ်ထဲတွင် ရှိနေ၏။

သို့နှင့် သူသည် အံဆွဲထဲမှသေနတ်ကို တစ်လှည့်၊ အိတ်ထဲမှ သေနတ်ကိုတစ်လှည့် ကြည့်နေမိ၏။ သေနတ်ကလေးနှစ်လက်မှာ အမှန်ပင် အရွယ်တူ၊ ပုံတူ၊ အရောင်တူ တထပ်တည်းတူနေ၏။ သို့သော် မည်သို့မျှ စဉ်းစား၍မရချေ။

ဒိုင်းလ်သည် ရက်ကျီနာ၏ စုတ်ပြဲနေသောမွေ့ရာသို့ ကြည့်ပြီးလျှင် "ရက်ကျီ . . . ဒီကိုလာကြည့်စမ်းပါ"ဟု ခေါ်လိုက်၏။

ရက်ကျီနာမှာ ဒိုင်းလ်၏ခေါ်သံကို ကြားလိုက်ရသောအခါ ရုတ်တရက် မှိန်တွသွား၏။ သေနတ်နှစ်လက်နှင့် မည်ကဲ့သို့ လုပ်ရမည်မသိ ဖြစ်နေ၏။ သို့နှင့် သေနတ်တစ်လက်ကို မှန်တင်ခုံအံဆွဲထဲတွင် ပြန်၍ ဝှက်ထားလိုက်ပြီးလျှင် ကျန်တစ်လက်ကိုမူ သူ၏လက်ဆွဲအိတ်ထဲသို့ ပြန်၍ ထည့်လိုက်၏။ ထို့နောက် ဒိုင်းလ်ထံသို့ ပြေးသွားရာ ဒိုင်းလ်က . . .

"တစ်ယောက်ယောက်တော့ ရက်ကျီရဲ့အိတ်ရာကိုတောင် ဓားနဲ့ ခွဲပြီးရှာသွားပြီ"ဟု လက်ညှိုးထိုး၍ ပြော၏။

ရက်ကျီနာမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏၊ အကြံတူတို့ကား ခြေတစ်ပိတ်တိုက်၍ ရှာဖွေနေကြလေပြီ။

သို့နှင့် သူတို့နှစ်ယောက်သည် ချားလ်(စ်)လင်းဘတ်၏ ပစ္စည်းများကို စစ်ဆေးကြည့်ရှုကြရာ အားလုံးပေါင်း ဆယ့်နှစ်မျိုး အပြည့်အစုံရှိသည်ကို တွေ့ရ၏။ ယင်းတို့မှာ ပိုက်ဆံအိတ်တစ်အိတ်၊ မှတ်စုစာအုပ် တစ်အုပ်၊ ခဲတံတစ်ချောင်း၊ စာတစ်စောင်၊ နိုင်ငံကူးလက်မှတ်လေးခု၊ မှတ်ဆိတ်ရိတ်ဓားတစ်လက်၊ သွားပွတ်တံတစ်ချောင်း၊ သွားတိုက်ဆေးဘူးနှင့် ကြေမွနေသော ဓာတ်ရုပ်မော်တော်ကားကလေးတစ်ခု စသည်တို့ ဖြစ်လေသည်။

ဒိုင်းလ်သည် စိတ်ရှုပ်သော အမူအရာဖြင့် ဦးခေါင်းကို ခါယမ်းလိုက်ပြီးလျှင် . . .

"တစ်ယောက်ယောက်ကတော့ ကျုပ်တို့အရင် မွှေနှောက်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျုပ်တို့ရှာတဲ့ ရည်ရွယ်ချက်နဲ့ သူတို့ရှာတဲ့ ရည်ရွယ်ချက်ချင်းတော့ တူချင်မှတူမယ်။ သူတို့က ရွှေချောင်းတွေ ရှာချင်ရှာမယ်။ ဒေါ်လာတွေ ရှာချင်ရှာမယ်။ ဒါပေမဲ့ ကျုပ်တို့ကတော့ အဲဒီ ရွှေချောင်းတွေ ဘယ်မှာ ရှိတယ်ဆိုတာ ညွှန်ပြတဲ့ သဲလွန်စကိုပဲ အသေးစိတ် စူးစမ်းကြည့်ရအောင်" ဟု ပြော၏။

ရက်ဂျီနာမှာမူ စိတ်ပျက်လျက် ရှိနေတော့၏။ ထိုပစ္စည်းများကို ထပ်ခါတလဲလဲ ကြည့်ရှုစစ်ဆေးပြီး ဖြစ်နေ၏။

ဒိုင်းလ်သည် ခုတင်ပေါ်သို့ တင်ပါးလွှဲထိုင်လိုက်ပြီးလျှင် ထုချောထား သော ပလတ်စတစ်မော်တော်ကားကလေးကို သူ့လက်ပေါ်သို့ တင်ကာ ကော်ရုပ်မော်တော်ကားကလေးကို ပို၍အပိုင်းအစများဖြစ်စေရန် သူ၏ လက် ဖြင့် ညှစ်လိုက်၏။ ထို့နောက် တစ်စစီ ပြန်၍ စစ်ဆေးကြည့်ပြန်၏။ သို့သော် မည်သို့မျှ မထူးခြားချေ။

ဒိုင်းလ်က "ဒီပစ္စည်းတွေကို တစ်ခုချင်းစစ်ဆေးတော့ ကြည့်ရမှာပဲ ကဲ... ဒီတော့ မဖြစ်နိုင်ဆုံး အရာဝတ္ထုတွေကို တစ်ခုစီ ဖယ်ထုတ်ကြည့်ရ အောင်။ ဥပမာဆိုပါတော့ မှတ်ဆိတ်ရိတ်ဓား"

သို့ပြောရင်း ဒိုင်းလ်သည် ဓားကို ဘေးသို့ဖယ်လိုက်၏။

"ကိုင်း... နောက်တစ်ခု ဆက်ကြည့်ရအောင် ဘာတွေများ တွေ့ မလဲလို့"

သို့ပြောရင်း သူသည် သော့တံကို ကိုင်ကြည့်၏။ ထို့နောက် ရက်ဂျီနာအား မေးခွန်းထုတ်ပြန်၏။

"ဒီသော့ဟာ ဘယ်တံခါးကို ဖွင့်တာလဲ ရက်ဂျီသိသလား"

"ဖို့ချ်ရိပ်သာက အခန်းတံခါးဖွင့်တဲ့ သော့ပါ။ ဒီသော့နဲ့ တူတဲ့ သော့ ကျွန်မမှာလည်း တစ်ချောင်းရှိတယ်"

"အိုကေ... ဒါဆို ဒီသော့ဖယ်လိုက် ပိုက်ဆံအိတ်ကို ကြည့်ရ အောင်"

ဒိုင်းလ်သည် ပိုက်ဆံအိတ်ကိုကိုင်ကာ အိတ်ထဲရှိသမျှကို သွန်ချ လိုက်၏။ အိတ်ထဲ၌ ကပ်နေသမျှကို လက်နှင့် ကော်ထုတ်ကြည့်ရာ "မီနီ ခရစ်တိုဖာ" အမှတ်အသားပါ ငွေတံဆိပ်ကလေးတစ်ခု၊ ချန်နီအီလိုက် ရပ်ကွက်ရှိ လောင်းကစား ကလပ်ဝင်ဖြစ်ကြောင်း အသင်းဝင်ကတ်ပြားတစ်ခု





အသက်အရွယ်ကြီးလှပြီဖြစ်သော အဘိုးအိုနှင့် အဘွားအို တွဲရိုက်ထားသည့် ဓာတ်ပုံတစ်ပုံနှင့် တစ်ဒေါ်လာတန် ငွေစက္ကူနှစ်ရွက် စသည်တို့ကို တွေ့ရ၏။ ဒိုင်းလ်သည် စိတ်ပျက်လက်ပျက်ဖြစ်ကာ ပိုက်ဆံအိတ်ကို ဘေးသို့ ဖယ်လိုက် ပြန်၏။

သွားပွတ်တံမှာ အရောင်ကြည် ပလတ်စတစ်ဖြင့် ပြုလုပ်ထား၏။ သို့နှင့် ဒိုင်းလ်သည် ယင်းပစ္စည်းများအပေါ်တွင် အချိန်ကုန်မခံတော့ဘဲ လင်းဘတ်၏ နိုင်ငံကူးလက်မှတ်များကို တစ်ခုစီယူ၍ ဖွင့်ကြည့်၏။ လက်မှတ် ပေါ်ရှိ စာများကို ဖတ်ကြည့်၏။ အားလုံးလက်မှတ်များပေါ်တွင် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးသန်းပြီးဖြစ်ကြောင်း အမှတ်တံဆိတ်များ ရိုက်နှိပ်ထား၏။ တခြားတစ်စုံတရာ စိတ်ဝင်စားစရာ မရှိချေ။ ဗင်နီဇွဲလားနိုင်ငံမှ ထုတ်ပေး သော နိုင်ငံကူးလက်မှတ်အကြားတွင်မူ သင်္ဘောလက်မှတ်တစ်စောင်ကို တွေ့ရ ၏။ ထိုလက်မှတ်ကိုလည်း ဂရင်းပီးယားစစ်ဆေးပြီးဖြစ်၏။ ထိုလက်မှတ်သည် မက်ကာရီသို့ သွားရန်ယူထားသော သင်္ဘောလက်မှတ်သာ ဖြစ်၏။

"ကိုင်း... ဒီစာကို စစ်ဆေးကြည့်ကြရအောင်"ဟု ပြောကာ ဒိုင်းလ်သည် ရက်ဂျီနာထံသို့ လိပ်စာတပ်ထားသည့် လင်းဘတ်မသေမီက ရေးခဲ့သည့်စာနှင့် စာအိတ်ကို ကောက်၍ကိုင်လိုက်ပြီးလျှင် စာကိုနှစ်ခေါက် သုံးခေါက်ဖတ်ပြီး ရက်ဂျီနာအား မေးခွန်းထုတ်လိုက်၏။

"ဒီစာထဲမှာပါတဲ့ ခင်ဗျား အဝတ်ချုပ်တဲ့သူဆိုတာ ဘယ်သူလဲ"

"ဒီကိစ္စက အမှန်ပါပဲ။ ကျွန်မ ချုပ်နိုင်းထားတဲ့ဝတ်စုံ ပြီးပြီဆိုတာ အကျီချုပ်သည်က လာအကြောင်းကြားကြောင်း လင်းဘတ်က ရေးတာပါ။ ဒီအဝတ်ချုပ်သမကိုလည်း ရဲဘက်က စစ်ဆေးပြီးပါပြီ။ ဘာမှ အကြောင်း မထူးပါဘူး"

ဒိုင်းလ်သည် စာကို မီးရောင်တွင် အပြန်ပြန်အလှန်လှန် ထောင် ကြည့်၏။ သို့သော် တစ်စုံတစ်ရာ မထူးခြားချေ။

"နေပါဦး... ဒီစာထဲမှာ ဘာမှလဲမပါဘူး။ ရာသီဥတု အကြောင်း ရယ်၊ ခင်ဗျားကို လွမ်းတဲ့အကြောင်းရယ်။ အကျီချုပ်ထားတာ အဆင်သင့် ဖြစ်ပြီဆိုတဲ့ အကြောင်းရယ် ဒါပဲပါတယ်။ ဘာမှ အရေးကြီးတာ ဘာကြောင့် ရေးခဲ့ပါလိမ့်"

"ဒါတော့ ကျွန်မလည်း မသိဘူး။ ဒီလို တစ်ခါမှလည်း မရေးဖူး



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''သူ့မှာ အကြောင်းတစ်စုံတစ်ရာတော့ ရှိရမယ်''

ဒိုင်းလ်က မကျေမနပ် ကောက်ချက်ချ၏။

''ဖြစ်နိုင်တာကတော့ သူ ဘာမှမဖြစ်ခင် ကျွန်မဆီကို အပြင်းမြေ ရေးတာပဲ ဖြစ်နိုင်တယ်။ သူ နိုင်ငံရပ်ခြားကို ထွက်သွားကာနီး နှုတ်ဆက်တဲ့ သဘောလည်း ဖြစ်နိုင်တယ်။ ပြီးတော့မှ ဒီစာကို စာတိုက်ပုံးထဲထည့်ဖို့ မေ့သွားတာလည်း ဖြစ်နိုင်တယ်''

''ချားလ်(စ်)လင်းဘတ်ဟာ ဒီလိုပဲ မေ့မေ့လျော့လျော့ ရှိတတ် သလား''

''ဟင့်အင်း... သူဟာ အမြဲသတိထားတတ်တယ်။ အမြဲလည်း သတိရှိတယ်''

''ကိုင်း... ထားပါတော့။ ဒီကိစ္စနောက်မှ ဆက်ဆွေးနွေးမယ်။ အခု နောက်ထပ် ဘာကြည့်စရာ ရှိသေးသလဲ''

''ဒီမှာ... သူ့ရဲ့ မှတ်စုစာအုပ်ကလေးရယ်။ ဟောဒီ သွားတိုက် ဆေးဘူးရယ်ပဲ ရှိတော့တယ်''

ရက်ဂျီနာသည် မှတ်စုစာအုပ်ကလေးကို လှမ်း၍ပေးလိုက်ပြီး နောက် သွားတိုက်ဆေးဘူးကို စစ်ဆေးပြီးဖြစ်သော ပစ္စည်းပုံးထဲသို့ ပစ် ထည့်လိုက်၏။

ဒိုင်းလ်က အံ့အားသင့်လျက်...

''ဟေ... မင်းဘာတွေ လျှောက်လုပ်နေတာလဲ''

''ဩော်... ဒါက သွားတိုက်ဆေးဘူးပဲ ဒီဆေးဘူးထဲ ဘာဝှက် ထားနိုင်မှာမို့လဲ''

''သို့ပြောရင်း ဒိုင်းလ်သည် သွားတိုက်ဆေးဘူးကို ကောက်ယူလိုက် ပြီးလျှင် ဘောင်းဘီအိတ်ထဲမှ မောင်းချဓားကလေးတစ်ချောင်းကိုထုတ်ကာ သွားတိုက်ဆေးဘူး အပေါ်ပိုင်းကို ဖြတ်ထုတ်နေ၏။

''ဒီမှာ... ရက်ဂျီ အကယ်၍သာ ဒီဒေါ်လာလေးသိန်းကို ခင်ဗျား ရရင် ဘာလုပ်မှာလဲ''

ဒိုင်းလ်သည် သွားတိုက်ဆေးဘူ အပေါ်ပိုင်းကို ခက်ခက်ခဲခဲ လှီးထုတ်နေရာမှ ရက်ဂျီနာကို မကြည့်ဘဲ မေးခွန်းထုတ်နေ၏။

ရက်ဂျီနာသည် ၂ငေါ့တော့တော့ အမူအရာဖြင့်...





''သုံးပစ်မယ်၊ ဖြုန်းပစ်မယ်၊ ပေးကမ်းပစ်မယ်''

''ကျွန်တော်မေးခွန်းက ဒီလိုမဟုတ်ပါဘူး။ ဥပမာဆိုပါစို့ ခင်ဗျားမှာ ရွှေတုံးတွေ ရှိနေမယ်၊ ဒေါ်လာလေးသိန်း ရှိနေမယ်ဆိုပါတော့၊ ဒီရွှေတုံးတွေ ငွေတွေဟာ ခင်ဗျားသွားလေရာ လွယ်လွယ်ကူကူ သယ်သွားလို့ရမှာ မဟုတ် ပါဘူး။ ဒီတော့ ဒီရွှေတွေ၊ ငွေတွေအစား တန်ဖိုးရှိတဲ့ပစ္စည်း တစ်ခုခုနဲ့ ပြောင်းလဲရလိမ့်မယ်။ ပြောင်းလဲတဲ့ နေရာမှာလည်းပဲ တစ်အချက်က ဝန်ထုတ် ဝန်ပိုး ပေါ့ပေါ့ပါးပါး ဖြစ်သွားရမယ်။ အရွယ်အစား သေးငယ်သွားရမယ်၊ လူတွေမထင်မှတ်တဲ့ ပစ္စည်းလည်း ဖြစ်ရမယ်။ နှစ်အချက်ကတော့ အဲဒီပစ္စည်း ကို လိုအပ်တဲ့အချိန်မှာ ငွေရဲ့တန်ဖိုး ပြန်ရနိုင်ရမယ်။ အဲဒီလိုဆို ခင်ဗျား ဘာလုပ်မလဲလို့ စိတ်ကူးသလဲ''

သည်တစ်ခါတွင်တော့ ရက်ဂျီနာ သဘောပေါက်သွား၏။ လေးလေး နက်နက် စဉ်းစား၏။ ဒိုင်းလ်ပြောသည်ကို လက်ခံ၏။ ဖြစ်လည်းဖြစ်နိုင်၏။ ဤတွင် ချားလ်(စ်)အနေဖြင့် စဉ်းစားရပေမည်။ ချားလ်(စ်)သည် ပန်းချီကား များကို ဝါသနာပါသူတစ်ယောက် ဖြစ်လေသည်။

''သူက အနုပညာသမားပဲ။ ရှေးဟောင်း ပန်းချီကားတွေကို သိပ် သဘောကျတယ်။ ဒီတော့... ''

''အင်း... ဒီအတွေးဟာ ဆိုးတော့မဆိုးဘူး''

ဒိုင်းလ်က မှတ်ချက်ချလိုက်၏။ ထိုစဉ် သူ၏လက်ထဲမှ သွားတိုက် ဆေးဘူးအပေါ်ပိုင်း ပြတ်ထွက်သွားပြီးလျှင် အထဲမှ ပေါင်ဒါမှုန့်များကဲ့သို့ ဖြူဖြူအမှုန့်များ ထွက်လာ၏။ သို့နှင့် ဒိုင်းလ်သည် အမှိုက်ခြင်းထဲမှ သတင်းစာ စက္ကူအဟောင်းတစ်ရွက်ကို မွေ့ရာပေါ် ဖြန့်ခင်း၍ သွားတိုက်ဆေးဘူးထဲမှ အမှုန့်များကို သွန်ချလိုက်လေသည်။

စက္ကူပေါ်မှ မှုန့်နေသော အဖြူမှုန့်များကို နှစ်ယောက်သား ငုံ့၍ ကြည့်နေကြ၏။ ထိုအထဲတွင် မည်သည့်အရာကိုမျှ မတွေ့ရသဖြင့် ရက်ဂျီနာ သည် စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ ဒိုင်းလ်က ရက်ဂျီနာ၏ စိတ်ပျက်နေမှု ကို ကြည့်၍ ပြုံးနေ၏။

''ကျွန်တော် တစ်ချိန်က မှောင်ခိုရာဇာကြီးတစ်ယောက်ရဲ့ အကြောင်းကို ဖတ်ဖူးတယ်။ သူဟာ သန်းချီတဲ့ဒေါ်လာတွေကို သူ့... ရာ လွယ်လွယ်ကူကူ သယ်သွားနိုင်တယ်။ ဘယ်သူ့မှလည်း ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ သန်းချီနေအောင်တန်တဲ့ ဘိန်းဖြူမှုန့်တွေပဲ၊ ဘယ်လောက်မှလည်း အရွယ်မကြီးဘဲ ဘယ်ပစ္စည်းထဲမှာမဆို ထည့်ဝှက်သွားနိုင်တယ်"

သို့ပြောရင်း ဒိုင်းလ်သည် လက်ညှိုးတစ်ချောင်းဖြင့် အမှုန့်ဖြူများကို တို့ကာ လျှာပေါ်တင်၍ အရသာခံကြည့်၏။ ရက်ဂျီနာကလည်း စိတ်စောနေ၏။

ရက်ဂျီနာက အမောတကောလေသံဖြင့် . . .

"ဟုတ်လား . . . ဘိန်းဖြူတွေလား"

"ဟုတ်တယ် . . . ဒေါက်တာလိုင်ယွန်းစပ်ထားတဲ့ ဘိန်းဖြူတွေပဲ။ ဒါပေမဲ့ သွားတိုက်ဆေးအတွက်ပဲ အသုံးဝင်တယ်"

ရက်ဂျီနာမှာ စိတ်ပျက်သွားပြန်၏။ နောက်ဆုံး သူတို့ကြည့်ရန် မှတ်စုစာအုပ်ကလေးသာ ကျန်တော့၏။ စာအုပ်ကလေးတွင် စာများများ ရေးမထားချေ။

"ကိုင်း . . . ကျွန်တော်တို့ နတ်ကောင်းနတ်မြတ်များ တပြီးတော့ ဒီစာအုပ်ကို စစ်ကြည့်ဖို့ပဲ ကျန်တော့တယ်"

ဒိုင်းလ်သည် စိတ်မပါသကဲ့သို့ မှတ်စုစာအုပ်ကလေးကို တစ်ရွက်ချင်း လှန်ကြည့်ရာ တစ်နေ့တာ လုပ်ငန်းများကို အပတ်စဉ် မှတ်သားထားသည်ကိုသာ တွေ့ရ၏။ အချို့စာမျက်နှာများတွင် တယ်လီဖုန်းနံပါတ်များကို တွေ့ရသဖြင့် ရက်ဂျီနာအား မေးမြန်းရာ ရက်ဂျီနာက ချားလ်(စ်)၏ သွားစိုက်ဆရာဝန်၊ ချားလ်(စ်)၏ ကားထားရာ ကားဂိုဒေါင်နှင့် ချားလ်(စ်)၏ အကျီချုပ်ဆိုင် စသည်တို့၏ ဖုန်းနံပါတ်များဖြစ်ကြောင်း ဖြစ်၏။

ဤသို့ဖြင့် တစ်ရွက်ချင်းလှန်လာရာ နောက်ဆုံးစာရွက်သို့ ရောက်သောအခါ စာအနည်းငယ် ရေးထားသည်ကို တွေ့ရ၏။ သို့နှင့် ဒိုင်းလ်က

"စနေနေ့ . . . အဲဒီနေ့မှာ သူ့ အသတ်ခံရတာ မဟုတ်လား"ဟု မေး၏။

"ဟုတ်တယ်"

"ဒီ စနေနေ့အတွက် ရေးထားတဲ့စာ ဖတ်စမ်းပါဦး။ သူ့လက်ရေး ကျွန်တော် ဖတ်မရဘူး"

သို့ပြောရင်း ဒိုင်းလ်သည် ရက်ဂျီနာအား စာအုပ်ကို လှမ်းပေးလိုက်၏။ ရက်ဂျီနာသည် စာမျက်နှာပေါ်မှ စာလုံးများကို တစ်လုံးချင်း ကြိုးစား ဖတ်ကြည့်၏။



"နေ့လယ် ၂ နာရီ ရောင်းပွဲ့ချိန်း အီလီဖီး"

"အဲဒါ ဘာကိုဆိုလိုတာလဲ"

"ကျွန်မ မသိဘူးလေ။ အဲဒီမှာ သူ တစ်ယောက်ယောက်ကို သွားတွေ့ဖို့လားမှ မသိဘဲ"

"အဲဒီလို ဘာ့ကြောင့်ချိန်းရတယ်ဆိုတာ စိတ်ဝင်စားစရာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ရောင်းပွဲ့ဆိုတဲ့ နေရာဟာ လောင်းကစားမျိုးစုံ ရှိတယ်။ အရောင်းအဝယ် မျိုးစုံရှိတယ်။ လေးလံပွဲ ရှိတယ်။ ပွဲစားတွေလည်း ရှိတယ်"

"ဒါလည်း ကျွန်မ မသိဘူး"

"အို . . . မနက်ဖြန် စနေနေ့ မဟုတ်လား။ ကျုပ်တို့ အဲဒီကို တစ်ခေါက်လောက် သွားကြည့်ကြရအောင်။ ချားလ်(စ်)လင်းဘတ်ရဲ့ ဝါသနာနဲ့ တိုက်ဆိုင်မယ့် စိတ်ဝင်စားစရာတစ်ခုခု တွေ့လိုတွေ့ငြားပေါ့"

ရက်ဂျီနာက သက်ပြင်းချလျက် . . .

"ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ဒီည ဘာမှမလုပ်နိုင်တော့ဘူး မဟုတ်လား။ ကိုင်း . . . ကျွန်မ သိပ်အိပ်ချင်နေပြီ။ ရှင့်အခန်းကို ရှင် ပြန်တော့"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃၆

ညဉ့်နက်လာသောအခါ ဟိုတယ်ဘောင်ဂရက်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။ စောစောက လူသံများကြားနေရသော်လည်း ယခုအခါ၌ အသံဗလံများ လုံးဝတိတ်ဆိတ်သွားလေပြီ။ လူတို့ အိပ်မောကျကုန်ကြချေပြီ။ လောကကြီးတစ်ခုလုံးလည်း အမှောင်ထုအောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက် အိပ်မောကျနေလေပြီ။

သို့ရှိစဉ် ဟိုတယ်၏ စတုတ္ထထပ်ရှိ တက်စ်ပင်သိုလောင်၏ အခန်းထဲမှ တယ်လီဖုန်းသံ စူးရှစွာ ထွက်ပေါ်လာ၏။ တက်စ်သည် အိပ်မက်ဆိုးများ မက်နေရာမှ တယ်လီဖုန်းသံကြားသဖြင့် ရုတ်တရက် လန့်၍နိုးလာပြီးလျှင် စကားပြောခွက်ကို ကောက်ကိုင်လိုက်ရာ တစ်ဖက်မှ သူ၏အမည်ကို ခေါ်သံကြားရသဖြင့် . . .

''အင်း. . . ဟုတ်တယ်။ ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ကျုပ်အခုပဲလာခဲ့မယ်။ အခုဆင်းခဲ့မယ်''ဟု သူက ပြန်၍ ဖြေလိုက်လေသည်။

သို့နှင့် တက်စ်သည် ညဝတ်အင်္ကျီနှင့်ပင် အိပ်ချင်မူးတူးနှင့် အခန်းတံခါးကို ကတိုက်ကရိုက်ဖွင့်ကာ စင်္ကြံတစ်လျှောက် ထွက်သွားတော့၏။ ဓာတ်လှေကားသည် စတုတ္ထထပ်တွင် အသင့်ရပ်နေ၏။ ပတ်ဝန်းကျင် စင်္ကြံတစ်လျှောက် ထွန်းထားသော မီးရောင်များ လင်းနေသော်လည်း နေရာကွက်ကြားသာ ရှိနေလေသည်။

သို့နှင့် သူသည် ဓာတ်လှေကားအတွင်းသို့ ဝင်လိုက်ပြီးလျှင် ဓာတ်





လှေကား၏ မြေညီထပ်ခလုတ်ကို နှိပ်လိုက်ပြီးနောက် ဒိုက်ခနဲ တစ်ချက်ဖြစ်သွား၏။

ဓာတ်လှေကားသည် မြေညီထပ်သို့ ဖြည်းညင်းစွာ ဆင်းသွား၏။ သို့ရှိစဉ် ဓာတ်လှေကားသည် ရုတ်တရက် ဆတ်ခနဲရပ်သွားသဖြင့် သူ၏တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားတော့၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မည်သည့်အရာကိုမျှ မမြင်ရအောင် မှောင်နှင့် မည်းမည်းဖြစ်သွားတော့၏။ ဟိုတယ်တစ်ခုလုံးရှိ လျှပ်စစ်ဓာတ်ကား ပြတ်၍သွားလေပြီ။

သို့နှင့် တက်စ်သည် ဓာတ်လှေကားတံခါးကို ဆွဲဖွင့်ကြည့်၏။ ဓာတ်လှေကားသည် စတုတ္ထထပ်နှင့် တတိယထပ်၏အလယ်တွင် ရပ်သွားခြင်းဖြစ်သဖြင့် တံခါးကို ဆွဲဖွင့်၍မရချေ။ သို့နှင့် သူသည် သတိရသဖြင့် ခလုတ်များတပ်ဆင်ထားရာသို့ လက်ဖြင့် စမ်းကြည့်ရာ ခလုတ်များကို စမ်းမိ၏။ သို့သော် မည်သည့်ခလုတ်သည် မည်သည့်နေရာသို့ ရောက်သည်ကိုမူ သူ မသိချေ။ မည်သည့်အရာကိုမျှလည်း မမြင်ရ။ အရေးပေါ်ခလုတ်က တစ်ခု၊ အခြားအသုံးပြုသော ခလုတ်များက အများအပြား ဖြစ်နေသဖြင့် မည်သည့်ခလုတ်ကို နှိပ်ရမည်မသိ ဖြစ်နေတော့၏။ သို့နှင့် ဖြစ်ချင်ရာ ဖြစ်စေတော့ဟူသောသဘောဖြင့် ခလုတ်အားလုံးကို လျှောက်၍နှိပ်လိုက်၏။ သို့သော် ဓာတ်လှေကားမှာ မရွေ့လျားချေ။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နှင့်မည်းမည်း ရှိနေလေသည်။

သို့နှင့် သူသည် ဒေါသထွက်လာကာ ဓာတ်လှေကားရှိ ခလုတ်များကို စိတ်ဆိုးဆိုးနှင့် ထပ်၍နှိပ်လိုက်ပြန်၏။ ထိုစဉ် သူ၏မျက်လုံးများကျိန်းစပ်သွားအောင် မီးများလင်းထိန်သွား၏။ ဓာတ်လှေကားကြီးသည်လည်း အထိန်းမရှိဘဲ အောက်သို့ပြုတ်ကျသွားရာ သူသည် လန့်ဖျပ်၍ အားကုန်အော်ရင်း သတိမေ့သွားတော့၏။ စက္ကန့်အနည်းငယ်မျှနှင့် ဓာတ်လှေကားအိမ်နှင့် ကျယ်လောင်သောအသံကြီး မြည်ဟီး၍ မြေညီထပ်သို့ ရောက်သွား၏။ အမှန်ပင် ပြုတ်ကျသွားခြင်း ဖြစ်လေသည်။

ထိုမျှ ကျယ်လောင်သော အသံကြီးကြောင့် ဝတ်စုံပြာဝတ်ထားသည့် ညစောင့်ဟိုတယ်လုလင်သည် ကုလားထိုင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ ရုတ်တရက် လန့်၍နိုးလာတော့၏။ သို့နှင့် သူသည် မည်သို့လုပ်ရမည်မသိ ဖြစ်နေရာမှ ဓာတ်လှေကားရှိရာသို့ ပြေးသွားရာ သူ့ရှေ့နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



လူများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြ၏။ သို့နှင့် ဟိုတယ်လုလင်သည် ဓာတ်လှေကားတံခါးကို ဆွဲဖွင့်လိုက်ရာ အားလုံးက ဝိုင်း၍ကြည့်နေကြလေသည်။

တတ်လှေကားအိမ်သည် ကြေမွပျက်ဆီးသွားချေပြီ။ ထိုအထဲတွင် တက်စ်ပင်သိုလောင်းကို ငုတ်တုတ်ထိုင်လျက်သား တွေ့ရ၏။ သို့သော် သူသည် အသက်မရှိတော့ချေ။ အလွန်ကြောက်ရွံ့ထိတ်လန့်သော မျက်နှာအမူအရာဖြင့် ကြည့်မကောင်း ရှုမကောင်းဖြစ်ကာ လူ့လောကကြီးကို အသေဆိုးနှင့် စွန့်ခွာ၍ သွားရှာလေပြီ။

## အခန်း ၃၇

ရဲအရာရှိ ဂရင်းပီးယားသည် ယခုလို အချိန်ကောင်းကြီးတွင် ပြဿနာလာရှုပ်သဖြင့် စိတ်တိုကာ ဒေါသအမျက်ချောင်းချောင်း ထွက်နေ၏။ ယခုကိစ္စသည် ထိုကိစ္စနှင့်ပင် ဆက်နွယ်နေသဖြင့် ပို၍စိတ်တိုနေ၏။ ယမန်နေ့ ညနေကပင် သူသည် ဟာမင်စကိုဘီ သေဆုံးမှုနှင့် စပ်လျဉ်း၍ ဟိုတယ် ဘောင်ဂရက်သို့ ရောက်ခဲ့၏။ ယခုလည်း တက်စ်သေဆုံးမှုကြောင့် ရောက်ရပြန်လေပြီ။

ရောက်လာရသည်ကလည်း အချိန်ကောင်းကြီးဖြစ်၏။ တာဝန်သည် တာဝန်မို့သာ သူ ရောက်လာရ၏။ စိတ်ကမူ မသက်သာလှချေ။ ပြင်သစ်ပြည် ပဲရစ်မြို့တော်တွင် လာရောက်ရှုပ်ထွေးပြီး တစ်ယောက်ပြီးတစ်ယောက် ယခုကဲ့သို့ သေဆုံးနေကြသော အမေရိကန်တစ်စုကို သူ မျက်မုန်းကြိုး၍ နေချေပြီ။

ဂရင်းပီးယားသည် သူ၏အစစ်ဆေးခံရန်အတွက် ရောက်ရှိလာကြသော ဟိုတယ်တွင် တည်းခိုနေသည့် လူအချို့နှင့် ဒိုင်းလ်၊ ရက်[illegible] တို့ကို ရှုသိုးသိုးမျက်နှာနှင့် ကြည့်နေ၏။ ယဉ်ကျေးသိမ်မွေ့သော မြို့ကြီးသား ရဲအရာရှိဟန်ပန် သူ့တွင် မရှိချေ။ အားလုံးကို အားနာကြောင်း တာဝန်အရ ခေါ်ယူရကြောင်းပင် စကားပလ္လင်မခံတော့ဘဲ [illegible] စစ်ဆေးရန်ရှိသည်တို့ကိုသာ "အချုပ်ကျ"များကဲ့သို့ စစ်ဆေးမေး[illegible]လျက် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂရင်းပီယားက ဒေါသထွက်လျက် အသံကျယ်ကြီးဖြင့် . . .

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ပထမဦးဆုံးသေတာက လင်းဘတ်၊ ဒုတိယက စကိုဘီ၊ အခု တက်စ်ပင်သိုလောင်း။ သေချင်လည်း တခြားမှာ သွားသေကြပါလား"

သို့ပြောရင်း ရဲမှူးသည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့် ဗိုင်းလ်နှင့် ရက်ဂျီနာတို့ကို ကြည့်လျက် . . .

"သေတော့လည်း သုံးယောက်စလုံး ဆင်တူဝတ်စုံနဲ့ သုံးယောက်စလုံး ညဝတ်အင်္ကျီတွေနဲ့ချည်းပဲ၊ ဒီအမေရိကန်တွေဟာ သေတာတောင် တီထွင်နေကြပါလား။ ဧရဲပြည်ကိုလည်း ဖြိုင်တူရောက်ကြမယ့် လူတွေပဲ" ဟု ပြော၏။

ရဲမှူး၏ အော်ငေါက်သံကြီးမှလွဲ၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ အားလုံးစကားမပြောဘဲ ငြိမ်သက်လျက်ရှိကြ၏။ ဗိုင်းလ်ကမူ သူ မဖော်ထုတ်နိုင်သော အချက်တစ်ချက်ကို ဂရင်းပီးယားအား မေးလိုက်၏။

"မစ္စတာဂရင်းပီးယား ခင်ဗျာ၊ ဒီလိုအချိန်ကြီးကျမှ တက်စ်ဆိုတဲ့ အကောင်ဟာ ဘာဖြစ်လို့ ဓာတ်လှေကားထဲ ရောက်နေရတာလဲဆိုတာကို လူကြီးမင်း တွေးလို့ရပါသလား"

"ကျုပ်တော့လား ဘာမှမတွေးတတ်ဘူး။ ဒါပေမဲ့ ညစောင့် ဟိုတယ် လုလင်က ဒီအဖြစ်အပျက်ကလေးမဖြစ်ခင်က တက်စ်အခန်းထဲက တယ်လီဖုန်းသံ ကြားရတယ်လို့ ဆိုထားတယ်မဟုတ်လား။ ဒီတော့ သူနဲ့ အချိန်းအချက်ရှိတဲ့ လူတစ်ယောက်ယောက်က သူ့ကို တယ်လီဖုန်းနဲ့ခေါ်တာ ဖြစ်မှာပေါ့။ ပြီး . . . သူ ဓာတ်လှေကားထဲအရောက်မှာ မီးဖြတ်ပစ်လိုက်မယ်။ ဓာတ်လှေကားဟာ မီးပြတ်သွားရင် ရောက်တဲ့နေရာမှာ ရပ်နေရမှာပဲ။ ဒါပေမဲ့ တက်စ်ဟာ ကြောက်ကြောက်လန့်လန့်နဲ့ ခလုတ်တွေ လျှောက်နှိပ်တော့ အလိုအလျောက်ထိန်းချုပ်တဲ့ ဆက်သွယ်ရေး ကြေးနန်းကြိုး ပြတ်ထွက်သွားပါလိမ့်မယ်။ အဲ . . . မီးလည်း အဆက်အသွယ်ပြန်ရရော ဓာတ်လှေကားအိမ်ဟာ အထိန်းအကွပ်မရှိဘဲ အောက်ဆုံးထပ်ကို ပစ်ကျတာပေါ့။ ကိုင်း . . . တိုတိုပဲမေးမယ်ဗျာ။ ဒီကိစ္စဟာ ဘယ်ကိစ္စနဲ့ သက်ဆိုင်နေသလဲဆိုတာ ကျုပ်တို့ ခန့်မှန်းလို့ ရကြသားပဲ။ ဒီတော့. . . အဲဒီလို ဖြစ်ပျက်တဲ့အချိန်မှာ ခင်ဗျား ဘယ်မှာရှိနေသလဲ မစ္စတာဗိုင်းလ်"





ဗိုင်းလ်က ကတိုက်ကရိုက်နှင့် . . .

"ကျွန်တော်လား ကျွန်တော့်အခန်းထဲမှာ ရှိတာပေါ့"

"ခင်ဗျားအခန်းထဲမှာ ခင်ဗျား တစ်ချိန်လုံးရှိနေတယ်ဆိုတာကို သက်သေခံမယ့်လူတော့ ရှိမှာမဟုတ်ဘူး"

သို့ပြောရင်း ရဲမှူးသည် ရက်ဂျီနာဘက်သို့လှည့်ကာ . . .

"ကိုင်း . . . မစ္စစ်လင်းဘတ်ကကော" ဟု မေး၏။

"ကျွန်မလည်း ကျွန်မအခန်းထဲမှာပေါ့။ အိပ်ပျော်နေတယ်။ ဆူညံသံကြားမှ ထွက်လာကာ"

"အင်း . . . ကောင်းတယ်။ ခင်ဗျားမှာလည်း သက်သေပြစရာ ရှိမှာမဟုတ်ပါဘူး။ ခင်ဗျားတို့ အဲဒီအချိန်က အခန်းထဲမှာ ရှိနေကြတယ်ဆိုတာ ကျုပ် လုံးဝမယုံဘူး။ ဒါကို ဖော်ထုတ်လို့ရမှ ခင်ဗျားတို့ကို စွပ်စွဲလို့ ရမှာပဲ၊ ကဲ . . . ခင်ဗျားတို့ အထဲက နောက်တစ်ယောက်ကော့ မွန်စီယာ ဂစ်ဒီယွန်လေ၊ သူ့ကို ကျုပ်မတွေ့ပါလား။ သူလည်း သူ့အခန်းထဲမှာပဲ ထင်တယ်"

ဗိုင်းလ်သည် ရက်ဂျီနာဘက်သို့ လှည့်ကြည့်လိုက်၏။ ထိုအခါမှ သူတို့နှစ်ယောက်စလုံး ဂစ်ဒီယွန်ကို သတိရကြတော့၏။ အံ့အားလည်း သင့်သွားကြ၏။

ဗိုင်းလ်က "ဘယ်ရောက်နေတယ်ဆိုတာတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ ဆယ်မိနစ်လောက်က ခင်ဗျား ဒီကို မရောက်ခင်ကပဲ သူ့ကို ကျွန်တော် တွေ့လိုက်သေးတယ်"

သို့နှင့် ရဲမှူးသည် ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်ပြီးနောက် သူနှင့်ပါလာသော ရဲသားများအား ညွှန်ကြားပြောဆိုသင့်သည်တို့ကို ဟစ်အော်ဆူပူ၍ ပြောဆိုနေတော့၏။ တစ်ချိန်တည်းမှာပင် ရဲမှူးသည် ဟိုတယ်အတွင်းဖုန်းများ ဆက်သွယ်ရာအခန်းသို့သွား၍ တယ်လီဖုန်း အော်ပရေတာအား ဂစ်ဒီယွန်ကို ဆက်သွယ်၍ သူ့ထံသို့လာရန် ညွှန်ကြားလိုက်၏။ သူကိုယ်တိုင်ကမူ မည်သို့ ဆက်လုပ်ရမည်မသိ ဖြစ်နေလေသည်။

အတန်ကြာသောအခါ ဂစ်ဒီယွန်၏အခန်းမှ တယ်လီဖုန်းထူးသူ မရှိဟု တယ်လီဖုန်း အော်ပရေတာက လာရောက်သတင်းပို့ရာ ရဲမှူးကြီးသည် ဒေါသထွက်ရပြန်၏။ သို့နှင့် ရဲသားတစ်ယောက်အား ဂစ်ဒီယွန်၏



www.burmeseclassic.com

www.burmeseclassic.com



အခန်းသို့ ပြေးတက်ကြည့်ရန် အမိန့်ပေးလိုက်ရာ ရဲသားသည် ဓာတ်လှေကား ဆီသို့ ပြေးသဖြင့် ရဲမှူးသည် ဒေါသထွက်လျက် အသံကုန်အော်တော့၏။

"ဟေ့ကောင်။ ဓာတ်လှေကားသုံးလို့ မရဘူးဆိုတာ နားမလည်ဘူးလား။ လှေကားအတိုင်း တက်သွား။ သွား... မြန်မြန်သွား"

ရဲသားသည် မည်သို့မျှ ပြန်မပြောဘဲ လှေကားပေါ်သို့ ပြေးတက်သွားရာ ဆယ်မိနစ်ခန့် ကြာသည်အထိ ပေါ်မလာသဖြင့် ထိုဆယ်မိနစ်ကိုပင် ရဲမှူးသည် မစောင့်ဆိုင်းနိုင်တော့ချေ။ ထိုနည်းတူ လူတိုင်း စိတ်ဝင်စားနေသည် ဖြစ်သောကြောင့် လှေကားမှ ရဲသား ဆင်းအလာကိုသာ စောင့်မျှော်နေကြ၏။

အတန်ကြာသောအခါမှ ရဲသာ ပြေးဆင်းလာပြီးလျှင် အမောတကော အဖြေပေး၏။

"သူ... အခုပဲ ထွက်သွားပြီ ဆရာ"

ဂရင်းပီးယားသည် အဓိပ္ပာယ်ပါသော အကြည့်ဖြင့် ကြည့်လျက် "အင်း... ပြဿနာကတော့ ရှင်းစ ပြုလာပါပြီ။ သူ ရှိနေရင် သံသယဖြစ်စရာ သုံးယောက်စလုံးဖြစ်နေတာပေါ့။ အခု သူထွက်ပြေးပြီဆိုတော့ သံသယဖြစ်စရာ တစ်ယောက်လျော့သွားပြန်တာပေါ့"

သို့နှင့် ရဲမှူးသည် ဆက်လက်၍ သူ၏လူများဘက်သို့ လှည့်ကာ "သူ့ကို မိအောင်ဖမ်းကြ"ဟု အမိန့်ပေးလိုက်လေသည်။

## အခန်း ၃၈

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ နေ့၏ အလင်းရောင်သည် လှပစွာ ရှိနေ၏။ မှန်ရောင်ကဲ့သို့ ပြောင်လက်နေသော စိန့်မြစ်၏ ရေပြင်သည် နံနက်ခင်း နေရောင်ခြည်အောက်တွင် ပန်းနုရောင် တောက်သွက်ရှိနေ၏။

တစ်ညလုံး တစ်မှေးမှမအိပ်ရသေးဘဲ စိတ်တိုသောအခါတိုင်း ဆေးလိပ်ဖိသောက်နေသော ရဲမှူးဂရင်းပီးယားပင်လျှင် တဖြည်းဖြည်း စိတ်ကြည်လင်လာ၏။ သူ့အား သယ်ဆောင်လာသော ရဲကားကြီးသည် ပဲရစ်မြို့ပြင်ရှိ "ပွန်ဒပစ်အင်ဗလ်လီဒီ" အရပ်သို့ ရောက်လာသဖြင့် လေကောင်းလေသန့်များကို တဝကြီး ရှူရှိုက်လိုက်ရ၏။ ထိုနေရာသည် သူ အလွန်နှစ်သက်သော နေရာဒေသဖြစ်သဖြင့် စိတ်ရှုပ်သည့်အခါတိုင်း စိတ်ပန်းလူပန်းအဖြစ်မှ သက်သာရာရစေရန် ထိုနေရာသို့ လာရောက်ကာ ရှုခင်းများကို ကြည့်ရှုလေ့ရှိ၏။ ထိုအရပ်တွင် သူ အလွန်နှစ်ခြိုက်ကောင်းကျသော "ပွန်အလက်ဇန္ဒားဂရိတ်"(တတိယမြောက်)၏ ခန့်ညားစွာ ထွန်းလုပ်ထားသည့် ကြေးရုပ်ကြီးရှိ၏။ စိန့်မြစ်ရေပြင်သည် ကြည်လင်ငြိမ်သက်လှသဖြင့် ကြေးရုပ်ကြီး၏ အရိပ်ကို ရေပြင်တွင် ထင်ရှားစွာ မြင်ရလေသည်။

ထိုနေ့မှာ စနေနေ့ဖြစ်သည့်ပြင် အချိန်မှာလည်း အရှေ့တက်စအချိန် ဖြစ်သဖြင့် ယာဉ်အသွားအလာ ရှင်းနေ၏။ နံနက်ပိုင်း ကျန်းမာရေးအတွက် စက်ဘီးစီးနင်းသူတို့ အုပ်စုလောက်သာ ရှိနေကြ၏။ ထိုကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



သမားများသည် အဖွဲ့အစည်းများမှ ဖြစ်ဟန်တူ၏။ ရေတပ်မှ အပြာရောင် တူညီဝတ်စုံကို ဝတ်ဆင်ထားကြ၏။

ဂရင်းပီးယားသည် ကိုက်ခဲလာသော သူ၏မျက်လုံးအစုံကို မှိတ် လိုက်ပြီးနောက် ကျောပြင်ကို မော်တော်ကားဆိုဖာပေါ်သို့ မှီလိုက်၏။ ယနေ့ တစ်ရေးမျှ သူ မအိပ်ရသေးသော်လည်း စိတ်ထဲတွင် သူ၏တာဝန်ကြီး ပြီးဆုံးခါနီးဖြစ်ကြောင်း သိနေသဖြင့် သူ၏စိတ်မှာ အလိုလို ရွှင်လန်းလျက် ရှိနေလေသည်။

## အခန်း ၃၉

ယူနက်စကိုကွန်ဖရင့်မှ စနေနေ့နံနက်ပိုင်းတွင် အကယ်၍ မိမိအား ပေါ်ယူနိုင်းစေလျှင်လည်း ရက်ဂျီနာမှာ ငြင်းဆိုမည် မဟုတ်ချေ။ ချားလ်(စ်) သင်းဘတ်နှင့် လက်ထပ်ပြီးနောက် သူ၏အသက်မွေးဝမ်း ကျောင်းပညာကို နှစ်လမျှ စွန့်ပစ်ခဲ့ရသောကြောင့် အလေ့အကျင့် ပျက်နေချေပြီ။

ထို့နောက် ယမန်နေ့ညက ထမင်းလုံးတစ္ဆေ အချောက်ခံရသကဲ့သို့ နောက်မှမေးခွန်းများ တစ်ခုပြီးတစ်ခု အမေးခံရသောကြောင့် ညက အိပ်ရေး ပျက်ခဲ့သေး၏။ ယမန်နေ့ညက အဖြစ်အပျက်များကို ရက်ဂျီနာသည် ဘာသို လိုမြို့အား နောက်ဆုံးသတင်းအဖြစ် ပေးပို့ရမည်ဖြစ်၏။ ယခု သူထိုင်နေ သော အလုပ်ခန်းနှင့် တယ်လီဖုန်းထားရှိရာအခန်းသည် သိပ်မဝေးသော် လည်း ယူနက်စကိုကိုယ်စားလှယ်များ အစည်းအဝေးစပြီ ဖြစ်သဖြင့် ရက်ဂျီ နာမှာ ထိုင်နေရာမှ မထနိုင် ဖြစ်နေလသည်။

နေ့လယ် ၁၁ နာရီ ၃၀ မိနစ်တွင် ကျူနီးရှားကိုယ်စားလှယ်၏ မိန့်ခွန်းဆုံးသွားသောအခါ အစ္စရေးကိုယ်စားလှယ်က သူ၏သဘောထားကို ပြင်သစ်ဘာသာဖြင့် ပြောနေရာ ထိုအချိန်တွင် ရက်ဂျီနာမှာ အားလပ်ခွင့် ရနေ၏။ သို့နှင့် ရက်ဂျီနာသည် တယ်လီဖုန်းရှိရာသို့ ထသွားကာ ပထမ အပြင်လိုင်းနှင့် ဆက်သွယ်ပြီးလျှင် ဘာသိုလိုမြို့၏ နံပါတ်ကို လှည့်လိုက်သော် လည်း နောက်မှ ထူးသံမကြားရသဖြင့် စောင့်ဆိုင်းနေချိန်တွင် မိမိနောက်မှ လူ တစ်ယောက်ဝင်လာသည့် ခြေသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းလ်အား တွေ့မြင်ရလေသည်။

သို့နှင့် ရက်ဂျီနာသည် စကားပြောခွက်ကို ပြန်ချထားလိုက်ပြီးလျှင်

"ရှင်... ဘယ်လိုလုပ် ဒီရောက်နေတာလဲ"ဟု မေးလိုက်၏။

"ရှင်းရှင်းကလေးပါ။ ဒီအဆောက်အအုံထဲ ဝင်ခွင့်ရှိတဲ့ ကိုယ်စားလှယ်တွေနဲ့ ရောဝင်လာတာပေါ့။ ပြီးတော့... ကျွန်တော် နေချင်တဲ့နေရာရောက်တော့ သူတို့နဲ့ ခွဲနေခဲ့တာပေါ့"

"ဒါပေမဲ့ ရှင် ဒီမှာ ကြာကြာနေခွင့်မရှိဘူး။ ကျေးဇူးပြုပြီး အပြင်ဘက်က သွားစောင့်နေပါ။ ကျွန်မရဲ့လုပ်ငန်းကို မနှောင့်ယှက်ပါနဲ့။ နောက်ပြီး ယူနက်စကို ဆွေးနွေးချက်တိုင်းဟာ ထုတ်ပြန်တာ မဟုတ်ဘူး"

"ကျွန်တော်တို့ ဒီနေ့နေ့လယ် နှစ်နာရီမှာ "ရောင်းပွိုင့်"ကို သွားဖို့ ချိန်းထားတာ သတိရတယ်နော်"

"သတိရပါတယ်။ အခု အစောကြီး ရှိပါသေးတယ်"

ထိုစဉ် အစ္စရေး ကိုယ်စားလှယ်က တင်ပြဆွေးနွေးပြီးသွားသော ကြောင့် ရက်ဂျီနာသည် သူ၏တာဝန် ဆက်လက်ထမ်းဆောင်နိုင်ရန် စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီးနောက်...

"ရှင် ထွက်သွားရင်ကောင်းမယ် ဒိုင်းလ်"ဟု စကားပြောခွက်ကို လက်ဖဝါးနှင့်အုပ်၍ ပြောလိုက်၏။

ဒိုင်းလ်က တီတိုးလေသံဖြင့်...

"ကျွန်တော် ဒီမှာ ရှိနေတယ်ဆိုတာ ခင်ဗျား မသိချင်ဟန်ဆောင်နေပေါ့"

"တော်စမ်းပါ... "

သည်တစ်ခါ ရက်ဂျီနာ အသံအနည်းငယ် ကျယ်သွား၏။ စကားပြောခွက်ပေါ်သို့လည်း လက်ဖဝါးမအုပ်မိသဖြင့် အစည်းအဝေးခန်းမထဲတွင် သူ၏အသံမှာ ရူးရူးရှရှ ပေါ်ထွက်လာရာ သစ်သားစားပွဲဝိုင်းကြီးဟွင် ထိုင်နေကြသော ကိုယ်စားလှယ်ကြီးများ အူကြောင်ကြောင် ဖြစ်သွားကြတော့သည်။ သူတို့ပြောနေကြသော စကားနှင့် လုံးဝ မသက်ဆိုင်သဖြင့် အံ့သြသင့်နေကြ၏။ အမေရိကန်ပြည်ထောင်စု ကိုယ်စားလှယ်သည် စိတ်ပျက်သွားသော ဆိုဗီယက်ရုရှား၏ ကိုယ်စားလှယ်သည် သူ၏နားရွက်တွင် အုပ်ထားသည့် ခွက်ကို ချွတ်လိုက်ပြီးနောက် ရက်ဂျီနာထံသို့ လှမ်းကြည့်နေလေသည်။





"ကဲ... ခင်ဗျား ကျွန်တော့်ကို ချစ်သလား။ မချစ်ဘူးလား ဖြေစမ်းပါ"

ဒိုင်းလ်သည် အခွင့်ကောင်းယူ၍ ထပ်မေး၏။

"ရှင်... တိတ်တိတ်နေစမ်းပါ။ ကျွန်မ အလုပ်ရှုပ်နေတယ်"

"ချစ်သလား... မချစ်ဘူးလား။ ဒါပဲ ဖြေပါ"

"ချစ်ပါတယ်တဲ့... ရှင့်"

ဆိုဗီယက်ကိုယ်စားလှယ်သည် စားပွဲမှ ထ၍ခုန်တော့၏။ ကိုယ်စားလှယ်ကြီးများကို တောင်းပန်ရန်မှတစ်ပါး သူ ဘာမျှမတတ်နိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၀

ဤသို့လျှင် အခက်အခဲပေါင်းများစွာဖြင့် ကွန်ဖရင့်သည် နေ့လယ် တစ်နာရီတွင် အဆုံးသတ်လိုက်၏။ ကိုယ်စားလှယ်ကြီးများ စားပွဲမှထ အစည်းအဝေးခန်းမမှ ထွက်ခွာသွားကြသောအခါ ရက်ဂျီနာသည် သူ နားရွက်ပေါ်မှခွက်ကို ခွဲချွတ်လိုက်ပြီးလျှင် ဒိုင်းလ်အား မျက်စောင်းထိုးလိုက် ၏။

အမှန်မှာမူ ရက်ဂျီနာသည် ဒိုင်းလ်အား စိတ်မဆိုးရဲချေ။ "သူ့ခမ ချစ်လွန်းလို့ ငါ့ဆီလာတာပဲ"ဟု အကြင်နာပင်ပိုမိသေး၏။ တစ်ခါတစ် ဒိုင်းလ်သည် ဂျင်းလူးဝစ်ကလေးထက်ပင် ကလေးဆန်နေသေးတော့၏

"ကိုင်း... အန်တီရက်ဂျီ ကျွန်တော်တို့ "ရောင်းပွိုင့်"ကို နေ့လယ် နှစ်နာရီမှာ ရောက်ဖို့ဆိုရင် အခုကတည်းက သွားကြမှဖြစ်မယ်"

ဒိုင်းလ်က ရက်ဂျီနာအား လောဆော်လိုက်၏။ ပစ္စက္ခအခြေအနေ တွင် ရက်ဂျီနာသည် ထိုအကြောင်းများကို မေ့နေ၏။ ချားလ်(စ်)လင်းဘတ် မှတ်စုစာအုပ်ထဲတွင် ဒေါ်လာလေးသိန်း လူသတ်မှုသုံးမှုကို ဖော်ညွှန်းထား အားလုံးမှာ ငြင်းဆို၍မရနိုင်သော အဖြစ်အပျက်များပင် ဖြစ်တော့၏။

"ရက်ဂျီ... ဘာငိုင်နေတာတုန်း။ ကျုပ်တို့ သွားကြစို့လေ"

"ကျွန်မတို့ ဒီကိစ္စကို ဘာကြောင့်ဒုက္ခခံပြီး လိုက်နေဦးမှာလဲ တစ်ယောက်တည်းသော တရားခံအစစ်ဟာ ဂစ်ဒီယွန်ဆိုတာ သိနေကြပြီပဲ ရဲဘက်ကို အကြောင်းကြားလိုက်ရင် သူတို့ကိုယ်တိုင် သူ့ကို လာဖမ်းလိ





ယ်ပေါ့"

"အဲဒီလိုဆိုရင် ကျွန်တော်တို့ မျှော်လင့်ထားတဲ့ ငွေတွေပါ ရဲဘက် အပ်လိုက်တာနဲ့ တူသွားမှာပေါ့"

"အို... ကျွန်မ ဒီငွေတွေကို မမက်မောပါဘူး။ တကယ်တော့ ဒီငွေတွေဟာလည်း ကျွန်မတို့ မပိုင်ပါဘူး။ စစ်အတွင်းမှာ စစ်ဆင်ရေးတစ်ခု အတွက် သုံးဖို့ အမေရိကန်ပြည်ထောင်စုက ကုန်ကျစရိတ်ပဲ"

"ဒီလိုလည်း တစ်ဖက်သတ် မပြောနဲ့လေ။ ခင်ဗျားကိုယ်တိုင် ဉီးစားကြည့်ပါ။ ဒီကိစ္စဟာ စစ်ကြီးအတွင်းက ဖြစ်တဲ့ကိစ္စပါ။ စစ်ကြီးပြီး သွားတာလည်း ကြာပါပြီ။ ဒီတော့ အမေရိကန်ပြည်ထောင်စုကလည်း ဒီငွေတွေကို သင်ပုန်းချေပြစ်လိုက်ကြတာ ကြာပါပြီ။ ဒါကြောင့်လည်း ကျွန်တော်တို့နဲ့ လက်တစ်ကမ်းရောက်နေတဲ့ ဒီငွေတွေကို ကျွန်တော်တို့ ရယူ သင့်တာပေါ့"

"ရှင်... ဒီကိစ္စကို ဘယ်လိုသိသလဲ။ ကျွန်မ ဆိုလိုတာက သင်ပုန်းချေတဲ့ကိစ္စကို ဆိုလိုတာ"

ရက်ဂျီနာသည် တစ်ခါက ဘာသိုလိုမြူပြောခဲ့သော စကားများကို အမှတ်ရသဖြင့် သူ့အား မေးခွန်းထုတ်မိ၏။ ထိုရွှေချောင်းများသည် အမေ ရိကန် ပြည်ထောင်စုအတွက် မထောင်းတာလှသော်လည်း စီအိုင်အေအဖွဲ့ အတွက် လိုအပ်နေသည်ဟု ဘာသိုလိုမြူက ပြောဖူး၏။ ထို့ကြောင့်ပင် စစ် အတွင်းက အမှုတွဲဟောင်းများကို ရှာဖွေ၍ ဒီရွှေတွေကို စီအိုင်အေက လိုက်နေခြင်း ဖြစ်၏။

"ဒါတွေဟာ စစ်အတွင်းက တစ်ပိုင်းတစ်စ ကုန်ကျစရိတ်တွေပါ။ စစ်ကြီးပြီးသွားတာလဲ ၁၅ နှစ်ကျော်သွားပါပြီ။ အမေရိကန်ပြည်ထောင်စု ဟာ ဒီထက်မကတဲ့ ကုန်ကျစရိတ်တွေကို စစ်အတွင်းမှာ ဖြုန်းပစ်ခဲ့ပါသေး တယ်။ စစ်ကြီးအပြီးမှာ ဒေါ်လာသန်းပေါင်းများစွာတန်တဲ့ လေယာဉ်ပျံတွေ ကိုလည်း အလကားပေးပစ်ခဲ့သေးတယ်။ ဒေါ်လာ အနည်းငယ်နဲ့လည်း ရောင်းချကြတယ်။ ပြီးတော့ ဖျက်ဆီးပစ်တယ်။ ဒေါ်လာ သန်းပေါင်းများစွာ တန်တဲ့ စစ်သင်္ဘောတွေဆိုရင်လည်း ရေထဲမြှုပ်ပစ်လိုက်တယ်။ ဒီတော့ ဒီဒေါ်လာလေးသိန်းလောက်ကို အစိုးရက ဘယ်ဂရုစိုက်မှာလဲ"

သို့နှင့် ဒိုင်းလ်သည် သူ၏လက်ပတ်နာရီကို ကြည့်လိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



''လာပါ ရက်ဂျီရယ်။ တကယ်လို့ မင်းမှာ မကျေနပ်သေးတဲ့ ဆွေးနွေးစရာတွေ ကျန်သေးတယ်ဆိုရင်တောင် တို့ အငှားကားပေါ်မှာ ဆွေးနွေးနိုင်ပါတယ်''

ထိုနောက် ဒိုင်းလ်နှင့် ရက်ဂျီနာတို့သည် စကြံလမ်းအတိုင်း ထွက်လာခဲ့ကြ၏။ တယ်လီဖုန်းအိမ်ကလေးအနီးသို့ ရောက်သောအခါ ရက်ဂျီနာက

''ကျွန်မမှာ မိတ်ဆွေတစ်ယောက်ကို အရေးတကြီး ဆက်သွယ်စရာ ရှိသေးတယ်''ဟု ဒိုင်းလ်အား ပြောလိုက်၏။

ဒိုင်းလ်သည် ရက်ဂျီနာအား တွဲထားသောလက်ကို မလွှတ်ပေးဘဲ

''နောက်မှ ပြောတာပေါ့''ဟု ပြော၏။

''မဖြစ်ဘူး။ အခုပဲ ဆက်မှဖြစ်မယ်။ အလွန်ဆုံးကြာရင် တစ်မိနစ်ပါပဲ''

သို့ပြောရင်း ရက်ဂျီနာသည် ဒိုင်းလ်၏လက်ထဲမှ ရုန်းထွက်၍ တယ်လီဖုန်းရှိရာ အိမ်ကလေးသို့ သွား၏။ ထို့နောက် အထဲမှ ဂျက်ချလိုက်တော့၏။ မှန်သည် တစ်ယောက်နှင့်တစ်ယောက် ဒိုးယိုပေါက် မြင်ရသော်လည်း အသံလုံသဖြင့် မိမိဘာပြောသည်ကို မကြားနိုင်ချေ။

သို့နှင့် ရက်ဂျီနာသည် ဘာသိုလိုမြူ၏ ဖုန်းနံပါတ်ကို လှည့်လိုက်ရာ တစ်ဖက်မှ ထူးသံကြားရသည်နှင့် တစ်ပြိုင်နက် တယ်လီဖုန်းခွက်ထဲသို့ သူထည့်ထားသည့် ပိုက်ဆံအကြွေကလေးသည် ချွင်ခနဲမြည်၍ ကျသွားတော့၏။

''အခု ကျွန်မ စကားပြောနေပါတယ်။ ရှင် ကျွန်မအသံကို မှတ်မိပါလိမ့်မယ်''

''ဟုတ်ပြီ... ခင်ဗျားအသံကို မှတ်မိပြီ။ မနေ့ညက ဘာတွေဖြစ်ကြသလဲ''

''တက်စ်ပင်သိုလောင်းတစ်ယောက်တော့ သေပြီ။ ဂရင်းပီးယားကတော့ ဂစ်ဒီယွန်ကို သဲသဲမဲမဲ လိုက်ဖမ်းနေလေရဲ့။ ကျွန်မ အထင်တော့ ရဲဘက်က သူ့ကို မိနေပြီ ထင်တယ်''

ဘာသိုလိုမြူက စဉ်းစားလျက်...

''ဟင့်အင်း... ရဲဘက်က ဂစ်ဒီယွန်ကို မိမိသေးဘူး။ ဒါပေမဲ့ သူ ဝေးဝေးမပြေးနိုင်ပါဘူး။ ပြဿနာတွေက ထင်သလောက် မလွယ်ဘူးနော်။





ကျုပ်တို့ဘက်က ဒိုင်းလ်ကိုလည်း မျက်ခြေမပြတ် စောင့်ကြည့်နေဖို့လိုမယ်''

ရက်ဂျီနာသည် စကားပြောနေရာမှ ဒိုင်းလ်ကို လှမ်းကြည့်လိုက်ရာ ဒိုင်းလ်သည် စိတ်မရှည်နိုင်ဟန်ဖြင့် မိမိအား စောင့်နေသည်ကို တွေ့ရ၏။ သို့နှင့် ဆက်လက်၍...

''ရှင် ဘာကိုဆိုလိုတာလဲ။ နောက်ဆုံးတော့ ဂစ်ဒီယွန်ဟာ ရှင် လိုက်ရှာနေတဲ့လူဖြစ်နေတာ ရှင်းနေပြီပဲ''ဟု ဘာသိုလိုမြူအား ပြောလိုက်၏။

''ရက်ဂျီနာ ဒီကောက်ချက်ကို မင်း ဘယ်လိုထုတ်ယူသလဲ''

''အခုကျန်တာ ကျွန်မတို့သုံးယောက်ထဲ ရှိတော့တဲ့အနက် ဂစ်ဒီယွန်ဟာ ရဲဘက်နဲ့ ရင်မဆိုင်ရဲလို့ သူ ထွက်ပြေးပြီမဟုတ်လား''

ဘာသိုလိုမြူက သက်ပြင်းရှည်ကြီးချလျက်...

''အင်း... ကျွန်တော့်ဆီကို ဒီနေ့မနက်ပဲ ဝါရှင်တန်က ရိုက်လိုက်တဲ့ သံကြိုးစာ ရောက်လာတယ်။ လွန်ခဲ့တဲ့နှစ်ရက်လောက်က စုံစမ်းပေးဖို့ ကျွန်တော်ရိုက်လိုက်တဲ့ သံကြိုးစာရဲ့အဖြေပဲ။ ခင်ဗျား သံကြိုးစာပါ အကြောင်းအရာတွေကို နားထောင်ချင်သလား''

ရက်ဂျီနာမှာ ဘာသိုလိုမြူ၏စကားကို ကြားလိုက်ရသောအခါ ရင်တုန် နှလုံးခုန် ဖြစ်ရပြန်၏။ အမျိုးအမည်မသိသော ခံစားမှုကို ခံစားလိုက်ရပြန်လေသည်။

ရက်ဂျီနာသည် စိတ်မပါတပါနှင့်...

''ဟုတ်ကဲ့... ကျွန်မ နားထောင်နေပါတယ်''

''ဝါရှင်တန်မှာကော ကာစင်ဒိုင်းလ်ရဲ့ မွေးရာဇာတိမှာကော အလက်ဇန္ဒာဒိုင်းလ်ဆိုတာ မရှိဘူးလို့ သံကြိုးစာမှာ ပါရှိတယ်။ ကာစင်ဒိုင်းလ်မှာ ညီအစ်ကို မွေးချင်းပေါက်ဖော် တစ်ယောက်မှမရှိဘူးတဲ့''

ဘာသိုလိုမြူ၏စကားကို ကြားရသောအခါ ရက်ဂျီနာသည် မှိုင်တွေသွားပြီးလျှင် စကားပြောခွက်ကိုသာ ငေးကြည့်နေမိ၏။ သူ၏ လည်ချောင်းမှ အသံမထွက်လာတော့ချေ။

''ဟဲလို... ကျုပ်ပြောနေတာ ခင်ဗျား ကြားရဲ့လား''

တစ်ဖက်မှ ဘာသိုလိုမြူကမူ အော်မေးလျက် ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၁

ရောင်းပွဲဝိုင့်ရောက်၍ ဒိုင်းလ်နှင့် ရက်ဂျီနာတို့ အငှားကားပေါ်မှ ဆင်းကြသောအခါ နှစ်နာရီပင် မထိုးသေးချေ။ "ရောင်းပွဲဝိုင့်"သည် ပဲရစ်မြို့၏ လူစည်ကားသည့် ရပ်ကွက်တစ်ခုဖြစ်၍ အရောင်းအဝယ် အမျိုးမျိုး၊ လောင်းကစား အမျိုးမျိုး၊ လေလံပွဲ အမျိုးမျိုးနှင့် အထူးသဖြင့် ရှေးဟောင်းအနုပညာ ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာ လမ်းဆုံလမ်းခွတစ်ခုဖြစ်၏၊ နာမည်ကြီး ရိပ်သာ သုံးလမ်းဆုံရာ ရပ်ကွက်လည်း ဖြစ်၏။

ထိုလမ်းများဆုံရာတွင် ရေပန်းများဖြင့် အလှပြုပြင်ထားရာ ရောက်လာသူများအတွက် အအေးဓာတ်ကို ပိုမိုခံစားရစေ၏။ ထိုနေ့မှာ စနေနေ့လည်း ဖြစ်သဖြင့် ကြိတ်ကြိတ်တိုးလျက်ရှိသော လူအုပ်ကြီးမှ လူတိုင်း၏ မျက်နှာများသည် ကြည်လင်လန်းဆန်းလျက် ရှိနေကြ၏။ လွတ်လပ်ရေး အမှတ်အသားဖြစ်သော ထရီယွန်ပယ် မုခ်ဦးကြီးကိုလည်း ထုထည်ကြီးမားသည့် ကျောက်တုံးကြီးများဖြင့် ဆောက်လုပ်ထား၏။ ထိုမှဖြတ်လာသော လေပြေလေညင်းကလေးသည် တောက်ပနေသော နေရောင်ခြည်ကို အေးမြစေ၏။ ပူနွေးသော မေလ၏နံနက်ပိုင်း နေရောင်သည် ကောင်းကင်တွင် သက်တံတစ်ခု ထွက်ပေါ်လျက်ရှိနေစေ၏။

ထိုအရပ်တွင် သူ့ကို မည်သူကမျှ မသိ။ သူကလည်း မည်သူ့ကိုမျှ မသိသဖြင့် ရက်ဂျီနာမှာ သနားစရာကောင်းသကဲ့သို့ ဖြစ်နေတော့၏။ သူတို့စီးလာကြသော အငှားယာဉ်သည် ယူနက်စ်ကိုအဆောက်အအုံကို ကျော်၍





စိန့်မြစ်အနီးသို့ မရောက်မီကပင် သူ့အဖို့ တစ်စိမ်းပြင်ပြင်ဖြစ်နေ၏။ အခရေထဲ၌ ကာစင်ဒိုင်းလ်တွင် မွေးချင်းပေါက်ဖော်မရှိဟု ဆိုထားသော ဝါရှင်တန်မှ ပေးပို့သည့် သံကြိုးစာမှာလည်း ဘာသိုလိုမြူ၏လက်ထဲသို့ ရောက်ရှိနေချေပြီ။

ဤသို့ဆိုလျှင် ဒိုင်းလ်သည် မိမိအား လိမ်လည်ပြောရာ ရောက်နေ၏။ ထိုအချိန်၌ ဒိုင်းလ်သည် သူ့အား ချစ်စကားပင် ဆို၍ပြီးချေပြီ။ သို့နှင့် ရက်ဂျီနာမှာ ဦးနှောက်ခြောက်လာတော့၏။ နှစ်ဖက်စလုံးပင် မည်သူ့ကိုမျှ ယုံရမည်မသိအောင် ရှုပ်ထွေးလာချေပြီ။

ထို့ပြင် ယူနက်စ်ကို အဆောက်အအုံထဲ၌လည်း ရက်ဂျီနာသည် သူ့အား ချစ်ကြောင်း ဝန်ခံမိခဲ့ချေပြီ၊ မိမိဘက်မှမူ ဒိုင်းလ်သည် သူ့အား လိမ်လည်ပြောဆိုခြင်း မဟုတ်ကြောင်းသိ၏။ ရက်ဂျီနာသည် ဘာသိုလိုမြူနှင့် အဆက်အသွယ်ရှိသည်ကိုတော့ နှုတ်ဆိတ်နေခဲ့၏။ ဤအချက်သည် သူ့အပေါ်တွင် မိမိလိမ်ရာကျနေ၏။

ယခုလောလောဆယ်တွင် မိမိသည် အမေရိကန်အစိုးရ၏ ထောက်လှမ်းရေးဌာနအတွက် အလုပ်လုပ်နေသည်ကို ဒိုင်းလ်သိသွားလျှင် မိမိအပေါ်ထားရှိသော သူ၏အချစ်သည် မည်သို့ရှိမည်နည်း။ ပျက်ပျယ်သွားမည်လော။ တစ်ချိန်တည်းမှာပင် သူသည် မည်သည့်အဖွဲ့အစည်းအတွက် အလုပ်လုပ်နေသည်ကို သူကကော လျှို့ဝှက်ခဲ့သည် မဟုတ်ပါလော။

အငှားယာဉ်ခကို ဒိုင်းလ်က ရှင်းပေးနေ၏။ ထိုအချိန်များအတွင်း ရက်ဂျီနာသည် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်၏။ ထိုဆုံးဖြတ်ချက်ကား ဒိုင်းလ်သည် သူ့အား သိသင့်သိထိုက်သည်တို့ကို ဖွင့်မပြောလျှင် သူကလည်း ဒိုင်းလ်အား အမှန်ကို ဖွင့်ပြောရန် မလိုတော့ချေ။

အမှန်သော် နှစ်ဖက်စလုံးမှ လျှို့ဝှက်ထားကြခြင်းဖြစ်၏။

ဒိုင်းလ်သည် ရက်ဂျီနာ၏နောက်မှ လိုက်လျက် . . .

"ကဲ . . . ကျွန်တော်တို့ ရောင်းပွဲဝိုင့်တော့ရောက်လာပြီ။ ဒါရှာလ်(စ်) လင်းဘတ် မှတ်စုစာအုပ်ထဲမှာ ရေးထားခဲ့တဲ့ နေရာပဲ။ ဒါပေမဲ့ သူက ကော်ဖီဆိုင်တစ်ဆိုင်၊ ဟိုတယ်တစ်ခု၊ အခြားဆိုင်တစ်ဆိုင်ရဲ့ နာမည်တောင် မရေးခဲ့ဘူး။ နောက်ဆုံး ဘယ်လမ်းဆုံလမ်းခွမှာ စောင့်ကြည့်ရမယ်ဆိုတာ တောင် သဲလွန်စမရတော့ ရှုံးတာပေါ့။ ရယ်စရာတော့ တကယ်ကောင်းတာပဲ။ ကျွန်တော်တို့ရဲ့အဖြစ်ကို တစ်ယောက်ယောက်များ သိသွားရင် ကြမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီ . . . အလှလုပ်ထားတဲ့ ရေပန်းတွေနားမှာပဲ ချားလ်(စ်)ဟာ လူတစ်ယောက်နဲ့ ချိန်းထားတာ ဖြစ်ရမယ်။ သူတို့ အပေးအယူလည်း လုပ်ချင်လုပ်ကြမယ်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စနဲ့ပတ်သက်ပြီး ချားလ်(စ်)ကို ကျွန်တော်တို့ ဂရုမစိုက်မိတာ အမှန်ပဲ။ ကျွန်တော်တို့ ဒီရောက်လာတာလည်း ဘာမှ မရေရာဘူး''

ဤအကြိမ်၌ ဒိုင်းလ်သည် သူ့အဖြစ်ကို သူ မကျေမနပ်ဖြစ်နေ၏။ တစ်ခါမျှ စိတ်မပျက်ဖူးသော အမူအရာကို သူ၏မျက်နှာပေါ်တွင် ရက်ဂျီနာ တွေ့မြင်လိုက်ရ၏။

''ဟိုမှာ. . . ကော်ဖီဆိုင်တွေ ရှိသားပဲ၊ အဲဒီမှာထိုင်ပြီး နောက်ထပ် ဘာဆက်လုပ်သင့်တယ်ဆိုတာ စဉ်းစားကြတာပေါ့''

ရက်ဂျီနာသည် ဒိုင်းလ်၏လက်မောင်းကိုဆွဲကာ လူအုပ်ထဲသို့ တိုးဝင်လိုက်၏။ ''မက်တစ်နွန်'' ရိပ်သာ၏ ထောင့်ချိုးတွင် ကော်ဖီဆိုင်သုံးဆိုင် ရင်ဘောင်တန်း၍ ဖွင့်ထား၏။

''အင်း . . . ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ''

ထိုစဉ် ရက်ဂျီနာ၏မျက်နှာမှာ ဝင်းလက်ပြီးလျှင် တစ်နေရာသို့ လက်ညှိုးညွှန်လျက် . . .

''ဟိုမှာ မဟုတ်လား''ဟု ပြော၏။

ဒိုင်းလ်သည် ရက်ဂျီနာလက်ညှိုးညွှန်ရာသို့ လိုက်ကြည့်လျက်. . .

''ဘာလဲ . . . ဘယ်မှာလဲ''

''မက်တစ်နွန်ရိပ်သာရဲ့ ဟိုဟာက်ပန်းချီပန်းပုပြခန်းလေ''

ထိုပြခန်းကို ''ဂယ်လာရီနီဝယ်''ဟု ခေါ်၍ အနုပညာပစ္စည်းများ ရောင်းရာတွင် နာမည်ကြီးသောဆိုင် ဖြစ်၏။

''အဲဒီ ပန်းချီပန်းပုဆိုင်နဲ့ ဘာဆိုင်လို့တုန်း''

''အဲဒီက ပန်းချီကားတွေကိုတော့ ချားလ်(စ်)ဟာ သိပ်စိတ်ဝင်စားခဲ့တာပဲ''

''အဲဒီ ပန်းချီကားတွေ သူဝယ်ခဲ့သေးသလား''

''သူတို့က ဈေးသိပ်ဆိုတယ်။ ဒေါ်လာ ၃၅၀၀၀၀ အထိ တန်ဖိုးဖြတ်ထားတယ်။ ချားလ်(စ်)ဟာ လိုချင်ပေမယ့် ဒီလောက်ဈေးကြီးရင် သူ့မှာရှိသမျှ အကုန်ချောမှပဲလို့ ကျွန်မကို ညည်းညူတယ်''





''ကိုင်း . . . လာ''

ဒိုင်းလ်သည် ပြောပြောဆိုဆိုနှင့်ပင် ရက်ဂျီနာ၏လက်ကိုဆွဲကာ လူအုပ်ကြားထဲသို့ တိုးဝင်သွားပြန်၏။ သူ၌ မည်သည့်အကြံရှိသည်ကိုမူ ရက်ဂျီနာမသိချေ။ ထိုပန်းချီကားများကား အနုပညာမြောက်သည့်တိုင်အောင် ထိုအနုပညာကို ရက်ဂျီနာ မခံစားတတ်ချေ။

ပြခန်းအတွင်း၌ ခေတ်မီပစ္စည်းများနှင့် ပြင်ဆင်မွမ်းမံထားသည်ကို တွေ့မြင်ရ၏။ ဆိုင်ခန်းအတွင်းသို့ သူတို့ဝင်သွားသောအခါ ဥရောပဝတ်စုံအနက်နှင့် လည်စည်းအနက်ကို ဝတ်ဆင်ထားသော လူတစ်ယောက် ဆီးကြို၏။ ထိုသူသည် ပြင်သစ်ဘာသာဖြင့် သူတို့အား ''ဘာအကူအညီပေးရမလဲ''ဟု မေး၏။

သို့နှင့် ရက်ဂျီနာက . . .

''လောလောဆယ်ဆယ် ကျွန်မတို့ လူတစ်ယောက်အကြောင်းနဲ့ ပတ်သက်ပြီး စုံစမ်းချင်လို့ပါ''ဟု ပြောလိုက်၏။

ဆိုင်ခန်း၏မျက်နှာမှာ ပြုံးရွှင်လျက် . . .

''အို . . . ခင်ဗျားတို့က အမေရိကန်လူမျိုးတွေပါလား။ ကျွန်တော့်ဆိုင်ကို လာရောက်တာ ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်''

''ဟုတ်ကဲ့ရှင်။ လွန်ခဲ့တဲ့ ရက်သတ္တပတ် အနည်းငယ်က ကျွန်မယောကျ်ားဟာ ရက်ဖီးယယ်၊ ဒါမှမဟုတ် ရှုခင်တို့ရေးဆွဲတဲ့ ပန်းချီကားတွေကို စိတ်ဝင်စားလို့ ကြည့်ခဲ့ဖူးပါတယ်။ သူဟာ အဲဒီ ပန်းချီကားနှစ်ချပ်ထဲက တစ်ချပ်ကိုတော့ လိုချင်တာ အမှန်ပဲ။ ဘယ်ပန်းချီကားကို လိုချင်တယ် စိတ်ဝင်စားတယ်ဆိုတာတော့ ကျွန်မ မေ့သွားပြီ''

''အို . . . ဒီကိစ္စကတော့ လွယ်ပါတယ်''

ဆိုင်ရှင်သည် သူ စိတ်ပါဝင်စားသော အကြောင်းအရာကို ပြောရတော့မည်ဖြစ်သဖြင့် သူတို့အား အချိန်ကုန်ခံ၍ ပြောတော့မည်ကို ရက်ဂျီနာ သိလိုက်၏။ သို့နှင့် ဆိုင်ရှင်က ဆက်လက်၍. . .

''ပန်းချီဆရာကြီး ရက်ဖီယယ်ဟာ အီတလီသားပဲ။ ဆယ့်[illegible] နှစ်မှာ မွေးတယ်။ ပီတာပေါလ်ရူဘင်ကတော့ ဆယ့်ခြောက်ရာစု[illegible] တယ်။ ဒီတော့ သူတို့နှစ်ယောက်ဟာ ရာစုနှစ်ကြီး တစ်ခု[illegible] ခြားသွားစရာ အကြောင်းတော့ မရှိပါဘူး . . . ''



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်ပြီ... ဟုတ်ပြီ... ကျွန်မခင်ပွန်း စိတ်ဝင်စားတာ ရက်ဖီယယ်ရဲ့ ပန်းချီကားပဲဖြစ်ရမယ်။ သူလည်း အီတလီလူမျိုး တစ်ယောက်မဟုတ်လား"

"မဒမ်... ဒီလိုဆို ခင်ဗျားခင်ပွန်း စိတ်ဝင်စားတဲ့ ပန်းချီကားကော သိမှာပေါ့"

"ဟုတ်ပါတယ်။ ဒါပေမဲ့ အဲဒီပန်းချီးကားရဲ့ တန်ဖိုးကို ရှင်က ဒေါ်လာ ၃၅၀၀၀၀ တောင် ဆိုလိုက်တယ် မဟုတ်လား။ အဲဒီကတည်းက သူဟာ စိတ်ပျက်သွားခဲ့တယ်။ ပန်းချီကားရဲ့နာမည်က နတ်မိမယ်တဲ့လေ"

ဆိုင်ရှင်က အထိတ်တလန့်လေသံဖြင့်...

"အို... အဲဒီကားလား။ ဒီလိုဆို ခင်ဗျား သိပ်နောက်ကျသွားပြီ ပေါ့"

"သူ... ဒီပန်းချီကားကို ဝယ်ဖြစ်သွားပြီလားဟင်"

ရက်ဂျီနာသည် ဆိုင်ရှင်ကို မေးရင်းမှ ဒိုင်းလ်ကို လှမ်းကြည့်လိုက်၏။ ဆိုင်ရှင်သည် ရက်ဂျီနာ၏မေးခွန်းကို မည်သို့မျှ ပြန်မဖြေမီ နံဘေးပတ်ဝန်းကျင်သို့ မျက်စိကစားလိုက်ပြီးနောက်...

"ကဲ... ခင်ဗျားတို့နှစ်ယောက် အတွင်းခန်းကို လိုက်ခဲ့ကြပါ"

ဟု ပြောကာ အတွင်းခန်းသို့ ဝင်သွားကြလေသည်။

လမ်းကျဉ်းကလေးမှ ကျော်လာကြသောအခါ အတွင်း၌ ပန်းချီပြခန်းကလေးတစ်ခုကို တွေ့ရ၏။ ပုဂ္ဂလိက ပန်းချီပြခန်းကလေးကဲ့သို့ ပြင်ဆင်မွမ်းမံထား၏။ ထိုလူသည် အတွင်းခန်းမီးချောင်းကိုပိတ်ကာ ပန်းချီကားကြီး တစ်ချပ်ပေါ်သို့ မီးမောင်းဖြင့် ထိုး၍ပြ၏။ ထိုပန်းချီကားမှာ ကင်းဘတ်ပိတ်စပေါ်တွင် ရေးဆွဲထားသော ဆီဆေးပန်းချီကားတစ်ချပ် ဖြစ်၏။ ထိုပန်းချီကားမှာ အသက်ရှူမေ့လောက်အောင်ပင် လှပနေလေသည်။

ရက်ဂျီနာသည် နားမလည်နိုင်သကဲ့သို့ ဖြစ်နေသဖြင့် ဆိုင်ရှင်အား...

"ရှင်ပြောတော့ ကျွန်မတို့ နောက်ကျသွားပြီဆို"ဟု ပြောလိုက်၏။

ဆိုင်ရှင်သည် စိတ်မချမ်းသာသည့် ဟန်အမူအရာဖြင့်...

"တကယ်တော့ ခင်ဗျားယောကျ်ားတင်မကဘူး ကျွန်တော်ပါ အရူးဖြစ်သွားတာပါ"





တစ်ချိန်လုံး တိတ်ဆိတ်နေသော ဒိုင်းလ်က...

"ခင်ဗျား အရူးလုပ်ခံရတယ်ဟုတ်လား။ ဘယ်လိုလဲ"

ဆိုင်ရှင်သည် သူ၏ထိပ်ပြောင်နေသော ဦးခေါင်းကို ခါယမ်းကာ

"ဒီပန်းချီကားဟာ အတုကြီးဗျ"ဟု ပြော၏။

"ဒါပေမဲ့ ဒီပန်းချီကားဟာ ကျွန်မရဲ့ မျက်စိထဲမှာတော့ တကယ်လှနေတာပါပဲရှင်"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီကားရဲ့တန်ဖိုးကတော့ အမေရိကန်ဒေါ်လာ ၃၅၀၀၀၀၀ တန်ပြီး ပြင်သစ်ဖရန့် ၃၅၀၀၀၀ ပဲ တန်ဖိုးရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၂

အမှောင်ခန်းထဲမှထွက်၍ အပြင်သို့ရောက်ကြသောအခါ သူတို့၏ မျက်လုံးများ ရုတ်တရက် မမြင်ရတော့ချေ။ ယခုအချိန်၌ သူတို့၏ မျက်လုံးများ မည်သည့်အရာကိုမျှ မမြင်ရသကဲ့သို့ သူတို့၏ ဦးနှောက်ထဲတွင်လည်း မည်သည့် အတွေးအခေါ်မျှ မရှိတော့ချေ။ သူတို့ကား ရေလိုက်လွဲချေပြီ။

တစ်ခဏမျှကြာသောအခါ မျက်စိကျင့်သားရလာကြပြီးလျှင် လူအုပ်ကြီးကို တွေ့လိုက်ရ၏။ နီဝယ် ပန်းချီပန်းပုပြခန်းထဲသို့ သူတို့မဝင်မီ လွန်ခဲ့သော ၁၅ မိနစ်ခန့်က ဘတ်စကားမှတ်တိုင်တွင် စောင့်နေကြသော ဆယ့်လေးငါးယောက်မျှသာရှိသည့် လူစုသည် ယခုအချိန်တွင် သုံးဆယ် လေးဆယ်အထိပင် များပြားလာကာ ရုန်းစုရုန်းစု ဖြစ်နေကြ၏။

ရက်ဂျီနာနှင့် ဒိုင်းလ်တို့ ရပ်နေသည့်နေရာနှင့် ထိုလူစု၏နေရာမှာ အတန်ငယ် လှမ်းနေ၏။ လူအုပ်ကြီး မည်သို့ဖြစ်နေသည်ကို သူတို့နေရာမှ မမြင်ကြရချေ။ သို့နှင့် ရက်ဂျီနာသည် ဒိုင်းလ်အား လှမ်း၍ကြည့်လိုက်ရာ ဒိုင်းလ်သည် သူ၏လက်ပတ်နာရီကို ငုံ့ကြည့်နေ၏။ အချိန်အားဖြင့် နှစ်နာရီ ဆယ့်ငါးမိနစ်သာ ရှိသေး၏။ မျှော်လင့်ချက် ကုန်ခန်းနေကြသော သူတို့ နှစ်ယောက်သည် ထိုလူစုအလယ်တွင် မည်သည့်အရာရှိသည်ကို အလွန် သိလိုကြ၏။ သူတို့ရှာဖွေနေသည့် အဖြေများကို တွေ့လိုတွေ့ငြား တွေးထင် ကြပြီးလျှင် သူတို့နှစ်ယောက်သည် လူအုပ်ကြီးရှိရာဘက်သို့ ဖြတ်ကူးသွား ကြလေသည်။





လမ်းတစ်ဝက်သို့ ရောက်သောအခါ ရက်ဂျီနာသည် တုံ့ခနဲ ရပ် လိုက်၏။ အဘယ်ကြောင့်ဆိုသော် ကိုယ်ပိုင်ကားတစ်စီးသည် မက်တစ်နွန် နိပ်သာဘက်သို့ ဖြတ်ဝင်ကာ လူအုပ်ကြီးနံဘေးတွင် ထိုးရပ်လိုက်၏။ ထိုကား မှာ ထိုင်ခုံနှစ်ခုံသာပါသော ''ပင်ဟတ်''အမျိုးအစား ပြိုင်ကားကလေးဖြစ်၏။ ထိုကားကလေးမှာ မိမိအား နော်မန်ဒီကမ်းခြေမှ ပြန်၍ သယ်ဆောင်လာခဲ့ သော သူငယ်ချင်းဆီဗီယာ၏ ကားကလေးဖြစ်နေ၏။ သို့ရှိစဉ် ဆီဗီယာသည် တံခါးကိုဖွင့်၍ ဆင်းလိုက်၏။ သို့သော် ဆီဗီယာသည် ရက်ဂျီနာကို မတွေ့ မမြင်ဘဲ လူအုပ်ကြီးထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

''ဆီဗီယာကော ဒီမှာ ဘာလာလုပ်ပါလိမ့်''

ဒိုင်းလ်သည် ဆီဗီယာကို တွေ့လိုက်သဖြင့် ရက်ဂျီနာအား မေး လိုက်၏။

''ကျွန်မလည်း မသိဘူးလေ''

''ကျွန်တော်တို့ သူ့ကို သွားတွေ့ကြရအောင်။ အကြောင်းထူးလို ထူးငြားပေါ့''

သို့ပြောရင်း ဒိုင်းလ်သည် ရက်ဂျီနာ၏ လက်ကိုဆွဲကာ ရှေ့မှ ပြေးသွားသဖြင့် ရက်ဂျီနာမှာ နောက်မှ လိုက်ပါသွားရတော့၏။

သို့နှင့် သူတို့နှစ်ယောက်သည် လူအုပ်ကြားထဲသို့ တိုးရင်းဝှေ့ရင်း တွန်းရင်းဖယ်ရင်း အလယ်သို့ ရောက်သွားကြတော့၏။ လူအုပ်ထဲသို့ ရောက် သောအခါ သူတို့သည် ပြင်သစ်မကလေး ဆီဗီယာကို တွေ့ကြရတော့၏။ ဆီဗီယာကလည်း သူတို့ကိုတွေ့သဖြင့် ပြုံးလျက် နှုတ်ဆက်၏။

''ဟေး . . . မင်းတို့နှစ်ယောက် ဒီမှာဘာလာလုပ်တာလဲ''

ရက်ဂျီနာက ''အေး . . . တို့လည်း မင်းကို အဲဒီ မေးခွန်းအတိုင်းပဲ မေးမလို့''

''အို . . . ကိုယ်က ကိုယ့်သားချင်းလူးဝစ်ကို လိုက်ပို့တာလေ။ သူက စနေနေ့နေ့လယ် နှစ်ချက်ထိုးရင် ဒီကိုလာတတ်တယ်။ မလာရရင် နေနိုင်ဘူး''

ဒိုင်းလ်သည် ပတ်ဝန်းကျင်ကို မျက်စိကစားလျက် . . .

''ဘာဖြစ်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒါဟာ တံဆိပ်ခေါင်းစုတာ ဝါသနာပါတဲ့လူတွေ အရောင်းအဝယ်လုပ်တဲ့ နေရာလေ။ မင်းသိပါတယ် ရက်ဂျီနာရယ်။ တကယ်တော့ ကိုယ့်သားဂျင်းလူးဝစ်ဟာ တံဆိပ်ခေါင်းစုတာ ဘယ်လောက် ဝါသနာပါသလဲဆိုတော့ သူ့မှာရှိတာတွေ ထုတ်ရောင်းလိုက်၊ သူ့မှာ မရှိတာတွေ ဝယ်လိုက်နဲ့ သူ့ရဲ့ဝါသနာက ဒါပဲ။ မင်းတောင် သူ့သားကောင် ဖြစ်ခဲ့သေးတယ် မဟုတ်လား"

မှန်ပေသည်။ ထိုလူအုပ်ကြီးထဲတွင် တစ်ဦးနှင့်တစ်ဦး တံဆိပ်ခေါင်း ရောင်းခြင်း၊ ဝယ်ခြင်း၊ လဲလှယ်ခြင်းများ ပြုလုပ်လျက် ရှိနေကြ၏။ အချို့သော တံဆိပ်ခေါင်းများကို စာအုပ်များထဲတွင် သေသပ်စွာ ကပ်ထားသည်လည်း ရှိ၏။ အချို့တံဆိပ်ခေါင်းများမှာ စာအိတ်ပေါ်တွင် ကပ်လျက်ရှိ၏။ အချို့လည်း အလွတ်အတိုင်းပင် ဖြစ်လေသည်။

"ဟေး... ကျုပ် သတိရပြီ။ ဟိုစာကော"

ဒိုင်းလ်သည် ဝမ်းသာအားရ လှမ်းအော်ရာ ရက်ဂျီနာ၊ ဆီဗီယာနှင့် ပတ်ဝန်းကျင်ရှိလူများ လန့်ဖျပ်သွားကြ၏။ ထို့နောက် ဆက်လက်၍...

"ချားလ်(စ်)ရဲ့စာလေ။ ချားလ်(စ်)ရဲ့ တံဆိပ်ခေါင်းဟာ စာအိတ်ပေါ်မှာ ကပ်မထားဘူး စာအိတ်ထဲမှာ ထည့်ထားတယ်။ အဲဒါ ထူးဆန်းတယ် လမ်းစတော့ ရှာတွေ့ပြီထင်တယ်၊ အဲဒီစာကော ဘယ်မှာလဲ"

သို့ပြောရင်း ဒိုင်းလ်သည် သတိလက်လွတ်ဖြစ်ကာ ရက်ဂျီနာ၏ ပခုံးကို ဆုပ်ကိုင်ဆွဲညှစ်လိုက်ရာ ရက်ဂျီနာမှာ အတော်ပင် နာကျင်သွားသဖြင့် မျက်နှာရှုံ့မဲ့လျက် ...

"ကျွန်မအိတ်ထဲမှာ ချားလ်(စ်)ရဲ့စာတော့ ရှိတယ်"

ဒိုင်းလ်က အငမ်းမရဖြစ်ကာ ...

"ပြစမ်း ... ပြစမ်း"

ရက်ဂျီနာမှာ မျက်နှာပျက်ကာ သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။ သို့နှင့် ရက်ဂျီနာသည် သူ၏အိတ်ထဲမှ ချားလ်(စ်)စာကို ဒိုင်းလ်အား ထုတ်ပေးလိုက်၏။ ဒိုင်းလ်မှာ အရူးအမူးဖြစ်နေ၏။

"ကိုင်း ... ကျွန်တော်မပြောလား။ ဒီပစ္စည်းတွေဟာ ကျုပ်တို့ဆီမှာပဲ ရှိနေပါတယ်လို့။ တက်စ် ဂစ်ဒီယွန်နဲ့ စကိုဘီတို့ဆီမှာ မရှိပါဘူး။ နောက်ဆုံးတော့ ကျွန်တော်တို့ ရှာတွေ့ပြီ။ ချားလ်(စ်)ဟာ သူ့ရဲ့ရွှေတွေ





ဒေါ်လာနဲ့လဲမယ်။ တစ်ခါ ဒေါ်လာထက် သယ်လို့လွယ်တဲ့ တံဆိပ်ခေါင်း ဝယ်ပြီး ရင်းနှီးမယ်။ ဘယ်သူမှမရိပ်မိအောင် သူဟာ စာအိတ်ထဲမှာပဲ ဖြစ်ကတတ်ဆန်း ထည့်ထားမယ်၊ တံဆိပ်ခေါင်းတွေကော ရက်ဂျီ"

ဒိုင်းလ်သည် ဟန်မဆောင်နိုင်တော့ဘဲ စာအိတ်ထဲမှ တံဆိပ်ခေါင်းကိုသာ ဆွဲထုတ်နေ၏။ သို့သော် မည်သည့်တံဆိပ်ခေါင်းမှ ထွက်မလာသဖြင့် မျက်နှာပျက်ကာ စာအိတ်၏ ညာဘက်ထောင့်စွန်းကို ဆုတ်ဖြဲလိုက်လေသည်။

ရက်ဂျီနာက ဝန်ခံလျက် ...

"လိုချင်လှချည်ရဲ့ဆိုလို့ ကျွန်မ ဂျင်းလူးဝစ်ကလေးကို ပေးလိုက်တယ်"

ဒိုင်းလ်သည် ဒရောသောပါးဖြစ်ကာ ...

"ဂျင်းလူးဝစ်၊ အခု ဂျင်းကလေးကော ဘယ်မှာလဲ"ဟု မေး၏။

ဆီဗီယာသည် လူအုပ်ကြားထဲမှနေ၍ ခြေဖျားကို ထောက်ကာ ဂျင်းလူးဝစ်ကလေးကို ရှာနေ၏။ အတန်ကြာမှ ဆီဗီယာသည် လက်ညှိုးထိုးကာ...

"ဟိုမှာ... တွေ့ပြီ"ဟု ပြောနေစဉ်ပင် ဒိုင်းလ်သည် ထိုနေရာသို့ ရောက်နေ၏။ ယခင်ကအတိုင်း လူအုပ်ကြီးကို တိုးဝှေ့ရပြန်ရာ အချို့လူများသည် သူ့အား မကျေမနပ်အမူအရာဖြင့် ကြည့်နေကြ၏။ သူကမူ မည်သူ့ကိုမျှ ဂရုမစိုက်နိုင်ချေ။ သို့သော် စိတ်စောနေသဖြင့် ဂျင်းလူးဝစ်ကို ရှာ၍မတွေ့ရချေ။

နောက်ဆုံး၌ ဆီဗီယာက ဂျင်းလူးဝစ်ကို ရှာ၍တွေ့တော့၏။ ဤမျှ လောက် များပြားသော လူအုပ်ကြီးထဲတွင် မွေးသမိခင်သာလျှင် သူ၏သားကို ရှာဖွေရန် လွယ်ကူပေမည်။

သို့နှင့် ရက်ဂျီနာ၊ ဆီဗီယာ၊ ဒိုင်းလ်နှင့် ဂျင်းလူးဝစ်တို့ လေးယောက် ဆုံကြသောအခါ ဒိုင်းလ်ကပင် အမောတကော စတင်စကား ပြောတော့၏။

"ဂျင်း... မင်းကို အန်တီရက်ဂျီပေးထားတဲ့ တံဆိပ်ခေါင်းကလေးတွေဟာ ဦးဦးကို ပြစမ်း"

"ဘယ်တံဆိပ်ခေါင်းလဲ"

ဒိုင်းလ်သည် မည်သို့ ဆက်ပြောရမည်မသိသဖြင့် ရက်ဂျီနာအား အကူအညီတောင်းတာ မျက်နှာနှင့် ကြည့်နေသဖြင့် ရက်ဂျီနာက...



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . တံဆိပ်ခေါင်းတွေလေ။ သားကို အန်တီ ပေးထားတဲ့ တံဆိပ်ခေါင်းတွေလေကွယ်"ဟု ဝင်၍ မေးလိုက်၏။

ဒိုင်းလ်က "နေပါဦး တံဆိပ်ခေါင်းကကော ဘယ်နှစ်လုံးလဲ"

ရက်ဂျီနာသည် ဂျင်းလူးဝစ်ကလေးကို ချော့မော့လျက် . . .

"တံဆိပ်ခေါင်းသုံးလုံးလေ။ တစ်ခေါင်းက အပြာရောင်၊ တစ်ခေါင်းက အဝါရောင်၊ တစ်ခေါင်းက အနီရောင်။ အားလုံးသုံးခေါင်းလေး မင်းမှတ်မိမှာပါ။ စာအိတ်ပေါ်မှာ အဲဒီတံဆိပ်ခေါင်းတွေကို ကပ်မထားဘူး လေကွာ၊ စာအိတ်ထဲက စက္ကူဖြူထဲမှာ သပ်သပ်ကပ်ထားတယ်လေ"

ဒိုင်းလ်က ရက်ဂျီနာအား အပြစ်တင်လျက် . . .

"အို . . ရက်ဂျီနာ မင်းတံဆိပ်ခေါင်းတွေရဲ့ အရောင်တွေကိုတောင် တစ်ခုစီ ပြောနိုင်ရက်သားနဲ့"

"ကျွန်မအပြစ်ပဲ ထားပါတော့လေ။ ဒါပေမဲ့ ရှင်လည်း အဲဒီတံဆိပ် ခေါင်းတွေကို တွေ့လိုက်ရတယ် မဟုတ်လား"

ဒိုင်းလ်သည် ပြီးခဲ့တာတွေ ပြီးပါစေတော့ဟု သဘောထားကာ ဂျင်းလူးဝစ်ကလေးဘက်သို့ လှည့်၍ . . .

"အဲဒီတံဆိပ်ခေါင်းတွေ ဦးဦး ခဏကြည့်ပါရစေကွာ"ဟု ဂျင်းကို ချော့၍ မေးလိုက်၏။

ဆယ့်နှစ်နှစ်သားကလေး ဂျင်းလူးဝစ်သည် စိတ်ပျက်စွာ ဦးခေါင်းကို ခါယမ်းပြ၏။ သို့နှင့် ဂျင်းလူးဝစ်၏မိခင် ဆီစီယာသည် . . .

"ဂျင်း . . လူး . . ဝစ်"ဟု ဒေါသသံပါပါနှင့် ဝေါက်လိုက်တော့၏။

"ဦးဦး အဲဒီတံဆိပ်ခေါင်းတွေ မင်းဆီက ပြန်ဝယ်မှာပေါ့။ ဖရန့်ငွေ ငါးထောင်ပေးပါ့မယ်ကွာ"

ဂျင်းလူးဝစ်က "ဒီတံဆိပ်ခေါင်းတွေဟာ ဖရန့်ငါးထောင်ထက် တန်ဖိုးရှိတယ်"

ဒိုင်းလ်သည် သူ၏ပါးစောင်းထဲမှ တံတွေးကို အသံထွက်အောင် မျိုချလိုက်ပြီးနောက် . . .

"ကောင်းပြီကွာ။ ဖရန့်ငွေတစ်သောင်းပေးရင် မင်း ကျေနပ်မလား"ဟု မေးလိုက်၏။





ဂျင်းကမူ တုံဏှိဘာဝေ ဖြစ်နေ၏။ လူကြီးများ၏ စကားကို မည်သို့မျှ စော့ပြုန်ဘဲ ရယ်၍သာနေတော့၏။ ထိုအခါ ဒိုင်းလ်သည် ပို၍ စိုးရိမ်စိတ် ဝင်လာကာ ငွေကိုထပ်၍ တိုးလိုက်၏။

"တစ်သောင်းငါးထောင် ပေးမယ်ကွာ"

ဂျင်း၏မျက်နှာသည် ပြုံးမြဲပြုံးလျက် လူကြီးများကို ပမာမခန့် သကဲ့သို့ ဖြစ်နေ၏။ ထို့နောက် သူ၏မိခင် ဆီစီယာဘက်သို့လှည့်ကာ . . .

"အမေ . . . ကျွန်တော့်ကို လူတစ်ယောက်က အဲဒီတံဆိပ်ခေါင်း သုံးလုံးကို ငွေနှစ်သောင်းပေးပြီး ဝယ်သွားတယ်"ဟု ပြောပြောဆိုဆိုနှင့်ပင် ဂျင်းသည် သူ၏ဘောင်းဘီအိတ်ထဲမှ ဖရန့်ငွေအထပ်လိုက်ကို ထုတ်၍ပြ၏။

ဒိုင်းလ်က အော်ဟစ်လျက် . . .

"ဖရန့်ငွေနှစ်သောင်းလား။ ဒီငွေဟာ ဒေါ်လာနဲ့ဆိုရင် လေးဆယ်ပဲ တန်ဖိုးရှိတယ်"

"ကျွန်တော်က အမေရိကန်မှမဟုတ်ဘဲ။ ကျွန်တော့်အဖို့ဆိုရင် ဒါ ဖရန့်ငွေနှစ်သောင်းပဲ"

ဒိုင်းလ် စိတ်ပျက်လက်ပျက်ဖြစ်ကာ မျက်နှာကြီးမှာ နီရဲလာပြီးလျှင် ဒေါသလည်း ထွက်နေ၏။ သို့နှင့် ရက်ဂျီနာက . . .

"ကဲ . . . ဂျင်း . . . အန်တီ့ကိုပြောစမ်း။ ဒီတံဆိပ်ခေါင်းတွေ မင်း ဘယ်သူ့ကိုရောင်းလိုက်သလဲ"ဟု ချော့မော့၍မေးလိုက်၏။

ဂျင်းသည် တစ်ခွန်းချင်းပြောလျက် . . .

"မွန်ဆီယာဖလ်လစ်"

"မွန်ဆီယာဖလ်လစ်ဆိုတာ ဘယ်သူလဲ။ အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန် ကို မင်း မှတ်မိသလား။ အရင်တုန်းကကော သူ့ကို သိသလား"

ရက်ဂျီနာသည် စိတ်လှုပ်ရှားနေပြီးလျှင် လူအုပ်ထဲမှ မျက်နှာများကို လျှောက်၍ ကြည့်နေတော့၏။

"အရင်ကတော့ သူ့ကို မသိဘူး။ ဒါပေမဲ့ သူ့ကို မှတ်မိပါတယ်။ သူဟာ ပိန်ပိန်ရှည်ရှည် အသားညိုညို၊ မျက်နှာမှာ မျက်မှန်ထူထူကြီးနဲ့ နှုတ်ခမ်းမွေးလည်း ရှိတယ်။ နောက်ပြီး ရွှေသွားတွေလည်း ရှိတယ်။ ဒါပေမဲ့ သူ ဘယ်တော့မှ ဒီကိုလာတော့မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''မင်း ဘာကိုဆိုလိုတာလဲ။ သူ တစ်နေရာကို ထွက်သွားပြီ
ပြောတာလား''

ရက်ဂျီနာသည် အမောတကောမေးလိုက်ရာ ဂျင်းလူးဝစ်ကလေး
သည် မည်သို့မျှမဖြေဘဲ ဦးခေါင်းကိုသာ ညိတ်၍ပြလေသည်။

ဒိုင်းလ်က ''ဒါဖြင့် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ''

သို့ရှိစဉ် ဂျင်းလူးဝစ်သည် လူအုပ်ကြီး၏အတွင်းသို့ တိုးဝင်သွား
သဖြင့် သူ၏မိခင်ဆီဗီယာက လိုက်၍ဆွဲရ၏။ ဒိုင်းလ်နှင့် ရက်ဂျီနာတို့သည်
ထိုသားအမိနှစ်ယောက်နောက်သို့ လိုက်သွားရတော့၏။

သို့နှင့် ဂျင်းသည် လူအုပ်ကြီးထဲသို့ ရောက်သောအခါ နှုတ်ခမ်းမွေး
ဗလပစ်နှင့် ကုတ်အင်္ကျီရှည်ကြီးဝတ်ထားသည့် လူကြီး၏အင်္ကျီစကို လှမ်းဆွဲ
ကာ...

''မွန်ဆီယာသီယိုဖလီ၊ ဦးကြီးရဲ့မိတ်ဆွေ မွန်ဆီယာဖလ်လစ်
ဘယ်မှာနေတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါ။ ကျွန်တော် သူနဲ့ အရေး
တကြီး တွေ့ချင်လို့ပါ ခင်ဗျာ''ဟု ပြောသဖြင့် ထိုလူကြီးက ဂျင်းကို ပြုံး၍
အဖြေပေး၏။

''ဪ... ဪ... မင်းတွေ့ချင်ရင် သူ့ဆီလိုက်သွားပေါ့ကွာ။
သူနေတဲ့အခန်းတော့ အတိအကျ ငါမသိဘူး။ ''ဒီရီရင်'' ရပ်ကွက်က ကောင်စီ
လူကြီး မွန်ဆီယာအော်ဂတ်စတပ်ကိုမေးရင်း သူ့အခန်းကို ညွှန်ပြနိုင်ပါလိမ့်
မယ်''

ထိုလူကြီး၏အဖြေကို ကြားသည်နှင့်တစ်ပြိုင်နက် ဒိုင်းလ်နှင့် ရက်ဂျီ
နာတို့သည် ဂျင်းတို့သားအမိကိုပင် နှုတ်မဆက်နိုင်တော့ဘဲ ''ဂရေဗရီယယ်''
ရိပ်သာတွင် ရပ်ထားသည့် အငှားယာဉ်များဆီသို့ အပြေးသွားကြတော့၏။
ဒိုင်းလ်နှင့် ရက်ဂျီနာတို့ အငှားကားနှင့် ပါသွားကြသောအခါ ဆီဗီယာနှင့်
ဂျင်းတို့သားအမိမှာ ငေးမောကျန်ရစ်ခဲ့ကြလေသည်။

တစ်ချိန်တည်း၌ပင် အင်စပက်တာဂရင်းပီးယားသည် လမ်းနံဘေး
တွင် ရပ်ထားသည့် သူ၏ ''ဆစ်ထရွန်ဒီအက်ဖ် ၁၉''အမျိုးအစား ကားမည်း
ကြီးဆီသို့ လျင်မြန်စွာသွား၏။ ကားရှေ့ခန်းတွင် လူနှစ်ယောက် နေရာ
ယူပြီးသား ဖြစ်နေ၏။ သို့နှင့် ဂရင်းပီးယားသည် ရှေ့မှထွက်သွားသော
ဒိုင်းလ်တို့၏ အငှားကားနောက်သို့ အမီလိုက်ခိုင်းတော့၏။





ထိုအချိန်၌ပင် ရောင်းပွိုင့်ကော်ဖီဆိုင်အပြင်ဘက်ရှိ ကုလားထိုင်တွင်
လူတစ်ယောက်သည် သူ၏မျက်နှာကို အခြားသူများ မမြင်စေရန် အကာ
အကွယ်ပြုထားသည့် ပဲရစ်မြို့၏ ညနေထုတ်သတင်းစာကို ဖတ်လိုက်ပြီးလျှင်
သူထိုင်နေသော စားပွဲပေါ်သို့ အကြွေအနည်းငယ်ချကာ အငှားယာဉ်မှတ်တိုင်
သို့ ခပ်သုတ်သုတ်လျှောက်သွားတော့၏။

ထိုသူကား လီယိုပိုဒဗလျူဂစ်ဒီယွန် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄၃

အငှားကားကလေးသည် ဗလန်ချီပလေဖ်၊ ကလင်ချီစသော ရပ်ကွက်များကို ဖြတ်ကျော်ပြီးနောက် ဒီရီရင် ရပ်ကွက်သို့ ရောက်လာ၏။ ယခင်က လူစည်ကားသော ရပ်ကွက်များနှင့် နှိုင်းစာသော် တဖြည်းဖြည်း လူသွားလူလာ နည်းပါးလာတော့၏။ ဆင်ခြေဖုံးရပ်ကွက်များကို ကျော်လွန်ခဲ့သဖြင့် လူနေအိမ်ခြေလည်း နည်းပါးလာတော့၏။

နောက်ဆုံး၌ အငှားကားသည် ဒိုင်းလ်၏ ညွှန်ကြားချက်ကြောင့် အဖျော်ယမကာရောင်းသည့် ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်ပေးလိုက်၏။ ဒိုင်းလ်က ပထမဦးစွာဆင်း၍ ကားခပေးနေစဉ် ရက်ဂျီနာသည် လေးကန်စွာ နောက်မှ ခပ်ဖြည်းဖြည်း ဆင်းနေ၏။ ရက်ဂျီနာသည် ထိုရပ်ကွက်ကို တစ်ခါမျှ မရောက်ဖူးသဖြင့် သူစိမ်းပြင်ပြင် ကြည့်နေ၏။

အဖျော်ယမကာ ဆိုင်ထဲတွင် သောက်သုံးနေသူ အနည်းငယ်မျှသာ တွေ့ရ၏။ ထိုအထဲ၌ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ နေရာအနှံ့အပြားတွင် တွေ့ရတတ်သော ကမ္ဘာလှည့်ခရီးသည်များကိုလည်း အနည်းငယ်တွေ့ရ၏။ သူတို့သည် အစားအသောက်ထက် ဘီယာကို ခံ့ခံ့မင်မင်သောက်နေကြ၏။ ဒိုင်းလ်နှင့် ရက်ဂျီနာတို့သည် ကောင်တာနောက်တွင် ရပ်နေသည့် ခန္ဓာကိုယ်ထွားကျိုင်းသော ဆိုင်ရှင်နှင့်တူသည့် မိန်းမကြီးရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားလေသည်။

သို့နှင့် ဒိုင်းလ်သည် ထိုမိန်းမကြီးအား . . .





''ကျွန်တော်တို့ မွန်ဆီယာအော်ဂတ်စတပ်ကို တွေ့ချင်လို့ပါ။ သူ ရှိမယ့်နေရာကို တဆိတ်ညွှန်ပြပါ''ဟု ပြောလိုက်၏။

မိန်းမကြီးသည် အရောင်းအဝယ်မကောင်းသဖြင့် စိတ်ပျက်နေသည့် အမူအရာ ရှိနေသဖြင့် ဒိုင်းလ်သည် မိန်းမကြီးရှေ့သို့ ဖရန့်ငွေအကြွေတစ်ဆုပ် ချပေးလိုက်ရာ စားပွဲတစ်လုံးတွင် ဘီယာစုပ်နေသော ဦးခေါင်းပြောင်ပြောင် လူကြီးတစ်ယောက်အား မေးငေါ့ပြတော့၏။ ထိုအခါ ဒိုင်းလ်နှင့် ရက်ဂျီနာတို့သည် ထိုသူရှိရာသို့ ရောက်သွားကြပြန်လေသည်။

မွန်ဆီယာအော်ဂတ်စတပ် သူ၏ဘီယာမတ်ခွက်ကြီး ကုန်သည်အထိ မော့သောက်နေသည်ကို ဒိုင်းလ်နှင့် ရက်ဂျီနာတို့သည် စိတ်ရှည်ရှည် စောင့်နေကြ၏။ သူသည် မတ်ခွက်ကြီးကို စားပွဲပေါ်သို့ ဒေါင်ခနဲ အသံမြည်အောင် ချလိုက်ပြီးလျှင် ထိုလက်ဖြင့်ပင် သူ၏နှုတ်ခမ်းမွေးတို့၌ ပေကျံနေသော ဘီယာအမြှုပ်များကို သုတ်လျက်ရှိနေ၏။ ထို့နောက်မှ သူ၏နံဘေးတွင် လာရပ်နေသည့် ဒိုင်းလ်နှင့် ရက်ဂျီနာတို့ကို မော့ကြည့်လိုက်၏။

ဒိုင်းလ်သည် အရိုအသေပေးလျက် . . .

''ခင်ဗျာ မွန်စီယာဖလ်လစ်ကို တွေ့ပါသလား''

ထိုလူကြီးသည် ဒိုင်းလ်နှင့် ရက်ဂျီနာတို့အား ကြည့်လိုက်ရာ ရက်ဂျီနာကလည်း ဦးခေါင်းကိုညိတ်၍ အရိုအသေပြုပြန်ပြလိုက်၏။

''အင်း. . . လွန်ခဲ့တဲ့ ငါးမိနစ်လောက်ကတော့ တွေ့လိုက်တယ်။ သူ ဘာတွေလာဝယ်မှန်းတော့ မသိဘူး''

ဒိုင်းလ်က စိတ်စောလျက် . . .

''အခု သူ ဘယ်ထွက်သွားပါသလဲ ခင်ဗျာ''

ထိုလူကြီးက ပခုံးတွန့်လျက် . . .

''ဒါတော့ ကျုပ်မသိဘူး''

''သူ ဘယ်မှာနေသလဲ။ သူနေတဲ့နေရာကို သိပါသလား''

နှုတ်ဖြင့်မေးနေသမျှ ထူးခြားမည်မဟုတ်ကြောင်း ရိပ်မိလာသောအခါ ဒိုင်းလ်သည် သူ၏အိတ်ထဲမှ ဖရန့်ငွေတစ်ရာတန်တစ်ရွက်ကို ထုတ်ကာ ထိုလူကြီးရှေ့သို့ ပစ်ချလိုက်သောအခါမှ လူကြီးသည် မျက်နှာဝင်း[illegible]ပြီးလျှင် ဦးခေါင်းကိုမော့ကာ မည်သို့မည်ပုံ သွားရမည်များကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မိုင်ပေါင်းများစွာသော ခရီးဝေးသဲကန္တာရကြီးကို ဖြတ်ကျော်၍ အိုအေစစ်ခေါ် ရေအိုင်ကို တွေ့လုနီးပြီးဖြစ်သောကြောင့် ဒိုင်းလ်နှင့် ရက်ဂျီနာတို့သည် ထိုလူကြီး ညွှန်ပြသည့်အတိုင်း စိတ်ရှည်လက်ရှည် အပြေးသွားကြတော့၏။

မက်ထရိုဘူတာရုံ လက်မှတ်ပေါက်သို့ သူတို့ ရောက်လာကြသဖြင့် ပလက်ဖောင်းလက်မှတ်နှစ်စောင်ကိုဝယ်ကာ ဘူတာလှေကားအတိုင်း ဆင်းသွားကြတော့၏။ ထိုမှတစ်ဆင့် လက်ယာလက်သို့ စကြံအတိုင်း လျှောက်သွားကြ၏။ နောက်ဆုံး၌ မွန်ဆီယာအော်ဂတ်စတပ် ညွှန်လိုက်သည့်အတိုင်း လမ်းဆုံးသို့ ရောက်သာအခါ ''မဒမ်အန်နီ''ကို တိုက်တိုက်ဆိုင်ဆိုင်ပင် တွေ့ကြရတော့၏။ မဒမ်အန်နီမှာ မွန်စီယာဖလ်လင်၏ ညီမဖြစ်၏။

အမျိုးသမီးသည် ခွေးခြေငယ်တစ်လုံးပေါ်ထိုင်ကာ ငိုက်၍နေ၏။ တစ်ပတ်ရစ်အဝတ်အစားများကို မသေမသပ်ဝတ်ထားပြီးလျှင် နိုင်ငံကူ ဦးထုပ်ကလေးတစ်လုံးကိုလည်း ဆောင်းထားသေး၏။ ဒိုင်းလ်က ဖလ်လင် အကြောင်းကိုမေးသောအခါ အမျိုးသမီးသည် ဒိုင်းလ်နှင့် ရက်ဂျီနာတို့အား မယုံကြည်သည့်မျက်နှာဖြင့် မော့၍ကြည့်နေလေသည်။

အမျိုးသမီးက ''ဘာလဲ... မင်းတို့ဆီကများ သူက ငွေချေးထားတာ ရှိလို့လား''

''ဟင့်အင်း ... မဟုတ်ပါဘူး''

ဒိုင်းလ်က ပျာပျာသလဲ ဖြေသော်လည်း အမျိုးသမီးသည် ယုံကြည်ဟန်မရှိချေ။

''မင်းတို့ ရစရာရှိလို့ သွားတောင်းလည်း သူ့မှာ ပေးစရာမရှိပါဘူးလေ၊ ဒီကောင်(ဖလ်လစ်)မှာ ပိုက်ဆံတစ်ပြားတောင် ရှိမှာမဟုတ်ဘူး။ သူ့မှာရှိသမျှ ပိုက်ဆံတွေကို ဘာမဟုတ်တဲ့ စက္ကူစုတ် တံဆိပ်ခေါင်းအဟောင်းကလေးတွေ ဝယ်လိုက်လို့ ကုန်ပြီလေ... ''

''အဲ... ဟုတ်ပြီ... ဟုတ်ပြီ၊ ကျွန်တော်တို့ သူ့ဆီက အဲဒီ တံဆိပ်ခေါင်းတွေ ပြန်ဝယ်ချင်လို့ပါ''

ဒိုင်းလ်သည် စိတ်အားထက်သန်စွာပြောရင်း အမျိုးသမီး၏လက်ထဲသို့ ဖရန့်ငွေတစ်ရာတန်တစ်ရွက်ကို ထည့်လိုက်သောအခါမှ...





''ရှေ့ကို ဆက်လျှောက်သွားပါ။ စိန့်ပါယီယာလမ်းကို တွေ့ပါလိမ့်မယ်၊ တိုက်နံပါတ်ဆယ့်လေး အပေါ်ဆုံးထပ် ညာဘက်အခန်းမှာ သူနေတယ်။ သူ ရှိပါလိမ့်မယ်''ဟု ပြောတော့၏။

အမျိုးသမီး၏ အဖြေဆုံးသည်နှင့် တစ်ပြိုင်နက် အမေရိကန်လူမျိုးများဖြစ်သော ဒိုင်းလ်နှင့် ရက်ဂျီနာတို့နှစ်ယောက် ကတိုက်ကရိုက် ထွက်သွားသည်ကို အမျိုးသမီးမှာ ငေးမော၍ ကျန်ရစ်ခဲ့လေသည်။

ဘူတာရုံပရဝဏ်ကျော်လျှင် စိန့်ပါယီယာလမ်းသို့ ရောက်သွားရာ တိုက်နံပါတ်ဆယ့်လေးကို အလွယ်တကူပင် ရှာ၍တွေ့ကြ၏။ ခြောက်ထပ်တိုက်ဖြစ်သဖြင့် သူတို့သည် အပေါ်ဆုံးထပ်သို့ ရောက်သည်အထိ အမောတကော တက်လာခဲ့ကြ၏။ ဆင်းရဲသားများ စုပေါင်းနေထိုင်သည့် ရပ်ကွက်ဖြစ်သောကြောင့် အနံ့အသက် မကောင်းလှချေ။ အလှအပပြင်ဆင်မှုများလည်း မရှိ၊ အလုံးစုံခြုံ၍ကြည့်သော် ညစ်ထပ်ထပ်ရှိနေ၏။

အပေါ်ဆုံးထပ်သို့ ရောက်သောအခါ နှစ်ယောက်စလုံး အတော်မောပန်းလျက် ရှိနေကြ၏။ သူတို့ တက်လာခဲ့ကြသည့် လှေကားထစ်များမှာ တစ်ရာကျော်ခန့် ရှိပေမည်။ ဒိုင်းလ်က ဖေးမတွဲခေါ်သဖြင့်သာ ရက်ဂျီနာမှာ အားတင်း၍ လိုက်လာရသော်လည်း အလွန်ပင် မောပန်းလျက် ရှိနေ၏။

အပေါ်ဆုံးထပ်၏တံခါးကို ပိတ်လျက်သား တွေ့ကြရ၏။ ဒိုင်းလ်သည် ရောက်မဆိုက်ပင် တံခါးကို ခေါက်လိုက်၏။ အတန်ကြာသည့်တိုင် အတွင်းမှ တစ်စုံတစ်ရာ ပြန်၍ထူးသံ မကြားရသော် ဒိုင်းလ်သည် တံခါးကို ခပ်ပြင်းပြင်း တစ်ဖန် ထပ်၍ခေါက်လိုက်ပြန်၏။

ထိုအခါ အတွင်းမှ ယောကျ်ားသံတစ်သံက...

''တံခါးခေါက်မနေနဲ့ ဖွင့်ဝင်ခဲ့''ဟု ခပ်ဆတ်ဆတ် အသံကို ကြားကြရတော့၏။

သို့နှင့် ဒိုင်းလ်သည် တံခါးလက်ကိုင်ဘုကို လှည့်၍ဖွင့်လိုက်ပြီးလျှင် ရက်ဂျီနာကိုပင် မစောင့်တော့ဘဲ အထဲသို့ ဝင်သွားရာ ရက်ဂျီနာမှာ ၎င်းနောက်မှ လိုက်သွားရတော့၏။

အခန်းကျဉ်းကလေးထဲတွင် ရှေ့၌ မည်သည့်အရာ ရှိသည်ကို သိရန် စိတ်စောနေသဖြင့် ရက်ဂျီနာသည် မြင့်မားသော ဒိုင်းလ်၏နောက်ကျော်၍ မြင်နိုင်စေရန် ခြေဖျားထောက်ကာ ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းကလေးမှာ ကျဉ်းမြောင်းသည့်ပြင် အမိုးကလည်း နိမ့်၍ လေဝင်ပေါက်ဟူ၍ မရှိချေ။ အခန်းထောင့်တွင် ဖြစ်သလို ပြုလုပ်ထားသည့် ကွပ်ပျစ်ငယ်တစ်လုံးတွင် အိပ်ရာခင်းထား၏။ ကွပ်ပြစ်ရှေ့တွင် ကုလားထိုင် တစ်လုံးသာရှိ၏။ စားပွဲပေါ်တွင်မူ ဓာတ်ပုံကပ်သည့် အယ်လ်ဘန်များ ပွင့်လျက် ဖရိုဖရဲ ပြန့်ကြဲနေ၏။ သို့သော် အယ်လ်ဘန်၌ ကပ်ထားသည်များမှာ ဓာတ်ပုံများမဟုတ်ဘဲ တံဆိပ်ခေါင်းများသာ ဖြစ်လေသည်။

ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်နေသော မွန်စီယာဖလ်လစ်သည် ဂျင်းလူးဝစ်ကလေး ပြောသကဲ့သို့ပင် ကိုယ်ခန္ဓာ ကြုံလှီသောကြောင့် အရပ် ပို၍ရှည်သည်ဟု ထင်ရ၏။ မျက်နှာမှာ ပြုပြင်ခြင်းမရှိသဖြင့် အမွေးအမျှင်များ ရှိနေ၏။ အလွန်ရှည်သော မုတ်ဆိတ်မွေးများလည်း ရှိ၏။ ပါးစပ်ဟလိုက် သောအခါ စိုက်ထားသည့် ရွှေသွားများကို မြင်ရ၏။

သူသည် ဝါကျင့်ကျင့် အရောင်သမ်းနေသည့် စီးကရက်တစ်လိပ် ကို မီးညှိသောက်ရင်း မမျှော်လင့်ဘဲရောက်လာသော ဧည့်သည် ယောကျ်ား နှင့်မိန်းမကို စူးစူးစိုက်စိုက် ကြည့်လျက်ရှိနေ၏။ သုံးယောက်စလုံးပင် မည်သူမျှ စကားမပြောကြသေးပဲ ငြိမ်သက်လျက် ရှိနေကြ၏။

ထိုစဉ် ဒိုင်းလ်က စတင်၍...

“ကျွန်တော်တို့ ဘာ့ကြောင့် ဒီကို ရောက်လာရတယ်ဆိုတာတော့ မွန်စီယာဖလ်လစ် သိပြီးရောပေါ့”ဟု ပြောလိုက်ရာ ဖလ်လစ်သည် သက်ပြင်း တစ်ချက်ချပြီးနောက် ဦးခေါင်းကို ညိတ်ပြလေသည်။

“ဂျင်းလူးဝစ်ကလေးဟာ ဒီပစ္စည်းတွေကို ဘာမသိညာမသိနဲ့ ရောင်းလိုက်တာပါ”

ရက်ဂျီနာကလည်း တောင်းပန်တိုးလျှိုးသော မျက်နှာနှင့် အသံနေ အသံထားကို ထိန်း၍ပြော၏။ ဖလ်လစ်သည် နောက်တစ်ကြိမ် ဦးခေါင်းကို ထပ်၍ညိတ်ပြပြီးလျှင် ...

“ကျွန်တော် ရိပ်မိပါတယ်”

ဒိုင်းလ်က “ကောင်လေးဟာ အဲဒီပစ္စည်းတွေရဲ့ တန်ဖိုးတွေကို လုံးဝမသိရှာပါဘူး”

“အင်း ... ”





ဖလ်လစ်သည် ဤမျှသာ တစ်လုံးတည် ပြောလိုက်၏။ နောက် ထပ် စကားဆက်ရန် မရှိတော့သကဲ့သို့ သုံးယောက်စလုံး ငြိမ်သက်သွားကြ ပြန်၏။ သို့သော် ရက်ဂျီနာနှင့် ဒိုင်းလ်ကမူ ဖလ်လစ်၏အဆုံးအဖြတ်ကို စိတ်သောကအပြည့်ဖြင့် စောင့်ကြည့်နေကြရှာလေသည်။

“လူတစ်ယောက်မှာ ဝါသနာတစ်မျိုးစီ ရှိကြတယ်၊ အဲဒီ ဝါသနာ ကို မစွန့်လွှတ်နိုင်ကြဘူး။ မအောင်မြင်သေးရင် အောင်မြင်အောင် ကြိုးစား ကြတယ်။ ဒါမှ အဲဒီလူဟာ စိတ်ချမ်းသာမယ်။ ဒါဟာ လူ့ဘဝရဲ့ ချမ်းသာ ခြင်း တစ်မျိုးပဲ”

ဖလ်လစ်သည် သူတို့၏ တံဆိပ်ခေါင်းစုခြင်းဝါသနာကို ရည်ညွှန်း ပြောဆိုနေ၏။ ထို့နောက် ဆက်လက်၍...

“ကျုပ်ဆိုရင် ဒီလို တံဆိပ်ခေါင်းမျိုး ကိုင်ကြည့်ဖို့ အခွင့်ကြုံလိမ့် မယ်လို့ ဒီတစ်သက် မထင်ခဲ့ဘူး။ အခုတော့ ကျုပ် ပိုင်ဆိုင်ခွင့်တောင်ရလိုက် ပြီ။ အဲ... ပိုင်ဆိုင်ခွင့်ရပြန်တော့လည်း ဘဝတစ်ခုအတွက် ကျေနပ်မှုတစ်ခု ပြီးပြည့်စုံသွားတဲ့ သဘောပါပဲ”ဟု ပြောပြောဆိုဆို ဖလ်လစ်သည် သူ၏ ခေါင်းအုံးကိုမလိုက်ရာ ခေါင်းအုံးအောက်တွင် ယွန်းသေတ္တာကလေးတစ်လုံးကို တွေ့ရ၏။ သူသည် ထိုယွန်းသေတ္တာကလေးကို ဖွင့်၍ အထဲမှ ထိပ်ပိတ်ဖွင့်ပြီး သော စာအိတ်တစ်လုံးကို ပွန်းပဲ့သွားမည်စိုးသော အမူအရာဖြင့် ရွရွကလေး ကိုင်၍ ထုတ်ယူလိုက်၏။

ရက်ဂျီနာနှင့် ဒိုင်းလ်တို့၏ မျက်လုံးများကလည်း ထိုစာအိတ်ကလေး ကိုသာ စူးစူးစိုက်စိုက် ကြည့်နေကြ၏။ ထို့နောက် ဖလ်လစ်သည် စားပွဲပေါ်တွင် သတင်းစာ အဟောင်းတစ်ရွက်ကို ဖြန့်၍ခင်းလိုက်ပြီးလျှင် စာအိတ်ကို ထို သတင်းစာပေါ်သို့ ချလိုက်ပြီးနောက် စာအိတ်ထဲမှ တံဆိပ်ခေါင်းသုံးလုံးကို ရွရွကလေး ဆွဲထုတ်ကာ သတင်းစာပေါ်တွက် ချ၍ပြ၏။ ဒိုင်းလ်သည် ထို တံဆိပ်ခေါင်းများကို လက်ဖြင့် ကိုင်မကြည့်မိစေရန် သူ၏စိတ်ကို မနည်း ထိန်းထားရ၏။ ရက်ဂျီနာကမူ မင်တက်မိနေလေသည်။

ဖလ်လစ်က ဂုဏ်ယူဝင့်ကြွားလျက် ...

“မင်းတို့ ဘဝတစ်လျှောက်မှာ ဒီလောက်လှတဲ့ တံဆိပ်ခေါင်း မြင်ဖူးမှာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ရက်ဂျီနာမှာ ထိုတံဆိပ်ခေါင်းများကိုကြည့်ရင်း ဖလ်လစ်၏ ညီမ မဒမ်အန်နီပြောသော စကားများကို သွားရှ်သတိရမိ၏။

"အလကားပါ။ ဘာမဟုတ်တဲ့ စက္ကူစုတ် တံဆိပ်ခေါင်းအဟောင်း ကလေးတွေ"

မှန်ပေသည်။ အချို့အချို့သော လူများအတွက် တန်ဖိုးမရှိသော်လည်း သူတို့အတွက်မှာမူ အမှန်ပင် တန်ဖိုးရှိနေသဖြင့် လူ့အသက်များပင် အဆုံးရှုံးခံ၍ လိုက်နေကြရသည်မှာ ထိုတံဆိပ်ခေါင်းများပင် မဟုတ်ပါလော။

"တကယ်တော့ မင်းတို့လည်း ဒီတံဆိပ်ခေါင်းတွေ တန်ဖိုး ဘယ်လောက်ရှိတယ်ဆိုတာလောက်ပဲ ရိပ်မိမယ်။ ဒါပေမဲ့ ဒီတံဆိပ်ခေါင်းတွေရဲ့ အကြောင်းနဲ့ သူတို့ ဘာကြောင့်တန်ဖိုးရှိကြတယ်ဆိုတာ သိမှာမဟုတ်ပါဘူးလေ။ ဟောဒီ အဝါရောင်တံဆိပ်ခေါင်းကလေးက "လေးရှီလင်"တန် ဆွီဒင် တံဆိပ်ခေါင်းကလေးဖြစ်တယ်။ အဲဒီ တံဆိပ်ခေါင်းကလေးကို ၁၈၅၄ ခုနှစ်က စတင်ထုတ်တယ်။ ဆွီဒင်မှာ ပထမဦးဆုံးစထုတ်တဲ့ တံဆိပ်ခေါင်းအမျိုးအစား ပေါ့"

ဒိုင်းလ်က စပ်စုလျက်...

"ဘယ်လောက်များ တန်ဖိုးရှိလို့လဲ"

"ဖရန့်ငွေသန်းခြောက်ဆယ်လောက်တော့ တန်တယ်"

ရက်ဂျီနာက အံ့သြလျက်...

"အမယ်... ဒေါ်လာတစ်သိန်းနှစ်သောင်းတောင် တန်ပါလား ဘာ့ကြောင့်များပါလိမ့်နော်"

ဖလ်လစ်သည် စိတ်ရှည်လက်ရှည် ရှင်းပြလျက်...

"ဒီတံဆိပ်ခေါင်းမှာ အမှားအယွင်းတစ်ခု ပါနေတယ်။ သေသေချာချာ သတိထားကြည့်။ တကယ်တော့ ဒီလေးရှီလင်တန် တံဆိပ်ခေါင်း ကလေးတွေဟာ အစိမ်းရောင်နဲ့ ရိုက်နှိပ်တယ်။ ဒါပေမဲ့ ဘယ်လိုမှ မရှင်းပြနိုင်တဲ့ အကြောင်းကြောင်းကြောင့် တံဆိပ်ခေါင်းလေးလုံးဟာ အဝါရောင်တွေ ဖြစ်လာတယ်။ အဲဒီလေးလုံးပဲ အဝါရောင်ပါတယ်။ ကျန်တာ အစိမ်းရောင်တွေချည်းပဲ။ အဲဒါကြောင့် ဒီတံဆိပ်ခေါင်းအမျိုးအစားတွေဟာ ရှားပါးအမျိုးအစား ဖြစ်လာခဲ့တယ်။ အခု ကျုပ်တို့မြင်ရတဲ့ တံဆိပ်ခေါင်းဟာ အဝါရောင် ရှားပါး တံဆိပ်ခေါင်းလေးလုံးထဲက တစ်လုံးပေါ့"





"နောက်... အပြာရောင် တံဆိပ်ခေါင်းကကော"

ရက်ဂျီနာသည် အပြာရောင်တံဆိပ်ခေါင်းတစ်လုံးကို လက်ညှိုး ထိုး၍ မေးလိုက်၏။

"အဲဒါကတော့ ခင်ဗျားတို့ အမေရိကတိုက် ဟာဝေရီကျွန်းက ထုတ်တာပေါ့။ ၁၈၅၀ ခုနှစ် အမေရိကတိုက်ကို အခု အမေရိကန်လူမျိုးလို့ ခေါ်တဲ့ လူတွေ ရောက်မလာခင်ကတည်းက ထုတ်ခဲ့ဟဲ့ တံဆိပ်ခေါင်းပေါ့။ အချိန် တော်တော်ကိုကြာခဲ့ပြီ။ ဒီတံဆိပ်ခေါင်းကို "ဟာဝေယံဘလူး"လို့ ခေါ်တယ်။ တန်ဖိုးအလိုက် ၉ လုံးပဲထုတ်တယ်။ အခု ခင်ဗျားတို့ မြင်တွေ့နေရတဲ့ တံဆိပ်ခေါင်းရဲ့တန်ဖိုးကတော့ ခြောက်ဆင့်တန်တယ်၊ ၁၈၉၄ ခုနှစ်မှာ ဒီလိုပဲ ဆယ့်သုံးဆင့်တန် ဟာဝေယံဘလူး တံဆိပ်ခေါင်းထုတ်တဲ့ ပိုင်ရှင်ဟာ အသတ်ခံရတယ်။ သတ်သွားတဲ့လူဟာ အဲဒီတံဆိပ်ခေါင်းကိုပဲ ယူသွားတယ်။ ဒါပေမဲ့ ရွှေငွေကျောက်သံပတ္တမြားတွေကို လက်ဖျားနဲ့တောင် မတို့ခဲ့ဘူး။ ဒီတော့ လူသတ်သမားဟာ ဒီလိုပဲ စင်ပြိုင်တံဆိပ်ခေါင်းစုတဲ့ ထဲကပဲလို့ စုံထောက်ဘက်က ကောက်ချက်ချတယ်၊ လိုက်စုံစမ်းတယ်။ ဒါပေမဲ့ အမှုကတော့ လုံးဝမပေါ်ဘူး။ စုံထောက်တစ်ယောက်ကတော့ သူ့ကိုယ်တိုင် သုံးနှစ်လုံးလုံး တံဆိပ်ခေါင်းစုတဲ့ လူတစ်ယောက်အဖြစ် တခြားဘာမှမလုပ်ဘဲ စုံစမ်းတယ်။ တံဆိပ်ခေါင်းစုတဲ့ လူတွေနဲ့ ပေါင်းသင်းတယ်၊ အရောင်းအဝယ်လုပ်တယ်။ တံဆိပ်ခေါင်းစုတဲ့လူရဲ့ သာယာမှုဟာ ဒီတံဆိပ်ခေါင်းပေါ်မှာသာ ရှိတာမဟုတ်လား။ သူတို့စုလို့ရသမျှ တံဆိပ်ခေါင်းတွေကို ကိုယ်နဲ့ ဝါသနာတူတဲ့လူတွေကို ထုတ်ပြပြီး ပီတိဖြစ်ကြရတာ မဟုတ်လား။ ဒီတော့ လူသတ်သမားဟာ စုံထောက်ကို သူ့ရဲ့ ဟာဝေယံဘလူး ဆယ့်သုံးဆင့်တန် တံဆိပ်ခေါင်းကို ထုတ်ပြမိတာနဲ့ လူလည်း အသတ်ခံရတယ်။ နောက်ဆုံး အဲဒီလူသတ်မှုလည်းပေါ်ပြီ၊ လူသတ်သမားဟာ အစိုးရရဲ့ ခေါင်းဖြတ်စက်နဲ့ အသတ်ခံသွားရတယ်"

ရက်ဂျီနာမှာ ဟာဝေယံဘလူးတံဆိပ်ခေါင်း ရာဇဝင်ကို စိတ်ဝင်စားလျက်ရှိနေ၏။ ဒိုင်းလ်ကမူ ယင်းတံဆိပ်ခေါင်း၏ တန်ဖိုးကိုသိလိုလှ၏။

"ဒီတံဆိပ်ခေါင်းရဲ့တန်ဖိုးကို လူ့ဘဝနဲ့ တိုင်းတာရမှာလား။ ဒါမှ မဟုတ် လောဘသဏ္ဍာယနဲ့ တိုင်းတာရမှာလား။ စွန့်စားရတဲ့ အန္တရာယ်နဲ့ တိုင်းတာရမှာလား၊ ခံစားရတဲ့ဒုက္ခဝေဒနာနဲ့ တိုင်းတာရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ဖလ်လစ်သည် သူ၏မျက်လုံးများကို မှိတ်ထားပြီးလျှင် တစ်စုံတစ်ခုကို နက်နဲစွာ စဉ်းစားရင်းမှ ရေရွတ်နေ၏။

ဒိုင်းလ်က "ငွေရဲ့တန်ဖိုးကို မေးတာပါ"

သို့နှင့် ဖလ်လစ်သည် မျက်လုံးများပွင့်လာကာ . . .

"ဆွီဒင်တံဆိပ်ခေါင်းလောက်တော့ တန်ဖိုးမကြီးပါဘူး။ ဖရန့်ငွေသန်းငါးဆယ်တော့ တန်ပါလိမ့်မယ်။ အမေရိကန်ဒေါ်လာနဲ့ဆိုရင်တော့ တစ်သိန်းလောက် တန်မှာပေါ့"

ရက်ဂျီနာမှာ အံ့ဩလျက် ရှိနေတော့၏။ ဤမျှလောက် တန်ဖိုးကြီးသော တံဆိပ်ခေါင်းများကို မည်သည့်အခါကမျှ မတွေ့ဖူးမကြားဖူးခဲ့ချေ။

ရက်ဂျီနာက ဆန္ဒစောလျက် . . .

"နောက်ဆုံးတစ်လုံးကကောရှင်"

သို့ပြောရင်း ရက်ဂျီနာသည် နောက်ဆုံး တံဆိပ်ခေါင်း နီနီရဲရဲကလေးကို လက်ညှိုးထိုးပြလိုက်၏။

"ကျွန်တော်တို့ တံဆိပ်ခေါင်း ဂျပိုးလောကမှာတော့ အဲဒီတံဆိပ်ခေါင်းကို "ဂေဇက်ဂိုင်ယင်နီ"လို့ ခေါ်ကြတယ်။ ဗြိတိသျှဂီယန်နာကထုတ်တဲ့ သုံးပဲနီတန် တံဆိပ်ခေါင်းကလေးပေါ့။ ဒီတံဆိပ်ခေါင်းကလေးကို သေသေချာချာကြည့်။ အရောင်စက္ကူပေါ်မှာ လက်နဲ့ ပုံနှိပ်ထားတယ်။ စက်နဲ့ပုံနှိပ်တာမဟုတ်ဘူး။ ၁၈၅၂ ခုနှစ် ပတ်ဝန်းကျင်လောက်က ထုတ်တာပေါ့။ အဲဒီတံဆိပ်ခေါင်းကို အတုလုပ်မှာစိုးလို့ တံဆိပ်ခေါင်း ရိုက်နှိပ်တဲ့လူရဲ့ လက်မှတ်အတိုကောက်ကို တံဆိပ်ခေါင်းထောင့်မှာ ရေးထိုးထားတယ်"

ဖလ်လစ်သည် မှန်ဘီလူးကိုယူ၍ တံဆိပ်ခေါင်းကို အသေအချာထပ်မံကြည့်ရှုပြန်၏။ သူပြောသည့်အတိုင်း တံဆိပ်ခေါင်းပေါ်တွင် လက်မှတ်တိုကလေးတစ်ခု တွေ့ရသောအခါမှ ပို၍ စိတ်ချသွားတော့၏။ ထို့နောက်ဆက်လက်၍ . . .

"ဒီကနေ့ ပေါက်ဈေးနဲ့ဆိုရင်တော့ ဒီတံဆိပ်ခေါင်းကလေးဟာ အမေရိကန်ဒေါ်လာနဲ့ဆိုရင် တစ်သိန်းခုနစ်သောင်းငါးထောင်လောက်တန်တယ်"ဟု ပြောကာ သဘောကျစွာ ရယ်မောနေ၏။

ဒိုင်းလ်နှင့် ရက်ဂျီနာတို့ နှစ်ယောက်မှာ သူပြောသည့် စကားများကို မင်တက်မိနေကြ၏။ မည်သို့မျှ စကားမဆက်ဘဲ ငြိမ်သက်လျက်ရှိနေကြ၏။





နောက်ဆုံး၌ ဖလ်လစ်သည် တစ်ခွန်းတည်းသော စကားကိုသာ ပြောလိုက်၏။

"ကိုင်း . . . ဒီတံဆိပ်ခေါင်းတွေကို ယူသွားကြပေတော့"

သတိပြန်ဝင်လာသော ဒိုင်းလ်က ထိုတံဆိပ်ခေါင်းများ ထည့်ထားသည့် စာအိတ်ကို ကောက်ယူလိုက်၏။ ယခုသူ၏လက်ထဲတွင် စစ်အတွင်းက ပျောက်ဆုံးသွားခဲ့သော ဒေါ်လာလေးသိန်းတန် ရွှေချောင်းများ၏ တန်ဖိုးနှင့်ညီမျှသော တံဆိပ်ခေါင်းများကို ရချေပြီ။ မိမိအဖြစ်ကိုပင် မိမိ မယုံကြည်နိုင်သကဲ့သို့ဖြစ်ကာ ဤကဲ့သို့ လွယ်လွယ်ကူကူရသည်ကိုပင် အံ့ဩ၍ မဆုံးနိုင်အောင်ပင် ရှိတော့၏။

တန်ဖိုးမသိသူများ လက်ထဲတွင် ဤတံဆိပ်ခေါင်းများမှာ စက္ကူစုတ်မျှသာ ဖြစ်မည်။ ယခုသော် ယင်းတံဆိပ်ခေါင်းတို့၏ တန်ဖိုးမှာ ဒေါ်လာလေးသိန်းတန်နေပေပြီ။ တံဆိပ်ခေါင်းများကို ကိုင်ထားသည့် ဒိုင်းလ်၏လက်များပင် တုန်တုန်ယင်ယင် ဖြစ်နေတော့၏။

ဖလ်လစ်က ဒိုင်းလ်၏အဖြစ်ကို ရိပ်မိသဖြင့် သဘောကျစွာ ပြုံးလျက် . . .

"ကျုပ် ဒီတံဆိပ်ခေါင်းတွေအတွက် ဂျင်းလူးဝစ်ကို ဖရန့်ငွေနှစ်သောင်းပေးခဲ့ရတယ်"

"ဟာ . . . ဟုတ်ပါရဲ့"

ဒိုင်းလ်က ယခုမှ သတိပြန်ရသကဲ့သို့ ဖြစ်လာတော့၏။ သို့နှင့် ဒိုင်းလ်သည် သူ၏အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်ပြီးလျှင် ပါသမျှ ငွေစက္ကူအားလုံးကို မရေမတွက်ဘဲ ဖလ်လစ်၏လက်ထဲသို့ ထိုးထည့်လိုက်၏။ ဖလ်လစ်ကမူ ယင်းငွေများကို ရေတွက်ပြီးလျှင် ဖရန့်ငွေနှစ်သောင်းတိတိကိုသာ ယူထားကာ ကျန်ငွေများကို ဒိုင်းလ်ထံသို့ ပြန်၍ ပေးလိုက်လေသည်။

"ကျွန်တော်ဟာ တံဆိပ်ခေါင်းကို ချစ်တတ်သူ မြတ်နိုးတတ်သူတစ်ယောက်ပါ။ အမြတ်အစွန်းကို ရည်ရွယ်ပြီး တံဆိပ်ခေါင်း အရောင်းအဝယ်လုပ်တဲ့သူ မဟုတ်ပါဘူး။ အခု ဒီတံဆိပ်ခေါင်းတွေကို ကျုပ် မြင်ဖူးတွေ့ဖူး ကိုင်ဖူး၊ ပိုင်ဆိုင်ဖူးပြီဆိုတော့ ကျုပ်ဘဝကို ကျုပ် ကျေနပ်သွားပါပြီ။ သက်ဆိုင်ရာ ပိုင်ရှင်တွေဆီ ပြန်ရောက်သွားရင် ကျုပ်အတွက် အနှစ်သာရ ကောင်းတာပါပဲ"

ဖလ်လစ်အတွက် ရက်ဂျီနာ ဝမ်းနည်းသွားမိ၏။ စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်သွား၏။ ရက်ဂျီနာ တံခါးဝသို့ရောက်သည့်တိုင်အောင် ဒိုင်းလ် လိုက်မလာသေးချေ။ ဖလ်လစ်နှင့် စကားကောင်းနေဟန် တူ၏။ ဒိုင်းလ်သည် သူ၏လက်ထဲမှ စက္ကူစုတ်ကလေးများကို မမြင်ဖူးသည့် အရာကဲ့သို့ ကြည့်နေတော့၏။

"အင်း... စက္ကူအပိုင်းအစကလေး သုံးခု၊ တန်ဖိုးက ဒေါ်လာ လေးသိန်း။ လူသုံးယောက်လည်း အသတ်ခံလိုက်ရပြီ။ နောက်ထပ် ဘယ်နှစ်ယောက် သေဦးမယ်ဆိုတာ မသိသလို ချားလ်(စ်)လင်းဘတ် မသေခင်ကလည်း ဒီတံဆိပ်ခေါင်းကလေးတွေအတွက် လူဘယ်နှစ်ယောက် အသက်စွန့်ခဲ့ရတယ်ဆိုတာ မသိဘူး"

ရက်ဂျီနာက ဒိုင်းလ်၏စကားကို သဘောတူကြောင်း ဦးခေါင်းကို ညိတ်ပြလိုက်၏။

"ချားလ်(စ်)လင်းဘတ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာလည်း အတော်ပါးနပ်တဲ့လူ၊ အတော်စိတ်ကူးညဏ်ကောင်းတဲ့လူပါကလား။ သူ့စာအိတ်ထဲမှာ တံဆိပ်ခေါင်း အဟောင်းကလေးတွေနဲ့အတူ စာတစ်စောင်လည်း ထည့်ထားခဲ့တယ်။ စာအိတ်တွေ့တဲ့လူဟာ စာကိုပဲ စိတ်ဝင်စားကြမယ်။ တံဆိပ်ခေါင်းကိုတော့ သတိထားမိကြမှာ မဟုတ်ဘူး။ ကျွန်တော်တို့တစ်တွေလည်း တံဆိပ်ခေါင်းပေါင်းများစွာကို တွေ့ဖူးမြင်ဖူးကြပါတယ်။ ဒါပေမဲ့ ဘယ်တော့မှ ဂရုတစိုက် မကြည့်မိဘူး။ တန်ဖိုးဆိုတာကလည်း တံဆိပ်ခေါင်းပေါ် ရိုက်နှိပ်ထားတဲ့ တန်ဖိုးလောက်ပဲ အသိအမှတ်ပြုကြတယ်နော်"

သို့နှင့် တံခါးဝသို့ ဒိုင်းလ်ရောက်လာ၏။ ပြန်ခွင့်ပြုရန် သူတို့က ဖလ်လစ်အား ခွင့်တောင်းသောအခါ ဖလ်လစ်က သဘောတူကြောင်း အမူအရာသာ ပြလိုက်ပြီးနောက် အခြားတံဆိပ်ခေါင်းများနှင့် အလုပ်ရှုပ်လျက် ရှိနေတော့၏။

နောက်ဆုံး၌ ဒိုင်းလ်နှင့် ရက်ဂျီနာတို့သည် တံခါးဖွင့်၍ အခန်းပြင်ဘက်သို့ ထွက်လိုက်ကြ၏။ အပြင်ဘက်စင်္ကြံ၌ကား ဂစ်ဒီယွန်။ သူ၏လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်ကား ဒသမ ၄၅ သေနတ် တစ်လက်ဖြစ်တော့၏။

## အခန်း ၄၄

ဂစ်ဒီယွန်က အေးစက်မာကြောသောလေသံဖြင့်...

"အို... ဒေါ်လာလေးသိန်းတန် တံဆိပ်ခေါင်းတွေလား။ ကျုပ်တို့ လိုက်ရှာနေတဲ့ ဒေါ်လာလေးသိန်းဟာ တံဆိပ်ခေါင်းတွေအဖြစ် ပြောင်းလဲ သွားပြီလား"

ဒိုင်းလ်သည် သူ့အားချိန်ထားသော ဂစ်ဒီယွန်၏လက်ထဲမှ သေနတ်ပြောင်းကြီးကိုသာ စူးစူးစိုက်စိုက်ကြည့်ရှုလျက် ရှိနေတော့၏။ သေနတ်မှာ ပြောင်းရှည်အမျိုးအစားဖြစ်၍ ကိုင်ထားပုံမှာလည်း ကျွမ်းကျင်လိမ္မာလှ၏။ မိမိကိုယ်ကို တစ်ချက်လှုပ်လိုက်ပါက ခန္ဓာကိုယ်ထဲသို့ ကျည်ဆန်များ ဝုန်းဝင်လာနိုင်၏။ ဂစ်ဒီယွန်သည်လည်း သေနတ်ပစ်ကျွမ်းကျင်သည့် စစ်သားဟောင်းကြီးတစ်ဦး မဟုတ်ပါလော။ ဒိုင်းလ်မှာ တစ်စုံတစ်ရာ ပြုလုပ်ရတော့မည်ကို သိသဖြင့် နိဒါန်းပျိုးသည့်အနေဖြင့်...

"ဟုတ်တယ်။ ကျုပ်တို့လိုက်ရှာနေတဲ့ ဒေါ်လာလေးသိန်းဟာ တံဆိပ်ခေါင်းသုံးလုံးအဖြစ် ပြောင်းလဲသွားပြီ။ အခု ကျုပ်တို့သုံးယောက်ထဲ ကျွန်တော့တယ်ဆိုတော့ တစ်ယောက်တစ်လုံးစီ ဝေယူကြရုံပေါ့"ဟု ပြောလိုက်၏။

"ဟင့်အင်း... အခုမှတော့ ဒီလိုဝေယူဖို့ ကျုပ် သဘောမတူတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဂစ်ဒီယွန်က အောင်နိုင်သူတို့၏ အပြုံးမျိုးဖြင့်ပြုံးလျက် ပြော လိုက်၏။ ထို့နောက် သူ၏ညာဘက်လက်တွင် ကိုင်ထားသည့် သေနတ်ကို ငွေ့ယမ်းလိုက်ပြီးလျှင် ဘယ်ဘက်လက်ကို ဖြန့်လိုက်၏။

ဒိုင်းလ်သည် သူ၏နံဘေးတွင်ရှိသော ရက်ဂျီနာအား လှည့်ကြည့် လိုက်၏။ ရက်ဂျီနာကမူ ထိုတံဆိပ်ခေါင်းများအတွက် အသေခံလိုစိတ် ရှိနေ ဟန် မတူသည်ကို ဒိုင်းလ် အသေအချာသိ၏။ အမှန်လည်း ရက်ဂျီနာ ကိုယ်တိုင် ယနေ့ငွေများကို စိတ်ဝင်စားဟန် မတူချေ။

သို့နှင့် ဒိုင်းလ်သည် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် တံဆိပ်ခေါင်း များပါသော စာအိတ်ကို ဖြန့်ထားသော ဂစ်ဒီယွန်၏လက်ထဲသို့ ထည့်ပေး လိုက်၏။ ဂစ်ဒီယွန်သည် သူ၏လက်ထဲသို့ ရောက်လာသော လေးသိန်းတန် တံဆိပ်ခေါင်းများကို စက္ကန့်ပိုင်းလောက်မျှသာ ငုံ့ကြည့်လိုက်၏။ အမှန်သော် ထိုစက္ကန့်ပိုင်းသည် ဒိုင်းလ်အတွက် လုံလောက်သောအချိန် အခွင့်အရေး တစ်ခုဖြစ်၏။ ထိုစက္ကန့်ပိုင်း၌ပင် ဒိုင်းလ်သည် တံဆိပ်ခေါင်းများ ထုတ်ပေး လိုက်သည့် လက်နှင့်ပင် ဂစ်ဒီယွန်၏မျက်နှာကို လက်ပြန်ရိုက်လိုက်ရာ ဂစ်ဒီယွန်၏နှာခေါင်းပေါ်မှ ဝင်းလက်နေသည့် မျက်မှန်သည် နံဘေးသို့ အတန်ငယ်စောင်းသွား၏။ ရုတ်တရက် ဖြစ်သဖြင့် သတိလစ်သွားသော ဂစ်ဒီယွန်က သူ၏မျက်မှန် လွင့်ကျမသွားစေရန် လက်နှင့် ဖမ်းကိုင်လိုက် ပြီးနောက် နေရာမှန်တွင် အသင့်ပြန်ပြင်တပ်လိုက်၏။ အားလုံး စက္ကန့်ပိုင်းသာ ကြာသည်မှန်သော်လည်း အခြေအနေက တစ်မျိုးပြောင်းသွား၏။ ဂစ်ဒီယွန်၏ ပြောင်းရှည်သေနတ်မည်းကြီးမှာ ဒိုင်းလ်၏လက်ထဲသို့ ရောက်သွားတော့၏။

"ကိုင်း. . . ကိုယ့်အလှည့်မှာတော့ ခါးမန္တဲ့စတမ်းဘဲ ဂစ်ဒီယွန်ရေ"

ဒိုင်းလ်သည် သူ၏လက်ထဲသို့ ရောက်နေသည့် သေနတ်ပြောင်းထိပ်ကို ဂစ်ဒီယွန်ဘက်သို့ လှည့်၍ပြောလိုက်၏။ ထို့နောက် ဂစ်ဒီယွန်လက်ထဲမှ တံဆိပ်ခေါင်းများကို အမူအရာနှင့် တောင်းလိုက်၏။

သို့သော် ဂစ်ဒီယွန်သည် ဒိုင်းလ် ဘာတွေပြောနေသည်ကို နား မလည်တဲ့ သူ၏တစ်ကိုယ်လုံးမှာ အဖျားတက်သကဲ့သို့ တုန်ယင်လျက် လက်ထဲ တွင် ရှိသည့် တံဆိပ်ခေါင်းများကိုသာ အငမ်းမရကြည့်နေတော့၏။ ထို့နောက် ကျစ်ကျစ်ပါအောင် ဆုပ်၊ သူ့ဘဝတစ်လျှောက် အနစ်နာအဆုံးရှုံးခံကာ သက်စွန့်ဆံဖျား လိုက်ရှာနေသော ဒေါ်လာလေးသိန်း သူ့လက်ထဲသို့ ရောက်





ချေပြီ။ သူ့အား ဒိုင်းလ်က သေနတ်ဖြင့် ချိန်ထားသည်ကိုပင် သူ သတိမရ နိုင်လောက်အောင် ရှိနေတော့၏။

ဂစ်ဒီယွန်၏မျက်နှာ ပြန်မော့လာ၏။ သူ့ကိုယ်သူ သတိဖြင့် ထိန်း ချုပ်၏။ သို့သော် သူ၏စိတ် အလွန်လှုပ်ရှားနေသည်မှာတော့ သိသာလှ၏။ ဂစ်ဒီယွန် မည်သို့ဆက်လုပ်မည်ကို မသိသော ဒိုင်းလ်သည် သူကိုယ်တိုင် လည်း မည်သို့ဆက်လုပ်ရမည်မသိ ဖြစ်နေတော့၏။ ဂစ်ဒီယွန်သည် တံဆိပ် ခေါင်းများကို လက်ဖြန့်တောင်းနေသော ဒိုင်းလ်အား မချိပြုံး ပြုံး၍ပြလိုက် လေသည်။

ဂစ်ဒီယွန်သည် ဒိုင်းလ်အား လုံးဝဂရုမစိုက်သည့်ဟန်ဖြင့် . . .

"တံဆိပ်ခေါင်းတွေဟာ ခင်ဗျားနဲ့လုံးဝမဆိုင်လို့ ခင်ဗျားကို ပေးခရာ မလိုဘူး။ ခင်ဗျားဟာ ဒီဒေါ်လာလေးသိန်းအတွက် ကျုပ်မိတ်ဆွေ သုံးယောက် ကိုလည်း သတ်ခဲ့ပြီးပြီ၊ အခုလည်း ကျုပ်ကို သတ်ဦးမယ်၊ ဒါပေမဲ့ ခင်ဗျား ကျုပ်ကိုတော့ မသတ်နိုင်ပါဘူး . . . မသတ်နိုင်ပါဘူး"

ဂစ်ဒီယွန်သည် အရူးတစ်ယောက်ကဲ့သို့ အော်ဟစ်ရင်း နောက်သို့ တစ်လှမ်းချင်းဆုတ်လိုက်၏။ သေနတ်ကိုင်ထားသော ဒိုင်းလ်ကိုမူ မျက်နှာ မလွှဲချေ။

ဤကဲ့သို့ တစ်လှမ်းချင်း နောက်သို့ဆုတ်ရင်း လှေကားလက်ရန်း တိုင်နှင့် သူ၏ခါး သွားထိရာ ဂစ်ဒီယွန်က သူ၏နောက်၌ လူတစ်ယောက် ရောက်နေသည် ထင်သဖြင့် လန့်သွား၏။ သို့နှင့် ကြောက်အားလန့်အား လှည့်၍ကြည့်လိုက်ရာတွင် ကိုယ်ခန္ဓာ ကြီးမားတုတ်ခိုင်၍ ဖျာယိဖျာယာ နိုင်လှသော ဂစ်ဒီယွန်၏ ခြေထောက်တစ်ဖက်သည် အရှိန်လွန်၍ လှေကား အောက်တစ်ထစ်သို့ ရောက်သွားပြီးလျှင် သူ၏ ကိုယ်ကြီးမှာ နောက်ပြန် ယိုင်ကာ တစ်ကိုယ်လုံး လှေကားလက်ရန်းပေါ်သို့ ကျသွားတော့၏။ လှေကား လက်ရန်းသည် သစ်သားဖြင့် ပြုလုပ်ထားပြီးလျှင် ဆွေးမြေ့နေသဖြင့် အရှိန် နှင့်ကျလာသောကြောင့် ဂစ်ဒီယွန်၏ခန္ဓာကိုယ်ကြီးကို မထိန်းနိုင်တော့ဘဲ "ဖြောင်း"ခနဲ အသံမြည်ကာ ကျိုးကျသွားပြီးနောက် ဂစ်ဒီယွန်၏ ခန္ဓာကိုယ် ကြီးမှာလည်း တစ်ခါတည်း အောက်သို့ ဒလိမ့်ကောက်ကွေး ကျသွားတော့၏။ ဂစ်ဒီယွန်ကား ကြမ်းပြင်ပေါ်တွင် ဆန့်ဆန့်ကြီးဖြစ်ကာ အသက်ထွက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



ပထမတွင် ဒိုင်းလ်နှင့် ရက်ဂျီနာတို့ နှစ်ယောက်စလုံးပင် အသက်ရှူရန် မေ့လျက် မှင်တက်မိနေကြတော့၏။ ဒိုင်းလ်က သတိရသဖြင့် ရက်ဂျီနာအား လှည့်ကြည့်လိုက်သောအခါ ရက်ဂျီနာသည် သူ့ကို ဖြတ်ကျော်၍ လှေကားအတိုင်း ပြေးဆင်းသွားလေပြီ။ ဒိုင်းလ်မှာ တားဆီးလိုက်ချိန်ပင် မရလိုက်သဖြင့် သူသည်လည်း ရက်ဂျီနာ၏နောက်မှ ပြေးဆင်းလိုက်သွားလေသည်။

ဒိုင်းလ်က လှမ်းအော်လျက် . . .

''ရက်ဂျီနာ . . . ရက်ဂျီနာ ဘယ်သွားမလို့လဲ''

''အို . . . ကိစ္စက ရှင်းနေပြီးပဲ။ ဂစ်ဒီယွန် ပြောသွားတယ်မဟုတ်လား။ တကယ်တော့ လူသတ်သမားအစစ်ဟာ ရှင်ပဲ။ အခု နောက်ဆုံးသေရမယ့်လူကတော့ ကျွန်မ အဖြစ်မခံနိုင်ဘူး''

ရက်ဂျီနာသည် နောက်သို့ လုံးဝလှည့်မကြည့်ဘဲ အော်၍သာ ပြောနေ၏။ အသက်နှင့် ယှဉ်နေရသောကြောင့် လှေကားပေါ်မှ ပြေးဆင်းနေသောအရှိန်ကိုမလျှော့ဘဲ မောရပန်းရသည်ကိုပင် မသိတော့ချေ။

ဂစ်ဒီယွန်၏ ဒလိမ့်ကောက်ကွေးလိမ့်ကျသံသည် လည်းကောင်း၊ ရက်ဂျီနာ၏ ပြေးဆင်းသံသည်လည်းကောင်း၊ ဒိုင်းလ်၏ ပြေးလိုက်သံသည် လည်းကောင်း တိုက်တစ်တိုက်လုံး ပဲ့တင်ထပ်ကာ ဆူညံ၍ သွားတော့၏။

စတုတ္ထထပ်သို့ ဒိုင်းလ် ရောက်သောအခါ ရက်ဂျီနာသည် တတိယထပ်သို့ ရောက်နေ၏။ ထိုအချိန်၌ စတုတ္ထထပ်မှ အခန်းတံခါးပွင့်လာပြီးလျှင် လက်ထဲတွင် မောင်းချထားကိုင်ထားသော လူတစ်ယောက် ထွက်လာ၏။ ထိုသူ၏ မုတ်ဆိတ်မွေးများတွင် ဆပ်ပြာရည်များ သုတ်ထားသောကြောင့် မုတ်ဆိတ်ရိတ်နေရာမှ အပြင်တွင် ဆူဆူညံညံအသံများ ကြားသောကြောင့် ထွက်ကြည့်ခြင်း ဖြစ်ဟန်တူ၏။ ထိုသူသည် ဒိုင်းလ်၏ရှေ့မှ မတ်တတ်ရပ်ကာ ကြောင်စီစီမျက်နှာဖြင့် . . .

''ဘာတွေဖြစ်ကုန်ကြတာလဲ မွန်စီယာ''ဟု မေး၏။

''ကျွန်တော့်မိန်းမ . . . ကျွန်တော့်မိန်းမ ဒီတိုက်ခန်းထဲမှာ နောက်မီးလင်းလို့ လာဖမ်းတာ''

ဒိုင်းလ်သည် ဒရောသောပါး အဖြေပေးလိုက်၏။ သူ မည်သို့ ဖြေလိုက်မိသည်ကိုပင် မသိတော့ချေ။ ရက်ဂျီနာ၏နောက်သို့ အမီလိုက်ရန်ကိုသာ





စိတ်စောနေတော့၏။ သို့နှင့် ဒိုင်းလ်သည် ထိုသူ့အား တွန်းဖယ်ကာ ရက်ဂျီနာ၏ နောက်သို့သာ ဆက်၍လိုက်သွားတော့၏။ ထိုသူ ဝင်ရှုပ်လိုက်သဖြင့် ရက်ဂျီနာနှင့် မိမိမှာ တစ်ထပ်သာ အကွာအဝေးရှိရာမှ ယခုမူ ရက်ဂျီနာမှာ နှစ်ထပ်အကွာအဝေးသို့ပင် ရောက်ရှိနေချေပြီ။ တတိယထပ်သို့ ဒိုင်းလ် ရောက်သောအခါ ရက်ဂျီနာမှာ ပထမထပ်သို့ ရောက်ရှိနေလေပြီ။

နောက်ဆုံး၌ ရက်ဂျီနာသည် အောက်ဆုံးထပ်သို့ ရောက်သွားတော့၏။ အသက်ရှူပင် မမှန်တော့ဘဲ အဆုတ်ကွဲထွက်လုမတတ် ရှိနေ၏။ သို့သော် ရှေ့တွင် ဆန္ဒစောနေသဖြင့် နောက်၌ မည်သို့ဖြစ်နေသည်ကိုပင် မသိမမြင်တော့ချေ။

ရက်ဂျီနာသည် ခါးရိုးကျိုး၍ ပုံပျက်ပန်းပျက် ဖြစ်နေသော ဂစ်ဒီယွန်၏ အလောင်းနံဘေးတွင် ထိုင်ချလိုက်၏။ ပတ်ဝန်းကျင်တွင် မည်သူမျှ မရှိသဖြင့် တော်ပေသေး၏။ ဒိုင်းလ်သည်လည်း တဖြည်းဖြည်းနှင့် ဒုတိယထပ်သို့ ရောက်ရှိနေချေပြီ။

မချိမဆန့် အသက်ပျောက်နေသည့် ဂစ်ဒီယွန်၏ ဘယ်ဘက်လက်ထဲတွင် တံဆိပ်ခေါင်းများပါသော စာအိတ်ကို ဆုပ်ကိုင်ထားဆဲ ဖြစ်၏။ သို့နှင့် ရက်ဂျီနာသည် သူ့တွင် ကျန်ရှိသည့် ခွန်အားများကို ညှစ်ထုတ်ကာ ဂစ်ဒီယွန်၏လက်ကိုဖြည်၍ စာအိတ်ကိုယူလိုက်၏။

ရက်ဂျီနာ၏လက်ထဲသို့ တံဆိပ်ခေါင်းများပါသည့် စာအိတ် ရောက်သောအချိန်တွင် ဒိုင်းလ်မှာ ပထမထပ်သို့ ရောက်ရှိနေချေပြီ။

''ရက်ဂျီနာ . . . ကျွန်တော် ရှင်းပြပါရစေဦး''

ဒိုင်းလ်က ပထမထပ်မှနေ၍ လှမ်းအော်လိုက်၏။ ရက်ဂျီနာသည် မတ်တတ်ထရပ်လိုက်ပြီးလျှင် ဒိုင်းလ်အား တစ်ခဏမျှ လှမ်းကြည့်လိုက်၏။ သို့သော် တစ်စုံတစ်ရာ စဉ်းစားရော မလိုတော့သဖြင့် ရက်ဂျီနာသည် တိုက်တံခါးဝကြီးမှ အပြင်ဘက်လမ်းမပေါ်သို့ ဒလကြမ်း ထွက်ပြေးသွားတော့၏။

ထိုအချိန်တွင် ရဲမှူးကြီးဂရင်ပီးယား၏ကားမှာ အမှတ် ၁၄ စိန့်ပါရီယာလမ်းပေါ်တွင် ဆိုက်ဆိုက်မြိုက်မြိုက် ရပ်ထားသည်ကို တွေ့လိုက်ရ၏။ ရက်ဂျီနာ တိုက်ထဲမှ လှေခါးခန်း ထွက်လာသောအချိန်အထိ ရဲမှူးသည် ကားနောက်ခန်းထဲ၌ စိတ်အေးလက်အေး ထိုင်၍စောင့်နေ၏။ ရက်ဂျီနာအား တွေ့သောအခါ သူနှင့် သူ၏လက်ထောက်နှစ်ယောက်တို့သည် ကားထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ခုန်ထွက်လာကြတော့၏။ တစ်ချိန်တည်းမှာပင် ဒိုင်းလ်သည်လည်း တိုက်ထဲမှ ထွက်လာသည်ကို ဘွားခနဲ တွေ့လိုက်ကြရလေသည်။

"သူ့ကိုဖမ်းကြပါ။ သူဟာ လူသတ်သမားစစ်စစ်ပါ"

ရက်ဂျီနာသည် ဒိုင်းလ်ကို လက်ညှိုးထိုးကာ ဂရင်းပီးယားနှင့် အဖွဲ့သားများအား အော်၍ ပြောလိုက်၏။ နောက်ပိုင်းတွင် မည်ကဲ့သို့ ဖြစ်နေသည်ကို လှည့်၍ပင် မကြည့်တော့ဘဲ လမ်းထောင့်တွင် ရပ်ထားသည့် အငှားကားတစ်စီးဆီသို့သာ ခြေကုန်သုတ်နေတော့၏။

ဒိုင်းလ်မှာ ခြေလှမ်းတုံ့၍ သွားတော့၏။ အဘယ်ကြောင့်ဆိုသော် ဂရင်းပီးယားနှင့်အဖွဲ့သည် တားဆီးထားသောကြောင့် ဖြစ်၏။ ဒိုင်းလ်သည် ရဲသားများကို ရှောင်ပြေးရန် ကြိုးစားသော်လည်း မည်သူကမျှ အလစ်မပေးဘဲ သုံးယောက်နှင့် တစ်ယောက်ဖြစ်နေသဖြင့် သူ့အား ဖမ်းချုပ်လိုက်ကြလေသည်။

ဒိုင်းလ်သည် အကြောက်အကန် ရုန်းကန်ကာ သူ၏နှုတ်မှလည်း အော်ဟစ်ပြောဆိုလျက် ရှိနေ၏။

"ကျုပ် လူသတ်သမားမဟုတ်ဘူးဗျ။ အခု ငွေတွေ ဟိုမိန်းကလေး လက်ထဲမှာ ပါသွားပြီ"

သို့နှင့် ရုန်းကန်ရာမှ လက်တစ်ဖက် လွတ်ထွက်သွားသဖြင့် ထိုလက်နှင့်ပင် ရဲသားတစ်ဦး၏ဗိုက်ကို ဆောင့်ထိုးလိုက်ပြီးလျှင် . . .

"ခင်ဗျားတို့ သူ့ကို လွတ်ထွက်အောင် လုပ်တာလား"

ဟု အော်ပြောရင်းမှ ရုန်းကန်နေဆဲဖြစ်သဖြင့် အားလုံး ဝရုန်းသုန်းကား ဖြစ်ကုန်ကြတော့၏။

ရက်ဂျီနာမှာလည်း မမောနိုင်မပန်းနိုင် အငှားယာဉ်အနီးသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ကားတံခါးကိုဖွင့်ကာ အတွင်းသို့ ဝင်ထိုင်လိုက်ပြီးလျှင် . . .

"အမေရိကန်ပြည်ထောင်စုသံရုံးကို မောင်းပါ။ မြန်မြန်မောင်းပါ"

ဟု အော်၍ ပြောလိုက်ရာ ယာဉ်မောင်းသူသည် လှည့်၍ကြည့်သော်လည်း သူ၏အမူအရာမှာ အေးစက်လွန်းလှ၏။ ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကို လက်မလွှတ်ချင်ဟန်တူ၏။





ရက်ဂျီနာက တောင်းပန်တိုးလျှိုးသည့် လေသံဖြင့် . . .

"ကျွန်မမှာ သေရေးရှင်ရေးလောက် အရေးကြီးနေလို့ပါရှင်"

ယဉ်မောင်းသူက လေသံအေးအေးဖြင့် . . .

"ကျွန်တော့်မိန်းမက ညစာစားဖို့ စောင့်နေရော့မယ်ဗျ။ ကျွန်တော် လိုက်မပို့နိုင်ဘူး . . . "

"ကျွန်မ ရှင့်ကို ယာဉ်ခ နှစ်ဆ၊ သုံးဆရှင် သုံးဆပေးပါ့မယ်"

"ကျွန်တော့်မိန်းမအကြောင်းကို ကျွန်တော်ပဲ သိတယ်ဗျ။ သူက သိပ်ပြီး ဒီဓာကြောင်တာ။ ကျွန်တော့်ဘက်က လူမှုရေးပျက်ကွက်တာကိုတော့ ခွင့်လွှတ်ပါ အစ်မကြီး။ တခြား အငှားကားတစ်စီးစီးသာ ရှာပါ"

ရက်ဂျီနာမှာ စိတ်မောသွား၏။ လိုသောဆန္ဒမပြည့်ဝသဖြင့် ပြင်သစ်လူမျိုးတို့သည် အလွန်ကပ်သပ်သည်ဟု သူ၏စိတ်၌ အထင်ရောက်သွားတော့၏။ အခြားအငှားယာဉ်များ ရှိလိုရှိငြား ခေါင်းပြူ၍ ကြည့်သော်လည်း ညီသည့်ယာဉ်ကိုမျှ မတွေ့ရချေ။ တွေ့ရသည်ကား သူ့အား လိုက်၍ဖမ်းနေကြသော ဒိုင်းလ်နှင့် ဂရင်းပီးယားတို့အဖွဲ့၏ နပမ်းပွဲသာ ဖြစ်လေသည်။

ဒိုင်းလ်၏လက်ချက်ဖြင့် ဂရင်းပီးယားသည် မြေကြီးပေါ်သို့ ဖင်ထိုင်လျက် လဲကျနေ၏။ ဒိုင်းလ်နောက်မှ ရဲသားတစ်ဦးက ဒိုင်းလ်အား အတင်းဖမ်းချုပ်နေပြီးလျှင် အခြားရဲသားတစ်ဦးက ဒိုင်းလ်၏လည်ပင်းကို ဖမ်း၍ ညှစ်ထား၏။

"ခင်ဗျားတို့ ကျုပ်ကိုဖမ်းနေလို့ အလကားပဲ။ အချိန်ကုန်နေမှာပဲ။ အခု . . . ဟိုမိန်းကလေးရဲ့ လက်ထဲမှာ"

ဒိုင်းလ်သည် ပြောရင်း ရုန်းရင်း ဖြစ်နေ၏။ သူ့အား ဖမ်းချုပ်သူများ ချုပ်နေကြ၏။ သို့နှင့် မြေပေါ်သို့ သုံးယောက်သား လဲကျသွားပြန်လေသည်။

ထိုလူအုပ်ထဲမှ ဒိုင်းလ် လွတ်ထွက်လာသဖြင့် ရက်ဂျီနာမှာ တုန်လှုပ်သွားတော့၏။ ဒိုင်းလ်သည် ရက်ဂျီနာတက်ထိုင်နေသည့် အငှားကားရှိရာသို့ တန်းတန်းမတ်မတ်ပြေးလာရာ သူ၏နောက်မှ ရဲသားများကလည်း တစ်ဖဝါးမကွာ ပြေးလိုက်လာကြ၏။

သို့နှင့်ရက်ဂျီနာသည် ယာဉ်မောင်းသူကို အားကိုးတကြီးကြည့်လိုက်သော်လည်း ယာဉ်မောင်းသူကမူ မတုန်မလှုပ် ကျောက်ရုပ်အသွင် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရက်ကျိနာမှာ ကြံရာမရဖြစ်ကာ သူ၏လက်မှ လက်ပတ်နာရီကလေး ကို ဖြုတ်လိုက်ပြီးနောက် . . .

''ရော့. . . ရှင်၊ ကျွန်မက ရှင့်မိန်းမကို ဒီဟာကလေး လက်ဆောင် ပေးလိုက်တယ်ပြောရင် သူ ကျေနပ်မှာပါ''ဟု ပြောလိုက်၏။

''အင်း. . . တစ်ပတ်လောက်တော့ နားပူသက်သာကောင်းပါရဲ့''

ယာဉ်မောင်းသူသည် ပြောပြောဆိုဆိုနှင့်ပင် ကားစက်ကို နှိုးကာ ဂီယာသွင်း၍ ဝူးခနဲ မောင်းထွက်သွားတော့၏။ ကားအနီးသို့ရောက်လာကာ ဒိုင်းလ်မှာ လက်မတင်ကလေး ကျန်ရစ်ခဲ့လေသည်။

ဒိုင်းလ်မှာ လက်သီးတဆုပ်ဆုပ်ဖြစ်ကာ ရဲသားများကို လက်ညှိုး တထိုးထိုးနှင့် ဒေါ်လာလေးသိန်းကို ရည်ညွှန်း၍ ပြောဆိုလျက် ရှိနေ၏ သူသည် ရဲသားများထံမှ ထွက်ပြေးရန် မကြိုးစားတော့သကဲ့သို့ ရဲသား များကလည်း သူ့အား အတင်းအကျပ် မဖမ်းကြတော့ချေ။

# အခန်း ၄၅

ရက်ကျိနာသည် အငှားယာဉ်ပေါ်မှ ပြေး၍ဆင်းခဲ့ပြီးလျှင် အမေ ...နိပြည်ထောင်စု သံရုံးတံခါးဝ လှေကားပေါ်သို့ တက်မိသောအချိန်မှာ ... ၄ နာရီပင် မထိုးသေးချေ။ ယခုတစ်ခေါက်၌မူ ယခင်နှစ်ခေါက် သူ ...က်ဖူးစဉ်သကဲ့သို့ တံခါးဝတွင် စောင့်နေသော အမေရိကန်ရေတပ်သားနှင့် ...မေရိကန်ပြည်ထောင်စု၏ လင်းယုန်တံဆိပ် အမှတ်အသားကြီးကိုပင် ...ိုက်၍ မနေနိုင်တော့ချေ။

ရက်ကျိနာသည် အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းလာမည့် ဓာတ် ...ကားကိုပင် မစောင့်နိုင်တော့ဘဲ လှေကားအကျယ်ကြီးမှပင် တတိယ ...သို့ အပြေးတက်သွားတော့၏။ ထို့နောက် အခန်းအမှတ် (၃၀၇-က)သို့ ...၍ သုတ်ခြေတင်တော့၏။

ယခုအချိန်တွင် သူ နားမလည်ဘဲ ကခဲ့ရသောဇာတ်လမ်း ပြီးဆုံး ...သို့ ရောက်ခဲ့ချေပြီ။ ယခုလိုအချိန်မျိုးတွင် သူသည် မစ္စတာဘာသိုလိုမြူ ... အမြန်ဆုံးတွေ့ရန် လိုအပ်ချေပြီ။ ယခင့် ယခင် အချိန်အခါများသာ ...ယ သံသရာများဖြင့် ရှုပ်ထွေးနေခဲ့သော်လည်း ယခုအချိန်၌မူ သူ၏ ...တစ်သက်တာတွင် အရေးအကြီးဆုံးအချိန်သို့ ရောက်ရှိနေသဖြင့် ဘာသို ...နှင့်တွေ့ရန် လိုအပ်ချေပြီ။ လောလောဆယ် မိမိလက်ထဲ၌ရှိနေသည့် ...လာလေးသိန်းတန်သည်ဆိုသော တံဆိပ်ခေါင်းများကို ဘာသိုလိုမြူ ...သို့အပ်ပြီးလျှင် လုံခြုံသောနေရာ တစ်နေရာရာသို့ မိမိ ထွက်...ရန်



www.burmeseclassic.com

www.burmeseclassic.com



တတိယတန်း လက်မှတ်တစ်စောင်သာ ဘာသိုလိုမြူထံမှ တောင်းခဲ့လိုက်တော့၏။

အခန်းအမှတ် (၃၀၇-က)၏ တံခါးဝတွင် ''ဝင်ခဲ့ပါ''ဟူသော ဆိုင်းဘုတ်ချိတ်ထားသည်ကိုတွေ့ရသဖြင့် ရက်ဂျီနာသည် တစ်ခါတည်း တွန်း၍ဝင်သွားတော့၏။

အခန်းတွင်းရှိ အပြင်အဆင်များမှာ တစ်စုံတစ်ရာ ထူးခြားခြင်း မရှိဘဲ ယခင်ကအတိုင်းပင်ဖြစ်၏။ အခန်းနံရံတွင် ချိတ်ဆွဲထားသည့် ပန်းချီ များမှာလည်း မပြောင်းလဲချေ။ အခန်းအလယ်တွင် ထည်ဝါစွာ ရှိနေသည့် ကျွန်းစားပွဲကြီးမှာလည်း နေရာမပြောင်းရွှေ့ချေ။ တစ်ခုတည်းသော ပြတင်း ပေါက်မှာလည်း ယခင်ကအတိုင်းပင် ရှိနေ၏။ သို့သော် စားပွဲကြီး၏နောက်တွင် ထိုင်နေသူကား လုံးဝခြားနားနေလေသည်။

''အို . . . ကျွန်မ အခန်းမှားလာတယ်၊ စိတ်မရှိပါနဲ့ရှင်''

ရက်ဂျီနာသည် ထိုပုဂ္ဂိုလ်အား တောင်းပန်ပြီးလျှင် ကတိုက်ကရိုက် ပြန်ထွက်ရန် နောက်သို့ လှည့်လိုက်၏။ သူ တွန်းဖွင့်၍ဝင်ခဲ့သော တံခါးမှာ ပွင့်လျက်သားရှိနေပြီးလျှင် တံခါးရွက်ပေါ်၌ (၃၀၇-က) ဟူသော အမှတ် အသားနှင့် ''ဝင်ခဲ့ပါ''ဟူသော ဆိုင်းဘုတ်ကလေးမှာလည်း အထင်သား ရှိနေ၏။ ထို့ထက်ပို၍ ရှင်းသည်မှာ ပလတ်စတစ်ဆိုင်းဘုတ်ပေါ်တွင် ''မစ္စတာ ဘာသိုလိုမြူ''ဟူသော အမည်ပင် ဖြစ်တော့၏။

ရက်ဂျီနာမှာ နားမလည်နိုင်လောက်အောင်ပင် ဦးနှောက်များ ချောက်သွားပြီးလျှင် စားပွဲနောက်တွင် ထိုင်နေသူအား ပြန်၍လှည့်ကြည့်မိ၏။ ထိုသူမှာ လူရွယ်တစ်ယောက်ဖြစ်၍ အသက်အားဖြင့် သုံးဆယ်ပတ်ဝန်းကျင် လောက်သာ ရှိသေး၏။ ရွှေရောင်တောက်သော ဆံပင်တိုတို အလယ်တည့် တည့်မှ ခွဲဖြီးထား၏။ ဒူးခေါင်းထိရှည်သော ချည်ထည်အင်္ကျီရှည်ကြီးကိုလည်း ဝတ်ထားလေသည်။

''မိန်းကလေးကို ကျွန်တော် ဘာကူညီရပါ့မလဲ ခင်ဗျာ''

ထိုသူသည် အူကြောင်ကြောင်ဖြစ်နေရှာသော ရက်ဂျီနာအား ယဉ်ကျေးသိမ်မွေ့စွာပင် စတင်စကားပြော၏။ စကားပြောသံမှာလည်း တည်ငြိမ် ခံ့ညား၍ အိမ်ရှင်ဆန်လှ၏။

သို့နှင့် ရက်ဂျီနာမှာ နားမလည်နိုင်အောင်ပင် ရှိတော့၏။ ဘာသို လိုမြူဆိုသူမှာ မည်သူဖြစ်၍ မိမိသိသော ဘာသိုလိုမြူ အဘယ်မှာနည်း





တံခါးရွက်ပေါ်တွင် ရေးထားသည့် အမှတ်အသားများကြောင့် မိမိ အခန်း မှား၍ ဝင်လာခြင်းလည်း မဖြစ်တန်ရာချေ။

သို့နှင့် ရက်ဂျီနာသည် လူရွယ်အား . . .

''သူ ပြန်လာဦးမှာလားဟင်။ သူ ဘယ်တော့ ပြန်လာမှာလဲ။ ကျွန်မ သူ့ကို အရေးတကြီး တွေ့ချင်လို့ပါ''ဟု ပြောလိုက်၏။

ထိုသူက လူကြီးဆန်သော လေသံဖြင့် . . .

''ဒီက မိန်းကလေးက ဘယ်သူပြန်လာဖို့အတွက် မေးနေတာလဲ''

''မစ္စတာဘာသိုလိုမြူကို ပြောတာပါ။ ကျွန်မ သူ့ကို အရေးတကြီး တွေ့ချင်လို့ပါ''

ထိုသူက အာမေဋိတ်သံဖြင့် . . .

''ဟင် . . . ကျွန်တော် ဘာသိုလိုမြူပါပဲ''

ရက်ဂျီနာသည် ထိုသူ၏ပြောစကားကို ကြားလိုက်သည်နှင့် မတ်တတ်ရပ်နိုင်စွမ်း မရှိတော့သကဲ့သို့ နီးရာကုလားထိုင်ပေါ်တွင် ထိုင်ချလိုက် ပြီးနောက် နှုတ်မှလည်း . . .

''ရှင်လား။ မဖြစ်နိုင်ပါဘူး။ ရှင် မစ္စတာဘာသိုလိုမြူ မဟုတ်ပါ ဘူး'' ဟု ပြောဆိုလျက် ရှိ၏။

''အို . . . ကျွန်တော့်အခန်းတံခါးဝမှာ ရေးထားတဲ့ဆိုင်းဘုတ်ကို မြင်ခဲ့တယ် မဟုတ်လား။ ကျွန်တော် ဘာသိုလိုမြူပါပဲ''

''ကျွန်မသိတဲ့ ဘာသိုလိုမြူက အဘိုးကြီးရှင့်။ ရှင့်အဖေများ ဖြစ်နေ လေသလား''

''ကျွန်တော့်အဖေလည်း မဖြစ်နိုင်ပါဘူး။ ကျွန်တော် တစ်ချိန်လုံး ဒီမှာရှိနေတာပဲ။ အဖေလည်း ပါမလာပါဘူး''

''မဟုတ်ဘူး။ ကျွန်မ မစ္စတာဘာသိုလိုမြူကို ဒီအခန်းထဲမှာ နှစ်ခါ တောင် တွေ့ဖူးတယ်''

ရက်ဂျီနာသည် ဤသို့ ပြောဆိုပြီးမှ ဘာသိုလိုမြူနှင့် တွေ့ဆုံမှု များကို ပြန်၍စဉ်းစားမိ၏။ ပထမကြိမ်၌ မိမိနှင့် ဘာသိုလိုမြူ ဤအခန်းထဲ တွင် တွေ့ရသော်လည်း တစ်ခဏမျှသာ ဖြစ်၏။ အခြား စားသောက်ဆိုင် များ၌သာ စကားပြောခဲ့ရဖူး၏။ ဒုတိယအကြိမ်၌မူ ဤအခန်းတွင်သို့ ဝင်ခွင့် ပင် မရခဲ့ဘဲ သံရုံးမှ စားသောက်ခန်းထဲတွင် တွေ့ဆုံရန် ချိန်းဆိုထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော စာရွက်ကလေးကို တံခါးဝ၌ချိတ်ဆွဲကာ ချိန်းဆိုသဖြင့် ဘာသိုလိုမြူနှင့် စားသောက်ခန်းတွင် ဆုံခဲ့ကြရဖူးလေသည်။

ရက်ဂျီနာသာမက ထိုသူသည် ဦးနှောက်ခြောက်သွားဟန်တူ၏။ ထိုသူသည် သူ၏ဦးခေါင်းကိုကုတ်လျက်...

"နေပါဦး။ ခင်ဗျားပြောတဲ့လူကို ဘယ်အချိန် ဘယ်နေ့မှာ တွေ့တာလဲ"

"နေ့တွေတော့ မမှတ်မိပါဘူး။ သူ ကျွန်မကို ချိန်းတိုင်း တစ်နာရီကျော်ကျော်မှာ ချိန်းတတ်တယ်"

"ဟာ... ဟုတ်ပြီ။ ကျွန်တော် နေ့တိုင်း နေ့လယ်တစ်နာရီမှာ နေ့လယ်စာစားဖို့ အပြင်သွားတတ်တယ်"

ရက်ဂျီနာမှာ နားမလည်ဘဲ ကခဲ့ရသော မိမိ၏ဘဝဇာတ်လမ်းသည် ရှင်းမလိုလိုနှင့် ပို၍ ရှုပ်ထွေးလာတော့၏။ မိမိအား ဘာသိုလိုမြူက တွေ့ဆုံရန် လက်ခံသည့်အခါတိုင်း ထူးခြားသော အမှုအရာများကို တွေး၍သတိရမိ၏။ သံရုံး၏ဖုန်းကို မဆက်သွယ်စေဘဲ အခြားကိုယ်ပိုင် ဖုန်းတစ်လုံးဖြင့်သာ ဆက်သွယ်စေသည်မှာလည်း ထူးခြား၏။ နောက်ဆုံး သူ၏ခွင့်ပြုချက်ရမှသာ ရက်ဂျီနာသည် ဤရုံးခန်းသို့ လာတွေ့ရမည်ဟူသော သတ်မှတ်ချက်ကလည်း စားသောက်ဆိုင်များတွင်သာ ဖြစ်၏။ အမေရိကန်လူမျိုးမှန်သမျှ အမေရိကန် သံရုံးသို့ ဝင်ထွက်ခွင့်ရှိသည်မှာလည်း ရုံးတို့၏ ထုံးတမ်းစဉ်လာတစ်ခု ဖြစ်လေသည်။

သို့နှင့် ရက်ဂျီနာသည် ကောက်ကာငင်ကာပင် ထိုသူ့အား မေးလိုက်၏။

"ဒီအခန်းဟာ အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီအဖွဲ့ဝင် အခန်းတော့ ဟုတ်ပါတယ်နော်"

"မဟုတ်ဘူးဗျ။ ဒါရိုးရိုးသံရုံးအမှုထမ်းတွေအတွက် ဝန်ထမ်းရေးရာနဲ့ သက်ဆိုင်တဲ့ ရုံးခန်းပါ။ ခင်ဗျားပြောတဲ့ အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီဆိုတာက အပေါ်ထပ်မှာ"

ရက်ဂျီနာက အာမေဋိတ်သံဖြင့်...

"ဘာ... ရှင့်"

"စီအိုင်အေက အပေါ်ထပ်မှာပါ။ အခန်းအမှတ် ၄၂၁"





ရက်ဂျီနာမှာ အခန်းအပြင်ဘက်သို့ထွက်ရန် ပြင်ဆင်ပြီးသား ဖြစ်နေ၏။ "ကျေးဇူးပါပဲရှင်"ဟူသော နှုတ်ဆက်စကားဖြင့် အခန်းမှ ထွက်ပြေးရန်သာ ရှိတော့၏။

"ကိစ္စမရှိပါဘူး။ ခင်ဗျား စီအိုင်အေဌာနက အကြီးအမှူး "မစ္စတာ ကားမိုက်ကယ်"နဲ့ တွေ့ချင်ဟန် တူပါရဲ့"

နောက်ဆုံး ရက်ဂျီနာ အခန်း၏ အပြင်ဘက် ရောက်သည့်တိုင် အောင်ပင် ထိုသူက လောကဝတ်စကားပြောဆိုနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၆

ရက်ဂျီနာသည် အခန်းအမှတ် ၄၂၁တွင် "စီအိုင်အေ"ဟူသော ဆိုင်းဘုတ်ချိတ်ထားသည်ကို မတွေ့ရ။ "ဝင်ခဲ့ပါ"ဟူသော ခွင့်ပြုချက်လည်း ချိတ်ဆွဲမထားသဖြင့် ထိုအခန်းဝ၌ ငူငူကြီးရပ်၍ အချိန်အတန်ကြာ စဉ်းစားပြီးနောက် သူသည် အားတင်းကာ တံခါးကို ခေါက်လိုက်ပြီးလျှင် တံခါးလက်ကိုင်ကို လှည့်၍ ဖွင့်လိုက်လေသည်။

အခန်းထဲ၌ ခေတ်မီသတ္တုစားပွဲတစ်လုံး၏နောက်တွင် အညိုရောင်ဆံပင်နှင့် ဆွဲဆောင်မှုကောင်းသည့် ရုပ်ရည်ရှိသော မိန်းမတစ်ယောက် ထိုင်နေ၏။ အသက်အားဖြင့် လေးဆယ်ပတ်ဝန်းကျင်လောက်တွင် ရှိ၍ ခေတ်မီစွာ ပြင်ဆင်ထား၏။ ထိုအမျိုးသမီးသည် ရက်ဂျီနာအား မျက်နှာထားချိုသာစွာ မော့၍ကြည့်လိုက်ပြီးနောက် . . .

"ကျွန်မ ဘာကူညီရမလဲရှင်"ဟု နှုတ်ဆက်စကားဆို၏။

"ဟုတ်ကဲ့ . . . ကျွန်မ မစ္စတာ . . . ဟို . . . ဟို"

ရက်ဂျီနာသည် ဘာသိုလိုမြို့၏အမည်ကို ထုတ်ဖော်ပြောရန် မေ့နေခြင်းကြောင့်မဟုတ်ဘဲ ထိုနာမည်မှာ ယခုအခါ ရှုပ်ထွေးနေပြီဖြစ်သောကြောင့် မည်ကဲ့သို့ ပြောရမည်မသိ ဖြစ်နေသဖြင့် စကားထစ်နေခြင်းဖြစ်၏။

ထိုအမျိုးသမီးက အလိုက်သိစွာဖြင့် . . .

"သြော် . . . ရှင် မစ္စတာကားမိုက်ကယ်ကို တွေ့ချင်လို့လား။ ဒါပေမဲ့ သူ အခု ပဲရစ်မှာ မရှိတော့ဘူးရှင်"





"ကျွန်မ ဘာပြောရမှန်းတောင် မသိတော့ဘူးရှင်။ ကျွန်မ ဘယ်သူ့ကို တွေ့ချင်လို့ ဘာကြောင့် ဒီရောက်လာတယ်ဆိုတာကိုတောင် ကျွန်မ မသိတော့ပါဘူး"

ရက်ဂျီနာသည် တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်၏။ သူသည် မည်သူ့အား ယုံကြည်ရန် ရှိတော့သနည်း။

"ရှင် . . . မစ္စစ်လင်းဘတ်များလား ဟင်"

ရက်ဂျီနာသည် အံ့ဩသည့်လေသံဖြင့် . . .

"အား . . . ဟုတ်တယ်"

"ပြောရောပေါ့ရှင် . . . ရှင် ရောက်လာပြီဖြစ်ကြောင်း ကျွန်မ မစ္စတာကွန်းဝေးလ်ကို အကြောင်းကြားပေးပါ့မယ်"

အမျိုးသမီးက ပြုံးတုံ့တုံ့ ပြောသော်လည်း ရက်ဂျီနာမှာ တွေဝေလျက် ရှိနေ၏။ "မစ္စတာ ကွန်းဝေးလ်" ကွန်ဝေးလ်ဆိုတာ ဘယ်သူပဲ။ သူ၏အသိထဲတွင် ကွန်းဝေးလ်ဆိုသူ မရှိသဖြင့် ရက်ဂျီနာမှာ အတွေး ချာချာလည်လျက် ရှိနေတော့၏။

အမျိုးသမီးကမူ အတွင်းသုံး တယ်လီဖုန်းလက်ကိုင်ကိုမ၍ တစ်စုံတစ်ယောက်နှင့် စကားပြောနေ၏။ ထို့နောက် စကားပြောခွက်ကို ပြန်ချလိုက်ပြီးလျှင် ရက်ဂျီနာဘက်သို့လှည့်ကာ . . .

"မစ္စစ်လင်းဘတ်ရှင့်၊ ရှင့်ကို မစ္စတာကွန်းဝေးလ်က တွေ့ဖို့ စောင့်နေပါတယ်။ ဒီတံခါးကိုဖွင့်ပြီး ဝင်သွားပါ"

ရက်ဂျီနာမှာ ကြောင်တက်တက်ဖြစ်ကာ အခန်းတစ်ခုလုံးကို မျက်လုံးကစားလိုက်၏။ ဤအခန်းထဲ၌ပင် နောက်ထပ် အတွင်းခန်းတစ်ခန်း ရှိနေကြောင်း တံခါးရွက်တစ်ခုကိုမြင်သဖြင့် သိရ၏။ ရက်ဂျီနာမှာ နောက်တစ်ကြိမ် အလိမ်ခံရမည်ကိုလည်း ကြောက်ရွံ့နေ၏။ နောက်ဆုံး၌ သက်ပြင်းတစ်ချက်ချလိုက်ပြီးလျှင် ဇာတ်ရည်လည်စေရန် အတွင်းခန်းသို့ ဇွတ်မှိတ်၍ ဝင်သွားတော့၏။

ရက်ဂျီနာသည် အတွင်းခန်းကို ရောက်လျှင်ရောက်ချင်းပင် မစ္စတာကွန်းဝေးလ်ကို တောင်းပန်စကား ပြောလိုက်၏။

"မစ္စတာကွန်းဝေးလ်ရှင့်၊ ရှင့်ကို ကျွန်မ အရင်ကသိလို့ လာတွေ့တာ မဟုတ်ပါဘူး။ ကျွန်မ ရှင်ဘယ်သူလဲဆိုတာ မသိပါဘူး။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သိချင်တာက . . . ''

ရက်ဂျီနာသည် စကားကိုပင် အဆုံးမသတ်နိုင်တော့ဘဲ ထိုင်နေသူအား မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေမိတော့၏။

စားပွဲနောက်တွင် စီးကရက်တစ်လိပ်ကို ဖိမ်ခံ၍သောက်နေသော ထိုသူက လေသံအေးအေးဖြင့် ရက်ဂျီနာအား သုံးခွန်းသော စကားဖြင့် နှုတ်ဆက်လိုက်၏။

''ထိုင်စမ်းပါဦး . . . အချစ်ရယ်''

ထိုသူကား သူချစ်သော လူသတ်သမားအလက်ဇန္ဒာဗိုင်းလ်ပင် ဖြစ်တော့၏။

## အခန်း ၄၇

ရက်ဂျီနာသည် အတန်ငယ် စိတ်ငြိမ်သွားတော့၏။ သူသည် အမေရိကန်စီအိုင်အေအဖွဲ့ အခန်းတွင်းရှိ စားပွဲကြီးရှေ့တွင် ထိုင်နေ၏။ သူ၏နံဘေးတွင် ဗိုင်းလ်(ယခုတစ်ဖြစ်လည်း မစ္စတာကွန်းဝေးလ်)က ထိုင်နေ၏။ ဗိုင်းလ်က မေးငေါ့ပြလိုက်သောအခါ ရက်ဂျီနာသည် သူ၏ရှေ့တွင်ရှိသော တယ်လီဖုန်းမှ စကားပြောခွက်ကို မယူလိုက်ပြီးနောက် ချက်ချင်းပင် သူ့အား ဘာသိုလိုမြူပေးထားသော နံပါတ်အတိုင်း လှည့်လိုက်လေသည်။

စက္ကန့်ပိုင်းအတွင်း၌ပင် မျှော်လင့်ထားသည့်အတိုင်း တစ်ဖက်မှ ဘာသိုလိုမြူ၏ထူးသံကို ကြားလိုက်ရသောအခါ ရက်ဂျီနာ၏နံဘေးတွင် ထိုင်နေသော ဗိုင်းလ်မှာ စိတ်အားထက်သန်လာတော့၏။

ရက်ဂျီနာသည် အသံကိုထိန်းလျက် . . .

''မစ္စတာဘာသိုလိုမြူလား၊ ကျွန်မ ရှင်လိုချင်တဲ့ပစ္စည်းရပြီ''

တစ်ဖက်မှ ဘာသိုလိုမြူ၏အသံမှာ အားတက်သရောဖြင့် . . .

''ဟုတ်လား။ အခု ခင်များဆီမှာလား''

''ဟုတ်တယ် . . . ကျွန်မဆီမှာ။ ဒါပေမဲ့ ငွေတော့ မဟုတ်ဘူး ဒေါ်လာလေးသိန်းတန် တံဆိပ်ခေါင်းတွေ''

''တံဆိပ်ခေါင်းတွေ ဟုတ်လား။ ဘာပို့တံဆိပ်ခေါင်းလား''

တစ်ဖက်မှ ဘာသိုလိုမြူမှာ အံ့အားသင့်နေပြန်၏။ တံဆိပ်ခေါင်း ဆို၍ လွန်ခဲ့သောတစ်ချိန်က သူ့အား တံဆိပ်ခေါင်းများအကြောင်း ရက်ဂျီနာ



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ဖူးသည်ကို ပြန်၍ သတိရမိ၏။ ပထပဆုံးအကြိမ် သူ့အား အပေရိကန် သံရုံးတွင် ရက်ကျိနာ လာတွေ့စဉ်က ချားလ်(စ်)လင်းဘတ် သူ့ထံသို့ရေးသော စာ၌ မကပ်ရသေးသော တံဆိပ်ခေါင်းများကို စာအိတ်ထဲတွင် မိမိတွေ့ခဲ့ဖူး၏။ ထိုစဉ်က ယင်းတံဆိပ်ခေါင်းများကို သူ လုံးဝ စိတ်မဝင်စားခဲ့ချေ။ အဘယ် ကြောင့်ဆိုသော် တံဆိပ်ခေါင်းများကို သူသည် ချားလ်(စ်)လင်းဘတ်၏ အခန်းထဲတွင်လည်း တွေ့ခဲ့ဖူး၏။ ကိုင်၍ပင် ကြည့်ခဲ့ဖူး၏။ "လီဟာဘီ"သို့ သွားသော မီးရထားပေါ်တွင် သူသည် ချားလ်(စ်)လင်းဘတ်၏ ကျန်ရှိသော ပစ္စည်းများကို ရှာဖွေစဉ်ကလည်း ထိုစာအိတ်နှင့် တံဆိပ်ခေါင်းများကို တွေ့ခဲ့ဖူး ချေပြီ။

ဘာသိုလိုမြူသည် ထိုအကြောင်းများကို ပြန်၍ တွေးတောရင်း တယ်လီဖုန်း စကားပြောခွက်ပင် လွတ်ကျမတတ် ဖြစ်သွားပြီးလျှင် သက်ပြင်း တစ်ချက်ပင် ချလိုက်မိတော့၏။ ထိုစဉ်က ယင်းတံဆိပ်ခေါင်းများမှာ ဒေါ်လာ လေးသိန်းတန် တံဆိပ်ခေါင်းများဖြစ်သည်ကို အကယ်၍ သူသိခဲ့လျှင် သူသည် ထိုပြစ်မှုမျိုး မြောက်မြားစွာကို ကျူးလွန်မိမည် မဟုတ်ချေ။ ယခုမူ လက်ထဲသို့ ရောက်ပြီးကာမှ လွဲခဲ့ရ၏။ လူကိုပင် သတ်ခဲ့ရ၏။

"မစ္စတာ ဘာသိုလိုမြူ ရှင်... ကျွန်မ ပြောတာတွေကို ကြားရဲ့ လား"

တစ်ဖက်မှ ရက်ကျိနာ၏ ခေါ်သံကြားလိုက်ရသောအခါမှ သူ သည် ရုတ်တရက် သတိပြန်ဝင်လာတော့၏။

"အေး... အေး... ဒါထက် လီယိုပိုက်စ်ဒီယွန်ကော ဘယ်မှာလဲ သူ့ကို တွေ့သေးသလား"

ဘာသိုလိုမြူသည် စကားလမ်းကြောင်းကို ပြောင်း၍မေးလိုက်သဖြင့် ရက်ကျိနာမှာ မည်သို့ ဖြေရမည်မသိဖြစ်ကာ ဒိုင်းလ်အား လှမ်းကြည့်လိုက်၏။ ဒိုင်းလ်(ယခုတစ်ဖြစ်လည်း ပစ္စတာကွန်းဝေးလ်)သည် ရက်ကျိနာနှင့် ဘာသို လိုမြူတို့ ပြောသောစကားများကို ကြားဖြတ်လိုင်းမှ နားခွက်တစ်ခုန နားထောင်နေသောကြောင့် သူတို့ပြောသည့် စကားအားလုံးကို ကြားနေရ၏။ ဒိုင်းလ်သည် ရက်ကျိနာအား လက်တစ်ဖက်ဖြင့် မိမိလည်ပင်းကို ဖြတ်သည့် အမူအရာ လုပ်၍ပြလိုက်၏။

ရက်ကျိနာက ဒိုင်းလ်၏ အမူအရာကို သဘောပေါက်သွားသဖြင့်





"သူ သေသွားပြီ ဘာသိုလိုမြူ"

"သေပြီဟုတ်လား။ ဘယ်လိုသေတာလဲ"

ဒိုင်းလ်သည် သူ့ကိုယ်သူ လက်ညှိုးထိုး၍ ပြ၏။ သို့နှင့် ရက်ကျိနာ သည် သဘောပေါက်သွားကာ...

"ဒိုင်းလ် သတ်ပစ်လိုက်တယ်လေ။ ဒိုင်းလ်ဆိုတာ သူ့ကိုယ်သူ ကာစင်ဒိုင်းလ်ရဲ့ညီလို့ပြောတဲ့ လူပေါ့"ဟု ပြောလိုက်၏။

ဘာသိုလိုမြူက အလွန်စိတ်ဝင်စားသည့် လေသံဖြင့်...

"သူကော လွတ်သွားပြန်ပြီလား"

ထိုအခါ ဒိုင်းလ်သည် သူ၏လက်နှစ်ဖက်ကိုပူး၍ ရှေ့သို့ ဆန့်တန်း ပြရာ ရက်ကျိနာမှာ သဘောပေါက်သွားသဖြင့်...

"သူ့ကို ဖမ်းထားတယ်။ အင်းစပက်တော်ဂရင်းပီးယား သူ့ကို ဖမ်းမိသွားပြီ"

"ဒီတံဆိပ်ခေါင်း ကိစ္စတွေကော။ ပုလိပ်တွေဘက်က သိသွား သလား"

"ဟင့်အင်း... မသိပါဘူး။ သူတို့ လုံးဝသိမသွားကြဘူး"

"မင်း သိပ်တော်တဲ့ မိန်းကလေးပဲ။ အခု မင်းဘယ်မှာလဲ။ မင်းကို အခုတွေ့ရမှာလား။ ဟာ... ငါမအားသေးဘူး။ ည ၁၀ နာရီခွဲလောက်မှာ တွေ့နိုင်မလား။ ဒီတစ်ခါတော့ ဆက်ပြီးကြိုးစားပါဦး"

ရက်ကျိနာက မချိပြုံး ပြုံးလျက်...

"ကျွန်မ ရှင့်ကို ဘယ်မှာတွေ့ရမှာလဲ။ သံရုံးမှာ တွေ့ရမှာလား"

ဘာသိုလိုမြူသည် ကတိုက်ကရိုက်ပင်...

"ဟာ... ဘယ်ဖြစ်မလဲ။ အဲဒီအချိန် သံရုံးပိတ်ရောပေါ့။ မင်း "ပဲလားရှစ်ရှိုင်ရယ်" အဆောက်အအုံကို သိတယ်မဟုတ်လား။ ပဲရစ်မြို့ အဝင်မုခ်ဦး ကျောက်တိုင်ကြီးတွေရဲ့ အနောက်ဘက်မှာလေ၊ အေး... အဲဒီ နေရာ ကောင်းတယ်။ မင်းကို ငါ ချီးကျူးပါရစေဦး။ ရက်ကျိနာ မင်းဟာ အကယ်တော်တဲ့ မိန်းကလေးပဲ"

"မစ္စတာ ဘာသိုလိုမြူ ရှင် ချီးကျူးတာကို ကျွန်မ ကျေးဇူးတင် ကြောင်း ပြောပါရစေ၊ ဒီတံဆိပ်ခေါင်းတွေဟာ တန်ဖိုးကြီးတာနဲ့အမျှ ကျွန်မ မှာ အန္တရာယ်ကြီးလှပါတယ်။ ကျွန်မ ဒီညဆယ်နာရီခွဲမှာ ပဲလားရှစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရယ်'' အဆောက်အအုံက စောင့်နေပါ့မယ်။ ရှင်သာ ဆက်ဆက်လာပါ ဒါပါပဲ''

သို့ ပြောပြောဆိုဆို ရက်ကျိနာသည် တယ်လီဖုန်း စကားပြောခွက်ကို ချလိုက်တော့၏။ ထို့နောက် အောင့်ထားသမျှ သက်သာရာရစေရန် အသက်ကို ပြင်းပြင်းရှူသွင်းလိုက်ပြီးလျှင် ဒိုင်းလ်ကို လှည့်၍မေးလိုက်၏။

''ကိုင်း... ဘာသိုလိုမြူဆိုတာ ဘယ်သူလဲ၊ သူက ဘယ်ကနေ ဒီဇာတ်လမ်းထဲကို ပါလာတာလဲ''

ဒိုင်းလ်က သူ၏ဦးခေါင်းကို ခါယမ်းလျက်...

''အခုထက်ထိတော့ ကျွန်တော် မသိသေးရိုး အမှန်ပါ ရက်ကျိ ည ၁၀ နာရီခွဲမှာ သူလာရင်တော့ သိရမှာပေ့ါ''

''ကိုင်း... ကောင်းပါပြီ။ သူ့ကိုတော့ ချိန်းထားတဲ့ အချိန်မှာ သိရတော့မှာပဲ။ အခု ရှင်ကကော ဘာလဲဆိုတာ ပြောပါဦး''

''ကျွန်တော် ဘာကောင်လဲဆိုတာသိရအောင် ကျွန်တော် ဘယ်က စပြောစေချင်သလဲ''

''ရှင်... အမေရိကန် စီအိုင်အေအဖွဲ့က ဆိုတာကော ဟုတ်ရဲ့ လား။ ဟုတ်ရင် စီအိုင်အေအဖွဲ့က နိုင်ငံတကာ နိုင်ငံရေးထောက်လှမ်းရေး အဖွဲ့လို ကျွန်မ နားလည်ထားတယ်။ ဒီလို ရတနာရှာတဲ့အဖွဲ့ မဟုတ်ပါဘူး''

''အင်း... ရက်ကျိ မင်းပြောတာမှန်ပါတယ်။ ကျွန်တော်ဟာ အမေ ရိကန် ငွေတိုက်ဘက်ဆိုင်ရာ အမေရိကန်သံရုံး တွဲဖက်အမှုထမ်းတစ်ယောက် ပါ။ ကျွန်တော့်ကို တာဝန်ပေးတာက ပြင်သစ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံး မှာပါ။ စစ်အတွင်း အမေရိကန်စစ်လက်နက်ပစ္စည်းနဲ့ ငွေကြေးထောက်ပံ့ရေး ကိစ္စတွေကို ကိုင်တွယ်ရတာပါပဲ။ အမှုတွဲအဟောင်းတွေထဲက အမှုဟောင်း တွေ ဆွဲထုတ်ပြီး ရသင့်ရထိုက်တဲ့ အမေရိကန်ပြည်ထောင်စုပိုင် ပစ္စည်းတွေကို လိုက်လံသိမ်းဆည်းရတဲ့ အဖွဲ့ကပါ''

''အင်း... ဒီလေသံမျိုးကို မစ္စတာဘာသိုလိုမြူဆိုတဲ့ လူကလည်း ကျွန်မကို ပြောဖူးပါတယ်''

''ဟုတ်တယ်။ ဒီဘာသိုလိုမြူဆိုတဲ့လူဟာ ဒီအကြောင်းတွေကို အတွင်းကျကျ သိထားပုံရတယ်။ သူဟာ လူတော်တစ်ယောက်လို ဆိုနိုင် မယ်။ သူ့အသက်ဘယ်လောက်ရှိပြီလို့ ခင်ဗျား ခန့်မှန်းရသလဲ''





''ကျွန်မ မမှန်းတတ်ဘူး။ သူဟာ ရုပ်ဖျက်ထားတာ ဖြစ်နိုင်တယ်။ သူ့ကို အပြင်ပန်းကြည့်ရတာကတော့ အသက် ၆၀-၆၅နှစ်လောက် ရှိမယ် ထင်တယ်၊ သူ့ကိုကြည့်ရတာ မမာသလိုပဲ''

''သူဟာ တစ်ချိန်က ကျွန်တော်တို့အဖွဲ့တွေထဲက လူတစ်ယောက် ဖြစ်ပြီး အခု အငြိမ်းစား ယူသွားတာများ ဖြစ်နေသလား မသိဘူး''

''ဒီအကြောင်းတွေ နောက်မှ စဉ်းစားကြတာပေ့ါ။ ရှင် ဂရင်း ဦးယားလက်က ဘယ်လိုလွတ်လာတာလဲ''

''ဒါကတော့ ရှင်းနေပါတယ်။ ကျွန်တော့် မှတ်ပုံတင်ကတ်ပြားနဲ့ ကျွန်တော်ရဲ့ ,လုပ်ငန်းတာဝန်ကတ်ပြား ထုတ်ပြတော့ သူတို့ကိုယ်တိုင်ပဲ ကျွန်တော့်ကို ဒီသံရုံး လာပို့သွားကြတယ်၊ ကျွန်တော်က ခင်ဗျားထင်သလို လူသတ်သမားမှ မဟုတ်ဘဲ''

''ဟွန်း... ရှင်လည်း တကယ့်လူညာပဲ''

''ကျွန်တော် ဘာညာလို့လဲ''

''အခုထက်ထိ ရှင့်နာမည်အမှန်ကို မသိရသေးဘူး။ ဥပမာ ရှင့် နာမည်ဟာ ကွန်းဝေးလ်ဆိုတာတော့ သိပါပြီ၊ ဒါပေမဲ့ ကွန်းဝေးလ်ရှေ့က အလက်ဇန္ဒားတော့ ဟုတ်မယ် မထင်ပါဘူးနော်''

''ဒေးဗစ်ပါ။ ''ဒေးဗစ်ကွန်းဝေးလ်''ပါ။ ဒါတော့ တကယ့် နာမည် အမှန်ပါ။ မယုံရင် ကျွန်တော့် မှတ်ပုံတင်ကြည့်... ''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၈

ပဲရစ်မြို့ဟောင်း အဝင်ဝတွင်ရှိသည့် ''ပဲလားရီးရိုင်ရယ်'' အဆောက်အအုံ၏ ယခင်က ပိုင်ရှင်ဟောင်းအမည်မှာ ''ပဲလားရီကာဒီနယ်'' ဟုတွင်ခဲ့၏။ ဝင်းခြံကျယ်ကြီးဖြစ်၍ ခိုင်ခန့်ခန့်သွားသော အုတ်တံတိုင်း ကာရံထားသည့် ကြီးမားသော အဆောက်အအုံကြီးဖြစ်၏။ တစ်ချိန်က မင်းစိုးရာဇာများနေထိုင်သွားခဲ့သည့် အဆောက်အအုံကြီး ဖြစ်သော်လည်း ယခုအခါ အစိုးရ၏အစောင့်အရှောက်ခံ ရှေးဟောင်းအဆောက်အအုံစာရင်းတွင် ပါဝင်လျက်ရှိနေ၏။

တစ်ချိန်က ထိုနေရာမှာ စည်ကားသိုက်မြိုက်သောနေရာ ဖြစ်ခဲ့သော်လည်း ယခု ပဲရစ်မြို့နှင့် နှိုင်းစာသော် ဇနပုဒ် အခြေအနေသို့ ရောက်ရှိနေချေပြီ။ လူနေအိမ်ခြေလည်း ကြဲနေ၏။ တစ်ချိန်က ထိုအဆောက်အအုံကြီး၏ ကြီးမားခံ့ထည်မှု၊ သာယာစိုပြေမှုတို့၏ အရိပ်အမြွက်ကိုမူ ဆောင်လျက်ရှိနေသေး၏။ အဆောက်အအုံကြီးမှာ အလျားပေ ခုနစ်ရာ၊ အနံပေ သုံးရာကျယ်ဝန်းသော ခြံကြီးထဲတွင် တည်ရှိ၍ သံပုရာပင်များကို အတန်းလိုက်စိုက်ပျိုးထားခဲ့၏။ ထိုသံပုရာပင်များကို ထုထည်ကြီးမားသော အုတ်တိုင်ကြီးများဖြင့် ပတ်ပတ်လည်ကာရံထား၏။ ၎င်း၏အလယ်တွင် အဆောင်အသွယ်သွယ်ဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံကြီးကား ထင်ရှားစွာတည်ရှိနေလေသည်။





တစ်ချိန်က ထိုအဆောက်အအုံပိုင်ရှင်မှာ ပြင်သစ်ရာဇဝင်တွင် ထင်ပေါ်ကျော်ကြားသော မင်းစိုးရာဇာတစ်ဦး ဖြစ်ခဲ့၏။ ထိုအဆောက်အအုံကြီးနှင့် သံပုရာပင်များသည် သူ၏ မျိုးဂုဏ်အတွက် အမှတ်အသား ဖြစ်ဟန်တူ၏။ ယခုမူ ထိုခြံကြီးထဲတွင် ဈေးဆိုင်အနည်းငယ်နှင့် အဆောက်အအုံကြီးထဲ၌ ဝါသနာရှင် အနည်းငယ်မျှ လာရောက်ကြည့်ရှုရန် အနုပညာပြခန်းသဘောသာ ရှိတော့၏။

လရောင်ကား သာယာအေးမြလှပါပေ၏။ အေးမြသော အလင်းရောင်သည် လူသားတို့၏စိတ်နှလုံးကို ချမ်းမြေ့စေ၏။ လရောင်ဖြင့် သံပုရာပင်များအကြား ခင်းထားသည့် ကျောက်ဖြူပြားများကို ရက်ဂျီနာမှာ မြင်တွေ့နေရ၏။ မှိုးမှိုးမတ်မတ် စိုက်ထူထားသော ကျောက်တိုင်ကြီးများမှာမူ ဘီလူးသရဲများ ဝိုင်းရံစောင့်ကြပ်နေသကဲ့သို့ ထင်ရ၏။

သဘာဝဝန်းကျင်သည် တိတ်ဆိတ်လှတော့၏။ တိတ်ဆိတ်ခြင်းကိုပင် ရက်ဂျီနာမှာ ကြောက်လန့်နေ၏။ သူ၏စိတ်ထဲ၌ ခံစားနေရသည်မှာ ဆန္ဒစောခြင်းနှင့် နောင်ဖြစ်ပေါ်မည့် အကျိုးသက်ရောက်မှုမှာ သူ၏အသက်နှင့် ယှဉ်ပြိုင်လျက် ရှိနေတော့၏။

သို့သော် ဤမျှလောက်ဝေးသော နေရာဒေသသို့ ရက်ဂျီနာ တစ်ယောက်တည်း ရောက်ရှိနေသည်တော့ မဟုတ်ချေ။ သူရှိနေသည့်နေရာနှင့် တော်တော်လှမ်းလှမ်းရှိ မည်းမှောင်နေသည့် သစ်ရိပ်ချုံနွယ် ချုံပုတ်များအောက်တွင် မစ္စတာကွန်းဝေးလ်(ဒိုင်းလ်)၊ ပဲရစ်အင်စပက်တော် ဂရင်းပီးယားနှင့် ပဲရစ်ပုလိပ်အဖွဲ့ လက်ရွေးစင်ဆယ်ယောက်တို့သည် လက်နက်ကိုယ်စီဖြင့် အသင့်ပုန်းအောင်းနေရာယူပြီး ဖြစ်နေကြလေသည်။

အဖွဲ့သားများနှင့် ရက်ဂျီနာမှာ တစ်ချိန်တည်း ရောက်လာကြခြင်း မဟုတ်ဘဲ နေ့လယ်ကတည်းကပင် သုံးပွင့်ဆိုင်ဆွေးနွေး၍ ညမှောင်ရီသန်းအချိန်လောက်မှ ရဲသားများ တစ်ဦးချင်း ရောက်ရှိလာကြခြင်းဖြစ်၏။ ညကိုးနာရီ ကျော်ကျော်လောက်တွင်မှ ဂရင်းပီးယားနှင့် ကွန်းဝေးလ်(ဒိုင်းလ်)တို့ရောက်လာကြ၏။ ရက်ဂျီနာ ရောက်လာသည့် အချိန်မှာ ၁၀ နာရီကျော်ကျော်ကလေးသာ ဖြစ်၏။ ချိန်းဆိုထားသည့် အချိန်မှာ တဖြည်းဖြည်း နီးကပ်လာသည်နှင့်အမျှ သူတို့အားလုံးကလည်း အသင့်အနေအထားတွင် ရှိနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်ကျီနာနှင့် အနီးကပ်ဆုံး နေရာယူထားသူမှာ ကွန်းဝေးလ် ဖြစ်၏။ အလွန်ဆုံး လေးပေမျှသာ ဝေးမည်ဖြစ်၏။ သို့သော် အဆောက်အအုံကြီး၏ စုလစ်မွန်းချွန်များက မည်းမှောင်သော အရိပ်ကျရောက်နေသဖြင့် သူ့ကို မည်သူမျှ မမြင်နိုင်ချေ။ ကွန်ဝေးလ်(ဒိုင်းလ်)နှင့် ရက်ကျီနာတို့ကမူ လိုအပ်လျှင် တီးတိုးစကားပင် လှမ်းပြောနိုင်သည့် အခြေအနေတွင် ရှိနေ၏။

ရက်ကျီနာ၏တစ်ကိုယ်လုံး တုန်ယင်နေသဖြင့် ...

ဒိုင်းလ်က "အေး... သလား"

"ဟင့်အင်း ... "

"ဒါဖြင့်... ရက်ကျီ ကြောက်နေသလား"

"အင်း ... "

"ဒီလိုဆိုရင် ကျွန်တော့်သေနတ် ယူထားပါလား။ ခင်ဗျားအတွက် အဲဒီသေနတ်ဟာ ပစ်ခတ်ဖို့မလိုပေမယ့် ကိုယ့်ကိုယ်ကို ကာကွယ်ဖို့တော့ လိုမယ်ထင်တယ်။ နောက်ပြီး ရဲဆေးတင်တဲ့ သဘောလည်း သက်ရောက်တာပေါ့"

ဒိုင်းလ်၏ အားပေးစကားလေးကိုတော့ ရက်ကျီနာ သဘောကျ၍ ကျေနပ်သွား၏။ သူ့အတွက် ဒိုင်းလ်(ခေါ်) ကွန်းဝေးလ်က စိတ်ပူတတ်လာသည် ဟူသော အတွေးကပင် သူ့ကို နွေးထွေးသွားစေ၏။ သို့သော် ယခုကိစ္စတွင် မိမိအား "တည်ကြက်"လုပ်ထားသည်ကိုမူ ရက်ကျီနာမှာ ဘဝင်မကျနိုင်အောင် ရှိနေတော့၏။

"ကျွန်မ တွေးနေတာ တစ်ချက်ရှိတယ်။ တောထဲမှာ အသားစားကျားတွေရှိတယ်။ ဆိတ်တွေလည်း ရှိတယ်။ ဒီကျားတွေကို မိဖို့အတွက် ဆိတ်တွေက စားစာခံ ကိုယ်ရောင်ပြပေးရတာတော့ ဆိတ်တွေအတွက် မိုက်မဲရာ ကျမနေဘူးလား။ ဒါမှမဟုတ် သနားစရာဖြစ်မနေဘူးလား။ ပြီးတော့ ဆိတ်တွေကလည်း မကြောက်မလန့်ဘဲ နေပါ့မလား"

"တောထဲကကျားကိုမိဖို့ ဆိတ်တွေက စားစာခံလုပ်ရတာတော့ အမှန်ပဲ။ ဘာသိုလိုမြူဆိုတဲ့ လူကိုမိဖို့ ရက်ကျီနာကို စားစာခံလုပ်ရတာလည်း အမှန်ပဲ။ ဒါပေမဲ့ အခြေအနေချင်းမတူပါဘူး ရက်ကျီ။ ရက်ကျီအတွက် အသက်ပေးပြီး ကိုယ်စောင့်ရှောက်ပေးပါမယ်။ အခုကိစ္စမှာ ရက်ကျီနာကို စားစာခံ လုပ်ရတာတော့ ကိုယ် လုံးဝစိတ်မကောင်းပါဘူး။ တခြားရွေးစရာမရှိလို့





ဒီနည်းကိုပဲ ရွေးရတာပါ။ ဒါပေမဲ့ ဒီနည်းမှာပဲ ရက်ကျီအတွက် လုံးဝအန္တရာယ် မရှိနိုင်မှန်းသိလို့ ကိုယ်လက်ခံလိုက်တာပါ"

"ကဲ... ရှင် ကျွန်မ အန္တရာယ်မရှိဘူး။ ရှိတယ်ဆိုတာတော့ စာတ်သိမ်းပိုင်းမှာ သိရမှာပေါ့။ အခု ကျွန်မ ဘာလုပ်ရမှာလဲ"

"ဘာမှလုပ်စရာ မလိုပါဘူး။ ချိန်းဆိုထားတဲ့အတိုင်း ဘာသိုလိုမြူ ရောက်လာမယ်လို့ ကိုယ်မျှော်လင့်တယ်။ သူဟာ ဒီဒေါ်လာလေးသိန်းအတွက် အစစအရာရာ စွန့်စားခဲ့တဲ့လူဆိုတော့ ဒီတံဆိပ်ခေါင်းတွေကို စွန့်လွှတ်လိမ့်မယ်လို့ ကိုယ်မထင်ဘူး။ သူရောက်လာမှာတော့ အမှန်ပဲ။ အဲဒီတံဆိပ်ခေါင်းတွေကိုလည်း ရက်ကျီဆီက သူ တောင်းမှာပဲ။ ဒီတော့ ရက်ကျီတာဝန်က သူ့ကို တံဆိပ်ခေါင်းတွေ ပေးလိုက်ရုံပဲ"

"ဒါပေမဲ့ ဒီတံဆိပ်ခေါင်းတွေဟာ အတုတွေဖြစ်ပြီး သူ့ကို ထောင်ချောက်ထောင်ဖမ်းတာမှန်း သူ သိသွားရင်ကော"

"ဒါလည်း သူမသိနိုင်ပါဘူး။ ဒီတံဆိပ်ခေါင်းတွေကို ဒီအချိန်မှာ အတုနဲ့အစစ် သူ မခွဲနိုင်ပါဘူး။ သူဟာ ဒီတံဆိပ်ခေါင်းတွေ သူ့လက်ထဲ ပြန်ရောက်တာနဲ့ တစ်ပြိုင်တည်း ချက်ချင်းပြန်ပြေးဖို့ စိတ်စောနေမှာပါ။ ပြေးတာတောင် နီးနီးပြေးမှာ မဟုတ်ဘူး။ အဝေးကြီးကို ပြေးမှာ"

"ဒါပေမဲ့ ကျွန်မက သူ့ကို အချိန်ဆွဲပေးရဦးမယ် မဟုတ်လား။ သူ့လူကိုယ့်ဘက်သား လုပ်ပေးရဦးမှာ မဟုတ်လား"

"အို... ရက်ကျီ ဘာတွေ စိတ်ကူးယဉ်နေတာလဲ အချစ်ရယ်။ မင်း ဒီလိုလိုက်လုပ်ရင် မင်းကိုယ်မင်း ကြိုးကွင်းစွပ်သလို ဖြစ်သွားမှာပေါ့။ သူလာတာ ရက်ကျီဆီက တံဆိပ်ခေါင်းတွေ တောင်းဖို့ပဲ။ ဒီတော့ ရက်ကျီက သူ့ကို တံဆိပ်ခေါင်းတွေပေးလိုက်ပြီးတော့ သူ့ကိုဖမ်းဖို့ကိစ္စကိုတော့ အင်ပက်တော် ဂရင်းပီးယားတို့အဖွဲ့က တာဝန်ယူပါလိမ့်မယ်။ အချစ် ဝင်ခေါ် ပါနဲ့"

ရက်ကျီနာမှာ တိတ်ဆိတ်ငြိမ်သက်သွားပြန်၏။ သူ့အပေါ်တွင် ကွန်းဝေးလ်(ဒိုင်းလ်)က စိုးရိမ်ပူပန်စိတ် ဖြစ်ပေါ်နေသည်ကိုပင် သူ့တွင် စိတ်ဝေဒနာတစ်မျိုး ခံစားနေမိ၏။

"ဒါပေမဲ့ သူဟာ ကျွန်မကို သတ်ပစ်စရာအကြောင်း မရှိပါဘူးလေ။ ကျွန်မက သူလိုချင်တဲ့ပစ္စည်း ရှာပေးနိုင်တဲ့လူပဲ။ ဒါပေမဲ့ သူ ဘယ်သူလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ ကျွန်မ သိပ်သိချင်တယ်"

"ရက်ကျီ . . . မင်း ဒါတွေ မေ့ပစ်လိုက်စမ်းပါကွာ။ ဒါတွေဟာ တို့လည်း စိတ်ဝင်စားနေတာပဲ"

"ကောင်းပါပြီတဲ့ရှင်။ ရှင့်ကိုယ်ရှင်သာ ဂရုစိုက်ပါ။ ကျွန်မတာဝန်ကို ကျွန်မ ဆောင်ရွက်ပါမယ်"

သို့ပြောရင်းမှ ရက်ကျီနာသည် အချိန်နာရီသိလိုသဖြင့် သူ၏လက်ကလေးကို ငုံ့ကြည့်လိုက်ရာ ထိုအခါမှ အငှားကားမောင်းသူအား သူ၏နာရီကလေးကို လာဘ်ထိုးလိုက်ရသည်ကို ပြန်၍သတိရမိ၏။ သို့သော် သူစောင့်နေရမည့်အချိန် မကြာဝေးတော့သည်ကိုမူ သူ၏စိတ်ထဲက သိလိုက်၏။ သို့နှင့် သူသိလိုသမျှကို ကွန်းဝေးလ်အား ဆက်၍မေးမြန်းနေမိ၏။

"ရယ်စရာတော့ အကောင်းသားနော်။ ဒီဘာသိုလိုမြူဆိုတဲ့လူကို ကျွန်မ သံရုံးအမှုထမ်း မစွတာဘာသိုလိုမြူရဲ့ အလုပ်ခန်းထဲမှာ ပိုင်ရှင်မသိဘဲ တွေ့ခဲ့ရတယ်။ အကယ်၍သာ ရှင်ဟာ ကျွန်မနေရာမှာ ရောက်နေလို့ရှိရင် ဒီသံရုံးထဲမှာ ကုလားမြွေမပျက်ထိုင်နေတဲ့ လူတစ်ယောက်ကို သူဟာ ဘာသိုလိုမြူ ဟုတ်မဟုတ် ဘယ်လိုသိနိုင်ပါ့မလဲ"

"မှန်ပါတယ် ရက်ကျီ။ မင်းပြောတာ မှန်ပါတယ်။ မင်းရဲ့ ထင်မြင်ယူဆချက်ဟာ မင်းအပြစ် မဟုတ်ပါဘူး။ ဒါဟာ တို့သံရုံးရဲ့ စည်းကမ်းချက်တစ်ခု ချို့ယွင်းတာကို ထောက်ပြလိုက်တာနဲ့ အတူတူပါပဲ။ ဒီကိစ္စအတွက် ကိုယ် ညနေကပဲ သံအမတ်ကြီးနဲ့ တိုက်ရိုက်တွေ့ခဲ့တယ်။ ဒီအဖြစ်အပျက်ပြောပြတော့ သူလည်း သိပ်အံ့သြသွားတယ်။ စိတ်ဝင်စားသွားတယ်။ နောက်ဆိုရင် သံရုံးအမှုထမ်းအားလုံး သူတို့ ကီစွတစ်ခုနဲ့ အပြင်ထွက်စရာရှိရင် ဒါမှမဟုတ် နေ့လယ်စာစားဖို့ ထွက်ချင်ရင် ကိုယ့်အခန်းကို ကိုယ်တိုင်သော့ခတ်ထားခဲ့ဖို့ ရုံးမိန့်ထုတ်သင့်တယ်လို့ ပြောလိုက်ပါတယ်"

ထိုကိစ္စကို ရက်ကျီနာမှာ စိတ်မဝင်စားဘဲ သူစိတ်ဝင်စားသည်က တခြားဖြစ်နေ၏။ ညဉ့်၏ အအေးဒဏ်ကလည်း ကဲလာ၏။

"ဒီမှာ . . . ဒိုင်းလ်၊ ဆိုပါတော့ ဒေးဗစ်၊ ရှင်ဟာ တစ်ချိန်က ကျွန်မကို ကာစင်ဒိုင်းရဲ့ညီတော်ပါတယ်လို့ ကျိန်ဆိုပြောခဲ့တယ်နော်။ ပြီးတော့ ရှင်ဟာ ကာစင်ဒိုင်းလ်ရဲ့ အထုပ္ပတ္တိအားလုံးကို သိကျွမ်းနေခဲ့တယ်။ ဒါတွေကော ရှင်ဘယ်လိုလုပ်သိသလဲ . . . "





"ဒါကတော့ ရှင်းနေပါတယ် ရက်ကျီ။ စစ်အတွင်း ထောက်ပံ့ရေးအဖွဲ့အစည်းမှာ ကာစင်ဒိုင်းလ်ရဲ့ကိုယ်ရေးရာဇဝင် အထုပ္ပတ္တိအလုံးအလောက်ရှိပါတယ်။ စစ်အတွင်းက အရေးနိမ့်သွားတဲ့ သူ့မစ်ရှင်အမှုတွဲနဲ့ တွဲဖတ်လိုက်ရင် သူ့အကြောင်း သိရပါတယ်"

"ဒါဖြင့် အခုဘာသိုလိုမြူလို့ မူ့ကိုယ်သူ ပြောပြီးလိမ်တဲ့လူကော ဘယ်သူလဲ"

"ပြောပြီးပါပကော။ ကျွန်တော်တို့အားလုံး ဒီညနေမှာ သိရလိမ့်မယ်လို့ ထင်တာပဲ။ ဒီအတွက်ပဲ ကျွန်တော်တို့ ဒီရောက်နေတာ မဟုတ်လား"

သို့ရှိစဉ် ခပ်လှမ်းလှမ်းမှ လူရိပ်တစ်ရိပ်သည် သူတို့ထံသို့ တရွေ့ရွေ့ လာနေသည်ကို မြင်ကြရသဖြင့် နှစ်ယောက်ပင် စကားပြောရပ်သွားကြတော့၏။ ဝင်ပေါက်ရှိ အုတ်တံတိုင်းကြီးအောက်သို့ ရောက်သောအခါ ထိုလူရိပ်မှာ မမြင်ရတော့ချေ။ သို့သော် အချိန်အတော်ကြာသည့်တိုင်အောင် ထိုလူရိပ်သည် ပြန်၍ပေါ်မလာသဖြင့် နှစ်ယောက်စလုံးမှာ အသက်မရှူရဲကြသေးပဲ စောင့်ကြည့်နေကြ၏။ အမှန်သော် ထိုသူကလည်း မှောင်ရိပ်ထဲမှနေ၍ သူတို့ကို စောင့်ကြည့်နေဟန် တူ၏။ ထိုလူရိပ်ကို သူတို့နှစ်ယောက်စလုံးပင် လရောင်အောက်၌ ထင်ထင်ရှားရှား တွေ့လိုက်ရခြင်း ဖြစ်လေသည်။

သို့နှင့် အချိန်အတော်ကြာသောအခါမှ ထိုလူရိပ်သည် လရောင်အောက်၌ ပြန်၍ ပေါ်လာပြန်၏။ သို့သော် ခြေလှမ်းဆယ်လှမ်းလောက်သို့ရောက်တွင် ထိုလူရိပ်သည် မှောင်ရိပ်တစ်ခုအောက်၌ ပျောက်သွားပြန်၏။ ရက်ကျီနာမှာ ထိုလူရိပ်ကို လရောင်အောက်၌ ထင်ထင်ရှားရှား တွေ့မြင်လိုက်ရသောအခါ ရင်များပင် ဖို၍လာတော့၏။

"ဘာသိုလိုမြူဆိုတာ သူလား"

မှောင်ရိပ်ထဲမှ ကွန်းဝေးလ်(ဒိုင်းလ်)က တီးတိုးလေသံဖြင့် မေးလိုက်၏။

"ဟုတ်တယ်၊ သူပဲ"

ရက်ကျီနာသည် တုန်ယင်သောအသံဖြင့် ပြန်၍ဖြေ၏။ ရက်ကျီနာသည် ဘာသိုလိုမြူ၏ ခါးကိုင်းကိုင်းနှင့် ပခုံးကျုံ့ကို ကောင်းစွာ မှတ်မိပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သူ၏မျက်နှာပေါ်မှ ရွှေကိုင်းမျက်မှန်ကိုလည်း လရောင်အောက်တွင် ထင်ထင်ရှားရှား တွေ့မြင်လိုက်ရလေသည်။

"ရှင် သူ့ကို မတွေ့လိုက်ဘူးလား။ မမှတ်မိဘူးလား"

"အခုထက်ထိတော့ ဘာမှ မပြောနိုင်သေးဘူး။ သူ့ကို လရောင် အောက် နောက်ထပ်ဖြတ်တဲ့အထိ စောင့်ကြည့်ရမှာပဲ"

ထိုစဉ် ထိုလူသည် မှောင်ရိပ်ထဲမှ နောက်ထပ် မှောင်ရိပ်တစ်ခုရှိရာသို့ ဖြတ်ကူးသွားပြန်၏။ သို့သော် မှောင်ရိပ်တစ်ခုမှ အခြားမှောင်ရိပ်တစ်ခုကြား လရောင်မှာ လင်းထိန်နေသဖြင့် ကွန်းဝေးလ်သည် ထိုလူအား ထင်ထင်ရှားရှား တွေ့မြင်လိုက်ရသဖြင့် "ဟင်"ဟူသော အာမေဋိတ်သံတစ်သံနှုတ်မှ ရုတ်တရက် ထွက်ပေါ်လာသည်ကို ရက်ဂျီနာမှာ ပြတ်ပြတ်သားသား ကြားလိုက်ရ၏။ မှောင်ထဲမှ ကွန်ဝေးလ်၏ သွားကြိတ်သံ၊ မေးရိုက်သံတို့သည်ပင် တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းထွက်လာတော့၏။ ထို့ကြောင့် ရက်ဂျီနာမှာ တုန်လှုပ်သွားပြီးလျှင် ကွန်းဝေးလ်ဘက်သို့လှည့်ကာ လေသံဖြင့်...

"ဒေးဗစ် ဘာဖြစ်တာလဲ။ အဲဒါ ဘယ်သူလဲ"ဟု မေးလိုက်၏။

"အဲဒါ ဒိုင်းလ်ပေါ့"

ရက်ဂျီနာမှာ အံ့အားသင့်ကာ စိတ်ကိုထိန်းလျက်...

"ဘယ်ကဒိုင်းလ်လဲ"

"ကာစင်ဒိုင်းလ်လေ၊ ကျုပ်တို့ဇာတ်ဆောင်ကြီး ကာစင်ဒိုင်းလ်ပေါ့"

"သူ သေပြီဆို။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကတည်းက သူ အသတ်ခံရတယ်ဆို"

"အင်း... သူတကယ် သေသွားပြီဆိုရင်တော့ အခုလာနေတာ သူ့ဝိညာဉ်ပဲပေါ့"

"ရှင် သူ့ကို သေသေချာချာ မှတ်မိသလား"

"သိပ်မှတ်မိတာပေါ့။ ကျုပ် သူ့ဓာတ်ပုံကို အခါပေါင်း တစ်ထောင်မက ကြည့်ဖူးတယ်။ မှတ်မိတယ်။ သူ့ရုပ်နဲ့ ခန္ဓာကိုယ်နည်းနည်း ပြောင်းသွားပေမယ့် သူ့မျက်နှာအနေအထားကတော့ လုံးဝ မပြောင်းလဲပါဘူး"

"ဟုတ်ပြီ။ စကိုတီသေတာလည်း ဒီတစ္ဆေကို မြင်လိုက်ရလို့ လန့်ပြီး နှလုံးရောဂါအခံကြောင့် သေတာဖြစ်ရမယ်"

"ရှူး... တိုး... တိုး စကားမပြောနဲ့တော့ ရက်ဂျီ။ သူ နီးလာပြီ"





မှန်ပေသည်။ အချိန်မကြာမီပင် ကာစင်ဒိုင်းလ်သည် ရက်ဂျီနာ၏ ရှေ့သို့ ဘွားခနဲ ပေါ်လာတော့၏။

အေးမြသောလရောင်အောက်တွင် ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။ သစ်ခက်သစ်ရွက်တို့ကို လေတိုးသံမှတစ်ပါး အခြား မည်သည့်အသံကိုမျှ မကြားရဘဲ ကြောက်မက်ဖွယ်ပင် ကောင်းနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၉

''ခင်ဗျား ကျွန်တော့်ကို စောင့်နေတာ တော်တော်ကြာပြီထင်တယ် မစ္စစ်လင်းဘာတ်''

ဘာသိုလိုမြူဟု သူ့ကိုယ်သူ ကင်ပွန်းတပ်ထားသော ကာစင်ဒိုင်းလ်က ရက်ဂျီနာအား စတင်နှုတ်ဆက်၏။ သူ၏မျက်လုံးများမှာ ရက်ဂျီနာ၏ တစ်ကိုယ်လုံးကို သိမ်းကြုံးလွှမ်းခြုံထားသကဲ့သို့ ပတ်ဝန်းကျင်ကိုလည်း အလွှတ်မပေးချေ။

''ဟင့်အင်း... ကျွန်မ အခုပဲ ရောက်ပါတယ်''

ရက်ဂျီနာသည် ကာစင်ဒိုင်းလ်၏မျက်နှာကို ကြိုးစား၍ကြည့်ကာ ၎င်း၏အမူအရာကိုလည်း အကဲခတ်လျက် ရှိနေ၏။ သို့သော် မှောင်၍နေသဖြင့် သူ၏မျက်နှာကို ကောင်းစွာ မမြင်ရချေ။ သူသည် တမင်သက်သက် နေရာယူ၍ ထားခြင်းလည်း ဖြစ်နိုင်၏။

''ရှင်... အခုလို အချိန်မီရောက်လာတာကိုပဲ ကျွန်မ ကျေးဇူးတင်လှပါပြီ။ ကျွန်မဆီမှာရှိနေတဲ့ ဒေါ်လာလေးသိန်းတန် တံဆိပ်ခေါင်းတွေဟာ ကျွန်မ အသက်အန္တရာယ်အတွက် လုံခြုံမှုမရှိသလို ကျွန်မတစ်ယောက်တည်း ဒီနေရာမျိုးမှာ ကြာကြာရှိနေရရင် ကျွန်မတော့ သွေးလန့်ပြီးသေမှာပဲ''

''ဟုတ်လား''

''ဟုတ်တယ်၊ ကျွန်မစိတ်ထဲမှာ ဒီအိမ်ပိုင်ရှင် ''ရစ်ချတ်လူး''တစ္ဆေကြီး ပေါ်လာပြီး ကျွန်မကို ချောက်လှန့်လိမ့်မယ်၊ ဒါမှမဟုတ်လည်း ကျွန်မ





လည်ပင်းကို ညှစ်သတ်လိမ့်မယ်လို့ ကျွန်မစိတ်ထဲက ထင်နေတယ်။ အဲ ရစ်ချတ်လူး တစ္ဆေပေါ်မလာရင်လည်း ဒီလိုနေရာမျိုးမှာ တခြား မကောင်းဆိုးရွာတွေ အများကြီးရှိမှာပဲ။ ဒါပေမဲ့ ကျွန်မလက်ထဲမှာရှိနေတဲ့ မကောင်းဆိုးရွာ တံဆိပ်ခေါင်းတွေအတွက်သာ ကျွန်မ စွန့်စားပြီး ရောက်လာတာ။ ဒီကိစ္စပြီးရင် ကျွန်မတော့ ပြင်သစ်မှာ မနေတော့ဘူး''

''မင်းမှာ အခုအဲဒီတံဆိပ်ခေါင်းတွေ ပါလာသလား''

''ဟုတ်ကဲ့... ပါလာပါတယ်''

''ဒါဖြင့်... ကျူပ်ကိုပေးပါ''

''ပေးမလို့ပါပဲရှင်''

သို့ပြောရင်း ရက်ဂျီနာသည် အပေါ်အင်္ကျီအိတ်ထဲသို့ လက်နှိုက်၍ တံဆိပ်ခေါင်းသုံးလုံးကိုထုတ်ကာ ကာစင်ဒိုင်းလ်၏လက်သို့ ကမ်းပေး လိုက်၏။ တံဆိပ်ခေါင်းများမှာ နှစ်ဒေါ်လာခွဲတန် ''ဟန်ဂေရီ''တံဆိပ်ခေါင်းများ ဖြစ်၏။ ရက်ဂျီနာသည် မသိမသာ သက်ပြင်းတစ်ချက်ချကာ သူ၏မျက်နှာ အမူအရာကိုလည်း ကြောက်ကြောက်လန့်လန့် အကဲခတ်နေမိလေသည်။

ကာစင်ဒိုင်းလ်သည် သူ၏လက်ထဲသို့ ရောက်လာသော တံဆိပ်ခေါင်းများကို ကြိုးစား၍ကြည့်၏။ သို့သော် ဤမျှလောက် သေးငယ်သည့် စာရွက်အပိုင်းအစကလေးများကို မှုန်ဝါးသော လရောင်အောက်တွင် ထင်ရှားစွာ မြင်နိုင်စွမ်းမရှိချေ။

ရက်ဂျီနာသည် သက်ပြင်းတစ်ချက် ချလိုက်ပြန်၏။ ကာစင်ဒိုင်းလ်သည် ဓာတ်မီးခြစ်တစ်လုံးကို ထုတ်ယူပြီးလျှင် မီးခြစ်တော့မည် ပြုသောအခါ ရက်ဂျီနာမှာ တုန်လှုပ်သွားပြီနောက်...

''အို... မီးမခြစ်နဲ့လေ''ဟု ပြောကာ ကတိုက်ကရိုက်တားလိုက်၏။

''ဘာဖြစ်လို့လဲ''

''အို... ဒီနေရာမျိုးမှာ မီးခြစ်ရင် တော်တော် အရုပ်ဆိုးသွားမှာပေါ့။ ကျွန်မသာ ရှင့်နေရာမှာဆိုရင် ဒီလိုနေရာမျိုးမှာ အလင်းရောင်ထွက်အောင် လုပ်ရဲမှာမဟုတ်ဘူး''

ဒိုင်းလ်သည် မီးခြစ်ကို အိတ်ထဲသို့ ပြန်ထည့်လျက်...

''အင်း... ခင်ဗျား သတိပေးတာကို ကျေးဇူးတင်ပါတယ်''

''ရှင်တို့ စီအိုင်အေအဖွဲ့ဟာ ဒီငွေလေးသိန်းပေါ်ကို သုံးနှစ်သောက်ကြီးကြီးနဲ့ လိုက်နေတာတော့ ချီးကျူးပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ဒီလို ချီးကျူးတာကိုလည်း ကျေးဇူးတင်ပါတယ် မစ္စစ်လင်းဘတ်"

သို့ပြောရင်း ဒိုင်းလ်သည် တံခိုင်ခေါင်းများကို သူ၏အပေါ်အင်္ကျီ အိတ်ကပ်ထဲသို့ တရိုတသေထည့်နေ၏။

"ရှင်ဟာ တကယ်ပဲ ကာစင်ဒိုင်းလ်ဆိုတာလားဟင်"

ရက်ဂျီနာသည် မမျှော်လင့်နိုင်တော့ဘဲ သူ သိလိုသမျှ နှုတ်မှ ပွင့်ထွက်သွားတော့၏။ ထိုမေးခွန်းကိုမေးရန် လုံးဝ စိတ်မကူးပါပဲနှင့် မည့်သို့မည်ပုံ နှုတ်မှ မေးလိုက်မိသည်ကိုပင် ရက်ဂျီနာမှာ မသိနိုင်တော့ချေ။

"အို . . . ဟုတ်တယ်"

ဒိုင်းလ်သည် ပထမတွင် အံ့အားသင့်သွားပြီးလျှင် အတန်ကြာ စဉ်းစားပြီးမှ ဖြေ၏။

"သူတို့တစ်တွေ အားလုံးကတော့ ရှင်သေပြီလို့ ထင်နေကြတယ်"

"သူတို့ကလား . . . သူတို့ကတော့ ထင်မှာပေါ့။ ကျုပ်ကို ဂျာမန်တွေလက်ထဲမှာ ခွေးလိုဝက်လို ပစ်ထားခဲ့ကြတာကိုး။ ပြီးတော့ အဲဒီအချိန်မှာ ကျည်ဆန်ခဲပူတွေကလည်း ကျုပ်ဗိုက်ထဲကကော ခြေထောက်မှာတော့ ဖွာရရာကြနေတာကိုး"

ရက်ဂျီနာမှာ အသံတုန်ယင်လျက် . . .

"ဟင် . . . ဟုတ်လား။ ဒီနောက် ဘာတွေဖြစ်သလဲ။ ရှင် ဘယ်လို အသက်ပြန်ရှင်လာသလဲ"

"ကျုပ်ကို ဂျာမန်တွေက စစ်သုံ့ပန်းအဖြစ်နဲ့ ထောင်ထဲထည့်ထား တာပေါ့။ အဲဒီအချိန်မှာ ကမ္ဘာစစ်ကြီးကလဲ ပြီးဆုံးခါနီးဖြစ်နေပြီ။ ဂျာမန် တွေကလည်း စစ်ရှုံးပြေလာပြီ။ သူတို့မှာ သူတို့ရဲ့ အကျဉ်းသားတွေကို အစာလုံလောက်အောင် ကျွေးဖို့တောင် ခက်နေပြီ။ ကျုပ်ကလည်း ထောင်ထဲမှာ အပျင်းဖျားနေတယ်။ နောက်ဆုံး မြို့စားကြီးကိုယ်တိုင် ကျုပ်တို့ အချုပ်ထောင်ကို လာဖွင့်တဲ့အချိန်မှာ ကျုပ်ဟာ ဒုတိယအကြိမ် သေလု မျောပါး ဖြစ်နေတယ်"

"မြို့စားကြီး . . . မြို့စားကြီးဆိုတာ ဘယ်သူလဲ"

"ပြင်သစ်နိုင်ငံရဲ့ မြို့စားတစ်ဦးပေါ့။ ဂျာမန်တွေကို မြေအောက် တော်လှန်ရေးလုပ်နေတဲ့ မျိုးချစ်ပုဂ္ဂိုလ် ခေါင်းဆောင်ကြီးတစ်ဦး ဆိုပါတော့





အဲ . . . သူတံခါးဖွင့်တော့ ထောင်ထဲမှာ အသက်မျောမျောသာ ကျန်တော့တဲ့ ကျုပ်နဲ့အတူ နှစ်ဆယ့်နှစ်ယောက်ပဲ အသက်ရှိတော့တယ်။ အဲဒီအထဲမှာ ဗြိတိသျှလူမျိုး ရှစ်ယောက်၊ ဒတ်ချ်လူမျိုးနှစ်ယောက်၊ ကျန်တဲ့လူတွေကတော့ အမေရိကန်တွေပဲ။ ကျုပ်တို့အားလုံးကို မဟာမိတ်စစ်သားတွေအနေနဲ့ "အိပ် လဲစ်ဘိန်းစ်" ဆေးရုံမှာတင်ပြီး ဆေးကုသပေးတယ်။ အဲဒီဆေးရုံမှာ ကျုပ် တစ်လကျော်ကျော် ကြာခဲ့သေးတယ်။ အဲ . . . စစ်ကြီးပြီးဖို့ နှစ်ပတ်လောက် အလိုမှာတော့ ကျုပ်ဟာ ထွက်ပြေးရင် လွတ်မြောက် နိုင်လောက်တဲ့ ခွန်အား ရှိလာပြီ"

"ထွက်ပြေးတယ် ဟုတ်လား။ ဆေးရုံကလား။ ဘာလို့ ထွက်ပြေး ရတာလဲ"

ဒိုင်းလ်က စိတ်ရှည်လက်ရှည် ရှင်းပြ၏။

"ဒီအထိတော့ မင်း နားမလည်ပါဘူးလေ။ ကျုပ်စိတ်ထဲမှာတော့ အဲဒီတုန်းက စိန့်ဟာလီနာ ဘုရားရှိခိုးကျောင်း အချိုင်းထဲမှာ မြှုပ်ခဲ့တဲ့ ရွှေ တွေကို ကျုပ်တစ်ယောက်ထဲပဲသိတယ်လို့ ထင်ခဲ့တယ်။ ဂျာမန်အကျဉ်းထောင် ထဲမှာတုန်းက ကျုပ်တို့ဖမ်းလာတဲ့ ဂျာမန်တစ်ယောက်ကို ကျုပ်က တခြား ရဲဘော်တွေအကြောင်း မေးကြည့်ဖူးတယ်။ သူ့အပြောကတော့ တခြားရဲဘော် တွေ အားလုံးကို သူတို့ အသေမိသတဲ့။ ကျုပ်ကလည်း အဲဒီစကားကို ယုံခဲ့ မိတယ်။ ဒါကြောင့်လည်း ဒီရွှေမြှုပ်တဲ့နေရာကို သိတဲ့လူဟာ ကျုပ် တစ် ယောက်တည်း ရှိတော့တယ်လို့ ထင်တာပေါ့"

"ဒါနဲ့ရှင် ရွှေတွေနောက် လိုက်တော့တာပဲ ဆိုကြပါစို့"

"အေးပေါ့။ ဒီအတိုင်းပဲ တွေးလို့ရသလို ဒီအတိုင်းပဲ ဆက်လုပ်မိ တာပေါ့။ ဒါပေမဲ့ ကျုပ်ဟာ စိန့်ဟာလီနာကို ရောက်သွားတော့ နောက်ကျ သွားပြီ။ ကျုပ်မရောက်ခင် လွန်ခဲ့တဲ့ သုံးရက်လောက်ကတည်းက သင်္ချိုင်း ဂူဟာ ဖောက်ပြီးသား ဖြစ်နေပြီ။ ပထမတော့ ကျုပ် ဒီကိစ္စကို လုံးဝ သံသယ မရှိပါဘူး။ ကျုပ်တို့ အထဲက တစ်ယောက်ယောက်ကို ဂျာမန်တွေ လက်ရဖမ်းမိသွားတယ်လို့ ထင်ခဲ့တယ်။ အဲဒီလူကို ရက်ရက်စက်စက် နှိပ်စက် မေးလို့ ဒီရဲဘော်က ဖော်ကောင်လုပ်လို့ ဂျာမန်တွေ တူးဖော်ရရှိသွားတယ် လို့ ထင်တယ်လေ။

ဒါပေမဲ့ ကျုပ်အတွက် ဆက်တွေးစရာ ဖြစ်လာတာက ကျောက် စိန်



www.burmeseclassic.com

www.burmeseclassic.com



ဟာလီနာအရပ်က ထွက်မလာခင်မှာပဲ ပြင်သစ်လယ်သမားတစ်ယောက်နဲ့ မမျှော်လင့်ဘဲ သွားတွေ့တယ်။ အဲဒီလယ်သမားကတော့ မင်းယောက်ျား ချားလ်(စ်)လင်းဘတ်ကို သချိုင်းဂူဖောက်ရာမှာ ဝိုင်းကူခဲ့တဲ့လူပေါ့။ သူက တော့ ချားလ်(စ်)လင်းဘတ်ရဲ့ နာမည်ကိုမသိပါဘူး။ ဒါပေမဲ့ သူ့ဆီက ချားလ်(စ်)လင်းဘတ်ရဲ့ ပုံသဏ္ဍာန်အသေးစိတ်ကို သိရတယ်ဆိုရင်ပဲ သင်္ချာဖောက်ကောင် ဘယ်သူဆိုတာ ကျုပ် သိလိုက်ပြီ။

ကျုပ်ဘဝကို ဒီဒေါ်လာလေးသိန်းအပေါ်မှာ မြှုပ်နှံလိုက်တယ်။ ဒီတော့ ကျုပ်ဟာ ချားလ်(စ်)လင်းဘတ်ရဲ့နောက်ကို တကောက်ကောက် လိုက်တော့တာပဲ။ ဒီကောင်ကလည်း ကမ္ဘာကြီးကျယ်သရွေ့ ပြေးတာပေါ့။ ကျုပ်ကလည်း နောက်ကလိုက်တာပဲ။ နောက်ဆုံး နှစ်ပေါင်းဆယ့်ရှစ်နှစ် ကြာသွားတယ်။ ဆယ့်ရှစ်နှစ်ကြာတဲ့အခါမှ ဒီကောင့်ကို ရှာတွေ့တော့တယ်။ သူ့ကိုတွေ့တဲ့ နောက်ဆုံးနေ့ဟာ ဒီလ ၁၉ ရက်နေ့ကပေါ့''

ကာစင်ဒိုင်းလ်သည် စကားဆက်တိုက် ပြောရသဖြင့် မောသွားဟန်ဖြင့် ခေတ္တရပ်ထားလိုက်၏။

''ဒါထက်... ရှင် ချားလ်(စ်)ကို ဘယ်လိုရှာတွေ့တာလဲ''

''သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာရင်တွေ့ဆိုတဲ့ စကားပုံလိုပေါ့။ နို့ပေမဲ့ ချားလ်(စ်)ကို လိုက်ရင်းလိုက်ရင်း တွေ့မယ်တွေ့တော့ မမျှော်လင့်တဲ့အချိန်မှာ ကံအားလျော်စွာ တွေ့တယ်လို့ ဆိုရမယ်။

သူ့ကိုတွေ့တာ နောမန်ဒီ ရုပ်ရှင်ရုံထဲမှာပေါ့။ ကျုပ် ရုပ်ရှင်ရုံထဲမှာ သူ့ကို တွေ့လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ ရုပ်ရှင်ပြီးလို့ မီးလင်းအလာမှာ သူ့ကို ဘွားခနဲတွေ့လိုက်ရတယ်။ သူဟာ ကျုပ်နံဘေးက ထိုင်ခုံမှာ ထိုင်နေတာကိုး။ ဆယ့်ရှစ်နှစ်ကျော် ကြာသွားပေမယ့် သူကလည်း ကျုပ်ကို တွေ့တွေ့ချင်း မှတ်မိတယ်။ ကျုပ်ဟာ ဘယ်လောက် ရာသီဥတု ဒဏ်ခံရပြီး အိုစာသွားပေမယ့် ကျုပ်ကို သူမှတ်မိနေတယ်။ ရာဇဝတ်သားဟာ သူကျူးလွန်ခဲ့တဲ့အပြစ်အတွက် အမြဲတမ်း ထမင်းလုံးတစ္ဆေ အခြောက်ခံနေ ရသလို သူဟာ ကျုပ်ကိုတွေ့ရင်ပဲ သေမင်းနဲ့ ရင်ဆိုင်တွေ့လိုက်ရသလို ကြောက်လန့်နေတယ်ဆိုတာ သူ့မျက်နှာပေါ်မှာ အထင်းသားပေါ်နေတယ်။ သူ့မှာ နှလုံးရောဂါ စွဲကပ်နေဟန်တူတယ်။ ဟာမင်စကိုဘီဟာလည်း အစကတည်းက နှလုံးရောဂါ စွဲကပ်နေလို့ ဟိုတယ်အခန်းထဲမှာ ကျုပ်ကို





တွေ့တယ်ဆိုရင်ပဲ သူ့ရဲ့နှလုံးသွေးရပ်ပြီး သေသွားခဲ့တယ်။ ချားလ်(စ်)က တော့ ချက်ချင်း မသေပါဘူး။

ဒါနဲ့ ကျုပ်တို့နှစ်ယောက် အတူတူပဲ ကမ်းနားကို လမ်းလျှောက် ကြတယ်။ ဘေးချင်းယှဉ်လျက် လျှောက်ကြတယ်။ တစ်ယောက်ကိုတစ်ယောက် စကားမပြောကြပေမယ့် တစ်ယောက်ရဲ့အတွင်းစိတ်ကို တစ်ယောက်က သိနေကြသလိုပဲ။ နောက်ဆုံး ကျုပ်တို့နှစ်ယောက် သင်္ဘောဆိပ်ဘောတစ်ခု ပေါ်မှာ ရပ်ပြီး ဆွေးနွေးကြတယ်။ သူက ကျုပ်ကို တချို့တစ်ဝက်ပေးပြီး အချိုသတ်ဖို့ ဆွေးနွေးတယ်။ ကျုပ်က လက်မခံဘူး။ သင်္ချာဖောက်အတွက် ဘာမှမခံစားထိုက်ဘူးလို့ ပြောလိုက်တယ်။

ဒီတော့ သူက ဒီငွေတွေပြန်ပေးဖို့ ရက်ချိန်းတောင်းတယ်။ သူ့ အမှားအတွက် ကျုပ်ကိုလည်း ဝန်ချတောင်းပန်တယ်။ ဒါပေမဲ့ ကျုပ် သူ့ကို မယုံဘူး။ ဒါကြောင့် သူ့နောက်ကို ကျုပ် တကောက်ကောက် ထက်ကြပ်မကွာ အမြဲလိုက်နေတယ်။ အဲ... နောက်ဆုံး သူ ကျုပ်ကို တစ်ပတ်ရိုက်ပြီး ဒီတိုင်းပြည်က ထွက်ပြေးဖို့ကြိုးစားတယ်။ ကျုပ်ကလည်း သူ့နောက်ကို ထက်ကြပ်မကွာ လိုက်ရက်ပဲ။ နောက်ဆုံးတော့ သူဟာ ထိုက်သင့်တဲ့အပြစ် ဒဏ်ကို ခံသွားရရောဆိုပါတော့''

''နောက်... ကျန်တဲ့လူတွေကော။ သူတို့ အသတ်ခံရတာလည်း သူတို့ အပြစ်ဒဏ်ခံရတာပဲလား''

''ဒါကတော့ ချားလ်(စ်)ရဲ့အပြစ်ပဲ။ တကယ်လို့ သူ့ကို ရှာတွေ့တဲ့ အချိန်မှာပဲ အဲဒီဒေါ်လာလေးသိန်းကို ကျုပ်လက်ထဲအပ်လိုက်ရင် ဘာမှ ပြဿနာ မပေါ်တော့ဘူး။ အဲဒီမှာပဲ အဆုံးသတ်သွားမှာပဲ။ မင်းလည်း သိပါတယ်လေ၊ အခု ဒီည ဒီအချိန် ဒီနေရာကို မင်း ဘာကြောင့် ရောက်နေ တာလဲ။ မင်း... အခု မင်းအတွက် ရှယ်ယာတောင်းဖို့ ရောက်လာတာ မဟုတ်လား''

သို့ပြောရင်း ကာစင်ဒိုင်းလ်သည် သူ့အပေါ်တွင် စပ်စုနိုင်လှသော ရက်ဂျီနာကို မျက်မှောင်ကုတ်၍ အကဲခတ်နေ၏။ ရက်ဂျီနာသည် ကာစင် ဒိုင်းလ်၏ နောက်ဆုံးမေးခွန်းကိုတော့ ခုခံကာကွယ်ရန် ကြိုးစားသော်လည်း သို့သော် သူက အခွင့်အရေးမပေးချေ။

''ဒါတော့ မဖြစ်နိုင်ဘူး။ ဒီငွေတွေဟာ မင်းနဲ့ လုံးဝမသက်ဆိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဒီငွေတွေကကော ရှင်နဲ့ သက်ဆိုင်တယ်၊ ရှင်ပိုင်ဆိုင်တယ်လို့ များ ရှင် ထင်နေသလား"

"အင်း ... ဒါလည်း ဟုတ်တာပဲ။ ဒီပိုက်ဆံတွေဟာ ကျုပ်နဲ့ လည်း မဆိုင်ဘူး။ အမေရိကန်ပြည်ထောင်စုနဲ့သာ တိုက်ရိုက်သက်ဆိုင်တယ်။ ကျုပ် ဒီငွေတွေနောက်ကို ဒီလောက်နှစ်ပေါင်းများစွာ အနစ်နာခံပြီး လိုက်နေတာ ဘာကြောင့်လဲဆိုတာ သိရဲ့လား။ အထက်အာဏာပိုင်တွေဟာ ကျုပ်ကို ယုံကြည်လို့ ဒီငွေတွေပုံအပ်ခဲ့တာ ကုသိုလ်ကံအကြောင်းမလှလို့ ဒီငွေတွေ ဆုံးခဲ့တယ်။ အခု ရေစက်မကုန်သေးလို့ ပြန်တွေ့ကြပြန်တယ်။ ဒါကြောင့် ဒီငွေတွေကို အထက်အာဏာပိုင်တွေဆီကို ပြန်အပ်ရမယ်။ ဒီငွေတွေ ပြန် မပါလာဘဲနဲ့ ကျုပ်ရဲ့အဖြစ်အပျက်တွေ သူတို့ကို ပြောပြရင် သူတို့က ကျုပ်ကို ဘယ်ယုံကြည်ကြပါ့မလဲ။ ဒါ့ကြောင့် ဒီငွေတွေပြန်ရဖို့အတွက် ကျုပ်ဘဝကို မြှုပ်နှံဖို့ ထောင်ထဲမှာကတည်းက ကျုပ်စိတ်ကို ကျုပ် ဆုံးဖြတ်ခဲ့တယ်။ ဆေးရုံမှာ အတည်ပြုခဲ့တယ်။ ဆယ့်ရှစ်နှစ်လုံးလုံး အကောင်အထည်ဖော်နိုင်ခဲ့ တယ်။ ဒါ့ကြောင့်လည်း ကျုပ် အသက်ရှင်နေသေးတယ်ဆိုရင်လည်း မမှားဘူး။ ဒီငွေတွေ မြှုပ်နှံထားတဲ့နေရာကို ကျုပ်တစ်ယောက်တည်းပဲ သိတယ်လို့ တစ်ချိန်က ကျုပ်ထင်ခဲ့တယ်။ တကယ်လို့ ကျုပ်သေသွားရင် ဒီငွေတွေဟာ မြေကြီးသြဇာဖြစ်သွားမယ်လို့ ထင်ခဲ့တယ်။ ပြီးတော့ ကျုပ်ရဲဘော် တစ် ယောက်ယောက်က သစ္စာဖောက်ပြီး ခိုးယူသွားတယ်ဆိုတာ ဘယ်သူမှသိနိုင်ဖို့ အကြောင်း မရှိတော့ဘူး"

ရက်ဂျီနာသည် စိတ်အားထက်သန်စွာ ပြောပြနေသော ကာစင်ဒိုင်းလ်အား ငေးမောကြည့်နေမိ၏။ ဒေါ်လာလေးသိန်းအတွက် ဘာသိုလိုပြီ ခေါ် ကာစင်ဒိုင်းလ်သည် တစ်ဖက်သတ် လောဘကြီးကာ မိမိ၏မိတ်ဆွေရင်း ရဲဘော်များကိုလည်း သတ်ခဲ့သေး၏။ သူကိုယ်တိုင်မှာလည်း ဒုက္ခအမျိုးမျိုး သုက္ခအမျိုးမျိုးခံစားခဲ့ရ၏။ အတော်ပင် ဖွဲ့နဘဲကြီးသူ တစ်ယောက်ဖြစ်၏။

"ဒီပျောက်ဆုံးသွားတဲ့ ရွှေတွေအားလုံးအတွက် ချားလ်(စ်)လင်း ဘတ်ဟာ တာဝန်အရှိဆုံး ပုဂ္ဂိုလ်ပဲ။ ဒါကိုတော့ ဘယ်သူမှ မငြင်းနိုင်ဘူး။ သူ သစ္စာဖောက်လို့ အခုလို စိတ်မချမ်းသာစရာတွေ ဖြစ်ရတာ။ ဒီတော့ မင်းအတွက် ဝေစု ဘာမှမပေးနိုင်ဘူး"

"ဟုတ်ကဲ့... ဟုတ်ကဲ့"





ရက်ဂျီနာမှာ တုန်တုန်ယင်ယင်နှင့်ပင် အဖြေပေးလိုက်၏။ ရက်ဂျီနာမှာ ကာစင်ဒိုင်းလ်အား အလွန်ပင်ကြောက်လန့်နေတော့၏။ ဒေါ်လာ လေးသိန်းအတွက် ရဲဘော်ရဲဘက်များကို သွေးအေးအေးဖြင့် သတ်ခဲ့သော လူသတ်သမားသည် သူ၏ဖြစ်ကြောင်းကုန်စင်ကို မိမိအား ပြောပြ၍ သူ၏ အကြောင်းများကို သိပြီးပြီဖြစ်သော မိမိအား အသက်ရှင်လျက် ထားခဲ့ပါဦး မည်လော။

ယခုလို အခြေအနေမျိုးတွင် ရက်ဂျီနာသည် မည်သည့်ပစ္စည်းကိုမှ မလိုချင်ဘဲ အဝေးသို့သာ ထွက်ပြေးလိုတော့၏။ ရက်ဂျီနာသည် ကာစင် ဒိုင်းလ်အား ထို့ထက်ပို၍ အချိန်ဆွဲမထားနိုင်တော့ဘဲ အချိန်ကြာလျှင် ဟန် ဆောင်နိုင်တော့မည် မဟုတ်ချေ။ မှောင်ထဲ၌ ပုန်းအောင်းနေကြသော ကွန်းဝေးလ်နှင့် ဂရင်းပီးယားအဖွဲ့သည် မည်သည့်နေရာသို့ ရောက်ကုန်ကြ လေသနည်း။ သူတို့သည် ယခုအချိန်အထိ အဘယ်ကြောင့် ထွက်မလာကြ သနည်း။ ရက်ဂျီနာ၏ အတွင်းစိတ်သည် တစ်စုံတစ်ခု ကြံစည်နေသကဲ့သို့ ကာစင်ဒိုင်းလ်ကလည်း ကြံစည်နေလေသည်။

သို့နှင့် အတန်ကြာသောအခါ အမှောင်ထဲမှ ကွန်းဝေးလ် ထွက် လာ၏။ သူ လာပုံမှာ အေးအေးဆေးဆေးပင်ဖြစ်၍ ဒိုင်းလ်ကို ရန်မူမည့် အမူအရာ လုံးဝမပေါ်လွင်ချေ။ သို့သော် ဒိုင်းလ်သည် ကွန်းဝေးလ်ကို တွေ့ မြင်လိုက်သောအခါ တစ္ဆေသရဲကို တွေ့လိုက်ရသကဲ့သို့ ကြောက်ရွံ့တုန်လှုပ် နေ၏။

ကွန်ဝေးလ်က "မစ္စတာကာစင်ဒိုင်းလ်၊ ကျွန်တော်ဟာ အမေရိကန် ပြည်ထောင်စု ငွေတိုက်ဌာနက ဖြစ်ပါတယ်။ ခင်ဗျားဟာ တကယ်ပဲ ဒီဒေါ်လာ လေးသိန်းကို အမေရိကန်ပြည်ထောင်စုကို ပြန်အပ်ချင်တယ်ဆိုရင် အဲဒီ တံဆိပ်ခေါင်းတွေ ကျွန်တော့်ကိုအပ်ပါ"

"ဟေ့... မင်း မဟုတ်လား။ မင်းကိုယ်မင်း... ငါ့ရဲ့ညီ အထောက် နှားဒိုင်းလ်ဆိုပြီး ညာတဲ့ကောင်"

ကာစင်ဒိုင်းလ်သည် အံ့အားသင့်ကာ မေးနေ၏ သူ၏အသံမှာ အတော်ပင် ကျယ်သဖြင့် တိတ်ဆိတ်နေသောညကိုပင် ဖောက်ထွင်းသွား လေသည်။

"မှန်ပါတယ် ... ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကွန်းဝေးလ်က ဝန်ခံ၏။

"မင်း... ဘယ်သူလဲ။ မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ဒေးဗစ်ကွန်းဝေးလ်"

"ရက်ဂျီနာကပြောတော့ မင်း လီယိုပိုဂစ်ဒီယွန်ကို သတ်ပစ်လိုက်တယ်ဆို။ ပြီးတော့... မင်းကို ပုလိပ်တွေ ဖမ်းသွားပြီဆို... "

ကာစင်ဒိုင်းလ်သည် ကွန်းဝေးလ်ကို ပြောရင်းမှ ရက်ဂျီနာအား လှည့်ကြည့်၏။ သူ၏ အကြည့်တွင် စွပ်စွဲချက်များ ပါနေ၏။

"ဒါပေမဲ့ ကျုပ်ဟာ တကယ့်လူသတ်သမားမှ မဟုတ်တာ။ အမေရိကန်သံရုံးအမှုထမ်းတစ်ယောက်ပဲ"

"မင်းပြောတိုင်း ငါ ယုံရမှာလား။ မင်းမှာ သက်သေခံကပ်ပြားပါသလား"

"ပါတယ်၊ ကျွန်တော်ပြနိုင်ပါတယ်"

ကွန်းဝေးလ်သည် ပြောပြောဆိုဆိုပင် သူ၏ အတွင်းအိတ်ထဲသို့ လက်နှိုက်နေစဉ် အချိန်၌ပင် ကာစင်ဒိုင်းလ်၏လက်ထဲတွင် ပြောင်လက်မည်းနက်သော သေနတ်တစ်လက်ရောက်နေ၏။ သေနတ်ပြောင်းဝသည် ရက်ဂျီနာနှင့် ကွန်းဝေးလ်တို့ကို ချိန်းထားလေသည်။

"ဟေ့... တစ်ယောက်မှမလှုပ်နဲ့။ ကိုင်း... မင်းအိတ်ထဲက လက်ကို ပြန်ထုတ်လိုက်စမ်း။ လက်ထဲမှာ ဘာမှမပါလာပါစေနဲ့"

"ခင်ဗျားပဲ ကျွန်တော်ရဲ့ သက်သေခံကတ်ပြားကို ကြည့်ချင်တယ်ဆို... "

"မလိုတော့ဘူး။ ငါ မင်းကို မယုံကြည်တော့ဘူး။ မင်းတို့နှစ်ယောက်စလုံး ငါ့ငွေတွေ၊ ငါ့ရွှေတွေနောက်ကို လိုက်နေကြတာ... "

"ဒါတော့ မဖြစ်နိုင်ဘူး။ ဒီပစ္စည်းတွေဟာ ကျုပ်တို့လက်ထဲကို အရင်ဆုံး ရောက်တာပဲ။ တကယ်လို့သာ ကျုပ်တို့ဒီပစ္စည်းတွေကို မက်မောရင် ဒီအချိန် ဒီနေရာကို ရောက်လာမှာ မဟုတ်ဘူး... "

"ဒါက မင်းတို့ မင်္ဂလာယူတာပါ။ မင်းတို့ ငါ့ကို ဖမ်းချင်လို့ ရောက်လာကြတာ မဟုတ်လား"

ကာစင်ဒိုင်းလ်သည် အခြေအနေအားလုံးကို ရိပ်စားမိသဖြင့် သူ၏ သေနတ်ပြောင်းဝကို ကွန်းဝေးလ်၏ မျက်နှာတည့်တည့်တွင် ချိန်ထားလိုက်





ပြီးလျှင် ခလုတ်ကိုဖြုတ်ရန် ပြင်ဆင်နေ၏။ သို့ရှိစဉ် မှောင်ထဲမှ ဝရင်းပီးယား၏ အသံကြီးက ထွက်ပေါ်လာတော့၏။

"ကာစင်ဒိုင်းလ် ခင်ဗျားလက်ထဲက သေနတ်ကိုချလိုက်ပါ။ ကျုပ်တို့ ခင်ဗျားကို ဝိုင်းထားပြီ"

သို့သော် ကာစင်ဒိုင်းလ်သည် လက်ထဲမှ သေနတ်ကို လုံးဝမချဘဲ ဂရင်းပီးယား၏ အသံလာရာဆီသို့ သူ၏သေနတ်နှင့် ထိုးပစ်လိုက်ရာ တိတ်ဆိတ်နေသော ညဉ့်သည် "ဒိုင်း"ခနဲ မြည်ဟီးသွားသော သေနတ်သံကြောင့် ကြောက်မက်ဖွယ်ပင် ကောင်းနေတော့၏။

ရက်ဂျီနာနှင့် ကွန်ဝေးလ်တို့မှာ မည်သို့လုပ်ရမည် မသိဘဲ ငေးငိုင်နေကြ၏။ တစ်ချိန်တည်းမှာပင် ကာစင်ဒိုင်းလ်သည် တိုက်အိုကြီး၏ အမှောင်ထဲသို့ ပြေးဝင်သွားတော့၏။

သို့နှင့် ကွန်းဝေးလ်သည် ရက်ဂျီနာအားဖက်၍ မြေကြီးပေါ်သို့ လှဲချလိုက်တော့၏။ သူတို့၏ကိုယ်ပေါ်မှ ကျည်ဆန်များ မရေမတွက်နိုင်အောင် ပလူပျံနေ၏။ သူတို့နောက်တွင် ဂရင်းပီးယားနှင့်အဖွဲ့ရှိ၍ သူတို့ရှေ့တွင် ကာစင်ဒိုင်းလ်ရှိလေရာ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်သမျှ ကျည်ဆန်များသည် သူတို့ကိုယ်ပေါ်မှ ဖြတ်ကျော်သွားကြ၏။

မှောင်ထဲတွင် ပစ်ခတ်နေကြသဖြင့် မည်သူကပစ်၍ မည်သူ့ကို မှန်သည် မသိရသော်လည်း ဂရင်းပီးယား၏ အဖွဲ့သားများဘက်မှ ညည်းသံများ ထွက်ပေါ်လာတော့၏။

ကာစင်ဒိုင်းလ်က တိုက်အိုကြီး၏နံရံများကို အကာအကွယ်ရနေသဖြင့် တပန်းသာနေရ၏။ ဂရင်းပီးယားတို့ဘက်မှ သစ်ခက်သစ်ရွက်များကြောင့် "ကျည်ကွယ်"တော့ မရနိုင်၊ "မျက်ကွယ်"သာ ရနေ၏။ ထို့ကြောင့် ဒိုင်းလ်၏သေနတ်မှ ပွင့်ထွက်လာသော မီးပွင့်တို့ကိုသာ မှန်းဆ၍ ပြန်လှန်ပစ်ခတ်နေရ၏။ ရှေ့သို့မူ တစ်လှမ်းမျှ မတိုးရဲကြချေ။ စစ်မြေပြင် အလယ်မှ ရက်ဂျီနာနှင့် ကွန်းဝေးလ်တို့ကမူ မြေကြီးနှင့် တစ်သားတည်းကျအောင် ဝပ်နေကြ၏။ တုတ်တုတ်မျှပင် မလှုပ်ရဲ၊ အသက်မရှူရဲကြချေ။

သို့သော် တိုက်ပွဲသည် ဤအတိုင်း ရှည်ကြာနေ၍ မဖြစ်။ ထက်တစ်ဖက်ဘက်မှ ဖောက်ထွက်မှသာ ဖြစ်ပေတော့မည်။ သို့နှင့် ကွန်းဝေးလ်သည် ကွယ်ကပ်ထားသော ရက်ဂျီနာ၏လက်ကိုဖြုတ်ကာ ရှေ့သို့ တွားသွားသည်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြင်သောအခါ ချစ်သူအတွက် ရတက်မအေးနိုင်သော ရက်ဂျီနာက ကွန်ဝေးလ်၏လက်ကို ပြန်၍ဆွဲထား၏။ သို့သော် ကွန်းဝေးလ်က ခြေဟန် လက်ဟန်ဖြင့် ငြိမ်ငြိမ်ဝပ်နေခဲ့ရန် အမူအရာသာ ပြလေသည်။

လရောင်သည် အေးမြတောက်ပလျက်ရှိနေသဖြင့် ထိုလရောင်ကြောင့်ပင် အရိပ်များ ဖြစ်ပေါ်လာကာ ထိုအရိပ်များကြောင့်ပင် အမှောင်ထုက ပိုမိုသိပ်သည်းနေလေသည်။

ကွန်းဝေးလ်သည် သူ၏ကိုယ်ပေါ်မှ ဖြတ်သန်းနေသည့်ကျည်ဆန်များ အောက်မှနေ၍ မြေကြီးကိုရင်ဘတ်နှင့် ပွတ်လိုက်ကာ မိကျောင်းသွားသွားလျက် ရှိနေ၏၊ သို့နှင့် တိုက်အိုကြီး၏ အခြေအနေကို အကဲခတ်လျက် ရှိနေ၏။ ကာစင်ဒိုင်းလ်ကမူ တိုက်အိုကြီး၏ တံခါးဘောင်ကို အကာအကွယ်ယူကာ တစ်ချက်ချင်း ပစ်ခတ်လျက် ရှိနေ၏။ သူ့ဘက်မှ ကျည်ဆန်ကို ချွေတာ၍ ပစ်ခတ်နေဟန်တူ၏။ ဂရင်းပီးယားတို့ဘက်မှမူ အဆက်မပြတ် တရစပ်ပစ်ခတ်လျက် ရှိနေ၏။ သို့သော် တိုက်အိုကြီး၏ နံရံထောင့်ချိုးခံနေသောကြောင့် သူ့အား ကျည်မထိနိုင်ချေ။

သို့ရှိစဉ် ကာစင်ဒိုင်းလ်သည် တိုက်အိုကြီး၏ တံခါးမကြီးကို တွန်းဖွင့်ကာ အတွင်းသို့ ပြေးဝင်သွားသည်ကို ကွက်ကြားလင်းနေသည့် အလင်းရောင်တွင် ကွန်းဝေးလ်မြင်လိုက်ရ၏။

ဤအတိုင်း အမှောင်ထဲတွင် စမ်းတဝါးဝါး ပစ်ခတ်နေလျှင် အကျိုးသက်ရောက်နိုင်တော့မည် မဟုတ်သည်ကို ကွန်းဝေးလ်က သိသော်လည်း ဒိုင်းလ်နောက်သို့ ပြေးလိုက်ရန် ခက်နေ၏။ ဒိုင်းလ်ကမူ အကာအကွယ်ကောင်းသော တိုက်အိုကြီးထဲသို့ပင် ရောက်ရှိသွားပြီ မဟုတ်ပါလော။

မိနစ်ပိုင်းအတွင်း၌ပင် ဂရင်းပီးယားတို့ဘက်မှလည်း အပစ်အခတ်များ လျော့လိုက်၏။ အခြေအနေကို ရိပ်မိသွားဟန်တူ၏။ မှောင်ထဲတွင် တစ်ချက်တစ်ချက်သာ ပေါ်လာတော့၏။

ဤအတိုင်းဆိုလျှင်' ကွန်းဝေးလ် စွန့်စားရပေတော့မည်။ သို့နှင့် သူသည် ကာစင်ဒိုင်းလ် ပြေးဝင်သွားသည့် တံခါးပေါက်ဆီသို့ တဟုန်ထိုးပြေးကာ အရှိန်မသတ်ဘဲ တိုက်အိုကြီးထဲသို့ ပြေးဝင်သွားတော့၏။ တံခါးမကြီးမှ သူဝင်လိုက်သည်နှင့် ဒိုင်းလ်၏ကျည်ဆန်များက သူ့အား ဆီးကြိုကြ၏။ သို့သော် သူအဝင်နှင့် ဒိုင်းလ်က အပစ်တွင် အချိန်ကွာနေသဖြင့်





ကျည်လွဲသွား၏။ သို့နှင့် ကြမ်းပြင်ပေါ်သို့ လဲကျသွားသော ကွန်းဝေးလ်က မလှုပ်မယှက် ငြိမ်သက်လျက် ရှိနေ၏။ ဤသို့ ငြိမ်မနေလျှင် ဒိုင်းလ်သည် သူ့အား ဆက်တိုက် ပစ်ခတ်နိုင်လေသည်။

အခန်းတွင်း၌ ပိန်းပိတ်အောင် မှောင်နေသဖြင့် တစ်ယောက်ကို တစ်ယောက် လုံးဝမမြင်ချေ။ သို့နှင့် ကွန်းဝေးလ်သည် သူ၏ ညာဘက်ပခုံးတွင် စလွယ်သိုင်းထားသည့် အော်တိုမစ်တစ် ပစ္စတိုကို ထုတ်ယူလိုက်ပြီးလျှင် အခြေအနေကို အကဲခတ်နေ၏။ အခန်းတွင်းတွင် မှောင်မည်းလျက် တိတ်ဆိတ်နေ၏။ ဒိုင်းလ်ကလည်း သူကဲ့သို့ပင် အခြေအနေကို စောင့်ဆိုင်းနေဟန် တူလေသည်။

အပြင်ဘက်မှ စကားပြောသံများ ကြားနေရသော်လည်း တိုက်အိုကြီးအတွင်း၌မူ အသက်ရှူသံများ မကြားရချေ။ ကာစင်ဒိုင်းလ်မှာမူ ဤတိုက်အိုကြီးသို့ ရောက်ဖူးကောင်း ရောက်ဖူးပေမည်။ ကွန်းဝေးလ်ကား ဤနေရာဒေသသို့ပင် မရောက်ဖူးသဖြင့် ဤတိုက်အိုကြီး၏ ဖွဲ့စည်းပုံကို လုံးဝမသိချေ။ ထို့ကြောင့် သူသည် မလှုပ်မယှက် ငြိမ်သက်လျက်ရှိနေ၏။

သို့နှင့် ကွန်းဝေးလ်သည် ဤသို့နေလျှင် မဖြစ်တော့သည်ကို သိသဖြင့် တစ်လက်မစီသာ ဖြေည်းစွာ နေရာရွှေ့နေ၏။ ရှေ့တွင် အပိတ်အဆို့ အတားအဆီး မရှိသောကြောင့် အခန်းကြီးမှာ အတော်ကျယ်ဝန်းဟန်တူ၏။

ယခုအတိုင်းဆိုလျှင် အပြင်ဘက်မှ တပ်ကူသည်လည်း ဝင်မလာနိုင်။ ဝင်လာပါကလည်း သေလူဖြစ်နေသော ကာစင်ဒိုင်းလ်သည် ဝင်လာသူအား ပစ်သတ်ပေတော့မည်။

ယခုလည်း ဒိုင်းလ်သည် တံခါးဝသို့ လည်းကောင်း၊ ကွန်းဝေးလ်ရှိရာသို့လည်းကောင်း ကြောင်က ကြွက်ကိုချောင်းသကဲ့သို့ ချောင်းနေပေတော့မည်။

ယခုလောလောဆယ် အခြေအနေတွင် အမှောင်ထု၌ အသံပြုလှုပ်သူမှာ ဇီဝိန်ချုပ်ရန်သာ ရှိတော့၏။ အခြေအနေအရဆိုသော် သူသေကိုယ်သေပင် ဖြစ်တော့၏။ ကာစင်ဒိုင်းလ်၏ လွတ်မြောက်ရေးမှာ ကွန်ဝေးလ်ကိုသတ်မှဖြစ်သကဲ့သို့ ကွန်းဝေးလ်ကလည်း ကာစင်ဒိုင်းလ်ကို အလွတ်ပေးနိုင်မည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



မှောင်လွန်းသော ညဥ့်မှာ တိတ်ဆိတ်လွန်းလှ၏။ အခန်းတွင်းရှိ သက်ရှိသတ္တဝါ နှစ်ယောက်စလုံးမှာလည်း မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ဖြစ်နေကြ၏။

ထိုအခိုက် အခန်းတံခါးမကြီးမှာ ဝုန်းခနဲ ပွင့်ထွက်သွားပြီးလျှင် ဂရင်းပီးယား ဦးဆောင်သော ပြင်သစ်ရဲများ တစ်ဟုန်ထိုး ဝင်လာကြ၏။ ထိုအချိန်၌ပင် အခန်း၏ထောင့်တစ်ထောင့် အမှောင်ထဲမှ တံခါးဝဆီသို့ ဒသသမ ၄၅ ကျည်ဆန်များ တဒိုင်းဒိုင်း အဆက်မပြတ် ထွက်ပေါ်လာတော့၏။ တိတ်ဆိတ်ငြိမ်သက်နေသည့် လုံခြုံသောအခန်းကြီးမှာ သေနတ်သံများကြောင့် ဟိန်းထွက်သွားတော့၏။ တံခါးမကြီးမှ ဝင်လာသူအချို့လည်း ကျည်ဆန်များ၏ထိမှန်ကာ လဲကျကုန်ကြ၏။ ပစ်ခတ်နေသူမှာ ကာစင်ဒိုင်းလ် ဖြစ်ကြောင်း ပြောရန်မလိုတော့ချေ။ သို့နှင့် ကွန်းဝေးလ်သည် သူ၏လက်ထဲမှ သေနတ်ဖြင့် ကျည်ဆန်များ လာရာဆီသို့ ကျည်ကပ်ကုန်သည်အထိ အဆက်မပြတ် ထိုးပစ်လိုက်တော့၏။

ဝုန်းခနဲ လူတစ်ယောက် လဲကျသွားသံနှင့်အတူ ညည်းတွားသံကြီး တစ်သံလည်း ပေါ်ထွက်လာတော့၏။ ၎င်းမှာ ကာစင်ဒိုင်းလ်၏ အသံပင် ဖြစ်တော့၏။ ကွန်းဝေးလ်ပစ်နေသည့် ကျည်ဆန်များနှင့်အတူ ပြင်သစ် ရဲ အဖွဲ့ဝင်များပစ်သော ကျည်ဆန်များကလည်း ကာစင်ဒိုင်းလ်ရှိရာသို့ ဦးတည် ပြေးသွားကြလေသည်။

ဒေါ်လာလေးသိန်းအတွက် နှစ်ပေါင်းများစွာ အသက်ရှင်နေခဲ့သော ကာစင်ဒိုင်းလ်သည်ကား ဂျာမန်ထောင်ထဲတွင် သုံ့ပန်းဘဝဖြင့် အသက် မသေဘဲ ပြင်သစ် ရှေးဟောင်းပြတိုက်ကြီးထဲတွင် တစ်မုဟုတ်ချင်း အသက်ကို စွန့်သွားရချေပြီတကား။

သို့နှင့် မကြာမီပင် ပဲရစ် သူနာပြုတင်ကားများ၊ ကြက်ခြေနီကား များ တစီစီအော်မြည်ကာ ရောက်ရှိလာကြလေသည်။

အမှောင်ထဲ၌ပင် ရက်ဂျီနာသည် ကွန်းဝေးလ်၏ လက်မောင်း တစ်ဖက်ကို ဆုပ်ကိုင်ထားရာ ကွန်းဝေးလ်ကလည်း သူ၏လက်ကလေးကို ယုယစွာ ဆုပ်ကိုင်၍ နှစ်သိမ့်နေရှာလေတော့သတည်း။

ဒဂုန်ရွှေမျှား